www.burmeseclassic.com

BURMESE CLASSIC .com

# ဦးသန့်

တက္ကသိုလ်စိန်တင်



သတ္တမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

**ပြည်ထောင်စု** မပြိုကွဲရေး — ဒို့အရေး
**တိုင်းရင်းသား** စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
**အချုပ်အခြာ** အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
ရပ်ရွာ အေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာန ကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ

# ဦးသန့်

တက္ကသိုလ်စိန်တင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | | |
|---|---|---|---|
| ပထမအကြိမ်၊ | မြစာပေတိုက်၊ | ၁၉၆၇ ခုနှစ်၊ | အုပ်ရေ ၂၀၀၀ |
| ဒုတိယအကြိမ်၊ | မြစာပေတိုက်၊ | ၁၉၆၇ ခုနှစ်၊ | အုပ်ရေ ၂၀၀၀ |
| တတိယအကြိမ်၊ | ညောင်ရမ်းစာအုပ်တိုက်၊ | ၁၉၆၉ ခုနှစ်၊ | အုပ်ရေ ၂၀၀၀ |
| စတုတ္ထအကြိမ်၊ | တကောင်းစာအုပ်တိုက်၊ | ၁၉၇၄ ခုနှစ်၊ | အုပ်ရေ ၂၀၀၀ |
| ပဉ္စမအကြိမ်၊ | ဝါမိုးအောင်စာပေတိုက်၊ | ၁၉၉၆ ခုနှစ်၊ | အုပ်ရေ ၂၀၀၀ |
| ဆဋ္ဌမအကြိမ်၊ | အားမာန်သစ်စာပေ၊ | ၁၉၉၈ ခုနှစ်၊ မေလ၊ | အုပ်ရေ ၂၀၀၀ |
| သတ္တမအကြိမ်၊ | အားမာန်သစ်စာပေ၊ | ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ၊ | အုပ်ရေ– ၂၀၀၀ |

**စိစစ်သူ**
ခွန်ဂျာမှိုင်း

**နိုင်ငံရေး စာမူခွင့်ပြုချက်**
၂၆/၂၀၀၀(၁၂)

**မျက်နှာဖုံးခွင့်ပြုချက်**
၂၂/၂၀၀၁(၈)

**မျက်နှာဖုံးပန်းချီ**
ဦးစံတိုး

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင် ပုံနှိပ်တိုက်
အမှတ်– ၉၆/ခ၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ပပစိုး၊ ဦးစိုးမြင့်

**စာအုပ်ရောင်းဈေး**
၁၅၀၀ ကျပ်

**ဤ**စာအုပ်ကို တက္ကသိုလ်စိန်တင် (မြ၊ ၀၁၀၉၆) ညောင်ရမ်း စာအုပ်တိုက်၊ အမှတ်– ၁၁၅၇/၁၁၅၈၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးရှိန်ဘီး ၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်၊ အမှတ် ၃၅၂၊ ရှည်းပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။


## မာ တိ ကာ


| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| – | ပဉ္စမအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာစာ | – |
| – | တက္ကသိုလ်စိန်တင်၏ အမှာစာ | – |
| – | ဦးခန့်၏ အမှာစာ | – |
| ၁ | အနာဂတ်ကမ္ဘာအတွက် မြန်မာ့သားကောင်းတစ်ဦး | ၂၂ |
| ၂ | စာပေဝါသနာရှင်ကလေး | ၂၉ |
| ၃ | အမျိုးသားကျောင်းတော်သားတစ်ယောက် | ၃၆ |
| ၄ | တက္ကသိုလ်ကျောင်းသားကိုသန့် | ၄၃ |
| ၅ | အမျိုးသားကျောင်းအုပ်ကြီး ဦးသန့် | ၅၂ |
| ၆ | စာရေးဆရာ ဦးသန့် | ၆၂ |
| ၇ | ဘာသာပြန်ဆရာ ဦးသန့် | ၈၉ |
| ၈ | ဦးသန့်ဖြစ်ချင်သော သတင်းစာဆရာ | ၁၀၀ |
| ၉ | ဂျပန်၏ သံသယစက်ကွင်းဝယ် | ၁၁၆ |
| ၁၀ | ပန်းတနော်မှ ရန်ကုန်သို့ | ၁၂၂ |
| ၁၁ | ကုလသမဂ္ဂသို့ မြန်မာသံအမတ်ကြီး | ၁၃၈ |
| ၁၂ | ဦးသန့်၏ ပြည်တော်သာခရီး | ၁၄၅ |
| ၁၃ | ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဦးသန့် | ၁၅၇ |
| ၁၄ | ဦးသန့်သို့ သူတို့အမြင် | ၁၈၀ |
| ၁၅ | ဦးသန့် ဤသို့အောင်မြင်ခဲ့သည် | ၁၉၉ |
| ၁၆ | ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ၏ ခရီးတစ်ထောက် | ၂၁၆ |
| ၁၇ | ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး၏ ခရီးဝက်ပါ | ၂၃၈ |

www.burmeseclassic.com


| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁၈ | ဦးသန့် ရာထူးမှထွက်မည် | ၂၅၄ |
| ၁၉ | မဟာမင်္ဂလာသတင်း | ၂၇၂ |
| ၂၀ | ရဲရင့်ပြတ်သားသော အာရှတိုက်သားတစ်ဦး | ၂၈၃ |
| ၂၁ | ဓာတ်မြေသို့ နောက်ထပ်တစ်ခေါက် | ၂၉၀ |
| ၂၂ | ဗီယက်နမ်တွင် ဦးသန့်၏အောင်မြင်မှု | ၃၀၀ |
| - | နွယ်သစ်၏အမြင် | ၃၁၂ |
| - | စာကြေးမုံ ကြီးမောင်၏အမြင် | ၃၁၆ |
| **နောက်ဆက်တွဲ** | | |
| - | ဦးသန့်ဤသို့ ကွယ်လွန်ခဲ့သည် | ၃၁၈ |
| - | ဦးသန့်ကို ကမ္ဘာက ဤသို့ တမ်းတကြသည် | ၃၃၃ |
| - | သမိုင်းဝင် ဓာတ်ပုံများ | - |


# မှီငြမ်းပြုသော စာအုပ် စာတမ်းများ


## စာအုပ်များ

(၁) UNITED NATIONS (1962)
... ... ... (1963)
... ... ... (1964)
... ... ... (1965)

(၂) U THANT
The search for peace, by June Bingham

(၃) The Seventh anniversary of Burma 1955

(၄) မြန်မာ့စွယ်စုံကျမ်း (စာပေဗိမာန်) အတွဲ ၁-မှ ၉-အထိ

(၅) သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်း (လူထုဦးလှ)

(၆) ပြည်တော်သာခရီး (ပထမတွဲ-ဒုတိယတွဲ) (ဦးသန့်)

(၇) ငါးနှစ်ရာသီ ဗမာပြည် (ဦးနု)

(၈) ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ရာ (ထွန်းသစ်ဦး)

## မဂ္ဂဇင်းများ

(၉) Newsweek Magazine 1962- J.an, 29

(၁၀) The World of Books 1935-July
1935-Mar
1935-Aug

(၁၁) ဂန္ဓလောကမဂ္ဂဇင်း (၁၂၉၆-နယုန်လ)
" (၁၂၉၂-ဝါဆိုလ)

(၁၂) သင့်ဘဝမဂ္ဂဇင်း (၁၉၆၁-ဒီဇင်ဘာ)
" (၁၉၆၆-နိုဝင်ဘာ)


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## သတင်းစာနှင့် စာတမ်းများ

(၁၃) The League of Nations and United Nations.
The Strengthening of United Nations. [UN.Inform]

(၁၄) ကမ္ဘာ့ကုလသမဂ္ဂ၏ အခြေခံအချက်များ
(ကုလသမဂ္ဂ ပြန်ကြားရေးဌာန)

(၁၅) ၁၉၆၅ ခုနှစ်မှ ယနေ့ထိ ထုတ်ဝေခဲ့သော အောက်ပါသတင်းစာများနှင့် နိုင်ငံခြားသတင်းလွှာများ။

- (က) The Guardian
- (ခ) The Nation
- (ဂ) The Working People's Daily
- (ဃ) ဗမာ့ခေတ်။
- (င) ဟံသာဝတီ။
- (စ) ရန်ကုန်။
- (ဆ) ကြေးမုံ။
- (ဇ) လုပ်သားပြည်သူ့နေ့စဉ်။
- (ဈ) မြန်မာ့အလင်း။
- (ည) ဗိုလ်တထောင်။
- (ဋ) AP.AFP နှင့် အခြားသတင်းလွှာများ။

BURMESE CLASSIC .com

## ပဌမအကြိမ် ပုံနှိပ်ခြင်းအတွက် တက္ကသိုလ်မိန့်တင်၏ အမှာစာ

(၁)

**"ကမ္ဘာ့ကုလသမဂ္ဂဟာ တိုင်းပြည်တိုင်းရဲ့ အကျိုးကို သယ်ပိုးမှာ..."** နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ ၂၄ ရက်နေ့သို့ ကျရောက်လျှင် မြန်မာ့ အသံမှ ထုတ်လွှင့်နေကျဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ ဂုဏ်ပြုတေးကို ကြားကြရမြဲ ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းအတိုင်း လိုက်လျောညီထွေ ကျင့်ကြံအားထုတ် ပံ့ပိုးကူညီမှုများ ရှိခဲ့သည်။ မြန်မာနိုင်ငံက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ ကမ္ဘာ့လူသားတို့၏အကျိုးကို ထမ်းဆောင်ကူညီခဲ့သော သာဓကများမှာ ကုလသမဂ္ဂ ၏ သမိုင်းတွင် မော်ကွန်းတင်ပြီး ဖြစ်နေခဲ့ပေသည်။

(၂)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် သာမန်နိုင်ငံတစ်နိုင်ငံထက် သာလွန်၍ မြန်မာနိုင်ငံက ကမ္ဘာ့အကျိုးကို ထူးခြားစွာ သယ်ပိုးပေးနိုင်ခဲ့သော သာဓကတစ်ရပ် ရှိသည်။ ယင်းမှာ မြန်မာနိုင်ငံ၏ သားကောင်းတစ်ယောက်ဖြစ်သော ဦးသန့်က ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ကမ္ဘာ့အကျိုး၊ လူသားတို့အကျိုးကို သက်တမ်းနှစ်ကြိမ်၊ (၁၀) နှစ်တိတိ ထမ်းဆောင်ပေးခဲ့ခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် ကမ္ဘာတစ်လွှားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဂုဏ်သတင်း သင်းပျံ့ မွှေးကြိုင် တလှုလှုဖြစ်ခဲ့သည်ဟုဆိုလျှင် ငြင်းနိုင်ကြမည် မဟုတ်။

(၃)

ယခုအခါ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်သတင်းကို ကမ္ဘာ့နိုင်ငံများအတွင်း သင်းပျံ့မွှေးကြိုင်စေရအောင် ကြိုးပမ်း ထမ်းဆောင်ခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာဦးသန့် အတ္ထုပ္ပတ္တိစာအုပ်ကို ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေ၍ စာရှုသူများလက်သို့ တင်ဆက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤစာအုပ်ကို ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင် စာပေချစ်မြတ်နိုးသူ ပဂိုလ်အသီးသီး၏ ကူညီဆောင်ရွက်ပေးမှုများကို အထူးသတိရ ကျေးဇူးတင်ရှိနေမည် ဖြစ်ပါကြောင်း အမှာစာ ပါးပါရစေ။

**တက္ကသိုလ်မိန့်တင်**
**၁၈၊ ၆၊ ၉၆**

www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်စိန်တင်၏ ထုတ်ဝေပြီးစာအုပ်များ


၁။ နှင်းမှုန်ကြားမှ တပ်နီတော်

၂။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်

၃။ ပာစ်တလာ၏ သစ္စာကေရီ

၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း

၅။ ရဲဘော်သုံးကျိပ်မော်ကွန်း

၆။ ငွေဓားဗိုလ်

၇။ အန္တရာယ်တောင်ကြား

၈။ နွေမင်းသားနှင့် ဆောင်းကေရီ

၉။ ကံ့ကော်မြိုင်တန်းလွမ်းပန်းဝေဝေ

၁၀။ နန်းကျဘုရင်သီပေါ

၁၁။ အကျဉ်းခံသီပေါ

၁၂။ မင်းတုန်းမင်း၏နောက်ဆုံးနေ့များ

၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်

၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ

၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်း

၁၆။ ကေရီစုပုရား

၁၇။ မှန်တိုင်း ဗိုလ်ရဲခင်

၁၈။ အိုဘယ့်အနော်ရထာ

၁၉။ ပုဂံမှာကျန်စစ်သား

၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယ အေးချို

၂၁။ သီဂီဆောင်အခန်းအမှတ် (၃)

၂၂။ မိန်းမချောကလေးများမချစ်ရ

၂၃။ စတီရိုယိုမင်းသမီး

၂၄။ ကျွန်တော်တို့အမေ

၂၅။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်

၂၆။ ပခုက္ကူဦးအုံးဖေ (ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ)

၂၇။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း

၂၈။ မြန်မာ့တော်လှန်ရေးအာဇာနည်ပုဂံဗိုလ်ချို

၂၉။ ပုဂံရာပုံတော်


# ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်

# ဦးသန့်၏ သမိုင်းဝင်ဓာတ်ပုံများ

[ ဤဓာတ်ပုံများကို ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ ကမ္ဘာ့ကုလသမဂ္ဂ သတင်းနှင့်ပြန်ကြားရေးဌာန ( UN Information ) နှင့် ဦးသန့် ၏ ညီ အငြိမ်းစား အတွင်းဝန် ဦးသောင်း၊ မေတ္တာဖြင့် ကူညီသည်။ ]



ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်

ဦးသန့် (၁၉၀၉ - ၁၉၇၄)

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂)

မဟာစည်သာသနာ့ရိပ်သာ ဓမ္မာရုံကြီး၌ ၁၉၆၁-ခုနှစ်က ဦးသန့်၏ ဆွေးနွေးပွဲ

| AUGUST | | | | | | |
|---|---|---|---|---|---|---|
| Su | Mo | Tu | We | Th | Fr | Sa |
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

**WEDNESDAY**

**14**

**AUGUST**

| SEPTEMBER | | | | | | |
|---|---|---|---|---|---|---|
| Su | Mo | Tu | We | Th | Fr | Sa |
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

Office at 9.30 and went over the documents on the G.A.

Discussed Residential accomodation with Jimmy. So difficult to find a suitable apartment of about ten rooms (furnished) within the sanctioned rent of $1000/a month. Dictated a few correspondence and went to U.N at 10.45 to present my credentials. Mr. Hammarskjold received me very warmly and recounted our meeting in July 1955 when he entertained U Nu, James and me to a small lunch. He has a high esteem for U Nu for his moral and spiritual qualities. His knowledge of Buddhist philosophy, though not profound, is far from superficial. I am impressed by his interest in the moral and spiritual aspects of life. He made some references to the affinity of approach between a German philosopher (!) and Lord Buddha. I attempted to straighten him out on the theory of Karma. A very pleasant and rewarding 30 minutes.

Weather reminded me of Burma in April — hot and humid.

Read Max Lerner's "America as a Civilization" — P — 123 — 266.

14 AUG.

ပုံ (၃)

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဦးသန့်၏ သေသပ်သန့်ရှင်းသော နေ့စဉ်မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၄)
ဦးသန့်နှင့် အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာ နေရူး
(အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးဖိသုကာ)



ပုံ (၅)
ဦးသန့်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံမှ
ခေါင်းဆောင်ကြီး နတ်ဆာ

www.burmeseclassic.com



ပုံ (၆)
အမေရိကန်ပြည်ထောင်စု သမ္မတကြီး
[illegible]



ပုံ (၇)
နယူးယောက် နိုင်ငံတကာလေဆိပ်မှ
ဦးသန့်၏ သတင်းစာရှင်းပွဲ

www.burmeseclassic.com
www.burmeseclassic.com


www.burmeseclassic.com



ပုံ (၈)

ဆိုဗီယက်ခေါင်းဆောင်ကြီး နီကီတာခရုရှက်နှင့်

ဦးသန့်တို့ ကုလသမဂ္ဂဌာနချုပ်တွင် ဆွေးနွေးကြစဉ်




ပုံ (၉)

ကြီးသုံးကြီးနှင့် ဦးသန့်

(ဝဲမှယာသို့) အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒင်းရပ်စ်၊

ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမိုကို၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဟုမ်း

www.burmeseclassic.com




ပုံ (၁၀ ခ)

ဂျမေကာနိုင်ငံ၊ ကင်စတန်မြို့တော်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးနေသော ဦးသန့်



ပုံ (၁၀)

ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့၊ ကျောင်းသားများသမဂ္ဂတွင် ၁၉၆၂-ခုနှစ်၊ မေလ (၈) ရက်နေ့က



ပုံ (၁၁)

ဩစတြီးယားနိုင်ငံ သမ္မတကြီး အဒေါ့ဖ်ရှက်ပ်နှင့် ဦးသန့်တို့ ၁၉၆၂-ခုနှစ်၊ စက်တင်ဘာ (၃) ရက်နေ့က ဗီယင်နာမြို့တော်၌ ဆွေးနွေးကြစဉ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁၂)
ဦးသန့်ကို ကြိုဆိုခဲ့သော နော်ဝေဘုရင် ပဥ္စမမြောက်
အိုလပ်ဖ်အား အော်စလိုမြို့တော်၌
၁၉၆၂- ဇူလိုင် (၁၀) ရက်နေ့က တွေ့ရစဉ်



ပုံ (၁၃) အမေရိကန် သမ္မတ ဂျွန်အက်ဖ်ကနေဒီ၏ ဇနီး
ဂျက်ကလင်း ကနေဒီ (အလယ်) နှင့် ကုလသမဂ္ဂဆိုင်ရာ
အမေရိကန်သံအမတ်ကြီး အက်ဒလေစတီဗင်ဆင်တို့အား ၇-၂-၆၃ နေ့က ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်များ



ပုံ (၁၄)
အိုင်ယာလန်သမ္မတ အီမွန်ဒီဗလဲရာ (ဝဲ)က



၁။ ပထမဆုံး အတွင်းရေးမှူးချုပ် ထရီဂဗ်လီ (နော်ဝေနိုင်ငံ)

www.burmeseclassic.com

www.burmeseclassic.com



၂။ ဒုတိယမြောက် အတွင်းရေးမှူးချုပ် ဒက်ဟမ်မားရှိုးလ် (ဆွီဒင်နိုင်ငံ)



၃။ တတိယမြောက် အတွင်းရေးမှူးချုပ် ဦးသန့် (မြန်မာနိုင်ငံ)

www.burmeseclassic.com

www.burmeseclassic.com



၄။ စတုတ္ထမြောက် အတွင်းရေးမှူးချုပ် ကွတ်ဝါးလ်ဟိုင်းမ်
(ဩစထရီးယားနိုင်ငံ)



၅။ ပဉ္စမမြောက် အတွင်းရေးမှူးချုပ် ဂျေဗီးယားပဲရစ် ဒေကွေးလား
(ပီရူးနိုင်ငံ)

www.burmeseclassic.com

www.burmeseclassic.com





ကမ္ဘာ့ကုလသမဂ္ဂ၊ သတ္တမအကြိမ်မြောက် အထွေထွေအတွင်းရေးမှူးချုပ်
တာကိုဖီအာနန်”။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ(၁၇)ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂ
အထွေထွေညီလာခံကြီးက (၅)နှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်
သည်။ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင် တာဝန်
ထမ်းဆောင်ခဲ့သည်။

၆။ ဆဋ္ဌမမြောက် အတွင်းရေးမှူးချုပ် ဘူးထရိုစ် ဘူးထရိုစ်ဂါလိ
(အီဂျစ်နိုင်ငံ)

www.burmeseclassic.com

www.burmeseclassic.com



# ဆဋ္ဌမအကြိမ်ပုံနှိပ်ခြင်းအတွက် အတ္တသိုလ်စိန်တင်၏ အမှာစာ

( ၁ )

"ဟဲလို ၂၉၂၆၁၉ ကပါလား"

"ဟုတ်ပါတယ်"

"ကုလသမဂ္ဂ ပြန်ကြားရေးဌာန မဟုတ်ပါလား"

"မှန်ပါတယ်"

"ဒေါ်စန္ဒရာချစ်ဖို့နဲ့ စကားပြောပါရစေ"

"ခဏကိုင်ထားပါ"

တခဏအကြာတွင်...

"ဟဲလို အမိန့်ရှိပါရှင်"

"ဒေါ်စန္ဒရာချစ်ဖိုပါလား"

"ဟုတ်ပါတယ်ရှင်"

"သမီးရေ၊ တက္ကသိုလ်စိန်တင် ပြောနေတာပါ"

"ဟုတ်ကဲ့ဆရာ...သမီး ဘာကူညီရမလဲရှင်"

"ဪ...ဒီလိုပါသမီးရေ၊ ဦးသန့်အတ္ထုပ္ပတ္တိ ဆဋ္ဌမအကြိမ် ပုံနှိပ်ရာမှာ အတွင်းရေးမှူးချုပ်အသစ် ကိုဖီအာနန်ရဲ့ ဓာတ်ပုံကလေး ဖော်ပြချင်လို့ပါ။ အဲဒါ ကူညီနိုင်ရင် ကူညီပါကွယ်"

"ဪ...ဒါလား၊ ဖြစ်နိုင်ပါတယ် ဆရာ၊ သမီး ရှာထားပေးပါ့မယ်"

"အေး...ကျေးဇူးပါပဲကွယ်"



( ၂ )

ယခုမှပင် ဘဝင်ချမ်းမြေ့၊ ရွှင်လန်းမွေ့ရပေပြီ။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ သတ္တမအကြိမ်မြောက် အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၏ ဓာတ်ပုံကို ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်အတ္ထုပ္ပတ္တိ၊ ဆဋ္ဌမအကြိမ် ပုံနှိပ်ရာတွင် ထည့်သွင်းဖော်ပြနိုင်တော့မည်။

မစ္စတာကိုဖီအာနန်ကား ၁၉၉၇ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့ကမှ ကမ္ဘာ့ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ်သစ်အဖြစ် ရာထူးတာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်၏။ ကုလသမဂ္ဂဌာနချုပ်တွင် ဂါနာနိုင်ငံ ကိုယ်စားပြု သံအမတ်ကြီးအဖြစ် အချိန် ကာလ ကြာမြင့်စွာကပင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်သည်။

မစ္စတာကိုဖီအာနန်မှာ ရာထူးသစ်တွင် ထမ်းဆောင်ရပြီး မကြာမီပင် သူ၏ ထမ်းဆောင်မှုကို ပြသခွင့် ကြုံလာသည်။ ကုလသမဂ္ဂ၊ လက်နက်စစ်ဆေးရေး ကိုယ်စားလှယ် အဖွဲ့ဝင်များကို အီရတ်နိုင်ငံ၊ သမ္မတနန်းတော် အဆောက်အအုံများ အတွင်း ဝင်ရောက် စစ်ဆေးခွင့် ပြု-မပြု ပြဿနာကြီး ပေါ်လာသည်။ ဤတွင် အမေရိကန်နှင့် အီရတ်နိုင်ငံတို့ ထိပ်တိုက်တိုးပြီး ပင်လယ်ကွေ့စစ်ပွဲကြီးတစ်ပွဲ ဆင်မံတိုက်ခိုက်ကြတော့မည့် အခြေအနေဆိုး ကြုံရပေတော့မည်။ သို့သော် ကုလသမဂ္ဂ၊ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်က အခြေအနေဆိုး မကြုံရမီ၊ ကြားတွင် ဝင်ရပ်လေသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပြဋ္ဌာန်းချက်များကို အီရတ်နိုင်ငံက လိုက်နာဖော်ဆောင်ပေးရေးအတွက် ကုလသမဂ္ဂကော်မရှင်တစ်ရပ်ကို ခေါင်းဆောင်လျက် အီရတ်နိုင်ငံသို့ ကိုဖီအာနန် ခရီးထွက်ခဲ့ သည်။ ပင်လယ်ကွေ့ဒေသသို့ ချိန်ရွယ်ထားသော အမေရိကန်ရေတပ်မတော်၏ ဒုံးပျံပစ်လက်နက်ကြီးများနှင့် ထိပ်တိုက်ရင်ဆိုင်တိုးတော့မည့် အီရတ်နိုင်ငံပြည်သူများကို အန္တရာယ်သားရဲတွင်းမှ ဆွဲထုတ်ချင်း ကယ်တင်နိုင်ခဲ့သည်။ ဒေါသအမျက်ခြောင်းခြောင်းထွက်နေသော အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကိုလည်း မစ္စတာကိုဖီအာနန်က ဖျောင်းဖျနှစ်သိမ့် နိုင်ခဲ့သည်။ အီရတ်သမ္မတနန်းတော်အတွင်းသို့ ကုလသမဂ္ဂလက်နက်စစ်ဆေးရေး အရာရှိများ၊ ဝင်ရောက်စစ်ဆေးရေး ပြဿနာကြီး အပြီးတိုင် ပြေလည်သွားခဲ့ပြီ၊ ကောင်းလေစွ။

www.burmeseclassic.com

www.burmeseclassic.com

သုံး

ကမ္ဘာကြီးသည် ယခုမှပင် 'ဟင်း'ကနဲ သက်ပြင်းချ ရင်အေးနိုင်တော့သည်။ မစ္စတာကိုဖီအာနန်ကား ကမ္ဘာကြီးကို စစ်ဘေးဆိုး နှုတ်ခမ်းဝမှ တွန်းဖယ်ကယ်တင် နိုင်ခဲ့လေပြီ။ သာဓုကျယ်ကျယ် ခေါ်ကြပါစို့။

နေပါဦး၊ နေပါဦး၊ ယခု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကဲ့သို့ပင် ကမ္ဘာကြီးကို စစ်နှုတ်ခမ်းဝက တွန်းဖယ်ကယ်တင်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တစ်ဦး၊ ယခင်က ရှိခဲ့ဖူးသေးသည် မဟုတ်ပါလား၊ စဉ်းစားကြစမ်းပါဦး။ ဘယ်သူပါလိမ့်။

ဘာများ စဉ်းစားနေကြရမှာလဲလေ။ အဲသည့်ပုဂ္ဂိုလ်က မြန်မာ့သားကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ပဲမဟုတ်လား။ ၁၉၆၂ ခုနှစ်က ကျူးဘားနိုင်ငံ ဒုံးပျံအရေးအခင်းကြောင့် အမေရိကန်ရေတပ်သင်္ဘောများနှင့် ဆိုဗီယက်အဏုမြူ ဒုံးပျံတင်သင်္ဘောတွေ၊ ပင်လယ်သမုဒ္ဒရာမှာ ထိပ်တိုက်ရင်ဆိုင်တိုးပြီး တတိယကမ္ဘာစစ် ဖြစ်လုဆဲအခြေအနေကို ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ် ဝင်ရောက်ညှိနှိုင်း ဆွေးနွေးခဲ့သည် မဟုတ်ပါလား။ သည်တုန်းကလည်း ကမ္ဘာကြီးကို စစ်မီးလျှံအန္တရာယ်တွင်းက ဦးသန့်က ကယ်တင်နိုင်ခဲ့ပါသည်ကော။

( ၃ )

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ စိဒိုးနားဟိုတယ်ကြီးတွင် ၁၉၉၈ ခုနှစ်၊ (၂၄)ကြိမ်မြောက် ကုလသမဂ္ဂ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် သီးနှံအဖွဲ့ကြီး (F.A.O) ညီလာခံကို မကြာမီက စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများအပါအဝင် ကိုယ်စားလှယ်များ၊ ရာချီ၍ တက်ရောက်ခဲ့ကြ၏။ ဤဖြစ်ရပ်က ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေးကို ကမ္ဘာ့ကုလသမဂ္ဂကြီးနှင့် ရင်အုပ်မကွာ ကူးလူးဆက်ဆံ ကူညီဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားစွာပြသလျက် ရှိပေသည်။

မှန်ပါပေသည်။ ယနေ့ကမ္ဘာကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးအတွက် မြန်မာ့သားကောင်းသားမွန် ဦးသန့် ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးမှလွဲ၍ အခြား အားကိုးအားထားပြုရန် ဘာများရှိပါသေးသနည်း။

**တက္ကသိုလ်စိန်တင်**

၂၂-၅-၉၈

# တက္ကသိုလ်စိန်တင်၏ အမှာ

၁

မြန်မာနိုင်ငံ၏ သားကောင်းတစ်ဦးဖြစ်၍ ကမ္ဘာငြိမ်းချမ်းရေး တာဝန်များကို ဦးလည်မသုန် ကြိုးပမ်းထမ်းရွက်နေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ဘဝဖြစ်စဉ် အထ္ထုပ္ပတ္တိကို ပြုစုရေးသားရသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်လျက် ရှိပါသည်။

၁၉၆၁–ခုနှစ် နိုဝင်ဘာလက ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ဦးသန့်ကို ရွေးကောက် တင်မြှောက် ခဲ့သည်က စ၍ ဦးသန့်အကြောင်း၊ သူ၏ ဘဝဖြစ်စဉ်ကို မြန်မာလူထု အနေဖြင့် အာသာဆန္ဒ ပြင်းပြစွာ သိရှိလိုခဲ့ကြသည်။ သို့သော် ဦးသန့်နှင့် ပတ်သက်၍ သတင်းစာမဂ္ဂဇင်းများ၌ အကျဉ်းမျှ ပါရှိသော ဘဝဖြစ်စဉ်များမှအပ ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့် မရခဲ့ပါပေ။

ထိုစဉ်က စာရေးသူမှာ ပြည်သူ့အိုးဝေသတင်းစာတိုက်၌ အယ်ဒီတာအဖြစ် အမှုထမ်းနေခဲ့ရာ တစ်နေ့တွင် ဦးသန့်၏ ဘဝဖြစ်စဉ် စာအုပ် ရေးသားမည် ဆိုသော ရည်ရွယ်ချက်ဖြင့် လက်လှမ်းမီရာ သတင်းဆောင်းပါး မဂ္ဂဇင်းဂျာနယ်တို့မှ ဦးသန့်နှင့် ပတ်သက်သည့် အကြောင်းအရာတို့ကို စုဆောင်းခဲ့ပါသည်။

စာရေးသူသည် ဦးသန့်နှင့် သိကျွမ်းခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



လူကိုယ်တိုင်ပင် နှစ်ကြိမ်မျှသာ မြင်ဖူးပါသည်။ စာရေးသူ တက္ကသိုလ်သတင်းထောက်အဖြစ် ဗမာ့ခေတ်သတင်းစာ၌ အမှုထမ်းနေစဉ် ရန်ကုန်တက္ကသိုလ်သို့ ဝန်ကြီးချုပ်နှင့်အတူ ဦးသန့် လိုက်ပါလာစဉ်က တစ်ကြိမ်၊ ၁၉၆၄-ခုနှစ် ဦးသန့် မြန်မာပြည်သို့ ပြန်လာစဉ်က ရွှေဂုံတိုင်လမ်း ဘုရားကြီး ကျောင်းတိုက်၌ ကျင်းပသော မိတ်ဆုံထမင်းစားပွဲတွင် တစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ်သာ မြင်ဖူးပါသည်။ သို့သော် ဦးသန့်၏ ဘဝဖြစ်စဉ်နှင့် ပတ်သက်၍လည်းကောင်း၊ ဦးသန့် ရေးသား ပြုစုခဲ့သော စာပေဆောင်းပါးများကို လည်းကောင်း၊ အခွင့်သာတိုင်း ပြုစုရှာဖွေခဲ့သည်မှာကား ၁၉၆၁-ခုနှစ်မှ ယနေ့ထိ ၅ နှစ်တိုင် ရှိခဲ့ပါသည်။

၂

ပြည်သူ့အိုးဝေသတင်းစာတွင် အယ်ဒီတာအဖြစ် စာရေးသူ အမှုထမ်းနေစဉ်က အယ်ဒီတာချုပ် ဦးညိုမြထံ လာရောက် လည်ပတ်နေသော ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် အသိမိတ်ဆွေဖြစ်ခဲ့ပါသည်။ ယင်းပုဂ္ဂိုလ် ကြီးမှာ ဦးသန့်၏ညီ ဦးခန့် ဖြစ်ပါသည်။ ဦးခန့်နှင့် ဦးညိုမြတို့မှာ ဦးညိုမြ၏အကို ဦးတက်ထွန်း (လန်ဒန်)၏ မိတ်ဆက်ပေးမှုဖြင့် အလွန်ရင်းနှီး ခင်မင်ကြပြီး စာပေသမားချင်းလည်းဖြစ်၍ စာပေရေးရာ များကို သတင်းစာတိုက်သို့ လာရောက်ပြီး မကြာခဏ ဆွေးနွေး ပြောဆိုလေ့ရှိကြရာမှ စာရေးသူနှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည်။

လွန်ခဲ့သော ၁၉၆၆-ခုနှစ် ဩဂုတ်လက စာရေးသူသည် ဦးခန့်နေထိုင်သော ပန်းဆိုးတန်းနေအိမ်သို့သွား၍ ဦးသန့်၏ အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ် ပြုစုလိုပါသည်၊ တတ်နိုင်သမျှ ကူညီပါဟု တောင်းပန် ပြောဆိုခဲ့ပါသည်။ ဦးခန့်ကလည်း လိုအပ်သမျှ ကူညီမည်၊ သို့သော် ဦးသန့်အကြောင်း



မြန်မာဘာသာဖြင့် ရေးသားကြရာတွင် ချတ်ချော် ယွင်းမှားချက် များ မကြာခဏ တွေ့ရှိရသည်။ ကိုယ့်မြန်မာနိုင်ငံမှ ထွက်ခွာ သွားသော ပုဂ္ဂိုလ်၏အကြောင်းကို မြန်မာဘာသာဖြင့် ရေးသား ရာ၌ ချွတ်ယွင်းမှုများရှိခြင်းမှာ အလွန်အရုပ်ဆိုးသည်၊ အချက်အလက် မမှားယွင်းအောင် ဂရုစိုက်ပါဟု ညွှန်ကြား ဆွေးနွေးပြောဆိုခဲ့ပါသည်။ ထို့ပြင် စာရေးသူတွင် ဦးသန့်နှင့် ပတ်သက်၍ အချက်အလက်များ စုဆောင်းပြီး တော်တော် များများ ရှိပြီလားဟု မေးပါသည်။

စာရေးသူကလည်း အတော်အသင့်ရှိပြီး ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဤသို့ဖြင့် စာရေးသူသည် ဦးခန့်ထံသို့ နေ့စဉ် ၂-နာရီခန့် အကြိမ်ကြိမ် သွားရောက်ဆွေးနွေးပြီးလျှင် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူး ချုပ် ဦးသန့်၏ ငယ်စဉ်ဘဝနှင့် ပန်းတနော်မြို့ အခြေအနေများကို မှတ်သားလေ့လာခဲ့ရပါသည်။

ဦးခန့်ကပင် အမေရိကန် စာရေးဆရာမတစ်ယောက် ရေးသား ထုတ်ဝေသော ဦးသန့်အတ္ထုပ္ပတ္တိစာအုပ် ထွက်နေပြီ၊ မြန်မာနိုင်ငံကိုမူ မရောက်သေးကြောင်း ပြောပြ၍ စာရေးသူကပင် ယင်းစာအုပ်ကို ဘာသာပြန်လျှင် သင့်မည်လားဟု မေးခဲ့ပါသည်။ ဦးခန့်က ယင်း စာအုပ်မှာ နိုင်ငံခြားအမြင်နှင့် ရေးသားထားခြင်း ဖြစ်၍ မြန်မာ မပြန်ဆိုပါနှင့်၊ မြန်မာ့အမြင်နှင့် မိမိကိုယ်တိုင် ပြုစုရေးသားပါ၊ လိုအပ်လျှင် ထိုစာအုပ်ကို မှီငြမ်းပြုချင်ပြုပါဟု အကြံပေး စကားပြောခဲ့ပါသည်။

ဤသို့ဖြင့် စာရေးသူသည် ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ဘဝဖြစ်စဉ်ကို ယခုနှစ်[၁] ဩဂုတ်လဆန်းမှစ၍ အပတ်တကုပ် ကြိုးစားအားထုတ်၍ အထူးဂရုစိုက် လေ့လာပြုစုခဲ့ပါသည်။

---

၁။ ၁၉၆၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com





## ၃

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ဘဝဖြစ်စဉ်ကို ပြုစုရေးသားရာတွင် ဤစာအုပ်သည် အပြည့်စုံဆုံး၊ အကျယ်ပြန့်ဆုံး ရေးသားလိုက်ခြင်းဖြစ်သည်ဟု မဆိုလိုပါ။ စာရေးသူ၏ စာအုပ်တွင် လိုအပ်ချက်များ၊ ကျန်နေသေးသော အချက်များ၊ အကြောင်းအရာများ ရှိနေမည်ကို ရိုးသားစွာ ဝန်ခံလိုပါသည်။

အမှန်ဆိုသော် လူသန်းပေါင်းများစွာ၏အကျိုးအတွက် ဆောင်ရွက်နေသည့် ဦးသန့်ကဲ့သို့သော ပုဂ္ဂိုလ်ကြီး၏ ဘဝဖြစ်စဉ် အပြည့် အစုံကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားပြုစုမည်ဆိုပါလျှင် စာမျက်နှာများစွာပါသော စာအုပ်အတွဲပေါင်းများစွာ ထွက်လာပါလိမ့်မည်။ အဆိုပါ အုပ်တွဲပေါင်းများစွာ ပါဝင်သော ဦးသန့်၏ ဘဝဖြစ်စဉ် စာအုပ်ကြီးကို ပြုစုသောအခါတွင် စာရေးသူ ပြုစုသော ယခုစာအုပ်သည် တစ်ထောင့်တစ်နေရာမှ အထောက်အထားပြုရန် စာအုပ်ငယ်တစ်အုပ်မျှ ဖြစ်ပေလိမ့်မည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ အချိန်ကြာမြင့်စွာက မျှော်လင့်ကြိုးစားခဲ့သော စာအုပ်တစ်အုပ်ကို ရေးသားပြုစုလိုက်ရသောကြောင့် စာရေးသူသည် များစွာ ကျေနပ်ဝမ်းမြောက်မိပါသည်။

ဦးသန့်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးမှာ မြန်မာနိုင်ငံမှ နောက်ထပ် ပေါ်ပေါက်ရန် မလွယ်ကူပါ။ ရှေးကလည်း မပေါ်ပေါက်ခဲ့သေးပါ။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးအဖြစ်ဖြင့် ဦးသန့် ဆောင်ရွက်ခဲ့သော အောင်မြင်မှုမှာ များစွာရှိခဲ့ပါသည်။ သူ ဆောင်ရွက်ခဲ့သော တာဝန်နှင့် အောင်မြင်မှုမျိုးကို ယနေ့ထိ ကမ္ဘာ့သမိုင်းတွင် မည်သည့် ပုဂ္ဂိုလ်မှ မဆောင်ရွက်နိုင်ခဲ့သေးဟုလည်း ဆိုချင်ပါသည်။ သူ့အတွက် အမိမြန်မာနိုင်ငံက ဂုဏ်ယူနေမည်သာ ဖြစ်ပါသည်။

အကျင့်စာရိတ္တနှင့် စိတ်နေသဘောထားအနေဖြင့်လည်း ဦးသန့် ကဲ့သို့ စံထားလောက်သောပုဂ္ဂိုလ်မှာ အလွန်ရှားပါသည်။ ဦးသန့်ကဲ့သို့ ပညာအမြော်အမြင်ကြီးသူ၊ စိတ်ထားမွန်မြတ်သူ၊ သည်းခံစိတ်ရှည်၍ ကရုဏာတရားနှင့် ပြည့်ဝသူဖြစ်ရန်မှာ တော်ရုံသင့်ရုံ ပါရမီ၊ တော်ရုံတန်ရုံ ကြိုးစားမှုနှင့် မဖြစ်နိုင်ဟု ဆိုချင်ပါသည်။

ဤစာအုပ်ကို ဖတ်ပြီး ဦးသန့်ကဲ့သို့ ကမ္ဘာ့အကျိုးကို သယ်ပိုး ထမ်းရွက်နိုင်မည့်သူ မြန်မာနိုင်ငံမှ ချက်ချင်း မပေါ်လာသေးသည့်တိုင် ဦးသန့်ကဲ့သို့ ကမ္ဘာ့အကျိုး သယ်ပိုးထမ်းရွက်မည်ဟု ရည်ရွယ်သော မြန်မာ့သားကောင်းများ ပေါ်ပေါက်လာမည်ဆိုလျှင် စာရေးသူသည် ဤစာအုပ်ကို ပြုစုရကျိုးနပ်ပြီဟု ယူဆပါသည်။

ယနေ့ မြန်မာလူငယ်များသည် နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်ပါသည်။ ဤစာအုပ်ကိုဖတ်၍ ဦးသန့်ကဲ့သို့ မွန်မြတ် သန့်စင်သော စိတ်ထားနှင့် ကောင်းမွန်သော အကျင့်စာရိတ္တရှိ၍ ပညာအမြော်အမြင်ကြီးခြင်း၊ သည်းခံစိတ်ရှည်ခြင်း၊ ခွင့်လွှတ်သနားတတ်ခြင်းများဖြင့် ပြည့်စုံသော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် ကြိုးပမ်းလိုစိတ် ဖြစ်ပေါ်လာမည်ဆိုလျှင် စာရေးသူသည် ဤ စာအုပ်ကို အပင်ပန်းခံ၍ ပြုစုရကျိုးနပ်ပြီဟု ယူဆပါသည်။

## ၄

ဤစာအုပ်ကို ပြုစုရေးသားရာတွင် စာရေးသူအား အကူအညီ ပေးသူ၊ အကြံဉာဏ်ပေးသူ၊ လိုအပ်သော စာရွက်စာတမ်းများ စုဆောင်းပေးသူ များစွာရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ် ပြုစုရာတွင် လိုအပ်သောသြဝါဒများ ညွှန်ကြား ပြောဆို၍ အချက်အလက်များကို ရှာဖွေပြုစုပြီး စာမူကို တည်းဖြတ်ပေးပါသော ဂန္ထလောက မဂ္ဂဇင်းအယ်ဒီတာဟောင်း နှင့် ပါလီမန်အမတ်ဟောင်း ဦးခန့်(ဦးသန့်၏ညီ)နှင့်၊ လိုအပ်သော စာအုပ်အချို့ကို ကူညီရှာဖွေပေးသော အငြိမ်းစား ပညာမင်းကြီး ဦးဘမြင့်တို့ကို လည်းကောင်း၊ ကုလသမဂ္ဂဆိုင်ရာ စာတမ်းအချို့နှင့် ဓာတ်ပုံများကို ကူညီရှာဖွေပေးသော ရန်ကုန်မြို့ ကုလသမဂ္ဂ ပြန်ကြားရေး ဌာန ပြန်ကြားရေးအရာရှိ ဦးလှဘူး၊ ဦးသန့်နှင့် သက်ဆိုင်သော သတင်းမှတ်တမ်းအချို့ကို ရှာဖွေ ပေးသော ရန်ကုန်သတင်းစာတိုက်၊ နိုင်ငံခြားရေးအယ်ဒီတာ ဦးသိန်းတန်တို့ကို လည်းကောင်း အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ဦးသန့်နှင့်ပတ်သက်သော စာအုပ်အချို့နှင့် ဓာတ်ပုံများ ရှာဖွေ ကူညီပေးသော ဦးခင်မောင်လွင်(သစ်လုပ်ငန်းအဖွဲ့)၊ ဦးစိုးမြင့်(စတလက၊ လေအေးစက်ဌာန)၊ ဦးသန့်၏ ဆောင်းပါး အချို့နှင့် ကုလသမဂ္ဂဆိုင်ရာ အချက်အလက် စာအုပ်များ ရှာဖွေပေးသော ညီမဖြစ်သူ မခင်စန်းလှနှင့် အင်္ဂလိပ်ဘာသာ စာတမ်းအချို့ကို ကူညီ၍ ဘာသာပြန်ဆိုပေးသော စာရေးသူ၏ ချစ်ဇနီးကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ထို့ပြင် စာရေးသူ မှီငြမ်းပြုသည့် စာအုပ်စာတမ်းများ၌ ပါဝင် ရေးသားကြသော ကလောင်ရှင်များနှင့်၊ လူထု ဦးလှ၊ ကာတွန်း ဦးဘထွေးတို့ ရှမ်းပြည် ဦးအုန်းမြင့်တို့ကိုလည်းကောင်း၊ ကျွန်ုပ်အား ဉာဏ်အားဖြင့် ညွှန်ကြားပြောဆို ကူညီခဲ့ကြသော စာပေရဲဘော်များ၊ မိတ်ဆွေသင်္ဂဟများနှင့် အမျိုးသား စာကြည့်တိုက်မှ ရက်လွန်သတင်းစာဖတ်ခန်း၊ အထွေထွေ စာဖတ်ခန်း အမှုထမ်းများအား လည်းကောင်း အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်လိုပါသည်။ ဤစာအုပ်နှင့်



ပတ်သက်၍ အကြံဉာဏ်ပေးချက်များကို စာရေးသူထံ ရေးသား ပေးပို့ကြမည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာ လက်ခံ ကြိုဆိုမည် ဖြစ်ပါကြောင်း ဖော်ပြလိုပါသည်။

တက္ကသိုလ်စိန်တင်
၈၊ ၁၂၊ ၆၆

တိုက်အမှတ် ၃၁၊ အခန်းအမှတ် ၁၂၊
ကြို့ကုန်းရိပ်သာ၊ အင်းစိန်။ ဖုန်း ၆၆၃၆၁၉

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

## ဦးခန့် ရေးသည်

လူဦးရေ သန်းပေါင်းများစွာရှိသော ကမ္ဘာလူသားတို့ ရင်ဆိုင် နေကြရရှာသော အရေးကြီးဆုံး ပြဿနာမှာ တတိယ ကမ္ဘာစစ်ကြီး မဖြစ်ပေါ်ရေးပင် ဖြစ်လေသည်။ ၁၉၁၄-၁၈ ခုနှစ်ထိ ၄နှစ်လုံးလုံး ဖြစ်ပွားတိုက်ခိုက်ခဲ့သော ကမ္ဘာတစ်ခြမ်း အထိ ပါဝင်သည့် ပထမ ကမ္ဘာစစ်ကြီးနှင့် ၁၉၃၉-၄၅ ခုနှစ်ထိ ၅-နှစ်လုံးလုံး ဖြစ်ပွား တိုက်ခိုက်ခဲ့သော တစ်ကမ္ဘာလုံးနီးပါး မီးဟုန်းဟုန်း တောက်လောင်ခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီး ၂-ခုကို ကြား-ကြုံရဖူးသူအပေါင်းတို့သည် တဖန်ပြန်၍ စစ်မီးကြီး ထတောက်မည်ကို လွန်စွာ စိုးရိမ်လျက် ရှိကြ ၏။ တတိယကမ္ဘာစစ်ကြီး ဖြစ်ပွား ပေါ်ပေါက်လာခဲ့လျှင် တစ်ဘက် နှင့် တစ်ဘက် ရန်ညှိုးကြီးမားလှသော ကမ္ဘာ့ထိပ်သီး နိုင်ငံကြီး များ၏ တဘက်သားအား ချေမှုန်းရန် လက်ဝယ်ရှိကြကုန်သော အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးတို့ကို လူမဆန်အောင် သုံးကြခြင်းဖြင့် ကမ္ဘာကြီးတစ်ခုလုံး ပျက်ပြုန်းကျေပျက်အံ့သော ဘေးဆိုးနှင့် တွေ့ကြုံရမည်မှာ သေချာလှပေ၏။ ကမ္ဘာ့အန္တရာယ် အကြီးဆုံးဖြစ်သည့် တတိယကမ္ဘာစစ်ကြီး မဖြစ်ပွား မပေါ်ပေါက်နိုင်ရန် ကမ္ဘာကြီးကို လိမ္မာ ဘေးကင်းသော လမ်းကြောင်းအတိုင်း သွားအောင် ကြပ်မတ် ထိန်းကျောင်းပြုပြင် ဆုံးမပေးနိုင်စွမ်းရှိသော အဖွဲ့ကြီးသည် ကမ္ဘာ့ကုလသမဂ္ဂ



အဖွဲ့ကြီးပင်ဖြစ်၏။ တစ်ကမ္ဘာလုံး၏ မှီခိုအားထားရာ အဖွဲ့ကြီးလည်း မည်၏။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းများစွာပါဝင်၍ အရာရှိ အရာခံ ကြီးငယ်များစွာ အမှုထမ်းလျက်ရှိသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးတွင် အရေးပါ အရာရောက်ဆုံးသော ရာထူးကြီးမှာ အထွေထွေ အတွင်းရေးမှူးချုပ်၏ ရာထူးဖြစ်၏။ အဖွဲ့ကြီး၏ တတိယမြောက်ဖြစ်သော အထွေထွေ အတွင်းရေးမှူးချုပ်သည် ဦးသန့်ဖြစ်၏။

ပထမမြောက် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သော နော်ဝေ နိုင်ငံသား ထရိုဗီလီး (Trygvelie)၊ ဒုတိယမြောက် အထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်ပြီး ရာထူးသက်တမ်း မကုန်ဆုံးမီ ငြိမ်းချမ်းရေးအတွက် ခရီးထွက်ရင်း အသက်ပေး သွားရရှာသော ဆွီဒင်ပြည်သား ဒက်ဟာမ်းမားရှိုးလ် (Dag **Hammar-shkjold**)တို့ နှစ်ဦး၏ လက်ထက်ကထက် တတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ လက်ထက် တွင် ကမ္ဘာ့ပြဿနာကြီးငယ်များသည် အဆပေါင်းများစွာ ပို၍နက်နဲခက်ခဲလာသည်မှာ အထင်အရှားဖြစ်၏။

ဦးသန့်အား ယခုအခါ ဒုတိယ ၅-နှစ် သက်တမ်းကို ဆက်လက်ဆောင်ရွက်ပါရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ နှင့်တကွ ကျင်းပဆဲ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကပါ ဘစ်သံတည်း ပန်ကြားမေတ္တာ ရပ်ခံချက်ကို (ဆက်မလုပ် ပါရစေနဲ့၊ မလုပ်နိုင်ပါ)ဟူ၍ ဆက်လက် ငြင်းဆန်နေရာမှ ၁တ္တရားသိသော ကမ္ဘာ့အမျိုးကောင်းသားပီပီ ကမ္ဘာ အုပ်စုကြီး အားလုံးက ကြိုက်နှစ်သက်သော လူစားကို မရမည့်ဒုက္ခက ကြီးထွားလာပြီး ကမ္ဘာ့အဖွဲ့ကြီး၏ အနာဂတ်ရေးကိုပင် ထိခိုက်လာနိုင် သည်ကို ကောင်းစွာ နှလုံးသွင်းမိသည်နှင့်အညီ ဦးသန့်သည် ဆက်လက် ၍ တာဝန်များကို ထမ်းဆောင်ပါမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကတိပေး သဘောတူလိုက်သည် များမှာလည်း ကမ္ဘာက သိရှိကြပြီးဖြစ်လေသည်။

ဦးသန့်၏ အတ္ထုပ္ပတ္တိဇာတ် ဖြစ်ကြောင်းရပ်တို့ကို တက္ကသိုလ် မောင်စိန်တင်က (ရေးသားထုတ်ဝေလိုပါသည်၊ သူ့အား ကူညီပါ)ဟု ပြောလာသောအခါ ကျွန်တော်မှာ အတော်ပင် စိတ်လေးမိပါသည်။ ဦးသန့်သည် သူ၏ ဘဝဖြစ်စဉ်များကို သူတစ်ပါးအား ပြောပြသည်တို့ကိုလည်း သိပ်မကြိုက်လှ၊ ရေးသားဖော်ပြသည်များကိုလည်း နှစ်သက်သဘောကျသည်ဟု မသိရသောကြောင့် ဖြစ်ပါသည်။ အတ္ထုပ္ပတ္တိ အရေးအသားမျိုးမှာလည်း မြန်မာလူမျိုးတို့၏ ဂန္ထဝင်တွင် အလေ့အထ ကောင်းစွာ မရှိလှဖြစ်ပေသည်။ ဥပမာ စစ်ဆင် စစ်တိုက်သည့်နေရာတွင် တစ်ကမ္ဘာလုံးက အတော်ဆုံး ဗိုလ်ချုပ်ကြီးတစ်ယောက်ဟု အသိအမှတ် ပြုထားရသော ပြင်သစ်နိုင်ငံသား နပိုလီယံ ဘိုနာပတ် (**Napoleon Bonaparte**)ကဲ့သို့ အလားတူစွာ နန်းသက်ရှစ်နှစ်အတွင်း စစ်တိုက်သည့်အရာတွင် တစ်ဘက်ကမ်းခတ် တတ်စွမ်း အောင်နိုင်လှသည့် မြန်မာတို့၏ ကုန်းဘောင်မင်းဆက်ကို စတင် တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ (၁၇၁၄–၁၇၆၀)၏ အတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံ စနစ်တကျ ရေးသားထားသည်များမှာ မထွက်ပေါ်ခဲ့သေးပေ။ ထို့အတူ အကျင့်သီလပညာတို့တွင် နေလိုလလို ထူးကဲ တောက်ပလှသော သာသနာ့အာဇာနည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ဦးဉာဏ၏ ထေရုပ္ပတ္တိမှာလည်း ကျကျနန ရေးသားထားခဲ့သည် များမှာ မရှိခဲ့သေးချေ။ မြန်မာတို့သည် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ အတ္ထုပ္ပတ်၊ ထေရုပ္ပတ်တို့ကို ဖတ်ရှုလို ကြည့်ညိုလိုလျှင် စာပေတွင် မရှိသလောက် ဖြစ်နေပေသေးသည်ကိုသာ တွေ့ရပါတော့သည်။



ဗုဒ္ဓဘာသာ မြန်မာတို့၏ ရဋ္ဌပူရဒေသ၊ မြစ်ဝကျွန်းပေါ်၊ ပန်းတနော် မြို့သားဇာတိဖြစ်သော ဦးသန့်သည် ပြည်ပြည် တိုင်းကား၊ ကျော်ကြားသတင်း၊ ကမ္ဘာချင်းအောင်၊ ပွင့်လင်း ထင်ရှား၊ လူသိများလျက် ရှိနေလေသည်။ ဦးသန့်၏ ထင်ရှား ကျော်စောခြင်း၊ ဦးသန့်ကို ကမ္ဘာက လိုလားကြခြင်းတို့သည် ဦးသန့်၏ သူမတူအောင် ပြည့်စုံသော ဝိရိယ၏စွမ်းပကား၊ ပညာ၏စွမ်းပကား၊ စင်ကြယ်သော အကျင့် သီလတို့၏ စွမ်းပကားတို့ကြောင့်ဟုလည်း ဆိုနိုင်ပါ၏။ တစ်နည်း အားဖြင့် ဦးသန့်သည် ဣဿာမစ္ဆရိယဟူသော စိတ်ယုတ်တို့ကို ပယ် ရှားနိုင်၍ ဒေဝဓမ္မတရားနှစ်ပါးတို့ဖြစ်သော ဟိရိဩတ္တပ္ပတရား၊ လောက ပါလဖြစ်သော ဗြဟ္မစိုရ်တရားတို့ကို ကောင်းစွာ လက်ကိုင်ထားနိုင်သော ပါရမီအင်အား၊ ဘုန်းကံအင်အား ကြီးမားသော မင်းယောကျ်ားဖြစ်သောကြောင့်ဟုလည်း ဆိုနိုင်ပါ၏။

ယခုအခါ စာပေအရေးအသား ပုံနှိပ်ထုတ်ဝေမှုတို့သည် ရှေး ကထက် အဆပေါင်းများစွာ ပိုလာသည်ကို တွေ့ရပါသည်။ ထိုသို့ ရေးသားထုတ်ဝေကြသောစာတို့သည် ကောင်းသော လိုလားအပ်သော စာပေအရေးအသားများ ဖြစ်ကြစေရန် ဆုတောင်းရပါကြောင်း၊ တက္ကသိုလ်မောင်စိန်တင်၏ "ဦးသန့်" အကြောင်း စာအုပ်သည်လည်း ကောင်းသောလမ်းကြောင်းရှိ အသုံးဝင်သော အုတ်တစ်ချပ်၊ မှတ်တိုင် တစ်တိုင်ဖြစ်ပါစေဟု ထပ်ဆင့် ဆုတောင်းရပါကြောင်း။

ဦးခန့်
၅–၁၂–၆၆

၂၀၀၊ ပန်းဆိုးတန်း
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## ၃။ အနာဂတ်ကမ္ဘာအတွက် မြန်မာ့သားကောင်းတစ်ဦး

မျက်မှောက်ခေတ် ကမ္ဘာငြိမ်းချမ်းရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိသော ပုဂ္ဂိုလ်တစ်ဦးအား ညွှန်ပြပါဟုဆိုလျှင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၊ ဝဏ္ဏကျော်ထင်၊ သီရိပျံချီ၊ စည်သူ၊ မဟာသရေစည်သူဘွဲ့နှင့် ဒေါက်တာဘွဲ့ရ ဦးသန့်ကိုသာ ပထမဦးစွာ ညွှန်ပြရမည်ဖြစ်ပေသည်။

ဦးသန့်သည် မြစ်ဝကျွန်းပေါ်ဒေသ၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့သား ဖြစ်သည်။ ဦးသန့်၏မိဘများမှာ စက်ပိုင်ရှင်–မြေပိုင်ရှင် ဦးဘိုးနှစ်–ဒေါ်နန်း သောင်တို့ ဖြစ်ကြ၏။

ပန်းတနော်မြို့သည် မအူပင်ခရိုင်တွင် အရေးပါသောမြို့ဖြစ်သည်။ ပန်းတနော်မြို့နယ်၏ အကျယ်အဝန်းမှာ ၄၈၃–စတုရန်းမိုင် ရှိပေသည်။ ပန်းတနော်မြို့သည် ဧရာဝတီမြစ်၏ မြစ်ခွဲကလေးတစ်ခုဖြစ်သော ပန်းတနော် မြစ်နှင့် အခြားမြစ်ခွဲကလေးတစ်ခုဖြစ်သော ဗောဓိမြစ်တို့ ဆုံရာ၌ တည်ရှိလေ သည်။ မြို့၏ဝန်းကျင်၌ ချောင်းမြောင်းအင်းအိုင် ပေါများသည်ဖြစ်၍ မိုးရာသီ မြစ်ရေချောင်းရေလျှံသော ဘေးအန္တရာယ်ကို ပန်းတနော်မြို့မှာ မကြာခဏပင် ကြုံတွေ့ခဲ့ရ၏။

နွေအခါတွင်ကား ပန်းတနော်မြစ်သည် သင်္ဘောကြီးများ မဝင်နိုင်အော ရေနည်းပါးခန်းခြောက်လေ့ရှိ၏။ ထို့ကြောင့်ပင် ပန်းတနော်မြို့မှာ ရောင်းဝေ ဝယ်တာများ ယခင်ကကဲ့သို့ စိုပြေမှုမရှိတော့ဘဲ တဖြည်းဖြည်း နည်းပါးလာ သည်ဟုလည်း သိရပေသည်။

ပန်းတနော် တစ်မြို့နယ်လုံး၏လူဦးရေမှာ ၁၉၅၆ ခုနှစ် သန်းခေါ် စာရင်းအရ (၁၂၅၁၀၁)ယောက်ဖြစ်၍ လူဦးရေ သုံးပုံတစ်ပုံမှာ ကရင်အမျိုးသား



များဖြစ်သည်ဟု သိရသည်။ ပန်းတနော်မြို့ပေါ်ရှိ လူဦးရေမှာကား ၁၉၅၃ ခု သန်းခေါင်စာရင်းအရ စုစုပေါင်း (၄၆၈၇)ယောက်ဖြစ်သည်။

ပန်းတနော်မြို့သို့ ဓနုဖြူမြို့မှ ၂၉–မိုင် ဝေး၍ ဟင်္သာတမြို့မှ ၆၆– မိုင်ရှိသော ကားလမ်းအတိုင်း ကုန်းလမ်းခရီးဖြင့် သွားနိုင်၏။ ညောင်တုန်း၊ အူပင်မြို့များမှ ရေလမ်းခရီးဖြင့်သာ ပန်းတနော်မြို့သို့ သွားနိုင်လေသည်။

ပန်းတနော်မြို့နယ်၏ အဓိကထွက်ကုန်များမှာ ဆန်စပါးအပြင် ငါးပိ၊ ငါးခြောက် စသော ရေချိုကုန်များနှင့် သင်ဖြူးဖျာများပင် ဖြစ်လေသည်။ မြန်မာနိုင်ငံတွင် သင်ဖြူးဖျာ အထွက်များသော ဓနုဖြူ ဟင်္သာတနယ်များကပင် ... မှီခိုအားထားရသော သင်ဖျာထွက်နယ်မှာ ပန်းတနော်မြို့နယ်ပင် ဖြစ် သည်။ မြစ်ခွဲအင်းအိုင် ပေါများသောကြောင့်လည်း ရေထွက်ကုန်များ အများဆုံး ...သော မြို့နယ်အဖြစ် ပန်းတနော်မြို့မှာ ထင်ရှားလေသည်။

ပန်းတနော်မြို့ကို အဘယ်ကြောင့် ယင်းအမည် တွင်ခဲ့သနည်းဟု ...ကြည့်သောအခါ အဖြေနှစ်မျိုး တွေ့ရသည်။

မွန်ဘာသာဖြင့် ပန်းတနော်ဆိုသည်မှာ မြစ်ဝမှ အခြားတစ်ဘက်တွင် ...ရှိသောမြို့ဟူ၍ အဓိပ္ပာယ်ရသည်ဟု ဆိုကြသည်။ ပန်း=အဝ၊ တနော်= ခြား၊ ဧရာဝတီမြစ်ဝမှ အခြားတစ်နေရာတွင် တည်ရှိသောမြို့ဟု ဆိုလိုကြောင်း ...မှတ်ရှိခဲ့သည်။

ပန်းတနော်မြို့တွင် ပုသိမ်ရာဇဝင်၌ လာသော မွန်မင်းသမီး ဥမ္မာဒန္တီ ...သော ရွှေမြင်တင်ဘုရားရှိ၍ မအူပင်တစ်ခရိုင်လုံးတွင် တန်ခိုးအကြီးဆုံး ...ဝင်ဘုရားတစ်ဆူဖြစ်လေသည်။ တစ်ကြိမ်၌ ဥမ္မာဒန္တီမင်းသမီးသည် ...သားများ၏ဘေးရန်မှ ပြေးရှောင်ရာ၌ မောပန်းနွမ်းရိကာ ပန်ထားသော ...များ လွင့်ကျရသောနေရာ၌ တည်ထားသော ဘုရားဖြစ်၍ “ပန်းကျနော်” ...ဟု တွင်သေးသည်။ ပန်းကျနော်ဘုရားကို အစွဲပြု၍ ပန်းကျနော်မြို့၊ ...ရွေ့လျော၍ ပန်းတနော်မြို့ဟု ခေါ်ဝေါ်ခဲ့ကြသည်ဟုလည်း အချို့ပညာရှိ ... အဆိုပြုခဲ့လေသည်။ ပန်းတနော် ရွှေမြင်တင် ဘုရားပွဲတော်ကြီးကို ...င်းလပြည့်နေ့တွင် စည်ကားစွာ ကျင်းပလေ့ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းတစ်စောင်ကမူကား ဤသို့ ဘုရားသမိုင်းကို မှတ်တမ်းတင်ခဲ့ပြန်သည်။ ၁၀ ရာစုနှစ်ဆီက သီဟိုဠ်မင်းသား "ကိုစန KO SA NA"သည် မှုံမ်ခရိုင်တွင် အလွန်လှပသည်ဟု နာမည်ကျော်ကြားသော ဥမ္မာဒန္တီမင်းသမီးကို ဆောင်းယူလက်ထပ်ရန် သင်္ဘောနှင့် ကြွလာခဲ့သည်။ မြန်မာနိုင်ငံသို့ ရောက်သောအခါတွင် ဥမ္မာဒန္တီမင်းသမီးမှာ နဂါးယီမင်းသား (NA GA YI)နှင့် လက်ထပ်ပြီးစီးကြောင်း သိရလေသည်။ ထို့ကြောင့် သီဟိုဠ်မင်းသားသည် ပါလာသော ရွှေငွေ ကျောက်သံပတ္တမြားရတနာများကို ဌာပနာ၍ ရွှေမြင်တင်ဘုရား တင်ထားပြီး သီဟိုဠ်သို့ ပြန်ကြွသွားခဲ့၏။ နောင်သော် ရွှေမြင်တင်ဘုရားကို ဥမ္မာဒန္တီမင်းသမီးက ဆက်လက်မွမ်းမံခဲ့သည်ဟု အဆိုရှိခဲ့လေသည်။

ဆိုအပ်ခဲ့ပြီးသော ပန်းတနော်မြို့၏ အနောက်ပိုင်းရပ်နေ ဆန်စက်ပိုင်ရှင် မြေပိုင်ရှင် ဦးဘိုးနှစ်–ဒေါ်နန်းသောင်တို့မှ နောင်အခါတွင် ဦးသန့်ဟု တွင်ပြီး ကမ္ဘာ့ပထမတန်း အကျိုးတော်ဆောင်ကြီး ဖြစ်လာမည့် မောင်သန့်ကလေးကို

၁၉၀၉–ခု၊ ဇန်နဝါရီလ ၂၂ ရက်၊ ၁၂၇၀ ပြည့်နှစ် တပို့တွဲလဆန်း ၂ ရက် သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။

## ဦးသန့်၏ မျိုးဆက်ဇယား

| | |
|---|---|
| ဦးရွှေဆင် ဒေါ်ဆင် | ဦးတာ ဒေါ်မိတ် |
| ဦးဖိုးနှစ် | ဒေါ်နန်းသောင် |
| ဦးသန့် | ဒေါ်သိန်းတင် |
| ဦးခန့် | ဒေါ်စောရင် |
| ဦးသောင်း | ဒေါ်ညွန့်ညွန့် |
| ဦးတင်မောင် | ဒေါ်တင် |



ဦးသန့်၏ဘခင် ဦးဘိုးနှစ်မှာ ငယ်စဉ်က အိန္ဒိယနိုင်ငံ ကလကတ္တားမြို့သို့ သွားရောက် ပညာသင်ယူခဲ့သူဖြစ်သည်။ ဦးဘိုးနှစ်၏ဘခင် ဦးရွှေဆင်၏ညီဖြစ်သူ ဦးရွှေခင်သည် ပန်းတနော်မြို့၌ အချမ်းသာဆုံး စက်သူဌေး မြေပိုင်ရှင်ဖြစ်သည်။ ဦးရွှေခင်သည် တူဖြစ်သူ ဦးဘိုးနှစ်ကို ကလကတ္တား မြို့ ဟန်းတားကောလိပ် (Hunter College)သို့ ပို့၍ ထိုခေတ် ဥပစာတန်းနှင့် ညီမျှသော အက်ဖ်အေ (F.A) စာမေးပွဲအောင်သည်အထိ ပညာသင်ကြားစေခဲ့သည်။ ထိုစာမေးပွဲ အောင်သောအခါ ဦးဘိုးနှစ်သည် မြန်မာနိုင်ငံသို့ ပြန်လာ၍ မိတ္ထီလာ အရေးပိုင်ရုံးတွင် စာရေးကြီးအဖြစ် အမှုထမ်းခဲ့သည်။ ဦးဘိုးနှစ် အိန္ဒိယမှ ပြန်လာသောအခါ အသက် ၂၂–နှစ်ရှိပြီ။ ဦးဘိုးနှစ်သည် မိတ္ထီလာ အရေးပိုင်ရုံး၌ စာရေးကြီးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေရာမှ ဦးလေးဖြစ်သူ စက်သူဌေး ဦးရွှေခင်က ပြန်ခေါ်၍ မိမိ၏ဆန်စက်ကို လုံးဝ လွှဲအပ်ပြီး ကြီးကြပ်အုပ်ချုပ်စေပ်ကိုင်စေသည်။ ထိုအခါတွင် ဦးဘိုးနှစ်၏အသက်မှာ ၃၀–နှစ်ရှိပြီ။ အသက် ၃၅–နှစ်အရွယ်တွင် ဦးဘိုးနှစ်သည် ဒေါ်နန်းသောင်နှင့် လက်ထပ်လေသည်။

ဦးဘိုးနှစ်နှင့် ဒေါ်နန်းသောင်တို့ လက်ထပ်ပြီး တစ်နှစ်အကြာ၊

၁၉၀၉ ခုနှစ်တွင် ဦးသန့်ကို ဖွားမြင်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ထိုအချိန်က ဦးဘိုးနှစ်၏အသက်မှာ ၃၆–နှစ်ရှိပြီး ဒေါ်နန်းသောင်ကား အသက် ၂၆နှစ် ဖြစ်လေသည်။

ဦးသန့် မွေးပြီး ၂–နှစ်အရွယ်ထိ အမည်နာမဆို၍ အတည်တကျ မှည့်ပေးကြရသေး။ မိဘဆွေမျိုးများက ချစ်စနိုးဖြင့် ဝိုင်းဝန်းခေါ်ကြသော ထမ်းနာမည်များသာ ရှိခဲ့သည်။

၁၉၁၁–ခုနှစ်တွင် သူရိယသတင်းစာတိုက်လီမိတက်ကို တည်ထောင်၍ သူရိယသတင်းစာ မြန်မာနိုင်ငံတွင် စတင်ထုတ်ဝေသည်။ ထိုအခါ ဦးဘိုးနှစ်သည် တစ်စုလျှင် ၁၀ိ၊ (တစ်ဆယ်ကျပ်)ဖြင့် အစုငွေ နှစ်ရာကျပ်တိတိကို သူရိယသတင်းစာတိုက်လီမိတက်သို့ ထည့်ဝင်လိုက်လေသည်။ ထို့ကြောင့် သူရိယသတင်းစာကို ထွက်လျှင်ထွက်ချင်း ဦးဘိုးနှစ်အိမ်သို့ စာတိုက်မှ ပို့ပေးခဲ့သည်။ ထိုစဉ်က သူရိယသတင်းစာတွင် မြန်မာနိုင်ငံ၌ နာမည်ကျော်

www.burmeseclassic.com

www.burmeseclassic.com



နေသော မြင်းမူနယ်မှ မင်းလောင်း မောင်သန့်သတင်း ခေတ်စားလျက်ရှိ၏။ မင်းလောင်းပေါ်ပြီ၊ မောင်သန့်ဟု ခေါ်သည် စသဖြင့် သတင်းစာထဲတွင်လည်း အကျယ်တဝင့် ရေးသားခဲ့သည်။

သူရိယသတင်းစာ၌ မင်းလောင်း မောင်သန့်သတင်းကို ဖတ်ရှုရသော ဦးဘိုးနှစ်နှင့် ဒေါ်နန်းသောင်တို့သည် မိမိတို့ ချစ်မငြီးသော သားဦးကလေးကို သောကြာသားလည်းဖြစ်သည့်အတွက် မောင်သန့်ဟုပင် အမည်ခေါ်တွင်လိုက်ကြတော့သည်။ နှာတံပေါ်ပေါ်၊ အသားအရေဖြူစင်သန့်ရှင်းသော သားကြီးနှင့် မောင်သန့်ဆိုသောနာမည်မှာ အလွန်တရာမှပင် သင့်မြတ်သည်ဟု ထင်မိကြ၏။ မောင်သန့်နာမည်ပေးရခြင်းနှင့် ပတ်သက်၍ မင်းလောင်းမောင်သန့် ဆိုသူ၏ အကြောင်းကို သိသင့်သည်ထင်၏။ အနည်းငယ် ဖော်ပြလိုပေသည်။

မင်းလောင်း မောင်သန့်သည် ၁၉၁၀-ခုနှစ်တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့မှ အင်္ဂလိပ်အစိုးရကို ပုန်ကန်သောင်းကျန်းခဲ့သည်။ သူ၏ပုန်ကန်မှုမှာ မအောင်မြင်ခဲ့။ နောက်ဆုံးတွင် နောက်လိုက်နောက်ပါ အချို့နှင့်အတူ အင်္ဂလိပ်အစိုးရ၏ လက်ရဖမ်းဆီးခြင်းကို ခံရလေ၏။

မင်းလောင်း မောင်သန့်နှင့်အတူ တပ်သားများစွာ တစ်စုတစ်ဝေး ဖမ်းမိခဲ့သည်။ ထိုတပ်သားများထဲမှ ၄၃-ဦးမှာ ထင်ရှားသဖြင့် ရုံးတင်တရားစွဲဆိုခြင်း ခံရသည်။

သောင်းကျန်းထကြွသူ မင်းလောင်း မောင်သန့်နှင့် ဟပည့်လေးယောက်တို့မှာ ပုန်ကန်မှုဖြင့် သေဒဏ် အပြစ်ပေးခံရသည်။ ၂၅ ယောက်မှာ ထောင်တစ်သက် အပြစ်ဒဏ်ခံရသည်။ ၂ ယောက်မှာ အမှုမထင်ရှား၍ လွှတ်လိုက်ရ၏။ ၂ ယောက်မှာ ထောင်ထဲတွင်ပင် သေဆုံးသွား၏။ ကျန်လူများမှာမူကား အလုပ်ကြမ်းနှင့် ထောင်ဒဏ်အသီးသီး ကျခံသွားကြရလေသည်။ မင်းလောင်း မောင်သန့် ဇာတ်သိမ်းသွားသော်လည်း မြန်မာလူထုမှာ နယ်ချဲ့အင်္ဂလိပ်ကို ပုန်ကန်တော်လှန်ခဲ့သူအဖြစ် သူ့ကို သတိရ လေးစားလျက်ရှိခဲ့ပေသည်။

မောင်သန့် အသက် ၅နှစ်အရွယ်သို့ ရောက်သောအခါ မိဘများဖြစ်သော ဦးဘိုးနှစ် ဒေါ်နန်းသောင်တို့က အိမ်နှင့် များစွာ မဝေးလှသော ဆရာကြီး ဦးဘဟန်၏ မြန်မာကျောင်းသို့ စာသင်ကြားရန် သွားရောက်အပ်နှံကြလေသည်။



ထိုခေတ်က မြန်မာစာသင်ကျောင်းဆရာကြီးများသည် မိမိတို့ ကျောင်းသို့ လာရောက်၍ ပညာသင်ကြားရန် အပ်နှံကြသော ကျောင်းသားများအား ဇာဒင်တွက်ချက်ကြည့်လေ့ရှိကြသည်။ ကျောင်းအုပ်ဆရာကြီးများသည် ဇာဒင်တွက်ချက်မှုပညာကို အနည်းနှင့် အများ တတ်ကျွမ်းကြသည်သာ ဖြစ်လေသည်။

မောင်သန့်ကို မိခင် ဒေါ်နန်းသောင်ကိုယ်တိုင် ကျောင်းလာအပ်စဉ် ဆရာကြီး ဦးဘဟန်သည် တပည့်ကလေးငယ်တစ်ဦးထံမှ ကျောက်သင်ပုန်းနှင့် ကျောက်တံကို ခေတ္တ ဆွဲယူလိုက်ပြီး မောင်သန့်ဇာတာကို တွက်ချက်၍ ကြည့်လေသည်။

ဦးဘဟန်က "ဒေါ်နန်းသောင် ... ခင်ဗျားသားရဲ့ဇာတာဟာ တိမ်ကောငယ်ဇာတာမဟုတ်ဘူးဗျ၊ ပညာဉာဏ် ထက်မြက်ပြီး ကမ္ဘာကျော်ကြားထင်ရှားမယ့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ဖို့ရှိတယ်၊ သူငယ်ကို ဂရုစိုက်ပြီး ခင်ဗျားတို့ မွေးမြူပြုစုကြပေတော့"ဟု ပြောဆိုဟောကြားခဲ့သည်။

မောင်သန့်ကလေးသည် စာကို အပတ်တကုတ် ကြိုးစားခဲ့သည်။ သူငယ်တန်းမှစ၍ စာကို အချိန်မှန်မှန် ကျက်မှတ်တတ်သော အလေ့အကျင့်ရှိခဲ့၏။ သူငယ်တန်း အောင်မြင်၍ နောင်နှစ်၌ ပထမတန်းသို့ မောင်သန့် တက်ရသည်။

ထိုအချိန်က ပန်းတနော်မြို့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ဝိုင်အမ်ဘီအေ (Y.M.B.A) အလယ်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လျက်ရှိခြင်း ဖြစ်သည်။ ထိုကျောင်းမှာ ပန်းတနော်မြို့တွင် ပထမဆုံး အင်္ဂလိပ်ဘာသာကို သင်ကြားပေးသော အင်္ဂလိပ်-မြန်မာ အလယ်တန်းကျောင်းလည်း ဖြစ်လေသည်။ ထိုခေတ်အခါအားဖြင့် လောကဓာတ်ကျောင်းဟုလည်း ခေါ်လေ့ရှိကြ၏။ မိဘများကလည်း မောင်သန့် သူငယ်တန်း အောင်၍ ပထမတန်း တက်ရသောအခါ ဝိုင်အမ်ဘီအေအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ကြားစေသည်။ မောင်သန့်၏ဖခင် ဦးဘိုးနှစ်သည် မိမိကိုယ်တိုင်ကပင် ကလကတ္တားမြို့ ပြင်သစ်ကောလိပ်ထွက် တစ်ဦးပီပီ အင်္ဂလိပ်စာ သင်ကြားခြင်း၏ အကျိုးကျေးဇူးကို သိနားလည်သည်။ အင်္ဂလိပ်ဘာသာ သင်ကြားတတ်မြောက်မှသာ ကမ္ဘာဟုသုတနယ်မြေတွင် ကျင်လည်ကျက်စားနိုင်မည်ကို သိသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း မောင်သန့်ကို ဝိုင်အမ်ဘီအေ အင်္ဂလိပ်ဘာသာသင် အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ကြားစေခြင်း ဖြစ်ပါသည်။

မောင်သန့်သည် ငယ်စဉ်ကပင် စာပေဗဟုသုတ လေ့လာလိုက်စားခြင်း၌ ဝါသနာထုံသည်။ မိမိဘခင် ဖတ်ရှုလေ့ရှိသော အင်္ဂလိပ်သတင်းစာ၊ သူရိယမြန်မာသတင်းစာများကိုပင် ကောက်ယူဖတ်ရှုလေ့ရှိသည်။ ထိုခေတ်က မြန်မာလူမျိုးများထဲတွင် အင်္ဂလိပ်စာတတ် ရှားပါးလှသည်။ ထို့ပြင် ကြေးနန်းစာများမှာ အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားရမြဲဖြစ်သည်။ အိမ်နီးချင်းများသည် ရောက်ရှိလာသော ကြေးနန်းစာများကို ဖတ်ရှုပေးရန် ဦးဘိုးနှစ်ထံ လာပေးကြသည့်အခါတွင် မောင်သန့်က အရင်ဦးစွာ မိမိ တတ်သမျှ ဖတ်ရှုပြီး မြန်မာဘာသာပြန်ဆိုပေးလေ့ရှိသည်။

သားဖြစ်သူ၏ စာပေဗဟုသုတ လိုက်စားမှုကို မြင်ရသောအခါ မိဘများမှာ ဝမ်းသာ၍မဆုံး တပြုံးပြုံးပင်။

*  *  *

## ၂။ စာပေ ဝါသနာရှင်ကလေး

မောင်သန့်သည် အသက် ၉–နှစ်အရွယ်တွင် စတုတ္ထတန်းသို့ တက်ရောက်၍ ဝိုင်အမ်ဘီအေအလယ်တန်းကျောင်းမှာပင် ပညာကို ဆက်လက် သင်ကြားရောက်ရှိခဲ့သည်။ ထိုအချိန်တွင် ဘခင်ဦးဘိုးနှစ်၏ အိမ်ဦးခန်းမှ မှန်ဘီရိုထဲရှိ သားရေဖုံးစာအုပ်များကို မောင်သန့် ယူငင်ဖတ်ရှုလေ့လာတတ်နေပေပြီ။

မောင်သန့်သည် ရှေးမြန်မာစာဆိုတော်များ ရေးခဲ့သော ပျို့ကဗျာ ... ကွန်း စသော ရှေးမြန်မာစာပေများကို ကျောင်းစာ ကျက်မှတ်ချိန်မှ ပြင်ပအချိန်များတွင် လေ့လာမှတ်သားတတ်သည်။ ဤသို့ဖြင့် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသမှစ၍ နတ်သျှင်နောင်၊ နဝဒေးအလယ်၊ လှိုင်ထိပ်ခေါင်တင်၊ ... မြဝတီမင်းကြီး၊ စလေဦးပုညအဆုံး၊ မြန်မာစာပေသပိုင်းဝင် စာဆိုတော်ကြီးများ၏ လက်ရာ အားလုံးလိုလိုပင် မောင်သန့် ဖတ်ရှု မြည်းစမ်းပြီးဖြစ်နေပေပြီ။

မောင်သန့်တို့အိမ်မှာ ပျဉ်ထောင်–ပျဉ်ခင်း–သွပ်မိုး၊ လေးပင်အိမ် ဖြစ်သည်။ အိမ်ရှေ့တွင် အုန်းပင်၊ မာလကာပင်များ ရှိသည်။ ခြံဝင်းထဲ၌ပင် စပယ်ခြုံလည်း ရှိ၏။

ညနေခင်း နေဝင်ရီတရောအချိန်များတွင် မောင်သန့်သည် အိမ်ဝင်းတံခါးအနီးရှိ မာလကာပင်ကို မှီပြီး သင်းပျံ့ပျံ့မွှေးလှသော စပယ်ခြုံမှ ပန်းရနံ့ကို ရှူရင်း မိမိ ကြီးလာလျှင် စာရေးဆရာကြီး လုပ်မည်ဟု စိတ်ကူးဖြင့် မြှောက်နေတတ်သည်။ ထိုသို့ စိတ်ကူးရင်း မိမိ ဖတ်ထားသော ရှေးမြန်မာစာပေများကို ပြန်၍တွေးတောမိသည်။ အလွမ်းအဆွေး၊ သဘာဝအဖွဲ့စာပေများတွင် ... ဦးပုည၏ ဟာသပြွန်းသော စာပေအဖွဲ့အနွဲ့များကို ကလေးတို့ဘာဝ

www.burmeseclassic.com



မောင်သန့်က နှစ်သက်မိသည်။ သို့သော် အသက်ရင့်လာ၍ တွေးခေါ်ရှုမြင်တတ်လာသောအခါတွင် နက်နဲသော အဖွဲ့အနွဲ့များပါသည့် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသနှင့် နတ်သျှင်နောင်၊ နဝဒေး၊ မြဝတီ ဦးစတို့၏ စာပေများကို တန်ဖိုးထားရမှန်း သိလာခဲ့လေသည်။

မောင်သန့်သည် ပန်းချီရေးဆွဲခြင်းကိုလည်း ငယ်စဉ်ကပင် အထူးဝါသနာထုံခဲ့၏။ ဖခင်ဖြစ်သူ ဖတ်ရှုသော အင်္ဂလိပ် မြန်မာ စာနယ်ဇင်းများမှ ပန်းချီဆရာမျိုးစုံတို့၏ အရုပ်များ ပန်းချီကားများကို ပြန်၍ကူးဆွဲလေ့ရှိရာမှ ပန်းချီဆွဲဝါသနာမှာ တစ်စတစ်စ တိုးပွားလာခဲ့၏။ မောင်သန့်သည် မိမိ ပညာသင်ကြားနေသော ကျောင်းပုံစံ၊ မိမိ၏အိမ်ပုံစံ၊ မိမိညီကလေးများ၏ပုံတို့ကို ရေးဆွဲ လေ့ကျင့်နေတတ်သည့်အခါလည်း ရှိလေသည်။

မောင်သန့်၏ ငယ်စဉ်ကျောင်းသားဘဝက ထူးခြားသော အကျင့်အမူတစ်ခုမှာ ကျောင်းတွင် မုန့်ပဲသွားရည်စာများ ဝယ်စားသောအကျင့်၊ မရှိခြင်းပင်ဖြစ်သည်။ ထိုအကျင့်မှာ မိဘများက အထူးတလည် သွန်သင်ကြပ်မတ်ရခြင်းမရှိပါဘဲနှင့် မောင်သန့်ကိုယ်တိုင်က ဖြစ်ပေါ်လာသော အကျင့်ကောင်းတစ်ရပ်ဖြစ်သည်။

မောင်သန့်သည် အသက် ၁၂-နှစ်အရွယ်ကစ၍ အင်္ဂလိပ်စာရေးဆရာကြီး ရှိတ်စပီးယားနှင့် နာမည်ကျော် စုံထောက်စာရေးဆရာ ကိုနင်ဒွိုင်းတို့၏ ဝတ္ထုများကို သဲကြီးမဲကြီး ဖတ်ရှုခဲ့သည်။ ဘခင်ဖြစ်သူ၏ စာအုပ်စင်မှ စာအုပ်များကို မွှေနှောက် ရှာဖွေ၍ ကြိုက်သည့်စာအုပ်များကို စွဲစွဲမြဲမြဲ ဖတ်လေ့ရှိခဲ့သည်။

ယင်းသည်ကပင် မောင်သန့်၏ အင်္ဂလိပ်ဘာသာ အရေးအဖတ်ကျွမ်းကျင်မှုတွင် အထောက်အကူတစ်ခုဖြစ်ခဲ့၏။

မောင်သန့်သည် ငယ်စဉ်ကစ၍ လက်ရေးကို ပီသလှပအောင် ရေးရန်ဝါသနာပါသူဖြစ်ခဲ့သည်။ သွယ်လျသောလက်ချောင်းကလေးများမှာ အနုပညာသမား အနုပညာစိတ်ထားရှိသူဖြစ်ကြောင်းကို ဖော်ပြလျက်ရှိသည်။

လက်ရေးလက်သား သေသပ်လှပခြင်းသည် လူ၏စရိုက်အကျင့်နှင့် တိုက်ရိုက် သက်ဆိုင်ပေသည်။ လက်ရေး လှပသေသပ်သူတစ်ဦးသည်



အဝတ်အစား ဝတ်ဆင်ရာတွင်ဖြစ်စေ၊ စာကျက်မှတ်ရာတွင်ဖြစ်စေ၊ စကားပြောရာတွင်ဖြစ်စေ သပ်ရပ်တိကျ၍ မည်သည့်ကိစ္စမဆို ကြိုးစားမှု အမြဲရှိတတ်သည်။ ကလေးဘဝကပင် လက်ရေးကို သေသပ်လှပအောင် ရေးသားခြင်းမှာ မောင်သန့်၏ ထူးခြားသည့်အလေ့တစ်ခု ဖြစ်လေသည်။

မိဘများမှာ စက်ပိုင်ရှင် မြေပိုင်ရှင်များဖြစ်၍ သားဦး မောင်သန့်အား ချစ်မြတ်နိုးသည်လည်း ဖြစ်ရကား မုန့်ဖိုး ခပ်များများ ပေးတတ်သည်။ မောင်သန့်သည် ပေးထားသော မုန့်ဖိုးကို မသုံးပေ။ နေ့လယ် မုန့်စားကျောင်းဆင်းလျှင် မိမိအိမ်သို့သာ အမြန်ရောက်အောင် ပြန်လာပြီး နေ့လယ်ထမင်းစားတတ်သည်။

၁၉၂၀-ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးမှောက်ခဲ့ရာမှ မြန်မာတစ်ပြည်လုံးတွင် အမျိုးသားကျောင်းများ မှိုလိုပေါက်ခဲ့သည်။ ပန်းတနော်မြို့တွင်လည်း မြို့မျက်နှာဖုံး နိုင်ငံရေးခေါင်းဆောင်ကြီးများ ဖြစ်ကြသော ဦးဘိုးသန့်၊ ဦးထွန်းဝင်း စသော လူကြီးတို့၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် အမျိုးသား အထက်တန်းကျောင်းကို ၁၉၂၁-ခုနှစ်တွင် စတင် တည်ထောင်ခဲ့လေ၏။

၁၉၂၂-ခုနှစ်တွင် မောင်သန့်သည် ဗိုင်အမ်ဘီအေအလယ်တန်းကျောင်းမှ သတ္တမတန်း အောင်မြင်ပြီးနောက် အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့ရလေသည်။

မောင်သန့် ၁၄-နှစ်သားတွင် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ညီများနှင့်အတူ ရှင်ပြုမင်္ဂလာ ပြုလုပ်ခဲ့လေ၏။ မောင်သန့်နှင့်အတူ သင်္ကန်းဆီးကြသူတို့မှာ မောင်သန့်၏ညီ မောင်ခန့်နှင့် မောင်သောင်းတို့ ဖြစ်ကြသည်။ ထိုစဉ်က ညီအငယ်ဆုံး မောင်တင်မောင်မှာ အသက်ငယ်သေး၍ အစ်ကိုများနှင့်အတူ သင်္ကန်းဆီးခြင်းမပြုပေ။

မောင်သန့်တို့ ရှင်ပြုသော ကျောင်းတိုက်မှာ ပန်းတနော် အနောက်ပိုင်းရှိ တံတားဦးကျောင်းတိုက်ဖြစ်သည်။ တံတားဦးကျောင်းတိုက်မှာ မောင်သန့်၏ မိဘများဖြစ်ကြသော ဦးဘိုးနှစ် ဒေါ်နန်းသောင်တို့ ကိုးကွယ်သော ဆရာတော် ဦးဥတ္တမ ကျောင်းထိုင်သည့် ကျောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်ကြီးမှာ ကျယ်ဝန်းသန့်ပြန့်၍ သစ်ပင်ဝါးပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အလွန်ကြည်နူးသာယာဖွယ် ကောင်းလှ၏။ ပန်းတနော်မြို့တစ်မြို့လုံးကပင် ဆရာတော်ဦးဥတ္တမကို အထူးကြည်ညိုဆည်းကပ်ကြသည်။ ဆရာတော်ဦးဥတ္တမ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့်ပင် မြို့နေလူထုသည် ဦးဥတ္တမကိုယ်တော်ကြီးကို အထူးကြည်ညိုသဒ္ဓါပွားကြခြင်းလည်း ဖြစ်ပါချေသည်။

ဦးဘိုးနှစ် ဒေါ်နန်းသောင်တို့မှာ ဆရာတော် ဦးဥတ္တမ၏ ပစ္စည်းလေးပါးဒါယကာရင်းဖြစ်ကြလေသည်။

မောင်သန့်ကို ညီနှစ်ယောက်နှင့်အတူ ရှင်ပြုရာတွင် ပန်းတနော်မြို့ပေါ်၌ အခမ်းနားအကြီးကျယ်ဆုံး ရှင်ပြုမင်္ဂလာပွဲဖြစ်ခဲ့သည်။ မောင်သန့်၏မိဘများဖြစ်ကြသော ဦးဘိုးနှစ်၊ ဒေါ်နန်းသောင်တို့မှာ တောင်သူလယ်သမားများနှင့် ဆက်ဆံနေရသူများ ဖြစ်သည့်အားလျော်စွာ ပန်းတနော်ဝန်းကျင်ဒေသရှိ ကျေးရွာအများမှ တောင်သူလယ်သမားမိသားစုများ စည်ကားစွာ လာရောက်ကြသည်။ ဦးဘိုးနှစ်သည် မြေပိုင်ရှင် စက်ပိုင်ရှင်တစ်ဦးဖြစ်သော်လည်း ဗုဒ္ဓဘာသာကိုကိုင်းရှိုင်းရိုသေသူဖြစ်သည့်အားလျော်စွာ တောင်သူလယ်သမား ဆင်းရဲသားများနှင့် ငွေကြေးကိစ္စ၊ စပါးသီးနှံကိစ္စများနှင့် ပတ်သက်၍ ဆက်ဆံရာတွင် ငွေကြေးအနစ်နာအဆုံးရှုံးခံ၍ ဆက်ဆံတတ်သည်။ လူမှန်း အလွန်နည်းအောင်လည်း နေတတ်သူဖြစ်လေ၏။ ထို့ကြောင့်ပင် မောင်သန့်တို့ ရှင်ပြုမင်္ဂလာအခမ်းအနားမှာ မြို့ပေါ်ရှိ ဆွေမျိုးများ၊ မြို့ပတ်ဝန်းကျင်ရှိ မိတ်ဆွေသင်္ဂဟများဖြင့် အလွန်စည်ကားခဲ့ပေသည်။

မောင်သန့်နှင့် ညီနှစ်ယောက်တို့သည် ရက်သတ္တတစ်ပတ်မျှ သင်္ကန်းဆီးကြသည်။ မောင်သန့်သည် သင်္ကန်းဆီးသော ၇–ရက်မျှအတွင်း ညီနှစ်ယောက်နှင့်အတူ မြို့ထဲရှိ ဆွေမျိုးအသိမိတ်သင်္ဂဟများထံသို့ နံနက်ခင်း ဆွမ်းခံထွက်သည်။ မောင်သန့်တို့ ညီအစ်ကို ဆွမ်းခံရာမှ ပြန်လာသောအခါတွင် သပိတ်မှာ မို့မောက်ပြည့်လျှံ၍ ပြန်လာရသည်ချည်းဖြစ်၏။ ထိုမျှပင် သူတို့ညီအစ်ကိုတစ်စုအား စေတနာသဒ္ဓါတရား ထားကြလေ၏။

မောင်သန့်၏ရုပ်ရည်မှာ သင်္ကန်းနှင့် အလွန်ပင် တင့်တယ်လိုက်ဖက်



သည်။ ဖြူသောအသား၊ တောက်ပဝိုင်းစက်၍ ကြည်လင်သော မျက်လုံး၊ င့်တင်းခိုင်မာသော ကိုယ်ဟန်သည် သင်္ကန်းအဝါရောင်ဖြင့် ဆိုပါက လွန်ကြည်ညိုဖွယ် ကိုရင်တစ်ပါး ဖြစ်နေတော့သည်။

ရက်သတ္တတစ်ပတ်မျှ သင်္ကန်းဘောင်တွင် နေထိုင်ရင်း မောင်သန့်သည် ခြားကိုရင်ကျောင်းသားများနှင့် ရောနှော၍ ပျော်ရွှင်ရယ်မောနေလေ့မရှိပေ။ တော်ဘုရားထံတွင် ပါဠိစာပေကို ဆည်းကပ်လေ့လာသည်။ အခြားကိုရင်ကျောင်းသားတို့နှင့်အတူ ကျောင်း၏ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း စုပေါင်း၍ ည့်မပြတ် ပြုခဲ့ပေသည်။ ဤသို့ဖြင့် ၇ ရက်ပြည့်သောနေ့တွင် မောင်သန့်တို့ င်ကိုသုံးယောက် ကိုရင်လူထွက်ကြရလေသည်။

မောင်သန့်၏ဘခင်ဖြစ်သူ ဦးဘိုးနှစ်မှာ သားသမီးများကို အလွန်မြတ်နိုးသူဖြစ်သည်။ သားသမီးများ စားချင်သည်ဆိုလျှင် ဘာမဆို ဝယ်ကျွေးရမယ်သည်။ စီးပွားရေးဖွံ့ဖြိုးသူများ ဖြစ်ကြသောကြောင့်လည်း မောင်သန့် ငယ်စဉ်က ချို့ချို့တဲ့တဲ့ မနေရပေ။

ဦးဘိုးနှစ်မှာ ခေတ်ပညာတတ်တစ်ဦးဖြစ်၍ အိမ်တွင် အစားအသောက်အတက်တန်းကျကျ စားသောက်၍ သားများကိုလည်း နိုင်ငံခြားမှလာသော င့် အဖျော်ရည်များကိုသာ စားသောက်စေသည်။

ထိုခေတ်က နာမည်ကြီးဖြစ်သော ဟန်းတလီနှင့် ပါးလမားဘီစကွတ်မုန့်မှာ အထက်တန်း စားသောက်ဖွယ်ကို နှစ်သက်သော အိမ်တိုင်းတွင် ရှိခဲ့ မောင်သန့်တို့အိမ်တွင်လည်း ယင်းဘီစကွတ်မုန့်များကို အမြဲဝယ်ယူထား သည်။

သို့သော်....မောင်သန့်တို့ ညီအစ်ကိုတစ်စုသည် နိုင်ငံခြားမုန့်များထက် မုန့်များကို ပိုမိုနှစ်သက်ကြသည်။ မြန်မာမုန့်များဖြစ်ကြသော မုန့်စိမ်းပေါင်း မုန့်ပြားသလက်မုန့်များကို အသည်းစွဲဖြစ်ခဲ့ကြသည်။ မိခင်က အိမ်တွင် စားရန်မုန့်များကို လုပ်ကျွေးလေ့ရှိ၏။

ဦးဘိုးနှစ်သည် စားကောင်းသောက်ဖွယ်ကို ကြိုက်နှစ်သက်၏။ သူသည် ည့်လက်သား အများနှင့် နေသူဖြစ်၍ ခိုင်းစရာလူတွေ တလေကြီး ရှိသည်။ သူ စားချင်သော အစားအစာရှိလျှင် ကိုယ်တိုင် ချက်ပြုတ်စားရမှ ကျေနပ်သူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးနှစ်သည် ထမင်း ဟင်း အချက်ကောင်းသူ ဖြစ်၏။ သူသ
သူ၏သားများအား ကိုယ်တိုင်ကိုယ်ကျ ထမင်းဟင်းများ ချက်ကျွေးရသည်
အလွန်ကျေနပ်သည်။ အလုပ် အားလပ်သောရက်များ၊ အခါကြီးရက်ကြီးမျ
ဆိုလျှင် ဦးဘိုးနှစ်သည် မိသားစု အထူးစားပွဲအတွက် ထမင်းဟင်းများ
ကိုယ်တိုင် စီမံနေလေ့ရှိတော့သည်။

ဦးဘိုးနှစ် ကိုယ်တိုင် ချက်သော အုန်းထမင်းနှင့် ကြက်သားဟင်
ဆိတ်သားဟင်းများမှာ စား၍အလွန်အရသာရှိသည်။ သားလေးယောက်
ဇနီးဖြစ်သူတို့ ပျော်ပျော်ပါးပါး စားသောက်နေကြသည်ကို မြင်ရသောအ
ဦးဘိုးနှစ်မှာ အလွန်သဘောကျလျက် ရှိနေတတ်သည်။

ဦးဘိုးနှစ်၏ဇနီး ဒေါ်နန်းသောင်မှာ အမဲသားကို ရှောင်ပန် လှူထ
သူဖြစ်လေသည်။ ဒေါ်နန်းသောင် အပျိုဘော်ဝင်စအရွယ် ၁၂၆၀-ပြည့်
တွင် ပန်းတနော်သို့ လယ်တီဆရာတော် ဦးဉာဏ ရောက်ရှိခဲ့သည်။ ဆ
တော်က နွားတိရစ္ဆာန်များမှာ လူများ၏ အသက်သခင်ကျေးဇူးရှင်ဖြစ်သ
ဟု ဟောကြားခဲ့ပြီး အမဲသားမစားရန် အလှူခံခဲ့သည်။ ဒေါ်နန်းသောင် အ
ဖော်ဝင်စ၌ ဆရာတော်၏အဆုံးအမတွင် တည်ခဲ့ပြီး အသက်ထက်ဆုံး
အမဲသား မစားတော့ရန် ဆရာတော်ထံ လှူလိုက်လေသည်။

ဦးဘိုးနှစ်မှာ အမဲသားငါး အလွန်ကြိုက်နှစ်သက်ကြောင်း သိရသေ
ကြောင့် ဒေါ်နန်းသောင်မှာ ခင်ပွန်းဖြစ်သူ ကြိုက်နှစ်သက်သော အမဲသား
ချက်၍ကျွေးခဲ့ရ၏။ ဒေါ်နန်းသောင်မှာ ယနေ့ထိပင် အမဲသားကို မစားဘဲနေ
ဖြစ်တော့သည်။

ထိုစဉ်က ဦးဘိုးနှစ် ဒေါ်နန်းသောင်တို့အိမ်တွင် အိမ်ဖော် ၂-ဦး ရှိ
ခဲ့သည်။ သို့သော် ဒေါ်နန်းသောင်သည် အိမ်မှုကိစ္စအဝဝကို အိမ်ဖော်များအ
လွှဲအပ်ထားသူမဟုတ်ပေ။ အိမ်မှုကိစ္စအဝဝကို မိမိကိုယ်တိုင် ကိုယ်ဖိရင်
ဆောင်ရွက်ရမှ ကျေနပ်သော အိမ်ထောင်ရှင် အမျိုးသမီးကောင်းလည်း ဖြ
လေသည်။

မောင်သန့်တို့ ကျောင်းသားဘဝက ပန်းတနော်မြို့တွင် ထူးချွန်သေ
သူငယ်ကလေးတစ်ယောက် ပေါ်ထွန်းခဲ့သည်။ ပန်းတနော်မြို့တွင် ယွန်းကျော



သင်တိုက်ကြီး၏ ကျောင်းထိုင် တိုက်အုပ်ဆရာတော်မှာ ဆရာတော်
ရာဇိန္ဒ ကိုယ်တော် ဖြစ်သည်။ ဆရာတော် ဦးရာဇိန္ဒ ပျံလွန်ပြီး ၆-နှစ်
ကြာ၌ ပန်းတနော်တွင် အသက် ၅နှစ်ရွယ် ခမ္မကထိက မောင်ထွန်းကြိုင်
အမည်တွင်သော လူငယ် လူထူးလူဆန်းကလေး ပေါ်လာသည်။ ၁၉၂၁-
နှစ်က ဖြစ်သည်။

**"အသက် ၅နှစ်သာ ရှိသေးတယ်၊ ပိဋကတ်သုံးပုံကို အာဂုံ**
**ဆောင်နိုင်သတဲ့"**

ထိုသတင်းကို ပန်းတနော်မြို့သူမြို့သားများ အားလုံး ဂရုတစိုက်
ပြောနေလေ့ရှိတော့သည်။ မြို့လူထုအဆိုအရမူ မောင်ထွန်းကြိုင်မှာ ပျံလွန်
တော်မူသော ဆရာတော် ဦးရာဇိန္ဒဝင်စားသူ ဖြစ်သဖြင့် ပိဋကတ်သုံးပုံ
ဆင်ကြားရဘဲ အာဂုံဆောင်နိုင်သူ ဖြစ်လေသည်။ မောင်ထွန်းကြိုင်ကလည်း
ထူးဆန်းပေ၏။ ကျမ်းစာအုပ်များကို တည့်တည့် မဖတ်၊ အထက်အောက်
ပြောင်းပြန် ဖတ်ရှုလေ့ရှိသည်။ စာကို မသင်ဘဲနှင့် တတ်ကျွမ်းနေသည်။

မောင်သန့်သည် မိမိမြို့တွင် အထူးတလည် ပေါ်လာသော နိုင်ငံကျော်
ကထိက ၅နှစ်သားလေး မောင်ထွန်းကြိုင်၏ပညာကို အထူးအားကျမိသည်။
ပညာချွန်သော မောင်ထွန်းကြိုင်၏သတင်းကို လူအများ အမှတ်တရ ပြောဆို
သံ ကြားရသောအခါ မိမိကိုယ်တိုင်လည်း ပညာတော်သူတစ်ယောက် ဖြစ်
မည်ဟု သန္နိဋ္ဌာန်ချမှတ်မိသည်။

မောင်သန့် အသက် ၁၄နှစ်အရွယ်တွင် ဖခင်ဖြစ်သူ ဦးဘိုးနှစ်သည်
ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားရှာလေသည်။ ဦးဘိုးနှစ်
ကွယ်လွန်အနိစ္စရောက်သွားသဖြင့် မောင်သန့်တို့မိသားစုမှာ များစွာ အားငယ်
အားကြရသည်ဖြစ်သော်လည်း ရှေ့သို့ ဘဝခရီးကို ဆက်လျှောက်ရေးအတွက်
အား ပူပန်သောကရောက်စရာ ဘာမျှမရှိပါပေ။ ဦးဘိုးနှစ်သည် မောင်သန့်
မိသားစုအတွက် စီးပွားရေးတွင် မျက်နှာမငယ်စေရအောင် အိမ်မြေ၊ ခြံ
မြေ၊ လယ်မြေများမှအစ ပြည့်ပြည့်စုံစုံ ထားရစ်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၃။ အမျိုးသားကျောင်းတော်သားတစ်ယောက်

ယခုအခါတွင် ကိုသန့်သည် အမျိုးသား အထက်တန်း ကျောင်းသာ
ကြီးဖြစ်နေပြီ။ ဖခင်မရှိတော့ပြီဖြစ်၍လည်း မိမိ၏ညီငယ်များရှေ့တွင် မိမိသ
အိမ်ကြီး အဘအရာအနေဖြင့် ကြည့်ရှုစောင့်ရှောက်သွားရမည်ကို သိရှိ
လည်သည်။

မိမိ၏ညီငယ်များဖြစ်ကြသော ကိုခန့်၊ ကိုသောင်းနှင့် ကိုတင်မောင်တို့
ရှေ့တွင် မိမိသည် စံပြအဖြစ် နေထိုင်ပြုမူကျင့်ကြံမှသာလျှင် မိမိညီငယ်က
များမှာ မိမိ၏ခြေရာကို နင်း၍ လိုက်လာကြမည်ကိုလည်း သိပေသည်။

မိမိတို့၏စီးပွားရေးဥ္စာ ဘာမှ ပူပင်သောက ရောက်စရာမရှိသ
အတွက် ကိုသန့်၏ပညာရေးခရီးလမ်းမှာ များစွာ အခက်အခဲမရှိပေ။ ဦးဘိုး
ကွယ်လွန်သွားသောအခါ၌ ကိုသန့်၏မိခင် ဒေါ်နန်းသောင်ထံတွင် အိမ်ကြီ
လေးလုံး ကျန်ရစ်ခဲ့သည်။

ဦးဘိုးနှစ်၏မိဘများသည် ပန်းတနော်မြို့ပေါ်တွင် အခမ်းနားအကြီ
ကျယ်ဆုံး အိမ်ကြီးသုံးလုံးကို သားသမီးများအား အမွေပေးခဲ့သည်။

ဦးဘိုးနှစ်၏အစ်ကို ဦးဘိုးသစ်သည် ပန်းတနော်မြို့တွင် ဒုတိယအကြီး
အိမ်ဖြစ်သော ဂါတ်တဲဝင်းရှေ့ရှိ တရုတ်ကျောင်း လုပ်ထားသည့် အဆော
အဦကို အမွေရခဲ့သည်။

ဦးဘိုးနှစ်ကမူ ပန်းတနော်မြို့ပေါ်တွင် အကြီးဆုံးဖြစ်သော သုံးထ
အိမ်ကြီးကို အမွေအဖြစ် ရထားခဲ့သည်။ ထိုအိမ်ကြီးမှာ ပန်းတနော်မြို့ပေါ်
ဈေးအနီးရှိ ထင်ရှားသော ဘန်ဟိုဘီကုန်စုံဆိုင်ကြီးအဖြစ် ဖွင့်လှစ်ထားရှိ၏

ဦးဘိုးနှစ်၏ညီမ ဒေါ်မေသက်သည် ပန်းတနော်မြို့အုပ် နေထိုင်ရ
ငှားရမ်းထားသော အိမ်ကြီးကို အမွေရထားလေသည်။



ထို့ကြောင့် ဦးဘိုးနှစ် ကွယ်လွန်သောအခါတွင် ဇနီး ဒေါ်နန်းသောင်မှာ အမွေရထားသော ဘန်ဟိုဘီကုန်စုံဆိုင် သုံးထပ်အိမ်ကြီး လက်ဝယ် ကျန်ခဲ့သည်။

ထို့အပြင် အိမ်ချင်းကပ်နေသော ဦးဘိုးရုံ၏ ပန်းတိမ်ဖိုကြီးမှာလည်း ဦးဘိုးနှစ်ထံတွင် မသေမီက အပေါင်ခံထားရာမှ မရွေးနိုင်သောကြောင့် ဦးဘိုးနှစ်ပင် အပိုင်ရခဲ့သည်။ ထိုအိမ်မှာလည်း ဒေါ်နန်းသောင် လက်ထဲ၌ ကျန်ခဲ့သည်။

ဒေါ်နန်းသောင်၏မိခင် ဒေါ်မိတ်က မိမိဘာသာ သီးခြား နေချင်သည် ဆို၍ ဦးဘိုးနှစ်ကိုယ်တိုင် စီမံဆောက်လုပ်ပေးသော အိမ်တစ်လုံး ရှိသေးသည်။

ထို့ပြင် ဦးဘိုးနှစ်နှင့် ဒေါ်နန်းသောင်တို့ နေထိုင်ခဲ့သော ပျဉ်ထောင် ပျဉ်ခင်း သွပ်မိုးအိမ်ကြီးလည်း ရှိသည်။ ဤသို့ဖြင့် ဦးဘိုးနှစ် ကွယ်လွန်သော အခါ ကိုသန့်တို့ မိခင် ဒေါ်နန်းသောင်ထံ၌ အိမ်ကြီးလေးလုံး ကျန်ရစ်ခဲ့သည်။

ထိုပစ္စည်းများအပြင် ပန်းတနော်မြို့နှင့် လေးမိုင်ကွာသော လက်ကြား ရွာ၊ ကမယ်ရွာ၊ ရွှေကျောင်းတိုက်ရွာတို့တွင် စုစုပေါင်း လယ်မြေဧက တစ်ရာ ကျော်ခန့် ဦးဘိုးနှစ်လက်ထက်မှ ကျန်ပစ္စည်းအဖြစ် ဒေါ်နန်းသောင် ရခဲ့ပြန်၏။ သရက်၊ ကညင်၊ ပျဉ်းမပင်၊ ဝါးရုံပင်များအထိ ပြွန်းနေသော ဧက ၂၀ ကျယ် သည့် ဥယျာဉ်ခြံမြေများလည်း ရှိသေးသည်။

ဦးဘိုးနှစ်ကို ဦးလေးဖြစ်သူ ဦးရွှေခင်က အမွေစားအမွေခံအဖြစ် မွေးစားပြီး အိန္ဒိယပြည်သို့ ပညာသင်လွှတ်ခဲ့သည်။ အိန္ဒိယမှ ပြန်လာ၍ မိတ္ထီလာမြို့၌ စာရေးအဖြစ် အမှုထမ်းဆောင်နေသည်ကိုလည်း ဦးရွှေခင်ကပင် ပြန်ခေါ်၍ မိမိ၏ဆန်စက်ကို အပြီးလွှဲ အုပ်ချုပ်လုပ်ကိုင်စေသည်။

ဦးရွှေခင်သည် ဦးဘိုးနှစ်ထက် အရင် ကွယ်လွန်ခဲ့သည်။ ဦးရွှေခင် ကွယ်လွန်သောအခါတွင် ဦးရွှေခင်၏ဇနီး ဒေါ်ရွှေမြစ်လည်း ကျန်ရစ်ခဲ့သည်။ ကျန်ရစ်သော ဆန်စက်မှာ မူလ လုပ်လက်စအတိုင်းပင် ဦးဘိုးနှစ်ပိုင်အဖြစ် ဆက်လက် လုပ်ကိုင်ရန်ဖြစ်၏။ သို့သော်... ဦးရွှေခင်၏ဇနီး ဒေါ်ရွှေမြစ်က ထိုဆန်စက်ကို မိမိရသင့်သည်ဟု တောင်းခံလာသည်။ ဒေါ်ရွှေမြစ်၏ညီမ ဒေါ်ရွှေသစ်၏သားဖြစ်သူ ခရမ်းမြို့ သမဝါယမအသင်း မြို့အုပ် ဦးရွှေမြို့ သည်

www.burmeseclassic.com



တရားရုံးတော်သို့ ဒေါ်ရွှေမြစ်၏ တရားဝင်ကိုယ်စားလှယ် ခံယူသည်။

ဦးဘိုးနှစ် မသေမီက ဦးရွှေခင်ပိုင်ပစ္စည်းများကို မိမိ အမွေဆက်ခံနိုင်ရန် ချက်ထုန်းမြို့မှ နာမည်ကြီး ဝတ်လုံတော်ရ မစ္စတာ ဘာဂျော်ဂျီကို နို့တစ် ပေး ရေးဆဲမှာပင် ဦးဘိုးနှစ် မမာ၍ ကွယ်လွန်ခဲ့ခြင်းဖြစ်လေသည်။

ထိုအခါ ကိုသန့်တို့မိခင် ဒေါ်နန်းသောင်ကို သမဝါယမမြို့အုပ် ဦးရွှေမြို့က တရားစွဲတော့သည်။ ဦးရွှေမြို့ စွဲသည့်အမှုတွေက များလှသည်။ အမွေရလိုမှု၊ ဆန်စက်အတွက် စပါးဝယ်ရန် ပေးထားသောငွေများ ပြန်ရလိုမှု စသဖြင့် ဖြစ်သည်။ ဒေါ်နန်းသောင်ကလည်း ပြန်၍တရားစွဲသည်။ ခရိုင်တရားမရုံးတွင် အမှုအားလုံးကို ဒေါ်နန်းသောင်က အနိုင်ရလေသည်။ သို့သော် ဦးရွှေမြို့က ရန်ကုန်တရားလွှတ်တော်ချုပ် (Chief Court)သို့ အယူခံဝင်သည်။ ထိုရုံးတွင် အချို့အမှုများမှာ ဒေါ်နန်းသောင် ရှုံးခဲ့၏။ အရပ်သတင်းအရဆိုပါလျှင် ဦးရွှေမြို့က တရားလွှတ်တော် တရားသူကြီးတစ်ဦးကို ဆလွန်းကားသစ်တစ်စီး လာဘ်ထိုးခဲ့သည်ဟုလည်း အဆိုရှိခဲ့လေသည်။

အမှုဖြစ်ခဲ့သော်လည်း ကိုသန့်တို့မိသားစု၏ စီးပွားရေးမှာ ချို့ချို့တဲ့တဲ့ မဖြစ်ခဲ့ပေ။ သူတို့ထံတွင် အမှုနှင့် လွတ်ကင်းကျန်ရစ်ခဲ့သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွေအပြင် အတွင်းပစ္စည်းများလည်း ကျန်ခဲ့သေး၍ ဖြစ်လေသည်။

ကိုသန့်သည် ၁၉၂၆–ခုနှစ်တွင် ပန်းတနော် အမျိုးသား အထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲကို အောင်မြင်လေသည်။ ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာ ဆက်လက် သင်ကြားခဲ့သည်။

ရန်ကုန်တက္ကသိုလ်သို့ ပညာသင်ကြားရန် သွားရောက်သည်ထိ ကိုသန့်ဘဝဖြစ်စဉ်တွင် မရေးဘဲ ချန်ထားရန် မသင့်သည့်အချက်တစ်ရပ် ပါသည်။ ယင်းမှာ ကိုသန့်သည် ဗုဒ္ဓဘာသာကို အလွန်ရိုသေကိုင်းရှိုင်းသူဖြစ်သည် ဆိုသော အကြောင်းပင် ဖြစ်ပေသည်။

ကိုသန့်၏ အဘအမိဘက်မှ မျိုးရိုးစဉ်လာမှာ မြန်မာပီပီ ဗုဒ္ဓဘာသာကို အလွန်တရာ မြတ်နိုးကြည်ညိုခဲ့ကြသည်။ စီးပွားရေးချောင်လည်သူများ ဖြစ်သည့်အတိုင်း အလှူအတန်းပြုလုပ်ရာတွင် ကြီးကြီးကျယ်ကျယ် လှူဒါန်းနိုင်စွမ်း



များ ဖြစ်သည်။ မိဘများမှာ တံတားဦးကျောင်းတိုက်သို့ ဥပုသ်နေ့တိုင်း ရောက်၍ သီလစောင့်ထိန်းခြင်း၊ အလှူဒါနပြုခြင်းများ ပြုလုပ်ရာတွင် မပျက်ကြသူများလည်း ဖြစ်ကြပါပေသည်။ ထိုသို့ လူကြီးများ ဥပုသ်ယူသည့်အခါတိုင်း ကိုသန့်သည် မိမိ ကိုရင်ဝတ်ခဲ့သော ကျောင်းတိုက်သို့ လူကြီးများနှင့် လိုက်ပါသွားလေ့ရှိ၏။

ဒေါ်နန်းသောင်မှာ လပြည့်လကွယ် လဆန်း ၈–ရက် လဆုတ် ၈–ရက် နေ့တိုင်း ဥပုသ်သီလ စောင့်ထိန်းလေ့ရှိမြဲဖြစ်သည်။

ဒေါ်နန်းသောင်မှာ ယခုအခါ သား ဦးခန့်နှင့် အတူ နေလျက်ရှိ၏။[၁] ထက်တိုင် ဥပုသ်နေ့အခါကြီးရက်ကြီးများတွင် ဥပုသ်သီလ စောင့်နေသူ ဖြစ်၏။ အသက် ၉၁–နှစ်အရွယ်သို့ ရောက်သော်လည်း နေထိုင်ကောင်းဖြစ်သောအချိန်မှလွဲ၍ ဥပုသ်နေ့တိုင်း သီတင်းသီလ ဆောက်တည်နေမြဲသည်။)

ဘုန်းကြီးကျောင်းသို့ မိဘများ သွားလျှင် သားလေးယောက်လည်း ပါသည်။ ကိုသန့်ထက် ငယ်သူ ညီများမှာ ပြေးလွှားဆော့ကစားရင်းဖြင့် ဘုန်းကြီးကျောင်းတွင် အချိန်ကုန်တတ်ကြသည်။

သို့သော်... ကိုသန့်မှာကား ဤသို့မဟုတ်ပေ။ ဆရာတော်နှင့် အခြား သံဃာတော်များထံ ကပ်၍ သံဃာ့ဝေယျာဝစ္စများကို ဆောင်ရွက်ပေးနေသည်လည်း ရှိ၏။ သံဃာတော်များ၏ ကျမ်းစာအုပ်ကြီးများကို နားမလည်သော်လည်း ဆွဲယူလှန်လှောကြည့်နေတတ်သည့်အလေ့လည်း ရှိခဲ့သည်။

တစ်ခါတစ်ရံ လူကြီးများ မတိုက်တွန်းရဘဲ ဥပုသ်ယူပြီး လူကြီးများနှင့် သီလကို မကျိုးမပျက်စောင့်ထိန်းသည်လည်း ရှိခဲ့သည်။ ထို့ကြောင့် ကိုသန့်မှာ ငယ်စဉ်ကလေးဘဝမှစ၍ ဗုဒ္ဓဘာသာကို မိရိုးဖလာ အစဉ်အလာ ကိုးကွယ်ရခြင်း မဟုတ်တော့ပါ။ ကိုသန့်ကိုယ်တိုင်ကပင်ဗုဒ္ဓ၏ မွန်မြတ်သော ဩဝါဒတွင်တည်၍ တရားတော်များကို အချိန်အားရတိုင်းပင် လေ့လာခြင်းဖြင့် သူသည် ဗုဒ္ဓဝါဒသမားစစ်စစ် ဖြစ်လာခဲ့လေသည်။

---

[၁] ယခုအခါ ကွယ်လွန်ရှာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏အဆုံးအမများတွင် တည်သော ကိုသန့်သည် ဗုဒ္ဓ၏တရားတော်များနှင့်အညီ ကျင့်ကြံခြင်းဖြင့် အကျင့်စာရိတ္တအရာတွင် ညီငယ်များ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများ၏ စံနမူနာပြလည်း ဖြစ်ခဲ့ရသည်။

ကိုသန့်သည် ငယ်စဉ်က မည်သူနှင့်မျှ ရန်မဖြစ်ခဲ့ဖူးပေ။ အပေါင်းအသင်း သူငယ်ချင်းများနှင့် အစဉ်ပင် သင့်တင့်အောင် ပေါင်းသင်းလေ့ရှိသည်။ မည်သူ့ကိုမှ ရန်မပြု၊ မည်သူ ရန်ပြုသည်ကိုမှ ရန်တုံ့ပြန်ခြင်းလည်းမပြုတတ်သော နူးညံ့သော စိတ်သဘောထားရှိသူလည်း ဖြစ်ခဲ့သည်။ စိတ်ထား ပျော့ပျောင်းသလို အမူအရာလည်း အလွန်နူးညံ့သူဖြစ်သည်။

ကိုသန့်မှာ အတန်းထဲတွင် အင်္ဂလိပ်စာနှင့် မြန်မာစာတို့၌ အထူးချွန်ဆုံးဖြစ်ခဲ့သလို အခြားဘာသာရပ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်ခဲ့လေသည်။ ဤသို့ ဖြစ်ရခြင်းကပင် ကိုသန့်အား မိတ်ဆွေ အပေါင်းအသင်းများ၏ ကြည်ညိုချစ်ခင်ခြင်းခံရလေသည်။ နေ့လယ် မုန့်စား ကျောင်းဆင်းသောအခါတွင် ကိုသန့် အိမ်မှ ထမင်းစားပြီး ပြန်လာမည့်အချိန်ကို ကျောင်းသားများက စောင့်နေတတ်ကြ၏။ ကိုသန့် အိမ်မှ ပြန်လာလျှင် သူငယ်ချင်းတစ်စု ဝိုင်း၍ အင်္ဂလိပ်သဒ္ဒါ မေးသူ မေး၊ မြန်မာပျို့ကဗျာများ၏ အဓိပ္ပာယ်ကို ရှင်းပြပါ ဆိုသူ ဆိုနှင့် ရှိနေတတ်သည်။

ကိုသန့်သည် မိမိ တတ်ကျွမ်းနားလည်သမျှတို့ကို ကျောင်းနေဖက် သူငယ်ချင်းတို့အား ရှင်းလင်း ပြောပြရန်အတွက် ဝန်လေးသူ မဟုတ်ပေ။ အင်္ဂလိပ်စာညံ့သူတို့ကိုဆိုလျှင် အထူးဂရုစိုက်၍ သင်ပြပေးသည်။ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းနိုင်နင်းစွာ ရေးတတ်ပြောတတ်ရန်မှာ သဒ္ဒါသည် အရေးအကြီးဆုံးဖြစ်သည်။ "သဒ္ဒါမတတ်-စာမတတ်"ဟု ဆိုရိုးရှိခဲ့သည့်အားလျော်စွာ သဒ္ဒါ မကျွမ်းကျင်လျှင် အင်္ဂလိပ်စာ အရေးအသား အပြောအဆိုတွင် အမှားအယွင်းတွေသာ ဖြစ်နေမည်။

ကိုသန့်မှုကား တစ်စုံတစ်ရာကို လေ့ကျင့်သင်ကြားလျှင် နက်နက်နဲနဲ ထိထိရောက်ရောက် လေ့လာသင်ကြားတတ်သူလည်းဖြစ်သည်။ အိမ်သို့ ရောက်လျှင်လည်း ကစားချိန်တန် ကစား၍ စာကျက်ချိန်ကျလျှင် အထူးဂရုစိုက်၍ လေ့လာကျက်မှတ်တတ်သူဖြစ်သည်။ သူသည် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းနှင့်



ခြင်းလုံးခတ်ခြင်း စသော နုနယ်သော ကျန်းမာရေးလှုပ်ရှားမှုမျိုးကို အလွန်ဝါသနာပါသည်။ စနေ-တနင်္ဂနွေနေ့များတွင်ကား သူသည် သူငယ်ချင်းများနှင့် ခရီးဝေး လမ်းလျှောက်ထွက်တတ်သည်။

အင်္ဂလိပ်ဘာသာတွင် သူမတူအောင် ထူးချွန်ခြင်းမှာ ကိုသန့်၏ဇွဲနှင့် ဝိရိယကြောင့်ဟု ဆိုရမည်။

ကိုသန့်အနေဖြင့် အင်္ဂလိပ်စာမတတ်လျှင် မျက်နှာငယ်မည်၊ အထင်သေးမည်ကိုလည်း ကောင်းစွာ သိသည်။ ထိုအချိန်ကဆိုလျှင် အင်္ဂလိပ်စာကို ကျွန်ပညာဟူ၍ သဘောထားတတ်ကြသူတွေရှိသည်။ ကိုသန့်ကမူ အင်္ဂလိပ်စာသည် လက်နက်ကောင်းတစ်ခုဖြစ်သည်။ မြန်မာ့အကြောင်း အများက သိရန်၊ အင်္ဂလိပ်အစိုးရနှင့် အုပ်ချုပ်သူများ သိရန်၊ ကမ္ဘာက သိရှိရန်မှာ အင်္ဂလိပ်စာနှင့် စကားကို လက်နက်ကောင်းတစ်ခုအဖြစ် အသုံးပြုနိုင်ကြောင်း နားလည်သဘောပေါက်ထားသည်။

အင်္ဂလိပ်လူမျိုးအုပ်ချုပ်သူများသည် မြန်မာလူမျိုးတို့၏ဂုဏ်၊ မျိုးချစ်စိတ်၊ သူ့ကျွန်မခံလိုစိတ်နှင့် မြန်မာတို့၏ သူရသတ္တိတို့ကို သိရှိနားလည်စေရန်မှာ မြန်မာဘာသာဖြင့် ထပြီး အော်နေ၍ ဘယ်နည်းနှင့်မျှ မဖြစ်၊ အင်္ဂလိပ်ဘာသာဖြင့် ရေးမှ ပြောမှ နှိုးဆော်မှ ဖြစ်မည်ကို ကိုသန့် ကောင်းစွာ သိပါသည်။

ထို့ကြောင့်ပင် သူသည် အင်္ဂလိပ်ဘာသာကို ထိထိရောက်ရောက် သင်ကြားတတ်မြောက်ခဲ့ခြင်းဖြစ်သည်။ နောင်အခါ အမျိုးသား ကျောင်းအုပ်ဆရာကြီး ဖြစ်လာသောအခါတွင် ကိုသန့်အနေဖြင့် မြန်မာစာပေ ယဉ်ကျေးမှု အနုပညာများကို အင်္ဂလိပ်ဘာသာဖြင့် ထိထိရောက်ရောက် ဆောင်းပါးများ ရေးသားနိုင်ခြင်းမှာ ကိုသန့်၏ ငယ်စဉ်က အင်္ဂလိပ်သဒ္ဒါနှင့် ဘာသာစာပေကို အထူးလေ့လာမှု၏ အကျိုးကျေးဇူးပင် ဖြစ်သည်။ ကိုသန့်၏ ငယ်စဉ်ဘဝကို တက္ကသိုလ် ရောက်သည်အထိ ဆက်စပ်ရေးရာတွင် ကိုသန့်၏ ကျန်းမာရေး အကြောင်းကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပေသည်။

ကိုသန့်၏ကျန်းမာရေးကို ရေးမည်ဆိုလျှင် ငယ်စဉ်က ထူးထူးထွေထွေ ရောဂါဟူ၍မရှိ၊ ကျန်းမာသူဖြစ်သည်။ ငယ်စဉ်ကစ၍ ကိုသန့်၏ ကိုယ်လုံးကိုယ်ပေါက်မှာ တုတ်တုတ်ခိုင်ခိုင် ဝဝဖြိုးဖြိုး မရှိလှပေ။ သူသည် ငယ်စဉ်ကစ၍

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကို အထူးဂရုစိုက်သည်။ ကိုသန့်၏ဘခင် ဦးဘိုးနှစ်သည် အင်္ဂလိပ်စာတတ်တစ်ဦးဖြစ်သည့်အားလျော်စွာပင် ခေတ်မီသော ကျန်းမာရေးဆိုင်ရာ အင်္ဂလိပ်ဘာသာ စာအုပ်စာတမ်းများကို မှာယူဖတ်ရှုတတ်သည်။ မိမိ ဖတ်ရှုသမျှ ကျန်းမာရေးဗဟုသုတတို့ကို ကိုသန့် အစရှိသော သားများအား ပြောပြသွန်သင် ပညာပေးခဲ့သည်။

ကိုသန့်သည် ကျန်းမာရေးကို ဂရုပြုသူဖြစ်၍ နာဖျားမကျန်းမာမှုကြီးကြီးကျယ်ကျယ်မဖြစ်။ ကိုယ်လက် ကြံ့ခိုင်ရေး အားကစားများကိုကား ပင်ပန်းစွာ ဘယ်တော့မှ ကစားလေ့ကျင့်ခဲ့ခြင်းမရှိ။ အားလပ်ချိန်တွင် အညောင်းပြေ လမ်းလျှောက်ခြင်းကိုကား အခွင့်ရတိုင်း ပြုလေ့ရှိခဲ့၏။ နံနက်ခင်းလေကောင်းလေသန့်ရသောအချိန်တွင် ကိုသန့်သည် ညီငယ်များကို ခေါ်ကာ ပန်းတနော်မြို့နှင့် နှစ်မိုင်ခန့် ကွာဝေးသော ရွှေမြင်တင်ဘုရားဆီသို့ လမ်းလျှောက်ထွက်လေ့ ရှိတတ်ပေသည်။

ကိုသန့်သည် ညီငယ်များကို အလွန်ကြင်နာစွာ ဆက်ဆံတတ်သည်။ အော်ဟစ်ငေါက်ငမ်း ပြောဆိုခြင်း ကင်းသည်။ ညီများကို အမြဲတမ်း ကျိုးကြောင်း ရှင်းလင်း ပြောပြ၍ ဆုံးမတတ်သည်လည်း ဖြစ်သည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာတွင် မိမိ၏ညီများ မျက်နှာမငယ်စေရန် အမြဲတမ်း သင်ကြားပြသသည်။

ညီငယ်များ၏အပြောအဆို အမူအရာ–အကျင့်အကြံများမှာ ကိုသန့်နှင့် တစ်ပုံစံတည်းလိုလိုဖြစ်လာသည်။ ကိုသန့်ကဲ့သို့ပင် ဗုဒ္ဓဘာသာကို လွန်စွာရှိသေကိုင်းရှိုင်း၍ စိတ်ဓာတ်နူးညံ့ပြီး အကျင့်စာရိတ္တမှာလည်း ကောင်းမွန်သူများ ဖြစ်လာခဲ့သည်။ ဤသည်မှာ ကိုသန့်၏ သွန်သင်စံပြ ဆုံးမမှုများကြောင့် ဖြစ်သည်ဆိုခြင်းကို ငြင်းစရာမရှိပါပေ။

* * *

# ၄။ တက္ကသိုလ်ကျောင်းသား ကိုသန့်

ကိုသန့်သည် ၁၉၂၆ ခုနှစ်တွင် ပန်းတနော် အမျိုးသား အထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲကို အောင်ပြီး ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်၍ အထက်တန်းပညာရပ်များကို ဆည်းပူးလေ့လာသည်။

ကိုသန့်သည် ဝိဇ္ဇာပညာရပ်များကို ယူပြီး ရန်ကုန်တက္ကသိုလ်တွင် ကျောင်းအိပ်ကျောင်းစားနေ၍ ပညာသင်ကြားခဲ့သည်။ သူ နေသော ပထမဆုံးကျောင်းဆောင်မှာ ရန်ကုန်တက္ကသိုလ်ရိပ်သာ ပြည်လမ်းပေါ်တွင်ရှိသော တကောင်းကျောင်းဆောင် ဖြစ်သည်။

တကောင်းကျောင်းဆောင်တွင် နေထိုင်၍ လေးလ ကြာသောအခါတွင် ကိုသန့်သည် ပုဂံကျောင်းဆောင်သို့ ပြောင်း၍နေသည်။ ပုဂံကျောင်းဆောင်တွင်လည်း လေးလ နေပြီးနောက် မအောင်ကျောင်းဆောင်သို့ ပြောင်းသည်။

မအောင်ကျောင်းဆောင် ဆိုသည်မှာ ယခု ရွှေတိဂုံဘုရားလမ်းမှ ဆန်းကဖီးဟိုတယ်နှင့် ကပ်လျက်ရှိသော အဆောက်အဦဖြစ်သည်။ ထိုအချိန်က ယင်းအဆောက်အဦကို မအောင်ကျောင်းဆောင်ဟု ခေါ်၍ ရန်ကုန်တက္ကသိုလ်မှ ငှားရမ်းအသုံးပြုပြီး ကျောင်းအိပ်ကျောင်းစား ကျောင်းသားများကို ထားရှိခြင်းဖြစ်သည်။ ကိုသန့်သည် ရန်ကုန်တက္ကသိုလ်တွင် ပထမနှစ် ဥပစာတန်း သင်တန်းချိန် ကုန်ဆုံးခါနီး ရောက်မှ မအောင်ကျောင်းဆောင်သို့ ပြောင်းရွှေ့နေခြင်းဖြစ်သည်။

ထိုအချိန်က မအောင်ကျောင်းဆောင်၏ လက်ထောက် အဆောင်မှူးမှာ နောင်အခါတွင် ကျော်ကြားစာဝန် ဦးလူဖေဝင်း (မဟာဝိဇ္ဇာ)အဖြစ် ထင်ရှားလာမည့် ဆရာဦးလူဖေဝင်းပင်ဖြစ်သည်။ ဆရာဦးလူဖေဝင်းနှင့် တက္ကသိုလ်ကျောင်းသားကြီး ကိုသန့်တို့သည် ကျောင်းဆောင်တစ်ခုတည်းတွင် ဆရာနှင့် တပည့်အဖြစ်

www.burmeseclassic.com



လာရောက်တွေ့ဆုံကြသည်။ ဆရာဦးလူဖေဝင်းမှာ နောင်အခါတွင် မဟာဝိဇ္ဇာ အောင်ပြီး မြန်မာစာတွင် ရွှေတံဆိပ်ရသူဖြစ်လေသည်။

ကိုသန့်သည် ပထမနှစ် ဥပစာတန်း ပြီးဆုံး၍ ဒုတိယနှစ် ဥပစာတန်းသို့ တက်ရောက်သင်ကြားရပြန်သောအခါ မေအောင်ကျောင်းဆောင်မှာပင် ဆက်လက် နေထိုင်ခဲ့သည်။

ထိုစဉ်က ကိုသန့်၏ တက္ကသိုလ် အပေါင်းအသင်းများမှာ ကိုမျိုးမင်း (ယခု အင်္ဂလိပ်စာ ပါမောက္ခဟောင်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ရန်ကုန်)၊ ကိုရွှေမရ (အိုင်စီအက်စ် ဦးရွှေမရ)၊ ပျဉ်းမနား ကိုစိုးသိန်း (မိတ္ထီလာ အမျိုးသားအထက်တန်းကျောင်းအုပ်ကြီး)တို့ ဖြစ်ပေသည်။ ကိုသန့်နှင့် ချစ်ခင်ပေါင်းသင်းကြသော မိတ်ဆွေသင်္ဂဟအများပင် ရှိကြသော်လည်း ထိုသူများသာ ကိုသန့်နှင့် တပူးတွဲတွဲ ခင်မင်စွာ နေကြသူများဖြစ်သည်။ ကိုသန့်နှင့် အရင်းနှီးဆုံးသူငယ်ချင်းများလည်း ဖြစ်ကြလေသည်။

ထိုအခါတွင် ကိုသန့်ထက် အတန်းကြီးသော မိတ်ဆွေများဖြစ်သည့် တက္ကသိုလ်ကျောင်းသားကြီးများဖြစ်သော ကိုနုနှင့် ကိုထင်အောင်တို့မှာ ကိုသန့်ထက် ၂–နှစ် စောပြီး ရန်ကုန်တက္ကသိုလ်သို့ ရောက်နေခဲ့ကြပြီးဖြစ်လေသည်။

သူတို့သည် တက္ကသိုလ်ကျောင်းတော်တွင် နေထိုင်ရင်း ပညာဗဟုသုတ ဆွေးနွေးညှိနှိုင်းခြင်း၊ စာပေမွေ့သူများဖြစ်သဖြင့် မြန်မာစာပေအတွက် လေ့လာ ဆွေးနွေးခြင်းများ ပြုခဲ့ကြသည်။

ကိုထင်အောင်ကား နောင်အခါတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်ထင်အောင်အဖြစ်ဖြင့် နှစ်ပေါင်း များစွာ အမှုထမ်းခဲ့ပြီးလျှင် မြန်မာစာပေ လောကနှင့် ပတ်သက်သည့် စာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေခဲ့သော ကမ္ဘာသိစာရေးဆရာတစ်ဦးဖြစ်ခဲ့သည်။

ကိုနုကား စစ်ကြိုခေတ်က နဂါးနီစာအုပ်တိုက်ထွက် စာရေးဆရာများတွင် နာမည်ကျော်စာရေးဆရာတစ်ဦးဖြစ်ခဲ့သည်။ သူ ရေးသော စာအုပ်များထဲတွင် "ရက်စက်ပါပေ့ကွယ်"စာအုပ်မှာ လူကြိုက်များသည်။ စစ်ပြီးခေတ်တွင် ဂျပန်ခေတ် အတွေ့အကြုံများကို ဖော်ပြသော "ငါးနှစ်ရာသီ ဗမာပြည်"စာအုပ်၊ "လူထုအောင်သံ"ပြဇာတ်များကိုလည်း ရေးခဲ့ပြန်သည်။ မြန်မာနိုင်ငံ လွတ်လပ်



ရေးရပြီးနောက် ပထမဆုံးဝန်ကြီးချုပ်လည်း ဖြစ်ခဲ့သည်။

ကိုသန့် တက္ကသိုလ် ရောက်လာသည့်အချိန်က ရန်ကုန်မြို့မှာ ဗြိတိသျှ ဗြူရိုကရေစီစနစ်ကြီး အင်အားကြီးမားစွာ ထွန်းကားနေချိန်ဖြစ်သည်။

ရန်ကုန်တွင် ကုက္ကိုင်းရေကူးကန်ကလပ်၊ ဂျင်မခါနာကလပ်၊ ပဲခူးကလပ် ဟူ၍ နိုင်ငံခြားသား မျက်နှာဖြူများ၏ ကလပ်အသီးသီး ရှိခဲ့သည်။ ထိုကလပ် အသီးသီးမှာ အထက်တန်းလွှာများနှင့် မျက်နှာဖြူအရာရှိကြီးများ ကြီးစိုးလျက် ရှိသည်။ အခြားကောလိပ်ကျောင်းသားကြီးများသည် တရုတ်ပျော်ပွဲစားရုံများ၌ ပျော်ပါးလည်ပတ်နေစဉ်တွင် ကိုသန့်သည် စာအုပ်ပုံထဲ၌သာ ပျော်မွေ့နေခဲ့၏။ သူသည် ထိုဟိုတယ်များကို တက်ရောက်ပျော်ပါးရန်အတွက် တက္ကသိုလ်သို့ လာခဲ့သည် မဟုတ်။ သုံးရန်ဖြုန်းရန်လည်း ငွေပိုမပါလာ။ သုံးရန်ဖြုန်းရန်လည်း ဆန္ဒမရှိပေ။

သူတို့တစ်စု၏ အချစ်ဆုံး တက္ကသိုလ်ဆရာတစ်ဦးမှာ ဗြိတိသျှသမိုင်း ဆရာ ဒီဂျီအီးဟောလ်[၁] ဖြစ်၍၊ သူသည် အနောက်ဥရောပရာဇဝင်ကို သင်ကြားသော ကထိကတစ်ဦးဖြစ်ခဲ့သည်။

ဆရာဟောလ်သည် ကိုသန့်၊ ကိုနု စသော ကျောင်းသားကြီးများကို ခင်မင်သည်။ သူတို့သည် ဆရာကောင်း တပည့်များဖြစ်ကြောင်း ပြောပြလေ့ ရှိပေသည်။

ကိုသန့်သည် ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ တို့ကို ပင်ရင်းဘာသာအဖြစ် သင်ကြားရ၏။ ထို့ပြင် မြန်မာအနု စာပေသမိုင်း နှင့် သချ်ာ၊ လောဂျစ်ဘာသာတို့ကိုလည်း အပိုဘာသာအဖြစ် သင်ယူရသည်။

တက္ကသိုလ်တွင်နေစဉ် ကိုသန့်သည် အဝတ်အစားကို ပပလွှားလွှား ကြွားကြွားမော်မော် ဝတ်လေ့မရှိတတ်ပေ။ သို့သော် အင်္ကျီလုံချည်များကို သေသေသပ်သပ်နှင့် ဖြူဖြူစင်စင် ဝတ်ဆင်လေ့ရှိသူဖြစ်၏။

သူ့အမူအရာမှာ အမြဲအေးအေးဆေးဆေးဖြစ်သည်။ ထို့ပြင် သူသည် အမြဲလန်းလန်းဆန်းဆန်း ပျော်ပျော်ရွှင်ရွှင်နေတတ်သူလည်း ဖြစ်ပေသည်။

---

၁။ D.G.E. Hall

www.burmeseclassic.com

www.burmeseclassic.com



ကိုသန့်၏အပြောအဆို အမူအရာမှာ အလွန်နူးညံ့သိမ်မွေ့၍ လူကြိုက်လူကောင်းဆန်လှသည်။ သူသည် ဘယ်တော့မှ ညစ်ပတ်သော ပြက်လုံးများ၊ ရယ်စရာများကို ပြောလေ့မရှိ။ အခြားသူများ ပြောလျှင်လည်း နားမထောင်တတ်ပေ။

သူသည် မိမိအဝတ်အစားများကို သန့်ရှင်းဖြူစင်အောင် ကိုယ်တိုင်လျှော်ဖွတ်၍ လုံချည်များကို မိမိအိပ်ရာအောက်တွင် ဖြန့်ကာ ခေါက်ရိုးကျကျ ပြန့်နေအောင် လုပ်လေ့ရှိ၏။

မည်သူနှင့်မျှလည်း ရန်မဖြစ်တတ်။ သူများ အတင်းအဖျင်းကိုလည်း ပြောဆိုလေ့မရှိ၍ သူ့ကို လူတိုင်းက ခင်မင်ကြသည်။

စာကြိုးစားသည့်ဘက်ကဆိုလျှင် သူသည် အလွန်ဝီရိယရှိသည့်အတိုင်း အတန်းထဲတွင် အလွန်စာတော်သူတစ်ယောက် ဖြစ်သည်။

သို့သော်... မိမိ မည်မျှ တော်သည်၊ ထူးချွန်သည်ကို ကိုသန့်သည် ဘယ်တော့မှ ထုတ်ဖော်၍ မပြောတတ်ပါ။ ထင်ပေါ်မှုကို ကိုသန့်သည် အလွန်မုန်း၏။

ကိုသန့်၏အရည်အချင်း ထူးချွန်မှုများသည် သူ့ကို ထင်ပေါ်စေရန် အထောက်အကူဖြစ်နေသည်။ ထင်ပေါ်မှုကို မလိုလားသော ကိုသန့်သည် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒအသင်းကြီးတွင် တွဲဖက်အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရလေသည်။

ထို့ပြင် စာပေနှင့် စကားရည်လုပွဲအသင်းကြီး၏ အထွေထွေအတွင်းရေးမှူးလည်း ဖြစ်လာသည်။

ကိုသန့်သည် သတင်းစာများသို့ အယ်ဒီတာထံ ပေးစာများ၊ ဆောင်းပါးများ ရေးသားပေးပို့ခြင်းဖြင့် တက္ကသိုလ်တွင် ရှိစဉ်ကပင် မိမိဆန္ဒသဘောထားများကို လွတ်လွတ်လပ်လပ် တင်ပြခဲ့သည်။

၁၉၂၈–ခုနှစ်၊ ကိုသန့် ဥပစာတန်းစာမေးပွဲကို အောင်မြင်သောအခါတွင် အမှတ်ကောင်းစွာဖြင့် အောင်မြင်ခဲ့၏။ ဤသို့ဖြင့် သူသည် အသက် ၁၉–နှစ်တွင် ပန်းတနော်သို့ ပြန်၍ အထက်တန်းပြဆရာအဖြစ်ဖြင့် အမျိုးသားအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့လေသည်။



ညီငယ်များအပေါ် ညာတာသည့် ကိုသန့်၏စိတ်ထားကို အထူးသိသာနိုင်သည်။ ၁၉၂၈–ခုနှစ်တွင် ကိုသန့်၏အောက် အသက် ၂–နှစ်ခန့် ငယ်သော ကိုခန့်သည် ဆယ်တန်းစာမေးပွဲကို အောင်မြင်လာသည်။

ကိုသန့်သည် ကိုခန့် ပညာ ဆက်လက်သင်ကြားရေးအတွက် မိမိကိုယ်ကျိုး အနစ်နာခံပြီး၊ ထိုနှစ်တွင် တက္ကသိုလ်ကျောင်းမှ ထွက်ခဲ့လေသည်။

မိမိညီဖြစ်သူ ကိုခန့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာဆက်လက် သင်ကြားသောအခါ မိမိရော၊ မိမိညီဖြစ်သူပါ နှစ်ယောက်စလုံး ပညာသင်စရိတ်မှာ မနည်းလှသည်ကိုလည်း ကိုသန့် နားလည်သည်။

တက္ကသိုလ်ကျောင်းသားနှစ်ယောက်၏ ပညာသင်စရိတ်ကို မိခင်ကြီး ဒေါ်နန်းသောင်က ထောက်ပံ့ရန် များစွာ ပင်ပန်းနေမည်ကိုလည်း ကိုသန့် ခန့်မှန်းမိသည်။ ထို့ကြောင့် ထိုခေတ်က လူအများ အလွန်တန်ဖိုးထားကြသော ဘီအေစာမေးပွဲအောင်ရန်ဆန္ဒကို တစ်ပတ် လျှော့လိုက်၏။ အိုင်အေ (ဥပစာတန်း)စာမေးပွဲအောင်သောအချိန်တွင် ကိုသန့်သည် ရန်ကုန်တက္ကသိုလ် ဆက်လက် မတက်ဘဲ ကျောင်းမှ ထွက်လိုက်ခြင်းဖြစ်သည်။

ထိုသို့ ကိုသန့်က ရန်ကုန်တက္ကသိုလ်မှ ထွက်လိုက်ရန် ဆုံးဖြတ်သည်ကို မိခင်ကြီးက သဘောသိပ်မတူ။

"သား... လူကလေး မောင်သန့်ရယ်...၊ နောက် ၂–နှစ်သာ ကျန်တော့တာပဲ၊ တက္ကသိုလ်ကို ဆက်တက်ပြီး ဘွဲ့ရတဲ့အထိ ပညာသင်လိုက်ပါဦးကွယ်၊ အမတို့ စီးပွားရေးလဲ ဒီလောက် ချို့တဲ့နေတာမှမဟုတ်ဘဲ"

ဒေါ်နန်းသောင်က သားကြီးကို ဤသို့ ယုယကြင်နာစွာ ပြောခဲ့သည်။ ကိုသန့်က မိခင်ဖြစ်သူအား မိမိ၏ရည်ရွယ်ချက်ကို ဤသို့ ရှင်းပြခဲ့သည်။

"အမ ပြောတာလဲ မှန်ပါတယ်၊ ဒါပေမဲ့... ကောလိပ်ကျောင်းသားနှစ်ယောက်ရဲ့စရိတ်ဆိုတာ နည်းတာမဟုတ်ဘူးနော်၊ အမ သိပ်ပင်ပန်းမယ်၊ ကျွန်တော် အလုပ်ထွက်လုပ်ချင်ပါပြီ၊ ညီလေး မောင်ခန့်ပြီးရင် နောက်အဆင့်ဆင့် တက်လာမဲ့ ညီတွေရဲ့တာဝန်ရှိသေးတယ်၊ ကျွန်တော် ကျောင်းထွက်ပြီး အမကိုလဲ သားလုပ်စာနဲ့ ကန်တော့ပါရစေဦး အမရယ်..."

ကိုသန့်၏ ကျိုးကြောင်းမျှတသော စကားကို မိခင်ဖြစ်သူမှာ လက်ခံ

www.burmeseclassic.com



ရတော့သည်။ သားကြီး စိတ်မကောင်းမည်ကိုလည်း စိုးရိမ်သဖြင့် မိခင်ကြီးက "အေးကွက်... သားကလဲ အမ စိတ်ချမ်းသာစေချင်လို့ ဒီလို လုပ်ရတယ်ဆိုရင် လုပ်ပေါ့၊ သား–ညီတွေရဲ့ တက်လမ်းကိုလဲ သား ကြည့်သေးတာကိုး..." ဟုသာ ပြောရတော့သည်။

ဤသို့ဖြင့် ကိုသန့်သည် ရတ်တရက် ကျောင်းမှ ထွက်ခဲ့၏။ ကိုသန့် ကျောင်းထွက်ခြင်းကို သူငယ်ချင်း အပေါင်းအသင်းများက ကောင်းစွာ မကျေနပ်ကြပေ။ လေ့ပြေးတုန်း တက်ကျိုးဆိုသလို ဖြစ်နေ၍ စိတ်မကောင်း ဖြစ်ကြသည်။ သို့သော်... ကိုသန့်မှာကား မိမိစိတ်ကူးနှင့် မိမိ ဆုံးဖြတ်ပြု ဆောင်ရသည်ဖြစ်သောကြောင့် ကျေနပ်နေသည်။ မိခင်ကြီးကို လုပ်ကျွေးသမှု ပြုရတော့မည်ဖြစ်သောကြောင့် ကိုသန့်မှာ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိပေသည်။ ကိုသန့်သည် ပန်းတနော်မြို့ အစိုးရအထောက်အပံ့ခံ အမျိုးသား အထက်တန်းကျောင်းတွင် ၁၉၂၁–ခုနှစ်မှစ၍ အထက်တန်းပြဆရာအဖြစ် ပြန်လည် အမှုထမ်းခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ကိုသန့် ထွက်လာပြီးနောက် သိက္ခမ်းရသူများ အနက် သူ့ကို အထူးခင်မင်သော ဗြိတိသျှအမျိုးသားကြီးတစ်ဦး ရှိခဲ့သည်။ သူကား ဂျေအက်စ်ဖာနီဗယ်ဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးမှာ အိန္ဒိယပြည်ညာဉ်ခံဝန်ထမ်း (အိုင်စီအက်စ်)အဖြစ်မှ အငြိမ်းစားယူလာသူဖြစ်၍ အသက် ၅၀–ကျော်ရှိပြီဖြစ်သည်။ သူသည် ရန်ကုန်တက္ကသိုလ်ကျောင်းအနီးတွင် စာအုပ်ဆိုင်ဖွင့်ထား၏။

သူ့စာအုပ်ဆိုင်အမည်မှာ မြန်မာနိုင်ငံစာအုပ်အသင်းလီမိတက် ဖြစ်လေသည်။ ဖာနီဗယ်ကား စာပေဝါသနာရှင်တစ်ဦးဖြစ်၏။ စာလည်း ရေးသည်။ သူသည် မြန်မာနိုင်ငံ အနာဂတ်အတွက် အလွန်ပင် စေတနာရှိသူတစ်ဦး ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံ၏ပညာရေးအဆင့်အတန်းမှာ အရည်အချင်းမီရန် များစွာ လိုသေးသည်ကို ဖာနီဗယ် သိသည်။ ဖာနီဗယ်သည် စာကြည့်တိုက်များ၊ စာဖတ်ခန်းများကို တတ်နိုင်သမျှ ကြိုးစား၍ တည်ထောင်လေ့ ရှိခဲ့သည်။ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းကြီးကို စတင်တည်ထောင်ခဲ့သူမှာ ဆရာကြီး ဖာနီဗယ်ဖြစ်သည်။ ဂန္ထလောကမဂ္ဂဇင်းကိုလည်း စတင် တည်ထောင်ခဲ့၏။



သူသည် မြန်မာကျောင်းသားများအား အမျိုးသားစိတ်ဓာတ် ဖွံ့ဖြိုးရှင်သန်စေရန် ပထမဦးစွာ လှုံ့ဆော်ပေးခဲ့သော နိုင်ငံခြားသားတစ်ဦးလည်း ဖြစ်ပေသည်။ ဖာနီဗယ်သည် တက္ကသိုလ်ကျောင်းထွက် ကိုသန့်ကို အလွန် ချစ်သည်။ ကိုသန့်၏အရည်အချင်းကို သူ အလွန်သဘောကျနှစ်သက်သည်။ ကိုသန့်၏အနေအထိုင် အပြောအဆိုများကိုလည်း သူက တန်ဖိုး အလွန်ထားသည်။ ထို့ကြောင့် ဆရာကြီးက ကိုသန့်ကို ပြည်သူ့ဝန်ထမ်းစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ရာထူးကြီးကြီးတစ်ခုကို ယူပါရန် တိုက်တွန်းခဲ့၏။ အစိုးရအရာရှိဖြစ်လာလျှင် အမျိုးသားအထက်တန်းကျောင်းဆရာ ရာထူးထက် များစွာ ပိုလျှံသော လစာငွေကို ရမည်ဖြစ်ပေသည်။

သို့သော်... ကိုသန့်သည် အိုင်စီအက်စ်၊ ဘီစီအက်စ် စသော ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ရာထူးများကို လက်ခံရန် လုံးဝ စိတ်မဝင်စားပေ။ ထိုရာထူးများကို လိုချင်လျှင် တက္ကသိုလ်၌ နောက်ထပ် အနည်းဆုံး ၂–နှစ် ထပ်နေရဦးမည်ဖြစ်သည်။ ထို့ပြင်လည်း အမျိုးသား အထက်တန်းကျောင်းဆရာတစ်ယောက်၏ လစာငွေမှာ မိမိအတွက် လုံလောက်မျှတသော လစာဟု ကိုသန့်က ထင်သည်။ အမျိုးသားအထက်တန်းကျောင်းဆရာဘဝတွင် အစိုးရအရာရှိထက် ပိုမို၍ လွတ်လပ်စွာ စာပေဆောင်းပါး ကဗျာ ဝတ္ထုအစုစုကို ရေးသားနိုင်မည်လည်း ဖြစ်သည်ဟု ကိုသန့်က ယူဆသည်။ သတင်းစာဆရာ စာရေးဆရာဘဝကို မျှော်မှန်းတောင့်တသော ကိုသန့်သည် အစိုးရရာထူးကို မမက်။ တက္ကသိုလ်တွင် ၂–နှစ်သာ နေပြီး ကျောင်းဆရာ ထွက်၍ လုပ်ရန်သာ သန္နိဋ္ဌာန်ချလိုက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကိုသန့်သည် ရန်ကုန်တက္ကသိုလ်နှင့် အဆက်အသွယ် မပြတ်ပေ။ ထိုအချိန်တွင် ကိုသန့်၏ညီဖြစ်သူ ကိုခန့်သည် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်နေပြီ။ ဆရာကြီး ဖာနီဗယ်နှင့် ကိုခန့်တို့သည် ကိုသန့်၏ ဆောင်ရွက်ပေးမှုဖြင့် သိက္ခမ်းနေကြပြီဖြစ်လေသည်။

ကိုသန့်သည် အမျိုးသားအထက်တန်းကျောင်းဆရာအဖြစ် အမှုထမ်းနေစဉ် သမိုင်း၊ အင်္ဂလိပ်ဘာသာ၊ ပြည်သူ့နီတိနှင့် သင်္ချာဘာသာများကို သင်ကြားပို့ချပေးသည်။ သူသည် ကျောင်းသားတွေကို ကျောင်းသင်ပညာရပ်များ

www.burmeseclassic.com

www.burmeseclassic.com



ကို သာမန်သာ သင်ကြားပို့ချပေးခြင်းမဟုတ်။

ယင်းအချိန်က မြန်မာကျောင်းသားများအတွက် အထူး လိုအပ်သော နိုင်ငံရေးဗဟုသုတနှင့် သမိုင်းဆိုင်ရာ လေ့လာဖွယ်ရာများကိုလည်း အထူး သင်ကြားပေးသည်။ ကျောင်းသားများအား မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသား ရေး ကြိုးပမ်းဆောင်ရွက်လိုစိတ်များ ပေါ်ပေါက်လာစေရန် လှုံ့ဆော်အားပေး ခြင်းလည်း ပြုခဲ့၏။ ကိုသန့်သည် ကျောင်းသားများအား သမိုင်း သင်ကြားပေး ရာတွင် ရှေးမြန်မာမင်းတို့၏ချွတ်ယွင်းချက်များ၊ အမြင်ကျဉ်းမှုများ၊ ဘုန်းတော်ဘွဲ့ ကိုသာ နားထောင်၍ တိုးတက်သော ဆောင်ရွက်မှုများမှ လွဲဖယ်နေမှုများကို ထောက်၍ပြသည်။

အတိတ်ဖြစ်စဉ်ကို ကြည့်၍ မှားယွင်းသော အယူအဆများကို တပည့် များတို့ ပယ်စွန့်စေရန် လမ်းပြပေးသည်။ တစ်ချိန်တည်းမှာပင် သူသည် မျက်မှောက်ခေတ် အုပ်ချုပ်သူအစိုးရ၏ ချွတ်ယွင်းမှုများကိုလည်း ဆွဲနုတ်၍ ပြလေသည်။ ကျောင်းသားတို့ကို အမျိုးသားစိတ်၊ အမျိုးသားရဲမာန် ထကြွ စေအောင် အမြဲသင်ပြလှုံ့ဆော်ပေး၏။ ထိုစဉ်က လန်ဒန်မြို့မှ ထုတ်ဝေသော ဗြိတိန်မဂ္ဂဇင်းတစ်စောင်မှ ဖွဲ့စည်းသည့် "လက်ဝဲစာပေကလပ်"စာပေအသင်းသို့ ကိုသန့်သည် အသင်းသားတစ်ဦးအဖြစ် ဝင်ရောက်ခဲ့၏။ သူကား မြန်မာနိုင်ငံ၏ ပထမဆုံးသော အသင်းဝင်ပေတည်း။ ကိုသန့်သည် အမျိုးသားကျောင်းဆရာ အဖြစ် အမှုထမ်းနေစဉ် စာကို ဖတ်လည်း ဖတ်၊ ရေးလည်း ရေးခဲ့သည်။ ကိုသန့် ရေးသောစာများမှာ ပုံနှိပ်ထုတ်ဝေသည့် မဂ္ဂဇင်းများသို့ ရောက်သည် လည်း ရှိသည်။ မိမိ၏နေ့စဉ်မှတ်တမ်းအဖြစ် စာတစ်စောင်ပေတစ်ဖွဲ့ ရေးမှတ် သည်များလည်း ရှိခဲ့သည်။

ကိုသန့်နှင့် ဆရာကြီး ဖာနီဗယ်တို့သည် မကြာခဏပင် တွေ့ကြ၏။ ကိုသန့် ရန်ကုန်သို့ လာသည့်အခါလည်း တွေ့ကြ၊ ဖာနီဗယ်က မအူပင်သို့ သွားသည့်အခါလည်း တွေ့ကြ၏။ တစ်ခါတွင် ဆရာကြီး ဖာနီဗယ်သည် မအူပင် စာကြည့်ပိဋကတ်တိုက်ဖွင့်ပွဲသို့ အရေးပိုင် (C.H.Davis)က ဖိတ် ကြား၍ ရောက်လာခဲ့သည်။ ထိုအခါတွင် ဆရာကြီးက တွေ့ဆုံ သိကျွမ်းရသော ကျောင်းဆရာများအား မိမိတပည့်မိတ်ဆွေ ကိုသန့်၏ အရည်အချင်းထူးတစ်



ရပ်ဖြစ်သော ဘာသာပြန် ကျွမ်းကျင်မှုကို ချီးကျူးလေ့ရှိသည်။ ဆရာကြီးသည် ကိုသန့်၏ဘာသာပြန်စာပေများ ဂန္ထလောကမဂ္ဂဇင်းတွင် ဆုများ ရနေသည် ကို အလွန်ဝမ်းသာနေလေသည်။

အမျိုးသားအထက်တန်းကျောင်းတွင် ကိုသန့် အမှုထမ်းနေစဉ် ကျောင်း အုပ်ဆရာကြီးရာထူး လစ်လပ်သောအခါ၌ ကိုသန့်သည် ဦးနုထံသို့ လှမ်း ပြီး စာရေးအကြောင်းကြားခဲ့သည်။ ဤသို့ဖြင့် ဦးနုသည် ပန်းတနော်သို့ ကျောင်းအုပ်ဆရာကြီး (အုပ်ချုပ်ရေး)အဖြစ် ရောက်ရှိလာသည်။ ကိုသန့်နှင့် ဦးနုတို့သည် ညနေတိုင်း စာပေ ဆွေးနွေးခြင်း၊ လမ်းလျှောက်ခြင်းဖြင့် အလွန်ပင် ပျော်ရွှင်ကျေနပ်လျက်ရှိခဲ့ကြသည်။

မိမိ ပညာရင်နို့ သောက်စို့ခဲ့ရသော အမျိုးသား အထက်တန်းကျောင်း တွင်ပင် ပြန်၍ ကျောင်းဆရာ လုပ်ရသဖြင့်လည်း ကိုသန့်မှာ အထူးကျေနပ် ဝမ်းသာဖြစ်ရပြန်လေသည်။ ကျေးဇူးရှင် အမျိုးသားကျောင်းတော်ကြီးကို မိမိ တတ်ကျွမ်းသမျှ ပညာဖြင့် ကျေးဇူးဆပ်သည့်နှယ် ကျောင်း၏ အမှုတော် ထမ်းရွက်ခွင့်ရသဖြင့်လည်း ဖြစ်ပါချေသည်။ ဤသို့ဖြင့် ကိုသန့်သည် အမျိုး သား အထက်တန်းကျောင်း အထက်တန်းပြဆရာ ဦးသန့် ဖြစ်ခဲ့ပေပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၅။ အမျိုးသားကျောင်းအုပ်ကြီး ဦးသန့်

ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းရသော ဦးသန့်၏ဘဝမှာ များစွာ ပျော်ရွှင်ကျေနပ်ခဲ့သည်။ ဦးသန့်သည် မူလကပင် စာပေဝါသနာပါသူဖြစ်ခြင်းကြောင့် တပည့်များအား စာပေပို့ချသင်ကြားပေးခြင်းကို များစွာ ပျော်ရွှင်မိသည်။ ကျောင်းဆရာအလုပ်မှာ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသကဲ့သို့ အတ္တဟိတ–ပရဟိတ နှစ်မျိုးနှစ်ဝ အကျိုးပေးသောအလုပ်လည်း ဖြစ်သည်ဟု ယူဆသည်။ ထိုအချိန်က အင်္ဂလိပ်လက်အောက်ခံ မြန်မာနိုင်ငံ၏ နောင်တစ်ခေတ် သားကောင်းကြယ်ပွင့် ကလေးများကို အရောင်လက်စေရန် ပွတ်တိုက်အမွှန်းတင်ရသော ကျောင်းဆရာဘဝတွင် စေတနာအပြည့်နှင့် ဦးသန့် မွေ့လျော်ခဲ့သည့်အချိန်အခါလည်း ဖြစ်သည်။

ဦးသန့် ကျောင်းဆရာအဖြစ် အမှုထမ်းနေချိန်သည် မြန်မာနိုင်ငံတွင် 'ခေတ်စမ်းစာပေ'ဆိုသော အမည်ဖြင့် လူငယ်ပညာတတ် စာရေးဆရာတစ်စုက စာပေအရေးအသား နည်းသစ်ထွင်နေကြသော အချိန်လည်း ဖြစ်သည်။ ခေတ်စမ်းစာပေကို ခေါင်းဆောင် တီထွင်၍ မြေစမ်းခရမ်းပျိုးကြသူများတွင် ဆရာကြီး ဖာနီဗယ်၏ဂန္ထလောကမဂ္ဂဇင်းအသိုင်းအဝိုင်းမှ စာရေးဆရာ လူငယ်တစ်စုလည်း ထိပ်ဆုံးမှ ပါရှိခဲ့လေသည်။ ထို့ပြင် အခြားစာနယ်ဇင်းပေါင်းများစွာလည်း ပေါ်ထွက်လာလိုက် ပျောက်ကွယ်သွားလိုက်နှင့် မြန်မာစာပေလောကတွင် စာနယ်ဇင်းများ အလှုပ်ရှားဆုံးအချိန်လည်း ဖြစ်သည်။ ထို့ကြောင့် ဦးသန့်သည် စာပေဆောင်းပါးများ စတင်ရေးသား၍ ဂန္ထလောကအပါအဝင် မဂ္ဂဇင်းများ၊ ဂျာနယ်များသို့ ပို့သည်။ စာပေဝါသနာအရ အနှစ်နှစ်အလလ လေ့လာခဲ့သူတစ်ဦးဖြစ်သည့်အားလျော်စွာ ဦးသန့်၏စာပေလက်ရာများမှာ



စာနယ်ဇင်းတို့တွင် အပယ်ခံရသည်ဟူ၍ မရှိလှပေ။ ရွေးချယ်ဖော်ပြခြင်း ခံရသည်က များသည်။

ထိုအချိန်သည် မိမိ၏ကလောင်နာမည် 'သီလဝ'နှင့် မိမိ ရေးသားသော စာပေကို ပုံနှိပ်စာလုံးအဖြစ် တွေ့ရသော ဦးသန့်အဖို့ စာရေးဆရာ သန္ဓေမျိုးစေ့ စတင်တည်ပျိုးခဲ့သောအချိန်ဟုလည်း ဆိုနိုင်ပေသည်။ ဦးသန့်သည် ၁၉၂၉–ခုနှစ်မှ ၁၉၃၀–ခု နှစ်ကုန်အထိ အထက်တန်းပြဆရာအဖြစ် ၂–နှစ် လုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ အစိုးရပညာရေးဌာနမှ ကျင်းပပြုလုပ်သော အထက်တန်းဆရာဖြစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့သည်။ ထိုစာမေးပွဲတွင် ကျောင်းဆရာလောက၌ ဦးသန့် တွေ့ခဲ့ရသော အတွေ့အကြုံဗဟုသုတနှင့် စာတွေ့ ကျက်မှတ်ထားသော ပညာဗဟုသုတနှစ်မျိုး၏ အကျိုးကျေးဇူးမှာ သိသာထင်ရှားလာခဲ့သည်။ ဦးသန့်သည် မြန်မာတစ်ပြည်လုံး၌ ပထမရပေသည်။ ကျောင်းဆရာအဖြစ် အမှုထမ်းနေစဉ်က ဦးသန့်ကို တပည့်ကျောင်းသူကျောင်းသားများက အထူးချစ်ခင်လေးစားကြပေသည်။

အမျိုးသားအထက်တန်းကျောင်းတွင် ဆရာသန့်ဆိုလျှင် ကျောင်းသားတိုင်းက ချစ်ခင်သည်။ စာပေသင်ကြားပြသမှုတွင် စေတနာ အလေးထားသူဖြစ်သည့်အပြင် ပြုံးရွှင်ဖော်ရွေစွာ ရှိတတ်သောသူ၏အမူအကျင့်သည် လူတိုင်း ချစ်ခင်လေးစားစေသည့် အဓိကအချက်ပင် ဖြစ်ပါပေသည်။ ထိုအချိန်တွင် ဦးသန့်သည် ရန်ကုန်မြို့ အမျိုးသားပညာရေးကောင်စီ (Council of National Education) အဖွဲ့ကြီး၏ အမှုဆောင်ကော်မီတီတွင် ပါဝင်၍ အမျိုးသားပညာရေး ကြီးပွားတိုးတက်ရေးကောင်စီ (CNE)မှ ထုတ်ဝေသော (National Educationist) အမည်ရှိ အမျိုးသားပညာရေးမဂ္ဂဇင်းတွင်လည်း အခါအခွင့်သင့်တိုင်း ဆောင်းပါးများ ပါဝင်ရေးသားခဲ့သည်။

ထိုမဂ္ဂဇင်းကို ယင်းခေတ်က အမျိုးသားပညာရေး ခေါင်းဆောင်ကြီးများဖြစ်ကြသော အမျိုးသားပညာဝန် ဦးဖိုးကျား၊ ဦးစိုးဝင်း၊ နေရှင်နယ်ဦးမြင့် စသည့် ပုဂ္ဂိုလ်ကြီးများ ဦးစီးထုတ်ဝေနေခြင်းဖြစ်ပေသည်။

သူရိယနှင့် မြန်မာ့အလင်းမဂ္ဂဇင်းများထဲတွင်လည်း ဦးသန့်သည် စာပေဆောင်းပါးများ ရေးသားခဲ့သည်။ ဂန္ထလောကမဂ္ဂဇင်းတွင်ကား ဦးသန့်သည်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာများဖြင့် စာပေဆောင်းပါးကဗျာများကို ၁၉၃၀ ခုနှစ်မှစ၍ အဆက်မပြတ် ရေးခဲ့သည်။ ဦးသန့်၏ချစ်မိတ်ဆွေ ဦးနုသည် ပန်းတနော်မြို့တွင် ကျောင်းဆရာလုပ်ရင်း ဖူးစာရှင်ကို တွေ့လေသည်။ ဦးနုနှင့် ချစ်ကြိုက်နေသူမှာ ပန်းတနော်အမျိုးသားအထက်တန်းကျောင်း အုပ်ချုပ်ရေးကော်မိတီဥက္ကဋ္ဌ ဆန်စက်ပိုင်ရှင် ဦးအောင်ငြိမ်း၏သမီးဖြစ်သူ ဒေါ်မြရီ ဖြစ်လေသည်။ ဦးနုနှင့် ဒေါ်မြရီတို့ ချစ်ကြိုက်နေကြသော်လည်း နီးဖို့ရာမမြင်ပေ။ ဦးနုမှာ ထိုစဉ်က ငွေကြေးချမ်းသာသူတစ်ယောက် မဟုတ်ပေရာ ဒေါ်မြရီ၏ မိဘများမှာ ဦးနုနှင့် သမီးဖြစ်သူတို့ကို မည်သို့မှ သဘောမတူနိုင် ဖြစ်လေသည်။

တစ်နေ့တွင် ဒေါ်မြရီသည် မိဘများအိမ်မှ ထွက်ပြေးလေသည်။ ဒေါ်မြရီက ဦးနုနေသောအိမ်သို့ ထွက်ပြေး၏။ သို့သော်... ဦးနုမှာ ဝါးခယ်မမြို့ရှိ မိဘများဆီသို့ ပြန်နေခိုက်ဖြစ်၍ လွဲနေ၏။ ထိုအချိန်တွင် ဒေါ်မြရီ၏ မိဘများမှာ ရဲဌာနသို့ သွား၍ သမီးဖြစ်သူသည် လက်ဝတ်လက်စားများ ခိုးယူထွက်ပြေးသွားကြောင်းဖြင့် တိုင်ကြားအမှုဖွင့်လေသည်။ ဒေါ်မြရီသည် ပန်းတနော်မြို့နှင့် ငါးမိုင်ကွာ တော်တရွာ ဆန်စက်ပိုင်ရှင် ဦးဘိုးရင်၏ တိုက်၌ ပုန်းအောင်း၍ နေပြီး ဦးနု၏လူများက ဦးနုကို အမြန် လိုက်၍ ခေါ်ကြသည်။ ဦးနုသည် မော်တော်ဘုတ်ဖြင့် ပြန်လာ၍ ဒေါ်မြရီနှင့် တွေ့ပြီးလျှင် ချစ်သူနှစ်ဦး ရန်ကုန်သို့ ပြေးကြလေသည်။

ဦးနုနှင့် ဒေါ်မြရီတို့ကို သမီးရှင်မိဘများက နောင်အခါတွင် သဘောတူ လက်ထပ်ပေးသော်လည်း ဦးနုသည် ပန်းတနော်သို့ မပြန်တော့ပေ။ ဦးနု၏ ကျောင်းအုပ်ကြီးရာထူးကို ဦးသန့်က လွှဲယူရသည်။ ယခုအခါတွင် ဦးသန့်က ကျောင်းအုပ် **(Superintendent)** ရာထူးနှင့် ကျောင်းဆရာကြီးရာထူး **(Head Master)** ရာထူးများကိုပါ ပူးတွဲ၍ဆောင်ရွက်ရလေသည်။ ဦးသန့်ကို ရန်ကုန်ရောက် ဦးနုက ဖိတ်ခေါ်ပြီးလျှင် ထိုစဉ်က အမျိုးသားလှုပ်ရှားမှုများ တွင် ပါဝင်ဆောင်ရွက်နေသော ကိုအောင်ဆန်းနှင့် မိတ်ဆက်ပေးသည်။ ဦးနုသည် ယခုအခါတွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက် တက်ရောက်ပြီး ဥပဒေပညာများ သင်ယူနေသောအချိန်ဖြစ်၏။



ဦးသန့်သည် ရန်ကုန်သို့ မကြာခဏဆိုသလို သွားနေရသည်။ မြန်မာနိုင်ငံ ကျောင်းသုံးစာအုပ်ကော်မီတီ၊ အမျိုးသားပညာရေးကော်မီတီ၊ ကျောင်းအုပ်ဆရာကြီးများ အသင်း၏ အစည်းအဝေးပွဲများသို့ တက်ရောက်ရန် ဖြစ်၏။ ဦးသန့်သည် ထိုအချိန်က မည်သည့်နိုင်ငံရေးပါတီနှင့်မျှ ဆက်သွယ်ခြင်းမရှိပေ။ သူသည် နိုင်ငံ၏အရေးအခင်းများကို ဆောင်ရွက်ရန် ဝါသနာကြီးသူဖြစ်သော်လည်း နိုင်ငံရေး အယောင်ဆောင်၍ လက်သီးလက်မောင်း တန်းပြီး လုပ်ချင်ရာလုပ်နေသူများကို သူ မနှစ်မြို့။ နိုင်ငံရေးသမား ဆိုသူများကလည်း အတော်ပင် ခက်သော လူတန်းစားတစ်ရပ် ဖြစ်သည်။ နာမည်ကျော်ကြား လူသိများရန်ကိုလည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး စည်းလုံးရမည့် အချိန်တွင် ပုတ်ခတ်ကွဲပြားနေရန်ကိုလည်းကောင်း ကြိုးစားသူများဖြစ်သည်ကို ရာနှုန်း တော်တော်များများ တွေ့ရတတ်သည်။

ဦးသန့်၏ကြိုးစားမှုနှင့် ထူးချွန်မှု စေတနာထားမှုတို့သည် အသက်ငယ်ငယ်နှင့် ရာထူးကြီးကြီးကို လက်ခံဆောင်ရွက်ရသည်ထိ အကျိုးပေးခဲ့၏။ ၁၉၃၁ ခုနှစ် ပန်းတနော်အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးအဖြစ် ဦးသန့် ရာထူး တိုးမြှင့်ဆောင်ရွက်ရသောအခါတွင် သူ့အသက်မှာ ၂၂-နှစ်သာ ရှိသေးသည်။ ဦးသန့်သည် အသက် ၂၆-နှစ်အရွယ် ၁၉၃၅-ခုနှစ်တွင် ပန်းတနော် မြို့နေ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ကျေး၏သမီး မသိန်းတင်နှင့် လက်ထပ်ခဲ့သည်။

မသိန်းတင်မှာ စစ်ကိုင်းခရိုင် တံတားဦးမြို့ အထက်တန်း ရှေ့နေ ဦးသင်း ဒေါ်ကျေးတို့၏သမီးဖြစ်သည်။ မသိန်းတင်ကို တံတားဦးမြို့တွင် မွေးဖွားသည်။ ဒေါ်ကျေးမှာ ပန်းတနော်မြို့ဇာတိ ဖြစ်သော်လည်း ရောင်နောက်ဆံထုံးပါဆိုသကဲ့သို့ ရှေ့နေဦးသင်းနှင့် အိမ်ထောင်ကျပြီး တံတားဦးမြို့သို့ လိုက်နေထိုင်ရစဉ် မသိန်းတင်ကို မွေးဖွားခဲ့သည်။

မသိန်းတင်၏ဘခင် ဦးသင်းမှာ တံတားဦးမြို့၌ ၄၆-ပါးရောဂါနှင့် ကွယ်လွန်အနိစ္စရောက်သောအခါတွင် ဒေါ်ကျေးသည် တံတားဦးမြို့ကို စွန့်ခွာ၍ တစ်ဦးတည်းသော သမီးငယ်နှင့်အတူ ပန်းတနော်မြို့သို့ ပြန်လာခဲ့ပြီး သမီးမသိန်းတင်နှင့်အတူ ဆေးပြင်းလိပ်ခုံထောင်၍ စီးပွားရေးလုပ်ငန်း၊

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ခဲ့သည်။ ဒေါ်ကျေး၏ ဆေးလိပ်ခုံလုပ်ငန်းမှာ အောင်မြင်မှုရသဖြင့် သားအမိနှစ်ယောက် မပူမပင်စားသောက်နေထိုင်ကြသည့်ပြင် မူလကလည်း ငွေကြေးချမ်းသာသူများ ဖြစ်ခြင်းကြောင့် ဒေါ်ကျေးတို့သားအမိမှာ ပန်းတနော်မြို့ပေါ်တွင် မသိသူရှားခဲ့သော သူများလည်းဖြစ်ခဲ့သည်။ ဒေါ်ကျေးသည် ဘတဆိုးသမီးငယ်ကို သမီးတစ်ယောက်ဆို ဆိုသလောက်ပင် ချစ်မြတ်နိုးသည့်အားလျော်စွာပင် ပိပိရိရိ လိမ္မာရေးခြားရှိအောင် ပဲ့ပြင်သွန်သင်ခဲ့သည်။ မသိန်းတင်ကလည်း မိခင်၏ဆေးလိပ်ခုံကို ဦးစီး၍ လုပ်ဆောင်ရင်းဖြင့် ဗိုင်းကောင်းကျောက်ဖိဆိုသကဲ့သို့ လိမ္မာရေးခြားရှိစွာ နေထိုင်ခဲ့သည်။

ဤသို့ဖြင့် မသိန်းတင်၏ အချောအလှသဘာဝနှင့် လိမ္မာရေးခြားရှိခြင်းကြောင့် ပန်းတနော်မြို့ပေါ်ရှိ လူပျိုကာလသားတို့လောကတွင် မသိန်းတင်၏ ဂုဏ်သတင်းမှာ ပျံ့သင်းမွှေးကြွယ်လျက်ရှိခဲ့သည်။ ဦးသန့်နှင့် မသိန်းတင်တို့ လက်ထပ်ကြရာတွင် ဦးသန့်သည် မိမိ၏ ဇနီးလောင်းကို မိခင်ကြီး သဘောတူရအောင် အတော်အတန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပေသည်။

ဦးသန့်အနေဖြင့် မသိန်းတင်ကို ချစ်ခင်နှစ်သက်သော်လည်း အခြားကာလသားများလို ဣန္ဒြေမဲ့ ပိုးပန်းခြင်းကား လုံးဝမရှိခဲ့။ မြို့၏ အလှသရဖူကို မြတ်နိုးကြည်ဖြူခြင်းရှိသည်မှာ မငြင်းသာပါ။ သို့သော် ခက်နေသည်မှာ ဦးသန့်အနေဖြင့် မိန်းမသူငယ်ချင်းများနှင့်ပင် ရဲရဲတင်းတင်း ဆက်ဆံနေထိုင်ခဲ့ခြင်းမရှိ၍ ဖြစ်ပေသည်။ ဦးသန့်သည် အထက်တန်းကျောင်းတွင် နေစဉ်ကလည်း ကျောင်းသူများနှင့် ရောထွေးယှက်တင်မနေတတ်ပေ။ အတန်းထဲတွင် စာတော်သူဖြစ်သောကြောင့် ကျောင်းသူအများက ဦးသန့်နှင့် ဖော်ရွေစွာ ပေါင်းသင်းလိုကြသော်လည်း ဘုန်းကြီးလူထွက်ကြီးလို နေတတ်ထိုင်တတ်သော လူတည်ကြီး ဦးသန့်နှင့် ထိုမိန်းကလေးများမှာ မည်သို့မျှပေါင်း၍မရခဲ့။

တက္ကသိုလ်သို့ ရောက်သောအခါတွင်လည်း အင်းလျားသူ တက္ကသိုလ်ပျိုဖြူတို့နှင့် ဦးသန့်သည် ဖက်စပ်၍မရ ဖြစ်နေပြန်သည်။ ဦးသန့် သည် တက္ကသိုလ်သို့ လာခြင်းမှာ ပညာရေးရည်ရွယ်ချက်ကလွဲ၍ တခြားဘာမှမရှိဟူသော မူကို စွဲမြဲစွာလုပ်ကိုင်ထားခြင်းဖြင့် တက္ကသိုလ်ပျိုဖြူများနှင့်



ပေါင်းသင်းရန် စိတ်မကူးခဲ့ပေ။ ယခုတဖန် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရပြန်သောအခါ အသက်မှာ ၂၆-နှစ်သာ ရှိသေးသော်လည်း မြို့မျက်နှာဖုံး လူကြီးစာရင်းတွင် ထိပ်တန်းက ပါနေသူ ဖြစ်သည်။ သို့ဖြစ်ပေရာ လူပျိုတို့၏ဘာဝ မိန်းမပျိုများနှင့် ပိုးပန်းလည်ပတ်ရန် မဖြစ်တော့သည့်အခြေသို့ ရောက်လာသည်။

လူပျိုလူသန့် ရာထူးကြီးရှင်ဖြစ်သောကြောင့်လည်း ဦးသန့်သည် သမီးပျိုမိဘရှင်များ၏ မျက်စေ့ကျခြင်းကို ခံရသည်။ ဦးသန့်၏ မိခင်ကြီးဒေါ်နန်းသောင်ထံသို့ လူကိုယ်တိုင်တစ်မျိုး၊ ကြားလူလွှတ်၍တစ်သွယ်၊ သမီးရှင်များက စေ့စပ်စကား ကမ်းလှမ်းခဲ့ကြလေသည်။ ဦးသန့်သည် မည်သူ့ကိုမှ စိတ်မဝင်စား၊ သိက္ခာပြည့်စုံသော မသိန်းတင်၏ အမူအရာကိုသာ နှစ်သက်သည်။ မသိန်းတင်ကိုသာ မြတ်နိုးသည်။ မသိန်းတင်နှင့်သာ လက်ထပ်ချင်သည်။ သို့သော် မသိန်းတင်မှာ ဦးသန့်ထက် အသက်အနည်းငယ် ကြီးနေသည်။ ဤကိစ္စအတွက်ပင် ဦးသန့်၏ မိခင်ကြီးက သိပ်ပြီး သဘောမကျနိုင် ဖြစ်နေသည်။

ဦးသန့်၏ မိခင်ကြီးသည် မသိန်းတင်၏ အရည်အချင်းများကိုကား နှစ်သက်ပြီး ဖြစ်နေပေသည်။ ထို့ပြင် မသိန်းတင်ကို ငြင်းရန် မလွယ်သောကိစ္စတစ်ရပ်လည်း ရှိသေးသည်။ ယင်းမှာ ဦးသန့်၏ဘကြီးဖြစ်သူ ဦးဘိုးသစ်သည် မသိန်းတင်၏ အဒေါ်ဖြစ်သူနှင့် အကြောင်းပါခဲ့၍ ဖြစ်သည်။ ဤသို့ဆိုလျှင် ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်း ဖြစ်နေပေသည်။ မသိန်းတင်မှာ ပါဠိစာပေကို သင်ကြားတတ်မြောက်၍ ဘာသာရေးကို အလွန်ကိုင်းရှိုင်းသော မိန်းမပျိုကလေးတစ်ဦးလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုသည်။ ဘုရားဝတ်၊ တရားဝတ်၊ သံဃာဝတ်ကို အစဉ်မပြတ် စေရန် ဂရုစိုက်သူကလေးဖြစ်သည်။

အရပ်ထဲတွင် ပြောနေသည့် စကားများအရဆိုလျှင် မသိန်းတင်မှာ ဦးသန့်နှင့်သာ မတွေ့ခဲ့လျှင် မယ်သီလလုပ်ရန်ပင် အစီအစဉ်ရှိပြီးသားဟု ဆိုကြလေသည်။ ဦးသန့်သည် မိခင်ကြီးအား မသိန်းတင်နှင့် လက်ထပ်ပေးရန် အနူးအညွတ် ဖျောင်းဖျပြောဆိုခဲ့၏။ ခက်သည်မှာ ဦးသန့်၏ညီဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်၏ အိမ်ထောင်ရေးပြဿနာ ဖြစ်ပေါ်စဉ်ကလည်း ဦးသန့်သည် ညီဖြစ်သူအား မိမိ၏ ချစ်သူကို မယူရန် မိခင်ဘက်မှ ဝင်၍ ကန့်ကွက်ပေးခဲ့သူ ဖြစ်သည်။ ဦးခန့်သည်လည်း မိမိထက် အသက်အနည်းငယ်ကြီးသော ဒေါ်စောရင်နှင့် ချစ်ကြိုက်နေသည်။ ဦးသန့်သည် ညီဖြစ်သူအားကိုယ့်ထက် အသက်ကြီးသော မိန်းမကို မယူသင့်ကြောင်း ဆုံးမစကားပြောကြားခဲ့သည်။

သို့သော် ဦးခန့်သည် မိမိချစ်သူ ဒေါ်စောရင်ကို ခိုးယူထွက်ပြေးခဲ့လေသည်။ ဤသို့ဖြင့် ညီဖြစ်သူ၏ အိမ်ထောင်ရေး ပြဿနာကို လူပျိုကြီး ဦးသန့်က ဝင်၍ရှင်းပေးစဉ်က သူ့ဆောင်ရွက်မှုမှာ မအောင်မြင်ခဲ့။ ညီဖြစ်သူအား အသက်ကြီးသူကို မယူစေချင်သော ဦးသန့်သည် နောက်ဆုံးတော့ အလျှော့ပေးခဲ့ရသည်။ သို့သော် ဦးသန့်၏ ချစ်သူမှာလည်း မိမိထက် အသက်ကြီးသူတစ်ယောက် ဖြစ်နေပါတော့သည်။ စင်စစ်ဆိုသော် ဦးသန့်သည် ဦးခန့်၏ အိမ်ထောင်ရေးပြဿနာဖြစ်စဉ်က မိခင်ကြီး စိတ်ချမ်းသာစေရန် အတွက်သာ ဦးခန့်ကို တားဆီးခဲ့ခြင်း ဖြစ်သည်။ ကိုယ်ရေးကြုံလာသောအခါတွင်ကား ဦးသန့်သည်လည်း အသည်းနှလုံးက အမြစ်တွယ်၍လာသော အချစ်ကိုသာ ဦးစားပေးခဲ့မိပေသည်။

ဦးသန့်၏ မိခင်ဒေါ်နန်းသောင်သည် ဦးသန့်၏ ချစ်သူကို များစွာ ကန့်ကွက်တားဆီး မလုပ်ခဲ့ပါချေ။ ထောက်ထားစရာတွေကလည်း အမြောက်အမြားရှိနေသည်။ သားကြီးဖြစ်သူကလည်း မသိန်းတင်ကို အလွန် မြတ်နိုးချစ်ခင်နေပြီ။ မသိန်းတင်ကလည်း လိမ္မာရေးခြားရှိသည်။ သားဖြစ်သူ စိတ်ဆင်းရဲစေရန် မပြုမူလိုသော အကြောင်းကြောင်းကြောင့်ပင် သားနှင့် မသိန်းတင်ကို လက်ထပ်ရန် သဘောတူခဲ့၏။ ဦးသန့်နှင့် ဒေါ်သိန်းတင်တို့ကို စေ့စပ်ထားလိုက်သည်။ သို့သော် လက်ထပ်ပွဲကို ချက်ချင်းမလုပ်ပေ။ ဦးသန့်သည် ညီဖြစ်သူ ဦးသောင်း ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရစာမေးပွဲ အောင်သည်အထိ စောင့်ရမည်ဖြစ်ပြီးလျှင် လက်ထက်ပွဲကိုလည်း ဝါကျွတ်မှ ကျင်းပရမည် ဖြစ်ပေသည်။ သောကြာနေ့မွေးသော ဦးသန့်နှင့် စနေနေ့မွေးသော ဒေါ်သိန်းတင်တို့နှစ်ဦးအတွက် နေ့ကောင်းရက်သာများကို ရွေးကြသည်။ ၁၉၃၄-ခုနှစ် နိုဝင်ဘာလထဲတွင် လက်ထပ်ပွဲကို ကျင်းပပြုလုပ်ရန် စီစဉ်ထားကြသည်။



ဦးသန့်သည် လက်ထပ်ရက်ကို စိတ်ရှည်လက်ရှည် စောင့်ခဲ့သည်။ ဒေါ်သိန်းတင်ကလည်း ဦးသန့်မိဘဘက်မှ စီစဉ်သမျှကို နားထောင်လိုက်နာသည်။ ဤသို့ဖြင့် ၁၉၃၄-ခု နိုဝင်ဘာလထဲတွင် ဦးသန့်၏ လက်ထပ်ပွဲကို ဒေါ်သိန်းတင်၏မိခင် ဒေါ်ကျေး၏အိမ်တွင် စည်ကားစွာ ကျင်းပခဲ့ရသည်။ နှစ်ဘက်မိတ်ဆွေ အပေါင်းအသင်းများမှာ မင်္ဂလာပွဲသို့ စည်ကားစွာ လာရောက်ကြလေသည်။

ဒေါ်သိန်းတင်ကား ဦးသန့်လို စိတ်သဘောထားပြည့်ဝသူ တစ်ဦးကို ခင်ပွန်းတော်ရသဖြင့် များစွာဝမ်းသာမိ၏။ ဦးသန့်၏ အရည်အချင်းကို ဒေါ်သိန်းတင်၏ သူငယ်ချင်း မိန်းကလေးများက ကောင်းစွာ သိသဖြင့် ဒေါ်သိန်းတင်ကို "ညီး- လင်ကောင်းသားကောင်းရတာပါ မသိန်းတင်ရယ်၊ ထီပေါက်ထာပါပဲ" ဟု ဝမ်းသာအားရ ပြောခဲ့ကြပေသည်။ မှန်သည်။ ထိုအချိန်က မြို့မျက်နှာဖုံး လူကြီးလူကောင်းတစ်ဦးလည်း ဖြစ်သော၊ ခေတ်ပညာတတ်လည်း ဖြစ်သော၊ အလွန်ပင် စိတ်သဘောထား ပြည့်ဝသူလည်း ဖြစ်သော ဦးသန့်ကို လက်ဆက်ရသော မိန်းကလေးများအဖို့ များစွာ ကံကောင်းသည်ဟု ဆိုရချေမည်။

ဦးသန့်၏ ဘဝခရီးမှာ ထိုအချိန်မှစ၍ ပျော်မွေ့ချောမောစွာဖြင့် ခရီးဆက်ခဲ့ရပြန်သည်။ ဦးသန့်မှာ မိမိအတွက် ဘဝခရီးကို အတူလက်တွဲ၍ သွားရတော့မည့် ဇနီးချော၊ ဇနီးအလိမ္မာကို ရခဲ့သဖြင့်လည်း အကျေနပ်ကြီး ကျေနပ်ခဲ့သည်။ မိခင်အိုကြီးကို လုပ်ကျွေးသမှုပြု၍ ကျေးဇူးဆပ်ခွင့်ရသော ကြောင့်လည်း ဝမ်းသာပျော်ရွှင်ခဲ့ရသည်။ ထို့ပြင် မိမိဝါသနာပါသော ကျောင်းဆရာအလုပ်ဖြင့် အနာဂတ် မြန်မာနိုင်ငံ၏ သားသမီးကောင်းကလေးများကို ပြုစုပျိုးထောင်ပေးရလျက် ရှိသဖြင့်လည်း စိတ်တွင် ကြည်နူးမှု အထူးဖြစ်ခဲ့ရသည်။

ထိုမျှသာမဟုတ်သေး၊ ဦးသန့်သည် တဘက်မှာ စာရေးဆရာ ဦးသန့် အဖြစ်ဖြင့် တိုင်းပြည်၏ တာဝန်ကို ထမ်းခဲ့ပြန်သည်။ ၁၉၃၀-ခုနှစ်ဆီမှစ၍ မြန်မာနိုင်ငံ စာနယ်ဇင်းများ၌ စာရေးဆရာဦးသန့်၏ စာပေဆောင်းပါး၊ ကဗျာများ ဝေဝေဆာဆာပင် ပါရှိလာခဲ့သည်။ ဦးသန့်သည် ကျောင်းလုပ်ငန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းချိန်တွင် ဆောင်ရွက်၍ ကျန်အချိန်များတွင် စာပေရေးသားခြင်းဖြင့် အချိန်ကုန်စေသည်။ နံနက်တိုင်းပင် ရွှေမြင်တင်ဘုရားဆီသို့ အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးအတွက် အလေ့အကျင့်တစ်ခု ပြုခဲ့သည်ကို လည်း ဝတ်မပျက်။ ဦးသန့်သည် ဘိလိယက်ထိုးလည်း ဝါသနာပါခဲ့သည်။ သူငယ်ချင်း အရာရှိများနှင့် စာတိုက်လမ်းရှိ အစိုးရကလပ်တွင် သွားရောက်၍ ညနေတိုင်း ဘိလိယက်ထိုးတတ်သည်။ ကမ်းနားလမ်း ကလပ်တွင်လည်း ရံခါပင် သွားရောက်၍ ဘိလိယက်ထိုးတတ်သည့်အခါလည်း ရှိ၏။

ဦးသန့်သည် လက်ထပ်ပြီးသောအခါတွင် ယောက္ခမဖြစ်သူ ဒေါ်ကျေး၏ စဉ့်အိုးတန်းရပ်နေအိမ်သို့ လိုက်ပါ ပြောင်းရွှေ့၍ နေထိုင်ခဲ့သည်။ ဦးသန့်၊ ဒေါ်သိန်းတင်တို့တွင် သားဦးကလေး မောင်ဘိုကို ဖွားမြင်ခဲ့သည်။ သားဦးမို့ ဦးသန့်နှင့် ဒေါ်သိန်းတင်တို့က ရှူးမတတ် ချစ်သည်။ အဖွားဖြစ်သူ ဒေါ်နန်းသောင်နှင့် ဒေါ်ကျေးတို့ကလည်း မြေးဦးမို့ အသည်းစွဲ ချစ်ကြရပေ သည်။ မောင်ဘိုကလေးမှာလည်း ချစ်စရာ အလွန်ကောင်းပါသည်။ ဖြူဖြူ လုလုဝဝကလေးဖြစ်သည်။ တစ်နှစ်အရွယ် အချိန်ကပင် မပီကလာ စကား ကလေးများ ပြောတတ်လာခဲ့ပေသည်။ သို့သော် မောင်ဘိုမှာ မွေးလာပြီး မကြာမီပင် မကျန်းမမာ ဖြစ်လာလေ၏။

မောင်ဘို အခါလည်သားဘဝတွင် အဖျားဝင်လာသည်။ ကလေးမှာ အဖျားမကျ၍ မြန်မာဆေးဆရာတစ်ဦးကိုပင့်၍ ကုသသည်။ သို့သော် အဖျားမှာ မသက်သာ။ တဖန် ဆရာဝန်တစ်ဦးကိုပင့်၍ ကုသပြန်သည်။ မောင်ဘို၏ အဖျားရောဂါမှာ မသက်သာခဲ့ပေ။ ဆွေမျိုးမိတ်သင်္ဂဟ တွေက မောင်ဘိုအား နာမည်ပေးကင်ပွန်းတပ် ပြုလုပ်လိုက်လျှင် ကျန်းမာ လာလိမ့်မည်ဟု ပြောကြ၏။ ထို့ကြောင့် ဦးသန့်တို့မိသားစုသည် မောင်ဘို အတွက် နာမည်ပေးကင်ပွန်းတပ် မင်္ဂလာအခမ်းအနား ကျင်းပကြသည်။ မိတ်သင်္ဂဟဆွေမျိုး စုစုပေါင်း ၄၀၀ ခန့် ဖိတ်ကြားဧည့်ခံရလေသည်။

မောင်ဘိုမှာ နာမည်ပေးမင်္ဂလာပြုပြီးသည်မှစ၍ ကျန်းမာလာ၏။ သို့သော် ထိုနှစ်အတွင်းတွင်ပင် တစ်ကြိမ်ပြန်၍ ဖျားပြန်၏။ ယခုတစ်ကြိမ်တွင်ကား ကလေး၏အသက်ကို အဆုံးခံလိုက်ရလေသည်။ ဦးသန့်ကညီဦးခန့် ထံသို့



စာရေးလိုက်၏။ ထိုနေ့မှာ ၁၉၃၆–ခု စက်တင်ဘာလ ၂၂ ရက်နေ့ဖြစ်သည်။

"မောင်ဘိုတော့ အဖျားရောဂါနဲ့ဘဲ မနေ့ညနေ ၃–နာရီခွဲမှာ ဆုံးရှာပြီ၊ ဒီလောက်မြန်မြန်ကြီး ဒို့ကို ခွာသွားလိမ့်မယ်လို့ မထင်ဘူး၊ ဆုံးတဲ့ညနေ ၅– နာရီမှာပဲ သင်္ဂြိုဟ်လိုက်တယ်၊ မသိန်းတင်လည်း ဖြေမဆည်နိုင် ဖြစ်နေရှာရဲ့၊ ငါလည်း အိပ်မက် မက်နေသလား အောက်မေ့တယ်၊ တကယ်ဆိုတော့ ဘဝ ဆိုတာ အိပ်မက်ရှည်ကြီးပါပဲ"

ဦးသန့်နှင့် ဒေါ်သိန်းတင်တို့၏ ပရိဒေဝမီးကို ငြိမ်းနိုင်သမျှ ငြိမ်းစေ ရန် သူငယ်ချင်းအပေါင်းအသင်းတစ်စုက ၄–လသား ကလေးငယ်တစ်ယောက် ကို မွေးစားဖို့ ရှာလာကြသည်။ ကလေးငယ်၏ မိဘများမှာ ယင်းကလေးကို ကြီးပြင်းလာသည်ထိ ပြုစုစောင့်ရှောက်နိုင်ခြင်း မရှိ၍ ဦးသန့်တို့အား မွေးစား ခွင့် ပြုကြသည်။ ဦးသန့်ရော ဒေါ်သိန်းတင်တို့ပါ ထိုကလေးငယ်ကို ချစ်ခင် မြတ်နိုးကြလေသည်။ ကလေးကို 'မောင်စောလွင်' ဟု အမည်ပေးကြသည်။ ထိုကလေးကို မွေးစားပြီး၍ မကြာမီပင် သမီးအေးအေးကို မွေးသည်။ အေးအေးနောက် သားမောင်တင်မောင်ကို မွေးပြန်သည်။ ယခုအခါတွင် ဦးသန့်တို့ မိသားစုမှာ သားသမီးသုံးယောက်နှင့် အလွန်ပျော်မွေ့စရာ ကောင်းနေပြန်တော့သည်။ မကြာမီ ဂျပန်စစ်တပ်သည် မြန်မာနိုင်ငံသို့ ဝင်လာလေသည်။ ဦးသန့်သည် ရေဒီယိုမှ နိုင်ငံခြားသတင်းများကို နားထောင်၏။ ၁၉၄၁–ခု ဒီဇင်ဘာလမှစ၍ ကြားရသော သတင်းတွေမှာ ယုံနိုင်စရာမရှိလှပေ။ ထိုနှစ် ဒီဇင်ဘာလ ၇–၉ ရက်များတွင် ဂျပန်သည် ပုလဲဆိပ်ကမ်းကို ဗုံးကြဲ တော့သည်။ ဒီဇင်ဘာလ ၁၅–ရက်နေ့တွင် ဂျပန်သည် မြန်မာနိုင်ငံ တောင်ဘက် စွန်း ဝိတိုရိယအငူသို့ ရောက်လာသည်။

*　*　*

www.burmeseclassic.com

www.burmeseclassic.com

## ၆။ စာရေးဆရာဦးသန့်

ငယ်စဉ်က မြန်မာစာပေကို အထူးလေ့လာမှတ်သား လိုက်စားလာခဲ့သော ဦးသန့်၏ လုံ့လဝီရိယသည် အမျိုးသားကျောင်းဆရာဘဝသို့ ရောက်သောအခါတွင် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲနှင့် အမျိုးသားစာပေ တိုးတက်ကြီးပွားရေးတိုက်ပွဲတို့၌ အောင်မြင်သော နှလုံးရည် သူရဲကောင်းတစ်ယောက်ဖြစ်စေရန် များစွာအထောက်အကူပြုခဲ့သည်။ ဦးသန့်သည် အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုအတွက် တက်ကြွသောလူငယ်များအား အမျိုးသားစိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်လှုံ့ဆော်သင်ပြခဲ့သည်။

ဦးသန့်ကို အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုတိုက်ပွဲအဆင့်ဆင့်တွင် လက်နက်ကိုင်၍လည်းကောင်း၊ တရားဟောစင်မြင့်တွင် တက်၍ လက်သီးလက်မောင်းတန်းလျက် တရားဟောနေသည်ကိုလည်းကောင်း တွေ့ရမည်မဟုတ်ပေ။

ဦးသန့်သည် လက်ရုံးရည်ဖြင့် တိုက်ခိုက်ရသော လွတ်လပ်ရေးတိုက်ပွဲတွင် မပါဝင်ခဲ့၊ သို့သော် နှလုံးရည်ဖြင့် တိုက်ခိုက်ရသော ယင်းလွတ်လပ်ရေး လှုပ်ရှားမှုတိုက်ပွဲနှင့် အမျိုးသားစာပေ တိုးတက်ကြီးပွားရေးတိုက်ပွဲတို့၌ ဦးသန့်ကို ထိပ်ဆုံးမှ ထည့်သွင်းရမည်ဖြစ်သည်။ ဦးသန့်သည် အမျိုးသားအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးအဖြစ်ဖြင့် တစ်ဖက်မှ တာဝန်ထမ်းနေစဉ် တစ်ဖက်မှ ဂန္ထလောက၊ ကြီးပွားရေးနှင့် အမျိုးသားပညာရေးမဂ္ဂဇင်းစသော စာနယ်ဇင်းတို့၌ အဆက်မပြတ် ဆောင်းပါး၊ ကဗျာများကို ရေးသားခဲ့သည်။

ဦးသန့်သည် မြန်မာစာအရေးအသား နိုင်နင်းကျွမ်းကျင်သကဲ့သို့ အင်္ဂလိပ်



စာအရေးအသားလည်း သေသပ်ကျနသူဖြစ်သည်။ ဂန္ထလောကမဂ္ဂဇင်း အင်္ဂလိပ်ဘာသာကဏ္ဍတွင် ဦးသန့်၏ ဆောင်းပါးများ ၁၉၃၄၊ ၁၉၃၅၊ ၁၉၃၆၊ ၁၉၃၇ ခုနှစ်များဆီက မကြာခဏပါရှိခဲ့သည်ကို တွေ့ရပေသည်။ ဦးသန့်ရေးသော ဆောင်းပါးများမှာ အများအားဖြင့် မြန်မာစာပေ အဆင့်အတန်းမြင့်မားရေးကို အခြေခံ၍ရေးသည်က များသည်၊ သူရေးခဲ့သော ယင်းဆောင်းပါးများကို ဖတ်ရှုရခြင်းဖြင့် အမျိုးသားဟန်နှင့် အမျိုးသားစာပေအဆင့်အတန်း မြင့်မားလာစေရန် သူမည်မျှစေတနာထားသည်ကို သိရှိနိုင်သည်။ အောက်ဖော်ပြပါ ဆောင်းပါးမှာ ဂန္ထလောကမဂ္ဂဇင်း၌ ဦးသန့်ရေးနေကျဖြစ်သော "ကျွန်တော်၏ကျောင်းပြုတင်းမှ" အင်္ဂလိပ်ဘာသာဆောင်းပါးကဏ္ဍတွင် ပါရှိသော ဆောင်းပါးတစ်စောင်ဖြစ်သည်။ စာပေရေးရာနှင့်ပတ်သက်၍ ဦးသန့်၏ အမြင်ကို ပွင့်ပွင့်လင်းလင်းတင်ပြထားသည်ကို တွေ့ရပေမည်။

### ကျွန်တော်၏ကျောင်းပြူတင်းမှ

ရေးသူ–ဦးသန့်

အထူးထုတ်

ဂန္ထလောကမဂ္ဂဇင်း၏ ဆယ်နှစ်မြောက် အထူးထုတ်စာစောင်မှာ ပြောင်မြောက်အောင်မြင်သော ဇာစောင်တစ်ခုဖြစ်လေသည်၊ ဂန္ထလောကမဂ္ဂဇင်း အနေဖြင့် ပထမဆယ်နှစ်ခရီးကို အောင်မြင်စွာ ကျော်လွန်သွားလာနိုင်ခဲ့သဖြင့် များစွာဝမ်းမြောက်ဝမ်းသာ ချီးကျူး နှုတ်ခွန်းဆက်သလိုက်ပါသည်၊ အနောက်နိုင်ငံ တိုင်းပြည်များ၏ စာနယ်ဇင်းလောကတွင် ဆယ်နှစ်ဟူသော အချိန်ကာလမှာ များစွာ ကြာမြင့်သည်ဟု မဆိုနိုင်ပါ၊ မြန်မာနိုင်ငံကဲ့သို့ နေ့မြင်ညပျောက်ဆိုသလို ထွက်လာပြီး ရပ်ဆိုင်းသွားရသည်သာများသော သတင်းစာမဂ္ဂဇင်းများ၏ အခြေအနေကို သုံးသပ်လျှင်ကား ဆယ်နှစ်မျှ ကြာမြင့်အောင် တည်ရှိခဲ့ခြင်းမှာ ဂုဏ်ယူဘွယ် စွမ်းဆောင်မှုတစ်ခုဟုပင် ဆိုရပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းကြီးအနေဖြင့်၎င်း၊ အသင်းဥက္ကဋ္ဌကြီး အနေဖြင့်လည်းကောင်း၊ ဂန္ထလောကမဂ္ဂဇင်း ဆယ်နှစ်ကြာ တည်တံ့နိုင်မြဲခဲ့ခြင်းအတွက် များစွာဂုဏ်ယူဘွယ် ဖြစ်ပါသည်။ ဒုတိယဆယ်နှစ်ပိုင်းတွင်လည်း ဂန္ထလောက မဂ္ဂဇင်းကြီး၌ ယခုထက်ပိုမို တိုးတက်အောင်မြင်မှု ရရှိလိမ့်မည် ကိုလည်း မျှော်လင့်လျက်ရှိရပေသည်။

## အောက်စဖို့ဒ်မှတ်တမ်း

မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းကြီးမှ သိပ္ပံမောင်ဝ ၏ အောက်စဖို့ဒ် တက္ကသိုလ် မှတ်တမ်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေ မည်ဟု ကြားသိရပေသည်။ ကျွန်တော်မှ လစဉ်ထုတ်မဂ္ဂဇင်း၌ ပါလာသော အောက်စဖို့ဒ်တက္ကသိုလ် မှတ်တမ်းများကို ဖတ်ရှု ရသည့်အချိန်ကစပြီး များစွာ နှစ်သက်ဝမ်းမြောက်ခဲ့ရ၏။ ထိုမှတ်တမ်းများကို စာတစ်စောင် ပေတစ်ဖွဲ့ဖြင့် စုပေါင်းပုံနှိပ် ထုတ်ဝေသည်ကို ဖတ်ရှုရန် ကျွန်တော် များစွာ ဆန္ဒရှိခဲ့ပေသည်။ ပညာရေးလောကတွင် တိုးတက်နေသော အတွေးအမြင်များဖြင့် ရေးသားအပ်သော စာအုပ်ကောင်းများ ထွက်ပေါ်လာရေးမှာ များစွာအရေးကြီးလှပေသည်။

## အမျိုးသားပညာရေးဂျာနယ်

၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားကျောင်းဆရာကြီးများညီလာခံမှ လေးလတစ်ကြိမ်ထုတ် အမျိုးသားပညာရေးဂျာနယ်စာစောင်ကို ထုတ်ဝေရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုဂျာနယ်ကို ဆရာကြီး ဦးဘလွင် ဂုဏ်ထူးဆောင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက် နေသော အမျိုးသားကျောင်းဆရာများ အသင်းကြီး၏



ကြေးကြော်သံအဖြစ် ထုတ်ဝေရန် ရည်ရွယ်ခဲ့ကြလေသည်။ ယနေ့အထိဆိုလျှင် ညီလာခံပြီးသည်မှာ လေးလကြာခဲ့ သော်လည်း အမျိုးသားပညာရေးဂျာနယ် ထုတ်ဝေရန် တစ်စုံတရာကို ကိုယ်ထိလက်ရောက်ဆောင်ရွက်ခြင်းရှိသည်ကို မကြားသိရပေ။ လာမည့် ဇွန်လ၊ ကျောင်းများ ပြန်လည် ဖွင့်လှစ်သောအခါတွင်ကား ထိုဂျာနယ်၏ ပထမစာစောင်ကို ကျွန်တော်တို့ ဖတ်ရှုရလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ထိုဂျာနယ်ကို ဝယ်ယူဖတ်ရှုရမည့်သူ ဦးရေငါးရာ ရှိမည်ဆိုလျှင် ဂျာနယ်ထုတ်ဝေရေးအတွက် ငွေကြေး အကြပ်အတည်း တွေ့စရာမရှိဟု ကျွန်တော်အကြမ်းဖျဉ်း တွက်ချက်ကြည့်မိ ပေသည်။ နောင်သော် ထိုထက်ပင် ဝယ်ယူဖတ်ရှုမည့်သူ ပိုမိုတိုးတက်လာပေလိမ့်ဦးမည်ဖြစ်ပါသည်။

## ကလေးများအတွက် စာပေ

ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ဝါးခယ်မမှ မစ္စတာဂွမ်လျော်ဂ်က နောက်ဆုံးထုတ် ကြီးပွားရေးမဂ္ဂဇင်းတွင် မြန်မာ့ ကလေးသူငယ်များအတွက် စာအုပ်ကောင်းများ လိုအပ်နေကြောင်းဖြင့် ကျွန်တော်တို့ကို သတိပေးနှိုးဆော် ရေးသားခဲ့ပေသည်။ မြန်မာနိုင်ငံပြည်သူလူထုအနေဖြင့် မည်သို့သော စာပေများ ယနေ့လိုအပ်လျက်ရှိသည်ကို နားမလည်ကြ သေးသည်မှာ များစွာအရုပ်ဆိုးလျက်ရှိပေသည်။ ခေတ်စမ်း ကဗျာစာအုပ်တွင် ကလေးသူငယ်များအတွက် ကိုဝန် (မင်းသုဝဏ်) ရေးသားသော ကလေးကဗျာများမှာ များစွာ စိတ်ရွှင်မြူးဘွယ်ရာ ကောင်းလှပါသည်။ အောက်ပါကဗျာမှာ ထိုခေတ်စမ်းကဗျာတပုဒ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သပြေသီးကောက်

ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှဲ့ ကောက်စို့ကွယ်
ခရာဆူးခြုံပိုအထဲက
မြှော့နက်မဲကြီးတွယ်တတ်တယ်
မြှော့နက်ဆိုတာ ဂျိုနဲ့လားကွဲ့
မြွေနဂါးတောင် ကြောက်ဘူးကွယ်
ဒို့လဲကြောက်ပေါင် အတူသွားလို့
အုန်းလက်နွားလေးထားခဲ့မယ်
သွားကွယ်...သွားကွယ်။ ။

ကလေးစာပေနှင့် ပတ်သက်၍ ကင်းနက်ဂရေဟမ် ရေးသားသော ကလေးများအတွက် ပုံဝတ္ထုများကို မြန်မာဘာသာပြန်ဆရာများ ဆီလျော်အောင် ပြန်ဆိုရေးသားလျှင် များစွာသင့်တော်မည်ဟု ထင်ပါသည်။ ကင်းနက်ဂရေဟမ်သည် ကလေးများအတွက် တက်တက်ကြွကြွဖြင့် ထိုစာအုပ်ကို ရေးသားခဲ့သော်လည်း ယနေ့မြန်မာလူကြီးများ ဖတ်ရှုရုံမှအပ ထိုစာအုပ်၏ အကျိုးအာနိသင်ကို ကလေးများ မခံစား ရသေးပါ။ သူရေးသားခဲ့သော ပုံဝတ္ထုများမှ အကောင်းဆုံးပုံဝတ္ထုများမှာ ရွှေခေတ်ချိန်ခါ၊ နေ့လည်အိပ်မက်များ စသည်တို့ ဖြစ်ပါသည်။ ထိုပုံဝတ္ထုများတွင် မစ္စတာဂရေဟမ်သည် အခြားစာရေးဆရာများ မရေးသားနိုင်သည့် အချက်အလက်များကို အောင်မြင်စွာ သရုပ်ဖော် ရေးသားနိုင်ခဲ့ပါသည်။ စာရေးဆရာအတော်များများမှာ မိမိတို့ငယ်စဉ်က ပြောဆိုပြုမူ ထင်မြင်ခံစားခဲ့ရပုံများကို ကြီးလာသောအခါ မေ့ပျောက်လိုက်တတ်ကြသည်။ သို့သော်...ကင်းနက်ဂရေဟမ်မှာ ထိုသို့ မဟုတ်ပေ။



ရွှေခေတ်ချိန်ခါ ပုံဝတ္ထုဆိုလျှင် မြန်မာပြန်ဆိုရေးသားရန် အကောင်းဆုံးဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။ ဤမဂ္ဂဇင်း အယ်ဒီတာက ခွင့်ပြုမည်ဆိုလျှင် ရွှေခေတ်ချိန်ခါ စာအုပ်မှ "ဖောက်ထွင်းခိုးသူများ" ပုံဝတ္ထုကို ကောက်နုတ်၍ ဖော်ပြရန် ကျွန်တော်အကြံပေးလိုပါသည်။

### အမှားပြင်ချက်

ဂန္ထလောကတွင် ကျွန်တော် နောက်ဆုံးရေးသားခဲ့သည့် ဆောင်းပါး၌ မစ္စတာဖာနီဗယ်ကို အသက်ခြောက်ဆယ်ကျော်ပြီ ဟု မှားယွင်းရေးသားခဲ့မိပါသည်။ အမှန်မှာ အသက်ခြောက်ဆယ် နီးပြီဟု ပြင်ဆင်လိုပါသည်။

**(၁၉၃၅ ခု၊ မတ်လထုတ် အမှတ် ၁၂၂၊ အတွဲ ၂၁၊ ဂန္ထလောက အင်္ဂလိပ်ဘာသာမှ)**

အထက်ပါဆောင်းပါးကို ဖတ်ရှုရသဖြင့် ဦးသန့်၏ စာပေစေတနာကို အကဲခတ်နိုင်ကြမည်ထင်ပါသည်။ ဦးသန့်သည် ကလေးများအတွက် စာပေ တစ်ရပ် ထွန်းကားလာရေးအတွက် များစွာ ဆန္ဒပြင်းပြဟန်တူပေသည်။

ယနေ့ထိ မြန်မာစာပေလောကတွင် ကလေးများအတွက် အားရစရာ စာကောင်းပေမွန် ထွန်းကားလာခြင်း မရှိသေးပေ။ သို့သော် ကလေးစာပေ ကောင်းများထွန်းကားရန် ဒေါက်တာဝွမ်လျောင်ကဲ့သို့၊ ဦးသန့်ကဲ့သို့သော စာရေးဆရာများသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကပင် ဆန္ဒပြင်းပြစွာ နှိုးဆော်သမှုပြုခဲ့ကြသည်ဆိုခြင်းကို အထက်ပါဆောင်းပါးအား ထောက်ထား၍ သိရှိနိုင်ကြပေသည်။ ဦးသန့်သည် စစ်ကြိုခေတ်က စာရေးဆရာများကို များစွာသဘောတွေ့ဟန်မရှိပေ။ စာရေးဆရာလုပ်မည်၊ စာတွေရေးမည်ဟု ပါးစပ်မှ ဟစ်အော်ကြွေးကြော်နေပြီး လူ့သဘာဝနှင့် နီးစပ်သော ဇာတ်ထုတ်စံ များကို လေ့လာခြင်းမပြု၊ လူ၏သဘောစရိုက်ကို အနည်းငယ်မျှ စမ်းမှုမပြု ကြသောသူများအတွက် ဦးသန့်သည် များစွာပင် အားမရဖြစ်ခဲ့ဟန်ရှိသည်။

www.burmeseclassic.com



အောက်ပါဆောင်းပါးမှာ ဂန္ထလောကမဂ္ဂဇင်းတွင် "ကျွန်တော်၏ကျောင်းပြုတင်းမှ" အခန်းမှ ဦးသန့်ရေးလိုက်သော ဆောင်းပါး၏ကောက်နုတ်ချက်ဖြစ်ပါသည်။ ထိုဆောင်းပါးတွင် ဦးသန့်နှင့် စာရေးမည်ဟုတစ်ကြော်ကြော်အော်နေသော စာရေးဆရာဆိုသူတို့ တွေ့ဆုံ ဆွေးနွေးခန်းကိုထိထိမိမိရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ စာရေးဆရာ ဟူသည်လူ့လောက လူ့သဘာဝကို လေ့လာသင့်သည်။ လူ့စရိုက် လူ့ဓလေ့ကိုနားလည်ထားသင့်သည်။ သို့မဟုတ်လျှင် ထိုစာရေးဆရာသည် မည်သည်ကိုရေးတော့မည်နည်းဟု ဦးသန့်က မေးထားသည်။ ပီပြင်သော မြန်မာစာပေထွန်းကားရေးအတွက် ထိုဆောင်းပါးသည် များစွာအထောက်အကူပြုနိုင်သည်ဟု ဆိုနိုင်ပေမည်။

## ဝတ္ထုရေးရာတွင်

တစ်ခါတစ်ရံ ကျွန်တော့်ထက် အသက်ငယ်သော စာရေးဆရာကလေးများသည် သူတို့၏ အတွေးအခေါ်နှင့်ပတ်သက်၍ ကျွန်တော်နှင့် လာရောက်ဆွေးနွေးပါသည်။ သူတို့နှင့် ကျွန်တော်တွေ့ဆုံ၍ ဆွေးနွေးကြပုံကို အောက်တွင်ရေးသားဖော်ပြလိုက်ပါသည်။

"ကဲ.....မင်းဘာလုပ်မယ် စိတ်ကူးသလဲ....."

"ကျွန်တော် စာရေးချင်တယ်၊ ဝတ္ထုတွေရေးမယ်"

"မင်း. ပိုက်ဆံများများရချင်လို့လား.....၊ မင်းချမ်းသာကြီးပွားချင်လို့လား....."

"အို.....မဟုတ်ပါဘူး၊ ကျွန်တော်စာရေးချင်လို့ပါ"

"မင်း ဘာသာရေးမှာ စိတ်ဝင်စားရဲ့လား....."

"ဟင့်အင်း.....မဝင်စားပါဘူး.....၊ ကျွန်တော် ဝတ္ထုဘဲစိတ်ဝင်စားတယ်၊ စာရေးချင်တယ်..."

"ရွေးကောက်ပွဲတို့၊ ဒီစတိတ်ကောင်စီတို့ကိုကော မင်းစိတ်ဝင်စားရဲ့လား....."

"ဟာဗျာ...စာပဲရေးချင်ပါတယ်ဆိုမှ ဒီနိုင်ငံရေးတွေ



ကျွန်တော် ဘယ်စိတ်ဝင်စားမလဲ...."

"ဒါဖြင့်.....ဘာလုပ်မလဲ၊ နိုင်ငံရေးကို စိတ်မဝင်စားရင်မြန်မာလူမျိုးတွေတိုးတက်ရေးအတွက် တခြားနည်းနဲ့ ဆောင်ရွက်လိုစိတ် ရှိလို့လား..."

"ဒါတွေ ကျွန်တော်နားမလည်ပါဘူး.....၊ ကျွန်တော်ဝတ္ထု ရေးချင်တယ်၊ စာပေရေးသားချင်တာပဲရှိတယ်"

"မင်းလူမှုရေးလုပ်ငန်းတွေ တိုးတက်ဖို့ကိုကော စိတ်ဆန္ဒမရှိဘူးလား....."

"ဟင့်အင်း..."

"ချောချောလှလှ မိန်းကလေးတွေကို မင်းမြင်တဲ့အခါသူတို့ကို ချစ်ခင်ပိုးချင်ပန်းချင်စိတ်များ မဖြစ်ပေါ်ဘူးလား....."

"သူတို့ ဘယ်လောက်လှလှ ကျွန်တော်လှည့်တောင်မကြည့်ပါဘူး၊ ကျွန်တော်က စာပဲရေးနေချင်တာ"

"မင်း ကျောင်းဆရာတို့ မြို့အုပ်တို့ လုပ်ပြီးတော့ကလေးတွေ... မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါးမနေချင်ဘူးလား..."

"ဟာဗျာ...ခင်ဗျားကို ပြောပြီးပြီမဟုတ်လား...၊ ကျွန်တော့်ဆန္ဒက ဝတ္ထုရေးနေချင်တာပါလို့..."

"ဟ...ဒါဖြင့်ရင် မင်းက ဘာတွေရေးမှာလဲ၊ မင်းထားရှိတဲ့ ဆန္ဒက စာပေရေးသားခြင်းတစ်ခုထဲ။ မင်းဝတ္ထုထဲမှာထည့်ရေးမှာက မင်းလုံးဝစိတ်မဝင်စားဘူးဆိုတဲ့ ကမ္ဘာသူကမ္ဘာသားတွေရဲ့ လှုပ်ရှား သွားလာမှုတွေမဟုတ်လား။ လူတွေရဲ့အောင်မြင်မှု၊ ဆန္ဒ၊ ဆုံးရှုံးရမှု၊ သောက၊ မေတ္တာစသည်တွေမပါဘဲ ယောကျာ်း၊ မိန်းမတွေအကြောင်း မထည့်ဘဲဘယ်လိုလုပ်ပြီး မင်းဝတ္ထုရေးမှာလဲ....."

ယနေ့ ကျွန်တော်တို့ခေတ် စာရေးဆရာများထဲတွင်ထိုကဲ့သို့ ဘာမှန်းမှမသိနားမလည်ဘဲ စာရေးချင်သူ ဝတ္ထုရေး

www.burmeseclassic.com

www.burmeseclassic.com



ချင်သူတွေ များနေပါသေးသည်။

သူတို့သည် စာပေရေးသားခြင်းပြုလိုကြသည်ဟု ရိုးသားစွာ ပြောနေကြသော်လည်း ကမ္ဘာ့နိယာမတရားတွေကိုကား လေ့လာသုံးသပ်ရှုမြင်ရမှန်း နားမလည်ကြချေ။

**(၁၉၃၅ ခု၊ ရှုလိုင်လထုတ်၊ အတွဲ ၂၁၊ အမှတ် ၁၂၆၊ ဂန္ထလောက )**

အထက်ပါဆောင်းပါးမှာ လွန်ခဲ့သော အနှစ် ၂၀ က ရေးသားခဲ့ခြင်းဖြစ်သော်လည်း ယနေ့ မြန်မာစာပေလောကအတွက် များစွာ အကျုံးဝင်နေသေးသည်ကို ငြင်းကွယ်ရန်မရှိပေ။ ယနေ့ မြန်မာစာပေလောကတွင်ပင် စာရေးချင်သောသူများ၊ စာရေးဆရာဖြစ်ချင်သူ အတော်များများသည်။ စာရေးဟန်၊ စာရေးနည်း၊ အနုပညာကို နားမလည်ကြသေးဘဲရှိသည်ကို တွေ့ရသည်။

စာပေရေးသားချင်သူသည် လူ့သဘာဝ၊ လူ့စရိုက်နှင့် လူ့လောကကြီးတစ်ခုလုံးကို ရှုမြင်တတ်ရန် လိုကြောင်းဖြင့် ဦးသန့်သတိပေးရေးသားချက်မှာ ယနေ့ထက်ထိပင်ခေတ်မီနေသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဦးသန့်သည် ကဗျာရေးရန်လည်း ဝါသနာထုံသူတစ်ဦးဖြစ်သည်။ ဂန္ထလောကမဂ္ဂဇင်းတွင် သီလဝကလောင်နာမည်ဖြင့် ဦးသန့်သည် ခေတ်စမ်းကဗျာများလည်း ရေးသားခဲ့သည်။ ထိုခေတ်က ခေတ်စမ်းကဗျာလောကကို ဦးဆောင်နေသူများမှာ ဦးသန့်၏ မိတ်ဆွေများ ဖြစ်ကြသော ဆရာဦးဝန် (မင်းသုဝဏ်)နှင့် ဆရာဦးသိန်းဟန် (ဇော်ဂျီ)တို့ ဖြစ်ကြသည်။

ဦးသန့်သည် ချစ်ဆွေကဗျာဆရာကြီးများကဲ့သို့ပင် မိမိလည်း ကဗျာရေးစမ်းသီဖွဲ့ချင်သည်။ ထို့ကြောင့် မိခင်က သားငယ်ကို ချော့မော့နေသည့်ဟန် "မငိုနဲ့ကွယ်" ကဗျာကို ရေးသားသီကုံးခဲ့သည်။ သူ၏ ကဗျာမှာ ကလေး၏ ဘခင်နှင့် မိခင်တို့ တစ်မြေရပ်ခြား ကွဲပြားနေသည့်ဖြစ်အင်ကို ရိုးရိုးကလေးနှင့် ဖော်ပြထားသည်။



## မငိုနဲ့ကွယ်

အိုအေအေ အမေချော့လို့
တိတ်ပါတော့ မယ့်သည်းချာ
နိုပြာနိုဖြူနဲ့
တကူကူဂျိုးတွေရောက်ပါလို့
မိတ္ထီလာကန်တော်အောက်ဆီက
ဘားကောက်ဘို့ အမေမှာ ။ ။
အေအိုအိုကြောင်ကြီးက
အမြီးခတ်တိုတို
မေ့သားကို လာ၍ ကိုက်ပါလိမ့်
မေရိုက်မယ် မောင်မငိုနဲ့
ဒီကြောင်အိုအဆိုးစားပါလို့
အသားကို သူမျိုတတ်တယ်ကွဲ့
ရပ်တော့အသာ ။ ။
အိုအေအေပါးပြင်နုမှာလ
ပုလဲဥမျက်ရည်ယို
သည်တိုင်းသာ အငိုဆက်ရင်ဖြင့်
ခက်လေပြီ သည်တမိမှာတော့
ကလေးဘော ဘယ်မှာရှိလေဘိ
သိချင်လှစိတ်မကြည်
ဘယ်ဆီမှ မရှာအား ။ ။
အိုအေအေအသာပိုက်ပါလို့
ရွှေနို့ချို အမေတိုက်မယ်ကွဲ့
ငိုရှိုက်ကာ မောင်မနေနဲ့
ကလေးဘောပြန်လာရောက်ခါမှ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ရန်ချိုချဉ်လှိုင်၍
နှစ်ယောက်ပြိုင်အတူချော့မယ်ကွယ်
တိတ်တော့မေ့သား ။ ။

'သီလဝ'

(၁၂၉၆ ခု၊ နယုန်လထုတ် ဂန္ထလောက အတွဲ ၁၉၊ အမှတ် ၁၁၃)

အထက်ပါကဗျာတွင် ဦးသန့်၏ ရှုမြင်တတ်ပုံကလေးမှာ ချစ်စဖွယ်ပင်ဖြစ်သည်။ မိခင်တစ်ဦးက မိမိ၏ သားငယ်ကို ချော့မော့ရာတွင် မိမိငယ်စဉ်က ကြားဖူးနားဝရှိခဲ့သော ကြောင်အိုပုံပြင်ကဗျာ၊ မိတ္တီလာကန်တော်အောက်မှ ဘားကောက်ပုံပြင်ကဗျာလေးများ၏ အစိတ်အပိုင်းအစအနတို့ကို ဆွဲယူထည့်သွင်းသီဖွဲ့ထားသည်ကို တွေ့ရလေသည်။ ဦးသန့်၏ စိတ်ကူးစိတ်သန်းမညံ့ကြောင်း ဤကဗျာက သက်သေခံပေလိမ့်မည်။

## ပီမိုးနင်း၏ လိင်သဘာဝ ဖွဲ့နွဲ့မှု

### ရေးသူ ဦးသန့်၊ ကျောင်းအုပ်ကြီး၊ ပန်းတနော်မြို့

ဝိုင်အမ်စီအေတွင် ဟောပြောသွားခဲ့သော ဦးဘသန်း၏ စိတ်ဝင်စားဘွယ် မိန့်ခွန်းတွင် ပီမိုးနင်း၏ ဝတ္ထုများ၌ လိင်သဘာဝ ဖွဲ့နွဲ့မှုများ ပိုမိုများပြားနေသည်ဟု ပါရှိခဲ့လေသည်။။ ထိုမိန့်ခွန်းကြောင့်ပင် ကျွန်တော်သည် ပီမိုးနင်း၏ ဝတ္ထုများ၌ အကယ်ပင် လိင်သဘာဝ ဖွဲ့နွဲ့မှုများ လိုသည်ထက် ပိုမိုနေပါသလားဟု စိစစ်ဝေဖန်ကြည့်မိပေသည်။ အမှန်ပင် ပီမိုးနင်းသည် ယနေ့ လိင်ပြဿနာများကို ရေးသားခဲ့ပေသည်။။ အကြောင်းမှာ ယင်းပြဿနာသည် ယနေ့ခေတ်၏ ပြဿနာ၊ လူတိုင်း၏ ပြဿနာဖြစ်ပြီး စာရေးဆရာ၏ ကိုယ်ရေးပြဿနာမဟုတ် ပါချေ။

ဖြစ်ရပ်အမှန်မှာ သူသည် ယနေ့ သူ့ခေတ်တွင်



ကြုံတွေ့နေရသော လူတိုင်းလူတိုင်း၏ ဖြစ်ရပ်များကို ရေးသားနေခြင်းပင်ဖြစ်သည်။ ယနေ့ လူသားများသည် မျက်စိကိုဖွင့်၊ နားကိုစွင့်လျက် ပတ်ဝန်းကျင် လူအများ၏ ဘဝအထွေထွေ သဘာဝအခြေအနေများကို လေ့လာရှုမြင်ရန် ကြိုးစားလျက်ရှိပေသည်။ ပီမိုးနင်းသည် ယင်းလူတို့ သိမြင်နားလည်လိုသော သဘာဝကို အရင်းအတိုင်း ဖွဲ့နွဲ့ရေးပြခြင်း ဖြစ်ပေသည်။။ မစ္စတာ အာနိုးဘင်းနက်က တချိန်က ပြောဖူးသည်၊ စာရေးဆရာ ဝတ္ထုရေးဆရာများသည် လိင်သဘာဝကို အမှန်ပင် သိနားလည်ထားသင့်သည်ဟု သူကဆိုသည်။ ဝတ္ထုရေးဆရာတစ်ဦး အနေဖြင့် လိင်သဘာဝကို နားလည်ထားသင့်သည်။ ရေးသော ဝတ္ထုတွင်ကား လိင်သဘာဝရော၊ အခြားလူ့လောကကြီးနှင့် သက်ဆိုင်သော ရသာစုံကို ထည့်သွင်းရောနှော ဖွဲ့နွဲ့ရသည်သာ ဖြစ်သည်။ အချစ်ရေးကိစ္စ လိင်သဘာဝကို ချန်လှပ်ခဲ့ပြီး ရေးသားထားသော ဝတ္ထုများမှာ လူ့လောက လူ့သဘာဝကို ပီပီပြင်ပြင် ဖွဲ့နွဲ့ခြင်းရှိမည်မဟုတ်ပေ။ ပီမိုးနင်း၏ ဝတ္ထုများတွင် လိင်သဘာဝ အဖွဲ့အနွဲ့များသာ ပါဝင်နေသည်ဟု တစ်ထစ်ချ စွပ်စွဲလျှင် မှားပေလိမ့်မည်။ သူရေးသော ဝတ္ထုတို အတော်များများတွင် အချစ်ကိစ္စကို လုံးဝမထည့်ဘဲ ရေးသားခဲ့သည်များ ရှိပါသေးသည်၊

သူရေးခဲ့သော သူရိယမဂ္ဂဇင်းမှ "ကံအကြောင်းတရား" စသော ကျောက်ကောင်းတစ်စေ့ကဲ့သို့ တန်ဘိုးရှိသည့်ဝတ္ထုကို ကျွန်တော် ဘယ်တော့မှမမေ့နိုင်ပေ၊ ထိုဝတ္ထုမှာ လိင်ကိစ္စလုံးဝမပါဘဲနှင့် သရုပ်ဖော် ထားသော ပီမိုးနင်း၏ အကောင်းဆုံးလက်ရာတစ်ခုပင်ဖြစ်သည်။ ထိုဝတ္ထုမှာ လူ့သဘာဝတရားကို ဖွဲ့နွဲ့ရာတွင် ပီပြင်တိကျလှပြီး ကံ၏ လှည့်စားမှုကို စိတ်ဝင်စားဖွယ် ရေးသားထားလေသည်။ "တောင်ပေါ်ကချွေး" ဝတ္ထုမှာလည်း ပီမိုးနင်း၏ လိင်ကိစ္စမထည့်ဘဲ ရေးသားရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အထိရောက်ဆုံး အထက်မြက်ဆုံး ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ပီမိုးနင်းကား စွယ်စုံရ စာရေးဆရာတစ်ဦးဖြစ်သည်။ သူသည် နက်နဲတိပသောအတွေးအခေါ်များ၊ ထက်မြက်သော တွေးခေါ်မြော်မြင်မှု သဘောတရားများ ပါဝင်သော စာပေကို ရေးသားနိုင်သလိုပင် ဇာတ်အိမ်ဇာတ်လမ်းနိုင်မာ၍ သရုပ်သကန်ပေါ်သော ဇာတ်ကောင်များပါဝင်သည့် ဝတ္ထုများကိုလည်း ရေးသားနိုင်သူဖြစ်လေသည်။

**(၁၉၃၄ ခု၊ ဩဂုတ်လ အတွဲ ၁၉၊ အမှတ် ၁၁၅၊ ဂန္ထလောက )**

ဤကား ပီမိုးနင်း၏ စာပေများအပေါ်တွင် ဦးသန့်၏ အမြင်ဖြစ်လေသည်။ ဦးသန့်သည် ပီမိုးနင်း၏ စာပေကို စွဲစွဲလန်းလန်း ဖတ်ရှုခဲ့သူဖြစ်သည်။

ပီမိုးနင်းမှာ အင်္ဂလိပ်စာတတ် မြန်မာစာရေးဆရာတစ်ဦးဖြစ်ပေရာ မြန်မာဝတ္ထုရေးသားရာတွင် တိုးတက်သောအမြင်၊ တိုးတက်သောအတွေးအခေါ်များဖြင့် ရေးသားလေ့ရှိသူတစ်ဦးဖြစ်ပေသည်။ အထက်ပါဆောင်းပါးကိုကြည့်၍ ဦးသန့်၏ သဘောထားကို ပိုမိုသိသာထင်ရှားသည်။ ဦးသန့်၏ သဘောထားမှာ စာပေရေးသားရာတွင် လူ့သဘာဝများမှ ကင်းလွတ်ခြင်းမရှိစေရဟူ၍ပင် ဖြစ်ပေသည်။ ဦးသန့်ရေးခဲ့သောဆောင်းပါးများတွင် ထိုသဘောထားကို အထူးထင်ထင်ရှားရှား အသားပေး၍ ဖော်ပြခဲ့သည်။ ဦးသန့်က စာရေးချင်သော လူငယ်တစ်ယောက်နှင့် ဆွေးနွေးခန်းတွင် လူတွေ၏သဘာဝ၊ ယောကျ်ားမိန်းမတို့၏ သဘာဝခေလေ့အကြောင်းမပါဘဲ မည်ကဲ့သို့ ဝတ္ထုရေးမည်နည်းဟု မေးခဲ့သည်။ အထက်ကဖော်ပြခဲ့သော ဆောင်းပါးမှာကား ဦးသန့်သည် စာရေးဆရာ ပီမိုးနင်းဘက်မှ ရှေ့နေလိုက် ကာကွယ်ရေးသားထားသည်ကို တွေ့ရသည်။

သို့သော်...သူသည် ပီမိုးနင်းဆိုသော စာရေးဆရာတစ်ယောက်ဘက်မှ ရှေ့နေလိုက်သည်ဆိုခြင်းထက် တိုးတက်သော အတွေးအခေါ်တို့ဖြင့် ပြည့်စုံသောမြန်မာစာပေဘက်မှ ရှေ့နေလိုက်သည်ဟုဆိုခြင်းက ပို၍မှန်မည်ဟု ထင်ရသည်၊ ဦးသန့်၏အဆိုတွင် ပီမိုးနင်းသည် လူသားတို့ သိမြင်နားလည်လိုသော



သဘာဝကို အရင်းတိုင်း ဖွဲ့နွဲ့ရေးသားခြင်းဖြစ်ပေသည်ဟု ပါရှိသည်။

ထိုခေတ်က ပီမိုးနင်း၏စာပေများ ဝတ္ထုများတွင် လိင်သဘာဝကိုလည်း ထည့်သွင်းရေးသားခဲ့သည်။ ဤသည်ကို ရှေးကျသော အတွေးအခေါ်ရှင်များက ကျေနပ်နှစ်သက်ခြင်းမရှိခဲ့၍ ဝေဖန်ကြခြင်းဖြစ်သည်။ ဦးသန့်သည်ကား ကမ္ဘာ့စာပေသမိုင်းဝင် ဝတ္ထုတို၊ ဝတ္ထုရှည်ကြီးများကိုပင် လေ့လာထားသူဖြစ်ပေရာ ပီမိုးနင်း၏ အရေးအသားများနှင့်ပတ်သက်၍ အပြစ်တင်ရန်မရှိဟု ယူဆထားဟန်ရှိခဲ့သည်။ သူသည် သူ၏အယူအဆကို ရဲရဲတင်းတင်းပင် ထုတ်ဖော် ရေးသားခဲ့လေသည်။ သူ၏ စာပေအရေးအသားမှုဟန်ကို လေ့လာရခြင်းဖြင့် မြန်မာစာပေအဆင့် မြင့်မားရေးနှင့် ပတ်သက်လာလျှင် ကိုယ်အားဉာဏ်အား ရှိသ၍ ပြတ်ပြတ်သားသား ဆောင်ရွက်လိုသည့် သူ့ဆန္ဒကို နားလည်အကဲခတ် ခွင့်ရသည်။

သူသည် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများကို အရေးများသူဖြစ်သော်လည်း မြန်မာစာပေနှင့် မြန်မာဝတ္ထုများကို အထင်မသေး၊ ပီမိုးနင်း၏ မြန်မာဝတ္ထုတိုရှည်များကို စေ့စေ့စပ်စပ် လေ့လာဖတ်ရှုထားသူတစ်ယောက်ဖြစ်ကြောင်းကိုလည်း ယခုဆောင်းပါးအရ သိရှိကြရလေသည်။ ၁၉၃၃ ခုနှစ်ဆီကဆိုလျှင် မြန်မာစာပေလောက၌ စာအုပ်စာတမ်းတွေ အတော်များများထွက်ခဲ့သည်။ ထိုစဉ်က တက္ကသိုလ်ထွက် ကျောင်းတော်သားတစ်စု ပါဝင်ရေးသားသော ဂန္ထလောကမဂ္ဂဇင်းကို တည်ထောင်၍ ခေတ်စမ်းစာပေများကို ပြုစုပျိုးထောင်နေချိန်ဖြစ်သည်။

ခေတ်စမ်းစာပေဆိုရာ၌ ရှေးက ရေးသားလေ့ရှိခဲ့သော မြန်မာစာပေလောကမှ နဘေထပ်များ၊ ခက်ခဲနက်နဲသော ဝေါဟာရများဖြင့် ပြည့်သည့်ဝတ္ထု၊ ဆောင်းပါးအရေးအသားများကို စွန့်ပယ်၍ ရှင်းရှင်းနှင့် တိုတိုပြတ်ပြတ် ရေးသားသော စကားပြေစာပေအဖွဲ့အနွဲ့မျိုးကို ဆိုလိုသည်။ ရှေးအရေးအသားကို ချန်ထားခဲ့ပြီး စာပေအရေးအသားသစ်ကို တီထွင်၍ မြေစမ်းခရမ်းပျိုးကြရန် ကြိုးစားသောခေတ်ဖြစ်သောကြောင့်လည်း ခေတ်စမ်းစာပေခေတ်ဟု အမည်တွင်ခဲ့လေသည်၊ ခေတ်စမ်းစာပေခေတ်ကို ဦးဆောင်၍ ရေးသားကြသူတို့ထဲတွင် သိပ္ပံမောင်ဝမှစ၍ ညိုမြအထိ တက္ကသိုလ်ကျောင်းထွက် စာရေးဆရာ

www.burmeseclassic.com



ပေါက်စများက ဦးဆောင်၍ စာရေးဆရာအများအပြားပင် ပါဝင်ရေးသားကြခြင်းဖြစ်သည်။ သိပ္ပံမောင်ဝ၏ အရေးအသားများမှာ လက်ရာမျိုးစုံ၍ ဟာသ၊ သဘာဝ၊ အလွမ်းအဆွေး ရသစုံ ဖွဲ့နွဲ့ရေးသားသည်။ ညိုမြကား သရော်စာ လှောင်စာများကို အရေးများသူဖြစ်သည်။

ထိုအချိန်တွင် တစ်ဖက်မှ ပြောင်မြောက်သော မြန်မာစာရေးဆရာများ ပေါ်လာသည်။ သူတို့သည် ရှေးမြန်မာစာပေလောကမှ ဗေဒင်နှင့်ဆေးကျမ်းများကိုလည်းမရေး၊ သိပ္ပံမောင်ဝ၊ ညိုမြတို့ကဲ့သို့ ခေတ်စမ်းစာပေကိုလည်း မဖွဲ့၊ မြန်မာစာဖတ်ပရိသတ်အတွက် ဗဟုသုတလည်းရှိစေ၊ ဖတ်၍လည်း စိတ်ဝင်စားစေရန် ရည်ရွယ်ချက်ဖြင့် စာအုပ်များရေးသားကြခြင်း ဖြစ်ပေသည်။ ယင်းတို့အထဲတွင် ကြီးပွားရေး ကျမ်းရေးသူလည်းရှိ၍ မြန်မာ့သူရဲကောင်းများ၏ စွမ်းရည်သတ္တိကို ဖွဲ့နွဲ့ရေးသားသူလည်းပါသည်။ ရှေးမြန်မာစာဆိုတော်ကြီးများ၏ အတ္ထုပ္ပတ္တိများ တိမ်မြုပ်မသွားစေလိုသောဆန္ဒဖြင့် ကြိုးစားရေးသားကြသူများလည်းရှိသည်။ အောက်ပါ ဆောင်းပါးမှာ ယင်းစာအုပ်များအပေါ် ဦးသန့်မြင်သည့်အမြင်ကို ဂန္ထလောကမဂ္ဂဇင်းတွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။ စာပေရေးသားမှုကို ချစ်မြတ်နိုးသူဖြစ်သည့်အားလျော်စွာ ရေးလမ်းဟောင်းမှ ဖဲခွာ၍ လမ်းသစ်ထွင်ပြီးလျှောက်ကြသော စာရေးဆရာများ၏ ဆောင်ရွက်မှုကို သူမည်မျှ ဝမ်းမြောက်ကြောင်း ဦးသန့် ဖော်ပြထားလေသည်။

## ၁၉၃၃–ခုနှစ်အတွင်း မြန်မာစာပေ

### ရေးသူ–ဦးသန့်

၁၉၃၃–ခုနှစ်သည် မြန်မာစာပေအတွက် အထူးမှတ်သားထိုက်သော နှစ်ထူးနှစ်မြတ်ကြီး ဖြစ်ပေသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်ကစ၍ မြန်မာလူမျိုးတို့သည် မြန်မာစာပေကို အမြတ်တနိုးပြုလျက် ရေးခြင်း၊ ပြောခြင်း၊ တိုက်တွန်းအားပေးခြင်း ပြုလာကြပေသည်။



ထိုသို့အားပေးကြသည့်အတိုင်းလည်း လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ရှေးက မကြုံဖူး မကြားဘူးသော စာကောင်းပေကောင်းအချို့ ပေါ်ပေါက်လာပေသည်။ ရှေးအခါက မြန်မာစာအုပ်ကောင်းဟူ၍ မိမိရရ ရှိသည်မှာ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဘာသာရေးကျမ်းများနှင့် ပြဇာတ်စာအုပ်ငယ်အချို့ကိုသာ တွေ့နိုင်ပေသည်။ ယခုခေတ်သစ်မှာမူကား ရာဇဝင်၊ ပထဝီဝင်၊ ဓနဗေဒ၊ တိုင်းရေးပြည်ရေး၊ လောကဓါတ်ပညာများစသော ဘာသာတို့နှင့် စပ်လျဉ်းသော စာအုပ်ကောင်းများ ပေါ်ပေါက်လာပေသည်။ ၁၉၃၂–ခုနှစ်တွင် ပကိုင်ငိုအမည်ခံ မထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးသည် ကြီးပွားချမ်းသာရေးလမ်းညွှန်ဟူသော အမည်ဖြင့် ကျမ်းတစ်ခုကိုပြုပေ၏။ ထိုစာအုပ်မျိုးကို ရှေးအခါက မြန်မာဘာသာဖြင့် မရေးသားဖူးသည်လည်းတကြောင်း၊ ရေးသားပုံမှာလည်း အလွန်ထိ၊ အလွန်မိသဖြင့်လည်းတကြောင်း ထိုစာအုပ်အကြောင်းကို အထူး အရေးယူလျက် ပြောဆိုရေးသားကြပေသည်။ ထိုစာအုပ်မှာ ဖတ်သူအား အလွန်စိတ်တက်ကြွစေ၏။ ယခုခေတ်နှင့် အလွန်ကိုက်၏။

ဦးဖိုးစိန်ကြီး အလွမ်းကောင်းသဖြင့် ကြည့်ရှုသူများမှာ မလွမ်းဘဲမနေနိုင်သကဲ့သို့ ထိုစာအုပ်၏ အဆွဲအငင်ကောင်းခြင်းကြောင့် ဖတ်ရှုသူများ စိတ်မကြွဘဲမနေနိုင်။ ထိုစာအုပ်သည် အလွန်ကောင်းပါ၏၊ ကောင်းပါပေ၏ဟုသာ ဆိုနိုင်တော့သည်။ ထိုစာအုပ်ကို ချီးကျူးရန် ဝိသေသနစကားကို တွေး၍မရဖြစ်ပေသည်။ ထိုနောက် ၁၉၃၃–ခုနှစ်သို့ ရောက်၍လာ၏။ ထိုနှစ်ကား မြန်မာစာပေတိုးတက်ရေးတွင် အထူးမှတ်သားထိုက်သောနှစ်ကြီးဖြစ်ပေသည်။ ကြီးပွားချမ်းသာရေးကဲ့သို့သော စာအုပ်များ မပေါ်ပေါက်သည်မှာမှန်ပါ၏။ မယ်မယ်ရရ ဝတ္ထုကောင်းများ မပေါ်ပေါက်သည်မှာလည်း မှန်ပါ၏။ ပီမိုးနင်း၏ လက်စွမ်းကုန်ရေးသားထားသော ဝတ္ထုရှည်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ထိုနှစ်များတွင် မဖတ်ရ။ သို့ရာတွင် ကျွန်ုပ်မှတ်မိသလောက်မှာ ၁၉၃၃–ခုနှစ်ကဲ့သို့ စာအုပ်အမျိုးစုံသောနှစ် မရှိခဲ့ချေ။ ဤစကားမှန်၏။ နှစ်စသည်နှင့်တပြိုင်နက် ဦးထွန်းဖေ၏ မြန်မာစာအတ္ထုပ္ပတ္တိကျမ်း ပေါ်ပေါက်လာ၏။ ဤစာအုပ်မျိုး ရှေးအခါက မြန်မာဘာသာဖြင့် မပေါ်ပေါက်ခဲ့ဘူးကြောင်းကို အများပင် သိရှိကြပေသည်။

တစ်သီးတစ်ခြား ရေးသားအပ်သော စာဆိုပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိတို့ကို ကျွန်ုပ်တို့ ဖတ်ရဘူး၏။ သို့ရာတွင် ထိုကဲ့သို့ အကြောင်းအရာ အတ္ထုပ္ပတ္တိတို့ကို စီစဉ်ကာ ရေးသားထားသော စာအုပ်စာတမ်းဟူ၍ မရှိခဲ့သေးချေ။ လက်ဦးအစထွင်သော စာအုပ်ဖြစ်၍ အမှားအယွင်းများလည်း အနည်းငယ်ရှိပေ၏။ ထိုကဲ့သို့ ကွန့်၍ ရေးသားရသော စာအုပ်တို့တွင် ပါမြဲ ဓမ္မတာဖြစ်၏၊ သို့ရာတွင် ထိုမျှလောက် ဖတ်ချင်စဖွယ်ကောင်းအောင် ရေးသားသူအား အထူးချီးမွမ်းအပ်ပေသည်။ ထိုနောက် သူရိယဦးသိန်းမောင်၏ သူရဲကောင်းလေးဦးကို တွေ့ရပေသည်။ မင်းရဲကျော်စွာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည် တစ်ဦးပြီးတစ်ဦး ရဲရင့်စွာပေါ်ထွက်လာကြသည်။ စာအုပ်တစ်အုပ်ကို ကောင်းသည် ဆိုးသည်ဟု ဝေဖန်ရာ၌ စာအုပ်ရေးသူ၏ ရည်ရွယ်ချက်ကို ပထမသိရှိရန်လိုအပ်ပေသည်။ ထိုသို့ ရည်ရွယ်ချက်ကို မသိရှိဘဲ ဝေဖန်ပါမူ တရားသော ဝေဖန်ချက်ကို ရနိုင်မည်မဟုတ်ပေ။

အကယ်၍ ဦးသိန်းမောင်သည် ထိုစာအုပ်လေးအုပ်ကို ရေးသားရာ၌ အတ္ထုပ္ပတ္တိသက်သက် ရေးသားရန် ရည်ရွယ်မူ ကျွန်ုပ်သည် ဦးသိန်းမောင်ကို များစွာမချီးမွမ်းလိုပေ။

ထိုရေးနည်းသည် ခေတ်ဆန်သော အတ္ထုပ္ပတ္တိရေးနည်းမဟုတ်ပေ။ သို့ရာတွင် ဦးသိန်းမောင်၏ ရည်ရွယ်ချက်မှာ ဖတ်ရှုသူမြန်မာလူမျိုးတို့၏ စိတ်တွင် ကောင်းသော ဇာတိသွေး



ဇာတိမာန်တက်ကြွစေရန် ရည်သန်ရင်းစွဲရှိသည်ဟု သိရသဖြင့် ထိုစာအုပ်များကို ကျွန်ုပ်သည် များစွာချီးမွမ်းပါ၏။ ထိုရေးနည်းမှာသာလျှင် ရည်ရွယ်ချက်နှင့် ပြည့်စုံပေလိမ့်မည်။ ထိုစာအုပ်များနှင့် ပတ်သက်၍ ရေးသူအား အထူး ချီးမွမ်းဖွယ်ကောင်းသောအချက်ကား...ရှာဖွေစုဆောင်းခြင်းနှင့် သင့်တော်သလို ပြုပြင်မွမ်းမံခြင်းပင်ဖြစ်ပေသည်။ ထိုကဲ့သို့ အရေးအသားကို ရှေးက မြန်မာဘာသာဖြင့် မတွေ့ရခြင်းကြောင့်လည်း ၁၉၃၃–ခုနှစ်သည် ထူး၏ဟု ကျွန်ုပ်ဆိုပေသည်။ ဦးသိန်းမောင်ယင်းစာအုပ်များကို ရေးသားရာ၌ ဖတ်မည့်သူ၏ သဘောကိုလည်းနားလည်၏။ ထိုကဲ့သို့ စာအုပ်များကိုဖတ်လျှင် ပျင်းရိတတ်၏။ ထို့ကြောင့် အပျင်းပြေစေရန် အချို့သောနေရာများတွင် ဝတ္ထုကြောင်းဖြင့် ရေးသားထားပေသည်။ ထိုသို့ရေးသားရာ၌လည်း တိမ်းပါးချွတ်ယွင်းချက်ကို ရှာ၍မရချေ။

ငင်းနောက် ၁၉၃၃–ခုနှစ်တွင် စီးပွားရေး၊ ပညာရေးနှင့် စပ်လျဉ်း၍ ဦးလှဘေရေးသော စာအုပ်များကို တွေ့ရ၏။ ကျွန်ုပ်သည် ထိုစာအုပ်များ၏ အဆိုးအကောင်းကို ဝေဖန်ရန် မစွမ်းပေ။ သို့ရာတွင် ယခုအခါ၌ ထိုစာအုပ်များ အလွန်တရာ လိုအပ်သည့်အကြောင်းကိုမူကား ကျွန်ုပ်ကောင်းစွာသိသည်။

ထိုစာအုပ်များပေါ်ပေါက်လာသည်မှာ မြန်မာလူမျိုးတို့သည် စီးပွားရေးဘက်တွင် ရှေးကထက် ပိုမို ဂရုစိုက်လာကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။ မြန်မာရာဇဝင်ပညာတွင်ကြည့်မူလည်း ၁၉၃၃–ခုနှစ်သည် မှတ်သားထိုက်ပေ၏။ ထိုနှစ်တွင် ပေါ်ပေါက်သော စာအုပ်များအနက် ဦးအုံးမောင်၏ မြန်မာရာဇဝင်သစ် ပထမတွဲနှင့် ဦးဘိုးကျား၏ ကျောင်းသုံးရာဇဝင်တို့ကိုသာ ဖတ်ရပေသည်။ ဦးအုံးမောင်၏ ရာဇဝင်သစ်မှာ အမည်နှင့်လိုက်အောင် ဆန်းသစ်သော စာအုပ်ဖြစ်ပေသည်။ ရှေးက ရေးသားနေကျ မြန်မာရာဇဝင်တို့နှင့် မတွေ့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဆန်ဆန် ရေးသားထား၏၊ ရာဇဝင်တွင် ဖြစ်ပွားသော အဖြစ်အပျက်များ အပေါ်တွင် စာရေးသူ၏ ထင်မြင်ချက်ပါရှိရာ ၎င်းတို့မှာ အထူးအဖိုးတန်ပေသည်။ ဦးဘိုးကျား၏ ကျောင်းသုံးရာဇဝင်မှာ လည်း တိုတိုတုတ်တုတ်နှင့် လိုရင်းကို ရောက်ပါပေသည်။

အခြားကျောင်းသုံးအတွက်နှင့် ရည်ရွယ်၍ ထုတ်ဝေကြသော စာအုပ်အများပင် ရှိသေးသည်။ ၎င်းကာစာအုပ်မှ မှတ်စုစာအုပ်များမှာလည်း အများအပြားပင်။ ၁၉၃၃–ခုနှစ် ကုန်လုနီးတွင် ကြီးပွားရေးမဂ္ဂဇင်းနှင့် တိုးတက်ရေးမဂ္ဂဇင်း နှစ်စောင် ပေါ်ထွက်၍ လာပြန်သည်။ ထို့ကြောင့် မဟုတ်လော။ ၁၉၃၃–ခုနှစ်သည် ထူးသည်ဟု ကျွန်ုပ်ဆိုသည်။

ကြီးပွားရေးမဂ္ဂဇင်းကို လူငယ်များ ကြီးပွားရေးအသင်းမှ ထုတ်ဝေ၍ တိုးတက်ရေးမဂ္ဂဇင်းကို ကြီးပွားချမ်းသာရေး စာအုပ်ရေးသူ ဗဂျိဂို အမည်ခံသူက ထုတ်ဝေလေသည်။ သတင်းစာ မဂ္ဂဇင်းထုတ်ဝေရာ၌ ဆောင်းပါးများ၏ အကောင်းအဆိုး၊ ပျော်မပျော်၊ ထုတ်ဝေသူတို့၏ အာသီသနှင့် စပ်လျဉ်း၍ ဖတ်ရှုသူများ၏စိတ်တွင် ညီညွတ်ရန် ခဲယဉ်းပေသည်။ ကမ္ဘာပေါ်တွင် မည်သည့်သတင်းစာမှ ထိုအပြစ်က မလွတ်နိုင်ပေ။ ထိုမဂ္ဂဇင်း နှစ်မျိုးမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်မည်မှာ မလွဲနိုင်ပေ။ အချို့ကြိုက်သော ဆောင်းပါးကို အချို့မကြိုက်၊ အချို့က အကောင်းဆုံးဟုထင်သော ဆောင်းပါးကိုပင် အချို့က အညံ့ဆုံးဟု ထင်ချင်ပေလိမ့်မည်။

ထို့ကြောင့် သတင်းစာ၊ မဂ္ဂဇင်းတို့သည် အများအကြိုက်ကို လိုက်၍မကြည့်ရာ။ အများအကြိုက်ကို လိုက်၍လည်း မဖြစ်။ ထုတ်ဝေသူ၏ ရည်ရွယ်ချက်အတိုင်းသာလျှင် လိုက်နာသင့်ပေသည်။ ဤအချက်များကိုထောက်၍ အထက်ပါ မဂ္ဂဇင်းနှစ်မျိုးစလုံးတွင် ကျွန်ုပ် အပြစ်မမြင်ပေ။ ထုတ်ဝေသူတို့၏



အရည်အချင်းကိုထောက်၍ မဂ္ဂဇင်း နှစ်မျိုးစလုံးပင် တည်တံ့မည် ထင်မြင်ရလေသည်။

တိုးတက်ရေး မဂ္ဂဇင်းတွင် ဆောင်းပါးများကို စီစဉ်ပုံမှာ အမေရိကန်ပြည်မှထုတ်သော မဂ္ဂဇင်းအချို့နှင့်တူ၏။ ဥပမာ နာမည်ကျော် အမေရိကန်ဂျာနယ် (**Saturday Evening Post**) သည် ၎င်းအတိုင်းပင် ဆောင်းပါးများကို စီစဉ် ရိုက်နှိပ်သည်။ အင်္ဂလန်ပြည်ထုတ် မဂ္ဂဇင်းများတွင်လည်း (**Nash Magazine**) သည် ထိုနည်းအတိုင်းပင် စီစဉ်၏။ ဆောင်းပါး ခေါင်းစဉ်များကို အလွယ်တကူ သိရှိနိုင်မည် ဖြစ်သော်လည်း ဖတ်နေသော အာသာပြတ်သွားတတ်သည်။ ဤကား ကျွန်ုပ်ထင်မြင်ချက်ပင် ဖြစ်သည်။ စက္ကူမှာ အနည်းငယ် ညံ့သွားသလားမဆိုနိုင်။ ကြီးပွားရေး မဂ္ဂဇင်းတွင် တစ်ခုဆိုစရာကား ဆောင်းပါးများမှာ တိုလွန်းသည်။ ဤတွင် လစဉ်ထုတ် မဂ္ဂဇင်းနှင့် ရက်သတ္တပတ်ထုတ် ဂျာနယ်တို့ ကွာခြားပုံတည်း။ ခုနစ်ရက်တစ်ကြိမ်ထုတ်ရသော ဂျာနယ်တို့မှာ ဆောင်းပါးတိုရ၏။ ဖတ်စရာမှတ်စရာများကို မည်သူမဆို မပင်ပန်းဘဲ အချိန်တိုနှင့်ဖတ်ပြီးအောင် အကျဉ်းချုံးရေးသားလေ့ရှိ၏။ လစဉ်ထုတ်များမှာမူကား စိတ်ရှည် လက်ရှည်နှင့် အေးအေး ဆေးဆေးဖတ်ရန် ရည်ရွယ်ချက် ရှိသင့်ပေသည်။

ဤသည်လည်း ကျွန်ုပ်ထင်မြင်ချက်မျှသာ ဖြစ်ပေသည်။ ဇန်နဝါရီလ ကြီးပွားရေးမဂ္ဂဇင်းတွင် အထက်ပါချို့ယွင်းချက်ကို မတွေ့ရသဖြင့် အထူးဝမ်းမြောက်ရပေသည်။ နှစ်ကုန်ခါနီးတွင် ဦးဖိုးစိန်ထုတ်သော ပညာသင်ကျမ်းစာမဂ္ဂဇင်းကို တွေ့ရ၏။ ရည်ရွယ်ချက်မှာ အထူးကောင်းမွန်၏။ သို့ရာတွင် ထုတ်ပုံနည်းမှာ မကောင်းလှချေ။ ဦးဖိုးစိန်၏ ရည်ရွယ်ချက်မှာ နှစ်ကုန်သောအခါ ဆိုင်ရာအခန်းများကို တသပ်စီ ထုတ်ယူ စုဆောင်း၍ စာအုပ်ချုပ်ရန်ဖြစ်၏။ နှစ်ကူးသောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



ငှင်းစာအုပ်များကိုဖုံးရန် အဖုံးများကို ပေးမည်ဟု ဆို၏။ ထို့ကြောင့် နှစ်ကုန်သောအခါ စာဖတ်သူတို့က အခန်းများကို ဖြတ်ထုတ်စီစဉ်ပြီးလျှင် ပေးပို့မည့်အဖုံးနှင့် စာပုံနှိပ်စက်တစ်ခုတွင် ဖြတ်ရန်အလုပ်များ ပိုလာပေသည်။ ထို့ကြောင့် မဂ္ဂဇင်းကို ဖတ်သူတို့မှာ အလုပ်များပေဦးမည်။ ထိုသို့ ထုတ်သောနည်းမှာ အင်္ဂလန်စသော တိုင်းပြည်တို့၌ ဝန်မလေးလှသော်လည်း မြန်မာနိုင်ငံ၌တွင် မသင့်လျော်လှချေ။

ထိုသို့ထုတ်ဝေမည့်အစား ဦးဖိုးစိန်သည် မဂ္ဂဇင်းတွင် တစ်နှစ်တွက် ပါရှိမည့်အခန်းများကို သီးသန့်လျက် စာအုပ်များ ရိုက်နှိပ်ရောင်းချပါမူ သာ၍ သင့်မြတ်ပေလိမ့်မည်။ ဤကား အကြံပေးချက်မျှသာတည်း။

၁၉၃၃–ခုနှစ်ထူးကြီး၏အကြောင်းကို အဆုံးမသတ်မီ ငှင်းနှစ်တွင် မြန်မာဝတ္ထုအရေးအသား တိုး၏လော၊ ဆုတ်၏လော ဟူသော အမေးကို စဉ်းစားရန် သင့်ပေလိမ့်မည်။ ကျွန်ုပ်၏အဖြေမှာ ဝတ္ထုအရေးအသားသည် တိုးတက်သည်ဟူ၍ မယ်မယ်ရရ ပြစရာမရှိ၊ သို့ရာတွင် ဆုတ်ယုတ်၍ကား မသွားပေ။ သူရိယမဂ္ဂဇင်းကို မှန်မှန်ဖတ်သောသူသည် မြန်မာဝတ္ထုအရေးအသား ဆုတ်ယုတ်ခြင်းမရှိကြောင်း တွေ့ရပေလိမ့်မည်။ အချို့သော ဝတ္ထုကလေးများမှာ အထူးကောင်းမွန်လှပေသည်။ မြန်မာဝတ္ထုတိုကောင်းများကို စုဆောင်း၍ ပုံနှိပ်ရလျှင် မြန်မာဝတ္ထုအရေးအသား တိုးတက်ရန်လမ်းရှိပေသည်။ ဝတ္ထု အရေးအသားတွင် ပီမိုးနင်းရေးသော သဲမြည့ာဝတ္ထုအဆင့်အတန်းကို မီသော ဝတ္ထုမပေါ်ပေါက်သေးချေ။

ဂန္ထလောကတွင် ရေးသားနေကျ သိပ္ပံမောင်ဝ အစရှိသော စာရေးဆရာသစ်များမှာလည်း မြန်မာစာပေ၏ လမ်းခရီးတွင် စခန်းသစ်ထွင်ကြပေ၏။ ခေတ်နှင့်လျော်ညီ၏။ ဆန်းလည်းဆန်း၏။ အတုယူသူလည်း ပေါများလာ၏။ မြန်မာလူမျိုးတို့



**အနေအထိုင် အစားအသောက် အပြောအဆို ပြောင်းလဲသကဲ့သို့ အရေးအသားသည်လည်း မသိမသာ ပြောင်းလဲလာပေ၏။ နောက်များမကြာမီ မြန်မာစာအရေးအသားနှင့် အယူအဆတို့မှာ သိသိသာသာ ပြောင်းလဲမည်မှာ မလွဲနိုင်ပေ။ ယခုခေတ် မြန်မာစာအရေးအသားသည် အင်္ဂလိပ်ဆံထောက်ထား၍ နောက်ပိတ်ဖိနပ်စီးသောသူနှင့် ထိုးကွင်းထိုး၍ သျှောင်ထားသော သူနှစ်ဦး ကွာခြားသကဲ့သို့ ကွာခြားပေသည်။**

**မောင်သန့်**

ဦးသန့်သည် အင်္ဂလိပ်ဘာသာနှင့် စာစကားကို နှံ့စပ်ကျွမ်းကျင်၍ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများကို အများဆုံးရေးသူ ဖြစ်သော်လည်း မြန်မာဘာသာဖြင့် ထုတ်ဝေသော စာအုပ်စာတမ်းများကိုလည်း မလွတ်တမ်း ရှာဖွေဖတ်ရှုတတ်သူဖြစ်ကြောင်း အထက်က ဖော်ပြခဲ့ပြီးပြီ။ ၁၉၃၃–ခုနှစ်အတွင်း မြန်မာစာပေဆောင်းပါးကို ဖတ်ရသောအခါတွင် ဦးသန့်၏ မြန်မာစာအုပ်များအပေါ် ထားရှိသောအမြင်ကို သိလာရသည်။ သူသည် ပီမိုးနင်း၏ ပြောင်မြောက်သော ဝတ္ထုရှည်ကြီးများကို နှစ်သက်စွာ ဖတ်ရှုတတ်သလိုပင် ဦးသိမ်းမောင်၏ မြန်မာသူရဲကောင်းလေးဦးကဲ့သို့သော အတ္ထုပ္ပတ္တိဆိုင်ရာ စာအုပ်များမှအစ ဦးထွန်းဖေ၏ မြန်မာစာ အတ္ထုပ္ပတ္တိကျမ်းအလယ်၊ ဦးအုံးမောင်၏ ကျောင်းသုံးရာဇဝင်စာအုပ်အဆုံး ထွက်သမျှတစ်ပြုံလုံးကို မမှန်းတမ်းလေ့လာဖတ်ရှုရန် ဝန်မလေးသည်ကိုလည်း အကဲခတ်၍ ရပေသည်။

၁၉၃၃–ခုနှစ်ထုတ် စာအုပ်များ ရသစုံစုံ ပေါ်ထွက်လာခြင်းကြောင့် ဦးသန့်သည် များစွာကျေနပ်သွားခဲ့၏။ သူသည် သူ၏ ဝမ်းသာမှုကို ရင်ထဲမှာ သိမ်းဝှက်မထား။ ဆောင်းပါးရေး၍ ဂန္ထလောကမဂ္ဂဇင်းသို့ ချက်ချင်းပို့လိုက်လေသည်။ သို့သော် သူ့စိတ်ထဲတွင် ပြင်ဆင်သင့်သည်ထင်သည်ကို သူ၏ဆောင်းပါးတွင် ပေါ်ပေါ်လွင်လွင်ပင် ရေးသားဖော်ပြခဲ့သည်ကိုလည်း တွေ့ရသည်။ သူကား မြန်မာစာပေလောက ကြီးပွားမြင့်မား တိုးတက်ရေးနှင့်ပတ်သက်လာလျှင် မိမိတတ်စွမ်းသည့်ထောင့်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ထမ်းတစ်ရွက်ဝင်၍ ဆောင်ရွက်လိုက်ရမှ ကျေနပ်သူဖြစ်လေသည်။ ဦးသန့်နှင့် တစ်ခေတ်ထဲပင် မြန်မာစာပေလောက၏ အနိမ့်အမြင့် အတိုးအဆုတ်ကို စောင့်ကြည့်ဝေဖန်တတ်သူ တစ်ဦးမှာ ခေတ်စမ်းစာပေခေါင်းဆောင်တစ်ဦးဖြစ်သူ သိပ္ပံမောင်ဝဖြစ်လေသည်။ သိပ္ပံမောင်ဝမှာ ဦးသန့်ထက်စော၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့သူ ဖြစ်လေသည်။ သို့သော် ဦးသန့်ကဲ့သို့ အင်္ဂလိပ်ဘာသာဆောင်းပါးများကို သိပ်ရေးလေ့မရှိပေ။ သိပ္ပံမောင်ဝကို ဦးသန့်အလွန် လေးစားခင်မင်သည်။ သိပ္ပံမောင်ဝ၏ အရေးအသားဟန်ကို ဦးသန့်နှစ်သက်သဘောကျခဲ့ပေသည်။

## ဦးသန့်၏ တိုးတက်သောအမြင်

ဦးသန့်သည် စစ်ကြိုခေတ်က အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုတွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ခဲ့သော နဂါးနီစာစောင်တွင်လည်း ဆောင်းပါးများ ရေးသားခဲ့လေသည်။ အောက်ပါ ဆောင်းပါးများမှာ ထိုခေတ်က ဒို့ဗမာအစည်းအရုံး၏ လှုံ့ဆော်မှုဖြင့် အလုပ်သမား၊ လယ်သမား အရေးအခင်းများကို စိတ်ဝင်စားနေကြသော မြန်မာလူထုကြီးအတွက် ဆိုရှယ်လစ် သဘောတရားရေးရာများကို ထပ်မံဖြည့်စွက် နှိုးဆော်ပေးလိုက်သော ဦးသန့်၏ လက်ရာကောင်းတစ်ပုဒ် ဖြစ်သည်။ ယင်းဆောင်းပါးမှာ စစ်ကြိုခေတ် နဂါးနီစာစောင်တွင် ဖော်ပြခဲ့သည်။ ကမ္ဘာ့နိုင်ငံရေးနှင့် မြန်မာ့နိုင်ငံရေးကို ဦးသန့်မည်မျှ လေ့လာထားသည်ကိုလည်းကောင်း၊ မြန်မာလူထုသည် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲတွင် မည်သည့်လက်နက်ကို ကိုင်စွဲရမည်ဆိုသည်ထက်တိုးတက်သောအမြင်ကို ဦးသန့်က ညွှန်ကြားခဲ့သည်ကိုလည်းကောင်း ဤဆောင်းပါးက တိတိပပ ဖော်ပြထားပေသည်။

ရှားပါးလှသော ဦးသန့်၏ နိုင်ငံရေး ဆောင်းပါးတစ်ပုဒ်လည်းဖြစ်သည်။



## လက်ဝဲဂိုဏ်းများ၏ဝါဒ

### ရေးသူ–ဦးသန့် (ပန်းတနော်)

ကမ္ဘာပေါ်တွင် နိုင်ငံရေးဝါဒကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပေသည်။ ဝေါဟာရပညတ်အားဖြင့် လက်ျာဂိုဏ်းနှင့် လက်ဝဲဂိုဏ်းဟူ၍ ရှိ၏။ လူအများ နားလည်ကြသော မနေရှင်ဝါဒ၊ နိုင်ငံချဲ့ဝါဒတို့ကို လက်ျာဂိုဏ်းဟူ၍ ခေါ်ဝေါ်၏။ ဆင်းရဲသောဝါဒ (ဝါ) ဘုံဝါဒ (ဝါ) ဆိုရှယ်လစ်ဝါဒ စသည်တို့သည် လက်ဝဲဂိုဏ်းကြီးဖြစ်၏။ ယနေ့ ကမ္ဘာ့အရေးသည် လက်ဝဲနှင့် လက်ျာတို့ အပြိုင်အဆိုင် တိုက်နိုက်ကြသော အရေးပင် ဖြစ်၏။

စပိန်ပြည် စစ်ပွဲကြီးသည် စပိန်ပြည်၌ လက်ဝဲဂိုဏ်းကြီးစိုးမည့် အရိပ်အရောင်တို့ ဝဲပေါ်လာခြင်းကို လက်ျာဂိုဏ်းခေါင်းဆောင်များ ဖြစ်ကြသော ဂျာမဏီ၊ အီတလီတို့က ဝင်ရောက်ဖိနှိပ်ခြင်းပင် ဖြစ်သည်။ တရုတ် ဂျပန်စစ်ပွဲသည်လည်း တရုတ်ပြည်တွင်းသို့ လက်ဝဲဂိုဏ်း ရုရှားကွန်မြူနစ်ဝါဒ ပြန့်လာခြင်းကို တားဆီးသုတ်သင်ရန်အလို့ငှာ လက်ျာဂိုဏ်းဂျပန်တို့ စိုးရိမ်ကြောင့်ကြခြင်းကြောင့်ပင် မဟုတ်တုံလော။ ကမ္ဘာကြီး တစ်ခုလုံး၏ နောင်ရေးသည် ၎င်းစပိန်နှင့် တရုတ်ပြည်အရေးတို့တွင် တည်သည်ဟုဆိုလျှင် များစွာမှားမည် မဟုတ်ပေ။ လက်ဝဲနှင့် လက်ျာတိုက်ပွဲသည် ကမ္ဘာ့ရာဇဝင်ရှိ တိုက်ပွဲများထက် အဆပေါင်းများစွာ ပိုမိုကြီးကျယ်၏။

ထိုလက်ဝဲဂိုဏ်းတို့၏ အကျိုးအပြစ်များကို သေချာစွာ မစစ်ဆေးမီ လက်ဝဲဂိုဏ်းတို့၏ ဝါဒကို အကျဉ်းချုပ်ရေးပေအံ့။ မြန်မာနိုင်ငံ၌ ဒို့ဗမာအစည်းအရုံး၊ နဂါးနီအသင်း၊ ဖေဘီယန်အဖွဲ့၊ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့တို့သည် လက်ဝဲဂိုဏ်းဝင် အပါအဝင် ဖြစ်ပေ၏။ လက်ဝဲဂိုဏ်းတို့၏ မူလရည်ရွယ်ချက်

www.burmeseclassic.com

www.burmeseclassic.com



သည် လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ကြီးပွားရေးကို အလိုရှိ၏။ လွတ်လပ်မှသာ ငြိမ်းချမ်းမည်။ ငြိမ်းချမ်းမှသာ တိုးတက်ကြီးပွားနိုင်ပေလိမ့်မည်။ တိုးတက်ကြီးပွားရေး ဆိုသည်မှာလည်း ယဉ်ကျေးမှု၏ တိုးတက်ရေး၊ အများစီးပွားရေးတို့၏ တိုးတက်ရေးပင်ဖြစ်၏။ နှစ်ပေါင်းတစ်ရာကျော်က ကမ္ဘာတဝှမ်းလုံး တုန်လှုပ်ချောက်ချားခဲ့သော ပြင်သစ်သူပုန် အရေးကြီးသည် လွတ်လပ်ရေး၊ ညီမျှရေးနှင့် ခင်မင်ရေးတို့ကို အဓိကထား၍ သူဌေးဝါဒကို တိုက်ဖျက်ခဲ့ကြ၏။ လက်ဝဲဂိုဏ်းဝါဒကို စတင်တည်ထောင်ခဲ့ပေ၏။ ၁၉၁၇–ခုနှစ် ရုရှားသူပုန် အရေးတော်ကြီး အောင်မြင်ခြင်းသည် ကမ္ဘာပေါ်၌ လက်ဝဲဂိုဏ်းအင်အားကို ဦးစွာပထမ ပြခြင်းပေတည်း။

ညီမျှရေးဆိုရာ၌ လူတစ်ဦးနှင့်တစ်ဦး ညီမျှရမည်ဟု မဆိုလို။ အချို့ နားမလည်သောသူတို့က ဤသို့ဆိုသည်ဟု အယူရှိကြ၏။ လူတို့သည် မွေးကတည်းက တစ်ဦးနှင့်တစ်ဦး မညီမျှကြ၊ ဝသောသူ၊ ပိန်သောသူ၊ အရပ်ရှည်သောသူ၊ အရပ်ပုသောသူ၊ အသားဖြူသောသူ၊ အသားနက်သောသူ စသဖြင့် မွေးကတည်းကပင် ကွဲပြားကြကုန်၏။ အသို့လျှင် တစ်ဦးနှင့် တစ်ဦး ပုံသေကားချ ညီမျှကြမည်နည်း။

လက်ဝဲဂိုဏ်းသမားတို့သည် ဤသို့လျှင် တစ်ဦးနှင့် တစ်ဦး ညီမျှခြင်းကို တောင့်တသည်မဟုတ်။ တောင့်တ၍လည်း မဖြစ်နိုင်။ သို့ရာတွင် လူတိုင်းလူတိုင်းက အခွင့်အရေး ညီမျှစွာ ရှိကြရန်ကို အလိုရှိကြ၏။ မည်သူသည် မိဘချမ်းသာသဖြင့် ဉာဏ်အလယ်အလတ်နှင့်ပင် တက္ကသိုလ်သို့ ရောက်၏။ ဝိဇ္ဇာစာမေးပွဲကို အောင်၏။ ထိုလူကား မိဘဆင်းရဲသဖြင့် ဉာဏ်ကောင်းသော်လည်း တက္ကသိုလ်သို့ မသွားနိုင်၊ ဝိဇ္ဇာဘွဲ့ကို မရ။ ပထမပုဂ္ဂိုလ်ခံစားရသော အခွင့်အရေးတို့ကို ၎င်းပုဂ္ဂိုလ် မခံစားရ၊ ဤကား အခွင့်အရေး မညီမျှခြင်းပင်တည်း။ လက်ဝဲ



ဂိုဏ်းသားတို့၏ ဝါဒကား အခွင့်အရေး ညီမျှစွာ ရကြရမည် ဖြစ်၏။

လွတ်လပ်ရေးဆိုသည်မှာလည်း ဓနရှင်တို့က အမြတ်အစွန်းရရန်အတွက် လုပ်ငန်းကြီးများကို အုပ်ချုပ်စီမံခြင်း၊ စီးပွားရေး လက်ဝါးကြီးအုပ်ခြင်းသည် အများသော သူတို့၏ လွတ်လပ်ရေး အကျိုးခံစားရေး စသည်တို့ကို ပိတ်ပင်ခြင်းပင် ဖြစ်၍ လူတစ်ဦး၊ လူတစ်စုတို့က စီးပွားရေး ချယ်လှယ်သော ဝါဒကို ပယ်ဖျက်ပစ်ရမည်ဟုဆို၏။ အချုပ်သဘောမှာ လူတစ်ရာရှိသည့်အနက် တစ်ဦးက တစ်သိန်းချမ်းသာ၍ ၉၉–ဦးက တစ်ပြားမှမရှိခြင်းသည် ဆိုးရွားလှ၏။ ထိုကဲ့သို့ရှိမည့်အစား ညီတူနိုင်သမျှ တရားသဖြင့် စီးပွားရေးတွင် ညီတူပါမှ သာ၍ ကောင်းသည် မဟုတ်လောဟု လက်ဝဲဂိုဏ်းသားတို့ ဆိုကုန်၏။

ငြိမ်းချမ်းရေးကို အလိုရှိသူဆိုရာမှာလည်း စစ်ဖြစ်ခြင်းသည် လက်ဝဲဂိုဏ်းသားတို့ တောင့်တအပ်သော အကျိုးတရားတို့ကို ပျက်ပြားစေလေသည်။ လောဘ၊ ဒေါသ၊ မောဟတို့သည် ငြိမ်းချမ်းရေးကို ပိတ်ပင်ဖျက်ဆီးကြကုန်၏။ စစ်သည် အလိုမရှိအပ်၊ နိုင်ငံချဲ့ထွင်ရေးသည် လွတ်လပ်ရေး ဖျက်ဆီးခြင်းမည်၏။ ဓနရှင်လူတစ်စု၏ အကျိုးမျှသာဖြစ်၏။ ဆင်းရဲသားတို့၏ အကျိုး စိုးစဉ်းမျှမပါ။ ထို့ကြောင့် လက်ဝဲဂိုဏ်းသားတို့သည် စစ်ကို သေမင်းကဲ့သို့ ကြောက်ရွံ့ကြကုန်၏။

မြန်မာပြည် လက်ဝဲဂိုဏ်းသားတို့၏ လုပ်ငန်းသည် အင်္ဂလန်ပြည်၊ ပြင်သစ်ပြည်၊ ရုရှားပြည်စသော ပြည်တို့ရှိ လက်ဝဲဂိုဏ်းသားတို့၏ လုပ်ငန်းထက် ကြီးလေး၏။ ထိုပြည်တို့တွင် နိုင်ငံလွတ်လပ်ရေးရှိသဖြင့် တစ်ထစ်ပို၍ လွယ်ကူ၏။ မြန်မာပြည်တွင်မူကား ထိုလွတ်လပ်ရေး မရှိသေးသဖြင့် ပထမလုပ်ငန်းသည် နိုင်ငံကို လွတ်လပ်အောင် လုပ်ရမည်ဖြစ်၏။ နိုင်ငံ မလွတ်လပ်ဘဲ မည်သည့်အရာကိုမျှ လုပ်၍မဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဂိုဏ်း၏ အလုပ်လည်း မဖြစ်နိုင်၊ လက်ျာဂိုဏ်း၏ အလုပ်လည်း မဖြစ်နိုင်၊ အထက်ဖော်ပြရာ လုပ်ငန်းတို့သည် နိုင်ငံလွတ်လပ်ပြီးမှသာလျှင် ပြုလုပ်နိုင်သော ကိစ္စများ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမလုပ်ငန်းသည် နိုင်ငံလွတ်လပ်ရေး၊ ဒုတိယလုပ်ငန်းသည် လက်ဝဲဂိုဏ်းဝါဒ ပြန့်နှံ့တည်တန့်ရေးပင်ဖြစ်၏။ ဖြောင်းပြန်လုပ်၍ အကျိုးများစွာ မမြင်ပေ။ မြင်းတစ်ကောင်ကို တိုင်တွင် ကြိုးဖြင့် ချည်နှောင်ထားသဖြင့် ကြိုးမီသမျှနေရာရှိ မြက်စာအာဟာရကိုသာ စားရ၏။ ခပ်လှမ်းလှမ်းရှိ စိမ်းစိုသောမြက်၊ ကြည်လင်သောရေတို့ကို မမှီဝဲရသဖြင့် ပိန်လှီလျက်ရှိချေ၏။ ထိုစိမ်းလန်းသောမြက်၊ ကြည်လင်သောရေတို့ကို မှီဝဲရလျှင် မိမိသည် သန်မာလန်းဆန်းလာမည်ကိုသိ၏။ သိသဖြင့် မြက်ကိုစားရန် ကြိုးစားမိ၏။ သို့ရာတွင် မိမိ၏ နှောင်ကြိုးမှ မလွတ်သမျှ စားလိုသောမြက်ကို မစားနိုင်၊ မီသမျှနှင့်ပင် တင်းတိမ်ရောင့်ရဲရ၏။ ထိုမြင်း၏ ပထမလုပ်ငန်းမှာ မိမိစားလိုသောမြက်ကို စားရန်ဖြစ်၏။ မြန်မာလူမျိုးမှန်သမျှ တစ်ယောက်မကျန် နှောင်ကြိုးမှ လွတ်ကင်းခြင်းဟူသော လွတ်လပ်ရေးကို ပထမ ရရှိအောင် ကြံဆောင်ပြီးမှသာလျှင် အလိုရှိသောလမ်း၊ အလိုရှိသောအစာတို့ကို စားသုံးနိုင်ကြရန် ကြိုးစားအပ်ကြပေသတည်း။

* * *

## ၇။ ဘာသာပြန်ဆရာ ဦးသန့်

၁၉၃၀-ပြည့်နှစ်ဆီမှစ၍ မြန်မာစာပေလောကတွင် ဘာသာပြန်စာပေများ ခေတ်စားစပြုလာသည်။ ထိုခေတ်က မြန်မာစာဖတ်ပရိသတ်များ၊ ဘာသာပြန်စာပေများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် နာမည်ရ စာရေးဆရာများ ပါဝင်ရေးသားသော ဂန္ထလောကမဂ္ဂဇင်းက အထူးကြိုးစားဆောင်ရွက်ခဲ့သည်။ ဆရာဇော်ဂျီ၏ မဟာဆန်ချင်သူ ပြဇာတ်ကို ဂန္ထလောကမဂ္ဂဇင်းတွင် အခန်းဆက် ထည့်သွင်းဖော်ပြခဲ့သည်။ ထိုပြဇာတ်မှာ နာမည်ကျော် ပြင်သစ် စာရေးဆရာကြီးတစ်ဦး၏ စာပေကို မြန်မာပုံစံသွင်း၍ ဆရာဇော်ဂျီက ခပ်ပြောင်ပြောင်ကလေး ရေးချထားသော ပြဇာတ်ဖြစ်သည်။ အလားတူပင် ဒေါက်တာဂွမ်လျောင်စသော စာရေးဆရာများကလည်း ဂန္ထလောကတွင် ဘာသာပြန်ရေးကြသည်။

ညိုမြ၊ သိပ္ပံမောင်ဝ စသော နာမည်ရ စာရေးဆရာများကလည်း ကောင်းနိုးရာရာ နိုင်ငံခြားစာပေအချို့ကို ဂန္ထလောကမဂ္ဂဇင်းအတွက် မြန်မာပြန်ပေးကြလေသည်။

ဂန္ထလောကသည် ထိုမျှနှင့် မကျေနပ် မရောင့်ရဲ။ မြန်မာစာဖတ်ပရိသတ်များ၊ ဘာသာပြန်စာပေများ၏ အရသာကို ထို့ထက် ပိုမိုရင်းနှီးစေလိုသော ရည်ရွယ်ချက်ဖြင့် ဂန္ထလောကတွင် ဘာသာပြန်ပြိုင်ပွဲတစ်ရပ် ဖွင့်လှစ်ပေးခဲ့သည်။ အောက်တွင် ဖော်ပြထားသော "စလေအညာက ပြွေဆရာအကြောင်း" ကဗျာမှာ ဘာသာပြန်ဆရာ ဦးသန့်၏လက်ရာဖြစ်သည်။ နာမည်ကျော် အင်္ဂလိပ်ကဗျာဆရာတစ်ဦးဖြစ်သော (**Robert Browning**)၏ (**The piedpiper of Hamelin**) ကဗျာရှည်ကြီးကို ဦးသန့်က မြန်မာလို ဆီလျော်အောင် ပြန်ဆို၍ ကဗျာအသွားအတိုင်း သိကုံးရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဗျာမှာ ဂန္ထလောကမဂ္ဂဇင်း၏ ဘာသာပြန်ပြိုင်ပွဲတွင် ပထမဆုရကဗျာ ဖြစ်လေသည်။ ကဗျာမှာ အင်္ဂလိပ်ကဗျာကို ဘာသာပြန်သည်ဆိုရုံမျှဖြင့် မူလဇာတ်လမ်း ဇာတ်သွားအတိုင်း သီဖွဲ့ရေးသားထားခြင်း မဟုတ်ပေ။ မြန်မာစာပေတွင် ဦးသန့်မည်မျှ ကျွမ်းကျင်နှံ့စပ်သည်ကို သူ၏ ဘာသာပြန်ချက်ကို ကြည့်၍ သိသာရသည်။

ဦးသန့်သည် မြန်မာစကားလုံး ကြွယ်ဝသူဖြစ်သည်။ ပေါရာဏစကားလုံးများလည်း အတော်ပင် ပြည့်ပြည့်ဝဝ လေ့လာမှတ်သားထားသူဖြစ်သည်။ ထိုအချက်ကို သူ၏ ဘာသာပြန်ကဗျာ၌ ဝေါဟာရနှင့် ပေါရာဏစကားလုံးများ ပြည့်ပြည့်စုံစုံ ဖောဖောသီသီ ထည့်သွင်းရေးသားထားသည်ကို ဖတ်ရှုရခြင်းဖြင့် သိရပေသည်။ ဦးသန့်၏ ဘာသာပြန်ကဗျာမှာ သူ့ခေတ်သူ့ပရိသတ်နှင့်ဆိုလျှင် များစွာအောင်မြင်ခဲ့သော ဘာသာပြန်စာပေဟု ဆိုရမည်ဖြစ်သည်။ ဦးသန့်၏ ဘာသာပြန်ကဗျာကို လူကြိုက်များခဲ့ကြသည်။ အင်္ဂလိပ်ကဗျာ ကဗျာဆရာ၏ဇာတ်လမ်းကို မြန်မာသဘာဝနှင့် လျော်ညီအောင် အညာစလေမြို့ကို နောက်ခံထား၍ ရေးဖွဲ့ထားခြင်းကပင် မြန်မာစာဖတ်ပရိသတ်အဖို့ သူ၏ ဘာသာပြန်စာပေကို နှစ်သက်မြတ်နိုးစရာဖြစ်ခဲ့ရပေသည်။

## စလေအညာက ဖြွေဆရာအကြောင်း

### ဦးသန့် ဘာသာပြန်ဆို သီကုံးသည်

(၁) အတီရှေးခါ၊ နှစ်ငါးရာက၊ ရွှေညာစခန်း၊ ဇရာကမ်း၌၊ လွှန်ဆန်းတင့်တယ်၊ နေချင်ဘွယ်သား၊ မည်ဝယ်သညာ၊ စလေရွာဟု၊ လူလာလူသွား၊ မြိစည်ကားသည်၊ တပါးရွာထူး၊ ရှိ၏ဘူးရှင့်၊ ပျော်မြူးရွှင်ပျောင်း၊ နေဖို့ကောင်းလည်း၊ အကြောင်းမသင့်၊ အခွင့်မသာ၊ အခါမဆိုက်၊ အခိုက်မကြုံ၊ ကံဆိုးဆုံ၍၊ ပုံယင်ပျားလင့်၊ ကြွက်ဘေးသင့်ရာ၊ အတင့်ရဲခြင်း၊ ထိုကြွက်မင်းတို့၊ ခပင်းလူခြေ၊ များထွေထွေကို၊ မနေဝံ့အောင်၊ ဘေးရန်ထောင်၏၊ ယခေါင်ရှေးဆီ၊ ပုဂံပြည်၌၊



တလီငှက်ကြီး၊ တသီးရှုးပျံ၊ တဖန်ဝက်ဆိုး၊ တမျိုးကျားမင်း၊ မင်းမူလျှဉ်းသို့၊ မယှဉ်းသေချာ၊ လူ့မှာမအေး၊ ခွေးကိုရန်ထောင်၊ ကြောင်ကိုသတ်ပြေး၊ ရွှေသွေးလူငယ်၊ ပုခက်ဝယ်ကို၊ ဝင်တွယ်ကိုက်ဖဲ့၊ နို့ပ်စက်ခဲ့၏၊ အိုးပုံခွက်လုန်၊ မကျန်ဟင်းသောက်၊ ဖွန်းကောက်ကောက်ကို၊ မျက်မှောက်လူရှေ့၊ ဝင်တိုးခွေ့ကာ၊ စားချင်ရာကို၊ အာသာပြင်းပြင်း၊ စားတုံနှင်းသည်၊ ကြွက်မင်းဘေးကြီး ဆိုက်ပုံတည်း။

(၂) ကြွက်မင်းဘေးကြီး၊ များထူဖြီးကာ၊ လူကြီးလူငယ်၊ အရွယ်မရွေး၊ မလေးမခန့်၊ လွန်ရဲဝံ့၍၊ အဝှန့်ပြောထူ၊ ကြွက်သိုက်ဟူ၏၊ မြို့သူမြို့သား၊ ရံခါများ၌၊ စကားစုရုံး၊ ပြောနေတုန်းဝယ်၊ မဆုံးမီပင်၊ ကြွက်တပ်ဝင်၍၊ ပျူပျုင်ပျစ်ပျစ်၊ သံကျယ်ဟစ်ကာ၊ ရှိစေရာ၏၊ သို့သာနေကြား၊ အကြံပါး၍၊ တတ်အားမနိုင်၊ လက်ချမှိုင်လျက်၊ ကြွက်နိုင်ငံစစ်၊ ဖြစ်ကြီးဖြစ်မည်၊ စိုးလှသည်ကြောင့်၊ မတည်မရပ်၊ ရှင်လူထပ်၍၊ ဇရပ်ရှိရာ၊ စုရုံးလာပြီး၊ ကြံရာကြံကြောင်း၊ နည်းလမ်းကောင်းကို၊ အပေါင်းများထွေ၊ ဆွေးနွေးပေသော်၊ မြို့နေလူကြီး၊ ပညာသီးတို့၊ ဝမ်းနည်းစိတ်ပျက်၊ ကိုရွှေကြွက်ကြောင့်၊ ပင့်သက်လှိုက်ဖို၊ မြို့ဝန်ကိုလျှင်၊ ပြစ်တင်ကဲ့ရဲ့၊ သင့်ဘယ့်နဲ့ကြောင့်၊ ကြံမှဲဖြစ်ခင်း၊ ကြွက်မရှင်းခဲ့၊ အတင်းကာရော၊ အခွန်လောတတ်၊ စည်းစိမ်မြတ်နှင့်၊ ဂုဏ်ဒြပ်ဆင့်ထောင်း၊ ဆယ်အိမ်ခေါင်းတို့၊ အကြောင်းအသို့၊ ကြွဖို့သင့်ပြီ၊ မကြံစည်လျှင်၊ အတည်မရ၊ နှင်ထုတ်ချမည်၊ ခြိမ်းချောက်သည်တွင်၊ တလီမြို့ဝန်၊ ကြောက်သွေးမွန်သည်၊ ခိုက်တုန်ဆတ်ဆတ် ဖြစ်၏တည်း။

(၃) ခိုက်တုန်ဆတ်ဆတ်၊ မတ်မတ်ရပ်၍၊ ပါးစပ်ဖွင့်ဟပြောရသည်မှာ၊ များတကာတို့ ကျုပ်မှာကိစ္စ၊ ကြံမရပြီ၊ မဆဝန်ကြီး၊ ထမ်းရွက်ပြီး၍၊ မှားကြီးမှားသည်၊ တပါးအရပ်၊ ရောက်တုံလတ်လျှင်၊ စိတ်မြတ်ရွှင်မြူး၊ ရှိပေဦးမည်၊ ရှာထူး

www.burmeseclassic.com

www.burmeseclassic.com



မလို၊ သောကပို၍၊ ထိုထိုဤဤ၊ အလီလီကို၊ အတည်မကျ၊ စဉ်းစားလှပြီး၊ မရအကြံ၊ ကြွက်ဗိုလ်ရန်ကို၊ တွန်းလှန်ဖြိုဖျက်၊ ခက်ကြီးခက်၏၊ သို့မြွက်နေစဉ်၊ ဇရပ်ပြင်မှ၊ ကြောက်ချင်ဖွယ်ရာ၊ ကြွက်အုပ်လာသို့၊ တာတာတက်တက်၊ အသံနက်ရာ၊ အသက်ရှူမှန်၊ မြို့ဝန်ခမျာ၊ ကြောက်သွေးဖြာ၍၊ ဝင်သာဝင်ပါ၊ ဆိုတုန်းခါတွင်၊ တဖြာထူးထွေ၊ အကျီရှည်နှင့်၊ ဆန်းပေလှူသား၊ ဝင်လာနားခဲ့၊ ခါးတံသွယ်သွယ်၊ မျက်ဝယ်မှေးမှေး၊ မုတ်ဆိတ်မွေးမဲ၊ ဆံကြိုးကြဲနှင့်၊ ပြိတ္တာပဲလား၊ လွဲစေဖယ်စေ၊ သုသာန်ပြေတွင်၊ တစ္ဆေကောင်က၊ သက်ရှင်ထသို့၊ အံ့ကြမဆုံး၊ ရှိနေတုန်းဝယ်၊ ရှေ့ဆုံးနေရာ၊ လှမ်း၍လာသည်၊ တဖြာအံ့ပွဲဖြစ်၏တည်း။

(၄) တဖြာအံ့ပွဲ၊ အံ့မစဲခင်၊ ထိုလုလင်က၊ ဤသို့ဟ၍၊ ထောင်ကြလှူဗိုလ်၊ ကျွန်ုပ်ဆိုမည်၊ ဤလူ့ပြည်၌၊ ရှိတည်သမျှ၊ ကင်းမြွေစ၍၊ ကြွက်ကမကြွင်း၊ ငှက်မင်းရေငါး၊ သင်းလိပ်ဖားတို့၊ ရှောင်ရှားဝေးနေ၊ ကျုပ်စွမ်းပေ၏၊ ကဝေအမူ၊ ဆေးအင်ပြုဖို့၊ အတုကင်းမဲ့၊ မျက်လှည့်မစွက်၊ ပဋ္ဌလက်နှင့်၊ ဟိုဘက်တလွှား၊ လူအများကို၊ ခေါ်ထားသညာ၊ ပြေရှာအနံ့၊ ကျော်လှိုင်ဝှန့်၏၊ အပြန့်သတင်း၊ ကျော်သည့်ခင်းကြောင့်၊ ရှမ်းမင်းစော်ဘွား၊ လှူစေပါး၍၊ ကျုပ်အားပင့်ခေါ်၊ ရောက်ခါသော်လျှင်၊ ဆေးမော်စွမ်းတိုက်၊ ကင်းတသိုက်ကို၊ ရှင်းလိုက်ရသေး၊ သင်းတို့ဘေးလည်း၊ ငါ့ဆေးမြွေ၊ မှုတ်လိုက်လေက၊ ကြွက်တွေအားလုံး၊ သေအုံးမည်ပင်၊ ယုံလျှင်ယခု၊ ရှင်းအောင်ပြုမည်၊ ထိုဆုအတွက်၊ သဒ္ဓါဘက်၍၊ ချက်ချင်းဘေးအောင်၊ တစ်ထောင်အသပြာ၊ ရမှသာဟု၊ ဆိုကာရှိတုန်း၊ မြို့ဝန်ပြုံး၍၊ နေအုံးလူလှ၊ မက တစ်ထောင်၊ တိုးပေးဆောင်မည်၊ ရှင်အောင်ကြွက်ပေါင်း၊ ပယ်နွာရှောင်းပေ၊ တစ်သောင်းတိတိ၊ မြဲမှတ်ဘိလော့၊ ကတိငါထား၊ ငါ့စကားကို၊ မှတ်သားစွဲစွဲမြဲမြဲတည်း။



(၅) မြဲမြဲမှတ်သား၊ သူ့စကားနှင့်၊ ထွက်သွားလမ်းပေါ်၊ ဆရာကျော်သည်၊ မှုတ်သော်ပြွေ၊ နှုတ်ခမ်းလေနှင့်၊ မသွေခဏ၊ ကြွက်ဝကြွက်သိမ်၊ ကြွက်လိမ်ကြွက်ရိုး၊ ကြွက်ဆိုးကြွက်ယုတ်၊ ကြွက်စုတ်ကြွက်မွဲ၊ ကြွက်မဲကြွက်ဖြူ၊ ကြွက်ဆူကြွက်နီ၊ ကြွက်လှီကြွက်ညို၊ ကြွက်ဖိုကြွက်မ၊ ကြွက်လှကြွက်အို၊ လယ်ကြွက်ပျိုနှင့်၊ အအိုအနု၊ အစုစုပေါင်း၊ ကြွက်ထောင်သောင်းသည်၊ ခသောင်းပြေးလာ၊ ပြွေဆရာသို့၊ မကွာထပ်ချပ်၊ လိုက်ကြလတ်၏၊ လူလတ်ခမျာ၊ ပြွေဆရာလည်း၊ သေချာမှုတ်ရင်း၊ ဇရာတွင်းသို့၊ ချက်ချင်းတမဟုတ်၊ ကြွက်တွေငုပ်၍၊ ထွက်ပြုတ်ဇီဝေ၊ ခန္ဓာကြွေ၏၊ မသေကြွက်ကား၊ ကျန်တပါးတည့်၊ ခွန်အားစွမ်းပြည့်၊ ကူးဖြတ်မိ၍၊ ဤသည်ဟိုဘက်၊ ကမ်းသို့တက်ပြီး၊ ပြောကာညည်း၏၊ လူကြီးမှုတ်ဟန်၊ သည်ပြွေသံကား၊ အမှန်မယွင်း၊ စားဖို့ဟင်းနှင့်၊ ထမင်းအိုးခွက်၊ ဖွင့်သည်ချက်တည့်၊ ဆက်လက်တဖန်၊ နားထောင်းပြန်သော်၊ ချိုင်စိမ့်အေး၊ ရသာပေးသို့၊ မနေးပြေးကြ၊ ရမက်ဆွ၍၊ လိုက်ကြစဉ်ပင်၊ အသံဝင်ရာ၊ ဒို့လိုက်ပါ၏၊ တစ်ခါထို့နောက်၊ သည်ပြွေပေါက်က၊ ဤသို့ဟ၏၊ လာကြကြွက်မင်း၊ ကြွက်အသင်းတို့၊ ချက်ချင်းမကြာ၊ သကာချိုမြ၊ လွန်ပေါလှသော၊ ဒေသအရပ်၊ ငါခေါ်လတ်မည်၊ ထက်ကြပ်လိုက်တုံး၊ ရေတွေဖုံးလာ၊ သိသောခါမှ၊ လွှတ်ရာရည်ရှူး၊ ရေကိုကူးသည်၊ ကြွက်ထူးတစ်သင်း ပျောက်၏တည်း။

(၆) ကြွက်ထူးတစ်သင်း၊ ပျောက်တုံလျင်းသော်၊ မြူးခြင်းတလီ၊ ကသည်မရှား၊ စလေသားတို့၊ ရွှင်အားရရ၊ ရှိလေလှ၍၊ တူကွပြုံးချို၊ မြို့ဝန်အိုက၊ ဟဲ့ဟိုနားက၊ ကြွက်သိုက်ဖွလော့၊ အစစကြွင်း၊ မကျန်လျှင်းနှင့်၊ သင်းတို့ကြွက်အိုး၊ မျိုးမှမတူ၊ ကျူပင်ကိုခုတ်၊ ကျူငုတ်မကျန်၊ မြဲစိမ်ပဟု၊ မြို့ဝန်ဧကန်၊ ပြောမစဲခင်၊ ဆရာဝင်၍၊ အလျင်ရအောင်၊ တထောင်သပြာ၊

www.burmeseclassic.com



တောင်းသည့်ခါဝယ်၊ မျက်နှာညိုမဲ၊ ပြုံးပြိတဲ့နှင့်၊ လှူပွဲတခန်း၊ စားသောက်လမ်းနှင့်၊ ပေးကမ်းစွန့်ကျဲ၊ ကုန်မစွဲတည့်၊ ဝင်ပွဲမရှိ၊ ထွက်ငွေဘိ၍၊ အတိဆင်းရဲ၊ ဖြစ်သည့်ထဲကို၊ မွဲတောသား၊ တောင်းရက်ညားလေ၊ ကြည်စားပြက်ရယ်၊ တကယ်မဟုတ်၊ ကတိဖြုတ်စို့၊ အဟုတ်ဆတ်ဆတ်၊ ကြွက်တစ်ထပ်လည်း၊ မြစ်စပ်ရေမြဲ၊ ငုတ်ဝင်စဲပြီ၊ ရန်ပွဲမရှိ၊ ကြောက်မညိချေ၊ စိုးစိရန်ဘေး၊ သီသီဝေးခဲ့၊ အရေးမစိုက်၊ သင်နှစ်ခြိုက်လျှင်၊ တကြိုက်စမ်းလေ၊ ထန်းရေခါးခါး၊ သဒ္ဒါထား၍၊ သင့်အားပေးမည်၊ ငွေရေးအတွက်၊ စိတ်မကွက်နှင့်၊ ထိုက်သင့်သမျှ၊ ငါးဆယ်ရလျှင်၊ ကြေပမိတ်ဆွေ၊ ကျုပ်ပေးပေအံ့၊ အနံ့အပြား၊ ကြွက်ဖျက်ထား၍၊ အများမွဲဘိ၊ မိတ်ဆွေသိဟု၊ ကတိပျက်ယွင်း၊ ပြောရက်ခြင်းသည်၊ လက်ငင်းဒုက္ခ ရောက်ဖို့တည်း။

(၇) လက်ငင်းဒုက္ခ၊ ရောက်ဖို့စသည်၊ လူလှဆရာ၊ မျက်နှာပြာ၍၊ မုသာမသုံး၊ ပျက်ပြုန်းကြည်စား၊ မပြောငြားနှင့်၊ မှတ်ထားကတိ၊ စွဲမြဲဘိလော့၊ ဤသည့်ညနေ၊ ရခိုင်ပြည်၌၊ အဆွေပြည့်ရှင်၊ စဖိုခွင်တွင်၊ အကြင်ကင်းကောက်၊ ဘေးရန်ဖျောက်၍၊ ချီးမြှောက်မစ၊ တူတကွလျှင်၊ ညစာဝင်အံ့၊ မြန်ပင်မနေး၊ ယခုပေးပါ၊ လေးဆေးပေါ့ဆ၊ လျှော့ချတစ်ပြား၊ မယူအားခဲ့၊ ကျုပ်အားခတ်ဆွ၊ ပြုကျင့်ကလျှင်၊ နောက်မှသိမည်၊ ခြိမ်းခြောက်သည်တွင်၊ တလီမြို့ဝန်၊ အရဲသွန်၍၊ ဟော့မွန်ဟဝါ၊ ပြွေဆရာရဲ့၊ ဘဇာအတွက်၊ ခြိမ်းချက်လွန်မင်း၊ ရန်ပြုခြင်းတည်း၊ စွမ်းခင်းကုန်စင်၊ ပြပါအင်လော့၊ အသင်တတ်မှု၊ ပညာစုကို၊ ဂရုမစိုက်၊ ပြောဆိုလိုက်ရာ၊ ပြွေဆရာလည်း၊ ထကာမမြွက်၊ လမ်းသို့ထွက်၍၊ ဆေးစက်လေပြွေ၊ မှုတ်ပြန်ချေရှင့်၊ သံပြေသဲလွင့်၊ ကြူးသံရင့်၍၊ သံမြင့်သာယာ၊ မှုတ်သည့်ခါဝယ်၊ ချိုသာဂီတ၊ ပီတိဆွ၍၊ ရိုးရွယိုဖိတ်၊ သူငယ်စိတ်တွင်၊ မြူးတူးရွှင်ခါ၊ ခုန်ပင်ကစား၊ လက်ဝါးဖြောင်းဆံ၊ တီးဆူညံ



ရှင့်၊ အသံမစဲ၊ ရုပ်ရဲအုတ်အော်၊ ပျော်သူမရှား၊ တဟားဟားနှင့်၊ ကျေးသားကြက်ငှက်၊ ဆန်ဖြင့်ပက်သို့၊ နှစ်သက်ရွှင်ပျ၊ သံဂီတသို့၊ တကွမသွေ၊ လိုက်ကြလေ၏၊ တထွေချစ်ဖွယ်၊ ကလေးငယ်တို့၊ သေးသွယ်ဆံကျေး၊ ပါးဖွေးဖွေးနှင့်၊ မနေးနောက်၌၊ သွားရာလိုက်သည်၊ ဝန်မိုက်မျက်ဆံပြူးပြူးတည်း။

(၈) မျက်ဆံပြူးပြူး၊ စိတ်တွေထူးလျက်၊ ဝန်ရူး တတွေ၊ ကြက်သေသေ၍၊ ငေးနေအံ့ဩ၊ နှုတ်မပြောနိုင်၊ တွေဝေမှိုင်လျက်၊ မြိုင်မြိုင်ပျော်ပါး၊ ကလေးများကို၊ အံ့အားသင့်စွာ၊ ကြည့်၍သာလျှင်၊ စိတ်မှာထွေပြား၊ ရတက်ပွား၍၊ ငါ့သားသမီး၊ တူတသီးနှင့်၊ စံဖြိုးအားလုံး၊ ရေနစ်ဆုံးမည်၊ စိုးလှသည်ရှင့်၊ အတည်မကျ၊ သို့သော်ကလျှင်၊ လူလှဆရာ၊ ထိုခမျာလည်း၊ ရှောင်ခွာမြစ်ကမ်း၊ တောင်ဘက်ယွန်း၍၊ တန်းတန်းမတ်မတ်၊ ရှောက်သွားလတ်သော်၊ နောက်ထပ်လူငယ်၊ ကလေးရွယ်တို့၊ ကပ်ဆွယ်ပါးမြှောင်၊ လိုက်ပါယောင်၏၊ မြေတောင်မြင့်ဖြိုး၊ ရောက်ခါနီး၌၊ လူကြီးသက်အို၊ ဟင်းချဆို၍၊ သက်ပျိုရွယ်နု၊ သူတစ်စုတို့၊ သေမှုမမြင်၊ ဘေးကင်းစင်ပြီး၊ စိတ်ထင်နေလိုက်၊ လိုဏ်ကြီးဟိုက်၍၊ စဉ်ဆိုက်ဆရာ၊ ဝင်လေပါရှင့်၊ မကွာထက်ကြပ်၊ သူငယ်တပ်လည်း၊ ကပ်၍ဝင်လိုက်၊ စုဝင်ခိုက်ဝယ်၊ မှောင်မိုက်လိုဏ်ဝ၊ တံခါးကျ၍၊ ပြင်ပကျန်ရစ်၊ တစ်ယောက်ဖြစ်သား၊ ခြေဆစ်ကျိုးချိ၊ မမြန်ဘိ၍၊ ကျန်ရှိပြင်ဘက်၊ စိတ်တွင်ကွက်သည်၊ ညှိုးချက်မခန်းရှိ၏တည်း။

(၉) မခန်းညှိုးချက်၊ သူငယ်မြွက်ပုံ၊ မှတ်ရတုံ့အံ့၊ ပွင့်စုံသစ်သီး၊ ဖူးငုံဖြိုး၍၊ မညီးပျော်ဘွယ်၊ လွန်တင့်တယ်သော၊ အဘယ်ဝတ၊ လိုရာရသည်၊ ဌာနပြည်ကြီး၊ ရှုမငြီးတွင်၊ အသီးအဥ၊ အဖုအပွင့်၊ ဆင်သင့်မြိုင်မြိုင်၊ ဆွတ်ခူးနိုင်ရှင့်၊ ဂနိုင်သေလာ၊ ပျော်ဘွယ်ရာတည့်၊ သံသာချိုမြ၊ ငှက်ပေါင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကလည်း၊ ဂီတတီးသို့၊ တသီးပျော်ရွှင်၊ ရောက်လိုက်ချင်၏၊ ဆိုတွင်မနေ့း၊ ဆိတ်ခွေးစသား၊ ထွေထွေပြားလည်း၊ ရှုစားမယုံ၊ လှလိုက်တုံ၏၊ အစုံဆင်မြင်း၊ မိုးပျံခြင်းနှင့်၊ တခင်းရှုဖွယ်၊ တသွယ်ဝမ်းမြောက်၊ ကျုပ်ခြေထောက်လည်း၊ ရှင်းပျောက်ချိန်ခဲ့၊ မရှိခဲ့ရာ၊ ဖြစ်သည့်တာကြောင့်၊ သူငါမကြွင်း၊ တိုင်းပြည်တွင်းသို့၊ ချက်ချင်းလျှင်စေ၊ ရောက်စေသောငှာ၊ သောသောဆူညံ၊ လိုက်ပါပြန်ရာ၊ ကံခေမဟုတ်၊ ကျွန်ုပ်သာလျှင်၊ မြို့အပြင်၌၊ ကျန်တင်နေရစ်၊ ကံဆိုးဖြစ်၏၊ ငယ်ချစ်အားလုံး၊ ခေါတုန်းဝယ်၊ ရွှင်ပြုံးစိမ့်စိမ့်၊ ရှိပေလိမ့်မည်၊ ပြောရစ်သည်ကြောင့်၊ အတည်မကျ၊ မြို့ဝန်မှသည်၊ တကွမခြား၊ မြို့သားအားလုံး၊ ရှာဖွေရုံးလည်း၊ အဆုံးမပြတ်၊ အတတ်မသိ၊ တစိမြင်၊ စိတ်တွင်ပူဆွေး၊ ဆုများပေးအံ့၊ ကြော်ကြွေးရှာဖွေ၊ မရလေသည်၊ သဲဝေလှိုက်လှိုက်၊ ဆူတော့တည်း။

(၁၀) သဲဝေလှိုက်လှိုက်၊ သီးကျွမ်းမြိုက်၍၊ မောဟိုက်လက်မှိုင်၊ ချွေးပြိုင်ပြိုင်ကျ၊ တည်မရဘဲ၊ ထူးလှဆန်းကြယ်၊ ဤဖြစ်ဖွယ်ကို၊ စိတ်ဝယ်သေချာ၊ မှတ်မိရာသို့၊ ကောဇာသက္ကရာဇ်၊ ခြောက်ရာလှစ်၍၊ သုံးရှစ်စွန်းပေါ်၊ လနတ္တော်၏၊ ကျော်သော်လပြည့်၊ လေးရက်၏ရှင့်၊ မှတ်မိသေချာ၊ ဖြစ်စိမ့်ငှာလျှင်၊ ဆရာလှမော်၊ ကလေးခေါ်သည့်၊ လမ်းတော်အရှည်၊ ကြူးလှစ်မည်ပေ၊ မြွေဆရာလမ်း၊ ခေါ်စတမ်းဟု၊ လိုဏ်ဝမ်းဂူပေါက်၊ တည့်တည့်လောက်တွင်၊ ကျောက်တိုင်စိုက်ပြီး၊ ကဗျည်းစာထု၊ သမိုင်းပြုခဲ့၊ အမှုအခင်း၊ မကြွင်းစေရုံ၊ ဆိုရတုံ့အံ့၊ အပုံအယင်၊ ကချင်တို့ပြည်၊ ဒေသဆီ၌၊ လူနီတစ်မျိုး၊ ထပ်ဆင့်တိုးခဲ့၊ ဘိုးဘေးဘီဘင်၊ ပေါ်သည့်အင်မူ၊ အသွင်ထူးလောက်၊ ဘူမိအောက်မှ၊ ထွက်မြောက်ပေါ်လာ၊ ထူးပါ၏ရှင့်၊ ပုံနှင့်ချင့်သော်၊ ဆင်သင့်မယုတ်၊ ဟုတ်ပေမည်ပင်၊ မှတ်ကြအင်လော့၊ ပုံပြင်အဆီ၊ ဒဏ္ဍာရီကား၊ တည်ကြည်ကတိ၊



စွဲမြဲဘိလော့၊ လူနတ်သိကြား၊ သာဓုပါးလိမ့်၊ မင်းအားသစ္စာ၊
လူမှာကတိ၊ ဆိုရိုးရှိသည်၊ မှတ်ဘိကြဲသိပြီး၏တည်း။

**(၁၂၉၂-ခု၊ ဝါဆိုလ ဂန္ထလောကမဂ္ဂဇင်းမှ)**

ဦးသန့်သည် စလေအညာက မြွေဆရာအကြောင်း ဘာသာပြန်ရေးသားသီဖွဲ့ရာတွင် ရည်ရွယ်ချက်အပြည့် ထားရှိကြောင်း သိသာလေသည်။ မြန်မာစာပေလောကတွင် ဘာသာပြန်စာပေများထွန်းကားရေးအတွက် ဂန္ထလောက၏ ကြိုးပမ်းမှုကို မိမိကလည်း တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်လိုသည်။ မြန်မာစာပေလောကတွင် ဘာသာပြန်များလိုနေသည်။ မြန်မာစာပေလောက၌ ဘာသာပြန်စာပေကွက်လပ်၊ ဟာကွက်ကြီးရှိနေသည်ကို သတိပြုမိ၍ မိမိစွမ်းသရွေ့ ဝင်၍ဖြည့်တင်းပေးလိုသည်။

တဆက်တည်းပင် လူဆိုသည်မှာ မင်းမှာသစ္စာ၊ လူမှာကတိဆိုသော စကားအတိုင်းပင် ကတိတစ်လုံးကို စောင့်ထိန်းသင့်သည်။ ကတိပျက်ယွင်းခြင်းဖြင့် မမျှော်လင့်သော ကြမ္မာဆိုးများနှင့် တွေ့ကြုံရတတ်သည် စသဖြင့်သော သင်ခန်းစာကောင်းများကိုလည်း ဦးသန့်သည် သူ၏ ဘာသာပြန်ကဗျာတွင် ထည့်သွင်းဖော်ပြခဲ့လေသည်။

ဦးသန့်သည် မြွေဆရာအကြောင်း ကဗျာ၏ နောက်တွင် ဘာသာပြန်စာပေများကို အဆက်မပြတ်ရေးသားခဲ့သည်ကို တွေ့ရသည်။

မြို့ပြပုံပြင်များစာအုပ်သည် ဦးသန့်၏ ဘာသာပြန်စာအုပ်များတွင် အောင်မြင်မှုအရှိဆုံးဟု ဆိုနိုင်သည်။ ဦးသန့်သည် ကလေးများအတွက် စာပေတစ်ရပ်ပေါ်ထွန်းရေးကို အာသာဆန္ဒကြီးစွာ ထားရှိသူဖြစ်ခဲ့ကြောင်း ဖော်ပြပြီးဖြစ်သည်။ ထို့ကြောင့်လည်း သူသည် အခွင့်သင့်တိုင်း ကလေးများအတွက် စာပေတစ်ရပ်ကို ဝိုင်းဝန်းပြုစုကြဖို့ ဆောင်းပါးများ ရေးသားပြီး နှိုးဆော်သမှု ပြုခဲ့သည်။ ဦးသန့်သည် ကိုယ်တိုင်လည်း မြို့ပြပုံပြင်များ ရေးပြီးလျှင် မိမိရှိစေချင်သော ကလေးစာပေကွက်လပ်ကို ဝင်ဖြည့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြပုံပြင်များမှာ ရောမ–အစရှိသော ကမ္ဘာ့မြို့ကြီးများ၏ သက်ဆိုင်ရာ ပုံပြင်များကို မြန်မာစကားပြေဖြင့် သိမှတ်ဖတ်ရှုချင့်စဖွယ် ဘာသာပြန် ရေးသားခဲ့ခြင်းဖြစ်၏။ ပထမတွင် ထိုပုံပြင်များကို ဂန္ထလောကမဂ္ဂဇင်းတွင် လစဉ်တစ်ပုဒ်စီ ထည့်သွင်းသည်။ ရှည်လျားသော ဘာသာပြန်ပုံပြင်များကို ဂန္ထလောကမဂ္ဂဇင်းမှ နှစ်လခွဲ၍ ထည့်ပေးလေသည်။ နောက်မှ ထိုပုံပြင်များကို စုပေါင်း၍ မြို့ပြပုံပြင်များအမည်ဖြင့် မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းမှ ၁၉၃၈ ပြည့်နှစ်၌ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ မြို့ပြပုံပြင် များစာအုပ်၏ မူရင်း အင်္ဂလိပ်ဘာသာစာအုပ်မှာ ဉရောပရာဇဝင်၏ နိဒါန်း ဖြစ်သော (Cities and Their Srories) ဖြစ်လေသည်။

ထိုစာအုပ်၏နောက်တွင် ဦးသန့်၏ ဘာသာပြန်စာအုပ်များအနက် အောင်မြင်မှုအရဆုံး စာတစ်အုပ်မှာ (Leaguue of Nations) စာအုပ် ဖြစ်သည်။ ယင်းစာအုပ်ကို ဦးသန့်က **ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး** အမည်ဖြင့် မြန်မာပြန်ဆို၍ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၊ မက်မီလန် ကုမ္ပဏီလီမိတက်စာအုပ်တိုက်မှ ပုံနှိပ်ထုတ်ဝေသည်။ ထိုစာအုပ်ကို မြန်မာ နိုင်ငံသို့ တင်သွင်းရောင်းချရာ အစိုးရက ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်း ခဲ့သည်အထိ အောင်မြင်မှုရခဲ့လေသည်။

၁၉၁၄–၁၉၁၈–ခု ပထမ ကမ္ဘာ စစ်ကြီး ပြီးဆုံးသောအခါ ချုပ်ဆိုခဲ့သော ဗာဆေးစာချုပ်အရ နိုင်ငံပေါင်းချုပ် အသင်းကြီး ပေါ်ပေါက်လာခဲ့သည်။

ထိုအသင်းကြီးတွင် ကမ္ဘာ့နိုင်ငံပေါင်း (၆၁) တို့ ပါဝင်ကြ၍ ပြည် ထောင်အချင်းချင်း စီးပွားရေး၊ နိုင်ငံရေးမှအစ မည်သည့်ကိစ္စတွင်မဆို အငြင်းပွားခဲ့လျှင် စေ့စပ်ဖျန်ဖြေရေး လုပ်ဆောင်ကြရန် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကြ၏။

အသင်းကြီး၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံတိုင်း မိမိတို့ လက်နက် များကို အနည်းနိုင်ဆုံးအထိ လျှော့ပေါ့ကြရန် ဆောင်ရွက်ရေးဖြစ်၏။ ၁၉၂၅– ခုနှစ်တွင် ချုပ်ဆိုသော လိုကာနိုစာချုပ်နှင့် ၁၉၂၈–၂၉ ခုတွင် ချုပ်ဆိုခဲ့သော ပါရီငြိမ်းချမ်းရေးစာချုပ်များတွင် နိုင်ငံများ၏ သဘောကွဲလွဲမှုများကို အေးချမ်း သော နည်းများဖြင့် ဖြေရှင်းကြရန် လက်မှတ်ထိုးခဲ့လေသည်။



ထိုစာချုပ်များအရ ၁၉၂၂–ခုနှင့် ၁၉၃၀ ပြည့်နှစ်များတွင် အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့တော်နှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တွင် ကျင်းပပြုလုပ်သော အစည်းအဝေးများသည် ရေတပ်အင်အား လျှော့ပေါ့ရေး စာချုပ်များကို ရေးထိုးနိုင်ရန် ထပ်ဆင့်အကောင်အထည် ဖော်နိုင်ပြန်ပါသည်။ အံထက်ပါ ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး မဖြစ်ပေါ်မီ ကမ္ဘာ့အခြေအနေ နှင့် အသင်းကြီးဖြစ်ပေါ်လာပြီးနောက် လူသားတို့အတွက် ဆောင်ရွက်မှု အကျိုးကျေးဇူးအထွေထွေကို ဦးသန့် ဘာသာပြန်သော "ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းကြီး" စာအုပ်ထဲ၌ အကျယ်တဝင့် ရေးသားဖော်ပြခဲ့၏။ ထိုအချိန်က မြန်မာလူမျိုးများသည် ဘာသာပြန်စာပေများ၏ အရသာကို ကောင်းစွာ ခံစားတတ်လာပြီ ဖြစ်သည့်အတိုင်း ဦးသန့်စာအုပ်မှာ လူအများကြိုက်နှစ် သက်သည့် စာတစ်အုပ် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံလူထုသည် မြန်မာ့နယ်စပ် တံတိုင်းကြီးမှ ကျော်လွန်၍ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ဖြစ်ပျက်နေသည်တို့ကို လေ့လာစူးစမ်း သိရှိလိုသော ဆန္ဒ တဖြည်းဖြည်း ကြီးမားတိုးတက်စအချိန်အခါလည်းဖြစ်ရာ ဦးသန့်၏ စာအုပ်မှာ အရောင်းရ တွင်ကျယ်ခဲ့သည်။ ဤသို့ဖြင့် ဦးသန့်သည် စာပေ လောကတွင် လိုအပ်နေသော ဘာသာပြန်စာပေ ဟာကွက်ကြီးကို မိမိ တတ် စွမ်းသည့်ထောင့်မှ ဝင်ရောက်ဖြည့်စွက်ပေးခဲ့သည်။ သူ၏ ကြိုးစားမှုများ သည် အောင်မြင်မှုရသည်လည်း ဖြစ်ပါချေသည်။

သို့သော် ဦးသန့်ရေးသမျှ စာပေ ဆောင်းပါးအစုစုကို ပြန်လည် စုဆောင်းကြည့်သောအခါတွင် ဘာသာပြန်စာပေမှာ ရာနိုင်နှုန်းနည်းပါးသည် ကို တွေ့ရသည်။ အများအားဖြင့်တွေ့ရသည်မှာ မြန်မာဘာသာဖြင့် ရေးသား သော ဆောင်းပါးကဗျာနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဆောင်းပါး များ ဖြစ်ပေသည်။ ဤတွင် ဦးသန့်သည် ဘာသာပြန်စာပေထက် မိမိကိုယ်တိုင် ပြုစုသည့်စာပေကို ပိုမိုအားရသည်ဟု ယူဆဖွယ်ရှိ၏။ သို့သော် ဦးသန့်ချစ်သော ဆရာကြီး မစ္စတာဖာနီဗယ်ကား ဦးသန့်၏ ဘာသာပြန်ခြင်း အဆင့်အတန်း မြင့်ပုံကို မကြာခဏပင် ပြောဆိုလေ့ရှိခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၈။ ဦးသန့်ဖြစ်ချင်သော သတင်းစာဆရာ

ဦးသန့်သည် စာပေလောကကို အလွန်ခင်တွယ်သည်။ စာပေလောကတွင် အလွန်ပျော်မွေ့သည်။ စာပေရေးသားပြုစုနေရခြင်းကိုလည်း အလွန်မြတ်နိုးသူဖြစ်သည်။ ထို့ထက် သတင်းစာဆရာအလုပ်ကို ပိုမိုတွယ်တာသည်။ တန်ဖိုးထားသည်။ နိုင်ငံတစ်နိုင်ငံ၏ ကြီးပွားတိုးတက်မှု၊ ဆုတ်ယုတ်ပျက်စီးမှုတို့ကို သတင်းစာက ဖန်တီးနိုင်သည့် အင်အားကိုလည်း ဦးသန့် အလွန်လေးစားသည်။ လွတ်လပ်စွာ ရေးသားခွင့်ရသော သတင်းစာဆရာတစ်ဦး၏ ဘဝကိုကား ဦးသန့် အလွန်မြတ်နိုးတွယ်တာ တန်ဖိုးထားခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

သူသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် ပန်းတနော်မှ ရန်ကုန်သို့ ဆင်းလာစဉ်ကပင် ဂျာနယ်တစ်စောင်ထုတ်၍ စာနယ်ဇင်းလောကသို့ ခြေစုံပစ်ဝင်ရန် ရည်ရွယ်ချက်အပြည့်နှင့်ဖြစ်သည်။ သို့သော် အခြေအနေက မပေး၍ ပြန်ကြားရေးဌာနသို့ ရောက်ရှိခဲ့၏။ ပြန်ကြားရေးဌာနဆိုသည်မှာ မြန်မာနိုင်ငံ သတင်းစာလောကနှင့် အဆက်မပြတ် ဆက်သွယ်နေရသော ဌာနကြီးဖြစ်ရာ ဦးသန့်နှင့် သတင်းစာဆရာများမှာ ရင်းနှီးခင်မင်စွာ ပေါင်းသင်းဆက်ဆံရသည်လည်း ဖြစ်ပေသည်။ ယခုအခါ အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်သို့ သွားရောက်၍ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်နေစဉ်တွင် နိုင်ငံတကာဆိုင်ရာ သတင်းထောက်များ၏ ချစ်ကြည်လေးစားမှုကို အပြည့်အဝခံစားရသူ ဖြစ်ပေသည်။

ကမ္ဘာ့ကုလသမဂ္ဂသတင်းထောက်များအသင်းတွင် ဦးသန့်ကို နာယကအဖြစ် တင်မြှောက်ထားသည်။ ယင်းကိုကြည့်၍ ဦးသန့်အား ကုလသမဂ္ဂ



သတင်းထောက်များက မည်မျှ ချစ်ခင်လေးစားကြသည်ကို ခန့်မှန်းနိုင်ကြပေသည်။ ဦးသန့်သည် ကုလသမဂ္ဂ၏ လျှို့ဝှက်သတင်းများကို ထုတ်ဖော်ခွင့်မရှိ၍ သတင်းထောက်များကို ဖွင့်ဟမပြောကြားနိုင်လျှင် ချိုသာ ပျော့ပျောင်းစွာဖြင့် ဖျောင်းဖျပြောဆိုတတ်သည်။ သိသင့် သိထိုက်သော သတင်းစကားများရှိလျှင် ချက်ချင်းထုတ်ဖော်ဖွင့်ဟ၍ ပြော ကြားလေ့ရှိသူလည်း ဖြစ်သည်။ ဦးသန့်နှင့် ကုလသမဂ္ဂသတင်းထောက် များ၏ ဆက်ဆံရေးမှာ လုပ်ငန်းသဘောမျိုးမဟုတ်၊ ရဲဘော်ရဲဘက် ဆက်ဆံနည်းမျိုး၊ ငယ်ပေါင်းကြီးဖော် ဆက်ဆံနည်းမျိုး ဖြစ်သည်။

ဤသည်မှာ ဦးသန့်က လုပ်ယူရသော လုပ်ရပ်မဟုတ်။ သတင်းစာဆရာလုပ်ငန်း၏ တန်ဖိုးကို နားလည်မြတ်နိုးသော ဦးသန့်၏ မှန်ကန်သော ကျင့်စဉ်တစ်ရပ်ဟု ဆိုနိုင်ပေသည်။ ဦးသန့်သည် ယခုမှ သတင်းစာဆရာလုပ်ချင်သောဆန္ဒ ပြင်းပြသည်မဟုတ်၊ ယခုမှသာ သတင်းစာလောကကြီးအား တန်ဖိုးထား လေးစားသူမဟုတ်၊ ဦးသန့်ငယ်စဉ်ကပင် သတင်းစာလောကကို အလွန်စေတနာထားသည်ကို လူထုဦးလှရေးသော "သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်း" စာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရပေသည်။ ဦးလှရေးခဲ့သော ဦးသန့်အကြောင်း စာစုကို အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

### သတင်းစာဆရာလုပ်ချင်တဲ့ ဦးသန့်

### (သူ့စာများကပြောခဲ့တဲ့ သိပ္ပံမောင်ဝအကြောင်းစာအုပ်မှ)

၁၉၃၆–ခု၊ နွန်လ ၂၈–ရက်နေ့စွဲနဲ့ သိပ္ပံမောင်ဝ စလင်းက ကျွန်တော့်ဆီရေးတဲ့ စာထဲမှာ မင်းသုဝဏ်ရဲ့စာနဲ့ ကိုသန့်ရဲ့ စာလည်း ပါလေရဲ့၊ တော်တော် နေရာကျတယ်၊ ကိုသန့်တစ်ယောက် သတင်းစာ ထောင်မလို့တဲ့၊ အတော်ကောင်းတယ်လို့ ပါပါတယ်။

www.burmeseclassic.com



ကိုသန့်ဆိုတာ တခြားသူမဟုတ်ပါဘူး၊ အခု ကုလသမဂ္ဂမှာ အတွင်းဝန်ချုပ်ဖြစ်နေတဲ့ ကိုသန့်ပါပဲ၊ ကိုသန့်မှာ သဘောကျစရာကောင်းတဲ့ အချက်တစ်ခုရှိတယ်၊ အဲဒါကတော့ သတင်းစာဆရာ လုပ်မယ်ဆိုတာပါပဲ၊ တက္ကသိုလ်မှာ ပညာသင်နေတုန်းကလည်း သတင်းဆရာလုပ်မယ်၊ နေရှင်နယ် ကျောင်းဆရာ လုပ်နေတုန်းကလည်း သတင်းစာထောင်မယ်၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်၊ အတွင်းဝန်စတဲ့ အလုပ်တွေ လုပ်နေတော့လည်း ငွေစုပြီး တစ်နေ့မှာ သတင်းစာဆရာ လုပ်မယ်တဲ့၊ ဒါပဲကြံစည်နေတာပဲ၊ ကျွန်တော်နှင့် တွေ့တဲ့အခါ ဒါပဲပြောတာပဲ။

သူ့တစ်သက်တာ ရည်မှန်းချက်ဟာ သတင်းစာဆရာကောင်း ဖြစ်ဖို့၊ နောက်ပြီး စာအုပ်ကောင်းကောင်းတွေ ရေးဖို့ပဲ၊ အခုတောင် ဒီစိတ်ကုန်ဦးမှာ မဟုတ်ဘူး၊ ကိုသန့်ငယ်စဉ်ကတည်းက သတင်းစာဝါသနာကြီးပုံ ကျွန်တော် နည်းနည်းတင်ပြချင်ပါတယ်၊ ၁၂၉၆–ခု၊ တန်ခူးလနှင့် ကဆုန်လ၊ ၁၉၃၅–ခု မေလထုတ် ကြီးပွားရေး မဂ္ဂဇင်းမှာ "မြန်မာလူမျိုးနဲ့ အင်္ဂလိပ်သတင်းစာလုပ်ငန်း" ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် သူရေးပါတယ်၊ ကိုသန့်ကို ပန်းတနော် ဦးသန့်လို့ အဲဒီအခါက ခေါ်လေ့ရှိကြတယ်၊ ပန်းတနော် အမျိုးသားအထက်တန်းကျောင်းမှာ ဆရာကြီးလုပ်နေပါတယ်၊ ဆောင်းပါးမှာ "ရေးသူ–ဦးသန့်၊ အမျိုးသားအထက်တန်း ကျောင်းအုပ်ကြီး" ဆိုပြီး သေသေချာချာ ဖော်ပြပါတယ်။

အဲဒီအခါတုန်းက ကိုသန့်ဟာ အင်္ဂလိပ်မြန်မာ သတင်းစာတွေ၊ မဂ္ဂဇင်းတွေမှာ ဆောင်းပါးတွေ ရေးနေပါတယ်၊ ဒေါက်တာ ဦးသိန်းမောင်တို့၊ လွှယ်အိတ် ဦးဘလှိုင်တို့၊ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ မြန်မာပိုင် ခနော်ခနဲ့ နယူးဘားမား သတင်းစာကို သူအလွန်ချီးမွမ်းတယ်၊ နောက်ပြီး



အဲဒီခေတ်က ထုတ်ကြတဲ့ သတင်းစာမဂ္ဂဇင်းတွေနဲ့ ပတ်သက်ပြီး ကိုသန့်က ကျွန်တော့်ဆီ ရေးလိုက်တဲ့ စာတစ်စောင်ရှိသေးတယ်၊ အဲဒီစာကို ၁၉၃၇–ခု နိုဝင်ဘာလထုတ် မဂ္ဂဇင်းမှာ ဆောင်းပါးအဖြစ်နဲ့ ကျွန်တော် ဖော်ပြခဲ့တယ်၊ ကိုသန့် သတင်းစာထုတ်မယ်ဆိုတဲ့ စာကိုရလို့ သိပ္ပံမောင်ဝက သဘောကျတာကို အကြောင်းပြုပြီး အဲဒီခေတ်က စာနယ်ဇင်းတွေ အပေါ် ကိုသန့်မြင်ပုံဆောင်းပါးကို ဖတ်ကြည့်ရရင် ကောင်းမယ် ထင်ပါတယ်။

## သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း

### (ရေးသူ–ဦးသန့်၊ အမျိုးသားအထက်တန်းကျောင်း၊ ပန်းတနော်)

ကိုလှ . . .

ကျွန်တော် ရန်ကုန်ကအပြန် သင်္ဘောပေါ်မှာ ကြီးပွားရေးမဂ္ဂဇင်းကို ဖတ်လာဆဲ၊ အသက် ၃၀–အရွယ် လူတစ်ယောက်နှင့် အသက် ၅၀–ကျော် လူကြီးတစ်ယောက်၊ သတင်းစာ မဂ္ဂဇင်းတွေအကြောင်း ပြောလာကြရာ ကျွန်တော် ဝါသနာပါသော အကြောင်းဖြစ်၍ အာရုံစူးစိုက်ပြီး နားထောင်မိလာသည်။ သူတို့နှစ်ယောက်ပြောသည့် စကားတွေမှာ အတော်တော့ မှတ်သားစရာကောင်း၍ ကြီးပွားရေး မဂ္ဂဇင်းထဲတွင် ရေးထည့်လိုက်ရလျှင် ကောင်းမည်ထင်သဖြင့် ယခု မှတ်မိသရွေ့ ရေးပို့လိုက်ပါသည်။ ပထမဆုံး လူကြီးက လူငယ်ထံသွား၍ "မောင်ရင် ဘေးကသတင်းစာ ခဏလောက် ဖတ်ပါရစေ၊ ကျုပ်သတင်းစာကို တွံတေးမှာဆင်းတဲ့ ဦးပဥ္စင်းတစ်ပါးက ဖတ်ချင်တယ်ဆိုလို့ လှူလိုက်ရတယ်" လို့ ပြောသည်။

**လူငယ်** ။ ။ "ဟုတ်ကဲ့ ယူပါဦးရယ်၊ ကျွန်တော်

www.burmeseclassic.com



လည်း မြန်မာသတင်းစာတွေကို မဖတ်လို့လည်းမဖြစ်၊ ဖတ်ပြီးတော့လည်း စိတ်ပျက်၊ ဘယ်လိုပြုပြင်ရမယ်ဆိုတာ တွေးလို့ပဲ မရပါဘူး”

**လူကြီး** ။ ။ “ဟုတ်တယ် မောင်ရယ်၊ ဦးလည်း အသက် ၃၀-ကတည်းက သတင်းစာဖတ်တဲ့ ဝါသနာတော့ အများကြီးရှိပါရဲ့။ အင်္ဂလိပ်စာလည်း မတတ်တော့ မြန်မာသတင်းစာ၊ ဂျာနယ်တွေကိုပဲ ကောင်းတယ်၊ ဆိုးတယ် ဂရုမစိုက်နိုင်ပါဘူး၊ ဖတ်ရတော့တာပဲ၊ ဒါထက် မောင်ရင့်ကို မေးပါရစေ၊ ဘယ်သတင်းစာ၊ ဂျာနယ်တွေကို အကြိုက်ဆုံးပါလဲ”

**လူငယ်** ။ ။ “အကြိုက်ဆုံးရယ်လို့ ပြောဖို့ ဆိုတာက အခက်သားပဲ ဦးရယ်၊ အခုထိတော့ ကျွန်တော့်စိတ်ကြိုက်ရယ်လို့ တစ်ခုမှ မရှိသေးဘူး”

**လူကြီး** ။ ။ “သူရိယသတင်းစာကော မောင်ရယ်”

**လူငယ်** ။ ။ “ရှေးဆယ်နှစ်လောက်ကနဲ့ နှိုင်းယှဉ်ကြည့်ရင် အပုံကြီး တိုးတက်တယ်လို့ ခေါ်ရမှာပေါ့ဦးရယ်၊ သို့ပေမယ့် လိုတာတွေက အပုံကြီး ရှိသေးတယ်၊ မြန်မာသတင်းစာဆိုတော့ အရွယ်ကို သိပ်ပြီးကြီးလို့ မဖြစ်ကြဘူး၊ အလွန်ဆုံးကျွန်တော့်အထင်ဖြင့် ပျက်သွားတဲ့ မြန်မာ့နေ့စဉ်အရွယ်လောက်ထုတ်ရင် သာပြီး ကောင်းမယ်။

ခေါင်းကြီးအရေးအသား၊ သတင်းနှင့် မှတ်ချက် စီစဉ်ရေးသားပုံ၊ ဆောင်းပါးများ ရွေးချယ်တည်းဖြတ်ပုံကဖြင့် တယ်ပြီးဆိုစရာမရှိလှပါဘူး၊ သို့ရာတွင် သတင်းအထားအသိုကိုတော တယ်ပြီး မကြိုက်လှဘူး၊ ဥပမာ ဆန်ဈေးဆိုပါတော့၊ မြန်မာသတင်းစာများမှာ ဆန်ဈေးဘယ်လောက် အရေးကြီးသလဲဗျာ၊ တစ်ခါတရံ ၂-ခေါက်၊ ၃-ခေါက် ဖွတ်ဖွတ်ကျေအောင်ရှာရတယ်၊ ကျွန်တော့် အကြိုက်ကတော့ ဒီသတင်းမျိုးကို စာမျက်နှာတစ်ခုမှာ သတ်သတ်မှတ်မှတ် ထည့်စေချင်တယ်၊



စာအုပ်ဝေဖန်ပုံ ဆိုပါတော့၊ အခုဝေဖန်ပုံက ကျွန်တော်တို့လို အင်္ဂလိပ်သတင်းစာ၊ ဂျာနယ် ဖတ်တဲ့လူဆိုတော့ တယ်ပြီး စိတ်ကြိုက်မဟုတ်လှဘူး။

ကျွန်တော် ဖြစ်စေချင်တာက တနင်္ဂနွေတစ်ပတ်မှာ စာအုပ်ဝေဖန်ချက်ကို တစ်ရက်သတ်မှတ်စေချင်တယ်၊ အင်္ဂလိပ်သတင်းစာတိုင်း ဒီလိုချည်းပါပဲ၊ ဝေဖန်ရာမှာလည်း ခုနစ်ရက်အတွင်း ထွက်တဲ့ အရေးကြီးတဲ့ မြန်မာစာအုပ် အားလုံးလိုလိုပါနိုင်ရင် ကောင်းပါတယ်၊ တတ်နိုင်လျှင် ဝေဖန်ရာမှာ တစ်ယောက်ထဲ မထားစေချင်ဘူး၊ အနည်းဆုံး ဝေဖန်သူနှစ်ယောက်လောက် ရှိစေချင်တယ်။

လောကုတ္တရာ စာအုပ်များအတွက် တစ်ယောက်၊ လောကီစာအုပ်များအတွက် တစ်ယောက်ပေါ့ဗျာ၊ စွယ်စုံဆိုတော့ အရှားသားကလား၊ ဝေဖန်သူရဲ့ နာမည်ကိုတော့ ဖော်ပြဖို့ မလိုပါဘူး၊ စီးလတ်က ထုတ်တဲ့ တိုင်းသတင်းစာလိုပေါ့၊ ဒေလီမေတို့၊ ဒေလီအိပ်စ်ပရက်စ် တို့မှာတော့ ဝေဖန်သူရဲ့ အမည်ကို ထည့်ကြတယ်၊ ဒါကတော့ သတင်းစာပိုင်ရှင်ရဲ့ သဘောပေါ့၊ ပြီးတော့လည်း နယ်သတင်းတွေကို တကွဲတပြား မထည့်စေချင်ဘူး။ စုပြီးတော့ ဆက်ကာဆက်ကာ ထည့်စေချင်တယ်၊ ဥပမာ စစ်ကိုင်းမြို့ သတင်းဆိုပြီး ဆန်စပါးဈေးရောက်၊ ပြီးတော့ မိဆိုလိနီ၏ ကြုံးဝါးချက်၊ ပြီးတော့ ငါးပွင့်ဆိုင် အတွင်းရေး၊ ပြီးတော့ တရုတ်များ သတင်းစာဝယ်မရ၍ မှိုင်နေကြောင်း၊ ပြီးတော့ ဖျာပုံမြို့က အပျိုကြီးစသဖြင့် ရောယှက်နေတော့ စာဖတ်သူ အာရုံမှာ ထိနိုက်ပါတယ်။

သတင်းစာ လုပ်ငန်းမှာ ဆိုင်ကော်လော်ဂျီဆိုတဲ့ စိတ်ပညာ အများကြီး ပါပါတယ်၊ နယ်သတင်း တသတ်၊ နိုင်ငံခြားသတင်း တသတ်၊ ဆောင်းပါး တသတ် စသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်နိုင်လျှင် အကောင်းဆုံးပေါ့၊ ကျွန်တော်တို့က အလွတ်ကနေကြည့်တော့ အပြစ်တွေကို အမြင်ဆုံးပေါ့ဗျာ၊ လက်တွေ့လုပ်နေတဲ့ သတင်းစာဆရာတွေက ပိုပြီးသိမှာပဲ၊ ပြင်လို့ရတဲ့တရက်မရနိုင်လို့ နေကြရတယ် ထင်ပါရဲ့"

**လူကြီး** ။ ။ "မောင်ပြောတာ ဦးလည်း သဘောကျပါတယ်၊ နို့ မြန်မာ့အလင်း သတင်းစာကကော"

**လူငယ်** ။ ။ "အကျိုးအပြစ်ကတော့ ခုနက ကျွန်တော် အစီရင်ခံတဲ့ အတိုင်းပါပဲ၊ နို့ပေမယ့် ကွာတာလေးတွေတော့ ရှိတာပေါ့။ အများအားဖြင့် မြန်မာ့အလင်းက အချို့သော သတင်းများထက် စောတယ်၊ သူရိယကတော့ ချိန်ပြီးတော့မှ ထည့်တယ် ထင်ပါရဲ့၊ သူရိယက တည်တယ်၊ သို့ပေမယ့် သတင်းစာဆိုတာ စောင်ရေများတိုင်း အဆင့်အတန်းမြင့်တယ်လို့ မဆိုနိုင်ဘူး ဦးရဲ့။

ဗီးလတ်မှ ဒေလီမေ၊ ဒေလီအိတ်စပရက်စ်၊ ဒေလီတီရောလ်ဆိုတဲ့ သတင်းစာတွေဟာ စောင်ရေအများဆုံးတွေပေါ့၊ သို့ရာတွင် တကယ် လူတွေလေးစားကြည်ညိုပြီးတော့ နိုင်ငံခြားက အရေးယူကြတဲ့ 'တိုင်း' သတင်းစာကတော့ ခုနပြောခဲ့တဲ့ သတင်းစာတွေရဲ့ လေးပုံတစ်ပုံတောင် မလိုက်နိုင်ဘူး၊ သို့ပေမယ့် စောင်ရေများတိုင်း အဆင့်အတန်း မမြင့်ဘူးလို့ ကျွန်တော်ပြောတာမဟုတ်ဘူး၊ အမေရိကန်ပြည်က နယူးရောက်တိုင်းတို့၊ နယူးအီဗီးနင်းပို့စ်တို့ ဆိုတဲ့ သတင်းစာတွေဟာ စောင်ရေမှာလည်း ထိပ်ပဲ၊ အဆင့်အတန်း မှာလည်း ဟိုမှာ အတော်မြင့်တယ် ဆိုရမှာပေါ့။

သတင်းစာလုပ်ငန်းဟာလည်း ကုန်သည်လုပ်ငန်းသဘောဖြစ်နေတော့ အရှုံးအမြတ်ကို အရေးတကြီး ထားကြပေမှာပေါ့ ဦးရယ်၊ မြန်မာ့အလင်းက ကာတွန်းတွေ ရယ်စွင်ဖွယ်ကလေးတွေ သူ့ရက်နဲ့သူ ထည့်ပေးတာ လူများ အတော်သဘောကျကြတယ်လို့ ထင်တယ်၊ မြန်မာ့အလင်းမှာ စာအုပ်ဝေဖန်ချက်သတ်သတ်မပါတာ ချွတ်ယွင်းချက်တစ်ခုလို့ ကျွန်တော်ထင်ပါတယ်၊ သူရိယကလည်း မြန်မာရုပ်ရှင်ဝေဖန်ချက်များကို ၇-ရက်လျှင် တစ်ကြိမ်လောက် ထည့်သင့်တယ် ထင်ပါတယ်။



စာအုပ်တို့၊ ရုပ်ရှင်တို့၊ ဓာတ်ပွဲ၊ အငြိမ့်ပွဲတို့၊ ဓာတ်ပြားတို့ ဆိုတာတွေဟာ သတင်းစာထဲမှာ ထည့်သင့်တဲ့ အကြောင်းတွေ ပါပဲ၊ မိန်းမများအဖို့၊ ကလေးများအဖို့ဆိုပြီး သတင်းစာများမှာ သတ်သတ် အခန်းထည့်ပေးလျှင် တိုးတက်တယ်လို့ ဆိုရမှာပဲ။ အင်္ဂလိပ်သတင်းစာတိုင်းမှာ ဒီအခန်းတွေ ပါပါတယ်၊ ကျန်းမာရေးကစားပွဲများ ယခုထည့်သလို မဟုတ်ဘဲ တပေါင်းတစုတည်း ဆက်ပြီးထည့်နိုင်လျှင် အကောင်းဆုံးပါပဲ၊ အာသာမပျက်ရအောင်ပေါ့ ဦးရယ်၊ လူအများ စိတ်ဝင်စားစရာ ဓာတ်ပုံများကိုလည်း တစ်မျက်နှာ၊ နှစ်မျက်နှာစသဖြင့် စုပြီး ထည့်နိုင်လျှင် သာ၍ကောင်းပါလိမ့်မယ်၊ ဗီးလတ်က အင်္ဂလိပ်သတင်းစာကြီးတွေမှာတော့ နောက်ဆုံးစာမျက်နှာမှာ စုပြီး ထည့်ကြပါတယ်"

**လူကြီး** ။ ။ "နို့ ဂျာနယ်တွေကိုရော မောင်ကဘယ်လို သဘောထားပါသလဲ"

**လူငယ်** ။ ။ "ကျွန်တော်ဖတ်တဲ့ ဂျာနယ်တွေကတော့ ဒီးဒုတ်၊ ဘားမားဂျာနယ်နှင့် ရဲသတင်းစာ ဖြစ်ပါတယ်၊ ဆောင်းပါးအထားအသို၊ ဂျာနယ်စီစဉ် ရိုက်နှိပ်ပုံကိုကြည့်လျှင် ဘားမားဂျာနယ်က အကောင်းဆုံး ဖြစ်ပါတယ်၊ နိုင်ငံရေး၊ မြန်မာစာပေ အတတ်ပညာနှင့် ဗဟုသုတအတွက်ဆိုရင် ဒီးဒုတ်ကို ကျွန်တော် ကြိုက်ပါတယ်၊ ခပ်ဆန်းဆန်း၊ ခပ်ကြမ်းကြမ်း ကြိုက်သူများကတော့ ရဲသတင်းစာကို စွဲမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နိုင်ငံရေးအယူအဆဘက်ကဆိုလျှင် ဘားမားဂျာနယ်ကို ကျွန်တော်ဖတ်လို့မရပါ၊ ဒါကတော့ လူတစ်ဦးနဲ့တစ်ဦး တူခဲသားကလားဗျာ၊ ဒီးဒုတ်မှာလည်း ကျောင်းသားများ လက်တည့်စမ်းတဲ့ ကဗျာခန်းကို ကျွန်တော် မဖတ်ပါ၊ ရဲ့သတင်းစာ ဆောင်းပါးတစ်ဝက်လောက်ဟာဖြင့် ကျောင်းသားသူငယ်၊ သူငယ်မများ ရေးသားချက်နဲ့ တူပါတယ်၊ ကျွန်တော်တို့ ၉–တန်း၊ ၁၀–တန်း ရောက်တော့ အတန်းထဲမှာ ရေးရတဲ့စာစီစာကုံးမျိုး ဖြစ်ပါတယ်။

သို့ရာတွင် ဒီဂျာနယ် သုံးခုစလုံးကို ဦးစီးနေတဲ့ ပုဂ္ဂိုလ်သုံးယောက်စလုံးကတော့ လူတော်ချည်းပါပဲ၊ နိုင်ငံရေး၊ ကဗျာ၊ အင်းအိုင်စမ၊ ဗေဒင်၊ နက္ခတ်၊ ဂီတနှင့် လောကုတ္တရာဘက်က ဒီးဒုတ်ဦးဘချိုလို နှံ့စပ်တဲ့သူ ရှိမည်မထင်ပါ၊ အင်္ဂလိပ်လူမျိုးများထဲမှာတော့ အလ်ဒစ်ဟပ်စ်စလေ ဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက် ရှိပါတယ်၊ ဘယ်ဘက်ကစမ်းစမ်း ရတဲ့ပုဂ္ဂိုလ်ပါပဲ၊ သို့ရာတွင် ဒီးဒုတ်ဦးဘချိုလောက်တော့ စုံမယ်မထင်ပါ၊ ဦးဘချိုက အဆိုလည်း အင်မတန် ကောင်းတယ်လို့ ပြောသံကြားဖူးပါတယ်၊ အားကစားလည်း တော်တယ်ဆိုပဲ။

ဦးဗဂျိုင်ဆိုတာကတော့ အတော်အကြံကြီးတဲ့လူ ဦးရဲ့၊ သူရေးတဲ့ ကြီးပွားချမ်းသာရေး စာအုပ်ဟာ မြန်မာပြည်မှာခေတ်နှင့်ဆီလျော်သော စာအုပ်၊ ခေတ်ကြီးကို ဖွင့်ပေးတဲ့ စာအုပ်ပါပဲ၊ ဘားမားဂျာနယ်ဟာလည်း သူစီစဉ်တဲ့အတိုင်း အတော်လူကြိုက်များလာပါပြီ၊ နိုင်ငံရေးအယူအဆဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး တူခဲသားကလား ဦးရယ်၊ ဦးဗဂျိုင်ကတော့ ကာလကတ္တားက 'အမရိတဘာဇာပထရိကာ' တို့၊ 'အက်တ်ဘန့်စ်' တို့ကို အတော်ဖတ်ပုံရတယ်၊ လူအများ စိတ်ကြိုက်ကိုလည်း အတော်သိပုံရတယ်။ သတင်းစာဂျာနယ်လုပ်ငန်းမှာ



ဒီအချက်ဟာ အရေးအကြီးဆုံးပေါ့၊ များမကြာမီ နေ့စဉ်သတင်းစာတစ်စောင် ထုတ်ဝေဖြစ်အောင် ကြိုးစားနေတယ်လို့ကြားတာပဲ၊ ကျွန်တော်တော့ သေသေချာချာ မသိသေးဘူး၊ ရဲ့သတင်းစာကို ဦးစီးနေတဲ့ မဟာဆွေလည်း အတော်တော်တဲ့ပုဂ္ဂိုလ်ပါပဲ၊ ရဲ့သတင်းစာမှာ အခကြေးငွေ တစ်ပြားမှမယူဘဲအယ်ဒီတာလုပ်နေတယ် ကြားတယ်။

မြန်မာပြည်မှာ ဝတ္ထုတို့ ဆောင်းပါးတို့ရေးပြီး ငွေဝင်လမ်းမှန်နေတဲ့သူဆိုလို့ ပီမိုးနင်းနဲ့ မဟာဆွေ နှစ်ယောက်ပဲရှိတယ်လို့ ကျွန်တော်ထင်တယ်၊ ရဲ့သတင်းစာကတော့ အများကြီး လိုပါသေးတယ်၊ အားပေးသူက နည်းတော့ စိတ်ထင်တိုင်းလုပ်လို့ မဖြစ်နိုင်ဘူး ထင်ပါရဲ့၊ ကောင်းသော လုပ်ငန်းအတွက် အထောက်အပံ့ ဖြစ်ပါစေတော့ ဆိုပြီး တစ်ပတ်လျှင်တစ်မူးကျ လှူနေတော့တာပဲ၊ တန်လှတယ်လို့တော့ မဟုတ်ပါဘူး၊ ဘုန်းတော်ကြီးတွေ မရေးရဘူးလို့ အရင်တလောကရဲ့အုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်လိုက်တုန်းကတောင် ရဲ့ကိုမဖတ်တော့ဘူးလို့ပင် စိတ်ကူးလိုက်ပါသေးရဲ့၊ သို့ပေမယ့်ယခုထက်ထိတော့ မပြတ်ဖတ်နေလျက်ပါပဲ"

**လူကြီး ။** ။ "ဆယ်သန်းတို့ ဗန္ဓုလတို့ကောမောင်ရယ်"

**လူငယ် ။** ။ "အဲဒါတွေကိုတော့ မဖတ်ဖူးလို့မပြောတတ်ဘူး ဦးရဲ့၊ ဆယ်သန်းကိုတော့ လေးငါးခါ ဖတ်ဖူးပါရဲ့၊ ဗန္ဓုလကိုတော့ ထွက်စက တစ်အုပ် ဖတ်ဖူးပါတယ်၊ သတင်းစာတန်ဖိုး အကုန်အကျများလွန်းလို့ ဒါတွေကိုဖြတ်ထားရတယ်၊ စာဖတ်အသင်းတွေမရှိတာ ခက်တာပေါ့၊ ကျွန်တော့အတွက် အင်္ဂလိပ် မြန်မာဂျာနယ်ဖိုးက တစ်လကို ၁၅–ကျပ်လောက် ကုန်နေတယ်၊ စာဖတ်အသင်းရုံတွေသာရှိရင် အများကြီး သက်သာမှာပေါ့ ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



**လူကြီး** ။ ။ "မောင်ရင်က အတော်နဲ့စပ်သားပဲ၊ ဦးတော့ အသက်အရွယ်ကလည်းကြီး၊ အချိန်ကလည်း တယ် မရတာနဲ့ ဒါတွေကို မဖတ်အားဘူး မောင်ရဲ့၊ ဝါသနာကတော့ ရှိရက်ပါပဲ၊ ဒါထက် မဂ္ဂဇင်းတွေအကြောင်းလည်း ထင်မြင်ချက် သိပါရစေအုံးလေ၊ ပြောလက်စနဲ့ ဆက်ပါအုံး"

**လူငယ်** ။ ။ "ဟုတ်ကဲ့၊ ခရီးသွားရင်း အခုလို စကားပြောခွင့်ရတာ ကျွန်တော်ဖြင့် သိပ်ဝမ်းသာပါတယ်၊ မဂ္ဂဇင်း အကြောင်းပြောရရင် တော်တော်နဲ့ ပြီးမယ်မထင်ဘူး"

ခပ်တိုတိုနဲ့ ရှန်းကြစို့ ဦးရယ်၊ ကျွန်တော်ဆင်းရမယ့် နေရာကလည်း နီးပြီ၊ ကျွန်တော် အမြဲဖတ်တဲ့ မဂ္ဂဇင်းတွေ ကတော့ သူရိယ၊ တိုးတက်ရေး၊ ကြီးပွားရေးနဲ့ ဂန္ထလောက မဂ္ဂဇင်းတို့ ဖြစ်ပါတယ်၊ သူရိယ မဂ္ဂဇင်းကတော့ ဝတ္ထု အဆင့်အတန်းမြင့်မြင့် ကြိုက်သူများအတွက် အကောင်းဆုံးပေါ့၊ ပုံနှိပ်ချုပ်လုပ်ပုံ၊ ဆောင်းပါးအထားအသိုတို့ကိုလည်း ဆိုစရာ မရှိပါဘူး၊ နိုင်ငံခြားခရီးသွား ဆောင်းပါးတွေလည်း ဖတ်လို့ ကောင်းပါတယ်၊ ငါးမူးတော့ ကောင်းကောင်းကြီး တန်တာ ပေါ့၊ အယ်ဒီတာ ဦးသိမ်းမောင်ဆိုတာ သတင်းစာ မဂ္ဂဇင်း တွေမှာ အတော် နှံ့စပ်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ သူရေးတဲ့ "သတင်းစာ ဆရာ" ဆိုတဲ့ စာအုပ်ဟာ ဝါသနာပါတဲ့လူတိုင်း ဖတ်သင့်တဲ့ စာအုပ်ပေါ့"

"တိုးတက်ရေးမဂ္ဂဇင်းကတော့ ဦးတို့ လူကြီးပိုင်းက ကြိုက်လိမ့်မယ်ထင်တယ်၊ ကျွန်တော့်အတွက်မှာဖြင့် တောင်တွင်း ကြီး ရှင်ဥက္ကဋ္ဌဆရာတော်ရေးတဲ့ ဆောင်းပါးတွေ၊ ပီမိုးနင်း ရေးတဲ့ နီရှေးအကြောင်းတို့၊ မဟာဆွေတို့၊ ဦးဗဂျိုင်တို့ ဆောင်း ပါးတွေသာ ရွေးပြီး ဖတ်ရတော့တယ်၊ လစဉ်ထုတ် မဂ္ဂဇင်း ထဲမှာ စောင်ရေအများဆုံး ထုတ်ဝေရတယ်လို့တော့ ပြောတာပဲ၊ ဘိုးမေတ္တာဆိုတဲ့ ဆောင်းပါးရှင်ဟာ ဂရုစိုက်ပြီး ဖတ်သင့်တဲ့



ပုဂ္ဂိုလ်ပါပဲ၊ တိုးတက်ရေးတော့ ရောက်ရောက်ချင်း အနောက် ကျောင်းက ဦးပဍ္ဍင်းက ဖတ်ချင်တယ်ဆိုပြီး တခါတလေ ယူသွားတာပဲ၊ ဦးပဍ္ဍင်းဆီက တကာကြီးတွေဆီ တစ်ဆင့် ရောက်ပြီး တခါတလေ နောက်အုပ်ရောက်မှပဲ ပြန်ရောက် တော့တယ်၊ ဂန္ထလောကကတော့ ကျွန်တော့်အသည်းစွဲပေါ့၊ ထွက်ကတည်းက ၁၂–နှစ်လုံးလုံး ဂန္ထလောကရောက်လာရင် တယ်ပြီး ဝမ်းသာတာကိုး၊ အင်္ဂလိပ်တစ်ပိုင်း၊ မြန်မာတစ်ပိုင်း ဆိုတော့ အင်္ဂလိပ်စာမတတ်တဲ့သူများ ဖတ်ဖို့ရာက တပန်းရှုံး နေတယ် ဦးရဲ့။

အင်္ဂလိပ်စာတတ်တဲ့ မြန်မာတိုင်းကတော့ သိပ်ဖတ်လို့ ကောင်းတာပဲ၊ အခု အခကြေးငွေမယူဘဲ လစဉ် မှန်မှန် ထွက် အောင် ဂရုစိုက်နေတဲ့ ကိုကျော်ဝင်းတို့၊ ကိုမျိုးမင်းတို့ ညီနောင် နှစ်ယောက်ကိုလည်း ကျေးဇူးတင်စရာပဲ။

အဆင့်အတန်းက အတော်မြင့်တဲ့ မဂ္ဂဇင်းပါပဲ၊ အခုလ ဇော်ဂျီရေးတဲ့ သူ့မယားဆိုတဲ့ ဝတ္ထုကလေးဟာ အင်္ဂလိပ် ဝတ္ထုရေးဆရာ ဟူချ်ဝါလ်ပိုလ်ရေးတဲ့ ဝတ္ထုမျိုးကလေးပါပဲ။

မြန်မာဝတ္ထုဖတ်သူ တစ်ရာမှာ ငါးယောက်လောက်မှ ကြိုက်ပါ့မလား မဆိုနိုင်ဘူး၊ ကျွန်တော်တော့ သိပ်ကြိုက်တာပဲ။

ဒီလို အဆင့်အတန်းမြင့်ပြန်လည်း ဖတ်သူနည်းပြန် ပါရော၊ တစ်လကို စောင်ရေ ငါးရာလောက်ပဲ ထုတ်ရတယ် ကြားတယ်၊ ကြီးပွားရေးမဂ္ဂဇင်းလည်း ကျွန်တော့်အသည်းစွဲ ပေါ့၊ သို့ရာတွင် တစ်ခါတလေ ထွက်ရမယ့်ရက်မှာ မထွက်ရင် စောင့်ရ၊ တယ်ပြီး ဒုက္ခရောက်တာကိုး၊ ဒီမဂ္ဂဇင်းကိုတော့ ကျွန်တော်ဖြင့် အပြစ်ရှာလို့ကို မရပါဘူး၊ ရက်မှန်မှန် မထွက် တဲ့ အပြစ်ပဲရှိတယ်၊ စီမံထုတ်ဝေသူ ကိုလှဆိုတာ ကျွန်တော် တော့ မမြင်ဖူးဘူး၊ နို့ပေမယ့် အရေးအသား အစီအစဉ် ကြည့်ရတာနဲ့ အတော် ဟာသဘက်က စွမ်းတဲ့လူ ထင်ပါရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကာတွန်းတွေ၊ ရုပ်ပုံတွေ၊ ဆောင်ပါးကောင်းတွေတော့ မှန်မှန်ကြီးပါတဲ့ မဂ္ဂဇင်ပါပဲ၊ ကျွန်တော့် မိတ်ဆွေတိုင်း ဝယ်ဖတ်ဖို့ တိုက်တွန်းနေပါတယ်"

ထိုသို့ လူကြီးနှင့် လူငယ် စကားပြော ကောင်းနေကြစဉ်မှာ သင်္ဘောလည်း လမ်းရှိ မြို့တစ်မြို့သို့ ဆိုက်ကပ်တော့မည်ဖြစ်၍ ထိုလူငယ်သည် လူကြီးအား နှုတ်ဆက်ပြီး "ကိုင်း...ဦး ကျွန်တော်တော့ ဒီမှာ ဆင်းရတော့မယ်၊ တွေ့ရတာ အများကြီး ဝမ်းသာပါတယ်၊ ကျွန်တော်ဖြင့် သတင်းစာမဂ္ဂဇင်းတွေကို ဝါသနာပါလွန်းလို့ ဖတ်လည်းဖတ်၊ ဆွေးလည်းဆွေးနွေး၊ သူများကိုလည်း ဝါသနာပါအောင် တိုက်တွန်း၊ တိုးတက်အောင် စိတ်ကူးပြီး အချိန်ကုန်စေတာပဲ" ဟုဆိုပြီး ဆင်းသွားပါသည်။

ကိုလှရေ...ကျွန်တော်လည်း သူတို့နှစ်ဦး စကားပြတ်တော့မှပဲ ကျွန်တော့် ကြီးပွားရေးကို ဆက်ပြီး ဖတ်ရတော့တယ်ဗျို့။

သူတို့နှစ်ဦးရဲ့ လွတ်လပ်တဲ့ ဆွေးနွေးချက်များကို ခင်ဗျားသိရအောင် သူတို့စကားအတိုင်း မှတ်မိသမျှ ကျွန်တော် ရေးလိုက်တာပဲ၊ ကျွန်တော့်စာကို ခင်ဗျားက မဂ္ဂဇင်းထဲ ထည့်လိုက်လို့ အဲဒီလူကြီးနဲ့ လူငယ်သာ ဖတ်မိကြရင် အံ့အားသင့်သွားကြလိမ့်မယ်၊ နောင် ကျွန်တော်ပါရင် ဒီလို လွတ်လွတ်လပ်လပ် ပြောချင်မှ၊ ပြောကြတော့မယ်၊ လွတ်လပ်မှုကို ချုပ်ချယ်တာတော့ မဟုတ်ဘူးဗျို့နော်...။

**မောင်သန့်**

ကိုသန့်က ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ခေတ်က ထွက်နေတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကို လူငယ်တစ်ယောက်က ဘယ်လိုမြင်တယ်ဆိုတဲ့သဘော ရေးပေးလိုက်တဲ့ ဆောင်းပါးဟာ ကိုသန့် တမင်ထွင်ရေးတာပဲလို့ ကျွန်တော်ထင်ပါတယ်။



လူကြီးနဲ့ လူငယ် သင်္ဘောပေါ်မှာ ဒီလိုစကားပြောကြတာမျိုးဟာ ရှိနိုင်ပါတယ်၊ ဒါပေမယ့် ဦးသန့်ဆောင်းပါးကတော့ တမင်ထွင်ရေးတာပဲ ဖြစ်မှာပဲ၊ ဖွင့်တော့မမေးမိဘူး၊ မေးစရာမလိုဘူး ထင်တာနဲ့ မမေးမိပါဘူး၊ စာရေးဆရာဆိုတာ ဒီလိုပဲ ထွင်တတ်ကြတာပါပဲ၊ မေးစရာမရှိတဲ့ အကြောင်းတစ်ခုက လူငယ်ရဲ့ အာဘော်တွေဟာ အဲဒီတုန်းက ကိုသန့်ရဲ့ အာဘော်တွေချည်း ဖြစ်နေကြလို့ပါပဲ၊ ဒီအမြင် ဒီအယူအဆမျိုးတွေ ကိုသန့်မှာ ရှိနေတယ်ဆိုတာတော့ သူနဲ့ စကားစမြည် ပြောရာက ကျွန်တော်တို့ သိနေကြပါတယ်၊ လူငယ်အသက် ၃၀-အရွယ်ဆိုတာလည်း ကိုသန့်ပဲ ဖြစ်နေမှာပဲ၊ သူ့အသက်ဟာလည်း အဲဒီနှစ်တုန်းက ၂၉-နှစ်လောက်ပဲ ရှိနေပါတယ်"

အထက်ပါ ကြီးပွားရေး မဂ္ဂဇင်း၌ ဦးသန့်ရေးခဲ့သော ဆောင်းပါးကို လူထုဦးလှ ပြန်လည်တင်ပြသဖြင့် ဦးသန့်၏ သတင်းစာဗဟုသုတ၊ သတင်းစာဝါသနာပြင်းထန်ပုံနှင့် စာနယ်ဇင်းများအပေါ်တွင် မည်မျှဂရုတစိုက် စေတနာထားရှိပုံကို သိသာကြရပေသည်။ ဦးသန့်က လူထုဦးလှရေးသကဲ့သို့ပင် အမြဲသတင်းစာထောင်ချင်သောသူ၊ သတင်းစာဆရာ လုပ်ချင်သူဖြစ်သည်။ သတင်းစာ ပြုစုပျိုးထောင်၍ လူသားတစ်ယောက်၏ တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်လိုသူဖြစ်ကြောင်း သိသာနိုင်ပေသည်။ ဦးသန့်၏ မိသားစုတွင် ဦးသန့်၏ ဝါသနာခြေရာကို နင်းသူမှာ တစ်ယောက်သာ ရှိသည်။

သူကား ဦးသန့်၏ ညီဖြစ်သူ ဦးခန့်ဖြစ်သည်။ ဦးသန့်သည် သတင်းစာဆရာဖြစ်ရန် ဝါသနာပါရင်းစွဲဖြစ်ပြီး ယနေ့ထိသတင်းစာဆရာစစ်စစ် ဖြစ်မလာသေးသော်လည်း ဦးခန့်ကား စာနယ်ဇင်းလောကတွင် ဦးသန့်ထက် ပိုမိုနံ့စပ် ကျွမ်းကျင်သူ ဖြစ်လာသည်။ ဦးသန့် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းနေစဉ်ကစ၍ ဦးသန့်၏ညီ ဦးခန့်သည် ပန်းတနော် ဦးခန့်ဟူသော အမည်ဖြင့် စာပေလောကသို့ ရောက်နေပေပြီ။ ဂန္ထလောက မဂ္ဂဇင်း အယ်ဒီတာအဖြစ် ဦးခန့်သည် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com



ဦးသန့်သည် မိမိစိတ်ရောကိုယ်ပါ ဝင်ရောက်ဆောင်ရွက်လိုသော စာနယ်ဇင်းလောကသို့ မိမိမရောက်ဘဲရှိသေးသော်လည်း ညီဖြစ်သူ ဦးခန့်သည် စာနယ်ဇင်းလောကတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း အတွက် အထူးကျေနပ်အားရပေသည်။

သတင်းစာဆရာဘဝကို အလွန် ချစ်ခင် နှစ်သက်သော ဦးသန့်သည် မြန်မာသတင်းစာလောကမှ ပုဂ္ဂိုလ်များ နှင့် အလွန်ချစ်ကြည်ရင်းနှီးသူလည်း ဖြစ်သည်။

ဤသည်မှာ သတင်းစာဝါသနာကြောင့်သာမဟုတ်၊ ဦးသန့်၏ ပင်ကိုယ် စိတ်ဓာတ်ကပင် လူတစ်ဘက်သားအား နှစ်လိုချစ်ကြည်အောင် ဆက်ဆံ တတ်သူ ဖြစ်၍ဟုလည်း ဆိုချင်ပါသည်။

မြန်မာသတင်းစာလောကမှ လူထုဦးလှ၊ အိုးဝေ ဦးညိုမြ၊ ယူပီအိုင် ဦးဘသန်း၊ ဆရာ တက်တိုး စသည်တို့မှာ ဦးသန့်၏ အရင်းနှီးဆုံး လက် ဟောင်း သတင်းစာဆရာကြီးများလည်း ဖြစ်ကြလေသည်။ ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်နေစဉ်အတွင်း ဦးသန့်နှင့် သတင်းစာ ဆရာများ ဆက်ဆံရေးနှင့် ပတ်သက်၍ သတင်းစာဆရာများဘက်မှ မကျေနပ် သော သတင်း တစွန်းတစမျှ မကြားခဲ့ရခြင်းသည် ဦးသန့်၏ လူမှုဆက်ဆံ ရေး ပြေပြစ်သည့် အမှုအကျင့်ကို လှေလာနိုင်သည့် အချက်တစ်ခုပင် ဖြစ်လေသည်။

သတင်းစာဆရာဆိုသည်မှာ မိမိတို့လိုချင်သော သတင်းရယူရေးအတွက် ထောင့်အသီးသီးမှ ရသလို နှိုက်တတ်ကြသောသူများ ဖြစ်သည်။ ထိုသို့ ကြိုးစားသည့်အခါ လိုချင်သောသတင်း ရချင်လည်းရသည်။ မရသောအခါ လည်း ရှိသည်။ သတင်းစာဆရာများထဲတွင် သမာသမတ်ရှိသူရှိသလိုပင် မလိုလျှင် မလိုသလို သိက္ခာမစောင့်စည်းပဲ ရေးတတ်သူလည်းရှိသည်။ ကမ္ဘာ့ နိုင်ငံ ခေါင်းဆောင် အများပင် သတင်းစာဆရာများ၏ ပြစ်တင်ရှုတ်ချ ရေးသားမှုကို ခံရဖူးသူတွေ ဖြစ်ပေသည်။ ဦးသန့်နှင့် ပတ်သက်၍ ထူးခြား သည်မှာ ယင်းအချက်ပင် ဖြစ်လေသည်။

ဦးသန့်ကို ကမ္ဘာ့ကုလသမဂ္ဂရှိ သတင်းထောက်၊ သတင်းစာဆရာများ၏



မကျေမနပ် ပြစ်တင်ရေးသားမှုမှာ အလွန်နည်းပါးသည်။ ဦးသန့်နှင့် နိုင်ငံ တကာ သတင်းစာဆရာများ ဆက်ဆံမှုမှာ ချောမောသည်။ ပြေပြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့်လည်း သတင်းစာလောက၊ စာပေလောကကို အလွန်ချစ်မြတ်နိုးသော ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ဆက်ဆံ ရသည်ကို အလွန်ကျေနပ်မှုရှိကြသည်။ ဝမ်းသာဝမ်းမြောက်လည်း ဖြစ်ကြ သည်။ ဤသို့ ဦးသန့်က သတင်းစာဆရာများကို ခင်မင်စွာ ဆက်ဆံ၍ လည်းကောင်း၊ သတင်းစာဆရာများက ဦးသန့်ကို လေးစားစွာ ပြန်လည် ဆက်ဆံ၍လည်းကောင်း ဦးသန့်နှင့် ကုလသမဂ္ဂသတင်းစာဆရာတို့၏ ဆက်ဆံရေးမှာ အလွန်ချောမောခဲ့ခြင်း ဖြစ်ပါချေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၉။ ဂျပန်၏ သံသယစက်ကွင်းဝယ်

"ဂျပန်က ကျွန်တော်တို့ကို တကယ် လွတ်လပ်ရေး ပေးလိမ့်မယ်လို့ ဘယ်တော့မှ ကျွန်တော်မထင်ခဲ့ပါဘူး၊ အဲဒီ တုန်းက အခြေအနေတွေဟာ အပြတ်ပြောဖို့ ခက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ အကောင်းထက် အဆိုးဘက် ကသာ ကြိုတင်မြင်ခဲ့တယ်" ဟု ဦးသန့်က ပြောခဲ့ဖူးသည်။

ဂျပန်တပ်မတော်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဟု ကြွေးကြော်ပြီး ဝင်လာသောအခါတွင် ဦးသန့်က သည်ဂျပန်တွေ၏ စကားကို မယုံ၊ သူတို့လုပ်ရပ်များကိုကြည့်၍ သူတို့ စိတ်သဘောထားကို အကဲခတ်နိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ ဗိုလ်လကျာ်၊ ဗိုလ်စကြာ၊ ဗိုလ်လရောင် စသော မျိုးချစ်ရဲဘော်များ ပါဝင်သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်တပ်မတော်၏ တပ်ဦးမှ လိုက်ပါ၍ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့၏။

ထိုအချိန်တွင် ဦးသန့်သည် ပန်းတနော်မြို့သားတစ်ဦး ဖြစ်သည့် အလျောက် ပန်းတနော်မြို့နယ် အုပ်ချုပ်ရေး ကော်မီတီတွင် အဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင်ဆောင်ရွက်လျက် ရှိပေသည်။

၁၉၄၂-ခု၊ မေလတွင် မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တပ်မတော် သိမ်းပြီးလေပြီ။ ထိုနှစ် ဂျူလိုင်လ ၂၄-ရက်နေ့တွင် ဂျပန်သည် ဗမာ့ လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းလိုက်လေသည်။ ထို့နောက် ယင်း တပ်မတော်အစား ဗမာ့ကာကွယ်ရေးတပ်မတော်ကို ထပ်မံဖွဲ့စည်းစေသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ခေါင်းဆောင်၍ ဖွဲ့စည်းသော်လည်း ဂျပန်စစ်



ခေါင်းဆောင် ဆူဇူကီးနှင့် အခြားဂျပန်အရာရှိကြီးများကို အကြံပေးအရာရှိ များအဖြစ် ပူးတွဲပါဝင် ချုပ်ကိုင်ထားစေသည်။

ထို့နောက် ဂျပန်တို့သည် ဗဟိုအစိုးရအဖွဲ့ကို ဒေါက်တာဘမော် ဦးစီး၍ ဖွဲ့စည်းစေသည်။ သို့သော် နေရာတိုင်းမှာ ဂျပန်အကြံပေးအရာရှိ များက ဝင်ရောက်ချယ်လှယ်၍ သူတို့သဘောကျ ဖွဲ့စည်းရခြင်း ဖြစ်နေ၏။ ဦးသန့်သည် ဂျပန်တို့၏ ကောက်ကျစ်စဉ်းလဲသော သဘောထားများကို ကြိုတင်သိမြင်၍ နေလေသည်။ သမိုင်းစဉ်ကို ပြန်၍လေ့လာခြင်းဖြင့် ဂျပန် တွေ အဘယ့်ကြောင့် မြန်မာနိုင်ငံသို့ ရောက်လာရခြင်းကို လည်းကောင်း၊ လွတ်လပ်ရေး ပေးမည်ဟူသော မက်လုံးကိုပြ၍ ညာဝါးလိမ်လည်နေခြင်းကို လည်းကောင်း ဦးသန့် ကောင်းစွာ သဘောပေါက်နေလေသည်။

၁၉၄၂-ခု၊ မေလတွင် ဦးသန့်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ် တို့က ရန်ကုန်သို့လာရန် အကြောင်းကြားခေါ်ယူလေသည်။

ဦးသန့်ကို မြန်မာ့ပညာရေး ပြန်လည်ပြုစုရေး ကော်မီတီတွင် အတွင်း ရေးမှူးအဖြစ် ဆောင်ရွက်စေရန်ဖြစ်သည်။ ဦးသန့်သည် ဂျပန်ကို မည်သို့ပင် သဘောမကျသော်လည်း မိတ်ဆွေများ၏ လက်ကမ်းခြင်းကို မငြင်းပယ် ခဲ့ပါချေ၊ ထိုအဖွဲ့၏ ရည်ရွယ်ချက်မှာ မြန်မာ့ပညာရေး စနစ်တကျ ပြန်လည် ပြုစုပျိုးထောင်ရန် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်ပင် ဖြစ်သည်။ ထို အချိန်က ခရီးသွားလာရေးမှာ အလွန်ခက်ခဲလှသည်။ ဂျပန်က ထုတ်ပေး သော ခရီးသွားလက်မှတ်တစ်စောင် ရပါမည့်အကြောင်း ဘူတာရုံများ သင်္ဘော ဆိပ်များတွင် ၂၄-နာရီကြာမျှ မတ်တတ်ရပ်၍ တန်းစီရသော အချိန်လည်း ဖြစ်သည်။

ဦးသန့်မှာ ကံကောင်းသည်ဟု ဆိုရမည်။ လေ့တစ်စင်း ငှားရမ်း၍ ရခဲ့သည်။ ဦးသန့်အနေဖြင့် မိမိ၏ မိသားစုကို ခွဲခွာ၍ တနယ်တရပ်သို့ အချိန်ကြာကြာ ခရီးထွက်သွားနေခြင်း မရှိခဲ့ဖူးပေရာ ယခုရန်ကုန်သို့ သွားရောက်၍ အလုပ်လုပ်ရမည် ဆိုသောအခါ သား သမီး ဇနီး၊ မိခင်တို့ အား ထားခဲ့ရန် များစွာဝန်လေးနေခဲ့သည်။ ဤသို့ဖြင့်ပင် ဦးသန့်ဘာစ်ကိုယ် တည်း ရန်ကုန်သို့ ထွက်ခွာလာခဲ့ရ၏။ ဦးသန့် ရန်ကုန်သို့ ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



တွင် မြို့တော်မှာ ရစရာမရှိအောင် ပျက်စီးနေပေပြီ။ ပြိုကျပျက်စီးနေသော အဆောက်အဦတွေကို ပြန်မဆောက်။ ကျန်သမျှ အဆောက်အဦများကို ဘီ-၂၉ အမေရိကန် ဗုံးကြဲလေယာဉ်များက အိန္ဒိယမှ လာရောက်၍ တဝုန်းဝုန်း ဗုံးကြဲနေပြန်၏။

ရန်ကုန်ရောက် ဦးသန့်ဘဝမှာ ထမင်းလုံးတစ္ဆေခြောက်သလို ဖြစ်နေလေသည်။ ဦးသန့်သည် ညီဖြစ်သူ ဦးခန့်တို့ မိသားစုနှင့်အတူ လာနေသည်။ သို့သော် ဦးသန့်မှာ တစ်နေ့မှ စိတ်မအေးရ၊ ဗုံးဒဏ်ကို ရှောင်တိမ်း ပြေးလွှားရင်း ညီဖြစ်သူ ဦးခန့် မိသားစုအတွက်လည်းကောင်း၊ မိမိအတွက် လည်းကောင်း ပူပန်သောက ရောက်နေရရှာလေသည်။ ဦးသန့် ဂျပန်ခေတ် ရန်ကုန်မှာနေရသောဘဝကို လုံးဝမကျေနပ်ပေ။ ဂျပန်အုပ်ချုပ်ရေးကိုလည်း သဘောမကျ၊ အားလုံးမှာလည်း စနစ်တကျမရှိ၊ ဖရိုဖရဲ ဖြစ်နေ၏။ ထို့ကြောင့် သူက ဤသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

> “အဲဒီအချိန်တုန်းကဆိုရင် ကျွန်တော် နည်းနည်းလေးမှ မပျော်ခဲ့ပါဘူး၊ ဂျပန်တွေဟာ ဗြိတိသျှတွေထက် ပိုပြီး ဆိုးရွားတယ်၊ ဂျပန်အကြံပေးအရာရှိတွေကလည်း ဒုန့်ဒေး၊ သူတို့ အကြံပေးတယ်သာဆိုတယ်၊ အမှန်တော့ အုပ်ချုပ်ရေးမှာ ဝင်ရောက်ချယ်လှယ်ချုပ်ကိုင်နေတာပါ၊ ရန်ကုန်မှာ နေခဲ့ရတဲ့ ဘဝဟာ သိပ်ပူလောင်လှတာပဲ၊ ဗုံးကြဲခံနေရရုံတင် မဟုတ်သေးဘူး၊ ကျွန်တော်ဟာ ဂျပန်ရဲ့ သံသယစက်ကွင်းထဲ ရောက်နေရတယ်၊ သူတို့က ကျွန်တော့်ကို ဗြိတိသျှလိုလားသူတစ်ဦးလို့ မြင်နေကြတယ်လေ”

သို့သော် ဦးသန့်သည် ကျရောက်သော တာဝန်ကိုကား ကျေပြွန်အောင် ထမ်းဆောင်ခဲ့ပေသည်။

၁၉၄၂-ခု ဂျူလိုင်လကုန်တွင် “မြန်မာ့ပညာရေး စီမံကိန်းသစ်” စာတမ်းကို အပြီးသတ် ရေးဆွဲပေးခဲ့ပေသည်။ ဩဂုတ်လ ၁-ရက်နေ့တွင် မြန်မာ့အုပ်ချုပ်ရေးအဖွဲ့ကို ဂျပန်က တရားဝင်ဖွဲ့စည်းပေးခဲ့သည်။ တချိန်တည်း



မှာပင် လွတ်လပ်ရေးပြင်ဆင်မှု ကော်မီတီကို ဖွဲ့စည်း၍ အခြေခံဥပဒေကို ရေးဆွဲစေ၏။ ဦးသန့်သည် မိမိရေးဆွဲသော ပညာရေးစီမံကိန်းကို သက်ဆိုင်ရာသို့ တင်ပြသော်လည်း ထိုစီမံကိန်းမှာ စက္ကူပေါ်တွင်သာ ရှိနေပြီး ဘေးဖယ်ထားခြင်း ခံရလေသည်။ ဦးသန့်သည် ထိုနှစ်ဂျူလိုင်လကုန်တွင်ပင် ပန်းတနော်သို့ ပြန်လာခဲ့လေသည်။ ထိုအချိန်က ခရီးသွားလျှင် ဂျပန်များကို ခွင့်ပန်၍ သွားလာရသည်။

ဂျပန်များသည် မြန်မာအသံလွှင့်ဌာနကို သိမ်းယူထား၏။ မြန်မာနိုင်ငံရှိ ရေဒီယိုအားလုံးကိုလည်း နိုင်ငံခြား အသံလွှင့်ဌာနများမှ မဖမ်းယူနိုင်စေရန် လှိုင်းတိုမီတာများကို ဖြတ်တောက်ထားသည်။ ဤသို့ လှိုင်းတိုဖြတ်မထားဘဲ နိုင်ငံခြားအသံများကို ဖမ်းယူနားထောင်ပါလျှင် သေဒဏ် အပြစ်ပေးလေသည်။ ယခုအခါ ဦးသန့်သည် ပန်းတနော်မြို့သို့ပြန်၍ လွတ်လပ် စွာ နေထိုင်လျက် ရှိလေသည်။ ဦးသန့်နှင့် သူ၏ သူငယ်ချင်း ၄-ယောက် တို့ထံတွင် လှိုင်းတို ရေဒီယိုတစ်လုံး ရှိနေသည်။ ညဥ့်တိုင်း ညဥ့်တိုင်းပင် ဦးသန့်နှင့် မိတ်ဆွေ တစ်စုသည် သူငယ်ချင်းဖြစ်သူ ဦးခင်မောင်၏ အိမ်တွင် စုဝေးကြသည်။ ညဥ့် ၉-နာရီအချိန်မှစ၍ သူတို့သည် လှိုင်းတိုရေဒီယိုဖြင့် နိုင်ငံခြားတိုင်းပြည်များမှ အသံလွှင့်ချက်များကို ဖမ်းယူနားထောင်ကြ၏။

သူတို့တစ်စု အပေါ်ထပ်တွင် တိတ်တိတ်ခိုး၍ ရေဒီယိုနားထောင်နေစဉ် အောက်ထပ်ရှိ ဦးခင်မောင်၏ အိမ်သားများမှာ ဓာတ်စက်ကို ဆူညံစွာ ဖွင့်၍ နေကြလေသည်။ သူတို့ ဤသို့ ပြုလုပ်ခြင်းအတွက် အသက်အန္တရာယ် အလွန်နီးကပ်သည်ကို နားလည်ကြသည်။ ဤပြစ်မှုအတွက် အကယ်၍ ဂျပန်ဖမ်းမိသွားလျှင် ဦးသန့်၏ မိတ်ဆွေဖြစ်သော အစိုးရအဖွဲ့ဝင် ဦးနုပင် ဝင်၍ကယ်နိုင်မည် မဟုတ်သည်ကိုပါ သဘောပေါက်ကြပါသည်။ ဂျပန်များသည် မြန်မာအရာရှိများကို ဂရုမစိုက်ဘဲ ဖမ်းချင်သည့်လူကိုဖမ်း၊ ပစ်သတ်ချင်သူကို အရမ်းပစ်သတ် လုပ်နေသည့်ခေတ်၌ ဦးသန့်တို့ လုပ်နေကြသည့် ပြစ်မှုမှာ အလွန်ပင် အသက်အန္တရာယ်နှင့် နီးကပ်လွန်းပေသည်။

ဤအတွင်း ဦးသန့်သည် ဂျပန်မိတ်ဆွေ အရာရှိအချို့နှင့် ခင်မင်စွာ ပေါင်းသင်းနိုင်ခဲ့ပေသည်။ ဦးသန့်ကဲ့သို့သော စာပေသမားကို စာပေဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ပါသော ဂျပန်အရာရှိများက သဘောကျကြသည်။ ဦးသန့်က မိမိကို ဂျပန်များက ဗြိတိသျှလိုလားသူဟု ထင်နေကြောင်း နားလည်သည်။ ထို့ကြောင့် စာအုပ်စင်မှ ဗြိတိန်ကြိုက်စာပေ၊ လက်ဝဲစာပေအားလုံးကို ဖယ်ရှားထားလိုက်သည်။ ဂျပန်စစ်ပုလိပ်အိုကာနှင့် ဂျပန်စစ်ဗိုလ်ကလေး အိုမာရာတို့သည် ဦးသန့်အိမ်သို့ ဝင်ထွက်သွားလာပြီးလျှင် ဦးသန့်ထံမှ စာအုပ်များကို ငှားရမ်းဖတ်ရှုလေသည်။

ဦးသန့်ကလည်း သူတို့ကို ခင်မင်စွာ ပေါင်းသင်းဆက်ဆံသည်။ သူတို့နှင့် စာစကား ပေစကား ဆွေးနွေးညှိနှိုင်းသည်။ ဤသို့ ပြုလုပ်သည်ကို စာသမား ဂျပန်အရာရှိနှစ်ဦးမှာ လွန်စွာ သဘောကျ နှစ်သက်လေသည်။ ထိုအတွင်း ဂျပန်များသည် ကလေးသူငယ်များကို ကျောင်းများတွင် ဂျပန်စကား အတင်းအကြပ်သင်ကြားစေရန် အမိန့်ထုတ်သည်။ ဦးသန့်သည် ဂျပန်တို့၏ အမွှအမိန့်ကို မလွန်ဆန်ပေ။ ဦးသန့်၏ သမီးငယ် အေးအေး ကိုယ်တိုင်ပင် ဂျပန်စာများ သင်ကြားရလေသည်။

၁၉၄၃–ခုနှစ်မှစ၍ နောင်အခါ ဖ–ဆ–ပ–လ ဟု တွင်မည့် အမျိုးသား တော်လှန်ရေးလှုပ်ရှားမှု အုပ်စုများ ထွက်ပေါ်လာလေသည်။ ဤအဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ သခင်သန်းထွန်း၊ သခင်စိုးနှင့် သခင်မြ၊ ဗိုလ်လက်ျာစသော ထိပ်တန်းခေါင်းဆောင်များ ပါဝင်သည်။

> အမျိုးသားတော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်သော ရဲဘော်များက တော်လှန်ရေးအတွက် ဆန်စုဆောင်း သိုဝှက်ထားရန် ဦးသန့်ကို တာဝန်ပေးသည်။ ဦးသန့်သည် ရသမျှ ဆန်ကို စုဆောင်းပြီး တော်လှန်ရေးအတွက် ကျရာ တာဝန်ကို ယူခဲ့သည်။

ယခုအခါ ဂျပန်တို့၏ ရက်စက်ယုတ်မာမှုများမှာ ကမ်းကုန်လေပြီ၊ လူတွေကို အစုလိုက်အပြုံလိုက်သတ်သည်။

ထိုအချိန်တွင် ဦးသန့်၏ညီ ဦးခန့်တို့ မိသားစုမှာ ပန်းတနော်သို့ လာရောက်၍ စစ်ဒဏ်မှကင်းဝေးအောင် ခိုလှုံနေကြသည်။ ဦးခန့်၏ သူငယ်



ချင်း သုံးယောက်အပါအဝင် လူပေါင်း ၄၉–ဦးကို မြောင်းမြတွင် တစုတဝေး သတ်ပစ်ခဲ့လေ၏။ ဦးသန့် ကိုယ်တိုင်ပင် တနေ့တခြား သေဘေးနှင့် နီးလာခဲ့လေသည်။ ဦးသန့်နှင့် မိတ်ဆွေတစ်စုသည် မိမိတို့၏ လှိုင်းတို ရေဒီယိုကလေးကို ဖျက်ဆီးလိုက်ကြရတော့သည်။ သူတို့သည် ထိုအချိန်မှစ၍ ကမ္ဘာနှင့် အဆက်အသွယ်ပြတ်ခဲ့ရပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ ပန်းတနော်မှ ရန်ကုန်သို့

စစ်ကြီးပြီးသွားလေပြီ။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် လွတ်လပ်ရေးပေးရင်ပေး၊ မပေးရင် ချမည်ဟု ကြွေးကြော်နေကြပြီ။ ၁၉၄၇–ခု၊ ဇူလိုင်လ ၉–ရက်နေ့တွင် ဦးသန့်နှင့် မိသားစုသည် ရန်ကုန်သို့ ပြောင်းရွှေ့လာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ လုပ်ကြံမခံရမီ ရက်ပိုင်းတွင် ဦးသန့်သည် ရန်ကုန်သို့ ရောက်လာခြင်းဖြစ်သည်။ ဦးသန့်ကို ပန်းတနော်မှ ဆရာတော် ဘုန်းကြီးများက ပန်းတနော်တွင် မနေသင့်၊ ရန်ကုန်သို့ဆင်း၍ နိုင်ငံ၏ အကျိုးကို ကျရာထောင့်မှ ထမ်းသင့်သည်ဟု ဩဝါဒပေးကြလေသည်။ ဆရာတော်ကြီးများက ဦးသန့်၏ ဇာတာကို ကြည့်၍လည်း ဦးသန့် ရန်ကုန်ဆင်းလျှင် မချတိုးတက်ကြီးပွားရန် လမ်းရှိသည်ဟု တွက်ချက်ရကြ၍ ထိုသို့တိုက်တွန်းခြင်း ဖြစ်ပေသည်။

ကိုးကွယ်ရင်းဖြစ်သော စိန်ကျောင်းဆရာတော်က ဦးသန့်၏ ဇာတာ ကို ဗေဒင်တွက်ကြည့်သည်။ ဆရာတော်၏ ဟောစာတမ်းတွင် ဦးသန့် ရန်ကုန်ပြောင်း၍ အလုပ်လုပ်လျှင် မုချတိုးတက်မည်ဟု ပါရှိခဲ့၏။ သို့သော် အနှောက်အယှက် အတားအဆီးများကို ဖယ်ရှားရန် ယတြာချေရမည်ဟုလည်း ဆရာတော်၏ ဟောစာတမ်း၌ ပါသည်။ ပြုလုပ်ရမည့်ယတြာမှာ ဤသို့ ဖြစ်သည်။ ဦးသန့်သည် ညဥ့်အိပ်နေစဉ် မိမိကိုယ်နှင့်ကပ်၍ ဆန်အိတ် သုံးအိတ် ချထားရမည်။ ဆန်အိတ်တစ်လုံးကို ဦးခေါင်းတွင်လည်းကောင်း၊ တစ်လုံးကို ခါးတွင်လည်းကောင်း၊ တစ်လုံးကို ခြေထောက်တွင် လည်းကောင်း ချထားရမည်။ နံနက်မိုးလင်းသောအခါ ဦးခေါင်းမှ ဆန်အိတ်ကို ဆွမ်းချက်၍ ဘုရားမှာ ကပ်ရမည်။ ခါးမှဆန်အိတ်ကိုမူ သူတောင်းစားများကို စွန့်ကြဲရ



မည်။ ခြေထောက်မှ ဆန်အိတ်ကိုကား ငှက်များကို ကျွေးလိုက်ရမည် ဖြစ်သည်။

ထိုယတြာအတိုင်းပင် ဦးသန့်၏ဇနီးနှင့် မိခင်ကြီးတို့က ဦးသန့် အိပ်ပျော်နေစဉ် ပြုလုပ်ခဲ့ကြလေသည်။ ဦးသန့် ပန်းတနော်မြို့မှ အမျိုးသား အထက်တန်းကျောင်းအုပ်ရာထူးကို စွန့်၍ ရန်ကုန်ပြောင်းမည်ဆိုသောအခါတွင် အားလုံးကပင် ဝိုင်း၍ တားဆီးကြပေသည်။ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ ကျောင်းဆရာတွေအားလုံးကပင် စိတ်မကောင်း ဖြစ်ကြသည်။ ကျောင်းသားများအပေါ် အလွန်တရာမှလည်း စေတနာကောင်းထားပေသော၊ အလွန်တရာမှလည်း သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံလှပေသော ဆရာကြီးတစ်ယောက်ကို တစ်မြို့လုံးက လက်မလွှတ်နိုင်ဖြစ်၍ ဝိုင်းတောင်းပန်ကြ၏။

သို့သော်လည်း မဂ္ဂဇင်းထုတ်ဝေရေးကို အစွဲအလန်းကြီးခဲ့သော ဦးသန့်သည် ရန်ကုန်သို့ မဖြစ်မနေ ဖွတ်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။ ဦးသန့်သည် ပန်းတနော် အမျိုးသားအထက်တန်းကျောင်းတွင် ကျင်းပသော နှုတ်ဆက်ပွဲ၌ မိမိချစ်သော တပည့်များကို ဤသို့မှာကြားခဲ့သည်။

> **တပည့်တို့ … လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါ၊ လူတော်မဖြစ်လျှင်တောင်မှ လူကောင်းတော့ ဖြစ်အောင် ကြိုးစားကြပါ၊ ဒီနေ့ ဒို့နိုင်ငံမှာ လူတော်လည်း သိပ်ရှားတယ်၊ ပြီးတော့ လူဆိုးတွေလည်း အများကြီးပဲ …**

ဦးသန့်သည် နောင်အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများ ဖြစ်လာမည့် တပည့်များကို ထိုသို့ မှာကြားခဲ့လေသည်။ ဒေါ်နန်းသောင်မှာ ဦးသန့် ရန်ကုန်သွားမည်ကို မူလက လုံးဝသဘောမတူ၊ ပန်းတနော်မှာပင် အေးအေးဆေးဆေး နေစေချင်သည်။ ဦးသန့်၏ဇနီး ဒေါ်သိန်းတင်ကသာ ဦးသန့် ရန်ကုန်သွားမည်ကို သဘောကျသည်။ ဒေါ်သိန်းတင်ကို ဗေဒင်ဆရာ တစ်ဦးက ဟောခဲ့ဖူးရာတွင် ဒေါ်သိန်းတင်နှင့် လက်ထပ်မည့်သူမှာ ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ဦးဖြစ်ရမည်ဟု ပါရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဟောစာတမ်းအရပင် ဒေါ်သိန်းတင်သည် ဦးသန့် ရန်ကုန်သွားမှသာ ဗေဒင်ဟောသလို ကမ္ဘာကျော်မည့် အခွင့်အရေး ရလိမ့်မည်ဟု မှတ်ယူခဲ့သည်။ မည်သို့ ဖြစ်စေ ဒေါ်နန်းသောင်မှာ သဘောမတူခဲ့သော်လည်း သား၏ဆန္ဒကို မဆန့်ကျင်လို၍ ဦးသန့်ကို ရန်ကုန်သွားခွင့် ပြုလိုက်ရသည်။ ထိုသို့ရှိစဉ် ဦးသန့်၏ ယောက္ခမ ဒေါ်ကျေးက ဒေါ်နန်းသောင်ကို မိမိတစ်ချိန်က မက်ခဲ့ဖူးသော ထူးဆန်းသည့် အိပ်မက်ကို လာရောက်ပြောပြခဲ့ပြန်လေသည်။ အိပ်မက်မှာ ယခုလောလောဆယ် မက်သော အိပ်မက်မဟုတ်ပေ။ ဒေါ်သိန်းတင် ဆယ်ကျော်သက်အရွယ်က မက်သော အိပ်မက်ပင် ဖြစ်သည်။ အိပ်မက်သဘောမှာ အလွန်လည်း ထူးဆန်းသည်။ အဓိပ္ပာယ်လည်း အလွန်ပြည့်ဝလှပေသည်။ အတိတ်နိမိတ်နှင့်လည်း ပြည့်စုံလှသည်ဟု ဒေါ်ကျေးက ဦးသန့်၏မိခင်ကို ပြောပြသည်။

အိပ်မက်တွင် ဒေါ်ကျေးသည် အရှေ့မိုးကောင်းကင်၌ ထွန်းတောက်နေသော နေရောင်ခြည်ကို မြင်ရသည်။ နေမင်း၏ ရောင်ခြည်ထဲတွင် ဒေါင်းရုပ်နှင့်အတူ မိမိ၏ သမီးဖြစ်သူ မသိန်းတင်၏ မျက်နှာကိုပါ တွေ့ရသည်။ ဒေါ်ကျေးက ထူးဆန်းသော ဤမြင်ကွင်းကို ခင်ပွန်းဖြစ်သူ ဦးသင်းကို ခေါ်ပြသည်။ သို့သော် ဦးသင်း ရောက်လာသောအခါတွင် စောစောက မြင်တွေ့ရသမျှတို့မှာ အားလုံး ရုတ်တရက် ကွယ်ပျောက်သွားလေသည်။

ထိုသို့ ဦးသင်းက ထူးဆန်းသော မြင်ကွင်းကို မမြင်ရခြင်းမှာ သမီးဖြစ်သူ ကောင်းစားကြီးပွားသောအခါ ဦးသင်း မြင်ခွင့်ကြုံခွင့်မရတော့ဘဲ စောစောစီးစီးပင် အနိစ္စရောက်ရတော့မည့် အတိတ်နိမိတ်လည်း ဖြစ်သည်ဟု ဒေါ်ကျေးက ယုံကြည်နေသည်။ မြန်မာ့ရိုးရာ ဓလေ့ထုံးစံအရဆိုလျှင် ဒေါ်ကျေး၏ အိပ်မက်ကို အလွန်ကျယ်ပြန့်စွာ အဓိပ္ပာယ်ကောက်ယူနိုင်သည်။ နေသည် မြန်မာတို့ အထူးတလည် အမွန်အမြတ်ထားသောအရာ ဖြစ်သည်။ နေ၏ တောက်ပခြင်းကို အောင်မြင်စွာ ထွန်းကားသည့် သဘောယူနိုင်သည်။ ဒေါင်းရုပ်မှာလည်း မြန်မာတို့အယူအဆတွင် အောင်မြင်ခြင်း၊ ထွန်းကားခြင်းသဘော၊ ကျက်သရေပြည့်ဝခြင်းသဘောပင် ဖြစ်လေသည်။ ဤသို့ဆိုလျှင် ဒေါ်သိန်းတင်၏ ဘဝမှာ မိုးကောင်းကင်မှ နေမင်းကိုမှီ၍ ပေါ်ထွန်းလာသော



ဒေါင်းရုပ်ကို အမှီပြု၍ ထွန်းကားတိုးတက်မည်မလွဲဟု အဓိပ္ပာယ်ကောက်ရတော့မည်။

ဒေါင်းရုပ်နှင့်တူသော ခင်ပွန်းသည်၏ အောင်မြင်ခြင်းကို အမှီပြု၍ အောင်မြင်ထွန်းကား ကြီးပွားတော့မည့် အဓိပ္ပာယ်လည်း ဖြစ်ရမည် ဧကန်တည်း။ ဦးသန့်၏ ဘဝဖြစ်စဉ်မှာ ယင်းအိပ်မက်အရ ဖြစ်လာခဲ့သည်ဟု ဆိုရန် မလွယ်ကူသော်လည်း ဦးသန့်၏ အောင်မြင်ကြီးပွားမှုများ တစ်ဆင့်ပြီး တစ်ဆင့် အံ့သြဖွယ်ရာ ဖြစ်လာပုံမှာကား ထင်ရှားပေသည်။

ဦးသန့် ရန်ကုန်လာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အင်္ဂလိပ်ဘာသာ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန်သာ ဖြစ်သည်။ တစ်သက်တာပတ်လုံး စာပေလုပ်ငန်းတွင် မွေ့လျော်လိုသော ဦးသန့်သည် ရန်ကုန်သို့ အပြီးအပိုင် ပြောင်းလာပြီး စာပေလောကတွင် ဘဝကို နှစ်မြှုပ်ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ မြန်မာနိုင်ငံသည် မကြာမီ လွတ်လပ်ရေးရတော့မည်ဖြစ်သည်။ လွတ်လပ်ပြီး မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ရေးသားခွင့် ရှိပေလိမ့်မည်။ လွတ်လပ်စွာ ရေးသားခွင့်ကို အသုံးချ၍ စာပေလောကတွင် ပျော်ပျော်ကြီး လုပ်ကိုင်တော့မည်ဟု ဦးသန့် စိတ်ဆုံးဖြတ်၍ လာခဲ့ပေသည်။

ဦးသန့်သည် ရန်ကုန်မြို့ အမှတ်-၂၀၀၊ ပန်းဆိုးတန်းရှိ ညီဖြစ်သူ ဂန္ထလောက မဂ္ဂဇင်းအယ်ဒီတာဟောင်း ဦးခန့်၏အိမ်တွင် သူတစ်ယောက်တည်း ခေတ္တတည်းခိုနေလေသည်။ နောက်တွင် စမ်းချောင်း အောင်သပြေလမ်း၌ အိမ်တစ်လုံးငှား၍ ဇနီးသားသမီးများကိုပါ ခေါ်ယူပြီး နေသည်။ ဤအတွင်း မိမိစုဆောင်းထားသော ငွေရင်းဖြင့် မဂ္ဂဇင်းတစ်စောင် အမြန်ဆုံး ထုတ်လုပ်ရေးကို ကြိုးပမ်းနေခဲ့သည်။ အမှန်စင်စစ်တော့ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရေးမှာ လွယ်ကူသည်မဟုတ်။ မဂ္ဂဇင်းတိုက်နေရာ၊ ပုံနှိပ်စက်နှင့် အယ်ဒီတာအဖွဲ့ စသည်တို့အတွက် ပထမဦးစွာ ရှာဖွေစီစဉ်ရသည်။ ဦးသန့်သည် လိုအပ်သည်တို့ကို မိတ်ဆွေစာရေးဆရာများနှင့် တိုင်ပင်စီစဉ်လျက် ရှိခဲ့လေသည်။

ထိုအချိန်အတွင်း ဦးသန့်နှင့် ဖဆပလခေါင်းဆောင်ဖြစ်နေသော ဦးနုတို့ တွေ့ကြပြန်လေသည်။ ဦးသန့်က မဂ္ဂဇင်းထုတ်ဝေရန် စီစဉ်ထားသော မိမိ

www.burmeseclassic.com



အကြံအစည်ကို ဦးနုအား ထုတ်ဖော်တိုင်ပင်လေသည်။ ဦးနုက သဘောမကျပေ။ ဦးသန့်ကို အသစ်ဖွဲ့စည်းတော့မည် ဖြစ်သော အစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန်အတွက်သာ အလိုရှိသည်။ ဤတွင် ဦးသန့် အကြပ်တွေ့တော့၏။ ကလေးဘဝကပင်လျှင် မိမိကြီးလာလျှင် မဂ္ဂဇင်းတစ်စောင် ထုတ်ဝေမည်ဟု ကြံစည်ထားခဲ့သော ဦးသန့်သည် ယခုကဲ့သို့ အခွင့်သာသောအချိန်တွင် မဂ္ဂဇင်းတစ်စောင် မဖြစ်မနေထုတ်ဝေချင်သည်။

သို့သော် အခင်မင်ဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်သော ဦးနုက ဦးသန့်ကို မဂ္ဂဇင်းမထုတ်ပါနှင့်တော့၊ အစိုးရအမှုထမ်း ဝင်လုပ်ပါဟု ဆိုလေသောအခါတွင် ဦးသန့်အဖို့ အခက်အခဲနှင့် ကြုံရလေသည်။ ထိုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်အစ်ကို ဦးဘဝင်း အပါအဝင် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်။ လုပ်ကြံသူများမှာ ဂဠုန် ဦးစောနှင့် ဂဠုန်အဖွဲ့ဝင် လူသတ်သမားတစ်စု ဖြစ်လေသည်။ ထိုနေ့ ၁၀–နာရီ မိနစ် ၄၀ တွင် အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်နှင့် အပေါင်းပါ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ညနေပိုင်းတွင်ပင် အင်းယားကန်စောင်းရှိ ဦးစော၏ အိမ်တွင် လုပ်ကြံသူများကို အားလုံး တစ်ယောက်မကျန် ဖမ်းမိခဲ့လေသည်။

ထိုနေ့က ဦးစောတို့က သတ်ရန် ကြံစည်သူများထဲတွင် ဦးနုလည်း ပါသည်။ ဦးနုမှာ ထိုစဉ်က ပါလီမန်လွှတ်တော် ဥက္ကဋ္ဌဖြစ်သည်။ ဦးနုကို သတ်ရန် တာဝန်ကျသူက ဦးနုကို သွားရှာသော်လည်း ဦးနုရောက်မလာသေး၍ သေဘေးမှလွတ်သွား၏။ ထိုနေ့ နေ့လည်မှာပင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် ဦးနုကိုခေါ်၍ အစိုးရအဖွဲ့သစ်ကို ခေါင်းဆောင်ဖွဲ့စည်းရန် တာဝန်ပေးတော့သည်။ ဦးနုသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူ၍ အစိုးရအဖွဲ့သစ်ကို ခေါင်းဆောင်ရ၏။ ဦးနု အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်ပြီး တစ်ပတ်အကြာတွင် ဦးသန့်ကို ခေါ်တွေ့ပြီး ဖဆပလအဖွဲ့ချုပ် ပြန်ကြားရေးအရာရှိအဖြစ် ခန့်အပ်လေတော့သည်။

ဦးသန့်အနေဖြင့် တစ်ကြိမ်တစ်ခါမျှ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်လုပ်ကိုင်ခြင်း မရှိခဲ့ပေ။ ဘယ်သောအခါမှလည်း နိုင်ငံရေးသမားများနှင့်



ဒွန်တွဲလုပ်ကိုင်ရန် ရည်ရွယ်ချက်မထားခဲ့။ ငယ်စဉ်ကလေးဘဝမှစ၍ အိပ်မက်မက်ခဲ့ရသည်မှာ စာရေးဆရာလုပ်မည်။ ဆောင်းပါးဝတ္ထုတွေရေးမည်။ မဂ္ဂဇင်းဂျာနယ်ထုတ်မည်။ သတင်းစာဆရာလုပ်မည် စသည်တို့သာ ဖြစ်ပေသည်။ သို့သော် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရယူရန်မှာ ၅–လတာမျှ လိုသေးသည်။ ဤအချိန်အတွင်း နိုင်ငံလွတ်လပ်ရေးရယူရန် ကြိုးပမ်းဆောင်ရွက်မှုအတွက် တစ်ခုတည်းသော ဖဆပလအဖွဲ့ကြီးနှင့် ပြည်သူလူထု ဆက်သွယ်နားလည်ရေးမှာ အလွန်လိုအပ်သည်ကို ဦးသန့် နားလည်သည်။

ဖဆပလအဖွဲ့ကြီး၏ ဆောင်ရွက်မှုများကို ဖြန့်ဝေရန်လည်းကောင်း၊ အစိုးရသစ်၏ ဝါဒနှင့် လမ်းစဉ်များ ချမှတ်ဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ စနစ်တကျရေးသားရန် တာဝန်မှာ အလွန်ကြီးမားသည်။ ယင်း ဝါဒလမ်းစဉ်စာတမ်းများ ရေးသားရန် အင်္ဂလိပ် မြန်မာနှစ်ဘာသာကျွမ်းကျင်သူများမှာ အလွန်နည်းပါးနေသောအခါလည်း ဖြစ်သည်။ လက်တစ်ကမ်းမျှသာ လိုတော့သော မြန်မာ့လွတ်လပ်ရေး အောင်ပန်းအတွက် လောလောဆယ ကျရောက်နေသော တာဝန်တစ်ရပ်ကို မိမိငြင်းရန် မသင့်ဟုလည်း ဦးသန့်က သဘောပေါက်မိသည်။

ထို့ကြောင့် ဦးသန့်သည် ဦးနုပေးအပ်သော တာဝန်ကို လက်ခံလိုက်ရသည်။ မိမိ၏ မဂ္ဂဇင်းထုတ်ဝေရန် ပြုစုပျိုးထောင်ခဲ့သော ရည်ရွယ်ချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ မြုပ်နှံလိုက်ရပြီလည်း ဖြစ်တော့သည်။ ဤသို့ဖြင့် ဦးသန့်သည် ဦးနုနှင့်တွဲ၍ နိုင်ငံအတွက် ကျရာတာဝန်ကို ထမ်းခဲ့ရသည်။ မိမိ ရောက်ရှိနေသောနေရာမှာ တက်လမ်းရှိ မရှိလည်း မသိ၊ ကိုယ်ကျိုးအတွက် မျှော်လင့်ချက် ရှိ မရှိကိုလည်း မစူးစမ်း၊ နိုင်ငံအတွက် လိုအပ်နေသော နေရာတစ်နေရာတွင် ဝင်ရောက်၍ တာဝန်ထမ်းရလျှင် တော်ပြီဟူသော စေတနာဖြင့်သာ ဝင်ရောက် တာဝန်ယူခဲ့ခြင်း ဖြစ်လေသည်။

ဦးသန့်တို့ မိသားစု ရန်ကုန်ရောက်လာစဉ်က ရန်ကုန်မှာ မြို့ပျက်ကြီးပင် ဖြစ်နေသည်။ ဗုံးဒဏ်ခံထားသော အဆောက်အဦတွေမှာ ပြိုကျပျက်စီးလျက် တောမှတက်လာသော စစ်ပြေးများ၏ ဝါးတဲ၊ သက်ငယ်တဲများဖြင့်သာ ပြည့်နေချိန်ဖြစ်သည်။ ဦးသန့်မှာ ဖဆပလအဖွဲ့ချုပ် ပြန်ကြားရေး

www.burmeseclassic.com

www.burmeseclassic.com



အရာရှိအဖြစ်နှင့် ဆောင်ရွက်နေစဉ် အလွန်အလုပ်များခဲ့သည်။ မိမိ၏ သားသမီးတို့ ပညာရေးကိုမှ ဂရုတစိုက် ဆောင်ရွက်ပေးချိန်မရ။ တစ်ခုတော့ ဦးသန့်အလွန်ကျေနပ်သည်။ ဖဆပလအစိုးရအဖွဲ့ကြီး၏ အမျိုးသားစီမံကိန်းများအတွက် ကူညီရန် အင်္ဂလန်မှ ဆရာကြီး မစ္စတာဖာနီဗယ်ကို ပြန်ခေါ်ထားခြင်းဖြစ်သည်။ ဦးသန့်မှာ ချစ်သောဆရာကြီး ဖာနီဗယ်နှင့် ရင်းနှီးစွာ တွေ့ဆုံရခြင်းအတွက် အလွန်ဝမ်းသာမိသည်။ ကျေနပ်အားရ ဖြစ်မိသည်။

မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈–ခု ဇန်နဝါရီလ ၄–ရက်နေ့တွင် ကျေညာခဲ့သည်။ လွတ်လပ်ရေးရပြီး ၅–လအကြာတွင် ဦးသန့်အား ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်အဖြစ် ပြောင်းလဲခန့်ထားခြင်း ခံရသည်။ မကြာမီပင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံရလေသည်။ တစ်ချိန်တည်းမှာပင် အသံလွှင့်ဌာန ညွှန်ကြားရေးဝန်အဖြစ် ပူးတွဲထမ်းရွက်ရသည်။

ဦးသန့်သည် ပြန်ကြားရေးဌာနတွင် တာဝန်ထမ်းနေစဉ် အလွန်တိကျပြတ်သားစွာ ဆောင်ရွက်လေ့ရှိသည်။ ဦးသန့်၏ အထက်အရာရှိဖြစ်သော ဦးအောင်သန်းက ဤသို့ ဆိုခဲ့ဖူးသည်။

> "တစ်နေ့တော့ ဦးနုက ကျွန်တော့်ကို ဦးသန့်ကို ပြန်ကြားရေးဌာန ဒုတိယအတွင်းဝန်ခန့်ဖို့ သဘောတူရဲ့လားလို့ မေးတယ်၊ ကျွန်တော်က ကျေကျေနပ်နပ် သဘောတူကြောင်း ပြောခဲ့တာနဲ့ ဦးသန့်လည်း ချက်ချင်း အလုပ်ဝင်ရတော့တယ်၊ သူလုပ်ကိုင် ဆောင်ရွက်မှုတွေကို ကြည့်ရတာနဲ့ ကျွန်တော်ဟာ သူ့ကို လုံးဝယုံကြည်အားကိုးသင့်တယ်ဆိုတာ နားလည်ခဲ့တယ်။ သူဟာ အလွန် စိတ်ကူးကောင်းပြီး ထိုးထွင်းသိတတ်တဲ့ ဉာဏ်လည်းရှိတယ်။ ဘယ်သူချောက်လို့မှလည်း သူဟာ မကြောက်တတ်ဘူး။ ဘယ်သူချော့လို့မှလည်း ပျော့မယ့် လူစားမဟုတ်ဘူးဆိုတာကို ကျွန်တော် နားလည်တယ်လေ။ သူ့အထက်လူကြီးတွေရဲ့ အမှားကိုတောင် ဝေဖန်ပြောဆို ပြုပြင်ရဲတဲ့ သတ္တိလည်းရှိတယ်"



၁၉၄၉–ခုနှစ်တွင် ဦးအောင်သန်းအား အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားသောအခါ ဦးသန့်မှာ အတွင်းဝန် ဖြစ်လာလေသည်။ ပြန်ကြားရေးဌာန အတွင်းဝန်အဖြစ်ဖြင့် ဦးသန့်ဆောင်ရွက်ရသော တာဝန်များတွင် "နယူးတိုင်းအော့ဖ်ဘားမား" ဂျာနယ်ထုတ်ဝေရန်လည်း ပါရှိသည်။

ဦးသန့်မှာ မိမိကိုယ်ပိုင် မဂ္ဂဇင်းထုတ်ဝေရေးကို လက်လွှော့ခဲ့ရသော်လည်း ယခု အစိုးရထုတ်ဝေသည့် ဂျာနယ်ကို စိတ်တိုင်းကျ တည်းဖြတ်ထုတ်ဝေနိုင်သည်။ ထိုဂျာနယ်အတွက် အယ်ဒီတာကို စိတ်တိုင်းကျ ရွေးချယ်၍ ခန့်ထားပြီး ဦးသန့်က စီစဉ်ညွှန်ကြားရပေသည်။ ပြန်ကြားရေးဌာနတွင် ဦးသန့်၏ ဆောင်ရွက်မှုများမှာ နိုင်ငံနှင့် အစိုးရအတွက် များစွာအောင်မြင်လှသောကြောင့် ၁၉၄၉–ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေးနှစ်ပတ်လည် အောင်ပွဲတွင် နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်ပေးအပ်ခဲ့လေသည်။

ဦးသန့်သည် မြန်မာ့အသံမှ အသံလွှင့်ရသော တာဝန်ကိုလည်း အခါမလပ် ယူခဲ့သည်။ သူ၏ အောင်မြင်ပြတ်သားသောအသံသည် မြန်မာ့ အသံမှ မကြာခဏ ထွက်ပေါ်လာခဲ့သည်။ ပြည်တွင်း သောင်းကျန်းမှုများဖြင့် မြန်မာတစ်နိုင်ငံလုံး ရတ်ရတ်သဲသဲရှိနေသော ၁၉၄၉–၅၀ အချိန်များဆိုက ဆိုလျှင် ဦးသန့်သည် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဝါဒ၏ နက်နဲသော သဘောတရားများ ပေါ်လွင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စများအတွက် မြန်မာ့အသံမှ မှန်မှန်ပင် အသံလွှင့် ပြောကြားခြင်း ပြုခဲ့ရလေသည်။ ၁၉၅၁–ခုနှစ်တွင် ဦးသန့်သည် မြန်မာနိုင်ငံသမိုင်းကော်မရှင်နှင့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတို့တွင် ပါဝင်ဆောင်ရွက်ရ၏။

၁၉၅၂–ခုနှစ်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အကဲဖြတ်အဖွဲ့၌ ဥက္ကဋ္ဌအဖြစ် ဦးနုက ဦးသန့်ကို ခန့်လိုက်သည်။ ဦးသန့်သည် ရုပ်ရှင်အကဲဖြတ်အဖွဲ့တွင် ပါဝင်၍ ရုပ်ရှင်အကယ်ဒမီဆုပေးရေးအတွက် ရွေးချယ်သတ်မှတ် ပေးရလေသည်။ ဦးသန့်သည် ဤသို့ဖြင့် အစိုးရအဖွဲ့ဝင် အရေးပါသော ဝန်ကြီးဌာနတွင် တိုင်းပြည်ကပေးသော တာဝန်ကို ခုံခုံမင်မင်ပင် ထမ်းရွက်နေခဲ့လေ၏။ ဦးသန့်အနေဖြင့် ရန်ကုန်ဆင်းလာစဉ်က ရည်ရွယ်ချက်ဖြစ်သော မဂ္ဂဇင်းထုတ်ဝေရေးအတွက် အကြံမအောင်ခဲ့သော်လည်း မကျေမနပ်မဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားရေးဌာနတွင် တာဝန်ထမ်းရာ၌ သတင်းစာဆရာ၊ စာရေးဆရာများနှင့် အများဆုံးထိတွေ့ ဆက်ဆံရသဖြင့် ကျေနပ်သည်။ ကိုယ်တိုင်က သတင်းစာဆရာ စိတ်ဓာတ်ရှိသောကြောင့်လည်း သတင်းစာဆရာများကို လေးစားစွာ ဆက်ဆံသည်။

မိမိကိုယ်တိုင် ပါဝင်မဆောင်ရွက်ရသော်လည်း မြန်မာစာနယ်ဇင်းလောက၏ ချွတ်ယွင်းချက်၊ ဟာကွက်များကို တတ်စွမ်းသမျှ အကြံပေးခြင်းဖြင့် စာပေတာဝန်ကို ထမ်းလိုက်သေးသည်။ ထိုအချိန်က မြန်မာနိုင်ငံဝန်ထမ်း ရာထူးကြီးများတွင် အိုင်စီအက်စ်–ဘီစီအက်စ်ဟု ခေါ်သော ပဋိညာဉ်ခံဝန်ထမ်းအရာရှိများကိုသာ ခန့်ထားလေ့ရှိသည်။ သို့သော် ယခုကား ဦးသန့်၏စေတနာ၊ ဦးသန့်၏ တိကျပြတ်သား၍ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများသည် ရာထူးကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပေးခဲ့ပေသည်။

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား ဟူသော သဘောတရားကို ဦးသန့် ဦးထိပ်ရွက်၍ ဆောင်ရွက်ခဲ့သည်။ မိမိထက်ရာထူးကြီးသူကို ရိုသေစွာပင် ဆက်ဆံသည်။ ရာထူး၊ အသက်၊ အဆင့်ညီသူကို ခင်မင်လေးစားစွာပင် ဆက်ဆံသည်။ မိမိထက် ရာထူးငယ်သူတို့ကိုကား အစ်ကိုကြီးတစ်ယောက်က ညီငယ်နှင့် ဆက်ဆံသလို ကြင်နာယုယ ဆိုဆုံးမတတ်၏။

ပြန်ကြားရေးဌာနအတွင်းဝန် အဖြစ်နှင့် ဦးသန့်သည် နိုင်ငံရေးသမားများ၊ ဝန်ကြီးများနှင့် အမြဲဆက်ဆံခဲ့ရသည်။

ပါလီမန်အမတ်များ၊ နိုင်ငံရေးသမားများထဲတွင် လူဆိုးလည်း ရှိသည်။ လူကောင်းလည်းပါသည်။ ပညာတတ်၍ တွေးခေါ်မြော်မြင်မှု ပြည့်ဝသော တိုင်းပြည်ခေါင်းဆောင်များ ရှိသလိုပင် အခြောက်တိုက်ဘဝင်မြင့်၍ သွေးကြီးနေကြသော အဆန်ချောင် နိုင်ငံရေးသမားများလည်း ဒုနှင့်ဒေးပင် ဖြစ်သည်။ ဦးသန့်သည် နိုင်ငံရေးသမားဆိုသူများကို သည်းခံ၍ စိတ်ရှည်ရှည်ထားခြင်းဖြင့် အောင်နိုင်ခဲ့သည်လည်း ရှိပေသည်။ ၁၉၄၉–၅၀ ကရင်သောင်းကျန်းမှုမီးကြီးတောက်သောအခါတွင် ရန်ကုန်အစိုးရဟု ခေါ်နေရသည့် အဖြစ်ဆိုးနှင့်မြန်မာနိုင်ငံတဝှမ်းတွင် ကြုံရသည်။ ကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူတို့က



မြန်မာပြည်အလယ်ပိုင်း အထက်ပိုင်းတို့ကို သိမ်းလိုက်သည်။ ကေအင်ဒီအိုနှင့် ကေအင်ယူအမည်ခံ ကရင်သောင်းကျန်းသူများက မြန်မာပြည်အောက်ပိုင်းကို သိမ်းလေသည်။

တိုင်းပြည်ချောက်ထဲသို့ကျရန် လက်နှစ်လုံးသာ လိုတော့သော အချိန်လည်းဖြစ်ပေသည်။ ဦးသန့် ဇာတိရပ်မြေဖြစ်သော ပန်းတနော်နယ်တွင်လည်း ကရင်သောင်းကျန်းသူများ ထကြွကြသည်။ ဦးသန့်သည် မိခင်ကြီး ဒေါ်နန်းသောင်ကို ရန်ကုန်သို့ ခေါ်ထားလိုက်၏။ ထိုနှစ် (၁၉၄၉) တွင်ပင် ပန်းတနော်မြို့ကို ကရင်သောင်းကျန်းသူများ သိမ်းလိုက်လေသည်။ ဦးသန့်တို့ မိသားစုပိုင်အိမ်များ၊ ဒေါ်သိန်းတင်တို့အိမ်များ အားလုံးပင် မီးထဲသို့ ပါသွားလေသည်။ ထိုသတင်းကိုကြားရသောအခါတွင် ဒေါ်သိန်းတင်မှာ အိမ်များကို နှမြောတသနေသလို ဦးသန့်ကလည်း မိမိ၏ အနှစ်နှစ်အလလက စုဆောင်းထားခဲ့ရသော စာအုပ်စာတမ်းများကို နှမြောတမ်းတမိသည်။

ငယ်စဉ်ကျောင်းသားဘဝကပင် ရေးသားပြုစုခဲ့ရသော ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများ၊ ဂန္ထလောက၊ ကြီးပွားရေး စသော မဂ္ဂဇင်းများတွင် ဦးသန့် ရေးခဲ့သော ဆောင်းပါး၊ ကဗျာ၊ အစုစုတို့မှာ ပြည်တွင်းသောင်းကျန်းမှုမီးနှင့် အတူ ပြာကျခဲ့ရလေတော့သည်။ ဦးသန့် နှစ်သက်မြတ်နိုးသော စာအုပ်များနှင့်အတူပင်လျှင် အိမ်ထောင်ပရိဘောဂ ပစ္စည်းများအားလုံး ဆုံးရှုံးခဲ့ရလေပြီလည်း ဖြစ်ပါတော့သည်။ ထိုစဉ်က ဦးနုသည် ဝန်ကြီးချုပ်အနေဖြင့် ကရင်သောင်းကျန်းသူများနှင့် စေ့စပ်ငြိမ်းချမ်းရန် အစွမ်းကုန် ဆောင်ရွက်ခဲ့သဖြင့် ဦးနုကိုပင် “ကရင်နု” ဟု ခေါ်ရမည်။ သခင်နု မဟုတ်တော့ပါဟု လူတွေက ပြောစမှတ် ပြုခဲ့သည်အထိ ဖြစ်သည်။ ဦးသန့်သည် ဦးနု၏ တာဝန်ပေးချက်ဖြင့် ကရင်သောင်းကျန်းသူများနှင့် အပစ်အခတ် ရပ်စဲရေး၊ ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်ရသည့် လုပ်ငန်းမှာ သာမန်ကိစ္စမဟုတ်၊ ရန်သူ့နယ်မြေသို့သွားပြီး ရန်သူခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်လည်း ဖြစ်သည်။ ဦးသန့်နှင့် သူ၏ဒရိုင်ဘာတို့က ကရင်ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးမည်ဟု ဆိုသောအခါတွင် ဦးသန့်၏ ဇနီးဖြစ်သူ ဒေါ်သိန်းတင်မှာ ပူပင်သောက ရောက်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ကို ရန်သူတပ်များက ရန်ရှာမည်ကို အလွန်စိုးရိမ်မိသည်။ ကရင်ခေါင်းဆောင်များနှင့် သွားရောက် မတွေ့ဆုံရန် အတန်တန်ပင် ဒေါ်သိန်းတင်က တားဆီးခဲ့သည်။ သို့သော်လည်း ပြည်တွင်းငြိမ်းချမ်းရေး အတွက် အရေးကြီးနေသောအချိန်တွင် မိမိအသက်တစ်ချောင်းကို ငဲ့နေ၍ မဖြစ်ဟု ဦးသန့်နားလည်သည်။ ဦးသန့်သည် ဒေါ်သိန်းတင်၏ တားဆီးမှုကို လက်မခံခဲ့ပေ။ ဦးသန့်နှင့်အတူ လိုက်ရမည့် ကားဒရိုင်ဘာ၏ ဇနီးဖြစ်သူက ဆိုလျှင် ခင်ပွန်းသည် ကားဒရိုင်ဘာကို ရန်သူများနှင့် တွေ့ဆုံရာသို့ မလိုက်ရန်၊ လိုက်သွားမည်ဆိုပါက လင်မယားကွာလိုက်မည် စသဖြင့် ခြိမ်းခြောက်၍ တားဆီးခဲ့သည်ထိ ဖြစ်သည်။

ဦးသန့်နှင့် သူ၏ကားဒရိုင်ဘာတို့သည် ရန်သူ့နယ်မြေ ကရင်သောင်းကျန်းသူများ၏ ဌာနချုပ်ပြုလုပ်ထားသော စော်ဘွားကြီးကုန်းသို့ သွားခဲ့ကြသည်။ ထိုစဉ်က ကရင်သောင်းကျန်းသူ ခေါင်းဆောင်များ ဖြစ်ကြသော စောဟန်တာသာမွေးနှင့် စောဘဦးကြီး (ကျဆုံး) တို့သည် ဦးသန့်ကို လက်ခံ၍ တွေ့ဆုံဆွေးနွေးကြ၏။ စောဟန်တာသာမွေးမှာ တစ်ချိန်က မအူပင်မြို့၌ ပညာအုပ် လုပ်သွားသူဖြစ်၏။ သို့သော် ကရင်သောင်းကျန်းသူ ခေါင်းဆောင်ကြီးများသည် ငြိမ်းချမ်းရေးလက်ကမ်းချက်ကို ပယ်ချခဲ့ကြသည်။ ဦးသန့်၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်မှာ မအောင်မြင်ခဲ့သော်လည်း ဦးသန့်၏ တိုင်းပြည်အပေါ်ထားသည့် စေတနာကိုကား ပြည်သူလူထုက အသိအမှတ်ပြုခဲ့ပေသည်။

သောင်းကျန်းသူများ ထကြွဆူပူနေစဉ်အတွင်း ဦးနုသည် အသံလွှင့်ဌာနမှ မကြာခဏပင် တိုင်းပြည်သို့ အသံလွှင့်ခဲ့လေသည်။ ဦးနု၏ ငြိမ်းချမ်းရေး အသံလွှင့်ချက်အားလုံးကို ဦးသန့်က တာဝန်ယူ၍ ရေးသားပေးရ၏။ ၁၉၅၂-ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရသည် ပြည်တော်သာ စီမံကိန်းကို စတင် အကောင်အထည် ဖော်လေသည်။ ယင်းမှာ ၈-နှစ် စီမံကိန်းဖြစ်သည်။ စီမံကိန်းကို ရေးဆွဲရာတွင် ဦးသန့်ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရေးဆွဲခဲ့သည်။ ၁၉၅၃-ခုနှစ်တွင် ဦးသန့်အား ဝန်ကြီးချုပ်ရုံးတွင် စီမံကိန်းအတွင်းဝန်အဖြစ် ခန့်ထားခြင်း ခံရပြန်လေသည်။



ထိုရာထူးတွင် ပြည်တွင်းရေနံထုတ် လုပ်ငန်း၊ ဓာတ်သတ္တု တိုးချဲ့လုပ်ကိုင်ရေး၊ လေယာဉ်ကွင်း တိုးချဲ့ရေး စီမံကိန်းများကို ဦးသန့်သည် ဦးစီးကြပ်ကဲ၍ ဆောင်ရွက်ခဲ့ရသည်။

ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဦးနုနှင့် ဦးသန့်တို့ သူငယ်ချင်းနှစ်ယောက် နံနက်တိုင်း လမ်းလျှောက်လေ့ ရှိကြသည်။ လမ်းလျှောက်လေ့ကျင့်ခန်းယူကြရင်းဖြင့် ဦးသန့်သည် မိမိဆောင်ရွက်နေသော စီမံကိန်းများနှင့် ပတ်သက်၍ အကျပ်အတည်း အခက်အခဲများကို ဦးနုနှင့် ဆွေးနွေးဖြေရှင်းမှု ရယူခဲ့လေသည်။ ထိုအချိန်တွင် ဦးသန့်၏ ညီဖြစ်သူ ဦးခန့်မှာ ဖ-ဆ-ပ-လ အဖွဲ့ဝင် ခေါင်းဆောင်တစ်ဦး ဖြစ်နေပြီးလျှင် ပါလီမန်လွှတ်တော်အမတ်လည်း ဖြစ်နေပေပြီ။ ညီတစ်ယောက်ဖြစ်သော ဦးသောင်းမှာ ဘဏ္ဍာရေးဌာန လက်ထောက်အတွင်းဝန်အဖြစ် လည်းကောင်း၊ ညီအငယ်ဆုံး ဦးတင်မောင်မှာကား အစိုးရဌာနကြီးတစ်ခုတွင်လည်းကောင်း၊ ရာထူးကြီးများ လက်ခံဆောင်ရွက်နေပြီလည်း ဖြစ်ပေသည်။ ၁၉၅၁-ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီး ပြီးဆုံးသည့်အချိန်ကစ၍ ဖ-ဆ-ပ-လ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သည် အစိုးရဝန်ကြီးအဖွဲ့၏ လုပ်ငန်းရပ်များကို ဦးဆောင်ချမှတ်ပေးရမည့် တာဝန်ကို ယူခဲ့သည်။

ဖ-ဆ-ပ-လ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၏ စနေနေ့တိုင်း ကျင်းပပြုလုပ်သော အစည်းအဝေးသည် တနင်းလာနေ့တွင် ကျင်းပပြုလုပ်မည့် ကက်ဘိနက်ဝန်ကြီးအဖွဲ့၏ လုပ်ငန်းရပ်များကို ရေးဆွဲချမှတ်ပေးရသည်။ ဖ-ဆ-ပ-လ အလုပ်အမှုဆောင်အဖွဲ့မှ ချမှတ်ပေးသော ယင်းစီမံကိန်း လုပ်ငန်းရပ်များတွင် လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ပါရှိသည်။ ဦးနုသည် ဦးသန့်ကို ရာထူးကြီး နှစ်ရပ်တွင် တိုးမြှင့်ခန့်ထားပေးလိုက်သည်။ ယင်းတို့မှာ ဝန်ကြီးချုပ်၏ အတွင်းဝန်ရာထူးနှင့် စီးပွားရေးနှင့် လူမှုရေးဘုတ်အဖွဲ့ အတွင်းဝန်ရာထူးများဖြစ်သည်။ ဦးနုသည် ပထမရာထူးကို ၁၉၅၄-ခုနှစ်တွင် ခန့်ထားခြင်းဖြစ်၍ ဒုတိယရာထူးကိုကား ၁၉၅၅-ခုနှစ်တွင် ခန့်ထားပေးခြင်း ဖြစ်ပေသည်။ ယခုအခါတွင် ဦးသန့်မှာ နိုင်ငံတာဝန်များ ပိသည်ထက်ပိ၍ လာတော့သည်။ ပေးအပ်ထားသည့် တာဝန်နှင့် ဝတ္တရားများမှာ မိမိနှင့်

www.burmeseclassic.com

www.burmeseclassic.com



မသင့်တော်ပါ။ ရာထူးများမှာ အလွန်အရေးပါသော ရာထူးများ ဖြစ်နေပါသည် စသဖြင့်လည်း ဦးသန့်က မကြာခဏ ထုတ်ဖော်ပြောပြခဲ့ပေသည်။

ဝန်ကြီးချုပ် အတွင်းဝန်ရာထူးမှ ဦးသန့်၏ တာဝန်များထဲတွင် ဝန်ကြီးချုပ် မိန့်ခွန်းဟူသမျှကို ရေးသားပေးရသော တာဝန်ကြီးတစ်ရပ် ပါရှိသည်။ ယင်းတာဝန်မှာ အမှန်ပင် ကြီးလေးလှပေသည်။ ဝန်ကြီးချုပ်၏ မိန့်ခွန်းများတွင် ဘာသာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးရာများ စသဖြင့် အလွန်ကျယ်ဝန်းလှသည်။ တက္ကသိုလ်ကျောင်းတွင် မိန့်ကြားသော မိန့်ခွန်းမှာ ပညာပိုင်းဆိုင်ရာ ဗဟုသုတများကို သွန်ချ၍ ရေးသားရပြီး ဗုဒ္ဓဘာသာအသင်း အဖွဲ့အစည်းများတွင် ပြောကြားသော ဝန်ကြီးချုပ်၏ စကားရပ်များမှာ သာသနာရေးဆိုင်ရာ အချက်အလက်များ ပါရှိနေရမည် ဖြစ်ပေသည်။

နိုင်ငံခြားရေးနှင့် ပတ်သက်သော မိန့်ခွန်းကို အသံလွှင့်သောအခါ တွင်လည်း ဦးသန့်သည် နိုင်ငံတကာရေးရာများကို မြန်မာ့ကြားနေဝါဒနှင့် လွတ်ကင်းခြင်း မရှိစေရန် သတိပြုရေးသားပေးရပြန်ပေသည်။ ဦးသန့်သည် လုပ်သက်တလျှောက်လုံး ဦးနုအပေါ်တွင် သစ္စာစောင့်စည်းခဲ့သည်သာ ဖြစ်သည်။ သို့သော် မိတ်ဆွေတစ်ဦးအနေနှင့်ကား ဝန်ကြီးချုပ်ဦးနုအပေါ်တွင် ဦးသန့်သည် ပြတ်ပြတ်သားသားပင် ပြောဆိုလေ့ရှိသည်။

ဦးနု ဘုန်းမီးနေလ တောက်ပနေသောအချိန်က ဦးနုကို ပြန်လှန်ဝေဖန်ပြောဆိုရဲသော့သူ တစ်ဦးမျှမရှိပေ။ သို့သော် ဦးသန့်သည် ဦးနုပြောသမျှ လိုက်၍ ခေါင်းမညိတ်တတ်ပေ။ အကောင်းအဆိုးကို ရဲရဲဝံ့ဝံ့ ဝေဖန်လေ့ရှိသည်။

ဦးသန့်ကို ဝန်ကြီးချုပ်၏ အတွင်းဝန်အဖြစ် ခန့်ထားပြီးစကပင် ဦးသန့်နှင့် ဦးနု သဘောကွဲလွဲမှု ဖြစ်လာရသည်။ ဦးနုက မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၂၅၀၀၀ အတွက် ဝမ်းဆွဲဆရာမသင်တန်းတစ်ရပ်ကို ဖ-လ နှင့်အပြီး ဖွင့်လှစ် သင်ကြားမည်ဟု စီစဉ်သည်။ ယင်းသင်တန်းဆင်း ဝမ်းဆွဲဆရာမ ၂၅၀၀၀ ကို ရွာများသို့ တစ်ရွာတစ်ယောက်ကျ လွှတ်မည်။ ရွာများရှိ မူလ လက်သည်များကို လက်သည်လုပ်ခွင့်မပြုဘဲ တားဆီးမည်ဟူသော



စီမံကိန်းကြီး ဆွဲခဲ့လေသည်။ ဦးသန့်က ယင်းစီမံကိန်းနှင့် ပတ်သက်၍ လောလောဆယ် မဖြစ်နိုင်သေးကြောင်း၊ မြို့နေ မိန်းမပျိုတစ်ဦးအနေဖြင့် တောခေါင်ခေါင်ဒေသသို့ တစ်ဦးတည်းသွားရောက် တာဝန်ထမ်းဆောင်ရန် လူမှုရေးရှုထောင့်မှ ကြည့်လျှင်ပင် မသင့်တော်ကြောင်း စသဖြင့် ကန့်ကွက်တားဆီးခဲ့သည်။ ဦးနုသည် ဦးသန့်၏ ကန့်ကွက်တားဆီးမှုကို များစွာပင် စိတ်ဆိုးလေသည်။ ထိုစဉ်က ဦးသန့်နှင့် ဦးနုတို့ အနားတွင် ဒုဝန်ကြီးချုပ်များ ဖြစ်ကြသော ဦးကျော်ငြိမ်းနှင့် ဦးဗဆွေတို့လည်း ရှိနေကြ၏။ သူတို့နှစ်ဦးကား ဆိတ်ဆိတ်နေကြသည်။ ဘာမှဝင်မပြော။

ဦးသန့်သည် ဦးနုမည်မျှ စိတ်ဆိုးနိုင်မလဲဟု သည်းခံစိတ်ရှည်စွာဖြင့် ငြိမ်နေလိုက်လေသည်။ ထို့နောက် ဦးသန့်သည် မိမိရာထူးမှ နုတ်ထွက်သည့်စာကို ဦးနုထံသို့ တင်သွင်းလိုက်လေသည်။ ဤကိစ္စတွင် ဦးနုလျှော့ရသည်။ ဦးသန့်လည်း ရာထူးမှ ထွက်ခွင့်မရပေ။ ကျေးရွာများရှိ ဝမ်းဆွဲလက်သည် များလည်း အလုပ်လက်မဲ့ မဖြစ်ရတော့ချေ။ ဦးသန့်အနေဖြင့် သည်တစ်ကြိမ်၌ ဦးနုအပေါ် အနိုင်ရခဲ့သော်လည်း အခါအားလျော်စွာပင် လျှော့ပေးရသည် လည်း ရှိပေသည်။ ဦးနုက ဆဋ္ဌသံဂါယနာတင်ရန် ဆောင်ရွက်မှုနှင့် လိုဏ်ဂူတော်ကြီး ဆောက်လုပ်မည့်စီမံကိန်းကို အကောင်အထည်ဖော်ရန် စီမံသောအခါ ဦးသန့်က ကန့်ကွက်၏။

ကျပ်ငွေ သိန်းပေါင်းများစွာ ကုန်ကျမည့် လိုဏ်ဂူတည်ဆောက်ရေးကို ဦးသန့် သဘောမကျနိုင်ပေ။ နိုင်ငံခြားသုံးငွေများ ဒေါ်လာသန်းနှင့်ချီ၍ ကုန်ကျမည့်စီမံကိန်းမှာ ပြည်သူလူထုအဖို့ ထိရောက်သော အကျိုးရှိမှု မဖြစ်လာနိုင်ဟု မြင်သည်။ သို့သော် ဦးသန့်သည် ဦးနုကို မတားဆီးနိုင်ပေ။ ဦးနုသည် စိတ်တိုင်းကျပင် လိုဏ်ဂူကြီးကို ဆောက်လုပ်ခဲ့ပေသည်။

ဦးနုနှင့် နေးရှင်းသတင်းစာ အယ်ဒီတာချုပ် တို့ ဖြစ်ပွားသော ကိစ္စတွင် ဦးနု၏ အမှားကို ဦးသန့်က ဝင်ထောက်ပြပေသည်။ ဦးနုသည် သတင်းစာဆရာများနှင့် မကြာခဏ မပြေမလည်ဖြစ်တတ်သည်။ ဦးနု၏ လက်သုံးစကားတစ်ခုမှာ "ကျုပ်ကသတင်းစာကို ဘယ်တော့မှ မဖတ်ဘူး" ဟူ၍ ဖြစ်၏။ ဤစကားမှာ သတင်းစာဆရာတွေကို စော်ကား၊

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေသည်။ ယင်းစကားရပ်များအတွက် သတင်းစာဆရာများဘက်မှ အလွန်နာကြည်းနေပေသည်။

နေးရှင်းသတင်းစာတွင် ပါရှိသော ဆောင်းပါးတစ်စောင်နှင့် ပတ်သက်ပြီး ဦးနုက အယ်ဒီတာ ၊ကို ဖမ်းဆီးအကျဉ်းချရန် ခြိမ်းခြောက်ပြောဆိုသောအခါတွင် ဦးသန့်သည် သတင်းစာဆရာကောင်းတစ်ယောက်နှင့် သတင်းစာကောင်းတစ်စောင်၏ အရေးပါပုံကို ကာကွယ်ပြောဆိုခဲ့ရလေသည်။ ဦးသန့်သည် သတင်းစာများ၏ အရေးပါမှုကို အလွန်လေးစားသူ ဖြစ်လေသည်။ သတင်းစာတစ်စောင်၏ အယ်ဒီတာကို ဖမ်းဆီးလိုက်ခြင်းဖြင့် တိုင်းပြည်က မည်မျှဆုံးရှုံးတော့မည်ကို နားလည်သည်။ ဦးနုသည် ဤကိစ္စတွင် ဦးသန့်၏ အယူအဆကို လက်ခံခဲ့ရလေသည်။

ဦးသန့်၏ မွေးစားသား ကိုစောလွင်နှင့် ပတ်သက်၍ တစ်ခါတွင် စိတ်မကောင်းစရာ ကြုံရလေသည်။

ဦးသန့်သည် မိမိအိမ်တွင် အနေနည်းသည်။ ထိုစဉ်က ဦးသန့်၏ အိမ်မှာ ဦးဝိစာရကျောက်တိုင်အနီး ဦးဝိစာရလမ်းနှင့် အလုံလမ်းထောင့်ရှိ ပျဉ်ထောင်ပျဉ်ခင်းအိမ်ကြီးတွင်ဖြစ်၍ အစိုးရက ပေးထားခြင်း ဖြစ်ပေသည်။

ဦးသန့်သည် နံနက်ပိုင်းတွင် အလုပ်စောစောသွားလေ့ရှိပြီး ညဦးပိုင်းတွင် အချိန်နှောက်ကျမှ ပြန်လေ့ရှိသည်။ တိုင်းပြည်တာဝန်များ ပိုလာသောအခါတွင် မိသားစုရေးရာများ၌ ဦးသန့် လစ်ဟင်းသလို ဖြစ်လာလေသည်။ သားသမီးများကို ယခင်ကကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ သင်ကြားပြသ ပြုစုယုယနိုင်ခြင်း နည်းပါးလာခဲ့လေသည်။ ဤအတွင်း မွေးစားသား ကိုစောလွင်မှာ ကျောင်းနေစဉ် မိန်းကလေးတစ်ဦးနှင့် ချစ်ကြိုက်ပြီး ကျောင်းပြေးနေ တော့သည်။ ဦးသန့်သည် သားသမီးများကို အမြင့်ဆုံးပညာရရှိစေရန် သင်ကြား ပေးမည်ဟု ရည်ရွယ်ရင်းရှိခဲ့ရာ မွေးစားသားကြီး၏ မိုက်မှားမှုကို ခွင့်မလွှတ် နိုင်ဘဲ ရှိခဲ့ရတော့သည်။ ဦးသန့်သည် ဒေါသထွက်ခြင်း၊ ယူကြုံးမရခြင်း တို့ဖြင့် ရှောပွမ်းကာ ကိုစောလွင်ကို လက်ဖြင့် လှမ်းရိုက်ရာ ကိုစောလွင်ကို မထိဘဲ ကားမှန် ရိုက်မိသည်အထိ ဖြစ်ခဲ့သည်။ ကိုစောလွင်လည်း အိမ်မှ ထွက်ပြေးတော့၏။ ဦးသန့်သည် သားမိုက်ကို အပြီးတိုင် စွန့်လွှတ်လိုက်ခဲ့မိသည်။



သို့သော် နောင်အခါတွင် ကိုစောလွင်တို့ လင်မယားကို ဦးသန့်မသိစေဘဲ ဒေါ်သိန်းတင်က ငွေစ ပေးကမ်း၍ စောင့်ကြည့်ရှုထားခဲ့ရပေသည်။

ဤနေရာတွင် အချစ်ကြီး၍ အမျက်ကြီးသော ဦးသန့်အဖြစ်ကို နားလည်ရသည်။ ဦးသန့်သည် မွေးစားသားကို တကယ့်သားရင်းပမာ ချစ်ခင်ယုယသူ ဖြစ်ပေသည်။ သွေးရင်းသွေးကွဲ ခွဲခြားခြင်းမရှိဘဲနှင့် ချစ်မြတ်နိုးခဲ့လေသည်။ ကိုစောလွင်၏အတွက်နှင့် သောကဖြစ်ခဲ့ရသော ဦးသန့်၏ လက်မှာ မော်တော်ကား မှန်စ၊ မှန်ကွဲများ စူးရှသောကြောင့် ရက်အတော်ကြာသည်အထိပင် ဆေးကုခြင်း ပြုခဲ့ရသေးသည်။ ဦးသန့်သည် ကိုစောလွင်ကို အမွေပြတ်ကြော်ငြာခဲ့သည်အထိ စိတ်ဆိုးခဲ့သော်လည်း စိတ်ပြေသောအခါတွင် ပြန်၍ စောင့်ရှောက်ခဲ့ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ ကုလသမဂ္ဂသို့ မြန်မာသံအမတ်ကြီး

ဦးသန့်သည် ဝန်ကြီးချုပ်အတွင်းဝန်ရာထူးဖြင့် နိုင်ငံတကာသို့ ရောက်ခဲ့သည်။ ဦးနုသွားသည့် နိုင်ငံတိုင်းသို့ပင် ဦးသန့် လိုက်ပါခဲ့ရသည်။ ၁၉၅၂-ခုနှစ်က ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသို့ ဦးသန့်သည် မြန်မာ ကိုယ်စားလှယ်အဖွဲ့ကိုခေါင်းဆောင်၍ တက်ရောက်ခဲ့ရသည်။ ဦးသန့်သည် ထိုစဉ်ကမှ အနောက်တိုင်း ဥရောပဝတ်စုံကို ဝတ်ဆင်ခဲ့ဘူးပေသည်။ ကုလသမဂ္ဂသို့ ပထမဆုံး သွားရောက်ခဲ့ရသော ၁၉၅၂-ခုထိ ဥရောပဝတ်စုံကို တစ်ခါမျှ မဝတ်ဆင်ခဲ့ပေ။ ထိုနှစ်က နိုင်ငံခြားသို့သွားရသော့မည်ဆိုမှ အနောက်ဥရောပဝတ်စုံကို ဝတ်ဆင်ရန် အခွင့်ကြုံတော့သည်။ မလွဲမရှောင်သာ ဝတ်ရတော့သည်။

၁၉၅၅-ခုနှစ်တွင် ဦးသန့်သည် ဝင်ဒါမီယာရပ်ကွက်၌* အိမ်တစ်လုံး ဆောက်လုပ်ခဲ့ပေသည်။ သို့သော် အိမ်တွင် ဦးသန့်မနေခဲ့ပေ။ အိမ်မှာ လှပတင့်မောသော တိုက်အိမ်တစ်လုံးပင်ဖြစ်သည်။ အဝါရောင်ဆေးသုတ်ထားသဖြင့် နေချင့်စဖွယ် သပ်ယပ်သန့်ရှင်းသည်။ နောက်ပိုင်းတွင် ထိုအိမ်ကို နိုင်ငံခြားသားတစ်ဦးအား အငှားတင်ခဲ့လေသည်။

၁၉၅၁-ခုနှစ်က ဦးသန့်သည် အင်္ဂလန်နိုင်ငံသို့ရောက်ခဲ့ပြီး စာရေးဆရာကြီး မောရစ်ကောလစ်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ မောရစ်ကောလစ်မှာ နေဝင်ဘုရင်များ၊ ယိုးဒယားပို့က်စသော စာအုပ်များကို ရေး၍ နာမည်ကြီးခဲ့သော စာရေးဆရာကြီးဖြစ်သည်။ မြန်မာ နိုင်ငံတွင် အရေးပိုင်အဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ရာမှ ရရှိသော ဗဟုသုတအထွေထွေဖြင့် ယင်းစာအုပ်များအပါအဝင်

* ယခုသံလွင်လမ်း



စာအုပ်များစွာ ရေးသားခဲ့သူ ဖြစ်သည်။ စာပေကို မြတ်နိုးခင်တွယ်သော ဦးသန့်သည် မောရစ်ကောလစ်ကို တွေ့ဆုံရခြင်းဖြင့် များစွာ ဝမ်းသာပီတိဖြစ်မိခဲ့၏။

ဦးသန့်သည် ဦးနု၏ခရီးစဉ်တွင် လိုက်ပါခဲ့ရခြင်းဖြင့် နိုင်ငံခေါင်းဆောင်အများနှင့်လည်း သိကျွမ်းခင်မင်ခဲ့ရပေသည်။ ဆိုဗီယက်ရုရှားသို့ ၁၉၅၄-ခုနှစ်က ဦးသန့်ရောက်ခဲ့ပြီး ထိုစဉ်က ဝန်ကြီးချုပ်မဖြစ်သေးသော ခေါင်းဆောင်ကြီး ခရုရှက်နှင့် ခင်မင်ခဲ့ရသည်။ ခရုရှက်မှာ ဆိုဗီယက် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်သာ ဖြစ်သည်။ ဦးသန့်သည် တစ်ချိန်တည်းမှာပင် ဆိုဗီယက်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များဖြစ်သော လီယိုနစ်ဘရက်ဇနက်နှင့် အလက်ဇီကိုဆီဂင်တို့ကိုလည်း တွေ့ဆုံခဲ့ရပြီး ရင်းနှီးခင်မင်မှု ရရှိခဲ့၏။

ဘရက်ဇနက်မှာ နောင်အခါတွင် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်ဖြစ်နေပြီး ကိုဆီဂင်မှာ ဝန်ကြီးချုပ်ဖြစ်နေပေပြီ။ ဦးသန့်၏ တရုတ်ပြည်ခရီးစဉ်တွင် ဦးသန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များဖြစ်ကြသော မော်စီတုံးနှင့် ချူအင်လိုင်းတို့ကို တွေ့ဆုံသိကျွမ်းခဲ့ရ၏။ ထိုနှစ် (၁၉၅၄-ခုနှစ်၊ ဒီဇင်ဘာ)တွင်ပင် ဦးသန့်သည် မြောက်ဗီယက်နမ် ဟနွိုင်းမြို့တော်သို့ ဦးနုနှင့်အတူ ရောက်ရှိခဲ့သေးသည်။ ခေါင်းဆောင်ကြီး ဟိုချီမင်းကို ဦးသန့် ခင်မင်သိကျွမ်းခဲ့ရသည်။ ဦးသန့်သည် ၁၉၅၅-ခုနှစ်တွင် အစ္စရေးပြည်သူလူထုက မြန်မာနိုင်ငံမှ ဧည့်သည်များ၏ အဝတ်အစားများကို ကိုင်ကြည့်ရန် တိုးဝှေ့လာကြပုံ၊ ခင်မင်စွာနှုတ်ခွန်းဆက်ကြပုံများကို ထိုနှစ် စက်တင်ဘာလ ဂါဒီယံမဂ္ဂဇင်းတွင် ဆောင်းပါးရေးခဲ့လေသည်။

နိုင်ငံတကာ ချစ်ကြည်ရေးအရ မြန်မာနိုင်ငံသို့ အပြန်အလှန်သဘောဖြင့် ဆိုဗီယက်မှ ဘူဂနင်၊ ခရုရှက်စသော ခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချူအင်လိုင်း၊ မြောက်ဗီယက်နမ်မှ ဟိုချီမင်း၊ အိန္ဒိယမှ နေရူး၊ ယူဂိုဆလပ်နိုင်ငံမှ တီးတိုး၊ အမေရိကန်မှ ရစ်ချတ်နစ်ဆင်၊ ဒါးလက်စ်၊ စတီဗင်ဆင်စသော ခေါင်းဆောင်ကြီးများသည် လာရောက်

www.burmeseclassic.com



လည်ပတ်ကြလေသည်။ ဦးသန့်အနေဖြင့် မိတ်ဆွေသင်္ဂဟများကို ခင်မင်ရင်းနှီးစွာဖြင့် ပြန်လည်ပြုစုညှိခံခဲ့ရပေသည်။ ၁၉၅၆–ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး ပြီးခဲ့သောအခါ ဦးနုသည် ဖဆပလဥက္ကဋ္ဌရာထူးတွင်နေပြီး ဦးဗဆွေကို ဝန်ကြီးချုပ်ရာထူး လွှဲပေးလေသည်။ ဝန်ကြီးချုပ်အပြောင်းအလွဲဖြစ်သွားသော်လည်း ဦးသန့်သည် ဝန်ကြီးချုပ်အတွင်းဝန်အဖြစ်ပင် ဆက်လက်၍ လုပ်ကိုင်နေပေသည်။

ဦးဗဆွေသည် ဝန်ကြီးချုပ်အဖြစ်ဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့၊ ဆိုရှယ်လစ်ကွန်ဖရင့်သို့လည်းကောင်း၊ နယူးဒေလီမြို့ ကိုလံဘိုကွန်ဖရင့်သို့ လည်းကောင်း သွားရောက်ရသောအခါ ဦးသန့်သည် ဝန်ကြီးချုပ်၏ အတွင်းဝန်အဖြစ် လိုက်ပါရပြန်လေသည်။ ၁၉၅၇–ခုနှစ်တွင် ဦးသန့်အား ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီးအဖြစ် ဦးနုက ခန့်ထားလိုက်လေသည်။ ဦးသန့်က ယင်းရာထူးကို မငြင်းမပယ်ဘဲလက်ခံခဲ့လေ၏။

ဦးသန့်၏ဇနီး ဒေါ်သိန်းတင်မှာ နိုင်ငံရပ်ခြားသို့ မသွားလိုလှပေ...။ သို့သော် ခင်ပွန်းဖြစ်သူသွားလျှင် ဘယ်သွားသွားလိုက်မည်ဟု စိတ်ပိုင်းဖြတ်ထားသူလည်း ဖြစ်ပေသည်။ ဦးသန့်အနေဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်တာဝန်ထမ်းရမည်ကို သဘောကျပေသည်။ ဒေါ်သိန်းတင်၏ ကျန်းမာရေးအခြေအနေမှာ များစွာမကောင်းလှ၊ အားနည်းလျက်ရှိသည်။ ထို့ကြောင့် ဒေါ်သိန်းတင်ကို နိုင်ငံခြားမှ သမားကောင်း ဆရာကောင်းများဖြင့် ကုသမည်။ ထို့ပြင် နိုင်ငံခြားသို့သွားနေခြင်းဖြင့် မိမိသားသမီးများ၏ ပညာရေး ကျန်းမာရေးတို့ကို ကိုယ်ဖိရင်ဖိပြုစုရန် အချိန်ရမည်။ မြန်မာနိုင်ငံမှာကား ဦးနုခေါ်သံကို နာခံ၍ အချိန်မအား ဖြစ်နေခဲ့ရသည်မဟုတ်ပါလား...။

ဦးသန့်အနေဖြင့် ရန်ကုန်တွင် ဆက်လက်နေထိုင်ရန်လည်း စိတ်ကုန်သလောက် ရှိနေပါချေပြီ။ ဖဆပလကြီး နှစ်ခြမ်းကွဲတော့မည်။ အဖွဲ့အတွင်း ပုတ်ခတ်ငြင်းခုံသံများမှာ နားကွဲလုမတတ်။ ဦးနုတို့က တစ်ဖက်၊ ဦးဗဆွေတို့က တစ်ဖက်၊ အစိပ်စိပ်ကွဲအက်နေသော သည်အဖွဲ့ကြီးကို ဦးသန့် မကြည့်ရက်။ ဦးသန့်သည် ပါတီနိုင်ငံရေးကို မူလကတည်းကပင် စိတ်ဝင်စားသူတစ်ယောက် မဟုတ်ခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ အာဏာလုရန်



ဆော်ကြ တီးကြမည့်အဖြစ်ကို မရှုစိမ့် မရှုရက်ပါပေ။ ဖဆပလကြီးကွဲလျှင်လည်း ဘယ်ဘက်ကိုမှ လိုက်ပါရန် ဆန္ဒမရှိ၊ ဤသို့သောအခြေတွင် နိုင်ငံခြားသွားနေသည်ကမှ နားအေးပါးအေးရှိသည်။ စိတ်ချမ်းသာပေဦးမည်။

ဦးသန့်မရှိသောအခါမှပင် ဦးသန့်၏တန်ဖိုးကို ပိုမို၍သိရှိကြရလေတော့သည်။ ဦးသန့်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ်ဦးနု၏ အတွင်းဝန်ရာထူးအတွက် ပုဂ္ဂိုလ်သုံးဦးကို ခန့်ထားရန် ရွေးချယ်ခဲ့သည်။ ယင်းတို့တွင် ၂–ဦးမှာ ရာထူးကို ငြင်းပယ်သွား၏။ ကျန်တစ်ဦးမှာလည်း လအနည်းငယ်သာ ထမ်းဆောင်ပြီး တာဝန်မှနုတ်ထွက်သွားလေတော့သည်။

ဦးသန့် သည် ဇနီးဖြစ်သူ ဒေါ်သိန်းတင်၊  ၊ သားတင်မောင်သန့် တို့နှင့်အတူ မင်္ဂလာဒုံလေဆိပ်မှ ပီအေအေလေယာဉ်ဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ထွက်လာခဲ့သည်။

လေယာဉ်ပေါ်သို့အတက်တွင် မိမိအား အစဉ်အမြဲ အားကိုးချစ်ခင်ခဲ့ကြသော ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်စသော ညီငယ်သုံးဦးနှင့် မိခင်ကြီး ဒေါ်နန်းသောင်၊ နိုင်ငံခြားရေးဌာနအရာရှိများ၊ ပြန်ကြားရေးဌာန၊ ဝန်ကြီးချုပ်ရုံး အမှုထမ်းအရာထမ်းများအား လက်ပြနှုတ်ဆက်ခဲ့၏။ အမိမြေကိုခွာ၍ အလှမ်းကွာဝေးလှသော ခရီးစဉ်ကို စတင်ခဲ့ပေပြီ။ လမ်းခရီးတွင် လေယာဉ်ခရီးကို မနှစ်သက်သော ဒေါ်သိန်းတင်မှာ အိပ်၍မရပေ။ သားနှင့် သမီးတို့မှာလည်း စိတ်တက်ကြွလှုပ်ရှားနေကြ၏။ ဦးသန့် ကိုယ်တိုင်ပင် လေယာဉ်ခရီးသွားနေကျဖြစ်သော်လည်း ကောင်းစွာအိပ်နိုင်ခြင်း မရှိခဲ့ပေ။

နယူးယောက်မြို့တော်မှာ လူဦးရေအလွန်ထူထပ်ပြီး ဆူညံသော မြို့တော်ကြီးဖြစ်သည်။ ဦးသန့်တို့ မိသားစုသည် နယူးယောက်မြို့တွင် များစွာ အခက်အခဲမရှိလှပေ။ သားနှင့် သမီး၊ ဦးသန့်တို့ သုံးဦးမှာ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ပြောနိုင်ကြသည်ဖြစ်၍ ဘာသာစကား အပြောအဆိုလည်း မခက်ခဲလှ။

ဦးသန့်တို့မိသားစုသည် နယူးရောက်မြို့တော် အရှေ့ ၇၂–လမ်းတွင်

www.burmeseclassic.com



အိမ်ငှားနေကြသည်။ ကမ္ဘာ့ကုလသမဂ္ဂရောက် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့မှာ အမှုထမ်းအရာထမ်းနည်းသလောက်ပင် အလွန်လည်း အလုပ်များသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေညီလာခံတွင် အဖွဲ့ကြီး ၇-ဖွဲ့ ရှိလေသည်။ ထိုအဖွဲ့တိုင်းတွင် နိုင်ငံများ အလှည့်ကျပါဝင်ရလေသည်။ ဦးသန့်နှင့် ကိုယ်စားလှယ်အဖွဲ့၏တာဝန်မှာ မြန်မာနိုင်ငံနှင့် အစိုးရအဖွဲ့၏ သဘောဆန္ဒကို ကုလသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံများအား အသိပေးဆောင်ရွက်ရခြင်း ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအကြောင်းကို အမေရိကန်နိုင်ငံသားများ ပိုမိုနားလည်ကြပါစေရန်လည်း ကြိုးစားရသေးသည်။ ဦးသန့်သည် ကုလသမဂ္ဂရောက် မြန်မာသံအမတ်ကြီးတစ်ယောက်အဖြစ်ဖြင့် အမေရိကန် တက္ကသိုလ်များသို့သွားရောက်၍ မိန့်ခွန်းပြောရင်း မြန်မာအကြောင်းကို သိကြားစေခဲ့သည်။ ကုလသမဂ္ဂရောက် မြန်မာကိုယ်စားလှယ်အဖွဲ့မှာ အမြဲတမ်း မြန်မာနိုင်ငံနှင့် ဆက်သွယ်၍ ညွှန်ကြားလွှာများလို တောင်းခံခြင်းအားဖြင့်လည်းကောင်း၊ တစ်ခါတရံတွင် ဦးသန့်သည် ကိုယ်ပိုင်စဉ်းစား ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ ဆောင်ရွက်လိုက်ရသည်များလည်း ရှိပေသည်။

၁၉၅၈-ခုနှစ်တွင် ဖဆပလနှစ်ခြမ်းကွဲပြီးနောက် တိုင်းပြည်အခြေအနေကို ထိန်းသိမ်းရန် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရအဖွဲ့ တက်ရောက်လာ၏။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ကုလသမဂ္ဂ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြောင်းလဲခြင်းမပြုပေ။ မူလအတိုင်း ဆက်လက်ခန့်ထားလေသည်။ ဦးသန့်သည် ကုလသမဂ္ဂနိုင်ငံအသီးသီး၏ ခေါင်းဆောင်အတော်များများနှင့် ဆက်ဆံရသောအခါ မလိုလား မနှစ်မြို့ဖွယ်သောလူများကို တွေ့ရလေသည်။ ဦးသန့်ငယ်စဉ်က နိုင်ငံရေးသမားဆိုသော လူတစ်စုကို ကြည့်၍မရဖြစ်ခဲ့ဖူးသည်။ ယခု ကုလသမဂ္ဂတွင် နိုင်ငံခေါင်းဆောင်ဆိုသော လူတစ်စု၏ ပြုမူနေထိုင်ပြောဆိုပုံများကို ကြည့်ပြီး အားမရ၊ မကျေနပ်ဖြစ်မိခဲ့သည်။ ၁၉၅၈-ခုနှစ်၊ အောက်တိုဘာလက နယူးယောက်မြို့တော်၌ ကျင်းပသော ဟောပြောပွဲတစ်ခုတွင် ဦးသန့်က ပါးစပ်ပြောပြီး လက်ကမပါသော နိုင်ငံခေါင်းဆောင်အချို့၏ မလိုလားဘွယ်ရာ ပြုမူဆောင်ရွက်မှုများအား ပြစ်တင်စကားပြောခဲ့ပေသည်။



ဦးသန့်မှာ ကျောင်းဆရာတစ်ဦးအဖြစ်ဖြင့် ဘဝခရီးကို အချိန်တော်တော်ကြာ လျှောက်ခဲ့ရသူဖြစ်လေသည်။ သည်ခရီး၌ မိမိ ပြောချင်သည်ကို လွတ်လပ်စွာပြောခဲ့သည်။ မိမိရေးချင်သည်ကို စိတ်တိုင်းကျ ရေးသားခွင့်ရခဲ့သည်။ သို့သော် ယခုကား ယခင်နှင့်မတူတော့ပေ။ ဦးသန့်မှာ ကမ္ဘာ့ကုလသဂ္ဂအဖွဲ့ချုပ်ရောက် သံတမန်တစ်ဦး ဖြစ်နေပေပြီ။ စကားပြောရာတွင် သံတမန်တို့ ထုံးစံ၊ အရိပ်သုံးပါးကို ဆင်ခြင်ညှိနှိုင်း၍ ပြောရသည့်အခါရောက်နေခဲ့သည်။ ၁၉၆၀-ပြည့်နှစ် ဦးနု၏ ပထစအစိုးရအဖွဲ့ တက်ရောက်လာပြန်သော် ဦးသန့်ကိုပင် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ဆက်လက်၍ ခန့်ထားခဲ့လေသည်။ ယခုအခါတွင် ဦးသန့်သည် အာရှအာဖရိက အုပ်စုအဖွဲ့ဝင်တစ်ဦး ဖြစ်နေသည်။ ကုလသမဂ္ဂရန်ပုံငွေ တိုးပွားရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်နေရသည်။ အယ်လ်ဂျီးရီးယားလွတ်လပ်ရေး ကော်မီတီဝင်အဖြစ်လည်း ဆောင်ရွက်လျက်ရှိ၏။ ဦးသန့်ကို ကုလသမဂ္ဂရောက် နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်အများကပင် ခင်မင်လေးစားကြသည်။ ဦးသန့်ကို ချစ်ခင်လေးစား လူသိများနေကြခြင်းအတွက် အဓိကအကြောင်းရင်းကိုရှာသော် ဦးသန့်၏ ဖော်ရွေသောအပြုံးနှင့် ခင်မင်နှစ်လိုဖွယ်သော အမူအရာသည် အကြောင်းတစ်ချက်ဖြစ်လေသည်။

ပြဿနာတိုင်းကိုပင် ကိုယ်ဖိရင်ဖိဆောင်ရွက်ဖြေရှင်းလေ့ရှိသော ဦးသန့်၏ အမူအကျင့်သည်လည်း သူ့ကို လူချစ်လူခင်ပေါစေသည့် ဒုတိယအကြောင်းရင်း ဖြစ်ပေ၏။ ဦးသန့်သည် အလွန်လည်း အာဝဇ္ဇန်းရှင်သူဖြစ်၏။ နိုင်ငံတကာရေးရာများကို ဖြေရှင်းဆွေးနွေးနေသည့်အခါတွင် ကြားနာရသူပျင်းရိငွမ်းငွေ့စေမည့် မိန့်ခွန်းရှည်ကြီးတွေကို သူမပြော။ ဟာသဉာဏ်ရွှင်ရွှင်ဖြင့်ပင် တိုတိုနှင့် ပြတ်ပြတ် စကားပြောလေ့ရှိသည်။ ဤသည်ကပင် မြန်မာနိုင်ငံမှ ကုလသမဂ္ဂသံအမတ်ကြီး ဦးသန့်သည် လူသိများ၍ ထင်ရှားလာခြင်းအတွက် အကြောင်းရင်းတစ်ရပ် ဖြစ်ပေလိမ့်မည်။

၁၉၆၁-ခုနှစ်တွင် ဦးသန့်သည် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဦးနုနှင့်အတူ ယူဂိုဆလပ်နိုင်ငံ ဘဲဂရိတ်မြို့တော်၌ကျင်းပသည့် ဘက်မလိုက်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့ရသည်။ ထိုအချိန်တွင် ဦးသန့်

www.burmeseclassic.com

www.burmeseclassic.com



ရေးသားသော ပြည်တော်သာခရီးအမည်ရှိ စာအုပ်မှာ မြန်မာနိုင်ငံတွင် ထုတ်ဝေနေပြီဖြစ်၍ ယင်းစာအုပ်ကို မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ ကျောင်းများသို့ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)မှ ဖြန့်ဝေခဲ့ပြီး ဖြစ်နေပေပြီ။

*   *   *

## ၁၂။ ဦးသန့်၏ ပြည်တော်သာခရီး

ပြည်တော်သာခရီးစာအုပ်ကို ပြုစုရာတွင် ဦးသန့်၏ အာသီသမှာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အမျိုးသားစည်းလုံးမှု ကြိုးပမ်းချက်ကို မပို မလိုပင် မြန်မာလူထုထံ တင်ပြရန် ဖြစ်ပေသည်။ အမှန်ဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈-ခု၊ ဇန်နဝါရီလ ၄-ရက်နေ့မှစ၍ အချုပ်အချာ အာဏာပိုင်နိုင်ငံ ဖြစ်ခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကို ပြုစုရေးသားထားသော စာအုပ်မရှိခဲ့သေးပေ။ ယင်းအဖြစ်ကို ဦးသန့်က သတိပြုမိသည်။ ဦးသန့်သည် လိုအပ်နေသော စာအုပ်တစ်အုပ်ကို ပြုစုလိုစိတ်ရှိနေ၏။ ထိုသို့ ဆန္ဒဖြစ်ပေါ်နေချိန်တွင် ထိုစဉ်က ဝန်ကြီးချုပ် ဖြစ်ခဲ့သူ ဦးသန့်မိတ်ဆွေ ဦးနုက ပစ္စုပ္ပန်မြန်မာနိုင်ငံသမိုင်းသဘော သက်ရောက်သော မြန်မာ့ကြိုးပမ်းမှုမှတ်တမ်း ကျမ်းတစ်စောင် ရေးသားပြုစုရန် အကြံပေး ညွှန်ကြားခဲ့လေသည်။

ဦးသန့်သည် ဤစာအုပ်ကို ပြုစုရန်အတွက် ကိုးကားဖွယ် စာရွက်စာတမ်းများ၊ ပုံနှိပ်ပြီးစာအုပ်များ၊ မိန့်ခွန်းများ၊ အစီရင်ခံစာများကို ရနိုင်သမျှ စုဆောင်းပြီးလျှင် အလုပ်မှအားလပ်ချိန်များတွင် ပြည်တော်သာခရီးအမည်ရှိ ထိုစာအုပ်ကို အပတ်တကုတ် ကြိုးစားရေးသားလာခဲ့ပေသည်။ ၁၉၅၄ ခုနှစ် အလယ်ခန့်တွင် ဦးသန့်သည် ယင်းစာအုပ် ပထမတွဲကို ရေးသားပြီးစီးခဲ့၏။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တော်လှန်ရေးဆောင်ရွက်မှုလုပ်ငန်းကြီးတွင် ပါဝင်ဆောင်ရွက်ခဲ့သော နိုင်ငံခေါင်းဆောင်အချို့တို့အားစာမှုကိုတင်ပြခဲ့သည်။ ၁၉၅၄ ခုနှစ် နောက်ပိုင်းများတွင် ဦးသန့်သည် အစိုးရတာဝန်ဖြင့် နိုင်ငံတကာသို့ လှည့်လည်ခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်ရောက်သောအခါ၌ ပြည်တော်သာခရီး ဒုတိယပိုင်းစာအုပ်ကို ဆက်လက်၍ ရေးသားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းစာအုပ် ဒုတိယတွဲကို ၁၉၅၆–ခုနှစ်တွင် ရေးသား၍ ပြီးစီးခဲ့၏။ တတိယတွဲကို ဦးသန့်ဆက်လက်ရေးသားနေစဉ်မှာပင် နယူးရောက်မြို့တော်ရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်ထားခြင်း ခံရသောကြောင့် ကုလသမဂ္ဂလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံအကြောင်းကိုလည်းကောင်း၊ ဟောပြောအသံလွှင့်ခြင်းများ လုပ်ဆောင်နေခိုက်တွင် အားလျှင်အားသလို ထိုစာအုပ် တတိယတွဲကို ရေးသားခဲ့၏။ ၁၉၅၈–ခုနှစ် မကုန်မီ တတိယတွဲကို ရေးသားပြီးစီးခဲ့ပေ၏။ ဦးသန့်၏ "ပြည်တော်သာခရီး" စာအုပ်၏ စကားပလ္လင်၌ ဤသို့ ဖော်ပြထား၏။

"ဤပြည်တော်သာခရီး အမည်ရှိသောကျမ်းကို ပြုစုရေးသားရာ၌ ဗမာ့ကြိုးပမ်းမှု လုပ်ငန်းကြီးတစ်ရပ်လုံးကို တိတိကျကျ ပြည့်ပြည့်စုံစုံ တင်ပြရန် မဖြစ်နိုင်သည်ကို ဝန်ခံပါသည်။

"ထိုသို့ ပြည့်စုံစွာ ပြုစုနိုင်ရန်အတွက် နိုင်ငံကြီးများတွင် တွေ့နိုင်သော စာပေစုဆောင်းမှုဌာနများ၊ မာတိကာတပ်၍ ရှာဖွေရန် လွယ်ကူသည့် ခေတ်စာကြည့်တိုက် စသည်များ၊ ဌာနအသီးသီးနှင့် မပြတ်ဆက်သွယ်၍ အချက်အလက်ဖလှယ်မှုများ၊ ဝိုင်းဝန်းကူညီရှာဖွေပေးမည့် သုတေသီများ အပြည့်အစုံနှင့် ဆောင်ရွက်မှသာလျှင် ပြီးမြောက်အောင်မြင်နိုင်မည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။

"ထို့ကြောင့် ဤကျမ်းတွင် အကြောင်းအရာများ အပိုအလိုရှိခဲ့သော် အချက်အလက်များအပေါ်၌ မှီ၍ အစီပွာယ်ကောက်ရာ၌ ချွတ်ယွင်းခဲ့သော် စာရေးသူ၏ တာဝန်လုံးလုံးသာ ဖြစ်ပါသည်" စသဖြင့် ရေးသားထားခဲ့၏။ စာရေးသူ၏ အာသီသကို ဖော်ပြရာ၌ ယင်းစကားပလ္လင်၌ပင် ဦးသန့်က ဤသို့ ရေးသားခဲ့၏။ "ဤကျမ်းကို ပြုစုရာ၌ တစ်ခုတည်းသော အာသီသမှာ ကြိုးပမ်းမှု လုပ်ငန်းကြီးကို မပိုမလို မြန်မာပြည်သူလူထုကြီး ရှေ့မှောက်သို့ တင်ပြရန် ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းမှုကြီး၏ အာနိသင်ကို ကောင်းစွာ သဘောကျလျက် ဗမာ့ပန်းတိုင်ကိုလည်း မျက်ခြည်မပြတ် ကြည့်ရှုနိုင်ကြပါရန် ရည်ရွယ်ချက်ရှိပါသည်။



ထိုသို့ ကြိုးပမ်းမှု၏ အာနိသင်ကိုလည်းကောင်း၊ ပန်းတိုင်၏ သဘာဝကိုလည်းကောင်း၊ ကောင်းစွာ သဘောပေါက်နိုင်ကြလျှင် စည်းလုံးမှု၏ အင်အားနှင့် မှန်ကန်သောဝါဒ၏ ဆွဲဆောင်မှုအင်အားတို့ကို သဘောပေါက်နိုင်ကြပေမည်။ ဤကျမ်းကို ဖတ်ရှုသူတို့သည် ထိုကဲ့သို့ သဘောပေါက်လာကြလျှင် စာရေးသူ၏ အဓိက ရည်ရွယ်ချက်သည် ပြည့်ဝအောင်မြင်မည် ဖြစ်ပါသည်။"

ဦးသန့်၏ ပြည်တော်သာခရီး စာအုပ်ကြီးမှာ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲဟု သုံးတွဲရှိသည့်အနက် ပထမတွဲတွင် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးသည်မှ လွတ်လပ်ရေးပြန်ရရှိသော ၁၉၄၈–ခုနှစ်အထိ ဆက်စပ်ရေးထားသည်ကို တွေ့ရ၏။

ပြည်တော်သာခရီး ပထမတွဲတွင် လွတ်လပ်ရေး ဆုံးရှုံးမှုနှင့် ပတ်သက်၍ မျိုးချစ်မြန်မာတို့ ဦးဆွေးဆံမြေ့ တော်လှန်ခုခံကြသည်ကိုလည်းကောင်း၊ လေ့ခွက်သာကျန်စေ အလံမလှဲစေရဆိုသော စိတ်ဓာတ်ကို ထင်ရှားစွာ ပြခဲ့ကြပုံကိုလည်းကောင်း ဦးသန့်သည် အောက်ပါအတိုင်း စာဖတ်သူများ စိတ်ဓာတ်အားမာန် တက်ကြွဖွယ်ရာ ရေးသားထားသည်ကို တွေ့ရ၏။

## ပါတော်မူနှင့် တော်လှန်ရေးများ

၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ ၃၀–ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၄၇–ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈–ရက် နေ့တွင် အင်္ဂလိပ် အရာရှိတို့သည် သီပေါမင်း၊ မိဖုရားနှစ်ပါးနှင့် အချို့ မှူးကြီးမတ်ကြီးများကိုပါ ဖမ်းယူသွား၍ ရန်ကုန်မှတဆင့် မဒရပ်၊ ယင်းမှ ဘုံဘိုင်နယ် ရတနာဂီရိသို့ ဆောင်ယူ

www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။ ဤသို့သော အဖြစ်အပျက်များဖြင့် မြန်မာနိုင်ငံ တဝှမ်းလုံးသည် ဗြိတိသျှအစိုးရ လက်အောက်သို့ ကျရောက်ခဲ့ရလေသည်။ ထိုနေ့မှစ၍ မြန်မာတို့သည် ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝခေတ်ကြီးနှင့် ရင်ဆိုင်ခဲ့ရ၏။ ထိုနှစ်တွင် မြန်မာနိုင်ငံသည် "အင်္ဂလိပ်ဧကရီ ဘုရင်မကြီး၏ အလိုတော်အရ အိန္ဒိယဘုရင်ခံချုပ်နှင့် ဂေါ်ဝနာဂျင်နရယ်မင်းကြီးက အခါအားလျော်စွာ အထူးခန့်အပ်သော အမှုထမ်း အရာထမ်းတို့ဖြင့် စီစဉ်အုပ်ချုပ်မည့်" အင်္ဂလိပ်ဧကရီဘုရင်မကြီး၏ အာဏာစက်ကျရောက်ရာ နယ်ပယ်များတွင် အကျုံးဝင်သော နယ်ပယ်တစ်ခုအဖြစ် ပြောင်းလဲကျရောက်ရလေတော့သည်။

ထိုစဉ်အခါက ဗြိတိသျှနိုင်ငံတွင် ဝိတိုရိယဘုရင်မ အုပ်စိုးလျက်ရှိ၏။ လက်နက်အင်အားချင်းမမျှသဖြင့် အရှုံးပေးလိုက်ကြရသော်လည်း မြန်မာတို့သည် အံကြိတ်၍သာ ခံကြရာ စိတ်တွင်ကား အနိုင်မခံ အရှုံးမပေးကြချေ၊ ဆုံးရှုံးသွားသော လွတ်လပ်ရေးကိုသာ ပြန်လည်၍ အရယူရန် အမျိုးမျိုး အဖုံဖုံ ကြိုးစားခဲ့ကြရလေသည်။

နိုင်ငံအနှံ့အပြားပင် တော်လှန်းရေး တိုက်ပွဲများကို ဆင်နွှဲခဲ့ကြရ၏။ သို့ရာတွင် အခြေအနေ စည်းကမ်းတကျဖွဲ့စည်းသော တော်လှန်ရေးမှာ မဖြစ်နိုင်ခဲ့ချေ။ နိုင်ငံနှင့်အဝှမ်းတကွဲတပြားစီ တော်လှန်နေသော တော်လှန်ရေးအင်အားစုတို့ကို စုစည်းပေးနိုင်မည့် ခေါင်းဆောင်ကိုလည်း မရရှာကြ၊ သို့တိုင်အောင် မြန်မာနိုင်ငံ မျိုးချစ်ပုဂ္ဂိုလ်တို့သည် သင့်ရာသင့်ရာ အဖွဲ့အစည်းငယ်များဖွဲ့စည်း၍ အသီးသီး တစ်တပ်တစ်ဗိုလ်ပြုကာ မကြောက်မရွံ့ မတွန့်မဆုတ် ကြီးစွာသော သူရသတ္တိဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။



ထိုတော်လှန်ရေးစစ်ပွဲကို နှစ်ပရိစ္ဆေဒ ကြာရှည်စွာပင် ဆက်လက်ကြိုးပမ်းတိုက်ခိုက်ကြရ၏။ တော်လှန်ရေးအဖွဲ့များသည် ဗြိတိသျှတပ်စခန်းများကို မကြာခဏ တိုက်ခိုက်မောင်းနှင်ပစ်လိုက်ပြီးနောက် အချို့မြို့များကိုပင် စီမံအုပ်ချုပ်နိုင်ခဲ့ကြ၏။ လူထုကြီးကလည်း မြန်မာသူရဲကောင်းတို့အား ဝမ်းသာအားရကြိုဆိုကြ၏။ ရက်ရောစွာ အကူအညီပေးကြ၏။ တော်လှန်ရေးတွင် အခက်အခဲကြုံကြိုက်သည့်အခါများ၌ လူထုကြီးသည် ပြောက်ကျားသူရဲကောင်းတို့အား လျှို့ဝှက်ထားကြ၏။

ဤနည်းပြင့် နိုင်ငံကို သိမ်းယူထားသော စစ်တပ်များမှာ နေ့မအား ညမအား တစိုးရိမ်ရိမ်–တကြောင့်ကျကျ ရှိနေကြ၏။ တစ်ခါက တော်လှန်ရေး မြန်မာသူရဲကောင်းတို့ အားယှဉ်ပြိုင်တိုက်ခိုက်ရန် မေဂျာ ဂျင်နရယ် ၂–ယောက်၊ ဗရီးဂေးဒီးယား ဂျင်နရယ် ခြောက်ယောက်တို့ ကွပ်ကဲအုပ်ချုပ်လာသော စစ်သား သုံးသောင်းနှစ်ထောင်ပါ တပ်ကြီးများကိုပင် စစ်မြေပြင်သို့ စေလွှတ်ခဲ့ရဖူးလေသည်။ ထိုကဲ့သို့ ရင်မြေကတုပ်လုပ်၍ အရိုးကျေကျေ အရေစုတ်စုတ် အနိုင်မခံ အရှုံးမပေးဟူသော သန္နိဋ္ဌာန်ဖြင့် အဆက်မပြတ် တော်လှန်ခုခံနေကြသော ခေတ်ကြီးတွင် ဗိုလ်မင်းရောင် အစရှိသည့် တော်လှန်ရေးဗိုလ်ချုပ်ကြီးများသည် ထင်ရှားကျော်ကြားလာခဲ့ကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဗြိတိသျှတပ်များသည် ဗိုလ်မင်းရောင်၏အမည်ကို အထူးကြောက်ရွံ့ခဲ့ကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီးနှင့် လည်းကောင်း၊ ပြည်ထောင်စုလွတ်လပ်ရေးနှင့်လည်းကောင်း၊ ဆက်စပ်လျက်ရှိသည့် မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ကား အထက်ဖော်ပြပါ မြန်မာ့သူရဲကောင်း ဗိုလ်မင်းရောင်မှ ဆင်းသက်လာသော ပုဂ္ဂိုလ်ဖြစ်သည်မှာ မြန်မာ့သမိုင်းတွင် မှတ်သား

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာကောင်းသော အခြင်းအရာတစ်ရပ် ဖြစ်လေသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် ၁၈၈၆ခု၊ ဇန်နဝါရီလ ၁-ရက်နေ့ထုတ် ဗြိတိသျှအမိန့်ပြန်တမ်းတွင် "မြန်မာပြည်၌ ငြိမ်းချမ်းသာယာပါပြီ။ မူလနဂိုနေအတိုင်း ငြိမ်ဝပ်ပိပြားပါပြီ"ဟု ထည့်သွင်းကြေညာခဲ့သော်လည်း ဖုံးဖိ၍မရနိုင်သော အရုပ်ဆိုးကွက်ကြီးများ ပေါ်ပေါက်လာခဲ့သည်ကို ဗြိတိသျှလူမျိုးများ၏ မှတ်တမ်းစာအုပ်များ၌ပင် တွေ့ရလေသည်။

သက်သေတစ်ခုကိုပြရလျှင် မန္တလေးရွှေမြို့တော်သို့ ဘုရင်ခံချုပ်ရောက်လာသည့်အခါ မြန်မာနိုင်ငံလွှတ်တော်မှုထမ်းရာထမ်း ပုဂ္ဂိုလ်ကြီးတို့သည် တင်းမာခက်ထန်သော မျက်နှာဖြင့်နေကြ၍ သြဘာစာလည်းမဆက်၊ အခမ်းအနားတွင်လည်း မပါဝင်၊ ဘုရင်ခံချုပ်မျက်မှောက်၌ ဖိနပ်မချွတ်ဘဲနေကြသည်။ ထိုကဲ့သို့ မြန်မာတို့၏အပြုအမူသည် အဓိပ္ပာယ်ပေါ်လွင်လှ၏။ နိုင်ငံကို အဓမ္မသိမ်းယူသူတို့အား "လေ့ခွက်သာကျန်စေ၊ အလံမလဲစေရ"ဟူသော မြန်မာ့စိတ်ဓါတ်ကို ထင်ရှားစွာ ပြသလိုက်ခြင်းဖြစ်ပေသည်။ ထိုစဉ်အခါက မြန်မာ့တော်လှန်ရေးခေါင်းဆောင်ကြီးတို့သည် ရှိသမျှသော လက်နက်တို့ကို စုဆောင်း၍ ရသမျှသော လူအင်အားနှင့် တိုက်ပွဲများ ဆင်နွှဲကြသော်လည်း တစ်စုတရုံးတည်း စုဆောင်းပေးနိုင်မည့် ခေါင်းဆောင်လည်းမရှိ။

တော်လှန်ရေးစိတ်ဓါတ်များ တဖွားဖွား ပေါ်ပေါက်လာအောင် ဗဟိုမှ လှုံ့ဆော်ပေးမည့်သူလည်း မရှိ။ မျှော်လင့်ချက်ပန်းတိုင်လည်း မရှိ။ စိုးမိုးအုပ်ချုပ် မင်းလုပ်လျက်ရှိကြသော ဗြိတိသျှတို့၏ လက်နက်အင်အားကလည်း ကြီးမားလှသဖြင့် ၅-နှစ်ကျော်၊ ၆-နှစ်တွင်းသို့ ရောက်သောအခါ တိုင်းပြည်သည် ငြိမ်ဝပ်ပိပြားမှု ရှိလာသည်ကို တွေ့နိုင်ပေသည်။



မြန်မာတို့သည် ကံသာအမိ၊ ကံသာအဖ ဟူသောတရားကို သဘောပိုက်ကာ "ပြန်လေတော့ ငှက်ခါး၊ နားခါမှသိစေမယ်"ဟု တော်လှန်ရေးကို ခေတ္တမျှ စွန့်လွှတ်လိုက်ကြလေသည်။

သို့သော် ထိုစွန့်လွှတ်ခြင်းကား အပြီးတိုင် စွန့်လွှတ်ခြင်းမျိုးမဟုတ်။ စစ်ပန်း၍ ခေတ္တရပ်ထားသော ယာယီ စွန့်လွှတ်ခြင်းမျိုး ဖြစ်ပေ၏။ ၁၈၉၅-ခုနှစ်သို့ရောက်သောအခါ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းမှုရရှိပြီဟု ဆိုနိုင်ပေသည်။ သို့ရာတွင် တော်လှန်ရေး မှန်တိုင်းကြီးသည် ငြိမ်သက်သွားခြင်းသာ ဖြစ်၏။ ပြေပျောက်သွားခြင်းကား မဟုတ်၊ တစ်နေ့တွင် မလွှဲဧကန် ပေါ်ပေါက်လာရသည့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကြီးအတွက် ငံ့လင့်လျက်သာ ရှိကြလေသည်"

ဦးသန့်သည် မြန်မာလူမျိုးတို့၏ တော်လှန်ရေးကြီးတစ်ရပ် ပေါ်ပေါက်လာပြီး ခွဲသတ္တိပြောင်မြောက်စွာ ခုခံတိုက်ခိုက်ခဲ့သော တစ်ချိန်ကဖြစ်ရပ်များကို အထက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။ ဂျပန်များ မြန်မာနိုင်ငံသို့ဝင်လာပြီး မြန်မာများကို လိမ်လည်လှည့်ဖျားခဲ့ပုံကိုကား သမိုင်းဆရာဦးသန့်သည် အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

"ဂျပန်စစ်အာဏာပိုင်တို့ကား လုံးဝ လွတ်လပ်ရေးပေးရန် လာရောက်ကြသည်မဟုတ်၊ မိမိတို့၏ လက်သုံးကြွေးကြော်သံဖြစ်သော (အာရှ သာတူညီမျှစနစ်)ဟူသော စကားလုံးဖြင့် လှည့်စားလျက်ရှိသည်ကို တွေ့ရပေသည်။ ဗြိတိသျှတို့၏ အာဏာစက်သည် မြန်မာနိုင်ငံမှ ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် ဖက်ဆစ်ဂျပန်တို့၏အာဏာစက်ကို အစားထိုးရန် ကြံစည်ခဲ့သည်မှာ ထင်ရှားစွာ ပေါ်ပေါက်လာတော့၏။

ဦးသန့်သည် ဂျပန်၏ လှည့်ဖျားလိမ်လည်မှုများကို **ကိုယ်တိုင်မြင်ခဲ့**ကြုံခဲ့ရသူဖြစ်ရာ ဂျပန်ခေတ် အခြေအနေများကို **သူ၏စာအုပ်တွင် အထင်**

www.burmeseclassic.com

www.burmeseclassic.com



ကရ ထည့်သွင်းရေးသားနိုင်ခဲ့သည်။ ဂျပန်တို့၏ ဆိုးရွားယုတ်မာမှုကို ပီပီပြင်ပြင် သူ၏စာအုပ်၌ ရေးသားဖော်ပြနိုင်သည်ကို ဤသို့ဖတ်ရှုရပေသည်။

> စင်စစ်အားဖြင့် ဂျပန်တို့သည် ကယ်ဆယ်သူဟူသော အရေကို ခြုံထားသည့် အရှင်သခင်များသာ ဖြစ်လေသည်။ ဂျပန်၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ သိမ်းပိုက်ပြီးသော နယ်မြေတို့ကို ဖိဖိစီးစီး စိုးမိုးရန်ဖြစ်လေသည်။
>
> ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးမှာ ဂျပန်တို့၏ တဖြည်းဖြည်း မလိမ့်တပတ်အင်အားလျှော့မှုကြောင့် နောက်ဆုံးတွင် ဟန်ပြစစ်တပ်အဖြစ်သာ ကျန်ရှိခဲ့သည်။ ဂျပန်ပေးသော ရွှေရည်စိမ်လွတ်လပ်ရေးကိုသော်လည်းကောင်း၊ ဂျပန်စစ်ဗိုလ်စစ်သားတို့၏ မောက်မာသော အပြုအမူတို့ကိုသော်လည်းကောင်း စက်ဆုပ်ရွံရှာလာကြသော မြန်မာအမျိုးသားတို့သည် တတ်နိုင်သော နည်းများဖြင့် မကျေနပ်မှုကို ပြခဲ့ကြသည်။
>
> ဂျပန်အုပ်ချုပ်ရေး ကြာရှည်လာလေ၊ မြန်မာလူထု၏ ဆင်းရဲဒုက္ခမှာ ပိုမို၍ ကြီးကျယ်လာလေလေ ဖြစ်ခဲ့၏။ ဂျပန်စစ်အာဏာပိုင်များသည် ကျောထောက်နောက်ခံမရှိသော ငွေစက္ကူ အမြောက်အမြားကို အကန့်အသတ်မရှိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ဖြန့်ချိခဲ့လေသည်။ ထိုတန်ဖိုးမရှိသော ငွေစက္ကူများနှင့်ပင် ဂျပန်တို့သည် ဆန်စပါးကောက်ပဲသီးနှံ အစရှိသည်တို့ကိုဝယ်ယူ၍ မြန်မာ့စီးပွားရေးကို ဖျက်ဆီးခဲ့လေသည်။

သမိုင်းဆရာ ဦးသန့်သည် ဂျပန်တို့၏ ဖိနှိပ်ညှဉ်းဆဲမှုများကို ဖော်ပြပြီးနောက် မြန်မာလူထု၏ တခဲနက်တော်လှန်ရေးကိုပါ တဆက်တည်း ဤသို့ ပြည့်စုံစွာ မှတ်တမ်းတင်ခဲ့လေသည်။

> “၁၉၄၅-ခုနှစ်၊ ဖေဖော်ဝါရီလတွင် မိတ္ထီလာနှင့် မန္တလေးခရိုင်၌လည်းကောင်း၊ မတ်လတွင် မြစ်ဝကျွန်းပေါ်



> ဒေသ၊ သာယာဝတီ၊ ပြည်၊ သရက်၊ ပဲခူး၊ သထုံ၊ ပျဉ်းမနား၊ တောင်ငူ၊ တနင်္သာရီ စသဖြင့် နယ်များခွဲကာ နိုင်ငံအနှံ့အပြား၌ ဂျပန်ကို တော်လှန်ခဲ့ကြသည်။ သို့ရာတွင် ထိုသို့တော်လှန်ရာ၌ နေရာဒေသအလိုက် အခြေအနေကိုကြည့်၍ ပြောက်ကျားတော်လှန်ခြင်းဖြစ်ရာ တကယ်စနစ်တကျ ဖက်ဆစ်တော်လှန်ရေး အစပြုသည့်နေ့ကား ၁၉၄၅-ခု၊ မတ်လ ၂၇-ရက်နေ့ ဖြစ်လေသည်။ တော်လှန်ရာတွင် ဗမာ့တပ်မတော်သားများသာမက အရပ်သားများပင် ပြောက်ကျားတပ်ဖွဲ့များ ဖွဲ့စည်းကာ ပြည်လုံးကျွတ် ဆင်နွှဲကြလေသည်။

ဤသို့ဖြင့် သမိုင်းဆရာ ဦးသန့်သည် ပြည်တော်သာခရီး ပထမတွဲတွင် ဗမာ့လွတ်လပ်ရေးဆုံးရှုံးမှုမှသည် လွတ်လပ်ရေးပြန်ရသည်အထိလည်းကောင်း၊ ဒုတိယတွဲတွင် ပြည်တွင်းသောင်းကျန်းမှု ပေါ်ပေါက်လာသည်မှ ကေအမ်တီ တရုတ်ဖြူ ကျူးကျော်မှု၊ ကွန်မြူနစ်သောင်းကျန်းသူများ၏ ဆိုးရွားယုတ်မာမှုများအထိ လည်းကောင်း၊ တတိယတွဲတွင် ၁၉၄၉-၅၀ မှ ၁၉၅၆-ခုနှစ်ထိ မြန်မာ့နိုင်ငံရေးရာများကိုလည်းကောင်း ဆက်စပ်ရေးသားပြုစုခဲ့လေသည်။

ပြည်တော်သာခရီး ဒုတိယတွဲတွင် ယနေ့တောတွင်းသို့ ရောက်နေကြသော ကွန်မြူနစ် ဖြူ၊ နီ၊ ခေါင်းဆောင်ကြီးများဖြစ်ကြသော သခင်သန်းထွန်း၊ သခင်စိုးတို့နှင့် ပတ်သက်၍ သမိုင်းဆရာ ဦးသန့်သည် အတွင်းကျကျ အသေးစိတ် ရှာဖွေမှတ်သားထားရသည်များကို ကွက်ကွက်ကွင်းကွင်း ရေးသားခဲ့သည်ကို ဖတ်ရှုရလေသည်။

> “မြေအောက်၌ လျှို့ဝှက်စခန်းသွားရင်းသာ အချိန်ကုန်ခဲ့သော သခင်စိုးနှင့် ဂျပန်ခေတ်က ဝန်ကြီးတစ်ဦးဖြစ်ခဲ့ဖူးသော သခင်သန်းထွန်းတို့သည် တစ်ဦးနှင့် တစ်ဦး အာဃာတများစွာထားခဲ့ကြ၏။ သခင်စိုး၏ အယူအဆကား ကွန်မြူနစ်ပါတီသည် တော်လှန်ရေးပါတီတစ်ခုသာဖြစ်သဖြင့် တော်လှန်ရေးလမ်းစဉ်လိုက်သူတို့သာလျှင် တကယ့်ခေါင်းဆောင်မှု

www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်မည်ဟု ဆို၏။ ရာထူးစည်းစိမ်ကို မက်မောသူတို့မှာ ခေါင်းဆောင်မှုပေးနိုင်ခြင်း မရှိဟု သခင်စိုးက အတိအလင်း ပြောဆိုရေးသားခဲ့၏။ သခင်သန်းထွန်းကမူ နိုင်ငံရေး ဆိုသည်မှာ ပရိယာယ်နှင့် တော်လှန်ရေးတို့ ယှဉ်တွဲနေသော လောင်းတမ်းကစားမှုမျိုးဖြစ်၍ တော်လှန်ရေးတစ်ခုတည်း သာလျှင် အဓိကမှတ်ကျောက်မဟုတ်ဟု ဆို၏။ ထိုကဲ့သို့ လုပ်ငန်းအယူအဆနှင့် ကွဲပြားသူနှစ်ဦးသည် ကွန်မြူနစ်ပါတီ အတွင်း၌ မူလကပင် ပဋိပက္ခဖြစ်ရလေသည်"

"ထို့နောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတွင် သခင်စိုး၏ နောက်လိုက်ဦးရေ ပို၍ထားရမည်။ သို့မဟုတ် သခင်သန်းထွန်း၏ နောက်လိုက်ဦးရေ ပို၍ထားရမည်ဟူသော အချင်းဖြစ်ပွား၍ သခင်စိုးနှင့် ဘက်တော်သားတို့သည် ၁၉၄၇–ခု၊ မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ပြီးလျှင် ကွန်မြူနစ်ပါတီ ဗမာပြည် (အလံနီ)အဖွဲ့ကို တည်ထောင်လိုက်ကြလေသည်။ ထိုကဲ့သို့ ပုဂ္ဂလဓိဋ္ဌာန်အနေဖြင့် လည်းကောင်း၊ ပါတီတွင်း အာဏာလုမှုကြောင့် လည်းကောင်း ခွဲထွက်ကြပြီးနောက် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် ရှုတ်ချရေးသားကြသော စာများသည် ငယ်ကျိုးငယ်နာများကို ရက်ရက်စက်စက် ဖော်ပြသော စာများဖြစ်သည်ကို တွေ့ရလေသည်။ ဥပမာအားဖြင့် ဖော်ပြရလျှင် သခင်စိုးက သခင်သန်းထွန်းအား ဂျပန်တော်လှန်ရေးအတွက် စုဆောင်းထားသော ငွေများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်သည်ဟု စွပ်စွဲလေသည်။

ထို့ပြင် ဂျပန်ခေတ်ဝန်ကြီးဖြစ်စဉ်က ဖျာပုံမှ လယ်ပိုင်ရှင် သူဌေးကြီးတစ်ဦး၏သမီးကို မိမိနှင့် လက်ထပ်ထိမ်းမြားရန် စကားကမ်းလှမ်းခဲ့ဖူးကြောင်း၊ ထိုသို့ စကားကမ်းလှမ်းသောအခါ သခင်သန်းထွန်းအား (ဂျပန်လုပ် ရွှေကြာပင်)ဟု



ပြောလွှတ်လိုက်ကြောင်း စသည်တို့ကိုဖော်ထုတ်၍ သခင်သန်းထွန်းသည် ဣတ္ထိယ သိုက်တူးသမားဖြစ်သည်ဟု စွပ်စွဲရေးသားလေသည်။"

"သခင်သန်းထွန်းကလည်း တုန့်ပြန်လက်စားချေသောသဘောဖြင့် သခင်စိုးအား ပထမမယားကြီး၏ညီမကို အဓမ္မကြံ၍ယူပြီးနောက် ညီမနှင့်ရပြီးလျှင် တတိယမယားကိုယူပြီး တဖန်တတိယမယားကို စွန့်ပစ်၍ မိမိ၏ ပါတီဝင်တစ်ဦးလက်မှ အမျိုးသမီးတစ်ဦးအား ယူပုံအကြောင်းများကို ဖော်ထုတ်၍ လူယုတ်မာ တဏှာရူးဟု ပြန်လှန်စွပ်စွဲခဲ့၏။ ထိုသို့ အပြန်အလှန်စွပ်စွဲကြပြီးနောက် မြန်မာပြည်ကွန်မြူနစ်ပါတီနှင့် ကွန်မြူနစ်ပါတီ ဗမာပြည်တို့သည် အကွဲကြီးကွဲခဲ့ကြလေသည်။

ထိုပါတီနှစ်ခု ကွဲပြားခြားနားစေခြင်းငှာ အလံဖြူကွန်မြူနစ်ပါတီနှင့် အလံနီကွန်မြူနစ်ပါတီဟု ခေါ်စမှတ်ပြုကြ၏။ သခင်စိုးသည် စာဖတ်စာရေး အလွန်ဝါသနာပါသူဖြစ်၍ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ဝါဒဖြန့်သည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၏။

ကိုယ်ကျင့်တရား လုံးဝကင်းမဲ့၍ အလွန်ရက်စက်ကြမ်းကြုတ်ပြီးလျှင် သည်းခံခြင်းတရားကို တလုံးတပါဒမျှ နားမလည်ပေ။ သူ၏ဝါဒမှာ ကွန်မြူနစ်ဝါဒဟု အမည်တပ်ထားသော်လည်း မင်းမဲ့ဝါဒဖြစ်နေလေသည်။ ဆင်းရဲသား လူတန်းစားတို့သည် ချမ်းသာကြွယ်ဝသောသူများထံမှ လုယက်ခိုးဝှက်တိုက်ခိုက်ပြီးနောက် မိမိတို့ဘဝသစ်ကို ဖန်တီးရမည်ဟူသော ဝါဒဖြင့်တည်း။ သူ၏နောက်လိုက်များမှာ အများအားဖြင့် ပညာကင်းမဲ့၍ အကြမ်းနည်းအားဖြင့် မိမိတို့စားဝတ်နေရေး ပြဿနာကြီးသုံးရပ်ကို ဖြေရှင်းလိုသူများဖြစ်လေသည်။ မူလက သခင်စိုးပါတီတွင် အသင်းဝင်မှု၍

www.burmeseclassic.com

www.burmeseclassic.com



၃၀–လောက်သာရှိပြီး လုယက်တိုက်ခိုက်ရန် ဝါသနာပါသူ
နောက်လိုက် သုံးလေးရာခန့် ရှိလေသည်။

အထက်ဖော်ပြပါတို့မှာ သမိုင်းဆရာ ဦးသန့်၏ ပြည်တော်သာခရီး စာအုပ်မှ ကောက်နုတ်ဖော်ပြချက်အချို့ဖြစ်သည်။ ဦးသန့်သည် ကွန်မြူနစ်ဝါဒကို အမည်ခံအရေခြုံ၍ စည်းမဲ့ကမ်းမဲ့ လုပ်ချင်ရာလုပ်နေကြသော ခေါင်းဆောင်များ၏အထုပ်ကို ဖြည်ပြခဲ့ပေသည်။ ဦးသန့်၏ ရေးသားချက်များတွင် ကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့် ပတ်သက်၍ ပြည်သူလူထု မသိရသေးသော အချက်အလက်များကိုပင် နိုက်နိုက်ချွတ်ချွတ် ရှာဖွေထည့်သွင်းပြုစုထားသည်ကို တွေ့ရပေသည်။

ဤကား....ဦးသန့်ရေးသားသော ပြည်တော်သာခရီး စာအုပ်သည် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းနှင့် ပတ်သက်၍ မည်သို့မှတ်တမ်းတင်ထားသည်ကို အကျဉ်းမျှဖော်ပြချက် ဖြစ်ပေသည်။ ပြည်တော်သာခရီး စာအုပ်မှာ စစ်ပြီးခေတ်ပြုစုသော သမိုင်းစာအုပ်များတွင် အချက်အလက် အစုံလင်ဆုံးစာအုပ်ဖြစ်သည်ဆိုက မမှားနိုင်ပေ။ နိုင်ငံရေး၊ ဝါဒရေး၊ စီးပွားရေးနှင့် ပြည်တွင်းသောင်းကျန်းမှု အခြေအနေများမှအစ ထောင့်စေ့အောင် ရေးသားပြုစုထားသည်ကို တွေ့ရပေ၏။

*　　*　　*

BURMESE CLASSIC .com

## ၁၃။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်

**ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံမှ အမြဲတန်းကိုယ်စားလှယ် ဦးသန့်အား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၆၁–ခု၊ နိုဝင်ဘာလ ၃–ရက်နေ့ ဗြိတိသျှစံတော်ချိန် ၄–နာရီခွဲ မြန်မာစံတော်ချိန် ညဉ့် ၁၀–နာရီတွင် ကန့်ကွက်သူမရှိ ရွေးချယ်လိုက်ကြလေသည်။**

ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့သော အကြီးကျယ်ဆုံး ကမ္ဘာ့အဖွဲ့အစည်းကြီး၏ ထိပ်ဆုံးရာထူးကြီးတစ်ခုကို ဦးသန့်အားခန့်ထားခဲ့သည်နှင့် ပတ်သက်၍ ဦးသန့်အား ရွေးကောက်သည့်အချိန်မတိုင်မီက ကမ္ဘာ့ကုလသမဂ္ဂ၏ အခြေအနေကိုလည်းကောင်း၊ ဦးသန့် တာဝန်ထမ်းဆောင်ရမည့် ရာထူး၏ အရေးပါအရာရောက်ပုံကိုလည်းကောင်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး ဖြစ်ပေါ်လာပုံ အကျဉ်းချုပ်ကိုလည်းကောင်း ဖော်ပြသင့်သည်ဟု ယူဆပေသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၅–ခုနှစ်၊ အောက်တိုဘာလတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၅၁–နိုင်ငံ ပါဝင်လျက် စတင်ဖွဲ့စည်းခဲ့လေသည်။

၁၉၄၅–ခု၊ ဇွန်လ ၂၅–ရက်နေ့တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးကို နိုင်ငံပေါင်း ၅၀–မှ ကိုယ်စားလှယ်များ တညီတညွတ်တည်း သဘောတူလက်မှတ်ထိုးခဲ့ပြီးနောက် ယင်းနှစ်အောက်တိုဘာလ ၂၄–ရက်နေ့တွင် စာတမ်းကို အဖွဲ့ဝင်အားလုံးက အတည်ပြုလိုက်ကြသည်။ ထိုနေ့ကိုလည်း ကမ္ဘာ့ကုလသမဂ္ဂနေ့အဖြစ် အသိအမှတ်ပြုကြပြီး အဖွဲ့ဝင်နိုင်ငံများတွင် ပထမကမ္ဘာ့ကုလသမဂ္ဂနေ့ အခမ်းအနားများကို ကျင်းပခဲ့လေသည်။ ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းရာတွင် မည်သည့် ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်၊ မည်သည့် သန္နိဋ္ဌာန်နှင့် ဖွဲ့စည်းခြင်းဖြစ်သည်ကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ နိဒါန်းတွင် ဖော်ပြထားချက်များကိုကြည့်၍ သိနိုင်သည်။

ကုလသမဂ္ဂစာတမ်းကြီး၏ နိဒါန်းတွင် လူသားအားလုံးတို့၏ မျှော်မှန်းချက်များနှင့် ယင်းတို့၏ လိုရာပန်းတိုင်ကို ဖော်ပြထားသည်။ ထိုမျှော်မှန်းချက်နှင့် လိုရာပန်းတိုင်သို့ ရောက်စေရန် ကမ္ဘာပြည်သူလူထု၏ အစိုးရများက ကုလသမဂ္ဂအဖွဲ့ကြီးကို ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ နိဒါန်းတွင် အောက်ပါအချက်များ ပါဝင်လေသည်။

> "ကျွန်ုပ်တို့ ကုလသမဂ္ဂဝင် အပြည်ပြည်ဆိုင်ရာ နိုင်ငံတိုင်းမှ လူသားအပေါင်းတို့သည် နောင်တစ်ခေတ်တွင် ပေါက်ဖွားလာမည့် နောင်လာနောက်သားအပေါင်းတို့ကို ကမ္ဘာလူထုကြီးအား နှစ်ကြိမ်တိုင်ဒုက္ခပင်လယ်ဝေစေခဲ့သော စစ်ဘေးဒုက္ခကြီးမှ ကင်းဝေးစေရန် ကာကွယ်ရေးအတွက်လည်းကောင်း၊ လူတိုင်း ရရှိအပ်သော အခြေခံ လူ့အခွင့်အရေးများ၊ လူ၏တန်ဖိုးနှင့် ဂုဏ်သိက္ခာများ၊ ယောကျ်ားမိန်းမ မခွဲခြား ၊ နိုင်ငံကြီးငယ်မရွေး၊ တူညီမျှတသော အခွင့်အရေးများ ရှိကြောင်း၊ သက်ဝင်ယုံကြည်လက်ခံကြောင်း ကြေညာရန် လည်းကောင်း၊ နိုင်ငံအချင်းချင်းချုပ်ဆိုထားသော စာချုပ်များတွင် ပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားနှင့် အခြားအပြည်ပြည်ဆိုင်ရာ ဥပဒေများကို တရားမျှတမှု၊ ရှိသေလေးစား လိုက်နာမှုများရှိစေရန်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေး တိုးတက်မှုနှင့် ပိုမိုလွတ်လပ်သော ပတ်ဝန်းကျင်တွင် အဆင့်မြင့်မြင့် နေထိုင်နိုင်ရန် လူတို့၏ နေရေးထိုင်ရေး အဆင့်အတန်းများမြင့်တင်ပေးရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချထားသည့်အလျောက် မေတ္တာတရားရှေ့ထားလျက် တစ်ဦးနှင့်တစ်ဦး အိမ်နီးချင်းကောင်းပီသစွာ သည်းခံခြင်းတရား လက်ကိုင်



> ထား၍ အေးချမ်းစွာ ပေါင်းသင်းဆက်ဆံနေထိုင်ရန် လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကျွန်ုပ်တို့၏ အင်အားများကို စုရုံးပေါင်းစည်း၍ လည်းကောင်း၊ အများအကျိုးအတွက်မှတပါး လက်နက်အင်အားများကို မည်သည့်အခါမျှ အသုံးမပြုရဟု ပြဋ္ဌာန်းထားသောမှုကို လက်ခံ၍ ထိုမှုအတိုင်း ဆောင်ရွက်မည့် စနစ်များကို တီထွင်လက်ခံထားရှိရန်လည်းကောင်း။
>
> ကမ္ဘာ့လူထု၏ လူမှုဖွံ့ဖြိုးရေးနှင့် စီးပွားရေး တိုးတက်မှုအတွက် အပြည်ပြည်ဆိုင်ရာ ယန္တရားကို အသုံးပြုရန်လည်းကောင်း ယင်းရည်ရွယ်ချက်များ ထမြောက်အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြရန် ကျွန်ုပ်တို့ ဆုံးဖြတ်ချမှတ်ကြသည်။
>
> ထိုရည်ရွယ်ချက်များပါရှိသော ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးကို သဘောတူ အတည်ပြုပြီးဖြစ်သည့်အလျောက် ကုလသမဂ္ဂအဖွဲ့ဟုခေါ်သည့် အပြည်အပြည်ဆိုင်ရာ အဖွဲ့ကြီးတစ်ဖွဲ့ကို ကျွန်ုပ်တို့ တည်ထောင်ဖွဲ့စည်းလိုက်ပါသည်။

ကုလသမဂ္ဂဆိုသော အမည်ကို ကွယ်လွန်သူ အမေရိကန်သမ္မတကြီး ရုစဘဲ့က စတင်တီထွင်မှည့်ခေါ်ခဲ့၏။ ကုလသမဂ္ဂစာချုပ်ကို အမေရိကန်ပြည် ဆန်ဖရန်စစ္စကိုမြို့တွင် ၁၉၄၅–ခုနှစ်၊ ဧပြီလ ၂၅–ရက်နေ့မှ ဇွန်လ ၂၆–ရက်နေ့ထိ ကျင်းပသော ကွန်ဖရင့်တွင် နိုင်ငံပေါင်း ၅၀–တို့မှ ရေးဆွဲခဲ့သည်။

ကုလသမဂ္ဂစာချုပ်ကို ဇွန်လ ၂၆–ရက်နေ့တွင် လက်မှတ်ထိုးခဲ့သည်။ ပိုလန်နိုင်ငံသည် ကွန်ဖရင့်သို့ ကိုယ်စားလှယ် မလွှတ်နိုင်သော်လည်း နောက်မှ လက်မှတ်ရေးထိုးခဲ့သောကြောင့် ကုလသမဂ္ဂ မူလအဖွဲ့ဝင်နိုင်ငံ ၅၁–နိုင်ငံတွင် ပါဝင်လေသည်။ ကုလသမဂ္ဂ စတင်ပေါ်ပေါက်သည်ဟု အသိအမှတ် ပြုသောနေ့မှာ ရုရှ၊ ဗြိတိန်၊ အမေရိကန်စသော လုံခြုံရေးကောင်စီနှင့် အခြားအဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ အချက်များကို အတည်ပြုသောနေ့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈–ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ယင်းနှစ် ဧပြီလ ၁၀–ရက်နေ့တွင်ပင် လုံခြုံရေးကောင်စီက မြန်မာနိုင်ငံ၏ ကုလသမဂ္ဂကို ဝင်ခွင့်ပြုရန် လျှောက်ထားချက်ကို တညီတညွတ်တည်း သဘောတူခွင့်ပြုခဲ့၏။ ဧပြီလ ၁၉–ရက်နေ့တွင် အထွေထွေညီလာခံက လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ မြန်မာနိုင်ငံအား ၅၈–နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံအတည်ပြုခဲ့လေသည်။

## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်များ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပထမ အတွင်းရေးမှူးချုပ်မှာ နော်ဝေနိုင်ငံမှ မစ္စတာ ထရိဂ်ဗီလီးဖြစ်လေသည်။ ၁၉၄၆–ခုနှစ်၊ ဖေဖော်ဝါရီလ တစ်ရက်နေ့တွင် နော်ဝေနိုင်ငံမှ မစ္စတာထရိဂ်ဗီလီးကို အတွင်းရေးမှူးချုပ်အဖြစ် ၅–နှစ် အမှုထမ်းရန် ခန့်ထားခဲ့သည်။ ၁၉၅၀–ခုနှစ်၊ နိုဝင်ဘာလ တစ်ရက်နေ့တွင် သူ့ကိုပင် နောက်ထပ် သုံးနှစ် ဆက်လက်ခန့်ထားခဲ့၏။ ၁၉၅၂–ခု၊ နိုဝင်ဘာလ ၁၀–ရက်နေ့တွင် မစ္စတာထရိဂ်ဗီလီး ရာထူးမှ နုတ်ထွက် သွားလေသည်။ ၁၉၅၃–ခု၊ ဧပြီလ ၁၀–ရက်နေ့တွင်မူ ဆွီဒင်နိုင်ငံမှ မစ္စတာ ဟမ်းမားရှိုးလ်ကို အတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားခဲ့သည်။ ၁၉၅၇–ခုနှစ် တွင် နှစ်စေ့သောအခါ ထိုနှစ် စက်တင်ဘာလ ၂၆–ရက်နေ့၌ မစ္စတာ ဟမ်းမားရှိုးလ်အား နောက်ထပ်သက်တမ်း ၅–နှစ်အဖြစ် ၁၉၅၈–ခု၊ ဧပြီလ ၁၀–ရက်နေ့မှစပြီး ထမ်းရွက်စေပြန်သည်။

## မစ္စတာဟမ်းမားရှိုးလ် ကံကြမ္မာဆိုး

၁၉၆၁–ခု၊ စက်တင်ဘာလ ၁၈–ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဒက်ဟမ်းမားရှိုးလ်သည် ကွန်ဂိုနိုင်ငံတွင် ငြိမ်းချမ်းရေးကိစ္စအတွက် သွားရောက်စဉ်အတွင်း လေယာဉ်ပျက်ကျ၍ သေဆုံးခဲ့သည်။

လေယာဉ်ပျက်ကျရာတွင် လေယာဉ်ပေါ်၌ ပါသွားသော ကုလသမဂ္ဂ အမှုထမ်းများအားလုံး အသက်ဆုံးရှုံး၍ အမေရိကန်လူမျိုး တပ်ကြပ်ကြီး တစ်ယောက်သာ အသက်ရှင်ခဲ့လေသည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်



မစ္စတာ ဒက်ဟမ်းမားရှိုးလ်အနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာများကို သွားရောက်ဆောင်ရွက်နေစဉ် ဤသို့ လေယာဉ်ပျက်ကျရခြင်းကြောင့် ကမ္ဘာ့လူသား အားလုံးတို့အတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးပင် ဖြစ်ရလေသည်။ မစ္စတာ ဟမ်းမားရှိုးလ်မှာ ကတန်ဂါး သမ္မတရွန်ဘီနှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီးနောက် ကုလသမဂ္ဂအထူးလေယာဉ်ပျံဖြင့် ပြန်လာစဉ် စက်တင်ဘာ ၁၈–ရက်နေ့တွင် မြောက်ရိုဒီးရှားပြည်အတွင်း လေယာဉ်ပျက်ကျ၍ သေဆုံးရခြင်းဖြစ်လေသည်။

ဟမ်းမားရှိုးလ်နှင့်အတူ စုစုပေါင်း ၁၂–ဦး သေဆုံးသည်။ သုံးဦးမှာ လေယာဉ်ပျံပျက်အောက်၌ ပိနေကြသည်။ တစ်ဦးသာ ဒဏ်ရာပြင်းထန်စွာရပြီး အသက်ရှင်ခဲ့သည်။ ဟမ်းမားရှိုးလ်၏လေယာဉ်ပျံမှာ ဒီစီ ၆ အမျိုးအစား လေယာဉ်ဖြစ်၍ ဟမ်းမားရှိုးလ်၏ ကိုယ်ပိုင်ခန့်ထားသော လေယာဉ်မှူး ကိုယ်တိုင်မောင်းစဉ် ပျက်ကျရခြင်းဖြစ်သည်။ လေယာဉ်ပျံသည် အင်ဒိုလာနယ်နှင့် ရှစ်မိုင်ကွာ တောထဲတွင်ပျက်ကျသွားခဲ့ရာ မီးသွေးဖုတ်သမားများက အကြောင်းကြား၍ ရိုဒီးရှားလေတပ်က အပြင်းအထန် လိုက်လံရှာဖွေရာမှ လေယာဉ်ပျက်နှင့် အလောင်းများကို တွေ့ရသည်။

နောက်ထပ်ကြားသိရသော သတင်းအရ ဟမ်းမားရှိုးလ်နှင့်အတူပါအရာရှိ ၁၂ဦးသေဆုံး၍ စောင့်ကြပ်လိုက်ပါလာသော အမေရိကန်ပြည်သား ဆာဂျင်ဟာရီးဂျူလုံ ဆိုသူတစ်ဦးသာ ဒဏ်ရာပြင်းထန်စွာရပြီး အသက်ရှင်၍ ကျန်ခဲ့သည်။ ဂျဒေါ့ဗီးမြို့ရှိ ကမီနာလေဆိပ်ကို ကတန်ဂါးတိုက်လေယာဉ်ပျံများက တိုက်ခိုက်နေသောကြောင့် ဟမ်းမားရှိုးလ်သည် အင်ဒိုလာသို့ နေ့အချိန်မသွားဘဲ ညဥ့်အချိန်တွင် သွားခဲ့စဉ် ယခုကဲ့သို့ လေယာဉ်ပျက်ကျရခြင်းဖြစ်လေသည်။

ဟမ်းမာရှိုးလ်၏ လေယာဉ်ပျက်ကျရခြင်းမှာ အတွင်းသူလျှိုလက်ချက်ကြောင့်ဖြစ်ရမည်ဟု အိန္ဒိယဝန်ကြီးချုပ် မစ္စတာနေရူးက ကြေညာချက် တင်စောင်ထုတ်ဝေရာတွင် ဖော်ပြပါရှိ၏။ နေရူး၏ကြေညာချက်တွင် ဟမ်းမားရှိုးလ်၏ လေယာဉ်ပျက်ကျရခြင်းမှာ အတွင်းသူလျှိုလက်ချက်ကြောင့် ဖြစ်နိုင်သည်။ မတော်တဆကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့သော် မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြောင့်ဟု အတတ်မပြောနိုင်ပါ။ ကွန်ဂိုနိုင်ငံပြည်တွင်းမှာ ဘာမဆို ဖြစ်နိုင်ပါသည်ဟု ပါရှိသည်။

အင်ဒိုလာဆေးရုံတွင် တင်ထားရသော ဒဏ်ရာရခဲ့သူ တပ်ကြပ်ကြီး ဂျူလျံက လေယာဉ်သည် ဆင်းသက်မည့် အင်ဒိုလာလေဆိပ်အနီးသို့ ရောက်မှ ဟမ်းမားရှိုးလ်က မဆင်းသက်လိုဟုပြောပြီး လေယာဉ်ကို လမ်းကြောင်းပြောင်းပြီး မောင်းနိုင်းသည်။

လေယာဉ်လမ်းကြောင်းပြောင်းပြီး တခဏအကြာတွင် ပေါက်ကွဲမှုကြီးဖြစ်လာပြီး ဆက်ခါဆက်ခါ ပေါက်ကွဲသံများကြားရသည်စသဖြင့် ပြောပြခဲ့၏။ ဟမ်းမားရှိုးလ်၏ အလောင်းမှာ မပျက်မစီးကောင်းစွာ မှတ်မိ၏။ ကျန်အလောင်းများမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ ထိုအတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဟမ်းမားရှိုးလ်၏နေရာတွင် မည်သူ့အား ခန့်ထားမည်ဆိုသော ပြဿနာတစ်ရပ် ကုလသမဂ္ဂတွင် အပူတပြင်း ပေါ်လာတော့သည်။ ဤသို့ပေါ်လာသည်ကို အောက်ပါသတင်းအရ သိသာရလေသည်။

## ဟမ်းမားရှိုးလ်နေရာ မည်သူတက်မည်နည်း
### (ဂျီနီဗာ စက်တင်ဘာ ၁၈)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဟမ်းမားရှိုးလ် ကွယ်လွန်သွားရာ ၎င်း၏နေရာတွင် မည်သူ့အား ခန့်ထားမည်။ မည်သည့်အာဏာမျိုးပေးမည်ဆိုသော အချက်မှာ ပူပူနွေးနွေး ဖြစ်လာသည်

ကုလသမဂ္ဂရပ်ကွက်တွင် တစ်ပြေးနေသောသူနှစ်ဦးမှာ အိန္ဒိယကာကွယ်ရေးဝန်ကြီး မစ္စတာကရစ်ရှနာမီနွန်နှင့် ဘယ်ဂျီယန်နိုင်ငံခြားရေးဝန်ကြီး ဟန်နရီစပက်တို့ဖြစ်သည်။ အာရှအာဖရိက နိုင်ငံစုကလည်း အတွင်းရေးမှူးချုပ်သစ်သည် အသားမဲ အသားဝါတစ်ဦး ဖြစ်စေရမည်ဟု တောင်းဆိုဖွယ်ရှိ၏။

အခြားအကြောင်းတစ်ခုမှာ ဆိုဗီယက်အစိုးရက အတွင်းရေးမှူးချုပ်တစ်ဦးတည်းအစား သုံးဦးခန့်ထားစေရန်



အကြံပေးထားရာ အကယ်၍ တစ်ဦးတည်းခန့်ထားသည့်တိုင် ၎င်းအား အာဏာကုန်ပေးရန် ခက်ခဲဖွယ်ရှိသည်ဟုလည်း ကုလသမဂ္ဂရပ်ကွက်က ယူဆထားကြ၏။ ဤအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဒက်ဟမ်းမားရှိုးလ်အား နိုဘဲလ်ငြိမ်းချမ်းရေးဆုကြီး ချီးမြှင့်ရန် မြန်မာကိုယ်စားလှယ် ဦးသန့်က ကုလသမဂ္ဂညီလာခံတွင် တိုက်တွန်းလိုက်သည်ကို ကြေးနန်းသတင်းတစ်ရပ်အရ သိရလေသည်။

## ဟမ်းမားရှိုးလ်ကို နိုဘဲလ်ဆုချီးမြှင့်ရန် ဦးသန့်က တိုက်တွန်းခြင်း
### (ကုလသမဂ္ဂ စက်တင်ဘာ ၂၀)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဟမ်းမားရှိုးလ်ကို ငြိမ်းချမ်းရေး နိုဘဲလ်ဆုကြီးချီးမြှင့်ပါရန် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးဦးသန့်က ညီလာခံတွင် ယနေ့ တိုက်တွန်းပြောဆိုခဲ့သည်။ ဆိုဗီယက် ကိုယ်စားလှယ် မစ္စတာဇိုရင်နှင့် အမေရိကန်ကိုယ်စားလှယ်တို့ကလည်း ဟမ်းမားရှိုးလ်အား ချီးကျူးစကားပြောဆိုကြ၏။ ၁၉၆၁–ခုနှစ် စက်တင်ဘာလ ၂၀–ရက်နေ့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ခန့်ထားရေးအတွက် မြန်မာနိုင်ငံမှ အမြဲတန်းကုလသမဂ္ဂ ကိုယ်စားလှယ်ကြီး ဦးသန့်အားခန့်ထားရန် အများစုက လိုလားနေကြ၏။

## ဦးသန့်ကို အတွင်းရေးမှူးချုပ်ခန့်မည်လော
### (ကုလသမဂ္ဂ စက်တင်ဘာ ၂၃ ရိုက်တာ)

လစ်လပ်နေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးနေရာတွင် ယာယီအတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားရန် လိုအပ်လျက်ရှိရာ ထိုရာထူးအတွက် ကုလသမဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ မြန်မာသံအမတ်ကြီးကို ခန့်ထားရန် ကိုယ်စားလှယ် အများစုက လိုလားနေကြလေသည်။

ဆိုဗီယက်အုပ်စုက ဦးသန့်ကို ယင်းရာထူး၌ ခန့်ထားလျှင် မိမိတို့လိုလားနေကြသော ကြားနေနှင့် လက်ဝဲလက်ကျာ နိုင်ငံများမှ တစ်ဦးစီပါဝင်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သုံးပွင့်ဆိုင်ထားရန် အစီစဉ် ကြံကြာမည်ကို စိုးရိမ်နေသည်ဟု ဆို၏။

ကုလသမဂ္ဂအခြေခံဥပဒေအရ လုံခြုံရေးကောင်စီဝင်များ ဖြစ်ကြသော ဆိုဗီယက် ရုရှား၊ ပြင်သစ်၊ အမေရိကန်၊ ဗြိတိန် နှင့် တရုတ်တို့က သဘောတူညီမှသာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို ခန့်ထားနိုင်သည်။

အထက်ပါကြေးနန်းသတင်းအရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက် မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန့်ကိုခန့်ထားရန် လမ်းစပေါ်ခဲ့ကြောင်း သိရသော်လည်း ဆိုဗီယက်က မိမိလုပ်ချင်သလိုဖြစ်မလာ၍ စိုးရိမ်နေသည်ကိုပါ သိရလေသည်။ ဆိုဗီယက်က ကုလသမဂ္ဂ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအရ ကုလသမဂ္ဂကြီး၏ လုပ်ငန်းအရပ်ရပ်ကို လုပ်ဆောင်ရာ၌ ကျေနပ်ဖွယ်ရာမရှိဟု အကြောင်းပြပြီးလျှင် အထက်ပါသဘောအတိုင်း လက်ဝဲနိုင်ငံများမှ တစ်ဦး၊ ကြားနေနိုင်ငံများမှ တစ်ဦး၊ လက်ယာနိုင်ငံများမှ တစ်ဦး၊ စုစုပေါင်း အတွင်းရေးမှူးသုံးဦးခန့်ထား၍ စုပေါင်းဆောင်ရွက်ရန်သာ မူသေဆုပ်ကိုင်ထားခဲ့သည်။ သို့သော် စက်တင်ဘာလ ၂၃-ရက်နေ့တွင် ရောက်လာသော ကြေးနန်းသတင်းအရ ဦးသန့်ကို ဆိုဗီယက်ကပါ လက်ခံကြောင်း ဖော်ပြပြန်လေတော့သည်။

## ကုလမှူးချုပ်ရာထူး ဦးသန့်ရှေ့ဆုံးမှပြေးဆဲ

### (ကုလသမဂ္ဂ စက်တင်ဘာ ၂၀ ရိုက်တာ)

လစ်လပ်နေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးတွင် သက်တမ်းစေ့သည်အထိ ယာယီအတွင်းရေးမှူးချုပ်



ခန့်ရန် မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသန့်၏အမည်သည်သာ ရှေ့ဆုံးမှ ပြေးနေသည်။ ဦးသန့်ကို အနောက်အုပ်စုနှင့် ဆိုဗီယက်ကပါ သဘောကျနေသည်ဟု သိရသည်။

## ဦးသန့်ကို အများကကြိုက်နေဆဲ

### (ကုလသမဂ္ဂ စက်တင်ဘာ ၅ အေအက်(ဖ)ပီ)

မြန်မာနိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ဦးသန့်သည် ယာယီအထွေထွေအတွင်းရေးမှူးချုပ်ရာထူးအတွက် ယခုအထိ တစ်ပြေးနေဆဲဖြစ်ပြီး ကိုယ်စားလှယ်အများစုကပင် သဘောကျနေကြသည်။

ယာယီအတွင်းရေးမှူးချုပ် ခန့်ထားပြီးသည့်နောက်လည်း အမြဲတမ်းအတွင်းရေးမှူးချုပ်အဖြစ်ပါ ဆက်လက်ခန့်ထားဖွယ် ရှိသည်ဟုလည်း သိရ၏။

အထက်ပါကြေးနန်းသတင်းများကို ထောက်ထား၍ ဦးသန့်ကို အရှေ့အုပ်စုရော၊ အနောက်အုပ်စုကပါ ကြိုက်နှစ်သက်ကြောင်း သိသာရပြီး သတင်းများ ရှုတ်တရက်ရပ်ဆိုင်းသွားပြီးသည့်နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ခန့်ထားရေးအတွက် ဘာသံမျှမကြားရ။

ကုလသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နီးစပ်ရာ အဖွဲ့ခွဲများ စုပေါင်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် အမြန်ဆုံးခန့်ထားရန်အတွက် အပူတပြင်း ဆွေးနွေးနေကြခြင်းဖြစ်လေသည်။ အောက်တိုဘာလဆန်းတွင် သတင်းတစ်ရပ်ရောက်လာပြန်လေသည်။

## ကုလမှူးချုပ်ရာထူး ဦးသန့်ကိုပင် ရွေးရန် သဘောတူပြီ

### (ကုလသမဂ္ဂ အောက်တိုဘာ ၅)

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တစ်ဦးကို ယာယီခန့်ထားရေးနှင့်ပတ်သက်ပြီး လာမည့် ရက်သတ္တပတ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပရမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် သင့်တော်မည့်သူတစ်ဦးကို ရွေးချယ်ပြီး တင်သွင်းမည်ဖြစ်ကြောင်းဖြင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌကြီးက ယနေ့ သတင်းထောက်များအား ပြောပြ၏။ ယာယီအတွင်းရေးမှူးချုပ်အဖြစ် မြန်မာကိုယ်စားလှယ် ဦးသန့် ကိုပင် ရွေးချယ်လိမ့်မည်ဖြစ်ကြောင်းဖြင့် အများစုက ထင်မြင်ယူဆလျက်ရှိကြ၏။ ဦးသန့်သာလျှင် အရှေ့အနောက် အုပ်စုများ၏ ထောက်ခံမှုကို ရရှိနေသည်ဆို၏။

ကုလသမဂ္ဂကိုယ်စားလှယ်များ အနားယူနေကြသည့် အခန်းမှ ဦးသန့်ကို ယနေ့ခေါ်ထုတ်သွားကြပြီး အမေရိကန် ကိုယ်စားလှယ် မစ္စတာစတီဗင်ဆင်နှင့် ဆွေးနွေးစေ၏။ စောစောပိုင်းကလည်း ဆိုဗီယက်ရုရှားကိုယ်စားလှယ် မစ္စတာ ဇိုရင်ပါဝင်သော နိုင်ငံခြားရေးဝန်ကြီးများ ထမင်းစားပွဲကို ဦးသန့် တက်ရောက်ခဲ့သေးသည်။

ဦးသန့်သည် ယာယီအထွေထွေ အတွင်းရေးမှူးချုပ် လုပ်ငန်းများနှင့် တာဝန်များကို ယခုထက် ပိုမိုသိရှိနားလည်မှသာ မြန်မာအစိုးရနှင့်တိုင်ပင်ပြီး ရာထူးကို လက်ခံသင့် မခံသင့် ဆုံးဖြတ်လိမ့်မည်ဟု ဦးသန့်နှင့် နီးစပ်သော ရပ်ကွက်များမှ သိရှိရ၏။ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂရိုမီကိုသည် အမေရိကန်သမ္မတကြီး ကနေဒီနှင့် နက်ဖြန်တွင် တွေ့ဆုံရန်ရှိသည်။ ထိုသို့တွေ့ဆုံသောအခါတွင် လက်ရှိဖြစ်ပေါ်နေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ခန့်ထားရေးကိစ္စကို ထည့်သွင်းဆွေးနွေးကြမည်ဖြစ်သည်ဟု သိရလေသည်။

ထိုသို့ ဦးသန့်အား ကုလသမဂ္ဂအမြင့်ဆုံးရာထူးတွင် ခန့်ထားရန် သေချာနေချိန်တွင် ဦးသန့်သည် ကုလသမဂ္ဂ



ဆိုဗီယက်ကိုယ်စားလှယ်ကြီး မစ္စတာဇိုရင်ကို တွေ့ဆုံဆွေးနွေးသည်ဟူသော သတင်းတရပ်ကို ဖတ်ရှုကြပြန်လေသည်။

## ဦးသန့်နှင့် ရုရှားကိုယ်စားလှယ်တွေ့၍ ဆွေးနွေးခြင်း

## (ကုလသမဂ္ဂ အောက်တိုဘာ ၁၄)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားခြင်း ခံရလိမ့်မည်ဟု ကျော်ကြားနေသော မြန်မာကိုယ်စားလှယ် ဦးသန့်သည် ယနေ့ သတင်းထောက်များနှင့် တွေ့ဆုံပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောပြ၏။

ဦးသန့်၏ ယုံကြည်ချက်အရ ဆိုပါလျှင် အထွေထွေ အတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂအဖွဲ့အစည်းအားလုံးတို့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပေးရမည်။ ကွန်ဖရင့်များ ကျင်းပရေးအတွက် စည်းရုံးနိုင်ရမည်။

ကုလသမဂ္ဂ၌ အမှုထမ်းနေသော အပြည်ပြည်ဆိုင်ရာ အမှုထမ်းများအား အုပ်ချုပ်ရန် ညွှန်ကြားနိုင်သော အာဏာ ရှိရမည်။ နိုင်ငံရေးအရ ကိုယ်တိုင်ထွင်၍ ဆောင်ရွက်ပေးနိုင်သော အရည်အချင်းရှိရန်လိုအပ်သည်ဟု သတင်းထောက်များအား ရှင်းပြ၏။ ဦးသန့်နှင့် ဆိုဗီယက်ရုရှမှ ကုလသမဂ္ဂ ကိုယ်စားလှယ် မစ္စတာဇိုရင်တို့သည် ယမန်နေ့ညက တွေ့ဆုံ ဆွေးနွေးကြသေးသည်။ ထိုဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရခဲ့ကြသည်ဟု ဆို၏။ မစ္စတာဇိုရင်က ဆိုဗီယက်သည် ဦးသန့်ကိုထောက်ခံပါကြောင်းနှင့် ကြေညာပြော ဆိုခဲ့၏။

ထိုသတင်း၏နောက်တွင် ဦးသန့်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားလိုက်ရန် အမေရိကန်နှင့် ရုရှတို့က တရားဝင် ကြေညာချက်သတင်း ထွက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးသန့်သေချာနေပြီ
## (နယူးယောက် အောက်တိုဘာ ၁၅ ရက်တာ)

မြန်မာနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ဦးသန့်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးတွင် ခန့်ထားရန် သဘောတူကြောင်းဖြစ်စ် အမေရိကန်ကိုယ်စားလှယ် မစ္စတာ စတီဗင်ဆင်က ကြေညာပြောဆို၏။ ၎င်းက ကုလသမဂ္ဂအတွင်းရေးမှူးတစ်ဦးတည်း ထားရန်မှုကို ဆိုဗီယက်နှင့် အမေရိကန်တို့ သဘောတူညီချက်ရပြီဟုလည်း ကြေညာပြောဆိုလိုက်၏။ ထိုအတွင်း ဦးသန့်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လက်ထောက်အတွင်းရေးမှူးများ ခန့်ထားရေးအတွက် အမေရိကန်နှင့် ဆိုဗီယက်တို့ သဘောတူညီမှုမရပါက မိမိသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို လက်ခံမည်မဟုတ်ဟု ပြောဆိုကြောင်းဖြင့် သူနှင့်နီးစပ်သော ရပ်ကွက်မှ ကြားသိရ၏။

ဦးသန့်က မိမိသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးတွင် ထမ်းဆောင်ရန် လက်ထောက်အတွင်းရေးမှူးများ ခန့်ထားရေးကိစ္စအတွက် ဆိုဗီယက်နှင့် အမေရိကန်တို့၏ ဆုံးဖြတ်ချက်ကို စောင့်စားနေသည်။ အတွင်းရေးမှူးချုပ်သည် လက်ထောက်အတွင်းရေးမှူးများ ခန့်ထားခြင်းမပြုက ထိုရာထူးကို လက်ခံမည်မဟုတ်ဟုလည်း သူနှင့်နီးစပ်သော ရပ်ကွက်က ပြောဆိုကြ၏"

* * *

ဦးသန့်အား ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးတွင် ခန့်ထားရန်အတွက် အမေရိကန်နှင့် ဆိုဗီယက်တို့က တညီတညွတ်တည်း သဘောတူခဲ့ကြသော်လည်း လက်ထောက်အတွင်းရေးမှူးများ ခန့်ထားရန်အတွက်မှာ အမေရိကန်နှင့် ဆိုဗီယက်တို့ လူရွေးရာတွင် အငြင်းပွားနေဆဲဖြစ်လေသည်။



ဦးသန့်ကလည်း ထိုကိစ္စအတွက် အငြင်းပွားနေလျှင် မိမိသည် အတွင်းရေးမှူးချုပ်ရာထူးကို လက်မခံနိုင်ပါဟု ငြင်းဆိုခဲ့သည်ဟုဆို၏။ သို့သော် ဤကိစ္စမှာ နောက်ဆုံးတွင် ဦးသန့်ကြိုက်သည့်လူကိုရွေးပြီး ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးများ ခန့်ပါတော့မည်ဟု အမေရိကန်ရော ရုရှားကပါ လျှော့ပေးခဲ့သဖြင့် ပြဿနာမှာ ပြေလည်သွားခဲ့လေ၏။

မြန်မာနိုင်ငံအစိုးရကလည်း ဦးသန့်အား ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးတွင် ခန့်ထားရန်အတွက် သဘောတူလက်ခံကြောင်းဖြင့် ရန်ကုန်မြို့တွင် ထုတ်ဖော်ပြောဆိုသည်ဟု သတင်းတစ်ရပ် သတင်းစာများတွင် ပါရှိခဲ့လေသည်။

## မြန်မာအစိုးရက ဦးသန့်ကို ထောက်ခံခြင်း
## (ရန်ကုန် နိုဝင်ဘာ ၁ရက်)

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးနှင့် လက်ထောက်အတွင်းရေးမှူးများ ခန့်ထားရေးတွင် နိုင်ငံအချင်းချင်း ကျေနပ်သဘောတူလက်ခံကြပါက ဦးသန့်အား ယင်းရာထူး၌ခန့်ထားရေးအတွက် မြန်မာနိုင်ငံအစိုးရကလည်း ထောက်ခံမည်ဟု သိရ၏

ယခုအချိန်ထိ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရထံ သို့ ဦးသန့်ထံမှ တစုံတရာ တရားဝင်အကြောင်းကြားချက် မရရှိသေးသော်လည်း၊ မြန်မာအစိုးရသည် ကုလသမဂ္ဂ သတင်းများကို အမြဲမပြတ်လေ့လာလျက်ရှိသည်ဆို၏။

မကြာမီက ဦးသန့် ရုပ်မြင်သံကြားမှ အသံလွှင့်ချက်ကို မြန်မာအစိုးရအနေဖြင့် လက်မခံနိုင်စရာမရှိ၊ အရာရာတွင် ကြားနေ၍ မဖြစ်နိုင်၊ မှန်သည်ထင်လျှင် ဆုံးဖြတ်နိုင်ရမည်သာဖြစ်သည်ဟု မြန်မာအစိုးရကလည်း ယူဆထားသည်ဟု ဆို၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဦးသန့်အား ကမ္ဘာ့ကုလသမဂ္ဂ အတွေထွေအတွင်းရေးမှူးချုပ် ခန့်ထားရေးကိစ္စအတွက် အားလုံးအဆင်ပြေနေသော သတင်းများကိုသာ ဆက်ခါဆက်ခါ ကြားနေခဲ့ကြရသည်။ ၁၉၆၁-ခု၊ နိုဝင်ဘာလဆန်းတွင်မူကား ဦးသန့်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးတွင် ခန့်ထားရန် လုံခြုံရေးကောင်စီမှ ရွေးချယ်တင်သွင်းပြီး အထွေထွေညီလာခံမှ ခန့်အပ်ကြောင်း သတင်းများကို ဖတ်ရှုကြရလေတော့သည်။

## ဦးသန့်ကို ကုလမှူးချုပ်ခန့်လိုက်ပြီ
### (ကုလသမဂ္ဂ နိုဝင်ဘာ ၃၊ အေအက်ဖ်ပီ)

ကုလသမဂ္ဂအဖွဲ့ကြီး၏ ယာယီအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် မြန်မာနိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်တော် ဦးသန့်ကို ယနေ့မှစ၍ ခန့်ထားလိုက်ပြီဖြစ်၏။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံမှ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် ဦးသန့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် အထွေထွေညီလာခံကြီးမှ အတည်ပြုရွေးချယ်လိုက်၏

ထိုသို့ ရွေးချယ်ရာတွင် ဆိုဗီယက်နှင့် အမေရိကန် အပါအဝင် နိုင်ငံပေါင်းစုံက ကန့်ကွက်သူမရှိ ထောက်ခံလိုက်ကြ၏။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ် အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဦးသန့်အား ရွေးချယ်သည့်အချိန်မှာ ဗြိတိသျှစံတော်ချိန် ညနေ ၄-နာရီ၊ မြန်မာစံတော်ချိန် ည ၁၀-နာရီဖြစ်၏။ ထိုသို့ လုံခြုံရေးကောင်စီမှ ဦးသန့်ကို ရွေးချယ်ခန့်ထားသည့်အဆိုကို ဗြိတိသျှစံတော်ချိန် ည ၈-နာရီ၊ မြန်မာစံတော်ချိန် နံနက် ၂-နာရီခွဲတွင် အထွေထွေညီလာခံကြီးမှ အတည်ပြုခန့်ထားမည်ဖြစ်၏။ ဦးသန့်အား အမေရိကန်၊ ဆိုဗီယက်၊ သီဟို၊ လိုင်ဘီးရီးယား၊ အာရပ်သမ္မတနိုင်ငံတို့က ဦးဆောင်၍ အဆို



တင်သွင်းကြမည် ဖြစ်လေသည်။ ဦးသန့်အား ယင်းရာထူးတွင် ၁၉၆၂-ခု၊ နိုဝင်ဘာလအထိသာ ခန့်ထားခြင်းဖြစ်သည်ဟု သိရ၏။

* * *

အထက်ပါ ကြေးနန်းသတင်းများမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ခန့်ထားရာတွင် ကမ္ဘာသို့ပြန့်သွားခဲ့သော ကြေးနန်းသတင်းများပင် ဖြစ်သည်။ ယင်းကြေးနန်းသတင်းများကို ဖတ်ရှု၍ ဦးသန့်ကို ကမ္ဘာ့ကုလသမဂ္ဂမှ မည်သို့ရွေးချယ်ခဲ့ကြကြောင်းကို နားလည်သိရှိခွင့် ကြုံခဲ့ရသည်။

သို့သော် ကုလသမဂ္ဂကြီးအတွင်း၌ ဖြစ်ပေါ်ခဲ့သော ပိတ်ကားနောက်ကွယ်မှ ဖြစ်ရပ်အချို့ကို ဆက်လက်၍ တင်ပြလိုပါသည်။ ဦးသန့်အား ရွေးချယ်သည့်အဆင့်ထိရောက်ရန် ကိုယ်စားလှယ်ကြီးများ မည်မျှ ကြိုးစား ဆွေးနွေးဆောင်ရွက်ခဲ့ရသည်တို့မှာ သတင်းစာထဲတွင် မပါသည့်သတင်းများ ရှိနေသေးကြောင်း သိရသည်။

ကုလသမဂ္ဂလေယာဉ်ကြီး ၁၉၆၁-ခု၊ စက်တင်ဘာလ ၁၇-ရက်နေ့တွင် ပျက်ကျ၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဒက်ဟမ်းမားရှိုးလ် ကွယ်လွန်ကြောင်းသတင်းသည် ကုလသမဂ္ဂအဖွဲ့ကြီးတစ်ခုလုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ သူသေဆုံးပြီးနောက် ပထမဆုံးပေါ်လာသည့် ပြဿနာမှာ ဆိုဗီယက်ရုရှ၏ **(TROIKA)** ခေါ် အတွင်းရေးမှူးချုပ် သုံးဦးထားရှိရေးပင်ဖြစ်သည်။ ဆိုဗီယက်သည် ဟမ်းမားရှိုးလ်အပေါ်တွင် ကွန်ဂိုအရေးအခင်း၌ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အချိန်အတော်ကြာကပင် မကျေမနပ်ဖြစ်လျက်ရှိခဲ့၏။

ထို့ကြောင့်ပင် ကုလသမဂ္ဂအတွင်းရေးမှူးတစ်ဦးတည်း၏ လက်ထဲ၌ အာဏာများ အပြည့်အဝ ပေးထားခြင်းထက် အတွင်းရေးမှူးသုံးဦးက အာဏာများကို ခွဲဝေယူပြီး ဆောင်ရွက်ရန် ဆိုဗီယက်က ဆန္ဒရှိသည်။ အတွင်းရေးမှူးသုံးဦးတို့တွင် ကွန်မြူနစ်အုပ်စုမှ တစ်ယောက်၊ အနောက်အုပ်စုမှ တစ်ယောက်နှင့် ကြားနေနိုင်ငံများ အုပ်စုမှတစ်ယောက်စီ ပါဝင်ခန့်ထားစေရန်လည်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်အုပ်စု၏ အစီအစဉ်ကို လုံးဝမကျေနပ်နိုင်သူမှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးကို ဘာမျှ ပြောင်းလွဲပြင်ဆင်နေရန်မလို၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် တစ်ဦးတည်းသာ ရှိရမည်ဟုသာ အမေရိကန်ပြည်ထောင်စုက ယူဆသည်။

လတ်တလော ကြုံတွေ့နေရသော အရေးအခင်းများကို ကုလသမဂ္ဂ နိုင်ငံပေါင်းစုံ ကိုယ်စားလှယ်များသည် ဟမ်းမားရှိုးလ်အလောင်း မြေမကျခင်ပင် အပူတပြင်း ဆွေးနွေးနေကြရ၏။ ကိုယ်စားလှယ်အများစုက မူလအတိုင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးတည်းသာ ထားရှိရန် ဆန္ဒရှိကြပြီး မိမိတို့အုပ်စုများဖွဲ့၍ မည်သူ့ကို ယင်းရာထူးအတွက် ရွေးချယ်မည်နည်းဟု ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးကြရာတွင် ပထမအုပ်စု၏ ဆွေးနွေးပွဲမှ ပုဂ္ဂိုလ်သုံးဦး ထွက်လာလေသည်။ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က နော်ဝေနိုင်ငံမှ ကုလသမဂ္ဂ အမြဲတမ်းသံအမတ်ကြီး ဆိုးလ်ဘတ်နဲလ်ဆင်ကို ရွေးချယ်သည်။ သူကား သိမ်မွေ့နူးညံ့၍ မိတ်ဆွေအပေါင်းအသင်းများသော မျက်လုံးပြာပိုင်ရှင် တစ်ဦးပေတည်း။

နောက်တစ်ဦးမှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သော မျက်လုံးပြာပိုင်ရှင်၊ မစ္စတာ ဖရက်ဒရစ်ဘိုလန် ဖြစ်သည်။ သူကား အိုင်ယာလန်ပြည်မှ ကုလသမဂ္ဂ အမြဲတမ်းသံအမတ်ကြီးဖြစ်၏။ ကျန်တစ်ဦးမှာကား အလွန်တည်ငြိမ်သော မျက်လုံးညိုပိုင်ရှင် မြန်မာနိုင်ငံမှ ကုလသမဂ္ဂအမြဲတမ်း သံအမတ်ကြီး ဦးသန့် ဖြစ်လေသည်။

နောက်ထပ်၍ ဆွေးနွေးကြသောအဖွဲ့တွင် အထက်ပါလျာထားရွေးချယ်ခြင်းခံရသော ပုဂ္ဂိုလ်သုံးဦးပါဝင်သည့် ကော်မီတီမှာ အကျယ်ပြန့်ဆုံး ဖြစ်နေသည်။ ယင်းကော်မီတီတွင် ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးအပြင် မက်ဆီကို၊ အိန္ဒိယ၊ အာရပ်ပြည်ထောင်စု၊ ဗင်နီဇွဲလား၊ ယူဂိုဆလားဗီးယားနိုင်ငံမှ သံအမတ်ကြီးများ ပါဝင်ကြပြီးလျှင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနေခဲ့သည်။ အထက်ဖော်ပြပါ အဖွဲ့ကြီးနှစ်ဖွဲ့သည် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် စတီဗင်ဆင်၏ ရုံးခန်းတွင် ဆွေးနွေးကြပြီး တချိန်တည်းမှာပင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုနှင့်



ကုလသမဂ္ဂဆိုဗီယက် သံအမတ်ကြီးဇိုရင်တို့ ပါဝင်သော အဖွဲ့ကလည်း ပတ်အဲဗင်းနယူးရိပ်သာရှိ ဆိုဗီယက် သံအမတ်အိမ်၌ ခေါင်းချင်းရိုက် ဆွေးနွေးနေကြပေသည်။

ကွယ်လွန်သူ အမေရိကန် ကုလသမဂ္ဂသံအမတ်ကြီး မစ္စတာစတီဗင်ဆင်က အောက်တိုဘာလဆန်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်ရေးနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ အခြေခံဥပဒေနှင့် ညီညွတ်၍ နိုင်ငံရေး သိက္ခာအပြည့်ရှိပြီး ကုလသမဂ္ဂ၏တာဝန်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည့်သူကို ရွေးချယ်ရန်လိုသည်ဟု ပြောဆိုခဲ့၏။

နောက်ပိုင်းအထိ တစ်ပြေးနေကြသူများထဲတွင် အိုင်ယာလန်ပြည်မှ သံအမတ်ကြီး ဘိုလန်မှာ ထိပ်ဆုံးက ရှိနေပေသည်။ သူကား လောလောဆယ် အနေဖြင့် အထွေထွေညီလာခံ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီးသူဖြစ်၏။ တစ်ပြေးနေသူ နောက်တစ်ဦးကား ကျူနီရှားနိုင်ငံမှ သံအမတ်ကြီး မွန်တီဆလင်း ဖြစ်သည်။ သူသည် ဟမ်းမားရှိုးလ် မကွယ်လွန်မီ ၃၂-နာရီကမှ ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခြင်းခံရသူဖြစ်၏။ အိုင်ယာလန် သံအမတ်ကြီးဘိုလန်က နောက်ထပ်ရွေးကောက်မည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်မှာ ဥရောပတိုက်မှ မဖြစ်သင့်တော့ကြောင်းဖြင့် ကျေညာပြောဆိုပြီး မိမိအမည်ကို တစ်ပေးခံရသူစာရင်းမှ ပယ်ဖျက်စေခဲ့သည်။ ထိုအတွင်း အိုင်ယာလန်မှ ဘိုလန်နှင့် မြန်မာနိုင်ငံမှ ဦးသန့်တို့သည် ဆိုဗီယက်ဝန်ကြီး နိုင်ငံခြားရေးဝန်ကြီး အင်ဒရိဂရိုမီကိုနှင့် တွေ့ဆုံကြသည်။

ဘိုလန်နှင့် ဦးသန့်တို့က ကွန်မြူနစ်အုပ်စု၏ ပြင်ပတွင် ကုလသမဂ္ဂ အတွင်းရေးမှူး သုံးဦးထားရှိရန် အစီအစဉ်ကို မည်သူမျှ သဘောမတူကြကြောင်းဖြင့် ဂရိုမီကို မသိသေးသည့် အခြေအနေအားလုံးကို ရှင်းပြပြောဆိုခဲ့၏။ ဤတွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုက "ဟုတ်ပြီလေ၊ ကျုပ်တို့မှာ အတွင်းရေးမှူးချုပ် တစ်ဦးပဲ ရွေးချယ်ခန့်ထားမယ်၊ ဒါပေမယ့် သူ့ရဲ့ လက်အောက်မှာ ကုလသမဂ္ဂ အတွင်းရေးမှူးသုံးဦး ထပ်မခန့်ထားသင့်ဘူးလား" ဟု ပြန်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုလန်နှင့် ဦးသန့်တို့က မိမိတို့အနေဖြင့် ကုလသမဂ္ဂ အခြေခံဥပဒေစာတန်းကြီးအတိုင်းသာလျှင် ဆက်လက်၍ ဆောင်ရွက်ရန် အလိုရှိကြောင်း ပြတ်သားစွာ ပြောဆိုခဲ့၏။ အခြေခံစာတမ်းကြီး ပြင်ဆင်ရေးဆွဲရန်အတွက် လုံးဝ သဘောမတူနိုင်ကြောင်းကိုလည်း ပြောပြခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ကုလသမဂ္ဂသံအမတ်ကြီး မစ္စတာစတီဗင်ဆင်ကား မြန်မာနိုင်ငံမှ ဦးသန့်ကိုသာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ခန့်ထားရေးအတွက် သဘောအကျဆုံး ဖြစ်နေလေသည်။ စတီဗင်ဆင်က ဦးသန့်မှာ များများနားထောင်၍ စကားနည်းနည်းပြောသူဖြစ်ကြောင်း သိထားသည်။

ဦးသန့်သည် စကားပြောနည်းသလောက် သူပြောလျှင်လည်း ထိထိမိမိရှိသည်။ ထောင့်စေ့အောင် ကြည့်ရှုဝေဖန်၍ ပြောလေ့ရှိသည်။ ဦးသန့်၏ယုံကြည်ချက်မှာကား သမာသမတ်ရှိသော ကမ္ဘာ့အဖွဲ့အစည်းကြီး အဖြစ်ဖြင့် ကုလသမဂ္ဂကြီး တည်တံ့စေရန် ဖြစ်သည်။ ဤအဖွဲ့ကြီး၌ ပါဝင်သော အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအပေါ် ပြတ်ပြတ်သားသား ထောက်ခံပါဝင်နေကြစေရန်လည်း ဖြစ်လေသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ကုလသမဂ္ဂ ယာယီအတွင်းရေးမှူးချုပ်အဖြစ်ဖြင့် မြန်မာနိုင်ငံမှ သံအမတ်ကြီး ဦးသန့်ကို ခန့်ထားရန် အများစုက ဆန္ဒပြုခဲ့ကြတော့သည်။

ဦးသန့်အား အထွေထွေညီလာခံကြီးက ရွေးကောက်ခန့်ထားခြင်း မပြုမီ ၅–ရက်ခန့်က ဦးသန့်က ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားခဲ့ရာတွင် "ကုလသမဂ္ဂရဲ့ ပြဿနာတိုင်းမှာ ကြားနေဆောင်ရွက်နိုင်ဖို့၊ ကုလသမဂ္ဂရဲ့ အမှုထမ်းတစ်ဦးအနေဖြင့် အလွန်ခက်ခဲပါတယ်" ဟု ပြောဆိုခဲ့၏။ ဤတွင် အမေရိကန် သံအမတ်ကြီး စတီဗင်ဆင်က "ဒါဖြင့် ခင်ဗျားဆိုလိုတာက သမာသမတ်ကျတဲ့ ကြားနေရေးရယ်လို့တောင် မရှိတော့ဘူးပေါ့"ဟု မေးလေသည်။ ဦးသန့်က "ဒီလိုလေဗျာ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးဟာ မျက်နှာမလိုက်ဖို့၊ ဘက်မလိုက်ဖို့တော့ လိုအပ်တာပေါ့၊ ဒါပေမယ့် အမြဲတမ်းကြားနေဖို့ကတော့ မလိုအပ်ဘူး၊ ကျွန်တော့်အထင်ကတော့ တရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးလိုပေါ့လေ၊ အဲဒီတရားသူကြီးဟာ ဘယ်တော့မှ



ဘက်မလိုက်ဘူး၊ ဒါပေမယ့် တရားခံနဲ့ တရားလိုကို ခွဲခြား တတ်ရမယ်၊ အပြစ်ကျူးလွန်သူ ဘယ်သူဆိုတာ နားလည်ရမယ်၊ ဒီနေရာမှာ ကြားနေပြီး ဘယ်လိုလုပ် ဆောင်ရွက်နိုင်မလဲ၊ ကုလသမဂ္ဂအတွင်းမှာရော အပြင်မှာပါ ဘက်လိုက်တဲ့သူတွေ ရှိနေတယ်ဗျ"

ယင်းကား ဦးသန့်၏ တိကျပြတ်သားသော ခံယူချက်ဖြစ်၏။ ဦးသန့်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တစ်ဦးအနေဖြင့် အမြဲတမ်း ကြားနေလျှင် ဘာမျှ အောင်မြင်မည် မဟုတ်သည်ကို သိ၏။ ဘက်မလိုက်ဘဲ နေရန် လိုအပ်၏။ သို့သော် မည်သူမှားသည်၊ မည်သူမှန်သည်ကိုကား ထင်ထင်ရှားရှားပင် ဆုံးဖြတ်ပိုင်ခွင့်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တွင် ရှိကြောင်းကို ဦးသန့်သည် ကြိုတင်ထုတ်ဖော်ခဲ့ပေသည်။

ဦးသန့်ဆောင်ရွက်ချက်ကို အမြဲထောက်ခံသူ တစ်ဦးမှာ ကွယ်လွန်သူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒက်ဟမ်းမားရှိုးလ်ပင်တည်း။ မစ္စတာဟမ်းမားရှိုးလ်က ဦးသန့်သည် ကွန်ဂိုဖျန်ဖြေရေး ကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာ၌ လူတော်လူကောင်းတစ်ယောက်ဖြစ်ကြောင်း၊ အိုင်ယာလန်မှ မစ္စတာဘိုလန်ကို ပြောပြ၏။ ဘိုလန်သည် ဦးသန့်အပေါ် ဟမ်းမားရှိုးလ်၏ အမြင်ကို အမေရိကန် သံအမတ်ကြီး စတီဗင်ဆင်ကို ဖောက်သည်ချခဲ့လေသည်။ ယင်းသည်ကား ဦးသန့်အပေါ်တွင် စတီဗင်ဆင် သဘောကျသော အချက်တစ်ချက်တည်း။

ဦးသန့်သည် မိမိကို အများစုက ဆန္ဒပြု၍ အတွင်းရေးမှူးချုပ်နေရာတွင်ခန့်ထားရန် ကြံရွယ်နေပြီကို သိသောအခါ မည်သည့်ကိုယ်စားလှယ်တော်များနှင့်မျှ ဆွေးနွေးတိုင်ပင်ခြင်းမပြုတော့ဘဲ ခပ်ကင်းကင်းနေခဲ့သည်။ မိမိအနေဖြင့် ရာထူးရရှိရန် ကြိုးပမ်းနေသည်ဟု အများအမြင်မမှားစေချင်သောဆန္ဒ ဦးသန့်မှာ ရှိခဲ့ပေသည်။ ကွယ်လွန်သူ မစ္စတာ ဒက်ဟမ်းမားရှိုးလ်ကား ဘာသာစကားအတော်များများ တတ်ကျွမ်းသူဖြစ်၏။ ဦးသန့်ကား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာကိုသာ တတ်ကျွမ်းသူဖြစ်၏။ ဟမ်းမားရှိုးလ်ကား လူပျိုကြီး တစ်ကိုယ်တည်းဖြစ်၍ တစ်နေ့လျှင် ၁၈–နာရီ အလုပ်လုပ်နိုင်သည်။ ဦးသန့်မှာကား အိမ်ထောင်ရှင်ဖြစ်၏။ သို့သော် သူလည်း အလုပ်ကို ပင်ပင်ပန်းပန်း အမြဲတမ်းလုပ်လေ့ရှိသူဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ခံရမည့်ရာထူးမှာ ဂုဏ်သိက္ခာအားဖြင့် အလွန်မြင့်မားသည်ကို ဦးသန့်သိ၏။ မိမိအတွက်သာမဟုတ်၊ မိမိနိုင်ငံအတွက်ပါ ဂုဏ်ယူဖွယ် တာဝန်တစ်ရပ်ဖြစ်မှန်းလည်း နားလည်သည်။ ထို့ပြင် တွေးခေါ်မြော်မြင်မှုနှင့် ပညာသဘောအလွန်ပါသော လုပ်ငန်းတာဝန်ကြီးတစ်ခု ဖြစ်သည်ကိုလည်း ဦးသန့် သတိပြုမိပေသည်။ ကွန်မြူနစ်အုပ်စုဝင် ကုလသမဂ္ဂပုဂ္ဂိုလ်ကြီးများ အနေဖြင့်ကား ဦးသန့်ကိုလည်းကောင်း၊ မြန်မာနိုင်ငံကိုလည်းကောင်း မူလကပင် နားလည်ခဲ့ပြီဖြစ်၏။ မြန်မာသံအမတ်ကြီးသည် ကုလသမဂ္ဂအဖွဲ့ကြီး အတွင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပါဝင်ရေးအတွက် အမြဲတိုက်တွန်း နှိုးဆော်နေခဲ့သည်ကို မေ့၍မဖြစ်။

ဦးသန့်ကို ထိုအချိန်က ဆိုဗီယက်ဝန်ကြီးချုပ်ဖြစ်သော မစ္စတာ နီကီတာခရုရှက်ကိုယ်တိုင်ကပင် ကျေနပ်အားရမှု ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာနေရူးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဦးသျှောင်မင်းသားကြီး နိုရိုဒွန် သီဟာနုတို့ကား ဦးသန့်၏အရည်အချင်းကို ထောက်ခံကြမည့် ကမ္ဘာ့ခေါင်းဆောင်များစာရင်း၌ ထိပ်ဆုံးမှ ပါရှိခဲ့ပေသည်။ ဦးသန့်အနေဖြင့် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ဝင် ကိုယ်စားလှယ်များအားလုံးနှင့် ရင်းနှီးခင်မင်စွာ ရှိခဲ့ခြင်းကပင် သူ့ကို ဤမျှကြီးမားသည့် တာဝန်တစ်ရပ်ကို လက်ခံဆောင်ရွက်ရန် အခြေအနေပေးခဲ့ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးတွင် ဦးသန့်နှင့်မတည့်သူဟူ၍ မရှိ။ ရန်သူလုံးဝမရှိ။ ဦးသန့်၏ ဖော်ရွေခင်မင်တတ်သော အပြုံးများကို ကိုယ်စားလှယ်တိုင်းက နှစ်လိုကြသည်။ ကုလသမဂ္ဂအဖွဲ့ဝင်တစ်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက ဤသို့ပြောဖူးသည်။

**“အစကတော့ ဦးသန့်ကို ထောက်ခံသင့်၊ မခံသင့်ဆိုတာ လုံးဝဝေခွဲလို့မရအောင် ဖြစ်နေခဲ့တယ်ဗျ၊ တစ်နေ့တော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒင်းရပ်ရဲ့ဧည့်ခံပွဲတစ်ခုမှာ ဦးသန့်နဲ့ သွားဆုံမိကြပါရောဗျ၊ အဲဒီမှာ ဦးသန့်နဲ့တွေ့ပြီး စကားပြောရင်းကပဲ ကျွန်တော့်သံသယတွေ၊ မဝေခွဲနိုင်တာတွေ အားလုံးပျောက်သွားတယ်။ သူ့ရုပ်ရည်၊ သူ့စိတ်ဓါတ်၊ သူ့အရည်အချင်းကို ဒီနေ့မှာပဲ သိရှိသွားရပြီးတော့ အတွင်းရေးမှူးချုပ်တာဝန်နဲ့ အသင့်တော်ဆုံးလူဟာ ဦးသန့်ပါပဲလို့ တစ်ခါတည်းဆုံးဖြတ်မိတော့တယ်....”**



ထိုအချိန်အတွင်း၌ပင် အတွင်းရေးမှူးချုပ်၏ လက်အောက်တွင် လက်ထောက်များ မည်မျှခန့်ထားသင့်သည်ဆိုသော ပြဿနာအတွက် ကိုယ်စားလှယ်အချင်းချင်း ငြင်းကြခုန်ကြ ဆွေးနွေးကြနှင့် ရှိနေခဲ့သည်။ ဆိုဗီယက်ယူနီယံ၏ ကိုယ်စားလှယ်အနေဖြင့် သုံးဦးခန့်ထားရေးမူကို စွန့်ပယ်၍ လက်ထောက် သုံးဦးခန့်ထားရန် သဘောထားပြောင်းလွှဲခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် လက်ထောက်များခန့်ထားရာတွင် နိုင်ငံရေးအရ လူမရွေးဘဲ ပထဝီနယ်မြေဒေသအလိုက် ရွေးချယ်လိုသည်။

ထိုသို့ အပြန်အလှန် ဆွေးနွေးကြစဉ်၌ ကွန်ဂိုအခြေအနေမှာ ဆိုးဝါးလာခဲ့ပြန်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကွန်ဂိုအရေးအခင်းကို အရေးတကြီး ကိုင်တွယ်ရန်ရှိသော်လည်း လောလောဆယ်အားဖြင့် အတွင်းရေးမှူး၏ လက်ထောက်များခန့်ထားရေးအတွက်ကိုပင် ဆုံးဖြတ်ညှိနှိုင်းမရသေးပေ။ ယင်းသို့ ကွန်ဂိုပြဿနာအရေးအခင်းကလည်း အရေးကြီး၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရွေးချယ်ခန့်ထားရန်အတွက်လည်း လက်ထောက်များပြဿနာကြောင့် နှောင့်နှေးနေစဉ် အမေရိကန် ကုလသမဂ္ဂသံအမတ်ကြီး မစ္စတာ စတီဗင်ဆင်သည် အကြံတစ်ခုရလာလေသည်။ ယခု အငြင်းပွားနေသည်မှာ ကုလသမဂ္ဂအတွက် အရေးအကြီးဆုံးရာထူးဖြစ်သော အတွင်းရေးမှူးချုပ် ခန့်ထားရေးမဟုတ်ပေ။ အတွင်းရေးမှူးချုပ်အတွက် ဦးသန့်ကိုသာ ခန့်ထားရန် ကိုယ်စားလှယ်များ အားလုံးပင် သဘောတူပြီးဖြစ်သည်။

ဤသို့ဆိုလျှင် လက်ထောက်များခန့်ထားရေးကို ဖယ်ထားပြီး အတွင်းရေးမှူးချုပ် အမြန်ဆုံးခန့်ထားတင်မြှောက်ရန် ဖြစ်ပေသည်။ မစ္စတာ စတီဗင်ဆင်သည် အကျပ်အတည်းမှ လွတ်မြောက်နိုင်မည့်လမ်းကို ချက်ချင်း ဆိုဗီယက်ကိုယ်စားလှယ်ထံ တင်ပြလေသည်။ ယခုအခါ ဦးသန့်ကို အာရှ အာဖရိက ကိုယ်စားလှယ်အားလုံးကပင် ထောက်ခံနေပြီဖြစ်ရာ ဆိုဗီယက် အုပ်စုမှ တစ်စုံတရာ အနှောင့်အယှက်ပေးရန် အခွင့်အရေး နည်းပါးသွားလေ၏။ ထို့ကြောင့်ပင် မစ္စတာစတီဗင်ဆင် တင်ပြသော အကြံအစည်ကို ဆိုဗီ

www.burmeseclassic.com

www.burmeseclassic.com



ယက်က ခြွင်းချက်ဖြင့် လက်ခံလိုက်၏။ ယင်းကား ဦးသန့်ကို ဟမ်းမားရှိုးလ်၏ သက်တမ်းကုန်သည်အထိသာ ယာယီခန့်ထားခြင်းဖြစ်ကြောင်း ဆိုဗီယက်အနေဖြင့် နောက်ထပ် ၅–နှစ်သက်တမ်းအတွက် ဦးသန့်ကိုခန့်ထားရန် ဆန္ဒမရှိသေးကြောင်း ပြန်ကြားခဲ့ခြင်းပင် ဖြစ်သည်။

**သို့သော်…၁၉၆၃–ခုနှစ် ဧပြီလတွင် ဦးသန့်ကို နောက် ၅–နှစ် သက်တမ်းအတွက် အမြဲတမ်းခန့်ထားရန်ရှိသောအခါ ဆိုဗီယက်သည် ကန့်ကွက်ခြင်းမပြုခဲ့ပေ။**

၁၉၆၁–ခုနှစ် နိုဝင်ဘာလ ၁–ရက်နေ့က အမေရိကန်မှ ကုလသမဂ္ဂသံအမတ်ကြီး စတီဗင်ဆင်က ကုလသမဂ္ဂတွင် ပြောဆိုရာ၌ "ကျွန်တော်တို့ အယူအဆကတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ သူ့ရုံးအဖွဲ့အတွက် သူ့သဘောကျ လူဦးရေခန့်ထားနိုင်ခွင့် ရှိတယ်။ အခြေခံစာတမ်းနဲ့အညီ သူ့မှာ လုပ်ဆောင်နိုင်ခွင့်ရှိတယ်။ သူ့လက်ထောက် အကြံပေးအရာရှိတွေ ဘယ်လောက်ပဲ ခန့်ခန့်၊ မခန့်ဘဲနေနေ၊ သူ့သဘောအတိုင်း ဖြစ်သင့်တယ်"ဟု ပါရှိသည်။ စတီဗင်ဆင်က ဆက်လက်၍ "မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန့်မှာ ထူးခြားပြောင်မြောက်တဲ့ အရည်အချင်းနဲ့ သမာသမတ် အကျင့်အမူရှိတာကို တွေ့ရတယ်။ ဆိုဗီယက်ရုရှက သူ့ကိုယာယီခန့်ထားလိုက်တယ် ဆိုပေမယ့် ကျွန်တော်တို့အမြင်မှာတော့ သူ့အရည်အသွေး သူ့ဆောင်ရွက်မှုကို ထောက်ထားပြီး အမြဲတမ်းခန့်ထားသင့်သူ ဖြစ်တယ်"ဟု ပြောဆိုခဲ့လေသည်။

ဤသို့ဖြင့် ဦးသန့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး၌ လုံခြုံရေးကောင်စီမှ ထောက်ခံချက်ဖြင့် အထွေထွေညီလာခံကြီးမှ ခန့်ထားလိုက်တော့သည်။ ဦးသန့်ကား ကမ္ဘာအကြီးမားဆုံး အဖွဲ့အစည်းကြီး၏ ထိပ်ဆုံးရာထူး၌ ခန့်အပ်လိုက်ခြင်းအတွက် ကမ္ဘာတစ်ဝန်းကပင် အံ့သြတုန်လှုပ်သွားကြတော့သည်။ အမှန်ဆိုသော်…မြန်မာနိုင်ငံမှာ ကမ္ဘာတွင် လူဦးရေအလွန်နည်းပြီး အကျယ်အဝန်းအားဖြင့်လည်း သေးငယ်လှပေသည်။ လူသိနည်းလှသော နိုင်ငံကလေးတစ်ခုလည်း ဖြစ်ပါသည်။ သို့ပါလျက် ယခုကဲ့သို့



ထိပ်ဆုံး ကမ္ဘာ့အကျိုးဆောင်ရာထူးကြီး၌ ဦးသန့်ကဲ့သို့သော မြန်မာလူမျိုးတစ်ဦးကို ခန့်ထားပေးခဲ့ရာတွင် သူ၏အရည်အချင်းသည် အဓိကအချက်ကြီး တစ်ချက် ပါဝင်ကြောင်း ငြင်းကွယ်၍မရပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ဦးသန့်သို့ သူတို့အမြင်

ဦးသန့်အား ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ခန့်ထား လိုက်ပြီဆိုသောသတင်းမှာ မြန်မာနိုင်ငံတွင်လည်း အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ပေသည်။ ဦးသန့်ကို ဝန်ကြီးချုပ်၏ အတွင်းဝန်အဖြစ် ခန့်ထားစဉ်က "ဦးသန့်ဟာ ဘီစီအက်စ်မှမအောင်ဘဲနဲ့ အတွင်းဝန်ခန့်ရသလား" ဟု မကျေမနပ် အပြစ်တင်ကြသည်။ မြန်မာနိုင်ငံ ဝန်ထမ်းမအောင်သည်ကို လက်ညှိုးထိုးပြီး အရာရှိအချို့က အတင်းစကားဆိုခဲ့ကြသည်။

သို့သော်..ဦးသန့်သည် မည်မျှအရည်အချင်းပြည့်ဝနေပြီဆိုခြင်းကို လည်းကောင်း၊ ဦးသန့်သည် မည်သည့်ရာထူးမျိုးနှင့်မှ သင့်တော်သည်ဆို ခြင်းကိုလည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ခန့်ထားခံရခြင်းက အဖြေပေးလိုက်ပါသည်။ ပထစအစိုးရလက်မှ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရအဖွဲ့က အာဏာလွှဲပြောင်းမယူမီအချိန်၌ပင် ဝန်ကြီးချုပ်ဦးနုက ဦးသန့်ကို နိုင်ငံတော် ဒုတိယတန်းအမြင့်မားဆုံး ဘွဲ့တံဆိပ် အပ်နှင်းရန် စီစဉ်ခဲ့သေးသည်။ ယင်းဘွဲ့တံဆိပ်မှာ "သတိုးသီရိသုဓမ္မ" ဘွဲ့ပင် ဖြစ်သည်။ သို့သော်...ထိုဘွဲ့ကို ဦးသန့်လက်ခံ၍ မဖြစ်ပေ။ ဦးသန့်နှင့် မြန်မာနိုင်ငံ အစိုးရမှာ တရားဝင်အဆက်အသွယ် ဘာမျှမရှိတော့၊ မြန်မာနိုင်ငံမှ ဆွေမျိုး မိတ်သင်္ဂဟများထံမှ ပေးပို့သောစာများ၊ သတင်းစာ၊ မဂ္ဂဇင်းများကို ဖတ်ရှုရရုံမှအပ ဦးသန့်သည် မြန်မာနိုင်ငံနှင့် နိုင်ငံရေးရာဆက်သွယ်မှု လုံးဝမရှိရ တော့ပေ။

ဦးသန့်ကို ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားရာတွင် ကမ္ဘာတစ်ဝန်းမှဝေဖန်ချက်တွေ သိမ့်သိမ့်တုန်အောင် ထွက်လာခဲ့သည်။ သတင်းစာကြီးများက ခေါင်းကြီးပိုင်းမှနေပြီး ဦးသန့်၏အရည်အချင်း များကို ချီးကျူးရေးသားခဲ့၏။ လက်ရှိ ကမ္ဘာ့ကုလသမဂ္ဂကြီးမှာ အရှေ့နှင့် အနောက်အုပ်စုတို့၏ လွန်ပွဲကြီး၌ အကျပ်အတည်းနှင့် တွေ့နေပေရာ ဦးသန့်သည် ယင်းအကျပ်အတည်းကို ဖြေရှင်းနိုင်စွမ်းမည့် သူရဲကောင်းတစ်ဦး ဖြစ်သည် စသဖြင့် ရေးသားကြသည်။ ထိုသို့ဝေဖန်ချီးကျူးကြသမျှတွင် အောက်ပါသတင်းစာတစ်စောင်၏ ဝေဖန်မှုမှာ ဦးသန့်အတွက် များစွာ ထိရောက်မှုရှိလှသည်။ ယင်းမှာ ဦးသန့်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက် ရွေးချယ်ရန် လျာထားခဲ့စဉ်ကပင် ဗြိတိန်နိုင်ငံ ဂါဒီယန် သတင်းစာကြီးက ဝေဖန်ရေးသားခဲ့ခြင်းဖြစ်လေသည်။ သတင်းဝေဖန်ချက်မှာ အောက်ပါအတိုင်းဖြစ်၏။

### ဗုဒ္ဓဘာသာနှင့် ဦးသန့်
### (လန်ဒန် အောက်တိုဘာ ၁၉ ရိုက်တာ)

ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့် ကိုးကွယ်ယုံကြည်သော ဘာသာဖြစ်သည့် ဗုဒ္ဓဘာသာသည်ပင် ဦးသန့်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ခန့်သင့်ကြောင်း၊ တန်ဖိုးမဖြတ်နိုင်သော အထောက်အကူဖြစ်နေပြီဖြစ်သဖြင့် ဂါဒီယန် သတင်းစာကြီးက ယနေ့ခေါင်းကြီးပိုင်းမှ ဝေဖန် ရေးသားလိုက်သည်။ ယင်းသတင်းစာကြီးက ဆက်လက် ရေးသားရာတွင် ဗုဒ္ဓဘာသာဝင်များမှာ သမစိတ္တရှိကြ၍ အလယ် အလတ်လမ်းစဉ်ကို လက်ကိုင်ထားပြီး အမြတ်ဆုံးတရားကို ရှာဖွေနေသူများဖြစ်သည် စသဖြင့် ပါရှိသည်။

ထိုသို့ ရည်ရွယ်ရင်းရှိကြသော လူမျိုးများမှာ အဂတိ တရားမလိုက်စားဘဲ သမစိတ္တ မျှတစွာ ထားရှိတတ်သော သဘောရှိသူများဖြစ်သည်။ ဦးသန့်ကိုကြည့်ပါလျှင် သူယုံကြည် လက်ခံသော ဘာသာတရားကြောင့်ပင် ကုလသမဂ္ဂ၏ တာဝန် ကြီးများကို ထမ်းဆောင်ရန် သင့်တော်သူတစ်ဦးဖြစ်ကြောင်း ထင်ရှားနေသည် စသဖြင့် အဆိုပါ ဂါဒီယန်းသတင်းစာ ကြီးက ဆက်လက်ဝေဖန် ရေးသားထားပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါသတင်းနှင့် ဆင်တူယိုးမှားပင် ကမ္ဘာ့သတင်းစာအများအပြားက ဦးသန့်ကိုချီးကျူးကြသည်။ မြန်မာသတင်းစာ ဂျာနယ်မဂ္ဂဇင်း အများကလည်း ဦးသန့်ကို သတင်းဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဂုဏ်ပြုချီးကျူးကြသည်။ ဦးသန့်ကိုချီးကျူးကြသော ဆောင်းပါးများ၊ ဝေဖန်ချက်များမှာ များပြားလှပေရာ အားလုံးကိုဖော်ပြခြင်းငှာ မစွမ်းနိုင်ပေ။ ယင်းဆောင်းပါးဝေဖန်ချက်များအကြားမှ ဦးသန့်ကို ရှုထောင့်တစ်မျိုးမှမြင်ထားသော ၁၉၆၁–ခု၊ ဒီဇင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းမှ ဦးအုန်းမြင့် (ဒို့ရှမ်းပြည်)၏ဆောင်းပါးကို ထုတ်နုတ်၍ တင်ပြအပ်ပါသည်။ ဦးအုန်းမြင့်မှာ ဦးသန့်နှင့် အလွန်ရင်းနှီးကျွမ်းဝင်သူမဟုတ်ပေ။ သို့သော် ဦးသန့်ကို မြင်သော သူ့အယူအဆမှာ အလွန်မှတ်သားဖွယ်ကောင်းသည်၊ နည်းယူဖွယ်လည်းကောင်းလှပေသည်။

## ကုလသမဂ္ဂအတွင်းဝန်ချုပ် ဦးသန့်နှင့် သာရဏီယတရား ၆ပါး

### ရေးသူ–ဦးအုန်းမြင့် (ဒို့ရှမ်းပြည်)

ဦးသန့်အား ကုလသမဂ္ဂအတွင်းဝန်ချုပ် ခန့်လိုက်ပြီဟူသောသတင်းကို ကြားရသည့်အချိန်မှစ၍ ကျွန်တော့်အဖို့ "သာရဏီယ"ဟူသော စကားလုံးများကို အများဆုံး သုံးစွဲနေမိတော့သည်။ ဦးသန့် ကုလသမဂ္ဂအတွင်းဝန်ချုပ်ဖြစ်ခြင်းနှင့် သာရဏီယဟူသော စကားလုံးကို အများဆုံးသုံးခွင့်သည် ဘယ်သို့သက်ဆိုင်ပါသနည်းဟု မေးဖွယ်ရှိ၏။

ကုလသမဂ္ဂအတွင်းဝန်ချုပ် ရာထူးဌာနန္တရမျိုးတို့မှာ သိန်းသန်းကုဋေ မတွက်ရေနိုင်သော သာမန်လူတန်းစားတို့အတွက် အိပ်မက်မျှ မမက်နိုင်စရာကောင်းသော ဌာနန္တရမျိုးဖြစ်၏။ အာဏာတန်ခိုး အစိုးရခြင်းကိုအပထား၍ ထင်ရှားကျော်စောခြင်းတည်းဟူသော ပါကဋဂုဏ်မှာ လူ့ဘုံလောက၌ ကမ္ဘာ့သူကမ္ဘာ့သားတို့ တင်မြှောက်ကြသည့် ရှေးသမ္မတမင်းနီးနီးမျှပင်ရှိသည်ဟု ဆိုရပေမည်။ သမ္မတကနေဒီ၏အမည်နာမသည် မည်မျှကျော်စောလေသနည်း။ ကရုရှက်၏အမည်နာမသည် မည်မျှကျော်စေလေသနည်း။

ထိုမျှလောက် ကျော်စောသော အမည်အပေါင်းတို့၏အကြားမှ ထူးထူးခြားခြား ထိုးဖောက်လွှမ်းမိုး၍ ဆတက်ထမ်းပိုး ကျော်စောတော့မည်မှာ ဦးသန့်အမည်သာဖြစ်ပေလိမ့်မည်။ လစာရိက္ခာ ပမာဏအားဖြင့်ဆိုလျှင်လည်း *သန်း၂၀–မျှရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားတို့၏ အကြား၌ နားမှလေသံမခံနိုင်ခဲ့ဖူးသော လစာရိက္ခာမျိုးဖြစ်နေ၏။

ကမ္ဘာနှင့်ချီ၍တွက်သည့်တိုင်အောင် သူ့ထက်ကြီးသော လစာရိက္ခာမှာ သမ္မတကနေဒီတစ်ဦးသာ ရှိနိုင်ပေမည်။ ဤသို့ ရတောင့်ရခဲသော ရာထူးဌာနန္တရကို ဦးသန့်ရသည်မှာ သာမန်အရည်အချင်း ထူးခြားရုံနှင့် မရနိုင်ပေ။ ကောန်ဇကေ ထူးခြားသော ဝိသေသဂုဏ်ကြောင့်သာ ရရှိခြင်းဖြစ်သည်။ အဘယ်သို့ ထူးခြားသော အရည်အချင်းရှိလေသနည်း။ "ဦးသန့်ဟာ အင်္ဂလိပ်စာ–အင်္ဂလိပ်စကားမှာတော့ တကယ့်ကို တော်တာပဲ"ဟု အချို့က ဆို၏။

အချို့က "အကြားအမြင် အသိပညာလဲ အတော်ကျယ်တဲ့ လူပေပဲ"ဟု ပြော၏။ အချို့ကလည်း ဦးသန့်၏ လုံ့လဝီရိယဖွဲ့ကောင်းခြင်းကို ချီးကျူးကြ၏။ နိုင်ငံရေးအမြင်ဖြင့်ကြည့်သူတို့ကလည်း "ဦးသန့် အတွင်းဝန်ချုပ်အဖြစ် အရွေးခံရတာဟာ မြန်မာနိုင်ငံက ကြားနေနိုင်ငံလုပ်နေခဲ့တဲ့ အကျိုးကျေးဇူးကြောင့်ပေါ့"ဟု ဆိုကြ၏။ သူတို့အဆိုများကား မမှားပါချေ။ များစွာပင် မှန်လှပါပေ၏။ သို့သော် ဦးသန့်၏ ဝိသေသဂုဏ်ကို ခြုံမိအောင် ဖော်ရာရောက်ပါ၏လော။

---

* ယခု ၃၀သန်း



www.burmeseclassic.com

www.burmeseclassic.com



ဓွဲ၊ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာ အရည်အချင်း အမျိုးမျိုးနှင့် မိုးပျံအောင်တော်သူဖြစ်ပါစေ၊ ကမ္ဘာ့ခေါင်းဆောင်တွေ၏ မျက်စိအမြင်၌ ခင်မင်စရာပုဂ္ဂိုလ်တစ်ယောက်သာ မဖြစ်ပါက နှစ်လိုလေးစားခြင်းကို အသို့လျှင် ခံယူနိုင်ပါမည်နည်း။

နှစ်လိုလေးစားခြင်းကို မခံရလျှင် အများမျက်စိကျခြင်းကိုလည်း အဘယ်မှာခံရပါမည်နည်း။ ကြားနေနိုင်ငံမှ ကိုယ်စားလှယ်တစ်ယောက်ဖြစ်သောကြောင့်ဟု ဆိုရအောင်ကလည်း ဦးသန့်လောက် ပညာတော်သူ၊ ကြားနေနိုင်ငံမှ လူများမှာ ကမ္ဘာ့ကိုယ်စားလှယ်ဗိုလ်ပုံ၌ တပြုံကြီး တခေါင်းကြီး ရှိပေမည်။ ဓွဲလုံ့လ ဝီရိယထက် ဉာဏ်ပညာတော်ပါသည် ဆိုရရုံသက်သက်ဖြင့် ကမ္ဘာ့စင်ထက်သို့ ကောက်တင်ခြင်းခံရဘို့ မလွယ်ချေ။ ဤနည်းဖြင့် တော်သူများမှာ အခြားသော လူမျိုးခေါင်းဆောင်တို့အနက်မှလည်း ရာနှင့်ချီ၍ ထွက်နိုင်လောက်ပေသည်။

တကယ်ထူးခြားသော အရည်အချင်းကား အဘယ်နည်း။ တကယ်ထူးခြားသော ဦးသန့်၏ အရည်အချင်းမှာ သူတကာတို့၏ များစွာနှစ်လို ကြည်ညိုခင်မင်စေနိုင်သော သွင်ပြင်အမူ ရှိခြင်းသာဖြစ်၏။

၁။ ချစ်ခင်နှစ်လိုဖွယ် ကိုယ်အမူအရာရှိခြင်း။

၂။ ချစ်ခင်နှစ်လိုဖွယ် နှုတ်အမူအရာရှိခြင်း။

၃။ ချစ်ခင်နှစ်လိုဖွယ် စိတ်အမူအရာရှိခြင်း။

၄။ ချစ်ခင်နှစ်လိုဖွယ် မျှတဝေဖန်မှုရှိခြင်း။

၅။ ချစ်ခင်နှစ်လိုဖွယ် ကိုယ်ကျင့်ရှိခြင်း။

၆။ ချစ်ခင်နှစ်လိုဖွယ် လိုက်လျောတတ်ခြင်း။

တည်းဟူသော သာရဏီယတရား ၆-ပါးအနက် အများဆုံးပြည့်စုံသူတစ်ဦးဖြစ်ပေသည်။ "မင်းက ဦးသန့်ကို ဘယ်လောက်



များ သိသလဲ...."ဟု မေးမြန်းဖွယ်ရှိ၏။ ကျွန်တော် သိပ်မသိခဲ့ပါ။ မသိပါဘူး။ သို့သော် သိဖူးသမျှ အကဲရသည်ကို ရေးနေခြင်းဖြစ်ပါ၏။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်စ၊ ဂျပန်စစ်ထဲမဝင်မီ သုံးလ၊ ကျွန်တော် ဟံသာဝတီဂျာနယ်၌ အယ်ဒီတာလုပ်နေစဉ်က ဖြစ်၏။

ဦးသန့်သည် ကျွန်တော့်ထံသို့ ဟံသာဝတီဂျာနယ်အခန်းကဏ္ဍအထားအသိုနှင့်ပတ်သက်၍ အကြံပေးချက်ပါသော စာတစ်စောင်ရေးဖူး၏။ လူချင်းသိ၍မဟုတ်၊ အယ်ဒီတာအနေဖြင့် ရေးခြင်းဖြစ်၏။ ကျွန်တော်က ကျေးဇူးတင်ကြောင်း စာပြန်၏။ ပထမဆုံး ဦးသန့်ဆိုသူနှင့် လူချင်းတွေ့ဖူးသော ကာလမှာ ဂျပန်ခေတ်အတွင်းကမှဖြစ်၏။ နေရာကား ဝါဒဖြန့်ချိရေးဌာန ညွှန်ကြားရေးဝန် ဦးလှဖေ၏ ရုံးခန်းတွင် ဖြစ်ပေသည်။

ကျွန်တော်သည် ကိစ္စတစ်ခုနှင့် ထိုရုံးခန်းသို့ရောက်သွားရာ ဦးလှဖေက သူ့၏ရှေ့တွင်ထိုင်နေသော ဦးကျော်ငြိမ်းသို့ "ဒို့ရှမ်းပြည်စာအုပ်ရေးတဲ့ ကိုအုန်းမြင့်ဆိုတာ သူပဲပေါ့" ဟု မိတ်ဆက်တင်ပြပေး၏။ ဦးကျော်ငြိမ်းက ဘာမျှမပြောရသေးမီ ကုလားထိုင်တစ်လုံးခြားတွင် ထိုင်နေသော လူရည်သန့်တစ်ယောက်က "ဩော်...ဟုတ်လား၊ ဦးအုန်းမြင့်နှင့် တွေ့ချင်နေတာ အတော်ပဲ"ဟု ဆို၍ မိတ်ဆက်စကားစတင်ပြောကြားလေတော့သည်။ ထိုကုလားထိုင် တစ်လုံးခြားထိုင်နေသူကား အခြားသူမဟုတ်၊ ဦးသန့်ပင်တည်း။ ထို့နောက်ကား ဦးသန့်နှင့် ရံဖန်ရံခါဆုံသော်လည်း စကားသုံးခွန်းပြည့်အောင် ပြောခွင့်မကြုံရတော့ပေ။

သို့သော် ဦးသန့်သည် ကျွန်တော့်အား မြင်ရာက ဦးအောင်နှုတ်ဆက်သူဖြစ်လာ၏။ စကားမပြောသာသည့်အဆုံး ပြုံး၍ဖြစ်စေ၊ ဦးခေါင်းညိတ်၍ဖြစ်စေ နှုတ်ဆက်သွားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအခါကတည်းကစ၍ ကျွန်တော့်အမြင်၌ ဦးသန့်ဆိုသူမှာ ရည်မွန်ပြေပြစ်၍ နှစ်လိုချစ်ခင်ဖွယ်လူတစ်ယောက်ပါတကား ဟု အမှတ်ထားခဲ့ပေတော့သည်။

ကုလသမဂ္ဂအတွင်းဝန်ချုပ်ရာထူးအတွက် ဦးသန့် နာမည်ထွက်လာသောအခါတွင်မူ ကျွန်တော့်စိတ်ထဲ၌ "သာရဏီယတရား ၆-ပါးနှင့် ထင်ထင်ရှားရှား ပြည့်စုံသူဟာ ဘယ်နေရာမဆို မျက်စိကျလောက်ပါပေတယ်"ဟု မှတ်ချက်ချလိုက်မိသည်။

ရွေးကောက်ခြင်းခံရပြီဟု ကြားရသည့်နောက်တွင်ကား ဦးသန့်အရည်အချင်းနှင့်ပတ်သက်၍ ဆက်စပ်ပြောဆိုလေမိသမျှသော ကျွန်တော်၏စကားတို့မှာ "သာရဏီယ"ဟူသော စကားလုံးကို အများဆုံး ထည့်သွင်းပြောဆိုနေမိတော့သည်။

ဦးအုန်းမြင့် (ဒို့ရှမ်းပြည်)

* * *

ဦးသန့်အား ကုလသမဂ္ဂအဖွဲ့ကြီးတွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခြင်းခံရပြီးသည့်နောက် မြန်မာနိုင်ငံ၌ကျင်းပသမျှသော လူမှုရေး အစည်းအဝေးများတွင် ဦးသန့်မှာ နမူနာစံပြထားစရာ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်ကြောင်း၊ ဦးသန့်ကဲ့သို့ ထူးချွန်သော မြန်မာနိုင်ငံသားယခင်က မရှိခဲ့ဖူးကြောင်း၊ ဦးသန့်လောက် မထူးချွန်နိုင်စေကာမူ သူ၏အကျင့်သိက္ခာ သမာဓိပညာတို့ကို နည်းယူ၍ ကြိုးစားသင့်ကြောင်းဖြင့် ပြောဆို ဆွေးနွေးခဲ့ကြသည်ချည်းဖြစ်လေသည်။

## နွားလားဥသဘ

ဦးသန့်၏ မိတ်ဆွေငယ်ပေါင်း သူငယ်ချင်းဟောင်းဖြစ်သူ ဝန်ကြီးချုပ်ဟောင်း ဦးနုက ၁၉၆၁-ခု၊ နိုဝင်ဘာလ ၅-ရက်နေ့၊ ပြည်ထောင်စုကလပ်၌ကျင်းပသော မြို့မကျောင်းသူကျောင်းသားဟောင်းများ၏ သက်ကြီးပူဇော်ကန်တော့ပွဲတွင် အောက်ပါအတိုင်းပြောကြားခဲ့သည်။



"ဒီနေ့ ကျွန်တော်တို့ စံနမူနာပြုကြရမှာကတော့ မကြာမီက ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားခြင်းခံရတဲ့ မြန်မာနိုင်ငံမှ ဦးသန့်ပါပဲ။ ဦးသန့်ဟာ ဘာနဲ့တူသလဲဆိုရင် မြန်မာနိုင်ငံတည်းဟူသော နွားတင်းကုတ်မှ ထွက်သွားတဲ့ နွားလားဥသဘနဲ့ တူပါတယ်။ ဝန်ကြီးချုပ်တစ်ယောက်ဖြစ်ဖို့ အလွန်လွယ်ကူပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆိုတဲ့ ရာထူးကြီးကိုရဖို့ဟာ အလွန်ခက်ခဲပါတယ်။ တစ်ကမ္ဘာလုံးက ဦးသန့်ကိုကြည်ညိုပြီး ပြဿနာတိုင်းကို သည်းခံစိတ်ရှည်စွာဖြေရှင်းတတ်သူလို့ ဦးသန့်ကို သိထားကြတယ်။ ဦးသန့်ဟာ အိုင်အေစာမေးပွဲသာအောင်ပါတယ်။ ဒါပေမယ့် ဦးသန့်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကြီးမှာ ခန့်လိုက်ခြင်းအားဖြင့် အိုင်အေမကပါဘူး။ အမ်အေအောင်သူတွေထက်ပင် တော်သူဖြစ်ကြောင်းသိကြရပါပြီ။ ဦးသန့်ဟာ အလွန်ရိုးသားဖြောင့်မတ်သူတစ်ယောက်ဖြစ်ပြီး ဗုဒ္ဓဘာသာကိုလည်း အလွန်ရိုသေကိုင်းရှိုင်းသူဖြစ်ပါတယ်"

ဦးသန့်ကို ချီးကျူးရေးသားကြသူများထဲတွင် နာမည်ကျော် နယူးစ်ဝိမဂ္ဂဇင်းကြီးမှ ၁၉၆၂-ခု၊ ဇန်နဝါရီလ ၂၉-ရက်နေ့ထုတ် စာစောင်တွင် ဖော်ပြထားချက်အချို့ကိုလည်း ကောက်နုတ်၍ ဖော်ပြလိုက်ရပါသည်။ ယင်း မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် ဦးသန့်၏ ခေါင်းပိုင်းဓာတ်ပုံကြီးကို မျက်နှာပြည့်နီးနီးပင် ဖော်ပြထားပြီးနောက်မှ နိုင်ငံစုံ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်များက လက်ညှိုးထောင်၍ တစ်ခဲနက်ထောက်ခံ ဆန္ဒပေးကြပုံ ပါရှိလေသည်။ ယင်းမဂ္ဂဇင်း၏အတွင်း၌ကား ဦးသန့်အား ကမ္ဘာ့ကုလသမဂ္ဂတွင် မြင်တွေ့ကြုံဆုံရသည့်အခိုက် ရှုထောင့်တစ်နေရာမှ ဝေဖန်တင်ပြရေးသားထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့လူထုအကျိုးဆောင် နံပတ် ၁–ဦးသန့်

ဒက်ဟမ်းမားရှိုးလ်ကွယ်လွန်သောအခါ ကုလသမဂ္ဂ၌ ဥရောပတိုက်မှ အသားဖြူလူမျိုးတစ်ယောက်ကို နောက်ထပ် အတွင်းရေးမှူးချုပ်အဖြစ် မရွေးချယ်လိုတော့ဟု ကုလသမဂ္ဂ ကိုယ်စားလှယ်အတော်များများကပင် ဆုံးဖြတ်မိကြသည်။ ဤ တွင် ကုလသမဂ္ဂရှိ နိုင်ငံတကာမှ ကိုယ်စားလှယ်အပေါင်း သည် အာရှတိုက်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ ဦးသန့် ကို မျက်စိကျစပြုလာလေတော့သည်။ ဦးသန့်ကို လူတိုင်းပင် ချစ်ကြ၊ ခင်ကြ၊ ကြည်ညိုကြပေသည်။ ဦးသန့်မှာ ကိုယ်ဟန် သွယ်လျပြီး လပြည့်ဝန်းကဲ့သို့ မျက်နှာရှိသူဖြစ်သည်။ သူသည် ကုလသမဂ္ဂသို့ ၁၉၅၇–ခုနှစ်ကမှ ရောက်လာခဲ့၏။

သူ၏အမည်အသံထွက် ဦးသန့်ကို ဗြိတိန်က ကုလ သမဂ္ဂသံအမတ်ကြီးမှာ မခေါ်တတ်၍ တော်တော်အခက်တွေ့ ခဲ့ရသေးသည်။ ဦးသန့်ကား လူတိုင်း၏ခင်မင်ခြင်းကို ခံရသူ ဖြစ်၏။ သူနှင့် တွေ့ဆုံစကားပြောရန် လူတိုင်းကလိုလား သည်။ သူ့ကို ၁၉၀၉–ခုနှစ်တွင် ပန်းတနော်မြို့၌ မွေးဖွားခဲ့ သည်။ ရန်ကုန်တက္ကသိုလ်တွင် ဦးသန့်ပညာသင်ကြားခဲ့ရ၏။ ထိုစဉ်က ဦးသန့်၏ကျောင်းနေဖက်တစ်ဦးမှာ နောင်အခါ၌ မြန်မာနိုင်ငံဝန်ကြီးချုပ်ဖြစ်လာမည့် ဦးနုပင်ဖြစ်၏။

သတင်းစာဆရာတစ်ဦးဖြစ်ရန် မျှော်လင့်ချက်ဖြင့် ဦးသန့်သည် ရန်ကုန်ထုတ် သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများ၌ မိမိ၏ ထင်မြင်ယူဆချက်များကို စာပေဆောင်းပါးများ ရေး သားခဲ့၍ လန်ဒန်တိုင်းသတင်းစာ၌ပင် မကြာခဏ ဆောင်းပါး ရေးခဲ့သည်။ ၁၉၄၇–ခုနှစ်သို့ ရောက်သောအခါ၌ ဦးနုက ကျောင်းနေဖက် ဦးသန့်အား အစိုးရပြန်ကြားရေးဌာနတွင် ရာထူးယူရန် တိုက်တွန်း၍လက်ခံခဲ့သည်။ ၁၉၅၇–ခုနှစ်သို့



ရောက်သောအခါတွင် ဦးသန့်ကို ဦးနုက ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်လေ၏။

ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂတွင် မိတ်ဆွေအပေါင်း အသင်း အလွန်များ၍ သူ၏အရည်အချင်းကို သိရှိခဲ့ကြရ သဖြင့် နောက်ဆုံး၌ အမေရိကန်သံအမတ်ကြီး အက်ဒလေ စတီဗင်ဆင်နှင့် ဆိုဗီယက် ရုရှသံအမတ်ကြီး ဗလာရီယန် အေဇိုရင်တို့သည် ဦးသန့်အား ကွယ်လွန်သူ မစ္စတာဟမ်းမား ရှိုးလ်၏နေရာတွင် ခန့်ထားရန် သဘောတူခဲ့ကြရတော့၏။ မူလတွင် ဦးသန့်၏ လက်ထောက်အတွင်းရေးမှူး မည်မျှ ခန့်ထားရေးပြဿနာကို ကုလသမဂ္ဂတွင် အမေရိကန်နှင့် ဆိုဗီယက်ကိုယ်စားလှယ်တို့ အတော်ပင်ငြင်းခုန် ဆွေးနွေးခဲ့ ကြရ၏။ ဦးသန့်က လက်ဝဲလက်ျာအုပ်စုများအား မိမိကို လွတ်လပ်စွာဖြင့် ဆောင်ရွက်နိုင်ခွင့်ပေးရန် တောင်းဆိုခဲ့သည်။

ဤတွင် အမေရိကန် ကုလသမဂ္ဂ သံအမတ်ကြီး မစ္စတာစတီဗင်ဆင်က ဦးသန့်သဘောဆန္ဒအတိုင်း လက်ထောက် အတွင်းရေးမှူးများ ခန့်ထားစေရန် ထောက်ခံအကြံပေးခဲ့ပေ သည်။ ယင်းအစီအစဉ်ကို ဆိုဗီယက်ရုရှမှလည်း လက်ခံခဲ့ရ တော့သည်။ ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးကြီးကို ၁၉၆၁–ခု၊ နိုဝင်ဘာလ ၃–ရက်နေ့တွင် လက်ခံ ခဲ့ပြီးနောက် သိပ်ပြီး ပျာယာခတ်သည့် အမူအရာများ မတွေ့ ရပေ။ သူသည် ကမ္ဘာ့ကုလသမဂ္ဂ မြန်မာပြည်ဆိုင်ရာ ကိုယ် စားလှယ်အဖွဲ့ရုံးခန်းမှ ၃၈–ထပ်ရှိ အတွင်းရေးမှူးချုပ် ရုံးခန်းသို့ ခပ်အေးအေးပင် ပြောင်းလာသည်။

ကွယ်လွန်သူ ဟမ်းမားရှိုးလ်၏ ခြေထောက်သေးသေး နှင့် ဆွီဒင်စားပွဲမှာပင် နေရာယူသည်။ ရုံးခန်းတွင်း အပြင် အဆင်များကို ပြောင်းလဲခြင်းမလုပ်ရန် ဦးသန့်က အမိန့်ပေး ထား၏။ အိန္ဒိယမှ ဗိုလ်ချုပ်ကြီး ရိုက်ယေး ရေးဆွဲထားသော

www.burmeseclassic.com

www.burmeseclassic.com



ကွန်ဂိုတိုက်ပွဲအခြေအနေပြမြေပုံမှာ မူလနေရာ၌ပင် ထားရ၏။ ကုလသမဂ္ဂဌာနချုပ်တွင် ညစာစားရန်ရှိသောအခါ ဦးသန့်သည် ကိုယ်စားလှယ်ကြီးများ၏ ညစာစားပွဲခန်းမထဲရှိ မြောက်ဘက်ပြတင်းအနီးမှ စားပွဲနံပါတ် ၃ ကိုပင် ရွေးချယ်ထိုင်လေ့ရှိ၏။

ယင်းစားပွဲကား ကွယ်လွန်သူ မစ္စတာဟမ်းမားရှိုးလ်အတွက် အထူးသီးသန့်ထားသော စားပွဲပင်တည်း။ အပြောင်းအလဲများမလုပ်ဟုဆိုသော်လည်း တစ်ခုတော့ ပြောင်းလဲသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဖြစ်လာသောအခါ ဦးသန့်အား မစ္စတာဟမ်းမားရှိုးလ်နေခဲ့သော နယူးယောက်မြို့တော် ဘရွှစတားမှ ကေရှစ်ဆယ်ကျယ်သော သီးသန့်ခြံဝင်းကျယ်ကြီးနှင့်အိမ်တွင် ပြောင်းရွှေ့နေပါမည်လားဟု မေးခဲ့သည်။

ဦးသန့်သည် ယင်းခြံကြီးသို့ ကားဖြင့်လာရောက်ကြည့်ရှုပြီးလျှင် ဤခြံကြီး၌မနေချင်ဟု အဖြေပေးသည်။ ဦးသန့်က "ဒီမှာနေရတာ သိပ်ပြီးဝေးတယ်။ ပြီးတော့ ငွေကုန်လဲအလွန်များမယ်"ဟု ဆိုသည်။ "ကျွန်တော်က ကုလသမဂ္ဂရုံးကို တစ်နာရီခွဲလောက်သာ ကားမောင်းသွားလို့ရတဲ့ နေရာမှာပဲ နေချင်တယ်"ဟုလည်း ဦးသန့်ကဆက်ပြော၏။ ဦးသန့်၏ ကိုယ်ပိုင်လုပ်ငန်းခွင်မှာကား ဘာမျှမပြောင်းလဲခဲ့ပါချေ။ သူသည် နံနက် ၇-၃၀တွင် အမြဲတမ်း အိပ်ရာမှထလေ့ရှိသည်။ သူ၏ ပထမအိမ်မှာ နယူးယောက်မြို့ မင်ဟတ်တန်ရပ်ကွက်၊ အရှေ့ ၇၂-လမ်းရှိ အဆောက်အဦကြီးမှ ပဥ္စမထပ်ဖြစ်လေသည်။

ဦးသန့်၏ အိပ်ခန်းစောင့်လုလင်က "သူ့ကို အိမ်ငှားထားရတာ အိမ်ရှင်က သိပ်သဘောကျ ကျေနပ်တယ်ဗျ"ဟု ပြောသည်။ သူသည် သေသပ်ကျနသော နက်ပြာရောင် ဝတ်စုံကို ဝတ်ဆင်၍ သူ၏ဇနီးဖြစ်သူ ဒေါ်သိန်းတင်၊ သမီးဖြစ်သူ အိမ်ထောင်ရှင် အသက် ၂၀-ရှိယ် အေးအေးသန့်တို့နှင့် နံနက်စာစားသည်။



၉-နာရီ ၁၀-မိနစ်တွင် ဦးသန့်သည် ကုလသမဂ္ဂမှ ပေးထားသောကားဖြင့် ကုလသမဂ္ဂ အဖွဲ့ရုံးချုပ်သို့သွား၏။ တစ်ချိန်တည်းမှာပင် သမီး အေးအေးသန့်သည် အခြားကားတစ်စီးဖြင့် နယူးယောက်မြို့တော် ဟန်းတားကောလိပ်သို့ ကျောင်းတက်ရန် ထွက်ခွာသွားလေသည်။ ကွန်ဂိုအရေးအခင်းလှုပ်ရှားနေ၍ ကတန်ဂါးတွင် တိုက်ပွဲဖြစ်နေသောအချိန်က ဦးသန့်သည် ညဥ့်သန်းခေါင်ထိပင် ကုလသမဂ္ဂရုံးချုပ်တွင် ရှိနေတတ်လေသည်။ သို့သော် အများအားဖြင့်မူကား ညစာမီအောင် အိမ်သို့ပြန်လေ့ရှိသည်။ ဦးသန့်၏ ညစာမှာ ထမင်းဟင်းပင်ဖြစ်သည်။ သူသည် မြန်မာအစားအစာကို အလွန်နှစ်သက်လေသည်။ ညစာထမင်းစားပြီးသောအခါ သူသည် စာဖတ်လေ့ရှိပေသည်။ ထို့နောက် သူသည် တယ်လီဗီးရှင်းကြည့်နေတတ်၏။ ဦးသန့်သည် တယ်လီဗီးရှင်းမှ လက်ဝှေ့ထိုးပွဲများကိုကြည့်ရန် အလွန်ဝါသနာထုံပေသည်။

ကုလသမဂ္ဂတွင် သုံးလကြာမျှ အမှုထမ်းသက် ရလာသောအခါတွင် ဦးသန့်သည် လက်ဟောင်း ကုလသမဂ္ဂအမှုထမ်းကြီးတစ်ဦးကဲ့သို့ နေသားကျလာလေသည်။ အရာရာကို သိမြင်ကျွမ်းကျင်လျက်ရှိလေပြီ။ သူသည် ဒတ်ချ်နှင့် အင်ဒိုနီးရှားကိုယ်စားလှယ်များကို တွေ့ဆုံပြီး အနောက်နယူးဂီနီ အရေးအခင်းနှင့်ပတ်သက်၍ နောက်ထပ် ကိုလိုနီစစ်ပွဲများ မဖန်တီးကြရန် သတိပေးပြောဆိုခဲ့၏။

သူသည် ပါကစ္စတန်ပြည်မှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးနှင့် တွေ့ဆုံ၏။ သံအမတ်ကြီးက ဦးသန့်ကို ကက်ရှမီးပြဿနာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဦးသန့်က အိန္ဒိယဝန်ကြီးချုပ် နေရူးနှင့် ပါကစ္စတန် သမ္မတကြီး မိုဟာမက်အယွတ်ခန်တို့ ဆန္ဒရှိပါက ကုလသမဂ္ဂမှ ကြားဝင်ဖျန်ဖြေပေးလိုသည်ဟု ပြောပြခဲ့၏။ ဦးသန့်၏ ရုံးတာဝန်မှာ

www.burmeseclassic.com

www.burmeseclassic.com



နာရီမလပ်ဆက်၍ နေပေသည်။ နံနက်တွင် ကွန်ဂိုအရေးအခင်းအတွက် သူ၏အရာရှိများနှင့် အစည်းအဝေးလုပ်၍ နေ့လယ်၌ အင်ဂိုလာပြဿနာအတွက် ဆွေးနွေးနေသော အထွေထွေညီလာခံသို့ တက်ရသည်။ ညနေပိုင်းမှာ ပေါလ်ဟော့ဖ်မင်း၏ ကြက်မြီးပါတီသို့ တက်ရ၏။

ထိုပုဂ္ဂိုလ်မှာ ယခင်တလောကမှ ကုလသမဂ္ဂ စီးပွားရေးပေါ်လစီအဖွဲ့၌ အကြီးအကဲအဖြစ် ဦးသန့်ခန့်ထားခဲ့သူ ဖြစ်သည်။ သူသည် ယခင်က စီမံကိန်းပါရဂူတစ်ဦးဖြစ်လေ၏။ ထို့နောက် ဦးသန့်သည် ညစာစားပွဲတစ်ခုကို တက်ရောက်ရပြန်သည်။ ဤသို့ဖြင့် ဦးသန့်အချိန်များစွာမှာ တာဝန်နှင့် ပူးတွဲ၍နေ၏။

ကုလသမဂ္ဂအဖွဲ့ကြီး၏ နိုင်ငံတကာ ကိုယ်စားလှယ်များမှာ ယနေ့ထိပင် ဦးသန့်အပေါ်တွင် ကျေနပ်အားရရှိနေပေသည်။ သို့သော် ဆိုဗီယက်အနေဖြင့် မိမိတို့တင်မြှောက်ထားသော အတွင်းရေးမှူးချုပ်အပေါ် အားရခြင်းမရှိ၊ ဆိုဗီယက်သတင်းဌာနဖြစ်သော တပ်စ် သတင်းကိုယ်စားလှယ်က ကွန်ဂိုပြဿနာတွင် ဦးသန့်ပါဝင်ဆောင်ရွက်မှုကို အပြစ်တင်ရေးသားခဲ့၏။

ဆိုဗီယက်မှကုလသမဂ္ဂ သံအမတ်ကြီး ဇိုရင်ကလည်း ဤကိစ္စနှင့်ပတ်သက်၍ ဦးသန့်ကို မကျေနပ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။ ဆိုဗီယက်က မိမိတို့လိုလားသော အတွင်းရေးမှူးချုပ် သုံးဦးထားရေးအတွက် ပြန်လည်ကြိုးစားမည်ဟုလည်း ဇိုရင်က ပြောလေသည်။

သို့သော် ဦးသန့်သည် ဆိုဗီယက်ရုရှား၏ ထိပါးဝေဖန်မှုကို အပြုံးဖြင့်ပင် တုံ့ပြန်လေသည်။ သူသည် ကုလသမဂ္ဂနိုင်ငံတကာ ကိုယ်စားလှယ် ၁၀၄၀နှင့် ကုလသမဂ္ဂအမှုထမ်း



ပေါင်း *၃၀၀၀ တို့အား ဦးသန့်သည် သည်းခံစိတ်ရှည်ပြီး ပြုံး၍ ဆက်ဆံလေ့ရှိသည်။ သူ့အသံမှာ တည်ငြိမ်၍ အေးချမ်းသည်။ သူ၏အယူအဆမှာ အတွင်းရေးမှူးချုပ်သည် အားလုံးနှင့် ပြေလည်ချောင်ချောစွာ ဆက်ဆံရမည်ဟုပင် ဖြစ်သည်။ နိုင်ငံအများ၏ လျှို့ဝှက်အပ်သော အရေးအခင်းများအား မိမိကိုတင်ပြလျှင် အထူးလျှို့ဝှက်ထားရမည်ကိုလည်းသိ၍ ပြဿနာအရေးအခင်းများကို ဖြေရှင်းရာ၌ တစ်ဦးနှင့်တစ်ဦး မျက်နှာမပျက်စေရန် ကြိုးစားကိုင်တွယ်သုံးသပ်ရမည်ကိုလည်း နားလည်သည်။ ထို့ပြင် အကြံပေးချက်များကိုလည်း အလေးဂရုပြု၍ နားထောင်လေသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသို့ ရန်ပုံငွေများ အချိုးကျ ထည့်ဝင်ရေးနှင့်ပတ်သက်ပြီး ရန်ပုံငွေထည့်ဝင်ခြင်း ပျက်ကွက်ခဲ့လျှင် မဲပေးခွင့်ဆုံးရှုံးစေမည်ဟု အဖွဲ့ဝင်နိုင်ငံများကို သတိပေးခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အထွေထွေညီလာခံကို ပြန်လည်ဖွဲ့စည်းရန် အသံများပေါ်လာခဲ့၏။ ဦးသန့်၏ အယူအဆမှာ ပြန်လည်ပြုပြင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး အတွင်း၌ပင် ဆွေးနွေးညှိနှိုင်းသင့်ကြသည်။

ပြန်လည်ပြုပြင်လိုသူများက ကုလသမဂ္ဂအဖွဲ့ကြီး ပိုမိုသြဇာအာဏာရှိလာစေရန် လိုလားကြလေသည်။ ဦးသန့်နှင့် အမေရိကန်သမ္မတ ကနေဒီတို့သည် မကြာမီက တွေ့ဆုံခဲ့ကြ၏။ ထူးချွန်သော ပုဂ္ဂိုလ်နှစ်ဦးတွင် တစ်ဦးမှာ ဘော့စတွန်နယ်သားတစ်ဦးဖြစ်ပြီး ကမ္ဘာတွင် တန်ခိုးအကြီးမားဆုံးဖြစ်သော အမေရိကန်သမ္မတ ရာထူးကို ရွေးကောက်ပွဲအဆင့်ဆင့်၌ အောင်ပွဲရ၍ တက်လာသူဖြစ်သည်။ တစ်ဦးကား

* ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံဌာနခွဲများတွင် ယခုအခါ အမှုထမ်းပေါင်း ၈၀၀၀၀ကျော် ရှိနေပေပြီ။

www.burmeseclassic.com



တစ်ကြိမ်တစ်ခါမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုခဲ့ဘဲနှင့် ကမ္ဘာ့လူထုကြီးအကျိုးဆောင် နံပါတ် (၁) ရာထူးကြီးကို ရရှိခဲ့သော ဦးသန့်ဖြစ်ပေသည်။

အထက်ပါဆောင်းပါးမှာ နယူးစ်ဝိ မဂ္ဂဇင်းပါ ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်လေသည်။ ယင်းဆောင်းပါးမှာ ဦးသန့်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားပြီးနောက် ၃-လအကြာတွင် ရေးသားလိုက်သော ဆောင်းပါးလည်းဖြစ်၍ ရက်ပေါင်း ၉၀-မျှအတွင်း ဦးသန့်ကို လေ့လာအကဲခတ်ရသမျှ စေ့စုံစွာ ရေးသားဖော်ပြခဲ့ပေသည်။

## ဖျန်ဖြေရေးသမားကြီး

ကမ္ဘာ့သတင်းများကို ဖြန့်ဝေနေသော တီပီသတင်းဌာနကြီးက ဦးသန့်၏ပုံတူကို ပန်းချီဆွဲ၍ ဖော်ပြထားသော စာတမ်းတစ်စောင် ထုတ်ဝေ၍ ယင်းစာတမ်း၏ ကျောဘက်တွင် ဦးသန့်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်နှင့် ဂျာမန်ဘာသာအပါအဝင် ဘာသာ ၅-မျိုးနှင့် ပုံနှိပ်ဖော်ပြထားသည်။

စာတမ်းတွင် "၁၉၅၇-ခုနှစ် ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂ သို့ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ရောက်ရှိလာသည့်အချိန်မှစ၍ ငြိမ်းချမ်းရေးဆောင်ရွက်မှုများတွင် ထိရောက်စွာ ပါဝင်လျက် လုပ်ဆောင်ခဲ့သည်။ ကုလသမဂ္ဂ၏ အမြင့်မားဆုံးရာထူးကို လက်ခံဆောင်ရွက်ရသောအခါ၌ ဦးသန့်မှာ အလွန်လေးစား အားထားရသော ဖျန်ဖြေရေးသမားကြီးတစ်ယောက် ဖြစ်လာသည်။ နိုင်ငံတကာ ငြိမ်းချမ်းရေးဆောင်ရွက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သူ ဖြစ်သည်" စသဖြင့် ဖော်ပြပါရှိပေသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ ဦးသန့်ကို ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးတွင် ခန့်ထားပြီးသောအခါတွင် အများ၏အမြင်နှင့် ဝေဖန်ချက်များပင်ဖြစ်၏။ ဦးသန့်ကို ချီးကျူးဂုဏ်ပြု ဝေဖန်ရေးသားကြသော ဆောင်းပါးစာတမ်းများမှာ များစွာပင်ရှိပေရာ ယခုဖော်ပြသမျှတို့မှာ လက်လှမ်းမီနိုင်သမျှထဲမှ ကောင်းနိုးရာရာတို့ကို အကျဉ်းမျှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။



## အမြဲတမ်းအတွင်းရေးမှူးချုပ်

၁၉၆၃-ခု၏ ဧပြီလသို့ရောက်သောအခါ ဦးသန့်အား နောက် ၅-နှစ်ဆက်လက်၍ ရာထူးထမ်းဆောင်စေရေးကိစ္စ ပေါ်ပေါက်လာခဲ့ပါသည်။ ဦးသန့်ကပင် သက်တမ်းပြည့် နောက်ထပ် ၅-နှစ်လုံးလုံး ထမ်းဆောင်မည့်အစား ယခင် အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ်းမားရှိုးလ်၏ ရာထူးသက်တမ်းကျန်ကာလကိုပါ ထည့်သွင်း၍ နိုဝင်ဘာ ၃-ရက်၊ ၁၉၆၆-အထိ ၅-နှစ်ကိုသာ လက်ခံဆောင်ရွက်ရန် အဆိုပြုလေသည်။ ထိုအဆိုပြုချက်ကို လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံကြီးကပါ အားလုံးသဘောတူလက်ခံပြဋ္ဌာန်းလိုက်လေသည်။

ယခုတစ်ပတ်ရွေးကောက်ပွဲတွင် ဦးသန့်၏ဆောင်ရွက်မှုများကို မကျေနပ်ဟု ပြောဆိုခဲ့သော ဆိုဗီယက်ရုရှားကပင် တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မပြုတော့ဘဲ ထောက်ခံလိုက်ပြန်ပေသည်။ ဦးသန့်အား အတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက်သော လုံခြုံရေးကောင်စီအစည်းအဝေးတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များဖြစ်သည့် ချီလီ၊ ဂါနာ၊ ဂိုင်ယာနာ၊ ယူအေအာ၊ ရိုမေးနီးယား၊ ဗင်နီဇွဲလား နိုင်ငံများက အဆိုတင်သွင်းကြသည်။ ဦးသန့်ကို ခန့်ထားရန်အတွက် အထွေထွေညီလာခံကျင်းပနေစဉ် ဦးသန့်သည် ညီလာခံခန်းမသို့ မဝင်ဘဲနေသည်။

ညီလာခံကြီးမှ ကိုယ်စားလှယ်အများက ဦးသန့်ကို ၁၉၆၆-ခုနှစ်၊ နိုဝင်ဘာလ ၃-ရက်နေ့အထိ နောက်ထပ် ၅-နှစ်သက်တမ်းပြည့် အမြဲတမ်းခန့်ထားတင်မြှောက်လိုက်ကြောင်းဖြင့် ကြေညာလိုက်သောအခါမှ ဦးသန့်ကို လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာ ကစ်ဆလက်က ညီလာခံခန်းမသို့ သွားရောက်ခေါ်ဆောင်လာလေသည်။ မစ္စတာကစ်ဆလက်က ဦးသန့်ကို ကုလသမဂ္ဂဥက္ကဋ္ဌကြီး၏ စင်မြင့်သို့ သွားရောက်ပို့ဆောင်ပေးသောအခါ ညီလာခံခန်းမအတွင်းမှ ကိုယ်စားလှယ်ထုကြီးက မတ်တတ်ရပ်လျက် လက်ခုပ်တီး၍ တစ်ခဲနက် ကောင်းချီးသြဘာပေးကြလေသည်။

ဦးသန့်သည် ဥက္ကဋ္ဌကြီး၏စင်မြင့်သို့ ရောက်သောအခါ ဥက္ကဋ္ဌက

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်ကို နောက်ထပ် ၅-နှစ်သက်တမ်းအဖြစ် ၁၉၆၆-ခု၊ နိုဝင်ဘာလ ၃-ရက်နေ့အထိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး၌ ခန့်ထားလိုက်ကြောင်း ကြေညာလေ၏။

ဦးသန့်က စင်မြင့်ပေါ်မှနေ၍ ကတိသစ္စာစကားပြောကြားရာ၌ မိမိသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကျိုးကို သစ္စာရှိစွာဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂအပေါ် ဖြောင့်မတ်သောစိတ်ထားကို အစဉ်ထားရှိ၍ ကမ္ဘာ့သဘောထား ကွဲလွဲမှုများကို နီးစပ်ပြေလည်အောင် ဆောင်ရွက်ပါမည် စသဖြင့် ပါရှိလေသည်။ ဦးသန့် မိန့်ခွန်းပြောပြီးသောအခါ၌ ကိုယ်စားလှယ် ခေါင်းဆောင်များက ဦးသန့်ထံသို့ တစ်ဦးချင်းလာပြီး လက်ဆွဲနှုတ်ဆက်၍ ချီးကျူးစကားပြောကြားပြန်လေသည်။

ထို့နောက် အထွေထွေညီလာခံကြီးသို့ တက်ရောက်နေသော ကိုယ်စားလှယ်အဖွဲ့ဝင်များက ဦးသန့်ကို ထောက်ခံကြောင်း တစ်ဦးစီ မိန့်ခွန်းပြောကြပြန်လေသည်။ အိန္ဒိယနိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက ဦးသန့်တွင် မြင့်မားသော အရည်အချင်းရှိသည်ကို သတိပြုမိသည်။ တတ်သိလိမ္မာ၍ ဉာဏ်ပညာထက်မြက်သူတစ်ဦး ဖြစ်သည်။ အနောက် အီရီယံ အရေးအခင်း၊ ကျူးဘားပြဿနာနှင့် ကွန်ဂိုအရေးအခင်းတွင် သူ၏ဆောင်ရွက်မှုများ အောင်မြင်သည်ကို ငြင်းကွယ်၍မရပါ။ ဦးသန့်ကို မွေးထုတ်လိုက်သော မြန်မာနိုင်ငံမှာ အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် အထူးဂုဏ်ယူပါသည် စသဖြင့် ပြောဆိုသွားလေသည်။

ဦးသန့်အား ချီးကျူးမိန့်ခွန်းပြောရာတွင် ကမ္ဘောဒီးယား နိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက ဦးသန့်သည် အမှန်တရားအစစ်ကို ရှာဖွေနေသူ ဖြစ်ပါသည်။ ဗုဒ္ဓဝါဒကျင့်စဉ်ကို ကိုင်းရှိုင်းရှိသေပြီးလျှင် သူဆောင်ရွက်သမျှတို့မှာ သူ လက်ခံဆောင်ရွက်နေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးနှင့် အလွန်လိုက်ဖက်သင့်လျော်ပါသည် စသဖြင့် ပါရှိလေသည်။

သီဟိုဠ်နိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက ဦးသန့်ကို ထောက်ခံပြောဆိုရာတွင် ဦးသန့်ဆောင်ရွက်ဖြေရှင်းခဲ့သော အနောက်အီရီယံ အရေး



တော်ပုံ၊ ကွန်ဂိုအရေးအခင်း၊ ကျူးဘားပြဿနာများ၏ အခြေအနေကို ကြည့်ပြီး ဦးသန့်သည် ငြိမ်းချမ်းရေး ဗိသုကာဆိုသောဘွဲ့ကို ခံယူသင့်ပြီဖြစ်ကြောင်း သိသာနိုင်ပါသည်။ ကုလသမဂ္ဂကြီး တိုးတက်လာခြင်းတွင် ဦးသန့်၏ဆောင်ရွက်မှုများစွာ ပါရှိပါသည် စသဖြင့် ပါရှိလေသည်။ အင်ဒိုနီးရှားနိုင်ငံ ကုလသမဂ္ဂကိုယ်စားလှယ်ကြီးက ဦးသန့်တွင် ကြီးမားထည်ဝါသော အရည်အချင်း အပြည့်ရှိပါသည်ဟု ပြောဆိုခဲ့သည်။

ဖိလစ်ပိုင်မှ ကုလသမဂ္ဂသံအမတ်ကြီးက ဦးသန့်မှာ အသိဉာဏ် ထက်မြက်ထူးချွန်သူဖြစ်သည်။ ကမ္ဘာ့လူသားအပေါင်းတို့၏ အသက်ရှင်တည်တံ့ရေးကို အစွမ်းကုန် ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်ဟု ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးကမူကား မိမိနိုင်ငံသား တစ်ယောက်ကို အလွန်အမင်း ဂုဏ်ဖော်ခြင်းမပြုတော့။ မြန်မာ့သားကောင်း တစ်ဦးဖြစ်သော ဦးသန့်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အဖြစ် တင်မြှောက် လိုက်၍ မြန်မာနိုင်ငံအနေဖြင့် များစွာ ဂုဏ်ယူမိပါသည်ဟုသာ ပြောခဲ့၏။

အမေရိကန်ပြည်မှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး မစ္စတာ အက်ဒလေစတီဗင်ဆင်က ဦးသန့်သည် ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရာတွင် ကျွမ်းကျင်နားလည်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အခက်အခဲများကို သည်းခံ၍ ရင်ဆိုင်တတ်ပြီး ဇွဲလုံ့လအပြည့်ဖြင့် ပြေလည်မှုရစေရန် ကြိုးပမ်းခဲ့သည်ကို နားလည်ပါသည်။ အမြော်အမြင်ရှိသော ပုဂ္ဂိုလ်ထူးတစ်ယောက်လည်း ဖြစ်ပါသည် စသဖြင့် မိန့်ခွန်းပြောဆိုခဲ့သည်။

## ဆိုဗီယက်ရုရှက လုံးဝဥဿုံ ထောက်ခံပြောဆိုခြင်း

ဆိုဗီယက်ရုရှသည် မိမိလိုချင်သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သုံးဦးထားရေးအတွက် အမြဲ ပြဿနာတင်ခဲ့သည်။ ဦးသန့်၏ ဆောင်ရွက်မှုများကို မကျေနပ်ဟု ဆူပူအပြစ်ပြောခဲ့သည်။ သို့သော် ဦးသန့်က ဆိုဗီယက်ရုရှ၏ အထိုးအနှက် ပြောဆိုချက်များကို အပြုံးနှင့် ဆီးကြိုခဲ့ပါသည်။ ပြန်လည်ချေပခြင်းမပြုခဲ့ဘဲ အလုပ်နှင့်ပြသခဲ့သည်။ နိုင်ငံတကာရေးရာများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ မိမိ၏စေတနာမည်သို့ရှိသည်ကို ဦးသန့်သည် ဆိုဗီယက်ရုရှနှင့်တကွ ကမ္ဘာ့နိုင်ငံအများသိအောင် အလုပ်လုပ်၍ပြခဲ့လေသည်။

ဦးသန့်၏ ရာထူးသက်တမ်းကို နောက်ထပ် ၅-နှစ်ခန့်ထားရန် မလိုလားဟန်ပြခဲ့သော ဆိုဗီယက်ရုရှသည် ၁၉၆၃-ခုနှစ်၊ ဧပြီလတွင်ကား ဦးသန့်ကို လုံးဝဥဿုံပင် ထောက်ခံခဲ့လေသည်။ အထွေထွေညီလာခံကြီးတွင် ဆိုဗီယက်ရုရှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက ဦးသန့်ကို ထောက်ခံပြောဆိုရာ၌ ဦးသန့်သည် နိုင်ငံရေးအတွေ့အကြုံ ရင့်သန်သူတစ်ဦးဖြစ်ကြောင်း သိရှိရပါပြီ။ ကမ္ဘာ့ငြိမ်းချမ်းရေးတည်တံ့ရန် လိုလားစွာ ဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးအတွင်း၌ ညီညွတ်စည်းလုံးမှုရရှိစေရန်လည်း အထူးကြိုးပမ်းဆောင်ရွက်နိုင်သူဖြစ်ပေသည်။ ဦးသန့်၏ ဆောင်ရွက်မှုများ အောင်မြင်စေရန် ဆိုဗီယက်ယူနီယံမှ ဆန္ဒပြုပါသည် စသဖြင့် ရွှန်းရွှန်းဝေ အောင် ထောက်ခံပြောဆိုသွားလေသည်။

ဦးသန့်အား ဒုတိယအကြိမ် ပြန်လည်၍ အတွင်းရေးမှူးချုပ်ရာထူးတွင် ခန့်ထားရာ၌ ဆိုဗီယက်နှင့် အမေရိကန်အပါအဝင် နိုင်ငံစုံမှ ချီးကျူးဂုဏ်ပြုခြင်းခံရသည်မှာ ဦးသန့်၏ အောင်ပွဲတစ်ပွဲပင်ဖြစ်သည်။ ထို့ထက် ဆိုဗီယက်၏ မကျေနပ်မှုကို အပြုံးဖြင့် တုံ့ပြန်၍ မေတ္တာထားနိုင်ခဲ့သော ကြောင့်ရခဲ့သော အောင်မြင်မှုဆုလာဘ်ကြီးမှာ အဖိုးမဖြတ်နိုင်သော အောင်ပွဲတစ်ရပ် ဖြစ်ပေသည်။

* * *

## ၁၅။ ဦးသန့် ဤသို့အောင်မြင်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို ထမ်းဆောင်၍ နိုင်ငံတကာတင်းမာမှု လျော့ပါးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် ဆောင်ရွက်ရာတွင် ဦးသန့်သည် များစွာအောင်မြင်မှုရခဲ့သည်။ ဦးသန့်၏ အလျင်ဦးစွာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့ကြသော မစ္စတာ ထရစ်ဗီးလီးနှင့် မစ္စတာဒက်ဟမ်းမားရှိုးလ်တို့ ထက် အဆများစွာပို၍ အောင်မြင်အောင်ဆောင်ရွက်နိုင်သူမှာ ဦးသန့်ပင် ဖြစ်သည်။ မျက်နှာစုံညီဖြေရှင်း၍မရနိုင်အောင် မုန်းတီးပုတ်ခတ်ကြိမ်းမောင်း နေကြသော နိုင်ငံနှစ်နိုင်ငံကို ကုလသမဂ္ဂစားပွဲသို့ အရောက်ခေါ်ယူ၍ ပြေရာ ပြေကြောင်း ဖြေရှင်းရာတွင် ဦးသန့်သည် များစွာ အကျိုးရှိအရာထင်အောင် ဆောင်ရွက်နိုင်စွမ်းရှိခဲ့သည်။

ဦးသန့် ဆောင်ရွက်ဖြေရှင်းခဲ့သမျှသော ကမ္ဘာ့ပြဿနာရပ်များကို ကြည့်လိုက်လျှင် တတိယကမ္ဘာစစ်၏ နှုတ်ခမ်းဝသို့ရောက်မှ ပြန်လည်အေးချမ်းသာယာသွားခဲ့သည့် အဖြစ်အပျက်များကို တွေ့ရသည်။ ဦးသန့်သည် ကမ္ဘာ့ရန်သူကြီးနှစ်ဦး၏ စိတ်ကို မည်သို့ဆွဲဆောင်ယူကြုံးနိုင်ပါသနည်း။

**ယင်းပုစ္ဆာ၏ အဖြေကိုရှာလျှင် မေတ္တာတရားကို တွေ့ရပေသည်။ ဗုဒ္ဓတရားတော်၏ အနှစ်သာရဖြစ်သော မေတ္တာတရားကို လက်ကိုင်ထား၍ ပြဿနာ၏အရင်းအမြစ်ကစ၍ သုံးသပ်ပြီး အဖြေရှာနိုင်ခြင်းကပင် ဦးသန့် အောင်မြင်သည့် အချက်ကြီးတစ်ချက်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။**

**တစ်နည်းဆိုရလျှင် မေတ္တာတရားကို အရင်းခံသော ဗုဒ္ဓ၏ အဆုံးအမတရားမွေတို့ကို အမြဲမပြတ် နှလုံးသွင်း၍ ဆင်ခြင်သုံးသပ်ခြင်းသည် အရာ**

www.burmeseclassic.com

www.burmeseclassic.com



**ရာကို အောင်မြင်စေကြောင်း လမ်းကောင်းတစ်ခုပင်ဖြစ်သည်ကို ဦးသန့်က သက်သေပြခဲ့ပေသည်။**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းရစဉ် ဦးသန့်ဖြေရှင်းအောင်မြင်ခဲ့သော ဆောင်ရွက်ချက်များမှာ များစွာရှိသည်။ ယင်းတို့တွင် အနောက်အီရီယံကိစ္စ၊ ကျူးဘားပြဿနာ၊ ကွန်ဂိုအရေးအခင်း၊ ဆိုက်ပရပ်စ် ဆူပူမှုများသည် ထိပ်ဆုံးမှပါဝင်ခဲ့သည်။ ကျူးဘားပြဿနာသည် တတိယကမ္ဘာစစ်ကြီးသို့ ရေးရှုသွားနေသော အန္တရာယ်လမ်းမကြီးပင်ဖြစ်သည်။ အမေရိကန် ရေတပ်သင်္ဘောများနှင့် ဆိုဗီယက်ဒုံးပျံတင် သင်္ဘောကြီးများ တွေ့ဆုံပစ်ခတ်ကြတော့မည့် အခြေအနေဆိုးတွင် ဦးသန့်က ရုတ်တရက်ကြားဝင်လိုက်၍ ကမ္ဘာ့လူထုကြီးမှာ စစ်ဘေးဆိုးကြီးမှ လွတ်ခဲ့ရသည်။ ဦးသန့်၏ဆောင်ရွက်မှုမှာ လက်မတင်ကလေး အချိန်မီသွားခဲ့၍ ကမ္ဘာကြီး ကံကောင်းသွားခဲ့သည်ဟု ဆိုရပါမည်။

## ကျူးဘားပြဿနာ

အမေရိကန်ပြည်ထောင်စုက ကွန်မြူနစ်ဝါဒကျင့်သုံးလျက်ရှိသော ကျူးဘားနိုင်ငံအစိုးရကို မိမိ၏ရန်သူကဲ့သို့ သဘောထားနေသည့် အချိန်ဖြစ်သည်။ အမေရိကန်က ကျူးဘားကျွန်းမှ ကွန်မြူနစ်ဝါဒပြန့်ပွား၍ မိမိနိုင်ငံအတွင်းသို့ရောက်လာမည်ကို အလွန်စိုးရိမ်သည်။ ထို့ကြောင့် အမေရိကန်က ကျူးဘားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သည်။ ထိုအတွင်း ကျူးဘားနိုင်ငံသည် ဆိုဗီယက်ရုရှားနိုင်ငံနှင့် ကျူးဘားကျွန်းအနီး တစ်ဝိုက်တွင် တံငါလုပ်ငန်းများလုပ်ဆောင်ရန် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ထိုစာချုပ်များမှာ အမေရိကန်အစိုးရအား များစွာတုန်လှုပ်စေခဲ့သည်။ ထိုမှစ၍ အမေရိကန်အစိုးရက ဆိုဗီယက်ရုရှားနှင့် ကျူးဘားအစိုးရတို့အား ပြစ်တင်သံများ မကြာခဏပေါ်လာခဲ့သည်။ ကျူးဘားသို့ ဆိုဗီယက်မှ လက်နက်ပစ္စည်းများပေးနေသည်၊ စစ်လက်နက်အကူအညီများ ဆက်တိုက်ကျူးဘားသို့ပို့နေသည် စသဖြင့် စွပ်စွဲခဲ့၏။ ထိုလက်နက်အကူအညီများဖြင့် ကျူးဘားသည် အမေရိကန်ပြည်မကြီးကို တိုက်ခိုက်လိမ့်မည် စသဖြင့် အမေ



ရိကန်နိုင်ငံမှ စွပ်စွဲပြောဆိုခဲ့လေသည်။ ထို့ကြောင့် အမေရိကန်သည် ကျူးဘားနိုင်ငံသို့ ပင်လယ်ကူးသင်္ဘောများမကပ်နိုင်ရန် စီးပွားရေးပိတ်ဆို့မှုတစ်ရပ် ဆောင်ရွက်ခဲ့လေသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျူးဘားဆိပ်ကမ်းသို့ ကပ်ခဲ့သော မည်သည့်သင်္ဘောမဆို အမေရိကန်ဆိပ်ကမ်းသို့ မဝင်စေရဟု အမိန့်ထုတ်ခဲ့၏။

လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်၍ ကျူးဘားသို့ ပို့ခဲ့သော ကြားနေသင်္ဘောများကို ထိရောက်စွာ အမေရိကန်က တားဆီးပိတ်ပင်ခဲ့ခြင်းဖြစ်လေသည်။ ဤသို့ဆိုလျှင် ဆိုဗီယက်မှ လက်နက်ပစ္စည်းတွေလည်း ကျူးဘားသို့မပို့နိုင်၊ အမေရိကန်၏ ကြံရွယ်ချက်ဖြစ်သော ကျူးဘားသို့ မည်သည့်သင်္ဘောမှ ကုန်ပစ္စည်းဝင်မပို့ဝံ့ဖြစ်ပြီး စီးပွားရေးပိတ်ဆို့မှုလည်း အောင် မြင်စေရန်ဖြစ်ပေသည်။ ဤတွင် ကျူးဘားနိုင်ငံအတွက် ယမ်းပုံမီးကျ ဒေါသ ဖြစ်စေရန် လှုံ့ဆော်ပေးသကဲ့သို့ဖြစ်ပြီး အမေရိကန်နှင့် ကျူးဘားဆက်ဆံရေးမှာ လုံးဝပျက်ပြားလုနီးနီး ဖြစ်ခဲ့ရလေသည်။ ဤအတွင်း ကျူးဘားပြဿနာ အခြေအနေဆိုးရွားပုံကို အောက်ပါသတင်းအရ သိသာနိုင်သည်။

## ကျူးဘားနျူကလီးယား စစ်ပြင်ဆင်မှုများ တားဆီးရန်အမိန့်

### (ဝါရှင်တန် အောက်တိုဘာလ ၂၂၊ အေအက်ဖ်ပီ)

ကျူးဘားတွင် အမေရိကန်ပြည်ကို ထိုးစစ်ဆင် ရန် နျူကလီးယားတိုက်ခိုက်ရေး အင်အားစုနေခြင်းအတွက် ရပ်တန့်စေရန် ကျူးဘားပြည်သို့ပို့သည့် လက်နက်ပစ္စည်းများကို တားဆီးရန် အမေရိကန်သမ္မတ ကနေဒီက အမိန့်ပေးလိုက်ပြီဟု ကြေညာသည်။ ကျူးဘားတွင် စစ်ဘက်ထူထောင်မှုများပြုလုပ်ခြင်းကို အကဲခတ်၍ အရေးအခင်း တစ်စုံတစ်ရာအတွက် စစ်ပြင်ဆင်ရန် အမေရိကန် လက်နက်ကိုင်တပ်များအား အမိန့်ပေးထားပြီဟုလည်း ကနေဒီက ပြောဆိုသည်။ ကျူးဘားသွားမည့် သင်္ဘောများကို မည်သည့်သင်္ဘော မဆို

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပစ္စည်း ပါမပါ ရှာဖွေစစ်ဆေး၍ လက်နက်ပစ္စည်းပါလျှင် လာလမ်းအတိုင်းပြန်သွားရန် တားဆီးကြဟုလည်း ကနေဒီက အမေရိကန်ရေတပ်မတော်အား အမိန့်ပေးလိုက်သည်ဟု သိရ၏။

## ကျူးဘားစစ်သားစုဆောင်းရေး

### (ကီးဝက် အောက်တိုဘာလ ၂ အေအက်ဖ်ပီ)

အမေရိကန်တို့ အရေးယူနေပုံသတင်းများကို ရရှိပြီးနောက် ကျူးဘားပြည်တွင် စစ်တပ်အားလုံးကို စုရုံးခေါ်ဆောင်လိုက်ပြီဟု ဟာဗနာရေဒီယိုမှ ယနေ့နံနက် ကြေညာလိုက်၏။ ယင်းအမိန့်ကို ဝန်ကြီးချုပ် ကပ်စထရိုကိုယ်တိုင် အမိန့်ထုတ်ပြန်လိုက်သည်ဟု သိရ၏....

*　　*　　*

## အမေရိကန်တပ်များ ကျူးဘားကိုပိတ်ဆို့ခြင်း ရုရှက တန်ပြန်ပိတ်ဆို့လျှင် ကာကွယ်ရန် ကန့်ကွက်ဆော်ပုံ

### (ဆန်ဂျူဝမ် အောက်တိုဘာလ ၂၄ အေအက်ဖ်ပီ)

ပေါ်တိုရီကိုအနီးတွင် စစ်ရေးလေ့ကျင့်ပွဲ၌ ပါဝင် ကြမည့် အမေရိကန်ရေတပ်နှင့် ရေရောကုန်းပါ တိုက်ခိုက် နိုင်သည့် တပ်များအားလုံးသည် ကျူးဘားပြည်အား ပိတ်ဆို့ ခြင်း စတင်ပြုလုပ်နေပြီဖြစ်ကြောင်းဖြင့် အမေရိကန်ရေတပ်မှ ယနေ့ညနေပိုင်းတွင် ကြေညာသည်။ ယင်းစစ်တပ်၏ အင်အားမှာ သင်္ဘောပေါင်း စင်းရေ ၄၀-နှင့် အင်အား ၂၀၀၀၀ ရှိသည်။ သင်္ဘောများအား အမည်မဖော်လိုသော တစ်နေရာသို့ သွားရန် အမိန့်ပေးထားသည်။ ဝါရှင်တန်မြို့တော်ရှိ ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြသည်မှာ



> ကျူးဘားပြည်သို့သွားနေသည့် သင်္ဘောတစ်စင်းစင်းအား အမေရိကန်စစ်တပ်များက တားဆီးရှာဖွေမည်ဖြစ်ရာ ထိုသင်္ဘောက လက်မခံပါလျှင် အမေရိကန်တို့သည် အတင်းအဓမ္မလုပ်သင့်က လုပ်ရမည်ဖြစ်သည်။ ဆိုဗီယက်အုပ်စုမှ သင်္ဘောများသည် သမ္မတကနေဒီအမိန့်ပေးသည့်အတိုင်း ပိတ်ဆို့မှုကိုဖောက်ဖျက်လျှင် ယင်းသင်္ဘောကို မြုပ်ပစ်ရန်လိုပါက နှစ်မြုပ်ရမည်ဖြစ်သည်။

ထိုကဲ့သို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြောက်မက်ဖွယ် တင်းမာမှုဖြစ်ပေါ်နေစဉ် နောက်ထပ်၍ သတင်းဆိုးကြီးတစ်ရပ် ကြားသိရပြန်သည်။ ဆိုဗီယက်သင်္ဘောကြီး ၄-စင်းသည် ကျူးဘားနိုင်ငံသို့ ဦးတည်၍ သွားနေပြီဖြစ်ကြောင်းဖြင့် တိုကျိုမှလာသော အေအက်ဖ်ပီသတင်းက အောက်တိုဘာ ၂၃-ရက်နေ့က ဆိုပြန်၏။ ယင်းသတင်းက ဆိုဗီယက်သင်္ဘောများကို အမေရိကန်တို့ကတိုက်ခိုက်လျှင် အမေရိကန်သင်္ဘောများကို နှစ်မြုပ်ပစ်မည်ဖြစ်သည်ဟု ဆိုဗီယက်သတင်းကိုယ်စားလှယ်က ဟီရိုရှီးမားမြို့၌ ထုတ်ဖော်ပြောဆိုသည် စသဖြင့် ပါရှိ၏။

ဝါရှင်တန်မြို့မှလာသော အောက်တိုဘာ ၂၃-ရက် အေအက်ဖ်ပီသတင်းတစ်ရပ်ကဆိုလျှင် ကျူးဘားအား ထိုးစစ်လက်နက်များ မပို့ပေးနိုင်ရန်၊ ကြည်း၊ ရေ၊ လေတပ်အစုံဖြင့် ပိတ်ဆို့ရန်အမိန့်ကို သမ္မတကနေဒီက လက်မှတ်ထိုးလိုက်ပြီဖြစ်သည်ဟု ပါရှိသည်။ ယင်းသတင်းကပင် သမ္မတ၏ အမိန့်သည် အောက်တိုဘာ ၂၄-ရက် နေ့လယ် ၂-နာရီမှ စတင် အာဏာတည်မည်ဟု ဆို၏။ ယခုအခါ အမေရိကန် ရေတပ်သင်္ဘောများသည် ကျူးဘားသွား သင်္ဘောတို့ကို ရပ်တန့်စစ်ဆေးရန် စောင့်နေပြီဟု အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူက ကြေညာသည်။

ဝါရှင်တန်မှပင်လာသော အောက်တိုဘာလ ၂၃-ရက် အေအက်ဖ်ပီသတင်းက ယခုအခါတွင် ဆိုဗီယက် ကုန်တင်သင်္ဘော ၂၅-စင်း ကျူးဘားသို့လာနေပြီဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး မက္ကနာမရာက ပြောသည်ဟု ပါရှိသည်။ ယင်းဆိုဗီယက်သင်္ဘောများနှင့် အမေရိကန်ရေတပ်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ၂၄–နာရီအတွင်း တွေ့ကြဖွယ်ရှိသည်ဟုလည်း သူကပြောပြ၏။ ဝါရှင်တန်မြို့ နားကြီး မျက်စိကြီးရပ်ကွက်မှ အဆိုအရ ဆိုဗီယက်သင်္ဘောများတွင် ပိုလိုတာစီးယားအမည်ရှိ ဒုံးပျံလက်နက်တင် သင်္ဘောပါဖွယ်ရှိသည်ဟု သိရ၏။

ကျူးဘားနိုင်ငံ ဟာဗနာမြို့မှလာသော သတင်းတစ်ရပ်တွင် ဝန်ကြီးချုပ် ကပ်စထရိုသည် စစ်ဦးစီးချုပ်တာဝန်ကို ယူလိုက်ပြီဖြစ်သည်။ သင်္ဘောဆိပ်အဝင်ဝနှင့် သင်္ဘောကျင်းဝတွင် လေယာဉ်ပစ် အမြောက်ကြီးများ တပ်ဆင်ထား၍ ကျူးဘားပြည် မြို့ပြလေယာဉ်များ အဝင်အထွက်ကို တားဆီးလိုက်ပြီဟု ဆိုလေသည်။ ယင်းသတင်းကို ထပ်၍ ဆိုးရွားစေအောင် ပြုလုပ်လိုက်သော သတင်းတစ်ပုဒ်မှာကား ဆိုဗီယက်ရုရှ၏ တန်ပြန်ဆောင်ရွက်မှုပင်ဖြစ်သည်။ မော်စကိုမြို့မှ အောက်တိုဘာ ၂၃–ရက်နေ့ ရိုက်တာသတင်းတွင် ဆိုဗီယက်အစိုးရသည် ဆိုဗီယက်တပ်မတော်နှင့်တကွ ဝါဆောစစ်စာချုပ်ဝင်နိုင်ငံစစ်တပ်များကို တိုက်ခိုက်ရေးအတွက် အသင့်ဖြစ်စေရန် အမိန့်ပေးပြီဟု ပါလာသည်။

ဒုံးပျံလက်နက်တပ်မှ အသက်ကြီးသူများ အနားယူရေး အစီအစဉ်ကို ဖျက်လိုက်ပြီး စစ်တပ်အားလုံး ခွင့်ယူခွင့်များကို ပယ်ဖျက်လိုက်ရန်လည်း ဆိုဗီယက်အစိုးရက ကာကွယ်ရေးဌာနသို့ အမိန့်ပေးလိုက်ပြီဟု သိရ၏။ ဆိုဗီယက်အစိုးရက ကြေညာရာတွင် ကျူးဘားနိုင်ငံသို့ လက်နက်များတင်ပို့ခြင်းမှာ ကာကွယ်ရေးအတွက် သက်သက်ဖြစ်ကြောင်း၊ ရန်စကျူးကျော်သူ အမေရိကန်ကို ဆိုဗီယက်ယူနီယံသည် အင်အားအကြီးဆုံးဖြစ်၍ ပိုင်နိုင်စွာ တုံ့ပြန်တိုက်ခိုက်ရမည် ဖြစ်ပါကြောင်း စသည်ဖြင့် ပါရှိလေသည်။

## ဦးသန့် ကြားဝင်ပြီ

ဤမျှဆိုးရွား၍ ကြောက်မက်ဖွယ်ကောင်းသော တတိယကမ္ဘာစစ်မီးကြီး တောက်လောင်တော့မည့် အခြေအနေတွင် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်ကြီး ဦးသန့်က ရုတ်တရက်ကြားဝင်လိုက်လေသည်။



ကုလသမဂ္ဂ အောက်တိုဘာ ၂၄–ရက်နေ့ ရိုက်တာသတင်းတွင် အောက်ပါအတိုင်း ဖော်ပြပါရှိ၏။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က ဆိုဗီယက်ဝန်ကြီးချုပ် ကရုရှော့ထံသို့ ကျူးဘားပြည်သို့ လက်နက်များပို့ခြင်း ရပ်ဆိုင်းထားရန်နှင့် အမေရိကန်သမ္မတ ကနေဒီထံသို့ ကျူးဘားအားပိတ်ဆို့ထားခြင်းကို ရပ်ဆိုင်းပါရန် မေတ္တာရပ်ခံထားသော သဝဏ်လွှာတစ်စောင်စီ ပေးပို့လိုက်ပြီဟု သိရ၏။

ထိုသဝဏ်လွှာမှာ အမှိပ္ပာယ်အတူတူပင်ဖြစ်၍ ရပ်ဆိုင်းထားမှုကို ရက်သတ္တ ၃–ပတ်ခန့် ထားရှိရန် ပန်ကြားလိုက်သည်။

အောက်တိုဘာ ၂၄–ရက်နေ့ ညဦး လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ဦးသန့်က မိမိ၏ပန်ကြားလွှာပါ အချက်များကို တင်ပြပြောဆိုသည်။ ထိုသို့ ရက်သတ္တ ၃–ပတ်ခန့် ရပ်ဆိုင်းထားခြင်းဖြင့် ဆိုးရွားနေသော အခြေအနေ များစွာ သက်သာလာစေပြီး ထိုပြဿနာအတွက် သက်ဆိုင်ရာတို့သည် ငြိမ်းချမ်းစွာ တွေ့ဆုံဖြေရှင်းနိုင်ကြမည်ဖြစ်သည်ဟု ပါရှိသည်။ ဦးသန့်က ဆက်လက်၍ မိမိအနေဖြင့် ဆောင်ရွက်ပေးနိုင်သမျှတို့ကို ဆောင်ရွက်ပေးရန် အသင့်ရှိပါသည်။ ယခုပေးပို့သော သဝဏ်လွှာကို အဆွေတော်တို့ အထူးဂရုတစိုက် ချက်ချင်းအရေးယူပေးပါရန် အရေးတကြီး မေတ္တာရပ်ခံပါသည် စသဖြင့် သဝဏ်လွှာ၌ပါရှိသည်။

ဦးသန့်သည် ကျူးဘားသမ္မတနှင့် ဝန်ကြီးချုပ်တို့ကိုလည်း စစ်ပြင်ဆင်မှုတို့ကို ရပ်ဆိုင်းပေးရန်နှင့် ဆွေးနွေးစေ့စပ်ရန် မေတ္တာရပ်ခံသည်။ ဤသို့ မေတ္တာရပ်ခံရခြင်းမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒအရ ဖြစ်ပါသည် စသဖြင့် သဝဏ်လွှာတစ်စောင်ပို့လိုက်၏။ ဦးသန့်သည် ယမန် နေ့ညက ကုလသမဂ္ဂ ကြားနေနိုင်ငံများနှင့်တွေ့ဆုံပြီး ထိုသို့ မေတ္တာရပ်ခံ ချက်ကို ပေးပို့ခြင်းဖြစ်သည်။ ဦးသန့်ပေးပို့လိုက်သော သဝဏ်လွှာကို အမေရိကန်သမ္မတ ကနေဒီက ရရှိပြီဟု ယနေ့ပင် အိမ်ဖြူတော်မှကြေညာပြီး ညနေပိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားမည်ဟု သိရ၏။ ဦးသန့်၏ ကြားဝင်ဆောင်ရွက်မှုများမှာ များစွာ အောင်မြင်သည်ကို ကုလသမဂ္ဂမှ အောက်တိုဘာ ၂၆–ရက်နေ့က ရောက်လာသော သတင်းများအရ သိရတော့သည်။ အဆိုပါ ကြေးနန်းသတင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

## ဦးသန့်၏စေ့စပ်မှု ကန်နှင့် ရုရှားလက်ခံပြီ
## (ကုလသမဂ္ဂ အောက်တိုဘာ ၂၇–ရက်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ စေ့စပ်ရေး အကြံပေးချက်ကို ဆိုဗီယက်နှင့် အမေရိကန် နှစ်ဘက်စလုံးမှ လက်ခံလိုက်ကြသဖြင့် လုံခြုံရေးကောင်စီသည် ကျူးဘား ပြဿနာကို ဦးသန့်ကိုယ်တိုင်ကြားဝင်၍ ဖျန်ဖြေရန် အာဏာ လွှဲအပ်လိုက်ပြီဖြစ်သည်။

ဦးသန့်သည် ယနေ့နံနက်တွင် ဆိုဗီယက်၊ အမေရိကန် နှင့် ကျူးဘားနိုင်ငံများ၏ ကုလသမဂ္ဂ ကိုယ်စားလှယ်များ နှင့် တစ်ဦးစီ သီးခြားစတင်ဆွေးနွေးလိမ့်မည်ဟု ကုလသမဂ္ဂ မှ ယမန်နေ့ကကြေညာသည်

## ရုက်နှင့် ကနေဒီ၏ပြန်ကြားချက်
## (ကုလသမဂ္ဂ အောက်တိုဘာ ၂၅–ရက်)

ယမန်နေ့ညက အမေရိကန် သမ္မတကနေဒီက ကုလ သမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ မေတ္တာရပ်ခံချက်ကို ပြန်ကြားရာတွင် ကျူးဘားပြဿနာဖြေရှင်းရေးမှာ ကျူးဘား ပြည်ရှိ ဒုံးပျံလက်နက်ကြီးစခန်းကို ရှင်းလင်းရန် ကိစ္စတစ်ပါ တည်း ပါသည်ဟုပါရှိ၏။ ထိုစာ၌ပင် အကြည်တော်၏မေတ္တာ ရပ်ခံချက်တွင် လည်းကောင်း၊ ယမန်နေ့ည၌က လုံခြုံရေး ကောင်စီတွင် လည်းကောင်း အကြည်တော်က ပဏာမဆွေးနွေးပွဲ ပြုရန် ဖိတ်ကြားထားပါသည်။ ထို့ကြောင့် အမေရိကန် ကုလ



သမဂ္ဂ ကိုယ်စားလှယ် မစ္စတာစတီဗင်ဆင်သည် အကြည်တော် နှင့် တွေ့ဆုံရန် အသင့်ရှိနေပြီး ယင်းပဋိပက္ခအတွက် အမေ ရိကန်က အေးချမ်းစွာဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြန် ကြားပါသည် စသဖြင့်ပါရှိ၏။

ဦးသန့်ထံသို့ ဆိုဗီယက်ဝန်ကြီးချုပ် ကရုရှက်၏ ပြန် ကြားစာတွင် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အထိ ကျူးဘားသို့ ဆိုဗီယက်သင်္ဘောများဖြင့် လက်နက်တင်ပို့ခြင်း ရပ်ဆိုင်း ရန်နှင့် သင်္ဘောများကို ရပ်တန့်စစ်ဆေးခြင်းရပ်စဲထားရန် လူကြီးမင်း၏ မေတ္တာရပ်ခံချက်ကို လက်ခံသဘောတူပါသည် ဟု ပါရှိလေသည်။ ကျူးဘားကလည်း ဦးသန့်၏ မေတ္တာ ရပ်ခံချက်အားလုံးကိုပင် သဘောတူလက်ခံပါသည်ဟု ပါရှိ ခဲ့သည်

* * *

အထက်ပါကြေးနန်းသတင်းများကို ဖတ်ရှုရပြီးသည့်နောက်တွင် ကမ္ဘာ စစ်ကြီး ရုတ်တရက်ဖြစ်မည့်အခြေဆိုးကြီးမှာ ရုတ်တရက် ရပ်ဆိုင်းသွား သည်ဟု ဆိုနိုင်သည့်အခြေသို့ ရောက်လာသည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ် ဦးသန့်၏မေတ္တာရပ်ခံမှုကို လက်ခံပါသည်ဟု ပြန်ကြားကြသော ထိပ်သီးလက်နက်နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက် ရုရှားနှင့် ကျူးဘားတို့၏ အကြောင်းကြားပြန်ချက်ကိုကြည့်၍လည်း ကုလသမဂ္ဂ၏ အရှိန်အဝါကြီးမားမှုနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဩဇာမည်မျှ ထိရောက်သည်ကို နားလည်ရသည်။ ထိုသတင်းထက် ဝမ်းသာဖွယ်ရာ သတင်းတစ်ရပ်မှာကား ကုလသမဂ္ဂမှ အောက်တိုဘာ ၂၆– ရက်နေ့စွဲဖြင့် ရောက်လာသော ရိုက်တာသတင်းပင်ဖြစ်လေသည်။

ယင်းသတင်း၌ ကျူးဘားပြည်သို့ သွားနေသော ဆိုဗီယက်သင်္ဘော များအား အမေရိကန်စစ်သင်္ဘောများ တားဆီးရှာဖွေမည် [illegible] ကင်းလွတ်စွာ ရှောင်ရှားနေကြရန် ဆိုဗီယက်ဝန်ကြီးချုပ် ကရုရှက်က အဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



သဘော်တို့၏ မာလိန်မှူးတို့ကို အမိန့်ပေးလိုက်ပြီဟု ပါရှိသည်။ ဦးသန့်သည် ယင်းပြဿနာကို ဤမျှနှင့် ရပ်ဆိုင်းခြင်းမပြုပေ။ အမေရိကန်သမ္မတ ကနေဒီထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီးလျှင် ဖြစ်နိုင်သော အခြေအနေများကို တင်ပြလေသည်။ အမေရိကန်သမ္မတ ကနေဒီကလည်း မိမိတို့ဘက်မှ အမြင်ကို ဦးသန့်အား ရှင်းနီးပွင့်လင်းစွာ ပြန်လည်၍တင်ပြလေသည်။ ဦးသန့်သည် အမေရိကန်သမ္မတ ကနေဒီ၏ ပြောစကားကို လေ့လာသုံးသပ်ဝေဖန် ပြီးနောက် ကျူးဘားနိုင်ငံ ဝန်ကြီးချုပ် ဖီဒယ်ကပ်စထရိုထံသို့ သွားရောက်တွေ့ဆုံခဲ့သည်။

နှစ်ဘက်တင်ပြချက်များကို ပြေပြေလည်လည်ဖြစ်စေရန် ဦးသန့်ကလည်း ပြန်၍ဖြေရှင်းပြလေသည်။ အခြေအနေမှာ ချက်ချင်း ပြေလျော့သွားခဲ့သည်။

အမေရိကန်က ကျူးဘားနိုင်ငံမှ ဒုံးပျံလက်နက်ကိရိယာများ သည် အမေရိကန်ပြည်ထောင်စုသို့ အန္တရာယ်ပြုရန် ဆိုဗီယက်က ပို့ထား သည်ဟု စွပ်စွဲခဲ့သည်။ ကျူးဘားကလည်း ယင်းလက်နက်များမှာ အမေရိကန်ကို ရန်ပြုရန် မဟုတ်၊ ကျူးဘားကျွန်းကို ကာကွယ်ရန်သာဖြစ်ပါသည် စသဖြင့် ပြန်လည်၍ ချေပပြောဆိုခဲ့သည်။ ဦးသန့်၏ ကြားဝင်ဖျန်ဖြေမှုဖြင့် ကျူးဘားကျွန်းမှ ဆိုဗီယက်ရုရှား၏ ဒုံးပျံလက်နက်များကို ဖြုတ်ယူ၍ ဆိုဗီယက်သို့ သင်္ဘောများဖြင့် ပြန်၍ပို့လိုက်ရတော့သည်။

ဤသို့ပို့ရခြင်းအတွက်လည်း အမေရိကန်က ကျူးဘားကျွန်းကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်း ဘယ်တော့မှ မပြုလုပ်ပါဟူ၍ ခိုင်ခိုင်မာမာပင် ကတိပေးရလေသည်။ မည်သို့ပင်ဖြစ်စေ ကျူးဘားပြဿနာမှ တတိယကမ္ဘာစစ်ကြီးဖြစ်လိမ့်မည်ဟု စိုးရိမ်တကြီးဖြင့် ရင်ကိုမ၍ စောင့်ကြည့်နေခဲ့ကြသော ကမ္ဘာ့လူထုကြီးမှာ ဦးသန့်၏ဆောင်ရွက်မှုကြောင့် စိတ်အေးချမ်းသာမှု ရရှိခဲ့ရပေသည်။ ကမ္ဘာစစ်မီးကြီး လောင်ကျွမ်းမည့်ဘေးမှလည်း ကင်းဝေးလာခဲ့ရပြန်တော့သည်။



## ဆိုက်ပရပ်စ်ပြဿနာ

ဦးသန့်ဖြေရှင်းနိုင်ခဲ့သော ပြဿနာများတွင် ဆိုက်ပရပ်စပ်ပြဿနာလည်း ပါရှိလေသည်။ ယင်းပြဿနာမှာ ကမ္ဘာကို အခြိမ်းခြောက်ဆုံးပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။ ၁၉၆၄-ခုနှစ်၊ မတ်လက ဦးသန့်သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံများစွာတို့သို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ခရီးလှည့်လည်ရေး စီစဉ်ခဲ့သည်။ သို့သော်.... ခရီးထွက်လုဆဲဆဲတွင်မှ ဆိုက်ပရပ်စ် အရေးတော်ပုံကြီး အခြေအနေဆိုးလာသောကြောင့် ခရီးစဉ်ကို ချက်ချင်းဖျက်သိမ်းခဲ့ရသည်။

ဂရိအနွယ်ဝင် ဆိုက်ပရပ်စ် အမျိုးသားများနှင့် တူရကီအနွယ်ဝင် ဆိုက် ပရပ်စ် အမျိုးသားများတို့အချင်းချင်း မသင့်မတင့်ဖြစ်လာရာမှ ဆိုက်ပရပ်စ်တွင် အတိုက်အခိုက် များလာခဲ့သည်။

တူရကီကလည်း မိမိတို့အနွယ်ဝင် အမျိုးသားများကို ကူညီရန်ဟု ဆိုပြီး စစ်သင်္ဘောနှင့် လက်နက်များကို ချက်ချင်း ပြင်ဆင်ခဲ့သည်။ စစ်သင်္ဘော လေတပ်နှင့် တပ်သားများကို ဆိုက်ပရပ်စ်ကျွန်းသို့ စေလွှတ်ရန်ပင် ဆုံးဖြတ်ခဲ့သည်။

တစ်ဖက်နှင့်တစ်ဖက် စစ်ခင်းဖြေရှင်းရန် ကြိုးပမ်းနေချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂသည် ဦးသန့်ကို တာဝန်ပေး၍ ယင်းပြဿနာကို ဖြေရှင်းစေခဲ့သည်။ အောက်ပါ ကြေးနန်းသတင်းမှာ ဦးသန့်အား ကုလသမဂ္ဂမှ တာဝန်ပေးသည်ကို ဖော်ပြထားပေသည်။

### ဆိုက်ပရပ်စ်ပြဿနာအဖြေရှာတွေ့ပြီ

### (ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၉၊ ၁၉၆၄)

"ဆိုက်ပရပ်စ်အခြေအနေဆိုးဝါးမှုကို ဖြေရှင်းရန်အတွက် လုံခြုံရေးကောင်စီ၏ ယာယီအဖွဲ့ဝင် နိုင်ငံကြီး ၅ နိုင်ငံမှ ကိုယ်စားလှယ်များ သဘောတူညီမှု ရသွားပြီဟု သိရသည်။

အဆိုပါ ၅ နိုင်ငံ၏ သဘောတူညီချက်တွင် ၁။ ကုလသမဂ္ဂထိန်းသိမ်းမှုဖြင့် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ပရပ်စ် သို့ စေလွှတ်ရန်၊ ၂။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ကို ဆိုက်ပရပ်စ်သို့ စေလွှတ်၍ ဖွဲ့စပ်ဖြေရှင်းစေရန်ဖြစ်၏။ လုံခြုံရေးကောင်စီ ယာယီ အဖွဲ့ဝင်များမှာ ဘရာဇီး၊ နော်ဝေ၊ မော်ရိုကို၊ ဘိုလီးဗီးယားနှင့် အိုင်ဗရီတို့ဖြစ်၏။

ထိုအတွင်း ဆိုက်ပရပ်စ်အခြေအနေမှာ ဆိုးသည်ထက် ဆိုးရွား၍ လာသည်ကို အောက်ပါ ကြေးနန်းသတင်းများကပင် သက် သေခံနေတော့သည်။

## ဂရိက တူရကီကို တိုက်ရန်အသင့်
### (နီကိုရှားမြို့ မတ်လ ၁ ရက်)

ဆိုက်ပရပ်စ်ကျွန်းမြေပေါ်သို့ တူရကီနိုင်ငံစစ်တပ်များ ခြေချလာလျှင် ဂရိအစိုးရက တူရကီနိုင်ငံအား အသေအလဲ ခုခံတိုက်ခိုက်ရမည် ဖြစ်သည်ဟု ဆိုက်ပရပ်စ် ပြည်ထဲရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုသည်ဟု သိရ၏

## ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်
## ဆိုက်ပရပ်စ်လွှတ်ရန် ဖွဲ့စည်းမည်
### (ကုလသမဂ္ဂ မတ်လ ၄)

ဂရိအမျိုးသားများနှင့် တူရကီအနွယ်ဝင် အမျိုးသားများတို့ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်နေကြသော ဆိုက်ပရပ်စ်ကျွန်းသို့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ် စေလွှတ်ရန် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယနေ့ အတည်ပြုလိုက်သည်။ ယင်းအတည်ပြု ဆုံးဖြတ်ချက်တွင် ဖော်ပြထားရာ၌ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တပ်သား မည်မျှပါဝင်သည့်မည်ကို လည်းကောင်း၊ မည်သည့်နိုင်ငံများမှ စစ်တပ်များ ပါဝင်သင့်သည်ကိုလည်းကောင်း ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် ဦးသန့်က ဂရိ၊ အင်္ဂလန်၊ တူရကီ၊ ဆိုက်ပရပ်စ် နိုင်ငံများနှင့် တိုင်ပင်ညှိနှိုင်းဆုံးဖြတ်ရမည်



ဖြစ်ပေသည်။ ကုလ သမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် ယင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်များ၏ ဗိုလ်ချုပ်ကြီးကိုလည်း ရွေးချယ် ခန့်ထားရမည်စသဖြင့် ပါရှိလေသည်။

* * *

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဦးသန့်အား အာဏာကုန်လွှဲအပ်လိုက်ပြီးနောက်တွင် ဦးသန့်သည် ပထမဦးဆုံး ဆောင်ရွက်ချက်အဖြစ်ဖြင့် တူရကီ ဝန်ကြီးချုပ်နှင့် ဆိုက်ပရပ်စ် သမ္မတကြီး ဘုန်းတော်ကြီး မကာရီယိုထံသို့ ပန်ကြားလွှာ တစ်စောင်ကို ချက်ချင်းပို့ခဲ့လေသည်။

## ဆိုက်ပရပ်စ်အရေး ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဦးသန့်ပန်ကြား
### (ကုလသမဂ္ဂ မတ်လ ၁၁ရက်)

ဖြစ်ပေါ်နေသော တူရကီနှင့် ဂရိအမျိုးသားတို့၏ ဆိုက်ပရပ်စ်မြေပေါ်မှ အရေးအခင်းများအတွက် ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ပန်ကြားလွှာတစ်စောင်ကို ထုတ်ပြန်လိုက်၏။ ယနေ့ ထုတ်ပြန်လိုက်သော ပန်ကြားလွှာတွင် ဦးသန့်က ယခုတိုက်ခိုက်နေကြသော ဂရိအနွယ်ဝင် ဆိုက်ပရပ်စ်အမျိုးသားများ၏ နှစ်ဖက်အကျိုးယုတ်စေသည့်တိုက်ပွဲကို ချက်ချင်းရပ်စဲကြရန် သက်ဆိုင်သူများက ကြိုးစားကြစေလိုသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဆိုပြုချက်ဖြင့် ဆိုက်ပရပ်စ်အခြေအနေ အေးချမ်းရေးအတွက် ကြိုးပမ်းနေသည့် ယခုလိုအချိန်တွင် နှစ် ဖက်တိုက်ခိုက်သတ်ဖြတ်နေခြင်းမှာ အေးချမ်းရာအဖြေရှာရေးအတွက် အထောက်အကူမဖြစ်ဘဲ ပို၍ပင် ရှုပ်ထွေးခက်ခဲစေပါသည် စသဖြင့် ဖော်ပြပါရှိလေသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ပန်ကြားလွှာကို ဆိုက်ပရပ်စ်သမ္မတကြီးနှင့် တူရကီဝန်ကြီးချုပ်ထံသို့ ပို့လိုက်သည်ဟု သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၇–နိုင်ငံပါဝင်သော ကုလငြိမ်းချမ်းရေးတပ် ဆိုက်ပရပ်စ်သို့စေလွှတ်ရန် ဖွဲ့စည်းခြင်း (ကုလသမဂ္ဂ မတ်လ ၂ရက် ကြေးနန်း)

ဆိုက်ပရပ်စ်ကျွန်းတွင် ဖြစ်ပေါ်နေသော အရေးအခင်းများကို ဖျန်ဖြေစောင့်ကြပ်ရန် ၇–နိုင်ငံပါဝင်သော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ကြီးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ဖွဲ့စည်းလိုက်ပြီဖြစ်၏။ ယင်း ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ကြီးတွင် ကနေဒါ၊ ဗြိတိန်၊ အနောက်ဂျာမနီ၊ ဆွစ်ဇာလန်၊ နော်ဝေ၊ ဒိန်းမတ်၊ ဂရိနိုင်ငံများမှ စစ်တပ်များ ပါဝင်ကြ၏။ လောလောဆယ်အားဖြင့် အခြေအနေထိန်းသိမ်းရန်အတွက် ကနေဒါတပ်များကို အလျင်ဦးစွာ စေလွှတ်ပေးရန် ဦးသန့်က ပန်ကြားသည်ဟု သိရသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ကြီး ဖွဲ့စည်းရေးအတွက် ဗြိတိန်နိုင်ငံက ဒေါ်လာတစ်သန်းနှင့် အမေရိကန်နိုင်ငံက ဒေါ်လာနှစ်သန်း ရန်ပုံငွေပါဝင်ထည့်သွင်းခဲ့သည်ဟု သိရလေသည်။

အထက်ပါသတင်းများကိုကြည့်၍ ဆိုက်ပရပ်စ်အခြေအနေကို ဦးသန့်ခေါင်းဆောင်၍ ကြားဝင်စေ့စပ်ရန်ကြိုးပမ်းနေရာ အတော်ပင် ထိရောက်မှုရှိနေပြီဟု ယူဆနိုင်သည်။ သို့သော် တူရကီစစ်တပ်များက ရုတ်တရက် စစ်ပြင်ဆင်မှုမှာ ကမ္ဘာကို တုန်လှုပ်သွားစေခဲ့သည်။

## တူရကီက စစ်ပြင်ဆင်ခြင်း (အန်ကာရာမြို့ မတ်လ ၁၃ရက်)

တူရကီနိုင်ငံအစိုးရက စစ်မြေပြင်သုံးလက်နက်ကိရိယာအစုံအလင်တပ်ဆင်ထားသော တပ်သားများကို ယနေ့ ရေတပ်သယ်ယူပို့ဆောင်ရေး သင်္ဘောပေါ်သို့ တက်ရောက်ပို့ဆောင်ထားလိုက်သည်။ ကမ်းတက်ရေယာဉ်များကိုလည်း ရေတပ်



သယ်ယူပို့ဆောင်ရေး သင်္ဘောပေါ်သို့တင်လာပြီး ကောင်းကင်မှ လေတပ်လေယာဉ်များက ဝဲပြီး အခြေအနေကို စောင့်ကြည့်နေကြသည်ဟု ဆို၏။ ထိုအတွင်း ရေတပ်တိုက်သင်္ဘောကြီး ၂၅–စင်းကိုလည်း အမြောက်လက်နက်များဖြင့် အသင့်ပြင်ထားသည်ကိုလည်း တွေ့ရ၏။ အန်ကာရာ ပင်လယ်ကွေ့ကိုလည်း ရေတပ်မှပိတ်ဆို့ထားပြီး လေယာဉ်ပစ်အမြောက်များကို ကမ်းခြေတွင် အဆင်သင့်ချထားလျက်ရှိသည်ကိုလည်း တွေ့ရ၏။

* * *

အထက်ပါသတင်းများ ဖြစ်ပေါ်နေချိန်မှာ ဦးသန့်သည် မြန်မာနိုင်ငံနှင့် ပြင်သစ်၊ ဆိုဗီယက်နိုင်ငံများသို့ ခရီးထွက်ရန် စီစဉ်ထားသော အချိန်ဖြစ်လေသည်။

ဦးသန့်သည် ခရီးစဉ်ကို ချက်ချင်းဖျက်၍ ဆိုက်ပရပ်စ်အရေး ငြိမ်းချမ်းရေးရစေရန် အစွမ်းကုန်ကြိုးပမ်းခဲ့၏။ ဆိုက်ပရပ်စ်တွင် တစ်ဖက်နှင့်တစ်ဖက် သွေးချောင်းစီးမျှ တိုက်ခိုက်နေကြသော တူရကီနှင့် ဂရိအနွယ် ဝင်အမျိုးသားများ၏ မိုက်ရူးရဲတိုက်ပွဲကို ရပ်စေရန် ဦးသန့်ကိုယ်တိုင်နှစ်ဖက်ခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးခဲ့ရသည်။ ထို့ပြင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ကိုလည်း ဆိုက်ပရပ်စ်သို့ အမြန်ဆုံးစေလွှတ်၍ ဂရိနှင့်တူရကီဘက်သား စစ်တပ်များ၏နေရာကို ဝင်ယူစေသည်။ နှစ်ဖက် တိုက်ခိုက်မှုများကို ယာယီရပ်စဲစေပြီးနောက် ထာဝစဉ်ငြိမ်းချမ်းရေးအတွက် ကုလသမဂ္ဂစားပွဲသို့ တက်ရောက်၍ ဖြေရှင်းရယူရန်လည်း ဦးသန့်ကြိုးစားခဲ့ရပေသည်။ ထို့ပြင် ယင်းနှစ်နိုင်ငံတို့၏ အငြင်းပွားမှုနှင့် ပုတ်ခတ်ပြောဆိုမှုများကိုပါ အေးအေးချမ်းချမ်းဖြစ်စေရန် ကြားဝင်ဖျန်ဖြေ ဆောင်ရွက်ခဲ့ရသည်။

ဆိုက်ပရပ်စ်ပြဿနာမှာ သွေးချောင်းစီးတိုက်ပွဲကြီးများ ဖြစ်လုနီးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးစီးသော ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်များက ဝင်ရောက်ဆောင်ရွက်ခြင်းဖြင့် ပြဿနာမှာ လုံးဝပြီးဆုံး သွားသည်မဟုတ်သော်လည်း အနည်းထိုင် ငြိမ်ဝပ်သွားလေသည်။ ကုလ

www.burmeseclassic.com

www.burmeseclassic.com



သမဂ္ဂငြိမ်းချမ်းရေးတပ်များကိုသာ အချိန်မီ မလွှတ်ပေးနိုင်လျှင် အမျိုးသားစိတ်ဖြင့် သွေးဆူနေသော တူရကီနှင့် ဂရိအနွယ်ဝင် ဆိုက်ပရပ်စ်တို့၏ ကံကြမ္မာမှာ တွေးဝံ့စရာပင်မရှိပေ။

ဆိုက်ပရပ်စ်တွင် ကုလသမဂ္ဂမှ ကြားဝင်၍ မားမားမတ်မတ် ရပ်ခဲ့ခြင်းအတွက် ဤသို့ သွေးချောင်းစီးမည့်ဘေးမှ ကင်းဝေးရခြင်းမှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်းများစွာတို့၏ ဆောင်ရွက်မှုလည်းပါသည်။ ကုလသမဂ္ဂတပ်ဖွဲ့အတွက် ရန်ပုံငွေထည့်သော အမေရိကန်၊ ဗြိတိန်စသည့် နိုင်ငံကြီးများနှင့် စစ်တပ်များပို့လွှတ်သော နိုင်ငံ ၇–နိုင်ငံတို့၏စေတနာနှင့် ဆောင်ရွက်မှုများလည်း ပါရှိသည်။ သို့သော်....ယင်းတို့၏ စေတနာနှင့် ပါဝင်ဆောင်ရွက်မှုတို့ကို တစည်းတလုံးတည်းဖြစ်အောင် ပေါင်းစည်း စုရုံးစေပြီး ကုလသမဂ္ဂတပ်၏အင်အားကို စနစ်တကျ အသုံးချတတ်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ထူးခြားပြောင်မြောက်သည့် အရည်အချင်းကြောင့်ဖြစ်သည်မှာ ဖုံးကွယ်၍မရပါချေ။

## အနောက်အီရီယံ အရေးအခင်း

ဤအရေးအခင်းမှာ ဦးသန့် ယာယီကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်နေစဉ်တွင်ပင် ဖြေရှင်း၍ပြီးသွားခဲ့သည်။ အနောက်အီရီယံကိုသိမ်းယူထားသူမှာ ဒတ်ချ်အစိုးရဖြစ်သည်။ အင်ဒိုနီးရှားက အနောက်အီရီယံမှာ မိမိတို့ပိုင်နယ်မြေဖြစ်သည်ဆိုပြီး ဝင်၍တိုက်သည်။ အီရီယံကျွန်းပေါ်သို့ တိတ်တဆိတ် လျှို့ဝှက်၍လည်း တိုက်သည်။ ပြောင်ပြောင်တင်းတင်းလည်း ဝင်တိုက်သည်။ ဒတ်ချ်အစိုးရကလည်း မိမိတို့ နှစ်ပေါင်းများစွာက သိမ်းပိုက်ထားခဲ့သော ယင်းဒေသကို "စားရမှာလည်း သဲနှင့်ရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနှင့်ဝင်းဝင်း"ဆိုသလို အခက်တွေ့နေသည်။ အနောက်အီရီယံကျွန်း၏ သယံဇာတနှင့် ထွက်ကုန်များကို အားကိုးအားထားပြုနေသော ဒတ်ချ်အမျိုးသားများသည် အင်ဒိုနီးရှားတပ်တွေကို အသေအလဲပြန်၍တိုက်လေသည်။ ဤသို့ဖြင့် အင်ဒိုနီးရှားနှင့် ဒတ်ချ်စစ်တပ်များမှာ မိုးမဆုံးမြေမဆုံး တိုက်ပွဲဝင်နေခဲ့လေသည်။



သေသူတွေလည်း သေခဲ့ကြသည်။ နာသူ ဒဏ်ရာရသူတွေလည်း မနည်း။ "ဥသျှစ်သီးနှစ်လုံး ထုသည့်နယ်" ခံသည့် ဥသျှစ်နှင့်ထုသည့်ဥသျှစ်နှစ်လုံးစလုံးပင် ကွဲကြလေသည်။ ဤအရေးအခင်းတွင် ကုလသမဂ္ဂ ကြားဝင်လိုက်သည်။ နှစ်ဦးနှစ်ဖက်မှ ကိုယ်စားလှယ်များကို ဦးသန့်ကိုယ်တိုင်ယက်ခံတွေ့ဆုံ၍ ဆွေးနွေးသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဖြစ်နိုင်သောနည်းကို ရှင်းပြ၍ဖျန်ဖြေသည်။ ၁၉၆၂–ခုနှစ်အတွင်းမှာပင် အနောက်အီရီယံမှ ဒတ်ချ်စစ်တပ်များကို ပြန်လည်ရုပ်သိမ်း သွားလေသည်။ ယင်းဒတ်ချ် စစ်တပ်များဆုတ်ခွာစဉ် ဦးသန့်သည် ကုလသမဂ္ဂတပ်များကို အနောက်အီရီယံသို့ ပို့လွှတ်၍ စောင့်ကြပ်ထားစေသည်။

အနောက်အီရီယံမှ ဒတ်ချ်တို့၏ ခြေရာလက်ရာများ ရှင်းလင်းသွားသောအခါတွင်မှ ကုလသမဂ္ဂတပ်များသည် အင်ဒိုနီးရှားစစ်တပ်များကို အကြောင်းကြားခေါ်ယူလိုက်သည်။ ဤသို့ဖြင့်ပင် အနောက်အီရီယံတိုက်ပွဲမှာ ငြိမ်းချမ်းသာယာစွာ အဆုံးသတ်၍ သွားခဲ့သည်။ ထိုပြဿနာတွင် တစ်ဖက်နှင့်တစ်ဖက် မုန်းတီးနာကြည်းစွာ ဆဲဆိုပုတ်ခတ်ပြောဆိုရင်း တစ်ဦးမျက်နှာတစ်ဦး ကြည့်၍မရဖြစ်နေကြသော ဒတ်ချ်အာဏာပိုင်များနှင့် အင်ဒိုနီးရှားခေါင်းဆောင်တို့ကို နှစ်ဖက်ကျေနပ်စေ၍ စေ့စပ်ရေးစားပွဲသို့အရောက်ခေါ်ဆောင်နိုင်ခဲ့သော ဦးသန့်၏ သည်းခံစိတ်ရှည်မှု၊ သံတမန်ဆိုင်ရာ နည်းပရိယာယ် ကြွယ်ဝမှုနှင့် ဉာဏ်အမြော်အမြင်ထက်မြက်မှုတို့ကို ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ခေါင်းဆောင်များကပင် ချီးမွမ်းဂုဏ်ပြုပြောဆိုခဲ့ကြရပေသည်။ အကျပ်အတည်း အခက်အခဲ ပြဿနာတစ်ခုအား မည်သို့ ဖြေရှင်းရမည်ဆိုခြင်းကို ထောင့်စေ့အောင်ကြည့်၍ အဖြေရှာတတ်သည့် ဦးသန့်၏ အရည်အချင်းအား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းကပင် သတိပြုမိကြသည်။ သို့ သတိပြုမိကြသည့်အလျောက်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ဆောင်ရွက်မှုများကို ကုလသမဂ္ဂရောက် ကိုယ်စားလှယ်တော်ကြီးများက တစ်ခဲနက် ထောက်ခံအားပေးလျက် ရှိခဲ့ခြင်းလည်း ဖြစ်ပါချေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ၏ ခရီးတစ်ထောက်

### ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၈ရက်နေ့၊ မြန်မာစံတော်ချိန် နံနက်၁နာရီ ၁၀မိနစ်

ဘီအိုအေစီ လေယာဉ်ပျံကြီးသည် အမှောင်ထုကိုထိုးဖောက်၍ ရှေ့သို့ တစ်ဟုန်ထိုး ပျံသန်းလျက်ရှိသည်။ မိုးလရာသီ၏ ညည့်ဖြစ်သောကြောင့်လည်း မိုးအောက်တစ်ခွင် ကောင်းကင်ပြင်၌ မိုးရိပ်မိုးသားများ ရွေ့လျားသွားလာလျက်ရှိသည်ကိုတွေ့ရသည်။ ဘီအိုအေစီလေယာဉ်ပျံကြီး၏ ပထမတန်း ခရီးသည်ခန်းထဲ၌ လူလတ်တန်းအရွယ်ကို လွန်ခဲ့ပြီဖြစ်သော လူရည်သန့်ခရီးသည် တစ်ဦး ပါလာသည်။ သူသည် လေယာဉ်ပြူတင်းခန်းဆီးကို ဆွဲဖယ်လိုက်ပြီး အပြင်လောကကို ကြည့်လိုက်သည်။ အဝေးဆီ၌ တလက်လက်တောက်ပနေသော ငွေကြယ်ပွင့်များကို မြင်ရသည်မှအပ ကောင်းကင်ပြင်မှာ အမှောင်ကျလျက်ရှိသည်ကို တွေ့ရ၏။

လေယာဉ်သည် မြန်မာနိုင်ငံ၏မြို့တော် မင်္ဂလာဒုံလေဆိပ်မှ နံနက် ၁–နာရီမထိုးမီ ၁၀–မိနစ်အလို၌ ထွက်လာခဲ့ခြင်းဖြစ်၏။ ရန်ကုန်မှ အိန္ဒိယနိုင်ငံ ကာလကတ္တားလေဆိပ်ဆီသို့ ဦးတည်ပျံသန်းလျက်ရှိခြင်းဖြစ်သည်။ စောစောကဖော်ပြခဲ့သော လူရည်သန့်ခရီးသည်သည် နောက်တွင်ကျန်ခဲ့သော ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ ဆွေမျိုးမိတ်သင်္ဂဟများကို သတိရနေမိသည်။ မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်၏ ရင်းနှီးလေးစားပြီး ဖော်ရွေသောအပြုံး၊ နိုင်ငံခြားရေးဌာနအတွင်းဝန်မှအစ သံတမန်အကြီးအကဲများ၏ ခင်မင်လေးစားသည့်အပြုံးရိပ်များမှာ သတိရစရာကလေးများဖြစ်သည်။



ထိုနောက် မိမိခင်မင်ခဲ့သော မြန်မာသတင်းစာဆရာများ၊ ပါမောက္ခများ၊ ပညာရေးဌာနနှင့် ပြန်ကြားရေးဌာနအကြီးအကဲများ စသည်ဖြင့် တစ်ဦးစီ၏မျက်နှာကို ပြန်၍တွေးမိသည်။ သြော်....မိခင်မြေမှ လေးစားခင်မင်ဖွယ်ရာသော မိတ်သင်္ဂဟများပင်တည်း။ လေယာဉ်ပျံသို့အတက်တွင် လက်ပြ၍နှုတ်ဆက်ခဲ့ကြသည့် မိတ်ဆွေတစ်စုနှင့် မိမိ၏ညီများကိုလည်း သတိရသည်။ မိမိ၏သွန်သင်ဆုံးမမှုကိုခံယူလျက် ပညာသင်ကြားလာကြရင်း နိုင်ငံ၏တာဝန်ကို ကျရာဌာနမှ အသီးသီးထမ်းဆောင်နေကြသောညီများ ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်၊ သူတို့နှင့်အတူ လိုက်ပါနှုတ်ဆက်လိုက်ကြသည့် ဆွေမျိုးတစ်စု၏ မျက်နှာအသီးသီးကို ပြန်၍မြင်ယောင်နေမိတော့သည်။

မိခင်နိုင်ငံသို့ သုံးရက်ကြာပြန်လာနိုင်ခွင့်ရသဖြင့် မိမိအနေဖြင့် များစွာဝမ်းသာပီတိ ကြည်နူးပျော်ရွှင်ဖြစ်မိသည်။ တကယ်တော့ သုံးရက်ဆိုသောအချိန်မှာ များစွာကြာလှသည်မဟုတ်၊ သည်မျှတိုတောင်းသောအချိန်အတွင်း၌ပင် မိမိသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံတော်လှန်ရေးအစိုးရနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ အစိုးရကကျင်းပသော ညစာခံပွဲလည်း တက်ရောက်ခဲ့သည်။ မဖူးရသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သော လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီကြီးကိုလည်း မိခင်ဆွေမျိုး မိတ်သင်္ဂဟတစ်စုနှင့်အတူ ဖူးမြော်ခဲ့ရပေသည်။ မိမိအား နိုင်ငံအမျိုးသားပညာရေးကို စတင်တည်ထောင်ခဲ့သည့် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် ၁၉–နှစ်ကာလ တာဝန်ထမ်းခဲ့သူအဖြစ်ဖြင့် မြို့မကျောင်းသားဟောင်းများ၏ ညစာခံသောဂုဏ်ပြုပွဲသို့လည်း တက်ခဲ့၏။ သည်ကြားထဲကပင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတဆင့် အဆက်အသွယ်ပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ဖွယ်များကိုလည်း ညွှန်ကြားချက်များ ပေးပို့ခဲ့ရသေးသည်။

သည်မျှတိုတောင်းသောအချိန်တွင် ဤကဲ့သို့ မရပ်မနား လှုပ်ရှားဆောင်ရွက်ခဲ့ရသဖြင့်လည်း အနည်းငယ်ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ သို့သော် ပင်ပန်း၍ နားခွင့်တော့ရမည်မဟုတ်။ ရှေ့ဆီတွင် ကာလကတ္တားမှတစ်ဆင့် ကရာချိ၊ ဘေရွတ်၊ ကိုင်ရိုမြို့များမှတစ်ဆင့် လေယာဉ်ပြောင်းစီးပြီး ဆိုဗီယက်ယူနီယံ မော်စကိုမြို့တော်သို့ ခရီးဆက်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့လူသား သန်းပေါင်းများစွာတို့က ပေးအပ်ထားသောတာဝန်ကို အပြည့်အဝခံယူရင်း ငြိမ်းချမ်းရေးခရီးကို ဆက်၍ဆက်၍ သွားနေရဦးမည့်ပင်ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် လေယာဉ်ပြူတင်းခန်းဆီးကို ပြန်ဆွဲချလိုက်ပြီး ထိုင်ခုံတွင် စိတ်ရှိလက်ရှိပြန်၍မှီချလိုက်၏။ မျက်စိကိုမှိတ်၍ ခေတ္တစိတ်ရောလူပါ အနားယူမည်ဟု ကြံလိုက်မိသည်။ သို့သော်...စိတ်အနားယူ၍မရ၊ မိခင်နိုင်ငံမှ အသက် ၈၁–နှစ်ရှိပြီဖြစ်သော မွေးမိခင်ကို သတိရမိပြန်၏။ မိမိ ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှထွက်ခွာမည်ရှိသောအခါ ညဉ့်အချိန်ဖြစ်သဖြင့် မိခင်ကြီး အိပ်ရေးပျက်ပြီး ကျန်းမာရေးထိခိုက်မည်စိုးရိမ်၍ သွားရောက်နှုတ်ဆက်ခြင်း မပြုခဲ့ရ။ ညဉ့်သန်းကောင်အချိန်တွင် ထွက်ခွာမည်ဖြစ်ခြင်းကြောင့် မိခင်ကြီးကိုလည်း လေဆိပ်သို့လာခွင့်မပြုတော့ပေ။

မိခင်ကြီးမှာ အသက် ၈၁–နှစ်ရှိပြီဖြစ်သော်လည်း လှုပ်ရှားသွားလာနိုင်ပေသေးသည်။ ကျန်းမာရေးနှင့်ပြည့်စုံသူဖြစ်သည့်ပြင် သီလ၏ကောင်းခြင်း၊ မိမိ၏ညီဖြစ်သူများကလည်း အမြဲမပြတ် ဂရုစိုက်ပြုစုကြခြင်းကြောင့် မာမာချာချာပင် ဖြစ်ပေသည်။ နေ့လည်က မိခင်ကြီးကိုသွား၍ ကန်တော့ခဲ့ရ၏။ မိခင်ကြီးက သားရဲ့ဆောင်ရွက်မှုများ အားလုံး ချောချောမောမော အောင်မြင်ပါစေ၊ သား ဘေးမသီရန်မခရှိပါစေ၊ ရတနာသုံးပါးရဲ့အစောင့်အရှောက်ကို ခံယူနိုင်ပါစေဟု ဆုပေးခဲ့သည်။

မိခင်ကြီး၏မျက်လုံးအိမ်တွင် မျက်ရည်များ ဝိုက်သန်းရစ်ခွေနေသည်ကို မြင်ရ၏။ ထို့ကြောင့်ပင် မိမိက အားပေးခဲ့ရသေးသည်။ "အမ...သားအခွင့်ရရင် သီတင်းကျွတ်လလောက် တစ်ခေါက်ပြန်လာဘို့ စီစဉ်ပါ့မယ်"

သား၏စကားကိုကြားတော့ မိခင်ကြီးမှာ ဖြေသာသွားဟန်ရှိသည်။ တကယ်ဆိုတော့ မိမိ ၁၄–နှစ်သားအရွယ်တွင် ဖခင်ဆုံးသွားသောကြောင့် မိခင်ကြီးကိုသာ အားကိုးအားထားပြုခဲ့ရသည်။ မိခင်ကြီး၏ ကျွေးမွေးပြုစုမှုဖြင့် ပညာသင်ခဲ့ရသည်။ နိုင်ငံအတွက်၊ ကမ္ဘာအတွက် အောင်မြင်သောတာဝန်အရပ်ရပ်ကို ထမ်းဆောင်နိုင်ခွင့်ရသည်မှာ စင်စစ်တော့ မိခင်ကြီး၏ဂုဏ်ကျေးဇူးကြောင့်ပင် မဟုတ်ပါလော။ ထို့နောက် မနှစ်ကသွားရောက်၍ လွမ်းသူ့ပန်းခွေချခဲ့ရသော သားဖြစ်သူ တင်မောင်သန့်၏အုတ်ဂူကို သတိရ



မိပြန်သည်။ သားဖြစ်သူ တင်မောင်သန့်၏ဂူကို ပန်းခွေချစဉ်က မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့မိသည်။

သားသမီးသုံးယောက်ရှိခဲ့ရာ သားဦးမောင်ဘိုမှာ လူမမယ်ဘဝကပင်ဆုံးပါးခဲ့ရ၏။ သားအငယ်ဆုံး တင်မောင်သန့်ကား လူလားမြောက်မှ ကွယ်လွန်ခဲ့ရသည်။ မြန်မာနိုင်ငံတွင်ကျောင်းပြန်နေချင်သည်ဟုဆို၍ ရန်ကုန်တက္ကသိုလ်ဥပစာတန်းတွင် ပညာသင်ကြားရန်အတွက် အမေရိကန်နိုင်ငံမှပြန်လွှတ်လိုက်ရာ ရန်ကုန်မြို့တွင် ဘေးအန္တရာယ်ဆိုးနှင့်ကြုံ၍ သားအငယ်မှာ အနိစ္စရောက်ခဲ့ရှာသည်။ လူလားမမြောက်သေးသော သားငယ်မောင်ဘိုသေဆုံးရစဉ်ကပင် သဲလှိုက်ကြေပြုန်း၊ ဝမ်းနည်းပူဆွေးမဆုံး ဖြစ်ခဲ့ရသည်ဖြစ်ရာ လူလားမြောက်ပြီဖြစ်သော သားငယ်တင်မောင်သန့် ရုတ်တရက်အနိစ္စရောက်ရသဖြင့် ဝမ်းနည်းပူဆွေးခဲ့ရသည်မှာ မပြောနှင့်တော့။ သဗ္ဗေသတ္တာ ကမ္မသကာပေပဲဟု ဖြေရတော့မည်။ တစ်နေ့ကတော့ ဆွမ်းကျွေးအလှူနှင့် မိတ်ဆုံထမင်းစားပွဲကြီးကို ရွှေဂုံတိုင်လမ်း ဘုရားကြီးကျောင်းတိုက်တွင်ကျင်းပခဲ့၏။ သံဃာတော်များကို ဝတ္တုကပ်လှူပြီး မိခင်ကြီးနှင့်အတူ ရေစက်သွန်းချ အမျှပေးလှူရခဲ့သည်မှာ ကျေနပ်ဝမ်းသာစရာပင်ဖြစ်ခဲ့ပါ၏။ မိတ်ဆုံထမင်းစားပွဲတွင် ငယ်သူငယ်ချင်းများနှင့်တွေ့ဆုံရသည်မှာ ပျော်စရာကောင်းလှပေသည်။

အမေရိကန်နိုင်ငံတွင် ရှိစဉ် ကမ္ဘာ့ရေးရာများကို သံတမန်များ၊ နိုင်ငံတကာအကြီးအကဲများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ရစဉ်က အနေအထိုင် အပြောအဆိုမှအစ အလွန်ပင် သတိထားပြုမူပြောဆိုခဲ့ရ၍ လွတ်လွတ်လပ်လပ်မရှိ။ ယခုကား ကိုယ့်မိခင်မြေမှ ကိုယ့်သူငယ်ချင်း မိတ်ရင်းဆွေရင်းများနှင့် တပျော်တပါး ခေါ်လိုက် ပြောလိုက်၊ မေးလိုက်၊ မြန်းလိုက်နှင့်ဖြစ်သဖြင့် သည်မိတ်ဆုံထမင်းစားပွဲမှာ မေ့နိုင်စရာမရှိ၊ သူငယ်ချင်းအပေါင်းအသင်းတွေမှာ စုံလင်လှပေသည်။

ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများ၊ နာမည်ကျော် သတင်းစာဆရာများ၊ စာရေးဆရာများ၊ တရားရေးဌာန၊ ပညာရေးဌာန၊ ပြန်ကြားရေးဌာနစသည်တို့မှ တရားသူကြီးများ၊ အတွင်းဝန်များ၊ ပညာမင်းကြီးများ၊ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



ရေးဌာနမှ ထိပ်တန်းအရာရှိများ စသည်ဖြင့် စုံလှသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော သည်မိတ်ဆွေ၊ သည်သူငယ်ချင်းများနှင့် တွေ့သောအခါတွင် မိမိက သူတို့ကျန်းမာရေး၊ သူတို့မိသားစုအခြေအနေများကို မေးရသည်။ စာရေးဆရာ၊ သတင်းစာဆရာများနှင့်တွေ့တော့လည်း "ဟော့လူကြီး... ခင်ဗျား ဘာစာအုပ်တွေရေးနေသလဲ၊ ကျွန်တော်တော့ အလုပ်ကအနားယူတော့မှ စာအုပ်တွေ အားရပါးရ ရေးထုတ်တော့မယ်ဗျာ...."ဟု ပြောမိ၏။

စာပေရေးသားမှုကို အလွန်မက်မောမိ၏။ စာပေပြုစုမှုကို များစွာမြတ်နိုးခဲ့၏။ စာပေလေ့လာဖတ်ရှုရခြင်းမှာ ပျော်စရာအကောင်းဆုံးအမှုဟု မိမိအရိုးစွဲခဲ့သည်။ ကမ္ဘာ့တာဝန်ထမ်းနေရသည့်အချိန်တွင် စာတစ်လုံးပေတစ်ရွက်မျှ မရေးသားနိုင်ခဲ့။ မြန်မာနိုင်ငံမှ မထွက်ခွာမီကတော့ စာအုပ်တွေ ရေးခဲ့သည်။ 'ပြည်တော်သာခရီး' ဆိုသောစာအုပ်မှာ မြန်မာနိုင်ငံတွင် လက်စမသတ်ခဲ့၍ အမေရိကန်ရောက်မှ ဆက်၍ရေးရသည်။ ယင်းစာအုပ်မှာကား မြန်မာနိုင်ငံသမိုင်းစဉ်ကို အစုံလင်ဆုံးနှင့် အရှင်းဆုံးရေးထားသော သမိုင်းတစ်စောင်ဖြစ်ခဲ့သည်။

ယင်းစာအုပ်နောက်တွင် ထပ်၍ မည်သည့်စာအုပ်မှ မပြုစုနိုင်အောင်ပင် မအားမလပ်ဖြစ်ခဲ့ရလေသည်။ စာပေမိတ်ဆွေများနှင့်တွေ့စဉ်က "ခင်ဗျား ရေးမယ့်စာကို စောင့်ဖတ်ပါရစေ၊ ခင်ဗျားရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ရေးမယ့်စာအုပ်ဟာ ကမ္ဘာ့စာပေသမိုင်းဝင်စာတစ်အုပ် ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်တို့သိပါတယ်"ဟု မိမိကိုပြောလိုက်သေးသည်။ ကမ္ဘာ့အထက်တန်းအကျဆုံးလေယာဉ်ကြီးသည် တငြိမ့်ငြိမ့်ခရီးဆက်လျက်ရှိသည်။ ထိုပုဂ္ဂိုလ်သည် ထိုင်ခုံနောက်တွင်မှီ၍နေရာမှ ခါးကိုဆန့်၍ ထလိုက်၏။

ထို့နောက် လက်မှနာရီကို မြှောက်ကြည့်လိုက်၏။ မိမိ၏အတွင်းရေးမှူး မစ္စတာဒေါ်နဲလ်သောမတ်စ်နှင့် အဖွဲ့ဝင်အမှုထမ်းများမှာ အသီးသီး စာဖတ်သူဖတ်၊ စကားပြောသူပြောလျက်ရှိသည်။ နာရီကိုကြည့်လိုက်သဖြင့် ကာလကတ္တားလေဆိပ်သို့ ဆိုက်ရောက်ရန်အချိန် မဝေးတော့ပြီဖြစ်ကြောင်းကို သိရသည်။ မကြာမီ လေယာဉ်တာဝန်ခံများ၏ ကြေညာချက်ကို ကြားလိုက်ရသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ဘီအိုအေစီလေယာဉ်ကြီး



သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တော်လေဆိပ်သို့ ဆိုက်ကပ်တော့မည်ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် လေယာဉ်ပြူတင်းခန်းဆီးကို ဆွဲဖယ်လိုက်ပြီး အဝေးဆီသို့ လှမ်းကြည့်လိုက်၏။

မိုင်အတော်ကွာလှမ်းသေးသော အဝေးတစ်နေရာတွင် လျှပ်စစ်မီးရောင်များ မှုန်ဝါးဝါး စတင်တွေ့ရပြီဖြစ်၍ ကာလကတ္တားမြို့တော်ဖြစ်မည်ကို သိလိုက်ပေသည်။

ထိုပုဂ္ဂိုလ်အမည်ကား ... ဦးသန့်။

သူ၏ရာထူးကား ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရာထူး။ သူကား အမိနိုင်ငံမြန်မာပြည်သို့ သုံးရက်ကြာမျှ သွားရောက်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးခရီးစဉ်အတွက် ဆိုဗီယက်နိုင်ငံသို့အသွား အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ခေတ္တရပ်နားမည့် ဘီအိုစီလေယာဉ်ပေါ်၌ရှိသည်။

ကာလကတ္တားမှမဒရပ်၊ ဘေရွတ်ထိသွားရမည်။ ဘေရွတ်မှ အာရပ်လေယာဉ်ကိုစီး၍ ကိုင်ရိုမြို့တော်ထိသွားရမည်။ ကိုင်ရိုမှ ဆိုဗီယက်လေကြောင်းမဲရိုဖလော့ဖြင့် ဆိုဗီယက်နိုင်ငံ မော်စကိုမြို့တော်သို့ ခရီးဆက်ရမည်။ မော်စကိုမြို့တော်တွင် ဆိုဗီယက်နိုင်ငံခေါင်းဆောင်ကြီးများနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာအခြေအနေများအတွက် ဆွေးနွေးဆောင်ရွက်ရဦးမည်ဖြစ်သည်။ သူကား ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီးတစ်ဦးဖြစ်၏။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီးသည် လူသားသန်းပေါင်း များစွာတို့က ပေးအပ်ထားသောတာဝန်ကို ထမ်းရွက်၍ ခရီးအဆင့်ဆင့်ကို ဆက်လက်လျှောက်သွားလျက်ရှိခြင်းဖြစ်ပေတော့သည်။

## မိခင်မြေသို့တစ်ခေါက်အပြန်

၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၅-ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် မိခင်တိုင်းပြည်ဖြစ်သော မြန်မာနိုင်ငံသို့ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ဧည့်သည်တော်အဖြစ် သုံးရက်ကြာမျှ ပြန်လည်ရောက်ရှိခဲ့လေသည်။ ဦးသန့် မြန်မာပြည်သို့ ပြန်မရောက်လာသည်မှာကြာပြီ။ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံသို့ တစ်ခါတစ်ခေါက် အလည်လာရောက်

www.burmeseclassic.com

www.burmeseclassic.com



ပါရန် ဦးသန့်ကို ချစ်ခင်လေးစားကြသော မြန်မာလူထုက လိုလားခဲ့သည်။ ဆန္ဒပြုခဲ့ပါသည်။ သို့သော် ...ကမ္ဘာ့ငြိမ်းချမ်းရေးတာဝန်များကို အချိန်ပြည့်တာဝန်ထမ်းနေရသော်လည်း ဦးသန့်အနေဖြင့် မိခင်မြေသို့ တစ်ခါတစ်ခေါက် အလည်ရောက်ရန်ကိစ္စမှာ မလွယ်ကူပေ၊ အားလပ်သည့်အချိန်က လုံးဝမရှိ။

ကွန်ဂိုပြဿနာ၊ ဆိုက်ပရပ်စ်ပြဿနာ၊ ကျူးဘားပြဿနာရပ်များသည် ကမ္ဘာ့စစ်မီးကြီး တောက်လောင်မည့် ခရီးသို့ ဦးတည်နေခဲ့သည်။ သည်စစ်မီးတောက်များကို ဖယ်ရှားရန်အတွက် ဦးသန့်ကြိုးစားခဲ့ရသည်။ အနိုင်နိုင်ငံမှ ကိုယ်စားလှယ်များ၊ သံတမန်များ ခေါင်းဆောင်များနှင့် တွေ့ဆုံချဉ်းကပ်၍ ပြဿနာများ၏ အဖြေကို ရှာခဲ့ရသည်။ တတိယကမ္ဘာစစ်နှုတ်ခမ်းသို့ လျှောကျသွားနေသော မျက်မှောက်ခေတ် ကမ္ဘာကြီး၏ ကံကြမ္မာကို အဆိုးမှအကောင်းသို့ ရောက်အောင် ဆွဲဆောင်ကြိုးပမ်းရသည့် တာဝန်မှာ သေးငယ်လှသည်တော့ မဟုတ်။

၁၉၆၄ ခု မတ်လတွင် ဦးသန့် မြန်မာနိုင်ငံသို့ပြန်လာရန် အစစအရာရာ စီစဉ်ပြီးဖြစ်ခဲ့သည်။ သို့သော် ထိုအချိန်က ရုတ်တရက် ဆိုက်ပရပ်စ်ပြဿနာ ပေါ်လာခဲ့သည်။ ဂရိတ်အနွယ်ဝင်နှင့် တူရကီအနွယ်ဝင် ဆိုက်ပရပ်စ်လူမျိုးများ၏ ပြဿနာမီးသည် ငြိမ်းမနိုင်ထိန်းမရဖြစ်လာသည်။ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်သည်အထိဖြစ်လာသည်။ စစ်ပြင်ကြသည်။ စစ်သင်္ဘောအဆင်သင့်၊ စစ်လက်နက်တွေအဆင်သင့် ဖြစ်လာသည်။ ဤအရေးအခင်းတွင် ကမ္ဘာ့ကုလသမဂ္ဂမှာ ကြားဝင်ရလေသည်။ ဦးသန့်၏ မြန်မာနိုင်ငံခရီးစဉ်ကို ချက်ခြင်းဖျက်သိမ်းရသည်။ ဦးသန့်ကို ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အာဏာကုန်လွှဲအပ်လိုက်၏။ ကုလသမဂ္ဂတပ်များကို ဆိုက်ပရပ်စ်သို့ပို့လွှတ်၍ စောင့်ကြပ်နိုင်းရမည်ဖြစ်သည်။ ချက်ချင်းပင် ဦးသန့်သည် ကုလသမဂ္ဂတပ်များ ပို့လွှတ်ရေးအတွက် နှစ်ဖက်နိုင်ငံခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ခဲ့ရ၏။ ထိုအရေးအခင်း အနည်းငယ်အနယ်ထိုင်သွားသောအခါတွင် ဦးသန့်သည် မိမိ၏ ခရီးစဉ်ကို ပြန်၍ရေးဆွဲရပြန်လေ၏။

ဦးသန့်သည် ၁၉၆၄-ခု ဇူလိုင်လ နောက်ဆုံးရက်သတ္တပတ်တွင် မြန်မာနိုင်ငံသို့ လာမည်ဟု ကြေညာလိုက်သည်။ ဦးသန့် ယခုတစ်ကြိမ်



အမှန်လာမည်ဟု သိရသောအခါ မြန်မာလူထုသည် အတိုင်းမသိ ကျေနပ်ဝမ်းသာဖြစ်ကြရ၏။ ဦးသန့်ခရီးနှင့် ပတ်သက်၍ သတင်းစာများတွင် ကြေးနန်းသတင်းတစ်ပုဒ်ကို ၁၉၆၄-ခု၊ ဇွန်လ ၂၉-ရက်နေ့တွင် ဖတ်ရှုရလေသည်။

## ဦးသန့်၏ မြန်မာနိုင်ငံခရီး

### ဇူလိုင်လ နောက်ဆုံးရက်သတ္တပတ်၌ ရောက်လာမည်
### (ကုလသမဂ္ဂ ဇွန် ၂၉၊ ၁၉၆၄)

ကုလသမဂ္ဂအတွင်းဝန်ချုပ် ဦးသန့်သည် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဟု ကုလသမဂ္ဂမှ ယနေ့ တရားဝင် ကြေညာလိုက်၏။ ကြေညာချက်အရ ဦးသန့် မြန်မာနိုင်ငံသို့ လာရောက်မည့်အစီအစဉ်သည် ဇူလိုင်လ ၁၉-ရက်နေ့တွင် ကိုင်ရို၌ကျင်းပမည့် အာဖရိကနိုင်ငံများဆွေးနွေးပွဲသို့ တက်ရောက်ရန် တရားဝင်ဖိတ်ကြားချက်အရ ကိုင်ရိုသို့သွားမည့် အစီအစဉ်နှင့် ဆိုဗီယက်အစိုးရ၏ဖိတ်ကြားချက်အရ မော်စကိုသို့ သွားမည့်အစီအစဉ်တို့တွင် ပါဝင်သည်ဟု သိရ၏။ ဦးသန့် ခရီးစဉ်သည် ဇူလိုင် ၁၄-ရက်နေ့မှစပြီး ဇူလိုင် ၃၁-ရက်ထိကြာမည်။ အစီအစဉ်၌ ဂျနီဗာ၊ ပဲရစ်၊ လန်ဒန်နှင့် ရန်ကုန်သို့ဝင်ရန်ပါသည်။

ဦးသန့်၏ ခရီးဖော်များအဖြစ် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်မှု မရှိသေးသော နယ်မြေများဆိုင်ရာ ကော်မီတီအတွင်းဝန် မစ္စတာ ဂေါ်ဖရီ အနာရီ၊ နိုင်ငံရေးနှင့် လုံခြုံရေးကောင်စီအတွင်းဝန် ဖလာစီ ဗာဆပ်စလော့တို့ပါဝင်မည်။ ဦးသန့်သည် ကိုင်ရိုသို့ ဇူလိုင် ၁၉-ရက်နေ့တွင်ရောက်မည်ဖြစ်ပြီး မော်စကိုတွင် ဇူလိုင် ၂၈-ရက်နေ့မှ ၃၁-ရက်နေ့ထိနေမည်။ လွန်ခဲ့သော ပြီလက ဦးသန့် မြန်မာနိုင်ငံအစိုးရ၏ သည်တော်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာရန်စီစဉ်ပြီးမှ ဆိုက်ပရပ်စ်အရေးအခင်းကြောင့် ရွှေ့ဆိုင်းခဲ့ရ၏။

ဦးသန့် မြန်မာနိုင်ငံသို့လာမည့်ရက်ကို ယင်းသတင်းတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

ဦးသန့်သည် မြန်မာနိုင်ငံသို့သာ ဦးတည်၍ ထွက်လာခြင်းမဟုတ်ပေ။ လမ်းခရီး၌ ကိုင်ရိုထိပ်သီး ကွန်ဖရင့်သို့လည်း တက်ရောက်ရသည်။

ပြင်သစ်သမ္မတကြီး ဒီဂေါနှင့်လည်း ဝင်၍တွေ့ခဲ့သည်။ လန်ဒန်သို့ဝင်ရောက်ပြီးလျှင် နိုင်ငံတကာအရေးအခင်းများကို ဝန်ကြီးချုပ် ဆာအလက်ဒေါက်ဂလပ်ဟုန်းနှင့်လည်း ဆွေးနွေးခဲ့လေသည်။

**ဦးသန့်သည် လန်ဒန်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ၁၉၆၄–ခု ဂျူလိုင်လ ၂၅–ရက်နေ့ နံနက် ၉–နာရီအချိန်တွင် ရောက်ရှိလာခဲ့၏။**

**ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တွေ့ဆုံလျက် ကုလသမဂ္ဂ၏သဘောထားများနှင့် ကမ္ဘာ့ပြဿနာများကိုတင်ပြရန်၊ မိဘဆွေမျိုးများ၊ မိတ်သင်္ဂဟများကိုတွေ့ဆုံရန်ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ကြောင်းကြားသိရ၍ စိတ်အလွန်ထိခိုက်ပါသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က ခရီးရောက်မဆိုက်ရန်ကုန်မင်္ဂလာဒုံလေဆိပ်တွင် သတင်းထောက်များကို ပြောကြားလိုက်လေသည်။**

တော်လှန်အစိုးရ၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် လန်ဒန်မြို့မှတစ်ဆင့် မင်္ဂလာဒုံလေဆိပ်သို့ ၁၉၆၄–ခု၊ ဂျူလိုင်လ ၂၅–ရက်နေ့ နံနက် ၉–နာရီတွင် ပီအေအေ လေယာဉ်ဖြင့် ဆိုက်ရောက်လာစဉ် ထိုသို့ ပြောကြားခြင်းဖြစ်၏။

လေဆိပ်တွင် ဦးသန့်အား နိုင်ငံခြားရေးဌာန တာဝန်ခံ ဦးသိဟန်၊ အမြဲတမ်းအတွင်းဝန် ဦးစိုးတင်၊ အမှုဆောင်အတွင်းဝန် ဦးအုန်းခင်၊ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလွင်၊ အသက် ၈၁–နှစ်ရှိ



ဦးသန့်၏မိခင် ဒေါ်နန်းသောင်၊ ညီများဖြစ်သော ပါလီမန်အမတ်ဟောင်း ဦးခန့်၊ အတွင်းဝန် ဦးသောင်း၊ တိုင်းမင်းကြီး ဦးတင်မောင်၊ မြန်မာနိုင်ငံသို့ ရက်အနည်းငယ် ကြိုတင်ရောက်နေကြသော ဦးသန့်၏ ဆွေမျိုးတစ်စုအပြင် မြို့မကျောင်းအုပ်ကြီး ဦးဘလွင်၊ ပန်းကန်စက် ဦးသော် စသည့် မိတ်ဆွေဟောင်းများ၊ ကုလသမဂ္ဂ မြန်မာနိုင်ငံကိုယ်စားလှယ်များနှင့် နိုင်ငံခြားသံတမန်ကြီးများလည်း ပါဝင်၏။ ဦးသန့်သည် လေဆိပ်၌ သတင်းထောက်များနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားရာ၌ "မိမိသည် နယူးရောက်မှ ဂျိနီဗာသို့သွား၍ ကိုင်ရိုသို့တစ်ဆင့်သွားပြီး အာဖရိက ထိပ်သီးညီလာခံသို့ တက်ခဲ့သည်။ ကုလသမဂ္ဂသို့ရောက်နေသော ပြဿနာရပ်များကို ထိုကွန်ဖရင့်၌ တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် ပြင်သစ်သမ္မတ ဒီဂေါ၏ဖိတ်ကြားချက်အရ ပြင်သစ်ပြည်သို့သွားရောက်ပြီးလျှင် သမ္မတဒီဂေါနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒီဂေါနှင့်ဆွေးနွေးရာ၌ အရှေ့တောင်အာရှပြဿနာများနှင့် ပတ်သက်၍ သဘောတူချက်ရခဲ့ပေသည်။ ပြင်သစ်မှတဆင့် လန်ဒန်မြို့သို့သွားပြီး ဗြိတိန်ဝန်ကြီးချုပ် ဒေါက်ဂလပ်ဟုမ်းနှင့်တွေ့ဆုံပြီး ယခုမြန်မာနိုင်ငံသို့ ထွက်လာခဲ့ပါသည်။ မြန်မာနိုင်ငံသို့လာရောက်ခြင်းမှာ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ဝင်များ၏ ဖိတ်ကြားချက်အရ ဖြစ်ပါသည်။ ယခင် ဧပြီလကပင် မြန်မာနိုင်ငံသို့လာရန် အစီအစဉ်ရှိခဲ့သော်လည်း ဆိုက်ပရပ်စ်ပြဿနာကြောင့် မလာခဲ့ရ၊ ယခုမြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ မိဘဆွေမျိုးမိတ်သင်္ဂဟများကို မတွေ့ရသည်မှာ ကြာနေခြင်းနှင့် ဗိုလ်ချုပ်ကြီးနေဝင်းအားတွေ့ဆုံလျက် ကမ္ဘာ့ကုလသမဂ္ဂ သဘောထားများ၊ ကမ္ဘာ့ပြဿနာများကို တင်ပြဆွေးနွေးရန်ဖြစ်ပါသည်။ မြန်မာပြည်၌ သုံးရက်မျှနေထိုင်၍ ဂျူလိုင် ၂၇–ရက်နေ့ တနင်္လာနေ့တွင် ဆိုဗီယက်သို့ ထွက်ခွာသွားမည်။ ဆိုဗီယက်သို့ သွားရောက်ခြင်းမှာ ကုလသမဂ္ဂသို့ ဆိုဗီယက်ကပေးရန်ရှိသော **ကြွေးမြီကိစ္စမဟုတ်၊** ကုလသမဂ္ဂအတွက် ပိုမိုအကျိုးရှိစေမည့် ကိစ္စများအတွက် ဆွေးနွေးရန်ဖြစ်ပါသည်။ ဆိုဗီယက်နိုင်ငံတွင် ဂျူလိုင် ၂၈–ရက်မှ ၃၀–ရက်ထိနေပြီး ၃၁–ရက်နေ့တွင် နယူးယောက်သို့ ပြန်လည်ထွက်ခွာမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ မြန်မာနိုင်ငံသို့လာရောက်ရခြင်းအတွက် များစွာပ
ဝမ်းသာပါသည်။ မြန်မာပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမ
စေရန် ဆုတောင်းပါသည်"ဟု ပြောသွားသည်။ ဦးသန့်အား လေဆိပ်တွ
သတင်းထောက်များက မေးခွန်းများဆက်လက်မေးမြန်း၍ ဦးသန့်က ပြေ
ကြားသွားရာတွင် "ဗီယက်နမ်အရေးမှာ ကုလသမဂ္ဂသို့မရောက်သေးသေ
လည်း ဗီယက်နမ်သည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ခြင်းကပ်နေသည့်အလျောက
မြန်မာတိုင်းရင်းသားတစ်ဦးအနေဖြင့် အလွန်စိတ်လေးမိသည်။ ထို့ကြော
ဗီယက်နမ်အရေးကို စစ်ရေးအရမဖြေရှင်းပဲ နိုင်ငံရေးအရဖြေရှင်းရန် အကြ
ပေးခြင်းဖြစ်သည်။ ထိုသို့ပြောကြားခြင်းမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ
အနေဖြင့်ပြောခြင်းမဟုတ်ဘဲ ငြိမ်းချမ်းရေးကိုလိုလားသည့် ကမ္ဘာသားတစ်ဦ
အနေဖြင့် ပြောခြင်းဖြစ်သည်။

ဗီယက်နမ်အရေးနှင့် စပ်လျဉ်း၍ လူတစ်ကိုယ်လျှင် အယူအဆ
တစ်မျိုးစီရှိရာ မိမိ၏အဓိကရည်ရွယ်ချက်မှာ ထိုဒေသ၌ငြိမ်းချမ်းရေးရရှိပြီး
အထိအခိုက် မရှိရေးသာဖြစ်သည်"ဟု ဖြေကြားသွား၏။ တရုတ်ပြည်သူ့
သမ္မတနိုင်ငံ ကုလသမဂ္ဂဝင်ရေးနှင့်စပ်လျဉ်း၍ ၁၉၆၁-ခုနှစ်က မြန်မာကိုယ်
စားလှယ်ဦးသန့်၏ ပြောကြားချက်အတိုင်းပင် ရှိသေးသလားဟု သတင်း
ထောက်တစ်ဦးက မေးမြန်းသောအခါတွင် ဦးသန့်က

**"ထိုကိစ္စနှင့် ပတ်သက်လျှင် ဦးသန့်နှစ်သန့်ရှိသည်ဟု သဘောထားစေလိုသည်။ ၁၉၆၁-ခုနှစ်က ဦးသန့်နှင့် ၁၉၆၁-ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ဟူ၍ နှစ်မျိုးရှိရာ ယခင်ကဲ့သို့ မိမိသဘောထားကို ထုတ်ဖော်မပြောနိုင်ပါ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်အနိစ္စရောက်သည့်သတင်းကို ယမန်နေ့က ကာလကတ္တားမြို့ရောက်မှ ကြားသိရ၍ အလွန်ပင် စိတ်ထိခိုက်မိသည်"ဟု ပြောသွားလေသည်။**

ဦးသန့်အား အစိုးရဧည့်သည်တော်အဖြစ် အမှတ် ၁၁၄ အင်းယား
လမ်းရှိ အစိုးရဧည့်ဂေဟာတွင် ထားရှိသည်။ ဦးသန့်သည် ထိုနေ့နေ့လည်



ပိုင်းက နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသိဟန်ထံသို့၎င်း၊ တော်လှန်ရေး
ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းထံသို့၎င်း သွားရောက်တွေ့ဆုံနှုတ်ဆက်
၍ ညနေပိုင်းတွင် အာဇာနည်ဗိမာန်သို့သွားရောက်၍ လွမ်းသူ့ပန်းခွေချ
လေသည်။ ထိုနေ့ည ၇-နာရီတွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး
နေဝင်းနှင့် ဇနီးတို့က ဦးသန့်အား အစိုးရဧည့်ဂေဟာတွင် ဂုဏ်ပြုညစာ
စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ထိုညစာစားပွဲတွင် မြန်မာအစားအသောက်
များဖြင့် ဦးသန့်ကို ဧည့်ခံသည်။ ထိုဂုဏ်ပြုညစာစားပွဲသို့ တော်လှန်ရေး
ကောင်စီဝင်များ၊ ဌာနတာဝန်ခံများ တက်ရောက်သည့်အပြင် နိုင်ငံခြားရေး
ရုံးမှ အရာရှိများလည်း ပါဝင်သည်။ ထို့ပြင် ဘန်ကောက်မြို့၌ ရုံးစိုက်သော
အီးကဖီး အမှုဆောင်အရာရှိချုပ် ဦးညွန့်နှင့် ဇနီးတို့လည်း တက်ရောက်၏။
ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်နှင့် ဇနီးသားသမီးများ၊ ဦးသန့်၏
ညစာစားပွဲသို့
တက်ရောက်ကြ၏။ ဂုဏ်ပြုညစာအခမ်းအနားတွင် မြန်မာအနုပညာသည်
များဖြစ်သော တင်တင်မြ၊ ဒေါ်ခင်မြင့်၊ စောင်း ဦးစိန်ဖေနှင့်
ဦးစိန်လှမောင်တို့၏ ရှေးမြန်မာတူရိယာများနှင့်ဖျော်ဖြေ၍ မြန်မာ့အသံ
အမာစိန်အငြိမ့်ဖြင့် ကပြ ဧည့်ခံခဲ့လေသည်။

## မြို့မမိသားစု ဧည့်ခံပွဲ

ကမ္ဘာကြီးငြိမ်းချမ်းသာယာရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိုမိုရင်းနှီးရေး၊
ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်အရ ကုလသမဂ္ဂလုပ်ငန်းများကို ဆက်လက်
ကြိုးစားလုပ်ဆောင်သွားမည်ဟု ဂျူလိုင်လ ၂၆-ရက်နေ့ ညဉ့် ၇-နာရီတွင်
မြို့မ အမျိုးသားအထက်တန်းကျောင်း၌ ကျင်းပသော မြို့မမိသားစု ဧည့်ခံပွဲ
၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ပြောကြားသွားခဲ့၏။ ဂုဏ်ပြုပွဲ
တွင် မြို့မကျောင်းအကျိုးဆောင် ဒါရိုက်တာ ဦးဘလွင်က ဦးသန့်ကို ရှီးကျူး
နှုတ်ဆက်စကားပြောကြား၍ ဦးသန့်က အထက်ပါအတိုင်း **မင်္ဂလာစကား**
ပြန်လည်ပြောကြားခဲ့လေသည်။ ဂုဏ်ပြုဧည့်ခံပွဲသို့ **ညဉ့် ၇-နာရီ ၁၀**-မိနစ်
တွင် ဦးသန့်သည် ကုလသမဂ္ဂရုံးခွဲမှ အရာရှိများ၊ **ညီဖြစ်သူ ပန်းတ**နော်

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်၊ ကုလသမဂ္ဂ အီးကဖီးအမှုဆောင်အရာရှိချုပ် ဦးညွန့်တို့ခြံရုံလျက် ရောက်လာရာ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချစ်မောင်၊ အကျိုးဆောင် ဒါရိုက်တာ ဦးဘလွင်နှင့် မိတ်ဆွေသင်္ဂဟများက နှုတ်ဆက်ကြိုဆိုကြ၏။ ဦးသန့်သည် မိတ်ဆွေများကို တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

ဦးသန့် မိန့်ခွန်းပြောကြားရာတွင် မိမိကို ဂုဏ်ပြုညွှန်ခံ၍ ဝမ်းသာကျေးဇူးတင်မိပါသည်။ စိတ်လည်း ထိခိုက်ပါသည်။ မိမိသည် ၁၉–နှစ်တိုင် ကျောင်းဆရာလုပ်ခဲ့ပြီးမှ မြန်မာအစိုးရတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ကျောင်းဆရာတစ်ခါလုပ်မိလျှင် ကျောင်းဆရာစိတ်မပျောက်ဟု ပါရှိသည်။ ဦးသန့်သည် အရေးတကြီးကိစ္စရှိနေသဖြင့် ညစာမစားနိုင်ဘဲ ၇–နာရီ ၄၅–မိနစ်တွင် ပြန်သွား၍ ညစာစားပွဲကို ဆက်ကျင်းပ၏။

## ဦးသန့်၏ဆွမ်းအလှူနှင့် မိတ်ဆုံပွဲ

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ဆွမ်းကပ်အလှူနှင့် မိတ်ဆုံစားပွဲကို ဂျူလိုင်လ ၂၆–ရက်နေ့ နံနက် ၈–နာရီခွဲအချိန်တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း၊ ဘုရားကြီးကျောင်းတိုက်၌ ကျင်းပပြုလုပ်၏။ နံနက် ၈–နာရီခွဲကစ၍ သံဃာတော်အပါး ၆၀အား ဆွမ်းကပ်၍ သံဃာတစ်ပါးလျှင် ငွေကျပ် ၃၀–လှူဒါန်းပြီး မိခင်ဒေါ်နန်းသောင်နှင့်အတူ အမျှပေးဝေသည်။ ဆွမ်းကျွေးပြီးနောက် မိတ်သင်္ဂဟဆွေမျိုးသားချင်းများ၏ ထမင်းလက်ဆုံပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်ဟောင်း ဦးနု၏ဇနီး ဒေါ်မြရီ၊ ပထစ ခေါင်းဆောင်ဟောင်း သခင်တင်၊ ဝန်ကြီးဟောင်း ဦးဘမြိုင်၊ ဦးကျော်မင်း၊ ဦးကျော်မြင့်ကလေး၊ တရားဝန်ကြီးဟောင်း ဦးချန်ထွန်း၊ ထွန်းနေ့စဉ် ဦးထွန်းဖေ၊ မြန်မာ့အလင်း ဦးတင်၊ မြန်အောင် ဦးတင်၊ ဦးဘဂျမ်း၊ ယခု အမေရိကန်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးထွန်းဝင်း၊ ဗိုလ်မှူး သခင်ချစ်မောင်၊ ဦးသိန်းဖေမြင့်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ၊ ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ ဆရာဇဝန၊ ဆရာသုခနှင့် အစိုးရအရာထမ်း အတွင်းဝန်များ၊ ပန်းတနော်မြို့သား မိတ်ဆွေဟောင်းများ တက်ရောက်ခဲ့လေသည်။



ထိုသို့ကျင်းပရာတွင် ဦးသန့်၏ မိတ်ဆွေသင်္ဂဟများမှာ အထူးများပြားလွန်းလှ၍ အချို့ နှုတ်မဆက်ဘဲ ပြန်သွားရ၏။

ဦးသန့်ကို မမြင်ဘူးသူများ အဖွားအို သက်ကြီးရွယ်အိုများ ပါနေ၍ လက်ညှိုးထိုးပြကြရသေး၏။ ဦးသန့်က ယခုအခါ အလွန်အလုပ်များနေသော်လည်း လာမည့် အောက်တိုဘာလတွင် အလုပ်ပါးသွားနိုင်သဖြင့် တစ်ခေါက်ထပ်လာပြီး ၇–ရက်ခန့်နေရန် ကြံရွယ်ပါသည် စသဖြင့် ပြောဆိုပြီး ရေးဖြစ်ဟောင်းများကို မိတ်ဆွေများနှင့် စကားစမြည်ထိုင်ပြောနေ၏။ ထိုနေ့ နေ့လည် ၁–နာရီအချိန်တွင်ကား ဦးသန့်နှင့်အတူ မိခင် ဒေါ်နန်းသောင်၊ ညီ ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်၊ သမီး အေးအေးသန့်၊ ဆွေမျိုးသားချင်းများလိုက်ပါ၍ ဝက်ဘာလမ်းသွယ် အမှတ် ၁၁–နေ ဦးသန့်၏ညီ အတွင်းဝန် ဦးသောင်း၏အိမ်သို့ သွားရောက်အပန်းဖြေလေသည်။

## မှိုင်းဆရာသို့ ဦးသန့်ဂါရဝပြု

ဦးသန့်သည် ဂျူလိုင် ၂၆–ရက်နေ့ နေ့လည် ၁–နာရီ ၁၀–မိနစ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဈာပနထားရှိသော စမ်းချောင်းရပ် ချမ်းသာလမ်း အမှတ် ၅–နေအိမ်သို့ လာရောက်ဂါရဝပြုသည်။ ဦးသန့်က ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်းကြောင့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ရေးသားမှတ်တမ်းတင်ခဲ့ရာ "မြန်မာပြည်သို့ ခေတ္တပြန်ရောက်လာခိုက်တွင် ဆရာကြီးအား နောက်ဆုံးဂါရဝပြုခွင့်ရသဖြင့် ကျေနပ်ပါသည်။ ဆရာကြီး ကောင်းရာသုဂတိသွားစေရန် ဆုတောင်းရန် လိုမည်မထင်ပါ။ ဆရာကြီး ဘဝတစ်ပါးပြောင်းသွားသည်မှာ မြန်မာနိုင်ငံအဖို့ နေတစ်ဆူကွယ်သည်နှင့် တူပါသည်"ဟု ရေးသားသွားခဲ့၏။ ဦးသန့်သည် ဈာပနမဏ္ဍပ်သို့ ရောက်လာရာ ဆီးကြိုနှုတ်ဆက်သူများကို ပြန်လည်နှုတ်ဆက်ပြီးနောက် ဆရာကြီးရုပ်ကလပ်ရှိသော မဏ္ဍပ်အလယ်သို့သွား၍ ကန်တော့ဦးချ၏။

ထို့နောက် ဆရာကြီး၏သားမက် စာရေးဆရာ ဦးပေါ(ဇေယျ) စသော ဈာပနကော်မီတီဝင်များနှင့် တွေ့ဆုံစကားပြောကြရာတွင် ဦးသန့်က

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးကွယ်လွန်သည့်နေ့မှစပြီး မိုးမရွာဘဲနေသည်မှာ ဆရာကြီး၏ သိက္ခာ သမာဓိကြောင့်ပင် ဖြစ်မည်"ဟု ပြောဆိုသွား၏။ ဦးသန့်သည် ဈာပန ဝမ်းနည်းမှတ်တမ်းတွင် "မောင်သန့်"ဟုသာ လက်မှတ်ထိုးပြီး ရာထူးအမည်ကို မရေးသားဘဲထားသည်။ ထို့နောက် ဦးသန့်က ဆရာဇေယျကို 'ဆရာယော ယခုဘာလုပ်နေသလဲ၊ ဆရာယောစာတွေကိုတော့ မဂ္ဂဇင်းတွေမှာ တွေ့ပါသည်'ဟု ပြောသည်။ ဦးယောက အလုပ်မယ်မယ်ရရ မရှိပါ။ မဂ္ဂဇင်းတွေမှာစာရေးပြီး အစိုးရကတာဝန်ပေးသည့် ကော်မီတီတွေမှာ ဆောင်ရွက်ပါသည်ဟု ဖြေ၏။ ဦးသန့်က ဇဝနနဲ့ ညိုမြတော့ ဆွမ်းကျွေးမှာ ပဲတွေ့လိုက်သည်။ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်လုပ်ခဲ့တဲ့ ဦးကျော်စိုး၊ ဦးခင်တို့ဘယ်မှာလဲဟု မေးသေးသည်။ ထို့နောက် မဏ္ဍပ်တွင်းရှိ မိတ်ဆွေများကိုနှုတ်ဆက်၍ နေ့လည် ၁–နာရီ ၂၀–မိနစ်၌ ပြန်လည်ထွက်ခွာသွား၏။

## သား တင်မောင်သန့်အတွက် လွမ်းရတက်မွေ

၁၉၆၂–ခုနှစ်၊ မေလ ၂၁–ရက်နေ့က ဘတ်စ်ကားပေါ်မှ လိမ့်ကျသေဆုံးသွားခဲ့ရသော သား တင်မောင်သန့်ခေါ် တင်မိ ၂၁–နှစ်၏ အုတ်ဂူရှိရာ ကြံတောသုသာန်သို့ ဖခင်ဦးသန့်နှင့်အတူ ဆွေမျိုးတစ်စု ယနေ့ညနေ ၄နာရီတွင် လွမ်းသူပန်းခွေ လာချသည်။ ဦးသန့်သည် ပန်းခွေလာချပြီးနောက် မျက်ရည်တွေတွေစီးကျ၍ ကားပေါ်ပြန်တက်သွား၏။

ဦးသန့်၏ သားအငယ်ဆုံးဖြစ်သော မောင်တင်မောင်သန့်မှာ ရန်ကုန်တက္ကသိုလ်တွင် ဥပစာတန်း၌ တက်ရောက်ပညာသင်ကြားရန် ၁၉၆၂–ခုနှစ်ဆန်းစက ရန်ကုန်မြို့သို့ ပြန်ရောက်နေခဲ့သည်။ ၁၉၆၂–ခု၊ မေလ ၂၁–ရက်နေ့တွင် မောင်တင်မောင်သန့်သည် ရန်ကုန်တက္ကသိုလ်သို့သွားရောက်ပြီး မိမိ ကျောင်းဆက်လက်တက်ရောက်ရေးအတွက် ဆောင်ရွက်ဖွယ်များကို ပြုလုပ်ပြီးနောက် အမှတ် ၇–ဘတ်စ်ကားဖြင့် ရန်ကုန်မြို့ထဲသို့ ပြန်လာခဲ့သည်။ ရွှေဂုံတိုင်လမ်းအလွန်သို့အရောက်တွင် အမြန်မောင်းနှင်လာသော အမှတ် ၇–ဘတ်စ်ကားမှာ ဆောင့်၍ဘရိတ်အုတ်လိုက်ရာမှာ ကားပေါ်တွင် လူကြပ်



သဖြင့် မတ်တတ်ရပ်၍စီးလာသော မောင်တင်မောင်သန့်မှာ ကိုယ်ကို မဟန်နိုင်ဘဲ ကတ္တရာလမ်းပေါ်သို့ လွင့်စင်၍ ကျသွားလေသည်။

မောင်တင်မောင်သန့်မှာ ကားပေါ်မှလွင့်စင်ကျစဉ် ကတ္တရာလမ်းနှင့် ခေါင်းနှင့် ဆောင့်မိသောဒဏ်ရာဖြင့်ပင် ကွယ်လွန်အနိစ္စရောက်ရှာလေသည်။ မောင်တင်မောင်သန့် ကွယ်လွန်အနိစ္စရောက်ရှိကြောင်းကို ရန်ကုန်မြို့ရှိ ဦးသန့်၏ ညီဖြစ်သူ ဦးခန့်က ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ထံသို့ ချက်ချင်းပင် သံကြိုးရိုက်၍ အကြောင်းကြားခဲ့လေသည်။ သို့သော် ထိုအချိန်က ဦးသန့်မှာ ကမ္ဘာ့ရေးရာများနှင့် အရေးတကြီးတာဝန်ထမ်းစရာအကြောင်းကိစ္စများရှိနေသောကြောင့် သားဖြစ်သူ၏အသုဘသို့ လာရောက်နိုင်ခြင်းမရှိတော့ဟု သံကြိုးပြန်လာခဲ့သည်။ မောင်တင်မောင်သန့်၏ ရုပ်ကလာပ်ကို ကြံတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ရာတွင် အထူးပင် စည်ကားလှသည်။

တော်လှန်ရေးအစိုးရအဖွဲ့မှ ထိပ်တန်းအရာရှိများအပါအဝင် ဦးသန့်နှင့် ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်များ၊ ပညာရေးဌာန၊ ပြန်ကြားရေးဌာနအရာရှိကြီးများနှင့် ဦးသန့်၏ညီများဖြစ်ကြသော ဦးခန့်၊ ဦးသောင်း (ပြည်သူ့အုပ်ချုပ်ရေးအတွင်းဝန်) ဦးတင်မောင် (မကွေးတိုင်းမင်းကြီး)တို့နှင့် ဆွေမျိုးတစ်စုတို့က စည်ကားစွာ ပို့ဆောင်သဂြိုဟ်ခဲ့ကြသည်။ ဦးသန့်၏ ဇနီးဖြစ်သူ ဒေါ်သိန်းတင်မှာ ထိုစဉ်က အလွန်ပူဆွေးသောကရောက်ခဲ့ရ၍ မူလကရှိရင်းစွဲ သွေးတိုးရောဂါပင် အခြေအနေဆိုးလာခဲ့သည်။ ဒေါ်သိန်းတင်က မောင်တင်မောင်သန့်အတွက် အလွမ်းပြေတွေ့ချင်သည်ဆို၍ ဦးသန့် ဒေါ်သိန်းတင်၏မွေးစားသား ကိုစောလွင်နှင့် ဇနီးသားသမီးများကို နယူးယောက်မြို့သို့ ဦးခန့်က ပို့ပေးခဲ့ရ၏။

ယခုအခါ ကိုစောလွင်မှာ ကုလသမဂ္ဂဓါတ်ပုံဌာနတွင် အမှုထမ်းနေလေသည်။ ထိုနေ့က မောင်တင်မောင်သန့်၏ဂူသို့သွားရောက်ကြရာတွင် ဦးသန့်၏သမီး အေးအေးသန့်နှင့် ဝမ်းကွဲညီအစ်မများက တင်မောင်သန့်၏ ဂူအနီး၌ ငိုကြွေးခဲ့ကြရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရာထူးယူရန် ဆန္ဒနည်းခြင်း

ဇူလိုင် ၂၆-ရက်နေ့ ဆွမ်းကျွေးပွဲတွင် ဦးသန့်သည် မိတ်ဟောင်း ဆွေဟောင်းများနှင့်တွေ့ဆုံ၍ "ကုလသမဂ္ဂ၏တာဝန်မှာ ကျယ်ပြန့်လွန်းသည်။ ဆိုက်ပရပ်စ်ကိစ္စ လက်စမသပ်သေး၊ ယခုကဲ့သို့ လှည့်လည်သွားလာနေရသော်လည်း အခြေအနေမှန်ကို ဘန်ကောက်မြို့ ကုလသမဂ္ဂရုံးမှတစ်ဆင့် ဆောင်ရွက်နေပါသည်။ ယနေ့ညတွင် ကြေးနန်းရောက်ဖွယ်ရှိသည်။ ကုလသမဂ္ဂနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များတွင် မိမိကိုယ်၌က မှန်သည်ထင်၍ လုပ်ဆောင်ခြင်းဖြစ်ရာ အများရှိက စေတနာရှိုးဖြင့်မှားခြင်း ဖြစ်လိမ့်မည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကို နောက်ထပ်ဆက်လက်၍ လက်ခံရေး မခံရေးမှာ နောက်ထပ်ဆောင်ရွက်ရန် ၂နှစ်ခွဲကျန်သေး၍ မစဉ်းစားရသေးပါ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးမှာ နံနက် ၉-နာရီခွဲမှ ညနေ ၉-နာရီခွဲထိ တာဝန်ထမ်းဆောင်ရသဖြင့် ၁၁၂နိုင်ငံအကျိုးကို ဆောင်ရွက်နေရသောကြောင့် အလွန်ပင်ပန်းပါသည်။ ယခုအချိန်အထိမူ အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက် စသော နိုင်ငံကြီးများက မိမိကိုသာအားရကျေနပ်၍ ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိပုံပေါ်ပါသည်။

သို့သော်....မိမိကမူကား....ဆက်လက်ထမ်းဆောင်ရန် ဆန္ဒမပြင်းပြဟု ပြောသွားခဲ့သည်။

## ရွှေတိဂုံသို့ ဦးသန့် တက်ရောက်ဖူးမြော်ခြင်း

ဇူလိုင်လ ၂၇-ရက်နေ့ နံနက် ၉-နာရီအချိန်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ မိခင်ဖြစ်သူ ဒေါ်နန်းသောင်၊ သမီး အေးအေးသန့်၊ သားမက် ဒေါက်တာတင်မြင့်ဦးတို့နှင့်အတူ တက်ရောက်ဖူးမြော်သည်။ ဦးသန့်သည် တောင်ဘက်စောင်းတန်းမှ တက်ပြီး ဘုရားကြီးကို လက်ဝဲရစ်တစ်ပတ်ပတ်၍ ဗုဒ္ဓဟူးထောင့်မှ ပန်းများ ဆက်ကပ်လှူဒါန်းပြီး ဘုရားဝတ်ပြုသည်။ ဝတ်ပြုအပြီးတွင် ဦးခန့်က ပြန်ကြားရေးဌာနတာဝန်ခံက ဦးသန့်ဘုရားဖူးသည့်အခါ ဘုရားပေါ်တွင် မိသားစုဓာတ်ပုံအမှတ်တရရိုက်ရန် ပြောကြားထားပါသည်ဟု ပြောသည်။ ဦးသန့်သည်



မိသားစုများအပြင် ဘုရားလူကြီး ဦးဘဂျမ်း၊ ဦးသော်၊ ဦးဘကျော်၊ ဦးမြင့်၊ ဦးကြည်ဝင်းတို့နှင့် အတူတွဲ၍ ဓာတ်ပုံအရိုက်ခံသေးသည်။

ဦးသန့် ရွှေတိဂုံဘုရား ဂေါပကအဖွဲ့ရုံးခန်းသို့သွားပြီးလျှင် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ ထိုသို့ မှတ်တမ်းရေးထိုးရာ၌ 'ရွှေတိဂုံစေတီတော်မြတ်ကြီးအား တစ်ဖန်ဖူးမြော်ခွင့်ရသဖြင့် များစွာကြည်နူးမိသည်။ ယခုကဲ့သို့ ဖူးမြော်ကန်တော့ရသောကျေးဇူးကြောင့် မြန်မာပြည်သူပြည်သားများနှင့် ကမ္ဘာ့လူထု၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ' ဟု ရေးသားလေသည်။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ငွေကျပ် ၅၀၀-လှူဒါန်းခဲ့၏။ ဂေါပကလူကြီး ဦးမြင့်က ဆောင်ရွက်သမျှ ချောမောပါစေကြောင်း ဆုတောင်းရာ ပေးသည့်ဆုနှင့် ပြည့်စေရန်နှင့် အောက်တိုဘာလတွင် တစ်ခေါက်လာနိုင်ရန် ခန့်မှန်းထားကြောင်းပြောပြီး နံနက် ၉-နာရီခွဲတွင် ပြန်ဆင်းသွား၏။

## ဦးသန့်ချစ်သော သတင်းစာမိတ်ဆွေများ

ဇူလိုင် ၂၇-ရက်နေ့ နံနက် ၁၀-နာရီ၌ ဦးသန့်သည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အမှုဆောင်များ၊ မိတ်ဟောင်းဆွေဟောင်း သတင်းစာဆရာကြီးများနှင့် အမှတ် ၂၄-မနော်ဟရီလမ်းရှိ ကုသလသမဂ္ဂ မြန်မာနိုင်ငံဌာနခွဲရုံးတွင် တွေ့ဆုံသည်။ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘဖေနှင့် စာနယ်ဇင်းကောင်စီ ဥက္ကဋ္ဌ ဦးယုမောင်တို့က သတင်းစာဆရာများကိုယ်စား ဦးသန့်သို့ "ပွဲပြင်ခြင်း"အမည်ရှိ ဆီဆေးပန်းချီကားကြီးကို လက်ဆောင်ပေးသည်။ ပန်းချီကားကြီးမှာ ရှေးမြန်မာဘုရင်များခေတ်က ဆင်ရိုင်းကြီးကို ပုဏ္ဏားများက ကျုံးမသွင်းမီ မောပန်းအောင်ကစားနေသည့်ပုံ၊ ဆေးရောင်စုံခြယ်၍ ရေးဆွဲထားခြင်းဖြစ်လေသည်။ ပြည်သူ့အိုးဝေသတင်းစာအယ်ဒီတာချုပ် ဦးညိုမြကလည်း ပြည်သူ့အိုးဝေသတင်းစာတိုက် အယ်ဒီတာအဖွဲ့ကိုယ်စား ရှေးရိုးရုပ်ကြီးစင် ရုပ်လုံးဖော်ပန်းချီကားကြီးကို ဦးသန့်အား လက်ဆောင်ပေးအပ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်သည် မိတ်ဟောင်းဆွေဟောင်း သတင်းစာဆရာများကို တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်၏။ ထို့နောက် သတင်းစာဆရာများက ဦးသန့်အား နောက်ထပ် ၅–နှစ် သက်တမ်းဆက်၍ အတွင်းရေးမှူးချုပ် လုပ်မည် မလုပ်မည် မေးမြန်းကြ၏။ ဦးသန့်က ပြန်လည်ဖြေကြားရာတွင် "ယခုမှ ရာထူးသက်တမ်း တစ်ဝက်သာရှိပေသေးသည်။ ရာထူးသက်တမ်းကုန်ရန် ၂နှစ်ခွဲခန့်လိုနေပါသေးသည်။ အလုပ်များလွန်း၍ ပင်ပန်းသည်။ နောက်သက်တမ်းဆက်၍ လုပ် မလုပ် ဘာမှမဆုံးဖြတ်ရသေး၊ နောက် ၂နှစ်လောက်ရှိလာရင် အလုပ်ကပင်ပန်းပြီး စိတ်ပျက်ချင်လဲပျက်နိုင်ပါသည်"ဟု ဖြေကြား၏။ ဆက်လက်၍ ဦးသန့်က "ကုလသမဂ္ဂအတွင်းဝန်ချုပ် ရာထူးမှထွက်လျှင် သတင်းစာဆရာလုပ်ချင်သည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသို့ ပြန်ဝင်ပါမည်။ ဟိုတုန်းက နှစ်စဉ်ကြေးဟောင်းတွေ ပြန်ပေးရဦးမည်လား" စသဖြင့် ရယ်မောပြောဆိုသွားလေသည်။ ထို့နောက် ဦးသန့်သည် ရန်ကုန်မြို့တွင်းရှိ ကုလသမဂ္ဂလက်အောက်ခံဌာနခွဲများဖြစ်သော ကမ္ဘာ့ကလေးသူငယ်များ ရံပုံငွေအဖွဲ့ (ယူနီဆက်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဟူး) ရုံးခွဲများသို့ သွားရောက်စစ်ဆေးကြည့်ရှုလေ၏။

ထိုနေ့နံနက် ၁၁နာရီအချိန်တွင် ဦးသန့်သည် နိုင်ငံခြားရေးရုံးသို့သွား၍ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်နှင့် တွေ့ဆုံနှုတ်ဆက်လေသည်။ ထိုနေ့ ညဉ့် ၇–နာရီအချိန်၌ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်က ဦးသန့်ကို ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။ ဂုဏ်ပြုညစာစားပွဲကို ရန်ကုန်မြို့ ကမ္ဘောဇဟော်တယ်တွင် ကျင်းပပြုလုပ်ရာ တော်လှန်ရေးအစိုးရအဖွဲ့ဝင်များ၊ ဌာနတာဝန်ခံများ၊ တော်လှန်ရေးကောင်စီဝင်များ၊ စာပေလောက၊ သတင်းစာလောက၊ ယဉ်ကျေးမှုလောကနှင့် နိုင်ငံခြားသံရုံးများမှ ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၊ ဦးသန့်၏ မိတ်ဟောင်းဆွေဟောင်း ကျောင်းနေဖက်များ စုံညီစွာ တက်ရောက်ကြလေသည်။ ဦးသန့်သည် ဂုဏ်ပြုပွဲဧည့်ခံပွဲသို့ မြန်မာဝတ်စုံကိုဝတ်ဆင်၍ တက်ရောက်၏။ ဦးသန့်ကို ရန်ကုန်တက္ကသိုလ်ရာဇဝင်ပါမောက္ခဟောင်း ဆရာကြီးဦးဘညွန့် (ချစ်ဒုက္ခ)က ချစ်သမျှကို ပတ်ပျိုးနှင့် ဧည့်ခံလေသည်။ နာမည်ကျော်အဆိုတော် ကိုအံ့ကြီးက မင်းဂံ



ဘုတ်သီချင်းကိုလည်းကောင်း၊ အဆိုတော် ဒေါ်မေသန်းက ကောင်းချီးသခင်္ဂါသီချင်းခန့်ကြီးကိုလည်းကောင်း၊

ဧည့်ခံ

ပျော်ပြေကြ၏။

အမှန်မှာ ထိုနေ့ညဉ့်က အခမ်းအနားသို့ ဦးသန့် ခေတ္တမျှသာ တက်ရောက်ရန် အစီအစဉ်ရှိခဲ့သည်။ မိတ်သင်္ဂဟများ၊ ရောင်းရင်း သတင်းစာဆရာ၊ စာရေးဆရာများကို ဦးသန့်သည် ကိုယ်တိုင်စားပွဲစေ့လိုက်လံ နှုတ်ဆက်စကားပြောနေသောကြောင့် ညဉ့် ၁၀–နာရီကျော်မှပင် ဧည့်ခံပွဲမှပြန်သွားရတော့၏။ နေ့လည်ကဆိုလျှင် ဦးသန့်သည် ညီဖြစ်သူ အတွင်းဝန် ဦးသောင်း၏အိမ်၌ မိခင်ကြီး ဒေါ်နန်းသောင်ကို နှုတ်ဆက်ကန်တော့ခဲ့၏။ ဒေါ်နန်းသောင်က သားဖြစ်သူ၏ ကမ္ဘာ့တာဝန်များထမ်းဆောင်ရာတွင် လုပ်ငန်းဆောင်တာများ အောင်မြင်ချောမော၍ ဘေးမသီ ရန်မခပါစေရန် ဆုတောင်းပေးခဲ့လေသည်။

ညဉ့်အချိန်တွင် ဦးသန့်သည် ဆိုဗီယက်ခရီးစဉ်ကို ဆက်လက်ထွက်ခွာရန် နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်က ဂုဏ်ပြုဧည့်ခံသော ကမ္ဘောဇနန်းတော်ညစာစားပွဲမှ တန်း၍ လေဆိပ်သို့ဆင်းသောအခါ မိခင်ကြီး အိပ်ရေးပျက်ပြီး ကျန်းမာရေးထိခိုက်မည်စိုးသောကြောင့် မိခင်ကြီးကို ထပ်မံနှုတ်မဆက်ဘဲလာခဲ့သည်။ လေဆိပ်၌ ဦးသန့်၏မိတ်ဆွေဖြစ်ခဲ့ဖူးသူ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးဝန် ဦးခင်က ဦးသန့်ကို ဓါတ်ပုံစာအုပ်ကြီး တစ်အုပ် လက်ဆောင်ပေး၏။ ဓါတ်ပုံစာအုပ်မှာ ဦးသန့် ရန်ကုန်ခရီးတွင် လှည့်လည်သွားလာခဲ့သမျှ မှတ်တမ်းတင်ရိုက်ကူးထားသော ဓါတ်ပုံများပါရှိလေသည်။

ဦးသန့်က ပြန်ကြားရေးဌာန၏ လက်ဆောင်ဓါတ်ပုံစာအုပ်ကြီးကို လက်ခံရင်း မြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးဌာန တိုးတက်ကြီးပွားလာပုံကို အားရကျေနပ်ကြောင်း ပြောဆိုသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျေနပ်အားရပါသည်

ထိုနေ့ည၌ ၁၂–နာရီတွင် သတင်းစာဆရာများနှင့် ဦးသန့်တို့ လေဆိပ်ခန်းမဆောင်၌ တွေ့ကြသောအခါ ဦးသန့်က "ယခုလာရောက်ရသော မိမိ၏ခရီးစဉ်၌ တော်လှန်ရေးအစိုးရနှင့် ကမ္ဘာ့ရေးရာများကို အားရကျေနပ်စွာ ဆွေးနွေးညှိနှိုင်းခဲ့ရသောကြောင့် များစွာဝမ်းသာပါသည်" စသည်ဖြင့် ထုတ်ဖော်ပြောပြလေသည်။ ဦးသန့်က ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တော်လှန်ရေးအစိုးရအဖွဲ့ဝင် မြန်မာနိုင်ငံခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရသောကြောင့် များစွာအကျိုးကျေးဇူးဖြစ်ထွန်းပါသည်။ အစိုးရထံတွင် ကမ္ဘာ့ပြဿနာများကို တင်ပြခဲ့သည်။ စာဖြင့်ဆက်သွယ်ရခြင်းထက် ယခုကဲ့သို့ လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးရခြင်းက ပို၍ အကျိုးရှိသည်။ တော်လှန်ရေးအစိုးရက ယခုကဲ့သို့ ဖိတ်ကြား၍ များစွာ ကျေးဇူးတင်မိပါသည်။ မြန်မာလူထုကိုလည်း အထူးကျေးဇူးတင်ပါသည်။ အထူးသဖြင့် မိမိသတင်းများကို ဂရုတစိုက်ရေးသားဖော်ပြကြသော သတင်းစာများကိုလည်း ကျေးဇူးတင်ပါသည်" စသည်ဖြင့် ပြောပြသွားလေသည်။

မိမိ၏ ဆိုဗီယက်ခရီးစဉ်တွင် ဗီယက်နမ်နိုင်ငံခေါင်းဆောင်ကြီးများနှင့်တွေ့ဆုံပြီး ကမ္ဘာ့ရေးရာများကိုဆွေးနွေးရန် အစီအစဉ်ရှိပါသည် စသည်ဖြင့် ဦးသန့်က ဆက်၍ပြောကြားသွား၏။ ဦးသန့်၏ အပြန်ခရီးတွင် မင်္ဂလာဒုံလေဆိပ်သို့ တော်လှန်ရေးအစိုးရအဖွဲ့ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သတင်းစာဆရာ၊ စာရေးဆရာ မိတ်ဆွေအပေါင်းအသင်းများ၊ ညီများဖြစ်ကြသော ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်နှင့် ဆွေမျိုးဉာတိ တူ တူမများစုံညီစွာ လာရောက်၍ ဦးသန့်ကို လိုက်လံပို့ဆောင်နှုတ်ဆက်ကြ၏။

ဦးသန့်သည် ဇူလိုင် ၂၇–ရက်နေ့အကုန် ၂၈–ရက်နေ့အကူး နံနက် ၁–နာရီမထိုးမီ ၁၀–မိနစ်အချိန်တွင် ဘီအိုအေစီ လေယာဉ်ကြီးဖြင့် ဆိုဗီယက်ရုရှားသို့ ခရီးဆက်လက်ထွက်ခွာသွားသည်။ ဦးသန့်၏ ခရီးစဉ်မှာ ရန်ကုန်မှ ကာလကတ္တား၊ ကရာချိ၊ ဘေရွတ်မြို့သို့ ယင်းလေယာဉ်ဖြင့်ပင် သွားရမည်ဖြစ်သည်။ ဘေရွတ်မြို့တွင် အာရပ်လေယာဉ်ကိုပြောင်းစီး၍ ကိုင်ရိုမြို့တော်သို့ ခရီးဆက်ရမည်။ ၎င်းမြို့တော်မှ ဆိုဗီယက်လေကြောင်း အဲရိုးဖလုတ်ကိုပြောင်းစီးပြီး မော်စကိုသို့ သွားမည်ဖြစ်သည်။ ဘီအိုအေစီ၊ အာရပ်လေယာဉ်၊ အဲရိုးဖလုတ် သုံးစီးပြောင်း၍စီးရမည်လည်းဖြစ်၏။



## မော်စကိုရောက် ဦးသန့်

ဆိုဗီယက် ရုရှားပြည်ထောင်စု မော်စကိုမြို့တော်သို့ ဇူလိုင် ၂၈–ရက်နေ့ ညနေပိုင်းတွင် ဦးသန့်သည် အဲရိုးဖလုတ်လေကြောင်းဖြင့် ရောက်ရှိသွားလေသည်။ ဦးသန့်အား ဆိုဗီယက်ပြည်ထောင်စုဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဘစော၊ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂရိုမိကို အပါအဝင် အထက်တန်းခေါင်းဆောင်များက လေဆိပ်တွင် လာရောက်ကြိုဆိုကြ၏။ လေဆိပ်တွင် ဆိုဗီယက် သတင်းစာဆရာများ၏အမေးကို ပြန်လည်ဖြေကြားရာ၌ ဦးသန့်က ဆိုဗီယက်ဝန်ကြီးချုပ် ကရုရှက်အပါအဝင် ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ၍ နိုင်ငံတကာရေးရာများကိုဆွေးနွေးရန် လာရောက်ခြင်းဖြစ်ပါသည်။ မိမိသည် လွန်ခဲ့သော ရက်သတ္တပတ် ၂–ပတ်က နယူးယောက်မြို့တော်မှထွက်လာခဲ့ရာ အာဖရိကနိုင်ငံကြီးများ၏ ခေါင်းဆောင်ကြီးများ၊ ပြင်သစ်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံ၊ မြန်မာနိုင်ငံခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကဲ့ရာ အကျိုးဖြစ်ထွန်းမှုများစွာရှိပါသည်ဟု ပြောဆိုသွား၏။ ဦးသန့်မှာ ဆိုဗီယက်အစိုးရ၏ ဧည့်သည်တော်အဖြစ် မော်စကိုမြို့တော်တွင် တည်းခိုနေထိုင်ပြီး နိုင်ငံခေါင်းဆောင်များနှင့် ဆွေးနွေးနေခဲ့ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၇။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး၏ ခရီးဝက်ပါ

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးသန့်သည် ကမ္ဘာ့နိုင်ငံပေါင်းစုံသို့ ခရီးထွက်ခဲ့ရသည်။ ယနေ့ကမ္ဘာတွင် ခရီးအသွားဆုံးပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြပါဆိုလျှင် ဦးသန့်ကို ပထမဦးစွာ စာရင်းထည့်ပြရမည်ပင်ဖြစ်သည်။ ၁၉၆၁–ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပြီးနောက် ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဖြေရှင်းရန် ဦးသန့်သည် မနားမနေ ခရီးသွားခဲ့ရပေသည်။ ဦးသန့်၏ခရီးစဉ်တွင် ကမ္ဘာ့နိုင်ငံစုံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အောင်မြင်မှုများစွာ ရခဲ့သည်။ မျက်နှာချင်းဆိုင်၍မရသော ကမ္ဘာ့ခေါင်းဆောင်ကြီးများကို ဦးသန့်က လေးလေးစားစား သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရမှ ယင်းခေါင်းဆောင်ကြီးများ ကျေနပ်ပြေလည်သွားသည်လည်းရှိခဲ့၏။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ သံသယဖြင့် ရစ်ပတ်နေပြီး မနာလိုမရှုစိမ့်ဖြစ်နေခြင်းများကိုလည်း ဦးသန့်သည် ကိုယ်တိုင်သွားရောက်ပြီး သည်းခံစိတ်ရှည်စွာ ရှင်းပြခြင်းဖြင့် သံသယများကင်း၍ အမှန်ဘဝကို မြင်လာကြလေသည်။ ဦးသန့်၏ကမ္ဘာ့ခရီးစဉ်မှာ အကျိုးဖြစ်ထွန်းသည်ထက် ဖြစ်ထွန်း၍လာသည်ကို တွေ့ရခြင်းကြောင့်လည်း ကမ္ဘာ့နိုင်ငံခေါင်းဆောင်ကြီးများက ဦးသန့်ကို အထူးတလည် ဖိတ်ကြားဧည့်ခံလေ့ရှိသည်လည်း ဖြစ်ပေသည်။ ဦးသန့်သည် ၁၉၆၁–ခု၊ နိုဝင်ဘာလနောက်ပိုင်းတွင် ကုလသမဂ္ဂ ယာယီအတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်နေစဉ်မှာပင် ဆွီဒင်၊ ဒင်းမတ်၊ ဗြိတိန်၊ နော်ဝေး၊ ဆွစ်ဇာလန်၊ အိုင်ယာလန်၊ ပြင်သစ်၊ ဖင်လန်၊ ဘရာဇီးလ်၊ ဆိုဗီယက်ယူနီယံ၊ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံများသို့ အစိုးရဧည့်



သည်တော်အဖြစ် သွားရောက်ခဲ့ရ၏။

ထိုနှစ်တွင်ပင် အမေရိကန်အစိုးရ၏ဖိတ်ကြားချက်အရ အစိုးရဧည့်သည်တော်အဖြစ် ဝါရှင်တန်သို့သွားရောက်ပြီး သမ္မတကနေဒီနှင့် ဆွေးနွေးခဲ့လေသည်။ ၁၉၆၂–ခုနှစ်၊ အောက်တိုဘာလတွင် ကျူးဘားပြဿနာနှင့်ပတ်သက်၍ ကျူးဘားဝန်ကြီးချုပ် ဖီဒယ်ကက်စထရို၏ဖိတ်ကြားချက်ဖြင့် ဦးသန့်သည် ကျူးဘားနိုင်ငံ ဟာဗနာမြို့တော်သို့သွားရောက်၍ ကက်စထရိုနှင့် ဆွေးနွေးညှိနှိုင်းခဲ့၏။ ၁၉၆၃–ခု၊ ဖေဖော်ဝါရီလတွင် ဦးသန့်သည် ဂျမေးကားကျွန်းသို့လည်းကောင်း၊ မေလတွင် ရူမေးနီးယားနှင့် ယူဂိုဆလပ်နိုင်ငံသို့လည်းကောင်း သွားခဲ့၏။

အပြန်တွင် လန်ဒန်မြို့တော်သို့ဝင်ပြီးလျှင် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သော လော့ဒ်ဟုမ်းနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့ကို တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ၁၉၆၃–ဇူလိုင်လတွင် ဦးသန့်သည် ဟန်ဂေရီ၊ ဘူဂေးရီးယားနှင့် အီတလီနိုင်ငံများသို့ သွားရောက်၍ ယင်းနိုင်ငံများ၏ခေါင်းဆောင်များနှင့် နိုင်ငံတကာရေးရာများကို ဆွေးနွေးခဲ့သည်။ အီတလီနိုင်ငံ ရောမမြို့တော်တွင် ခရစ်ယာန်ဘာသာဝင်တို့၏ အကြီးအကဲဖြစ်သော ပုပ်ရဟန်းမင်းကြီး ပေါလ် (၆)နှင့် တွေ့ဆုံခဲ့လေသည်။ ပုပ်ရဟန်းမင်းကြီးမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးသန့်၏ဆောင်ရွက်မှုတို့ကို များစွာသဘောကျ ကျေနပ်သူဖြစ်သည့်အတိုင်း ဦးသန့်ကို အလွန်လေးစားစွာဖြင့် ဆက်ဆံလေ့ရှိ၏။

ဦးသန့်ကလည်း ပုပ်ရဟန်းမင်းကြီးကို မေတ္တာကရုဏာရှင် သာသနာပိုင်အဖြစ် အထူးကြည်ညိုလေးစားမှုရှိခဲ့လေသည်။ ၁၉၆၃–ခု၊ ဩဂုတ်လဆန်းတွင် ဦးသန့်သည် ဆိုဗီယက်ယူနီယံ အစိုးရအဖွဲ့၏ဖိတ်ကြားချက်ကို လက်ခံပြီး မော်စကိုသို့သွားရောက်ခဲ့သည်။ မော်စကိုမြို့တော်တွင် တစ်စိတ်တစ်ဒေသ အနုမြူမစမ်းသပ်ရေး သဘောတူစာချုပ် ချုပ်ဆိုရန်အတွက် အမေရိကန်နှင့် ဗြိတိန်၊ ဆိုဗီယက်ယူနီယံ ထိပ်သီးခေါင်းဆောင်များ ရောက်ရှိနေလေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အထူးအထောက်အကူပြုသော ယင်းစာချုပ်ကြီးချုပ်ဆိုရာသို့ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်ကိုယ်တိုင် တက်ရောက်ဂုဏ်ပြုခဲ့သည်။ ၁၉၆၄–ခု၊ ဖေဖော်ဝါရီလတွင် ဦးသန့်

www.burmeseclassic.com

www.burmeseclassic.com



သည် မော်ရိုကို၊ အယ်ဂျီးရီးယားနှင့် ကျူနီးရှားနိုင်ငံများသို့ သွားခဲ့သည်။ ထိုခရီးနှင့် တစ်ဆက်တည်းပင်လျှင် ဦးသန့်သည် အနောက်အာဖရိကမှ အီသီယိုပီယားနိုင်ငံအပါအဝင် နိုင်ငံကြီး ၄–နိုင်ငံသို့ ခရီးသွားရန် အစီအစဉ် လုပ်ထားခဲ့သည်။

သို့သော် ဆိုက်ပရပ်စ်အရေးတော်ပုံကြောင့် ဦးသန့်သည် အာဖရိက အစီအစဉ်ကို ဖျက်သိမ်းခဲ့ရ၏။ ၁၉၆၄–ခု၊ မေလတွင် ဦးသန့်သည် ကနေဒါအစိုးရ၏ဖိတ်ကြားချက်အရ အော့တာဝါးမြို့တော်သို့ သွားရောက်ခဲ့လေသည်။ ၁၉၆၄–ခု၊ ဇူလိုင်လတွင် ကိုင်ရိုမြို့တော်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြောက် ထိပ်သီးညီလာခံဖွင့်ပွဲသို့ ဦးသန့် တက်ရောက်မိန့်ခွန်းပြောကြားရန် ဖိတ်ကြားခဲ့၍ ဦးသန့်သွားရောက်ရပြန်သည်။ ကိုင်ရိုမှတစ်ဆင့် ဦးသန့်သည် ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ သွားရောက်ခဲ့သည်။ ပါရီမြို့တော်တွင် ပြင်သစ်သမ္မတကြီး ဒီဂေါလ်နှင့် တွေ့ဆုံဆွေးနွေးခဲ့၏။ ပြင်သစ်သမ္မတကြီး ဒီဂေါလ်က ဦးသန့်၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများအား ချီးကျူးပြောဆိုခဲ့သည်ကို အောက်ပါကြေးနန်းသတင်းအရ သိရသည်။

## ဦးသန့်ကို ဒီဂေါလ် ချီးကျူးခြင်း

### (ပါရီ ဇူလိုင် ၂၁ ၁၉၆၄ ကြေးနန်း)

မိမိသည် သမ္မတကြီးဒီဂေါလ်နှင့် တွေ့ဆုံခဲ့ပြီး ကုလသမဂ္ဂ၏ ပြဿနာအရပ်ရပ်နှင့် အာရှအရှေ့တောင်ပိုင်းပြဿနာ ဆိုက်ပရပ်စ်ပြဿနာများကို ဆွေးနွေးရသဖြင့် များစွာ အကျိုးရှိပါသည် စသဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က ယနေ့ ပါရီမြို့လေဆိပ်တွင် သတင်းထောက်များကို ထုတ်ဖော်ပြောကြားလေသည်။ သမ္မတကြီးဒီဂေါလ်က ယနေ့နေ့လယ်တွင် ဦးသန့်အား နေ့လယ်စာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။ ယင်းဂုဏ်ပြုဧည့်ခံပွဲတွင် ဦးသန့်၏ဆောင်ရွက်မှုများကို ပြင်သစ်သမ္မတကြီးက ဖော်ပြရာ၌ ပြင်သစ်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး စတင်တည်ထောင်စဉ် မူရင်းအစကပင်



ကြိုးစားတည်ထောင်သူအဖြစ် ပါဝင်ခဲ့ကြောင်း။

သို့သော် ကုလသမဂ္ဂကြီး၏ ချွတ်ယွင်းချက်များကို တွေ့ရသောကြောင့် ပြင်သစ်က စိတ်ရောကိုယ်ပါ ဝင်ရောက်မဆောင်ရွက်ဘဲ နေခဲ့ပါကြောင်း၊ ယခုအခါတွင် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်မှုများကို တွေ့ရသောကြောင့် နှစ်ထောင်းအားရရှိလှပါကြောင်း၊ ဦးသန့်ဆောင်ရွက်ရသော တာဝန်မှာ အလွန်ခက်ခဲကြောင်းကိုလည်း သိရှိကြောင်း၊ သို့သော် ဦးသန့်၏ အသိဉာဏ်ပညာ အမြော်အမြင်ပြည့်စုံခြင်းနှင့် ဂုဏ်သိက္ခာရှိရှိဆောင်ရွက်မှုများကို တွေ့ရ၍ ဝမ်းသာအားရဖြစ်မိကြောင်း စသဖြင့် သမ္မတကြီးဒီဂေါလ်က မိန့်ကြားခဲ့လေသည်။

ပြင်သစ်ခရီးစဉ်ပြီးဆုံးသောအခါ ဦးသန့်သည် လန်ဒန်သို့ ဗြိတိန်အစိုးရ၏ဧည့်သည်တော်အဖြစ် သွားရောက်၍ ဗြိတိန်ဝန်ကြီးချုပ်နှင့် ဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံအစိုးရ၏ဖိတ်ကြားချက်ကို လက်ခံ၍ ရန်ကုန်မြို့သို့ လာရောက်လည်ပတ်၏။ ထိုမှတစ်ဆင့် မော်စကိုမြို့တော်သို့ ဆိုဗီယက်အစိုးရ၏ဖိတ်ကြားမှုကို လက်ခံ၍ သွားရောက်ခဲ့၏။ ဦးသန့်သည် မော်စကိုမှတစ်ဆင့် သမ္မတ လင်ဒန်ဂျွန်ဆင်၏ ဖိတ်ကြားချက်ဖြင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်သို့ သွားရောက်ပြီး နိုင်ငံတကာရေးရာများကို ညှိနှိုင်းဆွေးနွေး၏။ ၁၉၆၅–ခုနှစ်၊ ဇူလိုင်လတွင် ဦးသန့်သည် ဂျီနီဗာမြို့တော်တွင် ကျင်းပသော စီးပွားရေးနှင့်လူမှုရေးကောင်စီ နွေရာသီစည်းဝေးပွဲသို့ တက်ရောက်ပြီးလျှင် အပြန်၌ ဇူလိုင်လ ၈–ရက်နေ့တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရန် ပါရီသို့ဝင်ရပြန်၏။ ဇူလိုင်လ ၉–ရက်နေ့၌ လန်ဒန်သို့ဝင်၍ ဝန်ကြီးချုပ် ဟာရိုးလ်ဝီဆင်နှင့်တွေ့ဆုံ၍ ကမ္ဘာ့ရေးရာများကို ဆွေးနွေးရသေး၏။

၁၉၆၅–စက်တင်ဘာလတွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ကက်ရှမီးအရေးအခင်းအတွက် နှစ်ဖက်အပစ်အခတ်များ ဖြစ်ပွားနေလေသည်။ နှစ်ဖက်နိုင်ငံများ၏ တောင်းပန်ချက်အရ ဦးသန့်သည် စက်တင်ဘာလ ၇–

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် နယူးယောက်လေဆိပ်မှ စတင်ထွက်ခွာပြီး ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့များသို့ သွားရောက်ခဲ့သည်။ ဦးသန့် ဤသို့သွားရောက်ခြင်းမှာ လုံခြုံရေးကောင်စီ၏ စက်တင်ဘာလ ၄-ရက်နေ့နှင့် ၆-ရက်နေ့များက ဆုံးဖြတ်ချက်များကို ယင်းနှစ်နိုင်ငံ၌ ဆွေးနွေးတင်ပြရန်နှင့် အတိုက်အခိုက်ရပ်စဲရေးကို အရယူရန်ဖြစ်လေသည်။ ၁၉၆၆-ခုနှစ်၊ ဇန်နဝါရီလ ၁-ရက်နေ့တွင် ဦးသန့်သည် ထရီနီဒက်နှင့် တိုဘာကို နိုင်ငံအစိုးရများ၏ ဖိတ်ကြားချက်အရ သွားရောက်လည်ပတ်၏။ ဇန်နဝါရီလ ၉-ရက်နေ့တွင် နယူးယောက်မြို့သို့ ပြန်ရောက်သည်။

ဦးသန့်သည် ၁၉၆၆-ခု၊ ဧပြီလ ၂၅-ရက်နေ့တွင် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဟာရိုးဝီလ်ဆင်၏ ဖိတ်ကြားချက်အရ လန်ဒန်သို့သွားရောက်၍ ဗြိတိန်ခေါင်းဆောင်များနှင့် ကမ္ဘာ့ပြဿနာများကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့၏။ ဧပြီလ ၂၉-ရက်နေ့နှင့် ၃၀-ရက်နေ့များတွင် ပါရီသို့သွား၍ ပြင်သစ်သမ္မတကြီး ဒီဂေါလ်နှင့် နိုင်ငံခြားရေးဝန်ကြီး အမ်ကူဗီဒီမာဗီးလ်တို့ကို တွေ့ဆုံပြီး ကမ္ဘာ့ရေးရာများကို ဆက်လက်ဆွေးနွေးကြပြန်သည်။

မေ ၁-ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် စထရက်ဘတ်သို့သွား၍ ဥရောပဝန်ကြီးများကောင်စီ ကော်မီတီဝင်များနှင့် တွေ့ဆုံဆွေးနွေး၏။ မေလ ၄-ရက်နေ့တွင် သူသည် ၁၉-ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ကျင်းပသော ဂျီနီဗာမြို့တော်သို့ သွားရောက်မိန့်ခွန်းပြော၏။ ဇွန်လ ၂၉-ရက်နေ့ အီတလီနိုင်ငံ တူရင်မြို့သို့ သွားရောက်ခဲ့သည်။ ဂျူလိုင်လ ၇-ရက်နေ့တွင် အိုက်စလင်နိုင်ငံ ကက်ဖလာဗစ်မြို့တော်သို့ အစိုးရဧည့်သည်အဖြစ် သွားရောက်လည်ပတ်သည်။ ၁၉၆၆-ခု၊ ဂျူလိုင်လ ၂၄-ရက်နေ့မှ ၃၀-ရက်နေ့အထိ ဆိုဗီယက်ယူနီယံ၏ ဖိတ်ကြားချက်ဖြင့် ဦးသန့်သည် မော်စကိုမြို့တော်သို့သွားရောက်၍ မျက်မှောက်ရေးရာများကို ဆိုဗီယက်ခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးခဲ့လေသည်။



## ဦးသန့်ရရှိခဲ့သော ဘွဲ့များ

**ဦးသန့်၏ ဘဝခရီးတလျှောက်တွင် ဘွဲ့များစွာကို လက်ခံရရှိခဲ့သည်။ မြန်မာနိုင်ငံအစိုးရ၏ အမှုထမ်းတစ်ဦးအနေဖြင့် တိုင်းပြည်၏တာဝန်ကို ထမ်း**ဆောင်ရာတွင် ထူးချွန်သော အမှုထမ်းကောင်းအဖြစ်ဖြင့် ရရှိသောဘွဲ့များကို ပထမဦးစွာဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်လေသည်။

၁၉၄၉-ခုနှစ်၊ ဇန်နဝါရီလ လွတ်လပ်ရေး ပထမနှစ်ပတ်လည် အောင်ပွဲတွင် **ဝဏ္ဏကျော်ထင်** ဘွဲ့ကိုလည်းကောင်း၊ ၁၉၅၃-ခုနှစ်တွင် **သီရိပျံချီ** ဘွဲ့၊ ၁၉၅၇-ခုနှစ်တွင် **စည်သူ** ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၁-ခုနှစ်တွင် **မဟာသရေစည်သူ** ဘွဲ့များကိုလည်းကောင်း ရရှိခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကို ထမ်းရွက်နေစဉ်အခါနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် အောင်မြင်ထူးချွန်မှုများရရှိသော ပုဂ္ဂိုလ်ထူးအဖြစ် နာမည်ကျော်တက္ကသိုလ်နှင့် ကောလိပ်များစွာတို့မှ ဂုဏ်ထူးဆောင် **အယ်လ်အယ်လ်ဒီ ဒေါက်တာဘွဲ့**များကို နှစ်စဉ်ဆက်၍ ဦးသန့်အားပေးအပ်ခဲ့လေသည်။

ဦးသန့်အား ဂုဏ်ထူးဆောင် **အယ်လ်အယ်လ်ဒီဘွဲ့**များ ပေးအပ်ခဲ့ သောတက္ကသိုလ်များနှင့် ရက်စွဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကနေဒါနိုင်ငံ အော့ဘဝါးမြို့ အာလီတန်တက္ကသိုလ်မှ ၁၉၆၂-ခုနှစ် ဇွန်လ ၁၀-ရက်နေ့တွင်လည်းကောင်း၊ နယူးဂျာစီပြည်နယ် ပရင့်စတန်တက္ကသိုလ်မှ ၁၉၆၂-ခုနှစ် ဇွန်လ ၁၂-ရက်နေ့တွင်လည်းလောင်း၊ မက်ဆာချူးဆက်ပြည်နယ် တောင်ဟတ်ဒလေမောင့်ဟိုလ်ရုတ်ကောလိပ်မှ ၁၉၆၃-ခု၊ ဇွန်လ ၂-ရက်နေ့တွင်လည်းကောင်း၊ မက်ဆာချူးဆက်ပြည်နယ် ကင်းဘရစ်ဟားဗတ် တက္ကသိုလ်မှ ၁၉၆၃-ခု၊ ဇွန်လ ၁၃-ရက်နေ့တွင်လည်းကောင်း၊ နယူးဟမ်ရှားယားပြည်နယ် ဟင်နိုဗာဒတ်မောက်ကောလိပ်မှ ၁၉၆၃-ခု၊ ဇွန်လ ၁၆-ရက်နေ့တွင်လည်းကောင်း ဘွဲ့အသီးသီးရရှိခဲ့သည်။

ထပ်မံ၍ ကာလီဖိုးနီးယားပြည်နယ် ကာလီဖိုးနီးယားတက္ကသိုလ်မှ ၁၉၆၄-ခု၊ ဧပြီလ ၂-ရက်နေ့တွင်လည်းကောင်း၊ ကိုလိုရာဒိုပြည်နယ် ဒင်းဗားတက္ကသိုလ်မှ ၁၉၆၄-ခု၊ ဧပြီလ ၃-ရက်နေ့တွင်လည်းကောင်း ဘွဲ့ရရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄–ခု၊ ဇွန်လ ၈–ရက်နေ့တွင် ပင်ဆီဗေးနီးယားပြည်နယ် ဆွပ်သမိုးကောလိပ်မှလည်းကောင်း၊ ၁၉၆၄–ခု၊ ဇွန်လ ၁၀–ရက်နေ့တွင် နယူးယောက်ယူနီဗာစီတီမှလည်းကောင်း၊ ၁၉၆၄–ခု၊ ဂျူလိုင်လ ၃၀–ရက်နေ့တွင် ဆိုဗီယက်ယူနီယံ မော်စကိုတက္ကသိုလ်မှလည်းကောင်း၊ ၁၉၆၅–ခု၊ မေလ ၂၅–ရက်နေ့တွင် အွန်တာရီယိုကင်းစတန်း ဘုရင်မ တက္ကသိုလ်မှလည်းကောင်း၊ ၁၉၆၅–ခု၊ ဇွန်လ ၆–ရက်နေ့တွင် ဝါတာဗီလီး ကော်လ်ဘိုင် ကောလိပ်မှလည်းကောင်း၊ ၁၉၆၅–ခု၊ ဇွန်လ ၁၄–ရက်နေ့တွင် နယူးဟေဗင်ယေးတက္ကသိုလ်မှလည်းကောင်း ဘွဲ့များအသီးသီးလက်ခံရရှိသည်။

၁၉၆၆–ခု၊ မေလ ၂၈–ရက်နေ့တွင် ကနေဒါပြည် အွန်တေရီယိုဝင်ဆာ တက္ကသိုလ်မှ ဂုဏ်ထူးဆောင် အယ်လ်အယ်လ်ဒီဘွဲ့ကို ရခဲ့၏။ ထိုနှစ်ဇွန်လ ၅–ရက်နေ့တွင် နယူးယောက် ဟင်မလင်တန်ကောလိပ်မှလည်းကောင်း၊ ထိုနှစ် ဇွန်လ ၈–ရက်နေ့တွင် နယူးယောက် ဖော့ဒ်ဟင်းတက္ကသိုလ်မှလည်းကောင်း၊ ထိုနှစ် ဇွန်လ ၁၄–ရက်နေ့တွင်ပင် နယူးယောက်မြို့ မင်ဟတ်တန်ကောလိပ်မှလည်းကောင်း ဘွဲ့အသီးသီးရရှိခဲ့လေသည်။

၁၉၆၂–ခုနှစ်၊ စက်တင်ဘာလက ချက်ကိုစလိုဗက်နိုင်ငံ ပရက်မြို့တော်၊ ချားလ်စ်တက္ကသိုလ်၏ အနှစ် ၆၀၀ပြည့် အထိမ်းအမှတ်အခမ်းအနားမှ ဦးသန့်ကို ရွှေတံဆိပ်ချီးမြှင့်ခဲ့၏။

ဦးသန့်သည် နယူးရောက်မြို့တော် ဟဒ်ဆင်မြစ်အထက်ပိုင်း ဘရွန့်စ်၊ ရေးဗားဒေးလ်ရပ်ကွက်ရှိ တည်ငြိမ်ခန့်ညားသော အိမ်ကြီးတွင် ဇနီးသားသမီးမြေးများဖြင့် စိတ်အေးချမ်းသာ နေထိုင်လျက်ရှိလေသည်။ သားဖြစ်သူ မောင်တင်မောင်သန့်မှာ ရန်ကုန်မြို့တွင် ကွယ်လွန်သွားခဲ့လေရာ ရန်ကုန်မြို့တွင်နေထိုင်သော မွေးစားသား ကိုစောလွင်မှာ ယခုအခါတွင် နယူးယောက်မြို့သို့လိုက်၍ မောင်တင်မောင်သန့်၏ကိုယ်စား နေရာဝင်ယူရလေသည်။ ကိုစောလွင်မှာ ဦးသန့်၏ဇနီး ဒေါ်သိန်းတင်၏ အသဲစွဲအချစ်တော်တစ်ဦးဖြစ်၏။

ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် ဝမ်းနှင့်မလွယ်ရသည်သာ ရှိခဲ့သည်။ ကိုစောလွင်မှာ ဒေါ်သိန်းတင်၏လက်ပေါ်တွင် ကြီးပြင်းလာခဲ့ရသည်ဖြစ်ရာ လက်ထပ်သောအခါတွင်မှသာ မိခင်ဒေါ်သိန်းတင်၏ ရင်ခွင်မှထွက်ခွင့်ရခဲ့ပေသည်။ ကိုစောလွင် နယူးယောက်မြို့သို့လိုက်သွားစဉ်က ဇနီးသားသမီးများကိုပါခေါ်၍ အပြီးပြောင်းရွှေ့သွားခဲ့၏။ ယခုအခါတွင် ဦးသန့်တို့အိမ်ကြီးမှာ ကလေးငယ်များ၏ ပျော်ပျော်ရွှင်ရွှင် ရယ်သံ ဆူသံများဖြင့် စည်စည်ကားကား ဖြစ်၍နေပေသည်။



ဦးသန့်၏ သမီးကြီးဖြစ်သူ မအေးအေးသန့်သည် နယူးယောက်မြို့ကိုလာရောက်ပညာသင်နေသော မြန်မာနိုင်ငံမှ ကိုတင်မြင့်ဦးနှင့် လက်ထပ်ခဲ့ရာ ယခုအခါ၌ ဦးသန့်မှာ မြေးဦးကလေးကိုပင် ချော့မြှူနေရပြီဖြစ်ပေသည်။ ကိုတင်မြင့်ဦးမှာ မန္တလေးမြို့ ခရိုင်ဝန်ရုံးမှ ရုံးအုပ်ဦးလှတင်–ဒေါ်ကျင်ဖွားတို့၏သားဖြစ်၍ ယခုအခါတွင် နယူးယောက်ယူနီဗာစီတီတွင် တွဲဘက်ပါမောက္ခအဖြစ် အမှုထမ်းနေသည်။ ကိုတင်မြင့်ဦးမှာ ဒေါက်တာဘွဲ့ရပြီးသော ပညာထူးချွန်သူတစ်ဦးလည်း ဖြစ်သည်။ နယူးယောက် ယူနီဗာစီတီမှပင် ပီအိပ်ချ်ဒီ အမ်အက်စ်ဘွဲ့ကို ရရှိခဲ့ပြီးလည်းဖြစ်သည်။

ဦးသန့်၏ဇနီး ဒေါ်သိန်းတင်မှာ ဗုဒ္ဓဘာသာကို အလွန်ရှိသေ ကိုင်းရှိုင်းသူဖြစ်သောကြောင့် အိမ်၏ဘုရားခန်းကို အစဉ်သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်အောင်ပင် ဆင်ယင်ထားလေ့ရှိ၏။ ဒေါ်သိန်းတင်မှာ အင်္ဂလိပ်စကားကို သင်ကြားခဲ့ဘူးခြင်းမရှိ၍ နိုင်ငံခြားသားအမျိုးသား၊ အမျိုးသမီးများနှင့် ဆက်ဆံရင်းနှီးလေ့ သိပ်မရှိပေ။ တစ်ခါတရံ ရင်းနှီးခင်မင်လွန်းသူဖြစ်ပါမူ သမီးဖြစ်သူ အေးအေးသန့်ကို စကားပြန်လုပ်၍ ပြောဆိုလေ့ရှိသည်။

သို့သော်လည်း ဒေါ်သိန်းတင်သည် ခင်မင်သော မိတ်ဆွေနိုင်ငံခြားအမျိုးသား အမျိုးသမီးများကို စိမ်းစိမ်းကားကား နေထိုင်ခြင်း မရှိတတ်ပေ။ ဦးသန့်နှင့် ပတ်သက်၍ မိမိအိမ်သို့ရောက်လာတတ်သော နိုင်ငံခြားသားနိုင်ငံခြားသူများကို ဧည့်ဝတ်ကျေပြွန်စွာ ဧည့်ခံတတ်၏။

အိမ်မှုကိစ္စကို နိုင်နင်းပြီး ဧည့်သည်ကိုလည်း ဝေယျာဝစ္စကျေပြွန်တတ်သော မြန်မာအမျိုးသမီးတစ်ဦးသဘာဝကို မပျက်စေရန် ဒေါ်သိန်းတင်က အမြဲကြိုးစားခဲ့သည်။ မကြာခဏပင် ဦးသန့်နှင့် ဒေါ်သိန်းတင်တို့သည် မိတ်ဆွေများကို ဖိတ်ကြား၍ နေ့လည်စာစားပွဲဖြင့် ဧည့်ခံလေ့ရှိ၏။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တစ်ခါကျရောက်တတ်သော မြန်မာ နေ့ထူးနေ့မြတ်များတွင်လည်း ဦးသန့်၏အိမ်၌ အထူးဧည့်ခံပွဲများရှိနေတတ်၏။ ဒေါ်သိန်းတင်သည် ထိုသို့ ကြုံကြိုက်သော နေ့ထူးနေ့မြတ်များတွင် မြန်မာစားသောက်ဘွယ်ရာများကို ချက်ပြုတ်စီမံ၍ ဧည့်ခံတတ်ပေသည်။ ဦးသန့်သည် မကြာခဏပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးနှင့် ပတ်သက်၍ ဤသို့ပြောလေ့ရှိ၏။

"သိပ်ပင်ပန်းပြီး ခက်ခဲလှတဲ့ တာဝန်ကြီးတစ်ခုပဲဗျ...."

သူသည် မည်သို့ပင်ပန်းခက်ခဲလှသည်ကိုကား နှုတ်ဖြင့် အကျယ်ချဲ့၍ မပြောပေ၊ ယင်းပင်ပန်းခက်ခဲသည်ဆိုသော တာဝန်ကြီးကို ကျေပွန်အောင်မြင်အောင် ဖိဖိစီးစီးလုပ်ဆောင်ခဲ့လေသည်။ ကြေကွဲဝမ်းနည်းစရာရှိလျှင်လည်း ဦးသန့်သည် အလုပ်ခွင်တွင်ဖိ၍ တာဝန်ကိုထမ်းဆောင်ခြင်းဖြင့် ဖြေရှာသည်။ ဤသည်မှာ သူပြုလုပ်လေ့ရှိသော အပြုအမူဖြစ်၏။ ကြေကွဲစရာကို တမြေ့မြေ့ တွေး၍ဆွေး၍မနေဘဲ အလုပ်ကိုဖိ၍လုပ်ပြီး မေ့အောင်ကြိုးစားရှာသူဖြစ်သည်။ ၁၉၆၂-ခုနှစ်၊ မေလ ၂၁-ရက်နေ့က ဦးသန့်သည် သားဖြစ်သူ မောင်တင်မောင်သန့် ကွယ်လွန်အနိစ္စရောက်ကြောင်း သတင်းဆိုးကို အလုပ်ခွင်၌ပင် ကြားသိခဲ့၏။ ထိုနေ့နံနက် ၁၁-နာရီတွင် သံအမတ်ကြီးတစ်ဦးသည် အနောက်နယူးဂီနီပြဿနာကို ဦးသန့်ထံ လာရောက်တွေ့ဆုံ၍ တင်ပြနေလေသည်။ သံအမတ်ကြီးမှာ နယ်သာလင်နိုင်ငံမှ ကုလသမဂ္ဂ သံအမတ်ကြီးဖြစ်၏။ ထိုအချိန်၌ ဦးသန့်၏လက်ထောက်အရာရှိတစ်ဦးဖြစ်သူ မစ္စတာနာရာဆင်ဟာမ်ထံသို့ ရန်ကုန်မြို့မှ အရေးကြီးသော သတင်းတစ်ရပ် ရောက်ရှိလာလေသည်။ မောင်တင်မောင်သန့်မှာ ဘတ်စ်ကားပေါ်မှလိမ့်ကျ၍ သေဆုံးပြီဆိုသော ကြေးနန်းသတင်းတည်း။

မစ္စတာနာရာဆင်ဟာမ်က ရရှိသောသတင်းကို သေချာအောင် စောင့်ဆိုင်းနေသည်။ မကြာမီ ဦးခန့်ထံမှ ရိုက်လိုက်သော ကြေးနန်းသတင်း ထပ်၍ ရောက်လာပြန်၏။ မောင်တင်မောင်သန့် ကွယ်လွန်ပြီဆိုသော သတင်းမှာ သေချာပြီဖြစ်လေသည်။ ဦးသန့်၏ရုံးခန်းမှ နယ်သာလင်သံအမတ်ကြီး ထွက်ခွာသွားတော့မှ နာရာဆင်ဟာမ်သည် ဝမ်းနည်းဖွယ် ကြေးနန်းသတင်းကိုယူ၍ ဦးသန့်ထံသို့ ထွက်လာခဲ့သည်။ သူသည် စိတ်မကောင်းစွာဖြင့်ပင်



သတင်းဆိုးကို ဦးသန့်အားပြောပြရ၏။ ဦးသန့်၏နှုတ်မှ ပထမဆုံး ကြေကွဲစွာ ထွက်လာသော စကားလုံးများမှာ "ကျုပ်ဇနီးကို သိပ်သနားတာပဲဗျာ" ဟူ၍ ဖြစ်သတည်း။

ဦးသန့်သည် သားဖြစ်သူ၏သတင်းဆိုးကို ကြားရသောအခါတွင် ချက်ချင်းအိမ်သို့ပြန်သွားပြီ ဇနီးဖြစ်သူအား ဝမ်းနည်းဖွယ်သတင်းကို ပြောကြားလေသည်။ သို့သော်...ထူးဆန်းသည်မှာ နောက်တစ်နေ့ နံနက်တွင် ဦးသန့်ကို သူ၏အလုပ်စားပွဲ၌ ပြန်၍တွေ့ရပြန်လေသည်။ သူ၏အလုပ်စားပွဲတွင် လာရောက်စုပြုံနေသော နိုင်ငံတကာအရေးအခင်းပေါင်းစုံသည် သားဖြစ်သူ၏အသုဘရှိရာ ရန်ကုန်သို့ မသွားနိုင်ရန် ဦးသန့်ကို တားဆီးသကဲ့သို့ ရှိနေကြလေသည်။ ဦးသန့်နှင့် အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးမှာ အမေရိကန်သမ္မတကြီး မစ္စတာကနေဒီဖြစ်၏။ ကနေဒီအသတ်ခံရပြီဆိုသော သတင်းကိုကြားရစဉ်က ဦးသန့်သည် ဧည့်သည်တော်တစ်ဦးကို နေ့လယ်စာစားပွဲဖြင့် ဧည့်ခံနေဆဲဖြစ်လေသည်။

မိတ်ဆွေကြီး ကနေဒီ၏သတင်းကို ကြားရသောအခါတွင် ဦးသန့်သည် နေ့လည်စာစားပွဲမှ မျက်ရည်များတွေတွေစီးကျလျက် ထွက်ခွာသွားလေသည်။ သို့သော်...နောက်တစ်နေ့တွင် ဦးသန့်ကို သူ၏အလုပ်စားပွဲ၌ အလုပ်များ စိတ်ရောကိုယ်ပါ ဖိဖိစီးစီးလုပ်နေသည်ကို တွေ့ရပြန်သည်။ ဦးသန့်က မိတ်ဆွေတစ်ဦးကို ဤသို့ပြောဖူးသည်။ "အမှန်တော့ အလုပ်လုပ်နေရင် ဝမ်းနည်းပူဆွေးတာ သက်သာတယ်ဗျ၊ ဒါပေမယ့် အမျိုးသမီးတွေကျတော့ အမျိုးသားတွေထက် ပူဆွေးတတ်ကြပြန်တယ်လေ"

ဟုတ်ပါသည်။ မောင်တင်မောင်သန့် ကွယ်လွန်သည်ဆိုစဉ်က ဦးသန့်ထက် ဝမ်းနည်းပူဆွေးရသည်မှာ ဒေါ်သိန်းတင်ဖြစ်၏။ ဒေါ်သိန်းတင်မှာ သွေးတိုးရောဂါလည်းရှိသောကြောင့် သားငယ်အတွက် ပူဆွေးသောကရောက်ရာမှ သွေးတိုးကလည်း တက်လာလေသည်။ ဦးသန့်မှာ သေပြီးသူသားမောင်တင်မောင်သန့်အတွက် တရားနှင့်သာဖြေလိုက်ရပြီး ဇနီးဖြစ်သူ စိတ်သက်သာမှုရရန်၊ ကျန်းမာလာစေရန် တစ်ဖက်မှ အထူးဂရုစိုက်ရပြန်လေသည်။

www.burmeseclassic.com



ဦးသန့်သည် ကုလသမဂ္ဂတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်နေ၍ အားလပ်ချိန်မရှိသလောက် ဖြစ်နေခဲ့သည်။ သို့သော်...သူသည် ဘာသာ ကို အလွန်ရှိသေကိုင်းရှိုင်းတတ်သော မြန်မာအမျိုးသားတစ်ဦးပီပီ နံနက်တိုင်း ဘုရားဝတ်ပြုခြင်းကို မပျက်မကွက်ပြုဆောင်တတ်ပေသည်။

နံနက် ၆–နာရီခွဲတွင် ဦးသန့်သည် အိပ်ရာမှ အမြဲထလေ့ရှိပေသည်။ ကိုယ်လက်သန့်စင်ပြီးသောအခါတွင် ဦးသန့်သည် မိနစ် ၂၀–ခန့် ဘုရားခန်းဝင်ပြီး ဘုရားဝတ်ပြုလေ့ရှိ၏။ ဘုရားရှိခိုးပြီးသောအခါတွင် ထိုနေ့ထုတ် သတင်းစာများကို တစ်နာရီခန့် ဖတ်ရှုတတ်လေသည်။ ဦးသန့်သည် နိုင်ငံတကာရေးရာ သတင်းများကို အထူးဦးစားပေးဖတ်ပြီး ယင်းသတင်းများနှင့်ပတ်သက်၍ သတင်းစာကြီးများ၏အမြင်၊ ဝေဖန်ချက်၊ သတင်းဆောင်းပါး ခေါင်းကြီးများကိုလည်း ဂရုတစိုက်ပင် ဖတ်ရှုပေသည်။

ဦးသန့်သည် သတင်းစာဖတ်နေစဉ်၌ အနီးတွင် သူ၏အချစ်တော် 'ဗလ'အမည်ရှိ ဂျာမန်ခွေးကြီးရှိနေတတ်သည်။ ယင်းခွေးကြီးမှာ အမေရိကန်၌ မွေးဖွားကြီးပြင်းသော်လည်း အင်္ဂလိပ်စကားကို လုံးဝနားမလည်ပေ။ မြန်မာလို အမိန့်ပေးမှ နားလည်လေသည်။ မြန်မာအိမ်တွင်နေပြီး မြန်မာစကားကို နားရည်ဝနေသော ဂျာမန်ခွေးကြီးလည်းဖြစ်သည်။ ထို့နောက် နံနက်စာကို ဇနီးသားသမီးများ စုံစုံလင်လင်ဖြင့် စားသောက်လေသည်။ သူ၏နံနက်စာမှာမူ ဖျော်ရည်၊ ကော်ဖီ၊ ကြက်ဥ စသည်တို့ပါရှိ၍ အနောက်တိုင်းအစားအစာများကို စားလေ့ရှိတတ်သည်။

နံနက် ၉–နာရီကျော်ကျော်တွင် သူသည် အနက်ရောင်ဝတ်စုံ၊ ရှပ်အင်္ကျီအဖြူ၊ အနက်ရောင်လည်စည်းများကို ဝတ်ဆင်၍ ရုံးသို့ ကားဖြင့်သွားလေသည်။ ဦးသန့်သည် ကွမ်းရိုးစင်း အနောက်တိုင်းဝတ်စုံများကိုလည်း နှစ်နှစ်သက်သက် ဝတ်ဆင်လေ့ရှိတတ်သည်။ ဦးသန့်၏ရုံးခန်းမှာ တပ်တဲလ်ပင်လယ်အော် အရှေ့မြစ်၏ ကမ်းပါးပေါ်၌ မေးတင်ထားသည့် ကုလသမဂ္ဂဌာနချုပ် အဆောက်အဦကြီး၏ ၃၈ထပ်အခန်း၌ ရှိလေသည်။ ဦးသန့်၏ရုံးခန်းသို့ရောက်လျှင် ကနေဒါလူမျိုးဖြစ်သော သူ၏အတွင်းဝန်က တစ်နေ့တာလုပ်ငန်းဆောင်တာ အစီစဉ်များကို ဦးသန့်အား တင်ပြလေသည်။



နံနက် ၁၀–နာရီ၌ ဦးသန့်သည် မိမိ၏ အဓိကအကြံပေးအရာရှိ ၂၂–ဦးနှင့်တိုင်ပင်၍ နိုင်ငံတကာရေးရာအခြေအနေများကို အစီရင်ခံစာ ရေးရန် အကြမ်းရေးဆွဲသည်။ ဦးသန့်က အစီရင်ခံစာအကြမ်းကို နှုတ်မှရွတ်ဆိုပြ၍ လက်ရေးတိုအမှုထမ်းများက လိုက်၍ရေးမှတ်ကြရ၏။ ထို့နောက် ဦးသန့်သည် နေ့လယ်စာကို ကုလသမဂ္ဂဌာနချုပ်ရုံးမှာပင် သုံးဆောင်လေသည်။ မွန်းလွဲပိုင်း၌ ကိုယ်စားလှယ်အသီးသီးနှင့် မျက်မှောက်ရေးရာများကို လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကိုလည်းကောင်း ဆွေးနွေးရပြန်သည်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးတာဝန်ကို ထမ်းရွက်ရစဉ်က ဦးသန့်သည် ကုလသမဂ္ဂညှော်ခံပွဲများကို မလွတ်တမ်းတက်ရောက်လေ့ရှိ၏။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဖြစ်လာသောအခါ၌ ညှော်ခံပွဲများကို သိပ်ပြီး မတက်ရောက်နိုင်ပေ။ သို့သော် ညှော်ခံပွဲတိုင်းကို မတက်ရောက်ခြင်းတော့ကားမဟုတ်၊ အမျိုးသားနေ့ဆိုင်ရာ ကျင်းပသော ညှော်ခံပွဲလည်းဖြစ်၍ ကုလသမဂ္ဂဌာနချုပ် ညစာခန်းမတွင် ကျင်းပပြုလုပ်ခြင်းဆိုပါလျှင် ဦးသန့်သည် တက်ရောက်ချီးမြှင့်လေ့ရှိပါသည်။ ဦးသန့်သည် ည၌ ၉–နာရီထိ ကုလသမဂ္ဂဌာနချုပ်၌နေထိုင်၍ အလုပ်လုပ်လေ့ရှိသူဖြစ်သည်။ ရုံးမှပြန်၍ အိမ်သို့ ရောက်လျှင်ရောက်ခြင်းပင် သူသည် မြန်မာလုံချည်နှင့် အင်္ကျီများကိုလဲလှယ်၍ သက်တောင့်သက်သာ နေပေသည်။

ည၌ ၉–နာရီ ၄၅–မိနစ်တွင် ညစာထမင်းကို စားလေသည်။ ညစာအဖြစ် ဇနီးဒေါ်သိန်းတင်ကိုယ်တိုင် ဦးစီးချက်ပြုတ်ထားသော မြန်မာထမင်းဟင်းကို ဦးသန့်သည် မြိန်ရေယှက်ရေစားသောက်လေ့လည်းရှိသည်။ ညစာထမင်းစားပြီးသောအခါ၌ စာအနည်းငယ်ဖတ်သည်။ ရုပ်ရှင်ကို အလွန်ကြိုက်နှစ်သက်သော်လည်း ကြည့်ရန်အချိန်မရှိပေသော ဦးသန့်သည် ရုပ်မြင်သံကြားမှ လက်ဝေ့သတင်းများကိုသာ ကြည့်တတ်ပေသည်။ ဦးသန့်အကြိုက်နှစ်သက်ဆုံး ကျန်းမာရေးလေ့ကျင့်ခန်းနှစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ရေကူးခြင်းတို့သာ ဖြစ်လေ၏။ အိမ်နှင့် မနီးမဝေးတွင် ရေကူးကန်တစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်သည် အင်္ဂလိပ်အကများကို နှစ်သက်သူမဟုတ်ပေ။ ဤသည်မှာ မြန်မာ့ယဉ်ကျေးမှု အနုပညာကို နှစ်သက်မြတ်နိုးသူတို့၏ အကျင့်အမူပင် ဖြစ်သည်။ မြန်မာစစ်စစ်တို့၏ မလေ့တစ်ခုဖြစ်လေသည်။ ယောကျ်ားမိန်းမတွဲ၍ကသော အနောက်တိုင်းအကများကို ဦးသန့်ကဲ့သို့သော မြန်မာ့ယဉ်ကျေးမှုကို နှစ်သက်မြတ်နိုးသူ လူတစ်ယောက်အဖို့ ကြည့်၍မရသည်မှာ မဆန်းလှပါချေ။

အမေရိကန်သမ္မတ ကနေဒီအပြင် ဦးသန့်နှင့် အလွန် ခင်မင်သော အမေရိကန်တစ်ယောက်ရှိသေးသည်။ သူကား အမေရိကန် နိုင်ငံမှ ကုလသမဂ္ဂသံအမတ်ကြီး မစ္စတာ အက်ဒလေစတီဗင်ဆင်ဖြစ်သည်။ မစ္စတာ စတီဗင်ဆင်မှာ နိုင်ငံတာဝန်ထမ်းဆောင်ရင်း ယမန်နှစ်ကပင် လန်ဒန်မြို့တော်၌ သေဆုံးခဲ့သူဖြစ်သည်။ စတီဗင်ဆင်မှာ ဦးသန့်၏ အရည် အချင်းကို အကဲခတ်မိ၍ ကမ္ဘာ့တာဝန်များအားလုံးကို ဦးသန့်အပေါ်သို့ ပုံပေးရန် ထောက်ခံခဲ့သူဖြစ်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်မှာ ဦးသန့်နှင့်သာ အသင့်တော်ဆုံးဟု သမာသမတ်တွေး၍ ဦးသန့်ကို ထောက် ခံခဲ့သူဖြစ်လေသည်။ ကျူးဘားကိစ္စတွင် ဦးသန့်ဝင်၍ ပြေပြေလည်လည် ဖြစ်အောင်ဆောင်ရွက်ပြီး အနုမြူစစ်ဘေးကြီးမှ ကင်းဝေးအောင် ကမ္ဘာကြီး ကို ကယ်ဆယ်နိုင်ခဲ့သဖြင့် ဦးသန့်ကို ယခင်ထက်ပို၍ အထင်ကြီးလေးစား ခဲ့သူလည်းဖြစ်သည်။

သူက "ကျူးဘားပြဿနာ ပြေလည်သွားတာဟာ ကုလသမဂ္ဂ အခြေခံစာတမ်းသာလျှင် အဓိကအကျဆုံးဆိုတာ သက်သေပြလိုက်ပါတယ်။ ပြီးတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ သမာသမတ်ရှိမှု၊ နည်းလမ်းတကျ ဖြန်ဖြေဆွေးနွေးမှုများကြောင့်လဲ ဒီပြဿနာကြီးပြေလည်အေးချမ်းသွားခဲ့တာ ဖြစ်ပါတယ်"ဟု ပြောခဲ့လေသည်။ ဦးသန့်နှင့် ကွယ်လွန်သူ အတွင်းရေးမှူးချုပ် မစ္စတာ ဟမ်းမားရှိုးလ်တို့မှာ ကွဲလွဲသောအချက်အချို့ရှိသည်။ မစ္စတာ ဟမ်းမားရှိုးလ်မှာ တစ်ခါတရံ အလွန်နားလည်ရန် ခက်ခဲသော လူတစ်ယောက်ဖြစ်၏။ ဦးသန့်က ပွင့်လင်းသည်။ မိမိမှန်ကန်သည်ဟုထင်လျှင် ရဲဝံ့စွာဆုံးဖြတ် ဆောင်ရွက်လေ့ရှိသည်။ ဟမ်းမားရှိုးလ်၏လက်ထောက်အရာရှိဖြစ်ပြီး ယခုလည်း ဦးသန့်နှင့်ဆက်လက်၍ အလုပ်လုပ်ကိုင်လျက်ရှိသော အရာရှိတစ်ဦး



က မစ္စတာဟမ်းမားရှိုးလ်ကို အလွန်နန်းဆန်သော ရဟန်းမင်း ပုပ်(၁၂)နှင့် တူသည်ဟု ပြောပြီး ဦးသန့်ကို အလွန်လူသားဆန်သော ပုပ်ဂျွန် (၂၃)နှင့် တူလှသည်ဟု နှိုင်းယှဉ်ပြောဆိုခဲ့ဖူးလေသည်။

ဟမ်းမားရှိုးလ်မှာ လူပျိုကြီးတစ်ယောက်ဖြစ်သောကြောင့် နေရာတကာသို့ လေယာဉ်ဖြင့် အမြဲမပြတ် သွားလာခရီးထွက်လျက်ရှိတတ်၏။ ဦးသန့်ကား အိမ်ထောင်ရှင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်သို့မဟုတ် ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြားလုပ်ငန်းဆောင်တာများအတွက် အမှန်တကယ်ပင် မိမိသွားရောက်ရန်လိုအပ်သောကိစ္စရှိမှလည်း ခရီးထွက်တတ်သူဖြစ်သည်။ သို့သော် ဦးသန့်သည် လူသားတစ်ဦးပင်ဖြစ်၍ ကမ္ဘာ့တာဝန်ထမ်းဆောင်ရာတွင် သဘောထားမရိုးဖြောင့်သော ပုဂ္ဂိုလ်များနှင့် ကြုံတွေ့ရသောအခါ၌ လူပီပီ ဒေါသကိုဖွင့်ထုတ်လိုက်တတ်သည်လည်းရှိ၏။

တစ်ချိန်တွင် ပြင်သစ်ကိုယ်စားလှယ်တစ်ဦးက ဦးသန့်ထံ တွေ့ဆုံခွင့်တောင်းသော ကိစ္စတစ်ရပ်နှင့်ပတ်သက်၍ အဆင်မသင့်၍ ချက်ချင်းတွေ့ခွင့်မရဘဲရှိခဲ့၏။ ၎င်းကို ယင်းကိုယ်စားလှယ်က မကျေမနပ်ဖြင့် သတင်းစာ စာတမ်းတစ်စောင်လိမ်ရေးပြီး ထုတ်ပြန်သည်။ ဦးသန့်သည် ထိုပုဂ္ဂိုလ်၏မျက်နှာကို စေ့စေ့ကြည့်၍ "ခင်ဗျားလူလိမ်ပဲ"ဟု ခပ်ပြတ်ပြတ်ပြောချလိုက်လေသည်။ ဦးသန့်သည် မဟုတ်မမှန်ပြောဆိုခြင်းကို အလွန်မုန်းသူဖြစ်၏။ ဗုဒ္ဓ၏ အဆုံးအမကိုတည်သော ဗုဒ္ဓဘာသာစစ်စစ်တစ်ဦးပီပီ မုသားပြောခြင်းကို ဦးသန့်အလွန်မုန်း၏။ မှန်မှန်ကန်ကန် ပြောဆိုပြုမူတတ်သောသူကိုကား ဦးသန့် အလွန်လိုလားသည်။ ဦးသန့်သည် မစ္စတာဟမ်းမားရှိုးလ်၏ရာထူးကို ဆက်ခံရစဉ်က ရုံးတွင်း၌ အပြောင်းအလွဲမလုပ်ဘဲထားကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် သူသည် ရုံးခန်း၏အပူရှိန်ကိုကား မိမိအိမ်တွင်း၌ထားရှိသော အပူအချိန်အတိုင်း ထားသည်။ အပူပိုင်းနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံမှလာသူတစ်ယောက်အဖို့ အလွန်အေးသောဒီဂရီကို ကြာကြာမခံနိုင်ပေ။ မျှတသော အပူဒီဂရီကိုသာ အလိုရှိသည်။ ထို့ကြောင့်သူသည် ရုံခန်းအတွင်း အပူချိန်ကို ၈၀-ဒီဂရီရှိစေရအောင် အအေးခန်းစက်ကို ဒီဂရီပြင်လိုက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးသို့ အနုမြူစစ်မီးကြီး လောင်ကျွမ်းမည့်ဘေးမှ ကာကွယ်နေရသော တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်နေရသူဖြစ်သောကြောင့် ဦးသန့်၏ကားထဲတွင် အရေးပေါ်တယ်လီဖုံးတစ်ခုကို တပ်ဆင်ထား၏။ ယင်း ရေဒီယိုတယ်လီဖုံးသည် ဦးသန့်သွားလေရာတွင် အရေးပေါ်ကိစ္စများရှိပါက အသုံးပြုရန်ပင် ဖြစ်လေသည်။ ဦးသန့်၏ အတ္ထုပ္ပတ္တိစာအုပ်ကြီးတစ်အုပ်ကို အမေရိကန်နိုင်ငံမှ စာရေးဆရာမတစ်ဦးဖြစ်သူ ဌုန်ဘင်ဂမ်းက ဦးခန့် အကူအညီဖြင့်ရေးသား၍ ၁၉၆၆-ခုနှစ်ဦးပိုင်းက ထုတ်ဝေခဲ့လေသည်။ ယင်း စာအုပ်မှာ ဦးသန့်၏အကြောင်းကိုသာ ရေးသားခြင်းမဟုတ်ဘဲ ဦးသန့် မွေးဖွားသည့်မှ ယခု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည်အထိ မြန်မာနိုင်ငံ၏ နောက်ခံနိုင်ငံရေးနှင့် ဗုဒ္ဓဘာသာပေါ်ပေါက်ထွန်းကားလာပုံတို့ကို တို့ကာထိကာ ဆွဲထည့်၍ ရေးသားထားသည်ကို တွေ့ရသည်။

ဦးသန့်၏သဘောထားကို လှေလာဖော်ပြထား၍ နိုင်ငံခြားသူတစ်ဦး၏ရှုထောင့်မှအမြင်ကို ထင်ထင်ရှားရှား ရေးသားထားသည်ကို တွေ့ရလေသည်။ အမှန်မှာ မူလပထမက ဦသန့်၏အတ္ထုပ္ပတ္တိကို ရေးသားခွင့် ဦးသန့်ကမပေးခဲ့။ စာရေးဆရာမဖြစ်သူ ဌုန်ဘင်ဂမ်းမှာ အမေရိကန်နိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦး၏ ဇနီးဖြစ်လေသည်။ စာရေးဆရာမ ဌုန်ဘင်ဂမ်းက ဦးသန့်၏အတ္ထုပ္ပတ္တိကို မြန်မာ့နိုင်ငံရေးသမိုင်းနောက်ခံထား၍ရေးမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ်ပြောဆိုခွင့်ပန်သော အခါမှသာလျှင် ဦးသန့်က ခွင့်ပြုခဲ့သည်။ စာရေးဆရာမ ဌုန်ဘင်ဂမ်းနှင့် ခင်ပွန်းဖြစ်သူတို့သည် ၁၉၆၄-ခုနှစ်၊ ဩဂုတ်လက မြန်မာနိုင်ငံသို့လာရောက်ပြီးလျှင် ဦးသန့်အတ္ထုပ္ပတ္တိကိုပြုစုသော စာရေးသူသည် မြန်မာနိုင်ငံရှိ ဒေါက်တာဘမော်အပါအဝင် ထင်ရှားသောခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ၍ မေးမြန်းစုံစမ်းခဲ့သည်။

ဦးသန့်၏ အတ္ထုပ္ပတ္တိကို ရေးရာတွင် အဓိကအကူအညီပေးသူမှာ ဦးသန့်၏ညီဖြစ်သူ ပါလီမန်အမတ်ဟောင်း၊ ဂန္ထလောက အယ်ဒီတာဟောင်း ဦးခန့်ပင် ဖြစ်လေသည်။ ဦးခန့်သည် စာရေးဆရာမ ဌုန်ဘင်ဂမ်းက ပန်းတနော်မြို့နှင့်တူသော မြို့တစ်မြို့ကို လှေလာချင်သည်ဆို၍ တွံတေးမြို့သို့



နေ့ချင်းပြန်သွားရောက် လေ့လာပြသခဲ့သည်။ စာရေးဆရာမ ဌုန်ဘင်ဂမ်း၏ ဦးသန့်အတ္ထုပ္ပတ္တိစာအုပ်မှာ ယခုနှစ်ဦးကပင် အမေရိကန်နိုင်ငံတွင် ထုတ်ဝေခဲ့ပြီး ဒုတိယအကြိမ် ကနေဒါနိုင်ငံမှ ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် စက်တင်ဘာလအတွင်းက အင်္ဂလန်နိုင်ငံမှ တတိယအကြိမ်ထုတ်ဝေခဲ့သည်ဟု သိရလေသည်။ တတိယအကြိမ်ထုတ်ဝေသော စာအုပ်မှာ မြန်မာနိုင်ငံ၌ ရောင်းချရန် အုပ်ရေ ၂၀၀ရောက်သည်ဆိုသော်လည်း ဤစာကိုရေးနေသည့် ၁၃-၁၁-၆၆နေ့အထိ မရောက်သေးပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ ဦးသန့် ရာထူးမှထွက်မည်

၁၉၆၆–ခု၊ စက်တင်ဘာလ ၁–ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်သည် နောက်ထပ် ၅နှစ်ရာထူးသက်တမ်းတွင် ဆက်လက်ဆောင်ရွက်တော့မည်မဟုတ်ဟု ကြေညာလိုက်လေသည်။ ဦးသန့်သည် ယင်းကြေညာချက်ကို မထုတ်ပြန်မီ ရာထူးဆက်လက် ထမ်းရွက်ဦးမည်လောဟု မေးကြသော မေးခွန်းများမေးတိုင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးတာဝန်မှာ အလွန်ကြီးမားခက်ခဲလှသည်။ ထိုရာထူးကို ထမ်းဆောင်ရသူ၏သက်တမ်းကိုပင် တိုစေနိုင်သည် စသဖြင့်သာဖြေပြီး ရာထူးဆက်ယူမည်၊ မယူမည်ကို မဖြေဆိုဘဲထားခဲ့၏။ ဦးသန့်၏ အဖြေကိုကြည့်၍ ကမ္ဘာ့သတင်းစာဆရာများနှင့် အကဲခတ်သမားများက ဦးသန့် ရာထူးကို ငြီးငွေ့နေပြီဟု ယူဆရကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးသက်တမ်းတွင် နောက်ထပ်ဆက်လက်၍ တာဝန်ထမ်းရန် ဦးသန့်ဆန္ဒမရှိတော့ပြီဟု ထင်ရကြောင်း ဟောကိန်းထုတ်ကြလေသည်။

ထိုသို့ ဦးသန့်၏ ရာထူးဆက်ခံရေးအခြေအနေကို အကဲခတ်သမားများက ဟောကိန်းထုတ်ပြီးနောက် ဦးသန့်က မိမိရာထူးတွင် ဆက်လက်ထမ်းဆောင်မည် မထမ်းဆောင်မည်ဆိုသည့်အဖြေကို စက်တင်ဘာလ ၁–ရက်နေ့တွင် ပေးမည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ဦးသန့်က မိမိအဖြေကို ထိုနေ့တွင် ကြေညာမည်ဟုလည်း ပြောခဲ့သည်။ ဦးသန့်၏အဖြေကို ကမ္ဘာ့လူထုသည် ရင်တမမဖြင့် စောင့်စားမျှော်လင့်နေကြရသည်။ ဦးသန့်သည် သူ၏ရာထူးတွင် ဆက်လက်ထမ်းရွက်မည်ဟုဆိုသော် အရေးမကြီး၊ အကယ်၍ ယင်းရာထူးတွင် ဆက်လက်၍ မထမ်းရွက်တော့ဟုဆိုခဲ့သော် မည်သို့ပြုလုပ်ကြမည်နည်း။



ဦးသန့်ရာထူးနေရာတွင် မည်သူ့ကို အစားထိုးရပါမည်နည်း။ လောလောဆယ်အခြေအနေတွင် ဦးသန့်၏ရာထူးနေရာအတွက် ခန့်ထား အစားထိုးရန် ကမ္ဘာ့ကုလသမဂ္ဂတွင် တစ်ဦးတစ်ယောက်မျှ မျက်စိထဲ၌မတွေ့ကြပေ။ ဦးသန့်ကဲ့သို့ သည်းခံစိတ်ရှည်၍ ပြဿနာတိုင်းကို သမာသမတ်ကျကျအောင်မြင်အောင် ဖြေရှင်းဆောင်ရွက်နိုင်သူမှာ ဘယ်သောအခါမှ အစားထိုး၍ မရနိုင်ဟုလည်း ယူဆကြသည်။ စက်တင်ဘာလ ၁–ရက်နေ့ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းမှ လူသားတိုင်းက စောင့်စားနေကြသည်။ ဦးသန့်၏ကြေညာချက်သတင်းကိုယူရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ နိုင်ငံခြားသတင်းထောက်များသည် အပန်းဖြေစခန်းများတွင် အနားယူနေကြရာမှ အချိန်မီ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်သို့ ပြန်ပြေးလာကြသည်။ ဤသို့ဖြင့် ကမ္ဘာ့ပြည်သူအများ မျှော်လင့်နေကြသော ၁၉၆၆–ခု၊ စက်တင်ဘာလ ၁–ရက်နေ့သည် မကြာမီရောက်လာ၏။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ရာထူးထမ်းရွက်ရေးနှင့် ပတ်သက်သော ကြေညာချက်သည် စက်တင်ဘာလ ၁–ရက်နေ့တွင် ထွက်လာလေ၏။

**ဦးသန့်က မိမိသည် နောက် ၅–နှစ်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးသက်တမ်းတွင် ဆက်လက် ဆောင်ရွက်တော့မည် မဟုတ်ကြောင်းဖြင့် ကြေညာချက်တွင် ဖော်ပြလိုက်သည်။**

ဦးသန့်က ရာထူးတွင် ဆက်လက်ထမ်းရွက်ရန် စိတ်ကုန်ခမ်းနေပြီဖြစ်ရခြင်း၏အကြောင်းကို ဖော်ပြရာ၌ ဗီယက်နမ်တွင်ဖြစ်နေသော စစ်ပွဲအတွက် ပုဂ္ဂိုလ်ရေးအရ အလွန်စိတ်ထိခိုက်ခြင်း ဖြစ်နေမိသည်ဟု ပါရှိသည်။ စစ်ပွဲ၏ ကြမ်းကြုတ်ရက်စက်မှုများကြောင့် ဗီယက်နမ်ပြည်သူလူထု အကြီးအကျယ် ဒုက္ခဆင်းရဲနှင့် ကြုံတွေ့နေရသည်ကို မိမိအလွန်အမင်း စိတ်ဆင်းရဲခြင်း ဖြစ်မိရသည်။ ဗီယက်နမ်စစ်သည် ကမ္ဘာ့စစ်ကြီးဖြစ်ပွားရေးကို ရှေ့ရှုနေသ၍ ကုလသမဂ္ဂအဖွဲ့ကြီး၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး အောင်မြင်ခြင်းမရှိသည်ကိုလည်း မကျေနပ်။ ကမ္ဘာ့စီးပွားရေးအခြေအနေများ ကောင်းမွန်ခြင်းမရှိသည့်အပြင် စီးပွားရေးမညီမျှမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်တစ်ရပ်ဖြစ်မှားနေသည်။ မိမိရာထူးတွင် ဆက်လက်ထမ်းရွက်ပါရန် အနိုင်နိုင်ငံမှခေါင်းဆောင်များ၊ ပြည်သူလူထုအများ တောင်းပန်ကြသည်ကို လက်မခံနိုင်သောကြောင့် မိမိအထူးဝမ်းနည်းမိပါသည်။ ယင်းပုဂ္ဂိုလ်များကို မလေးစား၍မဟုတ်ပါကြောင်း၊ မိမိအနေဖြင့် မည်သူမဆိုယင်းရာထူးကို ၅-နှစ်ထက် ပို၍လုပ်ဆောင်ရန် မသင့်ဟုယူဆ၍ ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်းဖြင့် ဦးသန့်က ရာထူးမှထွက်ရန်ဆုံးဖြတ်ကြောင်း ကြေညာသည့်စာတမ်း၌ ဖော်ပြထား၏။

ဦးသန့်က မိမိအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ်တွင် ယုံကြည်မှုအပြည့်အဝရှိပါသည်။ လောလောဆယ်အားဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၌ အခက်အခဲများကြုံတွေ့နေရသည်မှန်သော်လည်း နောက်ဆုံးတစ်နေ့တွင် အောင်မြင်မည်ဟု ယူဆပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများ အောင်မြင်ရေးအတွက် မိမိ အမြဲတမ်းကူညီလုပ်ဆောင်ပေးရန်အသင့်ရှိပါသည် စသဖြင့် ထပ်လောင်းဖော်ပြထားလေသည်။

ဦးသန့်သည် ယင်းကြေညာချက်ကို ကြိုတင်၍ လက်နှိပ်စက်ဖြင့်ရိုက်ထားကာ စက်တင်ဘာလ ၁-ရက်နေ့၌ထုတ်ပြန်ပြီးနောက် ကိုယ်ဖျောက်နေလေသည်။ ကုလသမဂ္ဂသတင်းထောက်များသည် ဦးသန့်၏ရုံးတွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း ဦးသန့်ကို ရှာမတွေ့ကြပေ။ ဦးသန့်သည် တစ်နေရာသွားရောက်အနားယူနေသည်ဟုသာ သိရပြီး ဦးသန့်ရှိသည့်နေရာ၏ တယ်လီဖုန်းနံပါတ်ကိုမျှပင် သတင်းထောက်များသိခွင့်မရှိကြပေ။ စက်တင်ဘာလ ၁-ရက်နေ့က ကုလသမဂ္ဂမှရောက်လာသော သတင်းများတွင် ဦးသန့် ရာထူးမှအနားယူမည့်သတင်းနှင့်အတူပင် တစ်ဆက်တည်း အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် ဥရောပနိုင်ငံများက ဦးသန့်၏ရာထူးတွင် ဆက်လက်၍ တာဝန်ယူမည့် ခေါင်းဆောင်များ လျာထားကြသည့်သတင်းများပါ တစ်ဆက်တည်းပါလာလေသည်။

တစ်ဖန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်မဟုတ်သော အာရှ၊ အာဖရိက နိုင်ငံများက ဦးသန့်ကို ရာထူး၌ ဆက်လက်၍ထမ်းရွက်ပါရန် ဆွဲဆောင်ပန်ကြားဘို့ ဆွေးနွေးကြသည်ဆိုသော သတင်းများကိုလည်း ကုလ



သမဂ္ဂမှ ထိုနေ့တွင်ပင် ထွက်ပေါ်လာလေသည်။ ဦးသန့်အား ရာထူးဆက်လက်ထမ်းရွက်ပါရန် တောင်းပန်မည့်နိုင်ငံများ၌ ဂျပန်၊ ဂျော်ဒန်၊ မာလီ၊ နိုင်ဂျီးရီးယား၊ ယူဂန်ဒါနှင့် ဆိုဗီယက်ရုရှား၊ အမေရိကန်ပြည်ထောင်စုစသည့် နိုင်ငံများပါရှိ၍ ယင်းတို့ကိုယ်စားလှယ်အချင်းချင်း ဆွေးနွေးနေကြသည်ဟု သတင်းတစ်ရပ်ကလည်း ဆိုပြန်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးတွင် ထမ်းရွက်နေရသော ဦးသန့်၏လစာငွေမှာ တစ်နှစ်လျှင် ဒေါ်လာငွေ ၆၅၀၀၀ ဖြစ်သည်။ မြန်မာကျပ်ငွေဖြင့်ဆိုလျှင် ဦးသန့်သည် တစ်နှစ်လျှင် ၃၂၅၀၀၀ိ/- ရရှိသူဖြစ်သည်။

ဦးသန့်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးတွင် ဆက်လက်ထမ်းရွက်ခြင်းမရှိဘဲ အနားယူမည်ဆိုလျှင် အငြိမ်းစားလစာငွေ တနှစ်လျှင် ဒေါ်လာငွေ ၃၀၀၀၀ (သုံးသောင်း)ရမည်ဖြစ်ပြီး မြန်မာငွေအားဖြင့်ဆိုလျှင် ကျပ်ငွေ ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း) ဖြစ်လေသည်။

ကုလသမဂ္ဂမှ စက်တင်ဘာလ ၂ရက်နေ့တွင်ရောက်လာသော သတင်းအရ အမေရိကန် ပြည်ထောင်စု၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး မစ္စတာ အာသာဂိုးလ်ဘတ်က ရှေ့လာမည့် ၂လတွင် ဦးသန့်ရာထူးမှ အနားယူမည်ကြားရသောကြောင့် မိမိ အထူးစိတ်မကောင်းဖြစ်မိပါသည်ဟု ပြောဆိုသွားသည်။ အသက် ၅၇နှစ်သာရှိသေးသော ဦးသန့်သည် ကုလသမဂ္ဂ၏လုပ်ငန်းဆောင်တာများကို အောင်မြင်စွာ ဆက်လက် ထမ်းဆောင်နိုင်သူ ဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ ဗီယက်နမ်ရေးရာနှင့် ပတ်သက်ပြီး စစ်ရေးအရဖြေရှင်း၍ ရမည်မဟုတ်ဟု ဦးသန့်ကဲ့သို့ပင် မိမိယုံကြည်ပါသည်။

**ရန်သတ္တုရုပြုမှု အားလုံးကို ရပ်စဲရေးကြိုးပမ်းရန် မိမိက ကြိုဆိုပါသည်။ ဦးသန့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးတွင်** ဆက်လက်ထမ်းဆောင်ပါရန် အမေရိကန်ပြည်ထောင်စုမှ တောင်းပန်ပါသည်စသဖြင့် အမေရိကန် ကုလသမဂ္ဂသံအမတ်ကြီး အာသာဂိုးလ်ဘတ်က ပြောဆိုသွားသည်ဟု သတင်း၌ ဖော်ပြထားလေသည်။ ဦးသန့်သည် ဤသို့ဖြင့် ကုလသမဂ္ဂဌာနချုပ်မှ အချိန်အတော်ကြာပင် ခြေရာဖျောက်၍ တစ်နေရာတွင် နေထိုင်ခဲ့သည်။ ဦးသန့်သည် မိမိရာထူးမှ နုတ်ထွက်ရခြင်း၏ အဓိကအကြောင်းရင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဗီယက်နမ်ပြဿနာကြောင့်ဟု တင်ပြခဲ့သည်။ ဦးသန့်သည် ဗီယက်နမ်နှင့် ပတ်သက်၍ စိတ်မချမ်းသာ ဖြစ်နေသည်မှာ ယခုမှမဟုတ်၊ မိမိစိတ်ဆင်းရဲ နေရခြင်းကို ၁၉၆၄ ခု၊ ဂျူလိုင်လ ၁၈ရက်နေ့ (လွန်ခဲ့သော ၂နှစ်ကျော်ကပင်) ထုတ်ဖော် ပြောဆိုခဲ့သည်။ ထိုစဉ်က ဦးသန့်ပြောဆိုသော သတင်းအပြည့် အစုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## ဗီယက်နမ်၌ နိုင်ငံရေးအရ ဖြေရှင်းပါ

### (ကုလသမဂ္ဂ ဂျူလိုင်လ ၁၈ရက် ၁၉၆၄)

ဗီယက်နမ်အရေးအခင်းနှင့် ပတ်သက်၍ ဂျီနီဗာ ညီလာခံတစ်ရပ် ကျင်းပရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က တိုက်တွန်းလိုက်သည်။

ဦးသန့်က သတင်းစာဆရာများနှင့် တွေ့ဆုံထုတ်ဖော် ပြောဆိုရာတွင် စစ်ရေးအရဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းရေး မရနိုင်ကြောင်း၊ တစ်နေ့တခြား ထင်ရှားလာပြီ။ တစ်ခုတည်း သောနည်းလမ်းမှာ နိုင်ငံရေးအရ သံတမန်ဆွေးနွေးရေးနည်း သာဖြစ်သည်။ ဆွေးနွေးရန် အချိန်နှောင်းသော်လည်း ဖြေရှင်းရန် ဖြစ်နိုင်သည်။ ကုလသမဂ္ဂအနေဖြင့် ကြားဝင်ဆောင်ရွက်ရန် မှာ ယင်းအရေး၌ပါဝင်နေသော နိုင်ငံအချို့သည် ကုလသမဂ္ဂဝင် နိုင်ငံမဟုတ်၍ အခက်အခဲဖြစ်နေသည်။ ဂျီနီဗာညီလာခံ ကျင်းပ၍ သဘောတူညီချက်အရဆိုလျှင် အကောင်အထည်ဖော် ပေးနိုင်မည်။ မိမိအနေဖြင့် ဗီယက်နမ်အမျိုးသားတစ်ဦး ကျဆုံးသည်ဟု ကြားရတိုင်း၊ အမေရိကန်အမျိုးသားတစ်ဦး ကျဆုံးသည်ဟုကြားရတိုင်း ရင်နာမိသည်။ ယနေ့ထိ ဗီယက်နမ်၌ လူသားတစ်သောင်းကျဆုံး၍ ရွာပေါင်းအမြောက်အမြား ပျက်စီးခဲ့ပြီဟု ကြားရ၍ စိတ်မချမ်းမသာဖြစ်ခဲ့ရသည်ဟု ဦးသန့်က ဆက်လက်ပြောဆိုခဲ့လေသည်။

အထက်ပါသတင်းမှာ လွန်ခဲ့သော ၂-နှစ်ကပင် ပြောဆိုခဲ့သော



ဦးသန့် သဘောထားဖြစ်လေသည်။ ထိုစဉ်က အမေရိကန်ကလည်း မြောက် ဗီယက်နမ်ကို ဗုံးမကြဲသေးပေ။ ဗီယက်နမ်၌ ယခုကဲ့သို့ လူအသေအပျောက် ကြောက်ခမန်းလိလိ မများသေးပေ။

ယခုအခါ အမေရိကန်ကလည်း ဗီယက်နမ်ကို တစ်နေ့လျှင် အစင်း ပေါင်းများစွာသော လေယာဉ်ပျံများဖြင့် ဗုံးကြဲနေ၏။ ဗီယက်နမ်၌ လူ သတ်ပွဲကြီးမှာ နေ့စဉ်ရက်ဆက်ဖြစ်ပွားနေလေရာ ဦးသန့်သည် များစွာ စိတ် မချမ်းမသာဖြစ်နေရလေသည်။ ယင်းသည်ကပင် ဦးသန့်ရာထူးမှထွက်ရခြင်း ၏ အဓိကအကြောင်းကြီးတစ်ရပ် ဖြစ်နေခဲ့၏။ ဦးသန့်သည် ကုလသမဂ္ဂ ကလည်း ဝင်ရောက်မဆောင်ရွက်နိုင်၊ ရှေ့တွင်လည်း သွေးချောင်းစီးလူသတ် ပွဲကြီးများကျင်းပနေသည်ကိုမြင်နေရ၍ ကြေကွဲဝမ်းနည်းပြီး ထိုရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းလည်းဖြစ်ပေသည်။

ဦးသန့်ရာထူးမှ နုတ်ထွက် မည်ဆိုသော သတင်းသည် တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေလေသည်။ ငြိမ်းချမ်းရေးကိုမြတ်နိုး၍ ဒုတိယကမ္ဘာစစ်ကြီး ဒဏ်ကို ခံစားခဲ့ရပြီး တတိယကမ္ဘာစစ်ကြီးဖြစ်ပွားမည်ကို စိုးရိမ်သောက ရောက်နေကြသူတိုင်းပင် အထူးထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့ကြီးတွင်လည်း ယင်းသတင်းမှာ အထူးတုန်လှုပ်သွား၏။ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးများ သည် မိမိတို့အုပ်စုအသီးသီးဖွဲ့၍ ဦးသန့်အား ရာထူးမှ အနားယူမည့် ကိစ္စနှင့် ပတ်သက်၍ ထိုရာထူးအတွက် လူစားရှာမည်လော၊ ဦးသန့်ကိုပင်ဆက်၍ ရာထူးဆက်ခံရန် ပန်ကြားမည်လောဆိုသည်ကို ဆွေးနွေး ကြသည်။ တစ်ခုတည်းသောအဖြေမှာ ဦးသန့်ကိုပင် ယင်းရာထူးတွင် ဆက်လက်၍ ထမ်းရွက်ပါရန် ပန်ကြားဖို့ဖြစ်သည်။

ဦးသန့်အား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏သံအမတ်ကြီးများက ရာထူးတွင် ဆက်လက်ထမ်းရွက်ပါရန် တောင်းပန်သောသတင်းများမှာ ဆက်တိုက်ပင် ထွက်လာ၏။ ထိုသတင်းများနှင့်အတူပင် ဗြိတိန်ဝန်ကြီးချုပ် ဟာရိုးဝီလ်ဆင်၊ ပုပ်ရဟန်းမင်းကြီး၊ ပြင်သစ်သမ္မတကြီးဒီဂေါလ်၊ ကမ္ဘော ဒီးယားနိုင်ငံမှ မင်းသား ကြီး နိုရိုဒွန်သီဟာနု၊ ဂျပန်ဝန်ကြီးချုပ် စတိုး အပါအဝင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်ကြီးများက ဦးသန့်ကို ရာထူး၌ ဆက်လက်၍

www.burmeseclassic.com

www.burmeseclassic.com



ထမ်းရွက်ပါရန် ပန်ကြားသည့်သတင်းများ ကမ္ဘာသို့ ပြန့်သွားပြန်လေသည်။

အာရှ အာဖရိကနိုင်ငံများသည် ဦးသန့် ရုံးပြန်တက်သောနေ့တွင် ဦးသန့်နှင့်တွေ့ဆုံ၍ ရာထူးတွင်ဆက်လက်ထမ်းရွက်ပါရန် တောင်းပန်ကြောင်းစာကိုပေးအပ်ကြ၏။ ဦးသန့်က မိမိသည် လူကြီးမင်းများ၏ပန်ကြားချက်ကြောင့် စိတ်ထိခိုက်မိပါကြောင်းဖြင့် ပြောဆိုလိုက်ရုံမှအပ ရာထူး၌ ဆက်လက်ထမ်းရွက်မည်ဟု ကတိပေးစကား တစ်ခွန်းမျှမပြောကြားခဲ့ချေ။ သို့သော်...စက်တင်ဘာလ ၁၉–ရက်နေ့ မတိုင်မီထိ အမေရိကန်နိုင်ငံ ကုလသမဂ္ဂ သံအမတ်ကြီးအပါအဝင် နိုင်ငံခေါင်းဆောင်များသည် ဦးသန့်အား ယင်းရာထူး၌ ဆက်လက်ထမ်းရွက်ရန် ပန်ကြားနေဆဲပင်ဖြစ်၏။ ထိုသို့ ပန်ကြား နေဆဲတွင် ဦးသန့်နေရာအတွက် လက်ဝဲလက်ျာ နိုင်ငံကိုယ်စားလှယ်များသည် မည်သူ့ကိုမျှ လူစားမရှာကြဘဲ ထားကြလေသည်။

စက်တင်ဘာလ ၁၉–ရက်နေ့တွင်ကား ဦးသန့်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးတွင်ထမ်းဆောင်ရန် လူစားရှာမရသေးပါက မိမိသည် ယခုနှစ်ကုန်သည်အထိ ဆက်လက်တာဝန်ယူရန် စဉ်းစားမည်ဟု ပြောဆိုခဲ့၏။

## ဦးသန့် နှစ်ကုန်ထိလုပ်မည်

> "ကုလသမဂ္ဂအတွင်းဝန်ချုပ်နေရာအတွက် နိုဝင်ဘာလ ၃–ရက်နေ့အထိ၊ အဖွဲ့ဝင်များက ရှာဖွေမရရှိသေးလျှင် ယခုနှစ်ကုန်သည်အထိ ဆက်လက် တာဝန်ယူရန် စဉ်းစားမည်ဟု ဦးသန့်က ပြောဆိုသည်။ သို့သော် ဒီဇင်ဘာလ ၃၁–ရက်နေ့နောက်ပိုင်း ဆက်လက်တာဝန်ယူရေးကိုကား ပြောဆိုခြင်းမရှိ"

* * *

ဦးသန့်ပြောဆိုချက်ကိုကြားသိရသောအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အနည်းငယ် သက်ပြင်းချနိုင်ကြလေသည်။ အသက်ရှူရအနည်းငယ်ချောင်သွားကြသည်ဟု ထင်ကြရပေသည်။ ဦးသန့်သာ နိုဝင်ဘာလ ၃–ရက်နေ့တွင် ရာထူးသက်တမ်းကုန်ဆုံးပြီး ထွက်သွားလျှင် ကုလသမဂ္ဂအဖွဲ့ကြီးမှာ အတွင်းရေးမှူးချုပ်မရှိဘဲ အခက်တွေ့နေမည်။ ရာထူးအတွက် လျာထားသူလည်းမရှိ၊ ဤရာထူးကို လွယ်လွယ်နှင့် ဝင်ရောက်ဆောင်ရွက်နိုင်မည့်သူဆို၍လည်း တစ်ဦးတစ်ယောက်မျှ မတွေ့ပေ။



စက်တင်ဘာလ ၁၈–ရက်နေ့တွင် ဦးသန့်သည် ရက်သတ္တပတ်အတွင်း၌ ကျင်းပမည်ဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသို့ တင်သွင်းရန် မိမိ၏အစီရင်ခံစာကို လူသိရှင်ကြား ထုတ်ပြန်လိုက်လေ သည်။ ဦးသန့်က ကုလသမဂ္ဂ အထွေထွေညီလာခံသို့တင်သွင်းမည့် ယင်း စာတမ်းတွင် မိမိစိတ်ထဲတွင် ဆန္ဒပြင်းပြနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂမှဝိုင်းပယ်ထားခြင်းနှင့် ဗီယက်နမ်ပြဿနာတို့ကို အတိအလင်း ထောက်ပြထားလေသည်။ ဦးသန့်၏ အစီရင်ခံစာသတင်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

## ကုလညီလာခံသို့ ဦးသန့်အစီရင်ခံစာ

### ကမ္ဘာ့လူဦးရေ လေးပုံတစ်ပုံကို ဝိုင်းပယ်ထားခြင်းနှင့် ဗီယက်နမ်ပြဿနာကို အလေးအနက်ဖော်ပြခြင်း (ကုလသမဂ္ဂ စက်တင်ဘာ ၁–ရက် ကြေးနန်း)

ကုလသမဂ္ဂအဖွဲ့၏ လုပ်ငန်းများတွင် ကမ္ဘာ့လူဦးရေ လေးပုံတစ်ပုံအား ပါဝင်ဆောင်ရွက်ခွင့်မပေးဘဲထားခြင်းအတွက် စိတ်မကောင်းကြောင်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ယနေ့ထပ်မံပြောဆိုလိုက်ပြီး အဖွဲ့ဝင်မဟုတ် သောနိုင်ငံများက အယုတ်သဖြင့် အစအနေဖြင့် အကဲခတ် လေ့လာရေးအဖွဲ့များ စေလွှတ်ကြရန် အကြံပေးပြောဆိုလိုက်လေသည်။

ရက်သတ္တပတ် တစ်ပတ်အတွင်း စတင်ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ဦးသန့်ကတင်သွင်းသည့် အစီရင်ခံစာတွင် တရုတ်ပြည်ကို တိုက်ရိုက်အမည်မဖော်ပြဘဲ ကမ္ဘာ့နိုင်ငံအားလုံးကို ကုလသမဂ္ဂတွင် ပါဝင်စေသင့်ကြောင်း ထပ်မံပြောဆိုခဲ့လေသည်။ ကုလသမဂ္ဂ၏လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



များကို ကမ္ဘာ့လူသား လေးပုံတစ်ပုံအား ပါဝင်ဆောင်ရွက်ခွင့် မပေးဘဲထားလျှင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ရေရှည်တွင် ရာခိုင်နှုန်းပြည့် ထိရောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ဤကိစ္စတွင် အလွန်အရေးကြီးသည့် နိုင်ငံရေးအခက်အခဲရှိနေသည်ကို မိမိသိသည်။ ယခုအခါ ကုလသမဂ္ဂအဖွဲ့ကြီးထဲသို့ ဝင်ခွင့်မရဘဲရှိသောနိုင်ငံများ ဝင်ခွင့်ပြုရေးမှာ အချိန်ကာလကြာလိမ့်ဦးမည် စသဖြင့်လည်း ဦးသန့်၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ဦးသန့်က အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်မှာ နိုင်ငံအားလုံးအား ကုလသမဂ္ဂလုပ်ငန်းများကို အမြဲသိရှိစေသင့်သည်။ ယခုအခါ အဖွဲ့ဝင်မဟုတ်သော အနောက်ဂျာမနီ၊ တောင်ကိုရီးယား၊ တောင်ဗီယက်နမ်၊ မိုနာကို၊ ဗက်တီကန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ကသာ အကဲခတ်အဖွဲ့များ စေလွှတ်တက်ရောက်နေကြသည်။ ကုလသမဂ္ဂ၏ အစည်းအလာအရ လေ့လာသည့်အဖွဲ့များတက်ရောက်သည့်စနစ်ကို မိမိက လေ့လာနေရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေညီလာခံမှ ညွှန်ကြားချက်သစ် ထုတ်ပြန်သင့်သည်ဟု အကြံပေးထား၏။ အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းဆောင်ရွက်မှုဖြင့် ကုလသမဂ္ဂမှအဆုံးအဖြတ်ပေးပြီး ထိထိရောက်ရောက် ဆုံးဖြတ်အရေးယူရမည့် အရေးကြီးသော ပြဿနာများကို အများသိပြီးဖြစ်သည့်အကြောင်းများကြောင့်ပင် ကုလသမဂ္ဂမှ မဆောင်ရွက်နိုင်ဘဲရှိရသည်။

ဤသို့ဖြင့် ဗီယက်နမ်ပြဿနာသည် တိုး၍ နက်နဲခက်ခဲလာခဲ့သည်။ ထိုသို့ဖြစ်ရသည်မှာ မိမိ၏အမြင်အားဖြင့် အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ တိုင်းရေးပြည်မှုတွင် ရန်မီးမငြိမ်းလိုခြင်း မယုံသင်္ကာရှိခြင်းတို့ကြောင့် ဖြစ်သည်။



မိမိသည် ဗီယက်နမ်စေ့စပ်ရေး ဖြစ်မြောက်အောင် ကြိုးစားခဲ့သည်။ သို့ကြိုးစားရာတွင် သက်ဆိုင်သူများက ပြဿနာကို သုံးသပ်ရာ၌ အာဏာရမှုနှင့် နိုင်ငံရေးကိုအဓိကထားပြီး စဉ်းစားသုံးသပ်နေသည်ကို တွေ့ရသည်။ လူသားများအနေဖြင့် အလွန်ကြီးမားသည့် ဆင်းရဲဒုက္ခကြီးများကို များစွာ အရေးမစိုက် ဂရုမထား စသဖြင့် ဦးသန့်၏အစီရင်ခံစာတွင် အကျယ်တဝင့်ဖော်ပြထားလေသည်။

အထက်ပါ အစီရင်ခံစာမှာ ဦးသန့်၏ရင်ထဲ၌ ခံစားရချက်များကို ဖွင့်ထုတ်လိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ဗီယက်နမ်တွင် နေ့စဉ်နှင့်အမျှ လူတွေသေကြေပျက်စီး၍ ဒုက္ခရောက်နေကြရခြင်း၊ သွေးချောင်းစီးတိုက်ပွဲကြီးများဖြစ်နေခြင်းအတွက် ဦးသန့်အနေဖြင့် အလွန်ပင် မကြည့်ရက်မရှုရက် ဖြစ်နေသည်။ ကရုဏာတရားအပြည့်ရှိသော လူသားတစ်ဦးအနေဖြင့်လည်း ထိုအဖြစ်ဆိုးတို့ကွယ်ပျောက်သွားစေရန် ကိုယ်ထိလက်ရောက် ဘာမျှဝင်၍ လုပ်မရဘဲရှိနေသည်ကို ဦးသန့်က ရင်နာမိသည်။ ဦးသန့်သည် ကုလသမဂ္ဂအဖွဲ့ကြီးအတွင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝင်ခွင့်မရသည့်အဖြစ်ကိုလည်း "ကမ္ဘာ့လူဦးရေလေးပုံတစ်ပုံကို ကုလသမဂ္ဂလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်မပေးဘဲထားလျှင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ရေရှည်တွင် ရာခိုင်နှုန်းပြည့် ထိရောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်" ဟု ရည်ညွှန်းသတိပေးထားလေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂအဖွဲ့ကြီးအတွင်း ပါဝင်ဆောင်ရွက်ခွင့်မပေးဘဲထားခြင်းအပေါ် တာဝန်ရှိသူတို့ သတိပြုစရာအကြောင်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်နေရသော ဦးသန့်က ထိုမျှသာပြောခဲ့သည်။ အကယ်၍ သာမန်အရပ်သားတစ်ဦးသာဆိုလျှင် ဦးသန့်သည် မည်မျှထုတ်ဖော်ဖွင့်အန်လိုက်မည် မသိပါချေ။ အမေရိကန်နှင့် မြောက်ဗီယက်နမ်တို့ သူသေကိုယ်သေ မကြေညာဘဲ တိုက်ခိုက်သောစစ်တွင် ရက်စက်ကြမ်းကြုတ်မှုများ နေ့စဉ်ရက်ဆက်ဖြစ်ပေါ်နေခြင်းသည် ဦးသန့်အနေဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူး၌ ဆက်လက်

www.burmeseclassic.com



ထမ်းရွက်ရန် စိတ်ကုန်ခမ်းစေသော အဓိကအကြောင်းခြင်းရာဖြစ်နေကြောင်းမှာ ထင်ရှားလှ၏။ ဤအကြောင်းနှင့်ပတ်သက်ပြီးလျှင် ကမ္ဘာ့သြဇာအရှိဆုံး အမေရိကန်သတင်းစာများကပါ ဦးသန့်ဘက်မှ ပါဝင်ထောက်ခံရေးသားကြသည်။ အမေရိကန်အစိုးရကို အပြစ်တင်၍ ဦးသန့်ကို ထောက်ခံကြသည်။ အောက်ပါသတင်းတစ်ပုဒ်မှာ အမေရိကန်နှင့် ရုရှားအစိုးရများက ဦးသန့်အား ရာထူးဆက်လက်ထမ်းရွက်ရေးကိုသာ တိုက်တွန်းနေပြီး ဦးသန့်လက်ခံစေမည့် ငြိမ်းချမ်းရေးဆောင်ရွက်မှု ဘာမှမလုပ်ကြသဖြင့် အမေရိကန်သတင်းစာကြီးတစ်စောင်က ဝေဖန်ခြင်းဖြစ်သည်။

## ကန်အစိုးရကို နယူးယောက်တိုင်း အပြစ်တင်ခြင်း

### ဦးသန့်ရာထူးဆက်ပြီး လက်ခံစေမည့် ငြိမ်းချမ်းရေးကို ဘာမျှမလုပ်ကြဟု ဝေဖန်ရေးသားခြင်း။

### (နယူးယောက် စက်တင်ဘာ ၁၈)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဦးသန့်အား ဆက်လက်ထမ်းရွက်စေအောင် ဆွဲထားရန်အတွက် လိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းကို ရုရှကရောအမေရိကန်ကပါ ဘာမျှမလုပ်ဘဲနေကြသည့်အတွက် အပြစ်တင်ကြောင်း နယူးယောက်တိုင်းသတင်းစာကြီးက ယနေ့ထုတ်ဖော်ရေးသားလိုက်၏။ လွန်ခဲ့သည့်နှစ်ပတ်က ဦးသန့်၏နှုတ်ထွက်စာတွင် ငြိမ်းချမ်းရေးအတွက် ဦးဆောင်ပြီးမဆောင်ရွက်ခြင်း၊ အကြံ ဉာဏ်သစ်မထုတ်ခြင်းတို့ကို ညည်းတွားခဲ့ရာ ယင်းတို့ကို ပြေလည်စေရန်အတွက် အင်အားကြီးနိုင်ငံနှစ်နိုင်ငံက ဆောင်ရွက်လိုသော ဆန္ဒလက္ခဏာလုံးဝ မပြသခဲ့ကြပေ။ ဝါရှင်တန်အစိုးရက ငြိမ်းချမ်းရေးဆောင်ရွက်ရန် ငြင်းပယ်သည့်အကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဒင်းရပ်က အမေရိကန်အစိုးရသည် ကုလသမဂ္ဂသို့ တရုတ်အစိုးရ ပါဝင်ခွင့်ပြုရေးအတွက် ယခင်သဘောထားကို မပြောင်းဟု ပြောဆိုခြင်းဖြင့် သိသာစေခဲ့သည်။



ဦးသန့်က မိမိ၏အဓိကမကျေနပ်မှုမှာ ကမ္ဘာ့အဖွဲ့အစည်းကြီးတွင် နိုင်ငံတိုင်းပါဝင်ခွင့်မရရှိဘဲ နေခြင်းဖြစ်ကြောင်း အလေးအနက် ဖော်ပြထားခဲ့သည်စသည်ဖြင့် အဆိုပါသတင်းစာကြီးက ခေါင်းကြီးပိုင်းမှ ဝေဖန်ရေးသားထား၏။

ဗီယက်နမ်ပြဿနာနှင့်စပ်လျဉ်း၍ ရေးသားရာတွင် ဗီယက်နမ်အခြေအနေမှာ သွေးချောင်းစီးမှု၊ အကြမ်းဖက်မှုများ ဆက်လက်တိုးတက်လာမည့် အခြေအနေဖြစ်သည်။ ဗီယက်နမ်ငြိမ်းချမ်းရေး ရရန်အတွက် လက်နက်အားကိုးလုပ်နေခြင်းမှာ ဝမ်းနည်းဖွယ်ကောင်းသည့်အမှားဟု ဦးသန့်၏ သတိပေးချက်အား နှစ်ဖက်စလုံးက ဂရုမစိုက်ခဲ့ကြသောကြောင့်ပင် ဦးသန့်က ရာထူးတွင် ဆက်လက် မထမ်းဆောင်လိုဟု ငြင်းဆိုခြင်းဖြစ်သည်ကို အလွယ်တကူသိနိုင်ပေသည်ဟု ယင်း သတင်းစာကြီးက ထောက်ပြထားလေသည်။

\+ \+ \+

ဦးသန့်အနေဖြင့် ဗီယက်နမ်ပြဿနာ ပြေလည်ရေးအတွက် အကြံပေးချက်သုံးချက် တင်ပြထားခဲ့သည်။ ယင်းအကြံပေးချက် သုံးရပ်မှာ (၁) မြောက်ဗီယက်နမ်အား ဗုံးကြဲနေခြင်းကို ချွင်းချက်မရှိရပ်စဲထားရန်၊ (၂) တောင်ဗီယက်နမ်၌ စစ်ရေးအားဖြင့် တိုက်ခိုက်နေခြင်းများကို နှစ်ဖက်စလုံးမှ ရပ်စဲလိုက်ကြရန်၊ (၃) ဗီယက်ကောင်းတို့အပါအဝင် နှစ်ဖက်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြရန်ဟူ၍ ဖြစ်လေသည်။ ၁၉၆၆-ခု၊ စက်တင်ဘာလ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကို စတင်ကျင်းပသောအခါတွင် ဥက္ကဋ္ဌသစ်အဖြစ်ဆောင်ရွက်ရသော မစ္စတာအပ္ပဒူရာမန်ပက်ဇဝပ်က ဦးသန့်၏အကြံပေးချက်သုံးရပ်ကို ထောက်ခံပြောဆိုခဲ့၏။ ကုလသမဂ္ဂ မှ စက်တင်ဘာလ ၂၂-ရက်နေ့က ရောက်ရှိလာသောသတင်းများအရ ဗီယက်နမ်တွင် ငြိမ်းချမ်းရေးရရှိရန်အတွက် အသစ်တစ်ဖန် ချဉ်းကပ်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြပါရန် ကုလသမဂ္ဂဥက္ကဋ္ဌသစ် အပ္ပဒူရာမန်ပက်ဇဝပ်က တိုက်တွန်းပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌသစ်က သတင်းထောက်များနှင့် တွေ့ဆုံပြောကြားရာတွင် ဦးသန့်၏ အချက်သုံးချက်ပါဝင်သောအစီအစဉ်သည် အလွန်ကောင်းမွန်သော အကြံပေးချက်များဖြစ်ပါသည် စသဖြင့် ပြောဆိုသွားသည်ဟု သိရလေသည်။

## ဦးသန့် နေရူးဆုရခြင်း

နယူးဒေလီမှ စက်တင်ဘာလ ၂၇–ရက်နေ့က ရောက်ရှိလာသော သတင်းအရ "နိုင်ငံတကာ ချစ်ကြည်နားလည်မှုရရှိရေးကြိုးပမ်းချက်ကို ဂုဏ်ပြုသော" ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် နေရူးဆုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်အားပေးအပ်ရန် သတ်မှတ်လိုက်သည်ဟု သိရသည်။

ဦးသန့်အား ဂုဏ်ပြုပေးအပ်မည်ဖြစ်သော အဆိုပါနေရူးဆုမှာ အိန္ဒိယငွေတစ်သိန်း (မြန်မာငွေ ကျပ်ခြောက်သောင်းခန့်)ဖြစ်လေသည်။ ဆုငွေကို နိုင်ငံခြားငွေအဖြစ် လွှဲပြောင်းထုတ်ယူနိုင်ခွင့်လည်းရှိ၏။ ယင်းဆုမှာ တစ်နှစ်တာအတွင်း နိုင်ငံရပ်ခြားတိုင်းပြည်များအချင်းချင်းနှင့် ပြည်သူ အချင်းချင်း ချစ်ကြည်နားလည်မှုတိုးတက်ရေးအတွက် စွမ်းစွမ်းတမန်ဆောင်ရွက်နိုင်သော ကမ္ဘာ့ပုဂ္ဂိုလ်တစ်ဦးဦးကိုပေးရန် ၁၉၆၄–ခုနှစ်က အိန္ဒိယနိုင်ငံယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီက သတ်မှတ်ခဲ့ခြင်းဖြစ်သည်ဟု သိရ၏။ ထိုသို့ နေရူးဆုပေးအပ်ခြင်းနှင့်ပတ်သက်၍ ဦးသန့်က မည်သို့သဘောထားသည်ကို ကမ္ဘာကနားစွင့်နေစဉ် ဦးသန့်က ယင်းဆုငွေနှင့်ပတ်သက်၍ ပြန်လည်လှူဒါန်းကြောင်း ထုတ်ဖော်ကြေညာလေသည်။

### နေရူးဆု ရူပီးငွေတစ်သိန်း ဦးသန့်လှူမည်

### (နယူးယောက် စက်တင်ဘာ ၂၈ ၁၉၆၆)

ကုလသမဂ္ဂအတွင်းရေးဝန်ချုပ် ဦးသန့်က ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် နေရူးသည် လူငယ်များနှင့် ကလေးသူငယ်များကို အထူးချစ်မြတ်နိုးသူဖြစ်၍ မိမိအနေဖြင့် ရရှိသော နေရူးဆုကို ကုလသမဂ္ဂနိုင်ငံတကာဆိုင်ရာ ကျောင်းရန်ပုံငွေသို့



လှူဒါန်းလျှင် အသင့်မြတ်ဆုံးဖြစ်မည်ဟု ယူဆကြောင်း ယနေ့ထုတ်ဖော်ပြောကြား၏။

ဤသို့ဖြင့် ကုလသမဂ္ဂအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်ဦးသန့်အား နေရူးဆု ချီးမြှင့်ခြင်းခံရပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကြီး ချီးမြှင့်ခြင်းခံရဦးမည်ဟု သတင်းများထွက်လာပြန်သည်။ နော်ဝေးနိုင်ငံ အော်စလိုမြို့မှလာသော သတင်းတစ်ရပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ကို ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ပေးဖွယ်ရှိသည်ဟု ဆိုသည်။ သို့သော်ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရွေးချယ်ရေးအဖွဲ့က အဆိုပါဆုကို ယခုနှစ်အတွက်မပေးဘဲ ရှေ့နှစ်သို့ရွှေ့ပြောင်းလိုက်သည်ဟု ကြေညာသည်။ အမှန်မှာ ဦးသန့်သည် ရာထူးလက်ရှိဖြစ်နေသဖြင့် ရာထူးလက်ရှိဖြစ်နေသူအား နိုဘယ်လ်ဆုမပေးရဆိုသော စည်းကမ်းချက်ကြောင့် အဆိုပါဆုကို ယခုနှစ်အဖို့ မပေးတော့ဘဲ ရှေ့နှစ်အတွက် ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်လေသည်။

## ဦးသန့်နေရာ လူစားမရှာ

ဦးသန့် ရာထူးမှထွက်သွားပါလျှင် သူ့နေရာ၌ မည်သူ့ကိုခန့်ထားမည်နည်းဆိုသော ပြဿနာမှာ ကုလသမဂ္ဂတွင် လောလောဆယ် မပေါ်ခဲ့ပေ။ ဦးသန့်ကိုသာ ဆက်လက်ဆောင်ရွက်ရန်အတွက် တောင်းပန်နေကြဆဲဖြစ်သည်။ ၁၉၆၆–ခု၊ စက်တင်ဘာလ ၂၁–ရက်နေ့စွဲဖြင့် ဗီယင်နာမှ ရောက်လာသော သတင်းတစ်ရပ်မှ ဤသို့ဖြစ်၏။

### အတွင်းရေးမှူးချုပ် ဦးသန့်နေရာ လူစားမရှာကြ

### ဦးသန့်ကို ဆက်လက်ဆောင်ရွက်အောင်

### ဖျောင်းဖျရန် ကြိုးစားပုံ

### (ဗီယင်နာ စက်တင်ဘာ ၂)

ဦးသန့်အား ကုလသမဂ္ဂအကြီးအကဲအဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်ပါရန် တိုက်တွန်းတောင်းပန်နေကြသည်မှာ ကုလသမဂ္ဂ အထက်တန်းအရာရှိကြီးတစ်ဦးက ဗုဒ္ဓဟူးနေ့က

www.burmeseclassic.com

www.burmeseclassic.com



ပြောဆို၏။ ပြောဆိုသူမှာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဒေါက်တာဘန့်ချ်ဖြစ်ပြီး ဗီယင်နာ၌ ကျင်းပနေသော နိုင်ငံတကာဆိုင်ရာ အနုမြူဓါတ်အား အေဂျင်စီအဖွဲ့အား ပြောဆိုရာတွင် ဦးသန့်က စက်တင်ဘာ ၁–ရက်နေ့က ကြေညာခဲ့သဖြင့် တကယ်နုတ်ထွက်အနားယူရန် ရည်ရွယ်ခြင်းဖြစ်မည်ကို ယုံမှားစရာမရှိပါ။ သို့ရာတွင် ဦးသန့်၏ကြေညာချက်ကို ကုလသမဂ္ဂမှ မည်သူမှလက်မခံလိုပါ။ ဦးသန့်နေရာတွင် ဆက်ခံမည့်သူကိုလည်း မရှာကြ၊ ဦးသန့် ဆက်လက်ပြီး တာဝန်ကိုထမ်းရွက်အောင်သာ ကြိုးစားနေကြသည်။ ဤသို့....ဦးသန့်အား ဆက်လက်ဆောင်ရွက်ရန် တောင်းပန်ခြင်းသည်ပင် ဦးသန့်အား ထိုက်တန်သည့်အတိုင်း ထူးခြားသော ချီးကျူးခြင်းဖြစ်သည်။ သို့ရာတွင် ဦးသန့်သည် အလွန်မလွှဲသာသည့်အကြောင်းများကြောင့်သာ ရာထူးတွင် ဆက်လက်မဆောင်ရွက်ရန် ဆုံးဖြတ်ရခြင်းဖြစ်သည်၊ ထိုသို့မဆုံးဖြတ်မီ ပြဿနာများကို အချိန်ယူ၍ စိတ်အလွန်ထိခိုက်စွာဖြင့် စဉ်းစားခဲ့သေးသည် စသဖြင့် ဒေါက်တာဘန့်ချ်က ပြောဆိုလေသည်။

* * *

ဦးသန့်အား ရာထူးမှမထွက်ပါရန် တောင်းပန်ချက်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကသာ ထုတ်ပြန်ကြေညာနေသည်မဟုတ်၊ ကုလသမဂ္ဂ၏ ဥက္ကဋ္ဌဟောင်းနှင့် ဥက္ကဋ္ဌသစ်တို့ကလည်း လူသိရှင်ကြား ပန်ကြားပြောဆိုနေကြပြန်လေသည်။ စက်တင်ဘာ ၂၀–ရက်နေ့က စတင်ကျင်းပပြုလုပ်သော ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ ဥက္ကဋ္ဌဟောင်း မစ္စတာ ဖင်ဖန်နီ (အီတလီ)က မိန့်ခွန်းပြောကြားရာတွင် ယခုနှစ်ကုန်လျှင် ရာထူးမှထွက်ရန် ဆုံးဖြတ်ထားသော ဦးသန့်အား မိမိ၏ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားပါရန် တောင်းပန်ပြောဆို၏။ ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌသစ်ဖြစ်သူ မစ္စတာ ပက်ဇဝပ်ကလည်း ဦးသန့်အား ရာထူးတွင်



ဆက်လက်ဆောင်ရွက်ရန် မေတ္တာရပ်ခံပြီး ဦးသန့်က မည်သည့်အတွက် ဆက်လက်မဆောင်ရွက်လိုသည်ကို မိမိတို့သိပါသည်။ ယခု ညီလာခံတွင် ပြဿနာအရပ်ရပ်အတွက် ဦးသန့်၏စိုးရိမ်မှုများကို လေးလေးနက်နက် စဉ်းစားသင့်သည်ဟု ပြောဆိုခဲ့လေသည်။ အမေရိကန်သမ္မတ ဂျွန်ဆင်သည် ကြိုတင်ကြေညာခြင်းမရှိဘဲ အောက်တိုဘာလ ၆–ရက်နေ့က ကုလသမဂ္ဂသို့ ရုတ်တရက်ရောက်လာရာ ဦးသန့်က ဆီးကြို၍ ဦးသန့်၏ရုံးခန်းရှိ ၃၈–ထပ်သို့ တက်သွားသည်။ ဂျွန်ဆင်နှင့်အတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒင်းရပ်စ်နှင့် အမေရိကန် ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး အာသာဂိုးလ်ဘတ်တို့လည်း ပါရှိ၏။

ဂျွန်ဆင်က ဦးသန့်နှင့်တွေ့လိုပါသည်ဟု တောင်းပန်၍ တွေ့ဆုံရန် စီစဉ်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂအရာရှိများက ထုတ်ဖော်ပြောဆိုကြ၏။ ဂျွန်ဆင်သည် ဦးသန့်နှင့် မိနစ် ၆၀–ကြာဆွေးနွေးပြီး သတင်းထောက်များအား ဗီယက်နမ်နှင့် အခြားပြဿနာများကို ဆွေးနွေးခဲ့သည်ဟု ပြောပြသွား၏။

ကုလသမဂ္ဂကိုယ်စားလှယ်များက ဝေဖန်ပြောဆိုရာတွင် အမေရိကန်သမ္မတကြီးဂျွန်ဆင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်အား ကြိုတင်စီစဉ်မှုမရှိဘဲ ရုတ်တရက် သွားရောက်တွေ့ဆုံခြင်းသည် အကျိုးထူးတစုံတရာမပေါ်သော်လည်း ဦးသန့်ကြိုးပမ်းနေသော ဗီယက်နမ်စစ် ငြိမ်းချမ်းရေးအတွက် စိတ်ဓါတ်ရေးရာအရ အထောက်အကူပေးပါသည်ဟု ပြောဆိုခဲ့သည်။ ကုလသမဂ္ဂရောက် နိုင်ငံတကာကိုယ်စားလှယ်များက သမ္မတဂျွန်ဆင်သည် ဦးသန့်ကို လာရောက်တွေ့ဆုံခြင်းမှာ ဗီယက်နမ်ငြိမ်းချမ်းရေးအား သံတမန်နည်းလမ်းဖြင့် ဆွေးနွေးစေစပ်ရန် ဦးသန့်၏ကြိုးပမ်းချက်ကို အမေရိကန်က ယုံကြည်ထောက်ခံကြောင်း ယူဆနိုင်သည်ဟု ဝေဖန်ကြသည်။ အမေရိကန်သမ္မတ ဂျွန်ဆင်နှင့်တွေ့ဆုံပြီးနောက် ဦးသန့်က သတင်းထောက်များအား ထုတ်ဖော်ပြောကြားရာ၌ အမေရိကန်သမ္မတနှင့် ဆွေးနွေးခြင်းဖြင့် အဆိုးအကောင်း မပေါ်ပေါက်ပါ။ ဗီယက်နမ်အရေးနှင့် ကမ္ဘာ့ပြဿနာများကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြရသည်ဟု ပြောပြသည်။

သမ္မတဂျွန်ဆင်က သတင်းထောက်များနှင့် တွေ့ဆုံပြောပြရာတွင်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့အနေဖြင့် ကုလသမဂ္ဂအပေါ် အလေးဂရုပြုထားပါသည်။ ဦးသန့်၏ ခေါင်းဆောင်မှုဖြင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးသန့်၏ ကြိုးပမ်းချက်တို့အပေါ် မိမိ များစွာ တန်ဖိုးထားပါသည်။ ငြိမ်းချမ်းရေး အတွက် ဦးသန့်၏ဆောင်ရွက်မှုများကို တန်ဖိုးထားရှုမြင်မှုမှာ ယခုအပြော အနေတွင် ဦးသန့်၏ဆောင်ရွက်မှုကို မိမိတို့ အမေရိကန်ပြည်သားတို့က ဆက်လက် လိုလားထောက်ခံကြောင်း ထပ်မံဖြေကြားခဲ့သည် စသည်ဖြင့် ပြောကြားခဲ့၏။

ဦးသန့်ကို စက်တင်ဘာ ၂၉–ရက်နေ့က ကျင်းပသော ကမ္ဘာ့ကုလ သမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကြီးက နောက်ထပ် ၅–နှစ် သက်တမ်း တွင် အတွင်းရေးမှူးချုပ်ရာထူးတွင် ဆက်လက်ဆောင်ရွက်ပါရန် တညီ တညွတ် တောင်းပန်လိုက်ကြပြန်လေသည်။ ဦးသန့်က လုံခြုံရေးကောင်စီ၏ တောင်းပန်ချက်ကို လေးလေးနက်နက် စဉ်းစားပါမည်ဟု ပြန်ကြားလေသည်။ ဦးသန့်ကို နောက်ထပ် ၅–နှစ် ဆက်လက်ဆောင်ရွက်ရန် လုံခြုံရေးကောင်စီ က တညီတညွတ်တည်းဆန္ဒရှိကြောင်းဖော်ပြသည့် ကြေညာချက်ကို ထိုနေ့ ည၌ ကျင်းပသည့် ကောင်စီတံခါးပိတ် အစည်းအဝေးက အတည်ပြုလိုက်၏။ ယင်းကောင်စီအစည်းအဝေးသို့ ဦးသန့် မတက်ရောက်ဘဲနေ၏။ ဦးသန့်က ကြေညာချက်ထုတ်ဝေရာတွင် လုံခြုံရေးကောင်စီက မိမိကို ဤသို့ လိုလားထောက်ခံသည်ကို ဝမ်းမြောက်ကျေးဇူးတင်ပါသည်ဟု ပါရှိ၏။

လုံခြုံရေးကောင်စီကလည်း ယခုနှစ်ကုန်ထိ ဆက်လက်ဆောင်ရွက် မည်ဟု စက်တင်ဘာ ၁၉–ရက်က ဦးသန့် ကြေညာသည်ကို ချီးကျူးလိုက် လေသည်။ အောက်တိုဘာလ ၂၇–ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ထိန်းသိမ်းထားသော ဝန်ကြီးချုပ်ဟောင်း ဦးနုကို လွှတ်ပေးလိုက်သည်။

သတင်းထောက်များက ဦးသန့်နှင့် ဦးနုမှာ သူငယ်ချင်းများဖြစ်သဖြင့် ဦးနုက ဦးသန့်ရာထူးဆက်ယူရန် ပန်ကြားစာပို့မည်လားဟု မေးခဲ့သည်။ ဦးနုက ဦးသန့်မှာ မိမိ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်ပါသည်။ သူ၏ ရာထူး ဆက်ခံရေးအတွက် တစ်ကမ္ဘာလုံးကလည်းကောင်း၊ လုံခြုံရေးကောင်စီက လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်းကောင်း တောင်းပန်



နေသဖြင့် မြန်မာနိုင်ငံသားတစ်ဦးအနေနှင့် အလွန်အားရသည်။ အချိန်မီ သေးလျှင် သံကြိုးရိုက်၍ ဦးသန့်ထံ ရာထူးဆက်ယူရန် မေတ္တာရပ်ခံမည်ဟု ပြောခဲ့၏။ ဦးနုသည် အောက်တိုဘာ ၃၁–ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ထံသို့ ရာထူးတွင် ဆက်လက်ထမ်းရွက်ပြီး ကမ္ဘာ့ ငြိမ်းချမ်းရေးတာဝန်များကို ထမ်းရွက်ပါရန် ပန်ကြားစာတစ်စောင် ပေးပို့ခဲ့လေသည်။ နိုဝင်ဘာလ ၁၁–ရက်နေ့တွင် ရန်ကုန်မြို့ မနော်ဟရီလမ်း ရှိ ကုလသမဂ္ဂပြန်ကြားရေးဌာနမှ ကြေညာရာတွင် ဦးသန့် ရာထူးဆက်လက် ထမ်းဆောင်ရန်ပန်ကြားသည့် ဦးနုထံမှစာကို ဦးသန့်ရရှိပြီဖြစ်ကြောင်း၊ သို့သော်....တစုံတရာ ဦးသန့်က ထုတ်ဖော်ပြောဆိုခြင်းမပြုကြောင်းဖြင့် ပါရှိလေသည်။ အသက် ၅၈–နှစ်သာရှိသေးပြီး ကျန်းမာတောင့်တင်းသော ပုဂ္ဂို[illegible]ဦးဖြစ်သည့် ဦးသန့်သည် ယခုအခါတွင် ဇနီးသားသမီး၊ မြေးနှင့် အတူ ပျော်ရွှင်စွာဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် နေထိုင်လျက် ရှိသည်။ ဦးသန့် ရာထူးတွင် ဆက်လက်ထမ်းရွက်မည်၊ သို့မဟုတ် မထမ်း ရွက်မည်ကို နိုဝင်ဘာလကုန်၌ ဆုံးဖြတ်မည်ဟု နိုဝင်ဘာ ၂–ရက်နေ့က ဦးသန့်က အထွေထွေညီလာခံတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ နိုဝင်ဘာလ ၂–ရက်နေ့က ညီလာခံတွင်ပြောဆိုရာတွင် ရာထူး၌ နောက်ထပ် ၅–နှစ် ဆက်လက်ဆောင်ရွက်ရန်၊ မဆောင်ရွက်ရန်ကို အပြီးသတ်ဆုံးဖြတ်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး ရေရှည်အကျိုးရှိရေး၊ အာရှနှင့် အခြားဒေသများ၌ ငြိမ်းချမ်းမှုအလားအလာ စသောအချက်များကိုပါ ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်ရလိမ့်မည်ဟု ပြောဆိုခဲ့၏။

ကမ္ဘာ့လူသားများအပေါ်ထားရှိသော စေတနာနှင့် ကရုဏာတရား များကို ထောက်ထားဆင်ခြင်၍ ဦးသန့်သည် ကုလသမဂ္ဂအဖွဲ့ကြီးတွင် နောက်ထပ် ရာထူးသက်တမ်း ၅–နှစ် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ် လိမ့်မည်ဟု မျှော်လင့်မိခဲ့ကြပေသည်။ အကယ်၍ ဦးသန့်က နောက်ထပ် ၅–နှစ် ဆက်လက်၍ ကမ္ဘာ့တာဝန်များကို ထမ်းရွက်ဦးမည်ဟု ဆုံးဖြတ်ကြေညာ ခဲ့လျှင် ထိုသတင်းသည် ယခုနှစ်အတွင်း ကမ္ဘာ့လူသား သန်းပေါင်း များစွာအတွက် မဟာမင်္ဂလာသတင်းကြီးဖြစ်ရပေလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ မဟာမင်္ဂလာသတင်း

ဦးသန့်သည် နိုဝင်ဘာလ ၂-ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိမိရာထူး ဆက်လက်ထမ်းရွက်မည်၊ မထမ်းရွက်မည်ဆိုသည့် ဆုံးဖြတ်ချက်ကို နိုဝင်ဘာလကုန်၌ ကြေညာမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ကမ္ဘာ့ခေါင်းဆောင်ကြီးအသီးသီးနှင့် လူသန်းပေါင်းများစွာတို့သည် ဦးသန့်၏ဆုံးဖြတ်ချက် မည်ကဲ့သို့ဖြစ်မည်နည်းဟု ဆန္ဒစော၍ ၁၉၆၆-ခု၊ နိုဝင်ဘာလကုန်မည့်ရက်ကို ရင်တမမနှင့် စောင့်နေခဲ့ကြပေသည်။ နိုဝင်ဘာလ ၃၀-ရက်နေ့ရောက်သောအခါတွင် ကမ္ဘာ့ကုလသမဂ္ဂမှ အောက်ပါကြေးနန်းသတင်းတစ်ပုဒ်သည် ကမ္ဘာသို့ အုတ်အော်သောင်းနင်း ပြန့်နှံ့သွားခဲ့သည်။

### ဦးသန့် ရာထူးဆက်ရေး မကြေညာသေး

### (ကုလသမဂ္ဂ နိုဝင်ဘာ ၃၀)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဦးသန့်သဘောတူပြီဟူသောအချက်ကို သေချာသည်ဟု မှတ်ယူနိုင်ကြောင်း နိုင်လုံသောရပ်ကွက်က ယမန်နေ့က ပြောကြားလိုက်သည်။ အတွင်းရေးချုပ် ဦးသန့်သည် ယမန်နေ့ညက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။ ထို့နောက် ဦးသန့်၏ ပြောရေးဆိုခွင့်ရှိသူက ဦးသန့်ရာထူးဆက်လက်ထမ်းဆောင်ရေး၊ မထမ်းဆောင်ရေးကိစ္စကို ကြေညာရန် ယခုအပတ် နောက်ပိုင်းရက်များအထိ ရွှေ့ဆိုင်းလိုက်ကြောင်း ပြောကြားသည်။



**နိုင်လုံသောသတင်းတစ်ရပ်က လုံခြုံရေးကောင်စီမှ တညီတညွတ်တည်း လှူဆော်တိုက်တွန်းချက်အရ ဦးသန့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဆက်လက်ဆောင်ရွက်မည်ဟုဆိုသည်။** ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီ ကိုယ်စားလှယ်များ ယမန်နေ့က တွေ့ဆုံကြရာတွင် လုံခြုံရေးကောင်စီ အမြဲတန်းကိုယ်စားလှယ်များကိုယ်စား အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဆိုဗီယက်တို့ပါဝင်ပြီး အလှည့်ကျကိုယ်စားလှယ်များအဖြစ် ဥရုဂွေးနိုင်ငံကိုယ်စားလှယ် ပါဝင်သည်။ ဦးသန့်ရာထူးဆက်ခံရေးတွင် နောက်ထပ် ၅-နှစ် ရာထူးသက်တမ်းအပြည့် ထမ်းဆောင်ရေး၊ သို့မဟုတ် ရာထူးသက်တမ်း တစ်ဝက်တပျက်သာ ထမ်းဆောင်ရေးကို ယတိပြတ် ဆုံးဖြတ်ချက် မချနိုင်ဘဲရှိသေးသည်ဆို၏။

အတွင်းရေးမှူးချုပ်အား ဆက်လက်တာဝန်ပေးအပ်ရေးနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးကို လာမည့်သောကြာနေ့တွင် ကျင်းပမည်၊ ထိုနေ့တွင်ပင် အထွေထွေညီလာခံကို ကျင်းပပြီး ဦးသန့်အား ပြန်လည်ရွေးကောက်တင်မြှောက် အဆုံးအဖြတ်ပေးမည်ဟုလည်း ထိုသတင်းရပ်ကွက်က ဆက်လက်ပြောကြားသွား၏။

ထိုသတင်းမှာ ရင်တမမဖြစ်နေသော ကမ္ဘာ့လူထုကြီး၏စိတ်ဓာတ်ကို သက်သာရာရစေခဲ့သော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ဦးသန့်ရာထူးမှ နုတ်ထွက်မည်ဟုပင် ပြောဆိုခဲ့သော အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး မစ္စတာဂိုးလ်ဘတ်နှင့် အခြား ကုလသမဂ္ဂရောက် ကမ္ဘာ့ခေါင်းဆောင်ကြီးများလည်း အနည်းငယ် စိတ်အေးချမ်းသာရှိသွားကြမည် ကေန်ဖြစ်လေသည်။ နောက်ထပ်၍ ကုလသမဂ္ဂမှရောက်ရှိလာသော သတင်းများမှာကား ဦးသန့်သည် အတွင်းရေးမှူးချုပ်ရာထူးတွင် ကမ္ဘာ့လူထု၏ အနာဂတ်ကို သက်ညှာထောက်ထားသောအားဖြင့် လက်ခံဆောင်ရွက်မည်မှာ သေချာကြောင်း ဖော်ပြထားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးသန့် ရာထူး၌ နောက်ထပ် ၅-နှစ် ဆက်နေရေး လုံခြုံရေးကောင်စီက ပန်ကြားရန်စီစဉ်ပြီ

**ကုလသမဂ္ဂ နိုင်ဝင်ဘာ ၃၀-ရက်။** ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူး နောက်ထပ် ၅-နှစ်သက်တမ်း အတွက် ဆက်လက်၍လက်ခံပါရန် ဦးသန့်အား ပန်ကြားရေး စာတမ်းကို ရေးဆွဲရန် လုံခြုံရေးကောင်စီသည် ယနေ့ တံခါးပိတ်အစည်းအဝေးတစ်ရပ် ကျင်းပသည်။ အဆိုပါ ပန်ကြားစာကို လုံခြုံရေးကောင်စီ၏ ဒီဇင်ဘာလ ဥက္ကဋ္ဌ ဥရုဂွေးနိုင်ငံကိုယ်စားလှယ် ပီဒရိုဘာရိုက ဦးသန့်၏လက်သို့ ကြာသပတေးနေ့၌ ပေးအပ်မည်ဖြစ်သည်။ ထိုအတောအတွင်း ဒိန်းမတ်နိုင်ငံကိုပင်ဟောင်ရေဒီယိုကလည်း ဦးသန့်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးတွင် နောက်ထပ် ၅-နှစ် ဆက်လက်အမှုထမ်းရန် အသင့်ရှိပုံကို ပုဂ္ဂိုလ်အရပြောကြားလိုက်သည်ဟု အသံလွှင့်ပြောကြားခဲ့၏။

ကုလသမဂ္ဂဌာနချုပ်တွင်လည်း အတွင်းရေးမှူးချုပ်ရာထူး၌ ဦးသန့်သည် နောက်ထပ် ၅-နှစ် ဆက်လက် တာဝန်ထမ်းဆောင်မည်ဟု ဆုံးဖြတ်လိုက်ပြီဖြစ်သည်ဆိုသော သတင်းများမှာ ပြန့်လျက်ရှိ၏။ ဤသို့ အတွင်းရေးမှူးချုပ်ရာထူး၌ ဆက်လက်နေဦးမည်ဆို၍ ဝမ်းမြောက်ကြောင်း၊ ဆက်၍လည်း အမှုထမ်းလိမ့်မည်ဟု အားတက်သရော မျှော်လင့်ကြောင်းဖြင့် ပုပ်ရဟန်းမင်းကလည်း ပြောကြားသည်။ ဆိုဗီယက်နှင့် ဗြိတိန်နိုင်ငံတို့ကလည်း ဦးသန့် ရာထူး၌ဆက်၍နေဦးမည်ဆိုသည့် သတင်းကို ဝမ်းသာအားရ ကြိုဆိုကြသည်ဟု သတင်းများရရှိ၏။



## ဦးသန့် ရာထူးပြန်လက်ခံပြီ

### နောက်ထပ် ၅-နှစ် တာဝန်ယူရန် သဘောတူခြင်း

**ကုလသမဂ္ဂ ဒီဇင်ဘာ ၁။** ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူး၌ နောက်ထပ်သက်တမ်း ငါးနှစ်ဆက်လက်အမှုထမ်းရန် ဦးသန့်က ကြာသပတေးနေ့တွင် သဘောတူညီချက်ပေးလိုက်ပြီဖြစ်သည်။ အဆိုပါရာထူးသက်တမ်းတွင် ဦးသန့်အား ဆက်လက်တာဝန်ပေးအပ်ရန် သဘောတူထောက်ခံချက်ပေးမည့် လုံခြုံရေးကောင်စီ၏အစည်းအဝေးတရပ်ကို သောကြာနေ့ နံနက်ခင်း၌ကျင်းပမည်ဖြစ်ပြီး ထိုနေ့နောက်ပိုင်းတွင် နိုင်ငံပေါင်း ၁၂၁-နိုင်ငံပါဝင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပကာ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ကို အတည်ပြုမည်ဖြစ်သည်။

ဤအချင်းအရာတို့မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးတွင် ဆက်လက်၍ တာဝန်ထမ်းဆောင်မှု၊ မထမ်းဆောင်မှုနှင့်ပတ်သက်ပြီး အသက် ၅၇-နှစ်အရွယ်ရှိ မြန်မာလူမျိုး ဦးသန့်၏စိတ်၌ ၁၁-လကြာမျှ တိုးလို့တန်းလန်းဖြစ်နေသောကိစ္စ နိဂုံးချုပ်သွားခြင်းဖြစ်ပေသည်။ ရာထူးသက်တမ်းစေ့သောအခါ၌ နုတ်ထွက်မည်ဟု ဦးသန့်က ပြီးခဲ့သည့် ဇန်နဝါရီလက ပြောခဲ့သည်။

အတွင်းရေးမှူးချုပ်ရာထူး၌ ဦးသန့်တာဝန်ထမ်းဆောင်ရေး သဘောတူညီချက် အစီအစဉ်များကို ကုလသမဂ္ဂဌာနချုပ်ရုံး ၃၈-ထပ်ရှိ ဦးသန့်၏ သီးသန့်ရုံးခန်း၌ ၃၂-မိနစ်ကြာ အချိန်အတွင်း အတည်ဖြစ်အောင် ဆောင်ရွက်ပြီးစီးခဲ့ကြသည်။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဆိုဗီယက်နိုင်ငံတို့က ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်ချုပ်များနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌ၊ ဥရုဂွေးနိုင်ငံကိုယ်စားလှယ် ဘာရိုးတို့က ဦးသန့်ထံ သွားရောက်ဆွေးနွေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

(အင်အေဘီ-အေအက်ဖ်ပီ)

www.burmeseclassic.com

www.burmeseclassic.com



## ဦးသန့် တရားဝင်လက်ခံပြီ

**ကုလသမဂ္ဂ ဒီဇင်ဘာ ၂။** ။ ဦးသန့်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် အသစ်ခန့်အပ်ခြင်းကို ယနေ့ တရားဝင်လက်ခံလိုက်ပြီဖြစ်၏။ ဦးသန့် နောက်ထပ် ၅-နှစ် ပြန်လည်အရွေးခံရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကုလသမဂ္ဂအထွေထွေလွှတ်တော်သို့ တရားဝင် ထောက်ခံတင်သွင်းလိုက်ပြီဖြစ်၏။

(အင်အေဘီ-အေအက်ဖ်ပီ)

## ကုလတစ်ဖွဲ့လုံးက ဦးသန့်ကို ထောက်ခံမဲ ပုံပေးလိုက်ခြင်း ကုလ၌ သူရှိရန်လိုအပ်ပုံ အများသဘောရခြင်းကို ဦးသန့် လက်ခံ၏။

**ကုလသမဂ္ဂ ဒီဇင်ဘာ ၂။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးသက်တန်းသစ် ငါးနှစ်အတွက် အဖွဲ့ဝင် ၁၂၁ နိုင်ငံရှိသော အထွေထွေညီလာခံကြီးက ဦးသန့်အား ထောက်ခံမဲ ၁၂၀၊ ကန့်ကွက်မဲမရှိ၊ ပျက်မဲတစ်မဲဖြင့် တညီတညွတ်တည်း ယနေ့ည ခန့်အပ်လိုက်သည်။

ဤသို့ခန့်အပ်ရာ၌ မငြိမ်မသက်ဖြစ်နေသော ကမ္ဘာ့အရေးအခင်းများနှင့် ကုလသမဂ္ဂ၏ အခြေခံပြဿနာများအား အာဏာပိုင်စွာဖြင့် ဆောင်ရွက်သွားနိုင်မည်ကို ကောင်းစွာသိရှိပြီး ထိုရာထူးကို ဦးသန့်လက်ခံလိုက်ခြင်းဖြစ်သည်ဟု အေပီသတင်းထောက်က ယနေ့သတင်းပို့သည်။ ဦးသန့်၏ ရာထူးသက်တမ်းမှာ ၁၉၇၁-ခုနှစ်၊ ဒီဇင်ဘာလ ၃၁-ရက်နေ့တွင်မှ ကုန်ဆုံးမည်ဖြစ်သည်။ ယင်းသို့ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဦးသန့်အား အတွင်းရေးမှူးချုပ်အဖြစ် မဲပေး



ခန့်အပ်ပြီးလျှင်ပြီးချင်း ဦးသန့်သည် ညီလာခံခန်းမတွင်းရှိ စင်မြင့်သို့ရောက်ရှိလာပြီးနောက် ကုလသမဂ္ဂကြီးက အကျိုးပိုမိုသက်ရောက်စွာ အများဆုံးဆောင်ရွက်နိုင်ရေးအတွက် ဤအဖွဲ့ကြီး၌ မိမိရှိနေရန်လိုအပ်ပုံအား တညီတညွတ်တည်း သဘောရကြခြင်းကို မိမိလက်ခံပါသည်ဟု ဝန်ခံပြောကြားလိုက်၏။

အတွင်းရေးမှူးချုပ်ရာထူး နောက်ထပ်သက်တန်းသစ်ကို မိမိလက်ခံရန် ဆုံးဖြတ်ရခြင်းမှာ မကြာမီရက်သတ္တပတ်များအတွင်းက အခြင်းအရာသစ်များပေါ်ပေါက်ခဲ့သောကြောင့် မဟုတ်သည့်အပြင် အနာဂတ်အတွက်လည်း တစုံတရာအားရဖွယ်မျှော်လင့်ချက်ကို တွေ့မြင်မိသောကြောင့် မဟုတ်သည်ကို ထင်ရှားစွာသိရှိကြစေလိုသည်ဟု ဦးသန့်က ဆက်လက်ပြောကြား၏။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိဆွေးနွေးလျက်ရှိသည့်အချက်များအရ ကုလသမဂ္ဂ၏ ဘဏ္ဍာရေးအခြေအနေများမှာ တိုးတက်လာလိမ့်မည်ဟူသော ယုံကြည်ချက်မှာ မိမိ၌ရှိနေသည်ဟု ပြော၏။

ဗီယက်နမ်ပြဿနာနှင့်စပ်လျဉ်း၍ ဦးသန့်က ဆက်လက်ပြောကြားသွားရာ၌ ဤပြဿနာမှာ မိမိ၏စိတ်ထဲတွင် ထိပ်ဆုံးမှရောက်ရှိနေကြောင်း၊ လာမည့်လများစွာအတွင်း၌လည်း ဤသို့ပင်ရှိနေမည်ဖြစ်ကြောင်း၊ ယခု ခရစ္စမတ်နှင့် နှစ်သစ်ကူးအခါတို့တွင် ခေတ္တရပ်စဲရာမှ စစ်ရပ်စဲမှုကာလကို တိုးချဲ့သွားနိုင်ပြီး အဓိပ္ပာယ်ရှိသော ဆွေးနွေးမှုများအတွက် လိုအပ်သောအခြေအနေကို ဖန်တီးသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောကြားသွား၏။ ထိုဗီယက်နမ်စစ် ပြီးဆုံး၍ ဗီယက်နမ်ပြည်သူတို့ထံ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုများ ရောက်ရှိလာနိုင်စေရန် ဖြေရှင်းပေးနိုင်ရေးအတွက် ကြိုးပမ်းရန်ရှိသမျှကို မိမိတာဝန်တစ်ရပ်အနေဖြင့် မှတ်သားရ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သွားမည်ဟုလည်း ဦးသန့်က ပြော၏။ ထို့ပြင် ကုလသမဂ္ဂသည် အမှန်စင်စစ်ကို၍ရိမ်စရာ ကာလတစ်ခုနှင့် အနာဂတ်၌ကြုံရလိမ့်ဦးမည်ဟုလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသို့ သတိပေးပြောကြားသွား၏။ သို့တိုင် ကမ္ဘာ့သူ ကမ္ဘာ့သားတို့၏ တိုးတက်မှုနှင့် ငြိမ်းချမ်းမှုအတွက် နိုင်ငံအပေါင်းတို့ ပူးပေါင်းဆောင်ရွက်ရာ၌ ကုလသမဂ္ဂမှာ အကောင်းဆုံးလက်နက်ဖြစ်သည်ဟူသော သူ၏ယုံကြည်ချက်မှာ တည်မြဲလျက်ရှိပါသည်ဟု ပြော၏။

## ဘာကြောင့် ရာထူးပြန်လက်ခံ

ယင်းယုံကြည်ချက်နှင့် တာဝန်အသိတို့ကြောင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး၌ ပြန်လည်တာဝန်ယူရန် သဘောတူလက်ခံခြင်းဖြစ်သည် စသဖြင့် ပြောကြားသွား၏။ ယနေ့ ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသော ဦးသန့်သည် ကုလသမဂ္ဂသို့ ပြည်သူ့တရုတ်ပြည်အား ဝင်ခွင့်ပြုရေး၊ ဗီယက်နမ်ပြဿနာကို အချက်သုံးချက် (မြောက်ဗီယက်နမ်ဗုံးကြဲမှုရပ်ရေး၊ နှစ်ဖက်စလုံးမှ အတိုက်အခိုက်လျော့မှု၊ ကာယကံရှင်အားလုံး ပါဝင်ဆွေးနွေးစေ့စပ်မှု)အရ ဖြေရှင်းရေး၊ လူ့အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး။ အနုမြူစမ်းသပ်မှု ရှုတ်ချရေး၊ နှစ်ပိုင်းကွဲနေသော နိုင်ငံများအရေးစသည်တို့နှင့်ပတ်သက်၍ ပုဂ္ဂလိကသဘောထားများကိုလည်း မကြာခဏပြောလျက်ရှိ၏။ (အေပီ)

## ရှုရှားတာဝန်ယူခဲ့

ထိုအတောအတွင်း ဦးသန့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို ပြန်လည်လက်ခံရန် တိုက်တွန်းရာ၌ ဆိုဗီယက်ယူနီယံက အဆုံးအဖြတ်ပေးမည့်တာဝန်ကိုယူ၍ ဆောင်ရွက်ခဲ့ရသည်ဟု မော်စကိုမှ သတင်းရရှိ၏။

(အေအက်(ဖ)ပီအင်အောဘီ)



## သတင်းစာနှစ်စောင်၏အမြင်

ထိုသို့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်သည် ရာထူးတွင် ဆက်လက်ထမ်းရွက်မည်ဟု ကြေညာလိုက်ခြင်းနှင့် ပတ်သက်၍ ဝေဖန်ချီးကျူးကြသော သတင်းစာများအနက် အမေရိကန်နိုင်ငံမှ စောင်ရေ အများဆုံးထုတ်ဝေရသော နယူးရောက်တိုင်းသတင်းစာနှင့် မြန်မာနိုင်ငံမှ လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ် ဆရာကြီးရွှေဥဒေါင်း၏အမြင်ကိုလည်း ကောက်နှုတ်ဖော်ပြရပေသည်။

## ကုလသမဂ္ဂ အောင်ပွဲ

### (နယူးယောက် ဒီဇင်ဘာ ၃)

အတွင်းဝန်ချုပ်ရာထူးတွင် ဆက်လက်ထမ်းရွက်ရန် အင်အားကြီးနိုင်ငံများနှင့် ဦးသန့်တို့ သဘောတူညီချက်ရရှိခြင်းသည် ကုလသမဂ္ဂတစ်ခုလုံး၏ အောင်ပွဲဖြစ်သည်။ ထို့ပြင် အတွင်းဝန်ချုပ်ကို လာမည့်ငါးနှစ်အတွင်း မည်သူကမျှ ဖြုတ်ပစ်နိုင်တော့မည်မဟုတ်၍ အတွင်းဝန်ချုပ်သည် မိမိအင်အားကို ကျွမ်းကျင်စွာ အသုံးချခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးအမြတ်ပေါ်ထွက်လာနိုင်တော့မည်ဟု နယူးယောက်တိုင်းသတင်းစာက ယနေ့ဝေဖန်ရေးသားလိုက်၏။

* * *

## လူတော်ဦးသန့်

ဒီဇင်ဘာလ ၇–ရက်နေ့တွင် ထုတ်ဝေသော လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ မေတ္တာဝါဒရှုထောင့် ကျောင်းနေဘက်ပင်စင်စားတစ်ဦးနှင့်ဆွေးနွေးခန်း၌ အယ်ဒီတာချုပ် ဆရာကြီးရွှေဥဒေါင်းက "သည်ရာထူးမှာ ဦးသန့်လောက် စွမ်းဆောင်နိုင်သူဟာ ကမ္ဘာမှာ ရှိဟန်မတူဘူးလို့ ဆိုဝံ့လောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေပြောကြသလို မြန်မာပြည်အတွက် ဂုဏ်ကျက်သရေဆောင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုခြင်းကိုလဲ ကျုပ်လက်ခံပါတယ်။ သည်ရာထူးမှာ ဦးသန့်ရှိနေခြင်းအတွက် မျှော်လင့်ချက်တစ်ခုတော့ရှိသဗျို့၊ တစ်ကမ္ဘာလုံး လေးစားလျက်ရှိသော ဦးသန့်၏ဆွဲဆောင်မှုကြောင့် တကယ့်အာဏာမရှိသော ကုလသမဂ္ဂအဖွဲ့ကြီးမှသည် အာဏာအပြည့်အဝရှိသော ကမ္ဘာ့အစိုးရအဖွဲ့ကြီးမျိုးသို့ တဖြည်းဖြည်းပြောင်းလဲသွားနိုင်ကောင်းပါ၏လို့ ကျုပ်မျှော်လင့်တယ်ဗျာ” စသဖြင့် ရေးသားဝေဖန်ခဲ့လေသည်။

## ရုရှနှင့် အမေရိကန်တို့က ဦးသန့်ကို ချီးကျူးဂုဏ်ပြု

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးတွင် နောက်ထပ်၍ ၅-နှစ်ဆက် ထမ်းဆောင်ရန် ဦးသန့်က ဆုံးဖြတ်လိုက်ပြီးသည့်နောက် အင်အားကြီးနိုင်ငံနှစ်ခုဖြစ်သော ဆိုဗီယက်ရုရှနှင့် အမေရိကန်တို့က ဦးသန့်အား အထူးတလည် ဂုဏ်ပြုချီးကျူးခဲ့ကြပြန်လေသည်။

## ဦးသန့်အား ရုရှချီးကျူးသဝဏ်
## (မော်စကို ဒီဇင်ဘာ ၇)

ဦးသန့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခန့်ထားခြင်းခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာရှိကြောင်းဖြင့် ဆိုဗီယက်အစိုးရ၏ကိုယ်စား ဝန်ကြီးချုပ်ကိုဆီဂင်က ဦးသန့်ထံသို့ ကြေးနန်းပေးပို့အကြောင်းကြားလိုက်၏။ ကိုဆီဂင်၏ကြေးနန်းတွင် ဦးသန့်၏ ကြီးမားများပြားသော အတွေ့အကြုံများ၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်း ထားရန် အားထုတ်မှုများကြောင့် ဦးသန့်အားပေးအပ်သည့် ကြီးမားသောတာဝန်ကို ကျေပြွန်အောင်မြင်စွာ ဆောင်ရွက် နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည် စသဖြင့် ရေးသားလိုက်၏။



## အမေရိကန်မှ ဂုဏ်ပြုပုံ

အမေရိကန်မှ ဦးသန့်အား ထူးဆန်းစွာဂုဏ်ပြုပုံကို အောက်ပါကြေးနန်းသတင်းအရ သိရလေသည်။

## မြန်မာ့အလံ စကြာဝဠာပျံဝဲခဲ့ပြီ
## အမေရိကန် အာကာသယာဉ် ကမ္ဘာပတ်ရာ၌ သယ်သွားခဲ့ပြီး ဦးသန့်လက်ဝယ်သို့ ပေးအပ်လိုက်ခြင်း
## (ကုလသမဂ္ဂ ၁၉၆၆ ဒီဇင်ဘာ ၈)

အမေရိကန် အာကာသယာဉ်မှူး ဂျိမ်းစ်လိုဗယ်နှင့် အက်ဒွင်အယ်လ်ဒရင်ဂျူနီယာတို့နှစ်ဦး လွန်ခဲ့သောနိုဝင်ဘာလအတွင်း ဂျီမီနီ အမှတ် ၁၂-အာကာသယာဉ်ဖြင့် ကမ္ဘာပတ်ခဲ့ရာတွင် ပို့စကဒ်အရွယ် ပြည်ထောင်စုမြန်မာနိုင်ငံအလံကို ယူဆောင်သွားခဲ့ရာ ထိုအလံကို မြန်မာအမျိုးသား ကုလသမဂ္ဂအတွင်းဝန်ချုပ် ဦးသန့်လက်သို့ အာကာသယာဉ်မှူး အယ်လ်ဒရင်က ယမန်နေ့က ပေးအပ်လိုက်သည်။

## ဂုဏ်ပြုမှု

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က အမေရိကန်အာကာသလေယာဉ်မှူး အယ်လ်ဒရင်နှင့် ဇနီးတို့ကို ယမန်နေ့က ဂုဏ်ပြုတည်ခင်းဧည့်ခံပွဲတွင် အာကာသယာဉ်မှူးများက စကြာဝဠာရောက် ပြည်ထောင်စုမြန်မာနိုင်ငံအလံကို ဦးသန့်လက်သို့ ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ခြင်းဖြစ်သည်။ ဘောင်သွင်းထားသော အလံတွင် “ဤအလံသည် ဂျီမီနီ အမှတ် ၁၂-အာကာသယာဉ်ဖြင့် ယာဉ်မှူးဂျိမ်းလိုဗယ်နှင့် အက်ဒွင်အယ်လ်ဒရင်တို့ ၁၉၆၆-ခု၊ နိုဝင်ဘာလအတွင်းက အာကာသသို့ပျံသန်းစဉ် သယ်ဆောင်ယူသွားခဲ့ကြသည်”ဟူသော ကမ္ပည်းစာတမ်း ရေးထိုးထား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စု မြန်မာနိုင်ငံအလံကို အာကာသို့ ယူဆောင်သွားခြင်းသည် အတွင်းရေးမှူးချုပ် ဦးသန့်ကို ရိုသေလေးစားသည့် အထိမ်းအမှတ်ဖြစ်သည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် အာသာဂိုးလ်ဘတ်က ပြောကြားသည်။ ဦးသန့်က မိမိအနေဖြင့် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်မိသည်။ မိမိ၌ ဖြစ်ပေါ်သော ပီတိကို မည်သို့မည်ပုံ ထုတ်ဖော်ပြောဆိုရမည်ကိုပင် မသိနိုင်အောင် ဖြစ်မိပါသည်ဟု ပြောကြားပြီးနောက် ဂျီမိနီ အမှတ် ၁၂၏ စွမ်းဆောင်အောင်မြင်မှုသည် အမေရိကန်ပြည်ထောင်စုအတွက်သာမဟုတ်ဘဲ လူသားတစ်ရပ်လုံး၏ စကြဝဠာအောင်မြင်မှု ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည် စသည်ဖြင့် ပြောကြားလိုက်၏။

* * *

## ၂၀။ ရဲရင့်ပြတ်သားသော အာရှတိုက်သားတစ်ဦး

"အမေရိကန်က မြောက်ဗီယက်နမ်အား ဆက်လက်ဗုံးကြဲချနေသမျှ ငြိမ်းချမ်းရေးအတွက် တိုးတက်မှုမရှိနိုင်၊ အမေရိကန်နှင့် တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးတပ်ဦးတို့ စေ့စပ်ဆွေးနွေးမှသာလျှင် ဗီယက်နမ်ပြဿနာ ဖြေရှင်းနိုင်မည်"စသဖြင့် တိကျပြတ်သားသော စကားရပ်တို့ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ထုတ်ဖော်ပြောကြားလိုက်လေသည်။ ဦးသန့်၏ပြောကြားချက်တို့မှာ တိကျပြတ်သားလွန်းလှသဖြင့် တစ်ကမ္ဘာလုံးသို့ ဂယက်ရိုက်ခတ်သွားခဲ့တော့သည်။ ဦးသန့်သည် ၁၉၆၇-ခု၊ ဇန်နဝါရီလ ၁၀-ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂတွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ သတင်းစာဆရာများကို အထက်ပါအတိုင်းရှင်းလင်းပြောကြားလိုက်ခြင်း ဖြစ်လေသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ရောက်လာသော ကြေးနန်းသတင်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

**ကန် ဗုံးကြဲနေသမျှ ငြိမ်းချမ်းရေးမရနိုင်**

**အမေရိကန်နှင့် အမျိုးသားလွတ်မြောက်ရေးတပ်ဦးတို့ ဆွေးနွေးကြမှသာ ဗီယက်နမ်ပြဿနာ ပြေလည်မည်**

**(ကုလသမဂ္ဂ ဇန်နဝါရီ ၁၁)**

"အမေရိကန်က မြောက်ဗီယက်နမ်အား ဆက်လက်ဗုံးကြဲနေသမျှ ငြိမ်းချမ်းရေးအတွက် တိုးတက်မှုမရှိနိုင်၊ အမေရိကန်နှင့် တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေး တပ်ဦးတို့ စေ့စပ်ဆွေးနွေးမှသာလျှင် ဗီယက်နမ်ပြဿနာ ပြေလည်မည်ဟု ဦးသန့်က ယနေ့သတင်းစာရှင်းလင်းပွဲ၌ ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်အား နောက်ထပ် ၅–နှစ်သက်တမ်း ဆက်လက်ခန့်ထားပြီးနောက် ပထမဆုံးအကြိမ်ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဦးသန့်ကပြောဆိုရာတွင် အမေရိကန်နိုင်ငံက မြောက်ဗီယက်နမ်အား ဗုံးကြဲနေခြင်းကို ချွင်းချက်မရှိ လုံးဝရပ်စဲရန် မုချလိုအပ်သည်။ အယ်ဂျီးရီးယားအမျိုးသားလွတ်မြောက်ရေးတပ်ဦးသည် ပြင်သစ်အောက်မှ လွတ်မြောက်ရေးကြိုးပမ်းနေစဉ်အချိန်က မော်ရိုကို၊ ကျူနီးရှားနှင့် အီဂျစ်တို့ထံမှ အထောက်အပံ့များရခဲ့သော်လည်း ထိုနိုင်ငံတို့နှင့် မပတ်သက်ဘဲ လုံးဝလွတ်လပ်သည့်အဖွဲ့ဖြစ်ခဲ့သည်။ ထို့အတူပင် ဗီယက်ကောင်းတို့သည် မြောက်ဗီယက်နမ်မှ အထောက်အပံ့များ ရရှိနေသော်လည်း မြောက်ဗီယက်နမ်နှင့်မဆိုင်၊ လုံးဝလွတ်လပ်သည့် အဖွဲ့အစည်းဖြစ်သည်ဟု ပြောခဲ့၏။

တောင်ဗီယက်နမ်သည် အနောက်ပိုင်းနိုင်ငံများ၏ လုံခြုံမှုနှင့် အကျိုးစီးပွားတို့အတွက် အချက်အချာဒေသ၊ အရေးကြီးသည့်ဒေသဖြစ်သည်ဟု အမေရိကန်၏ အဆိုပြုချက်နှင့် ပတ်သက်၍ ဦးသန့်ကငြင်းပယ်ပြောဆိုရာတွင် ယူဂိုဆလားဗီးယားသည့် အနောက်ပိုင်းနိုင်ငံများအား အန္တရာယ်မဖြစ်နိုင်သကဲ့သို့ပင် တောင်ဗီယက်နမ်နိုင်ငံသည်လည်း အန္တရာယ်မဖြစ်နိုင်ပါဟု ဦးသန့်က ဆက်လက်ပြောဆို၏။ ဦးသန့်က ဆက်လက်ပြောဆိုရာတွင် မြောက်ဗီယက်နမ်ခေါင်းဆောင်များသည် ဘက်မလိုက်လမ်းစဉ်နှင့် ဂျီနီဗာသဘောတူညီချက်ကို ရှိသေလေးစားစေလိုသည့် အစွဲအလန်းရှိနေသည်ဟုလည်း မိမိယုံကြည်သည်။ ဗီယက်နမ်အား ဘက်မလိုက်နိုင်ငံအဖြစ် ရှိစေပြီး ဤဝါဒလမ်းစဉ်ကိုလည်း လက်နက်နိုင်ငံကြီးများက အာမခံချက်ပေးထားလျှင် ထိုဗီယက်နမ်နိုင်ငံသည် အနောက်



နိုင်ငံများအား ခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ခု ဖြစ်မလာနိုင်မည်မှာ သေချာသည် စသဖြင့် ဦးသန့်က ပြောဆိုသွားလေသည်"

အထက်ဖော်ပြပါသတင်းများမှ ဗီယက်နမ်အပေါ် အမေရိကန်အပါအဝင် အနောက်နိုင်ငံများက ထားရှိသော သံသယစိတ်များအတွက် ရှင်းလင်းသွားအောင် ဦးသန့်က အကျယ်ဖွင့်ချလိုက်ခြင်းလည်းဖြစ်သည်ဟု ဆိုချင်သည်။ အနောက်ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သော ယူဂိုဆလားဗီးယားနိုင်ငံသည် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အနောက်နိုင်ငံများကို မည်သို့မျှ အန္တရာယ်မပြုခဲ့ကြောင်း ဦးသန့်က သာဓကပြသည်။ ထို့အတူပင် ဗီယက်နမ်နိုင်ငံကို သူ့ဘာသာ ဘက်မလိုက်နိုင်ငံတစ်ခုအဖြစ် ရှိနေစေခြင်းဖြင့် မည်သို့မျှ အန္တရာယ်ဖြစ်မလာနိုင်ကြောင်းကိုလည်း ဦးသန့်က ထောက်ပြခဲ့လေသည်။ အမေရိကန်အား အစိုးရိမ်ကြီးမနေပါနှင့်ဟုလည်း ပြတ်ပြတ်သားသား သတိပေးစကားပြောခဲ့လေသည်။ ဦးသန့်သည် ဗီယက်နမ်ပြဿနာနှင့်ပတ်သက်၍ တိကျပြတ်သားသော ယင်းစကားရပ်တို့ကို မပြောကြားမီကပင် အမေရိကန်က ဗီယက်နမ်ပြဿနာအတွက် ဦးသန့်သဘောကျ စီမံဖြေရှင်းပါဟု ချဉ်းကပ်တောင်းပန် ပြောဆိုခဲ့သေးသည်။ အောက်ပါသတင်းတစ်ရပ်မှာ ဦးသန့်အပေါ် အမေရိကန်အစိုးရ၏ အမြင်တစ်ရပ်ဖြစ်လေသည်။

### စေ့စပ်ဆွေးနွေးရန် ဦးသန့်လွတ်လပ်စွာ လုပ်ပိုင်ခွင့် အမေရိကန်က ပေးလိုသည့်ဆန္ဒရှိသည်ဟု ဒင်းရပ်စ်ပြောပုံ (ဝါရှင်တန် ဒီဇင်ဘာ ၂၁၊ ၁၉၆၆)

"ဗီယက်နမ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်ရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်အား လုံးဝလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရန် အမေရိကန်နိုင်ငံက ဆန္ဒရှိကြောင်းဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒင်းရပ်စ်က သတင်းစာရှင်းလင်းပွဲ၌ ယနေ့ပြောကြား၏။ ဒင်းရပ်စ်က ဗီယက်နမ်ပြဿနာနှင့် စပ်လျဉ်း၍ လေးလေးနက်နက် ဖြေစပ်

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးမှုများ ရရှိနိုင်မည်ဆိုလျှင် မည်သည့်နည်းဖြင့်ဖြစ်စေ ကြိုတင် စည်းကမ်းသတ်မှတ်ချက်များမထားဘဲ ဆွေးနွေးပွဲသို့ ဝင်ရန် အသင့်ရှိသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်ပေါ်အောင် ဦးသန့်က အစွမ်းကုန် ဆောင်ရွက်ပေးမည်ဟု မျှော်လင့်ယုံကြည်နေပါသည် စသဖြင့် ဒင်းရပ်စ်က ပြောဆိုခဲ့လေသည်။

* * *

ဒင်းရပ်စ်က ထိုစကားကို ပြောခဲ့ပြီးနောက်တွင် အမေရိကန်သည် ဦးသန့် သဘောကျ လွတ်လပ်စွာဆောင်ရွက်ဖြေရှင်းပေးပါတော့ဟု ဗီယက်နမ်ပြဿနာထုပ်ကြီးကို ဦးသန့်အား အပ်ခဲ့လေသည်။

ဦးသန့်သည် ဗီယက်နမ်ပြဿနာကို ကိုင်တွယ်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ်ဖြင့်မဟုတ်ဘဲ သာမန်ပုဂ္ဂိုလ်တစ်ဦး အနေဖြင့် ဆွေးနွေးဖြေရှင်းရမည်လည်းဖြစ်သည်။ အကြောင်းမှာ ဗီယက်နမ်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ မဟုတ်သောကြောင့်တည်း။ ဇန်နဝါရီလ ရက်နေ့က ပြောကြားခဲ့သော ဦးသန့်၏ တိကျပြတ်သားသည့်အချက်များသည် တစ်ကမ္ဘာလုံးအား ဂယက်ရိုက်သွားခဲ့လေသည်။ ဗီယက်နမ်သို့ နေ့စဉ် တန်ချိန်များစွာသောဗုံးများကို သွားရောက်ကြဲချနေသော အမေရိကန်အဖို့ အခံရခက်စေသလိုပင် သမာသမတ်ရှိသောလမ်းဖြင့် ဗီယက်နမ်အရေးကို ဖြေရှင်းလိုသူများကမူ ဦးသန့်၏အဆိုပြုချက်ကို တခဲနက်ထောက်ခံခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂမှရောက်လာသော အောက်ပါသတင်းတစ်ပုဒ်သည် ဦးသန့်၏စကားရပ်များ တိကျပြတ်သားလှသည်ဆိုသည့်အချက်ကို အထောက်အကူပြုနေတော့သည်။

## ဦးသန့်တင်ပြချက်ကို ကုလသမဂ္ဂမှ အများစုကထောက်ခံသည်
### (မနီလာ ဇန်နဝါရီ ၂၆)

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ လက်ထောက်အတွင်းရေးမှူးဖြစ်သူ မစ္စတာနာရာ ဆင်ဟန်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်အများစုက ဦးသန့်၏



အချက်သုံးချက်ပါသော ဗီယက်နမ်စစ်ငြိမ်းချမ်းရေးနည်းလမ်းကို ထောက်ခံကြသည့် လက္ခဏာရှိသည်ဟု မနီလာမြို့၌ ပြောဆို၏။ ဗီယက်ကောင်း တော်လှန်ရေးသမားများနှင့် ဗီယက်နမ်နိုင်ငံ၏ စစ်ဗျူဟာသဘောအရ အရေးပါမှုအပေါ်၌ ဦးသန့်၏ထင်မြင်ချက်နှင့် ပတ်သက်၍ ဖိလစ်ပိုင်ပြည် မနီလာမြို့ ပင်လယ်ရပ်ခြား သတင်းစာကလပ်တွင် သတင်းထောက်များ၏အမေးကို ဖြေကြားရာ၌ မစ္စတာနာရာဆင်ဟန်က ထိုသို့ပြောဆိုခြင်းဖြစ်၏။ နာရာဆင်ဟန်က မိမိသည် အပြည်ပြည်ဆိုင်ရာ အမှုထမ်းတစ်ဦးဖြစ်သဖြင့် နိုင်ငံရေးအငြင်းအခုံပါသည်တို့ကို မဖြေကြားလိုပါ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ဆန္ဒမှာ ဗီယက်နမ်ပြဿနာကို စစ်တလင်းတွင်မဖြေရှင်းဘဲ စေ့စပ်ရေးစားပွဲ၌ ဖြေရှင်းလိုခြင်းဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်များ ဗီယက်နမ်ပြဿနာကို စိတ်ဝင်စားနေကြပြီး အထွေထွေညီလာခံတွင် ယင်းတို့၏ ပြောဆိုချက်များကိုထောက်ရှု၍ ဦးသန့်၏ အချက်သုံးချက်ပါ ငြိမ်းချမ်းရေးနည်းလမ်းကို ထောက်ခံကြကြောင်း သေချာသည်ဟု ပြောခဲ့၏။ ဦးသန့်သည် ဗီယက်နမ်ငြိမ်းချမ်းရေးအတွက် အချက်သုံးချက်ပါသော မိမိ၏နည်းလမ်းကို မူသေဆုပ်ကိုင်ထားသူဖြစ်ခဲ့သည်။ ဦးသန့်၏မူအား ဗြိတိန်နိုင်ငံကလည်း ထောက်ခံခဲ့သည်ကို အောက်ပါ ကြေးနန်းသတင်းက ဖော်ပြနေပြန်သည်။

## ဦးသန့်၏ ဗီယက်နမ်ငြိမ်းချမ်းရေး ခိုင်မာသောအခြေခံဖြစ်ပုံ
### (လန်ဒန် ဇန်နဝါရီ)

"ဗီယက်နမ်ငြိမ်းချမ်းအရေးအတွက် အချက်သုံးချက်ပါသော ဦးသန့်၏အဆိုပြုချက်သည် ဗီယက်နမ်စစ်ပြီးဆုံးရေးအတွက် ခိုင်မာသောအခြေခံဖြစ်ကြောင်းဖြင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျော့ဘရောင်းက ပါလီမန်၌ ယနေ့ပြောကြား၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်အဆိုပြုချက်သည် ဗြိတိန်၏ အချက် ၆–ချက်ပါ အဆိုပြုချက်နှင့် ဆင်တူသည်ဟုလည်း ဂျော့ဘာရောင်းက ပြောဆို၏။"

ထို့ပြင် အမေရိကန်ပြည် တက္ကသိုလ်များမှ ပါမောက္ခကြီးများနှင့် တက္ကသိုလ်ကျောင်းသားများက ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ဗီယက်နမ်ငြိမ်းချမ်းရေးလမ်းစဉ်ကို ထောက်ခံသည်ဟု လက်မှတ်ထိုးထားသောစာများ ရေးပို့ကြသည့် ကြေးနန်းသတင်းကိုလည်း သတင်းစာများတွင် ဆက်တိုက်လိုလို ဖတ်ရှုကြရပြန်လေသည်။ ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့် စစ်အန္တရာယ်မှကင်းဝေးရန် ဦးသန့်၏ကြိုးပမ်းဆောင်ရွက်မှုများကိုကား တိကျပြတ်သားလှသည်နှင့်အတူ ငြိမ်းချမ်းရေးကို မြတ်နိုးသူအပေါင်း၏ တခဲနက်ထောက်ခံမှုကို ရနေသည်မှာ ငြင်းကွယ်၍မရတော့ပြီ ဖြစ်ပေသည်။

## မွန်မြတ်မှန်ကန်သော ဦးသန့်၏စေတနာ

၁၉၆၇–ခု နှစ်ဆန်းတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ နှစ်သစ်သဝဏ်လွှာပါးလိုက်ရာတွင် ဦးသန့်က ကမ္ဘာ့လူသားများအား စစ်နှင့်ငြိမ်းချမ်းရေအတွက် တွေး၍ပူကြစမ်းပါဟု သတိပေးခဲ့ပြန်သည်။

**၆၇–ခုနှစ်၌ ကမ္ဘာကြီး ငြိမ်းချမ်းညီညွတ်အောင်**
**ကြိုးပမ်းကြပါ၊ စစ်နှင့်ငြိမ်းချမ်းရေးအတွက်**
**တွေးတောပူပန် ကြစမ်းပါဟု ဦးသန့်**
**နှိုးဆော်ခြင်း....။**
**စစ်ကြီးကြောင့် အဖြစ်ဆိုးများပေါ်ပေါက်လာမည်ကို**
**သတိပြုကြပါဟု ဆိုခြင်း။**
**(ကုလသမဂ္ဂ ဒီဇင်ဘာ ၃၀)**

စိတ်ကောင်း စေတနာရှိကြသူအားလုံးသည် စစ်နှင့်ငြိမ်းချမ်းရေးပြဿနာကြီးအတွက် တွေး၍စိတ်ပူကြစမ်းပါဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ယနေ့



နှိုးဆော်လိုက်၏။ ဦးသန့်က ၁၉၆၇–ခုနှစ်သစ်အတွက် သဝဏ်လွှာပါးရာတွင် အထက်ပါအတိုင်း နှိုးဆောင်လိုက်သည့်အပြင် ဗီယက်နမ်ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းကြရန် ထပ်မံပန်ကြားလိုက်၏။

## စစ်ကြောင့် ဒုက္ခပင်လယ်ဝေ

ဦးသန့်၏သဝဏ်လွှာ၌ စစ်ကြီးဖြစ်ပွားနေသောကြောင့် ဒုက္ခအကြီးအကျယ်ခံစားနေသည့် လူဦးရေမှာ ကမ္ဘာ၌ ပို၍ပို၍များလာသည်။ လူသားတို့သည် ဤစစ်ကြီးကြောင့် ပေါ်ပေါက်လာမည့်အဖြစ်ဆိုးများကို သိနားလည်ရမည်။ အထူးသဖြင့် ထာဝရလိုအပ်နေသော ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် လွတ်လပ်ရေးတို့အတွက်လည်းကောင်း၊ အပြုလုပ်ငန်းများအတွက်လည်းကောင်း၊ ဦးတည်အသုံးချနိုင်သည့် သယံဇာတပစ္စည်းနှင့် ခွန်အားတို့ကို အကြီးအကျယ်ဖြုန်းတီးနေကြောင်း သိနားလည်ရမည်ဟု ဖော်ပြထား၏။

## ငြိမ်းချမ်းရေးကြိုးပမ်း

ထို့ပြင် ဦးသန့်က နိုင်ငံအချင်းချင်း အပြန်အလှန်အမှီသဟဲပြုနေရပုံကိုလည်း ဖော်ပြလိုက်၏။ မည်မျှပင် တန်ခိုးအင်အားကြီးမား၍ ချမ်းသာသည့်နိုင်ငံဖြစ်စေကာမူ သူ့ဘာသာ ပြည့်စုံမှုလုံးမှု မရှိနိုင်၊ ထို့ကြောင့် ၁၉၆၇–ခုနှစ်တွင် ကမ္ဘာကြီး၌ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးရရှိအောင် မလျှော့တမ်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု ဦးသန့်က နှစ်သစ်ကူးသဝဏ်လွှာ၌ ဖော်ပြခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ ဇာတိမြေသို့ နောက်ထပ်တစ်ခေါက်

မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ဖိတ်ကြားချက်ဖြင့် ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်သည် ၁၉၆၇–ခု၊ ဖေဖော်ဝါရီလတွင် ဇာတိဌာနေ မြန်မာနိုင်ငံသို့ အလည်အပတ် ခရီးတစ်ခေါက် ရောက်ရှိခဲ့လေသည်။ ဦးသန့်နှင့်အတူ ဇနီးဒေါ်သိန်းတင်လည်း လိုက်ပါလာ၏။ ဦးသန့်နှင့် ဒေါ်သိန်းတင်တို့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ၁၉၆၇–ခု၊ ဖေဖော်ဝါရီလ ၂၄–ရက်၊ နံနက် ၉–နာရီ ၂၀–မိနစ်အချိန်တွင် ရောက်ရှိလာခဲ့ရာ လေဆိပ်တွင် မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ကိုယ်စား နိုင်ငံခြားရေးဌာန တာဝန်ခံ ဦးသီဟန်နှင့် နိုင်ငံခြားရေးဌာနမှ အထက်တန်းအရာရှိများ၊ နိုင်ငံခြား သံတမန်များ၊ ဦးသန့်၏ ဆွေမျိုးမိတ်သင်္ဂဟများ စည်ကားစွာ လာရောက်ကြိုဆိုကြပေသည်။

လေယာဉ်မှ ဦးသန့်ဆင်းလာသည်နှင့် တပြိုင်နက် နိုင်ငံခြားရေးဌာန တာဝန်ခံ ဦးသီဟန်က ဦးစွာကြိုဆိုနှုတ်ဆက်သည်။ ဦးသန့်က ဦးသီဟန်ကို တွေ့လျှင်တွေ့ခြင်းပင် "ဦးသီဟန်...ခင်ဗျား ရဟန်းဝတ်တယ်လို့ သတင်းကြားရတယ်။ ဝမ်းသာတယ်ဗျာ...သာဓုပဲ" စသဖြင့် နှုတ်ဆက်စကား ပြောလေသည်။ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်သည် မကြာမီက ရဟန်းခံခဲ့သည်ကို ရည်ရွယ်၍ ဦးသန့် ပြောဆိုခြင်းဖြစ်၏။ ဦးသန့်သည် မိမိအား လာရောက်ကြိုဆိုနှုတ်ဆက်ကြသော နိုင်ငံခြားရေးရုံးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသံတမန်များအား ဇေယျာအောင် လိုက်လံနှုတ်ဆက်စကားပြောပြီးမှ အသင့်လာကြိုနေသော အသက် ၈၂–နှစ်ရှိ မိခင်ကြီး ဒေါ်နန်းသောင်ကို လာရောက် ဂါရဝပြု နှုတ်ဆက်၏။ ဦးသန့်က "အမ...နေကောင်းတယ်နော်" ဟု ပြောပြောဆိုဆို မိခင်ကြီး၏လက်ကို ဆုပ်ကိုင်၍ ပြောလိုက်လေ၏။



မိခင်ကြီး ဒေါ်နန်းသောင်မှာ နှစ်အတန်ကြာကွဲကွာနေသော သားကြီးကို တွေ့ရသဖြင့် ဝမ်းသာလွန်း၍ မျက်ရည်များကျလာသည်။ ဦးသန့်ကိုယ်တိုင်လည်း ဝမ်းသာသဖြင့် မျက်ရည်များစို့လျက် မိခင်အား နှုတ်ဆက်ရလေသည်။

ဦးသန့်သည် မိခင်ကြီးနှင့် ဆွေမျိုးများကို တွေ့ဆုံနှုတ်ဆက်ပြီးနောက် အသင့်စောင့်ကြိုနေသော သတင်းထောက်များနှင့် တွေ့ဆုံလေသည်။ ဦးသန့်က "ကဲဗျာ...မြန်မာလိုပဲ မေးကြပြောကြတာပေါ့၊ ခင်ဗျားတို့ သိတဲ့အတိုင်း မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ လာခဲ့တာပါပဲ။ အခု ခရီးထွက်လာခဲ့တာ ကုလသမဂ္ဂအရေးကိစ္စလဲ မဟုတ်ပါဘူး။ မြန်မာနိုင်ငံအစိုးရကိစ္စလည်း မဟုတ်ပါဘူး။ နိုင်ငံခြားရေးရာပြဿနာကိစ္စလည်း မဟုတ်ပါဘူး။ အထူးသဖြင့် ဆွေမျိုးတွေနဲ့ မိခင်ကြီးကို တွေ့ဆုံကန်တော့ဖို့ လာခဲ့တာပါပဲ။ ခုလို လာရောက်လည်ပတ်ခွင့်ရလို့ မြန်မာနိုင်ငံအစိုးရကို ကျေးဇူးတင်ပါတယ်" စသည်ဖြင့် ပြောဆိုလေသည်။

သတင်းထောက်များက ဦးသန့် ယခုလာမည့် ခရီးစဉ်တွင် ဗီယက်နမ်ကောင်စစ်ဝန်နှင့် တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်ရှိပါသလား စသဖြင့် မေးကြသောကြောင့် ဦးသန့်က ပြန်လည်ဖြေကြားရာတွင် ကုလသမဂ္ဂ တာဝန်တစ်ရပ်အနေဖြင့် ဗီယက်နမ်ကိစ္စကို ဆွေးနွေးဆောင်ရွက်ရန် ယခု အစီအစဉ်မရှိပါ။ ပုဂ္ဂိုလ်ရေးအရလည်း ဆွေးနွေးရန် အစီအစဉ်မရှိပါ စသဖြင့် ဖြေဆိုပြီးနောက် နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်နှင့်အတူ တည်းခိုသည့် အစိုးရဂေဟာသို့ ထွက်ခွာသွားလေသည်။ ဦးသန့်သည် မြန်မာနိုင်ငံသို့ ရောက်သည့်အခိုက်တွင် မြန်မာ့လက်ရာ မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကို စားသောက်လိုသည့်ဆန္ဒ ရှိဟန်တူသည်။ အကြောင်းမူကား အစိုးရတည်းခိုရိပ်သာသို့ ရောက်သည်နှင့် တပြိုင်နက် ဧည့်ခံကြိုဆိုသူအရာရှိများအား ရယ်မောဖော်ရွှေစွာ နှုတ်ဆက်ရင်း "ဘာဟင်းချက်သလဲဗျ၊ ကျွန်တော့်အတွက်တော့ အနောက်တိုင်း အစားအစာတွေ မလုပ်ကြနဲ့နော်၊ နယူးယောက်မှာမရတဲ့ မြန်မာဟင်းပဲ နေ့တိုင်းကျွေးကြပါဗျာ"ဟု ပြောဆို၍ ပြုံးပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်သည် ဖေဖော်ဝါရီလ ၂၄-ရက်နေ့ နေ့လည်အချိန်တွင် မိမိအား လာရောက်တွေ့ဆုံနှုတ်ဆက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများကို လက်ခံတွေ့ဆုံနှုတ်ဆက်လျက်ရှိ၏။ ညနေပိုင်းသို့ရောက်မှပင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ နိုင်ငံခြားရေးကော်မတီဝင်များဖြစ်ကြသော ဗိုလ်မှူးချုပ် တင်ဖေ၊ ဗိုလ်မှူးချုပ် စန်းယု၊ ဗိုလ်မှူးကြီး မောင်လွင်၊ ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်တို့နှင့် နိုင်ငံခြားရေးဌာနတွင် သွားရောက်တွေ့ဆုံ နှုတ်ခွန်းဆက်သခဲ့၏။ ဦးသန့်သည် အားလပ်ရက်ယူပြီး မြန်မာနိုင်ငံသို့သို့ ခရီးထွက်ခဲ့သည်ဆိုသော်လည်း အမှန်ဆိုသော် ဦးသန့်သည် လုံးဝ အားလပ်ခွင့်ရသည် မဟုတ်ပေ။ ကမ္ဘာ့ငြိမ်းချမ်းရေးတာဝန်ကို အခါမလပ် ထမ်းဆောင်နေရသူ တစ်ဦးပီပီ မြန်မာနိုင်ငံသို့ လာခဲ့သည့်ခရီးတွင်လည်း နိုင်ငံခေါင်းဆောင်အချို့နှင့် တွေ့ဆုံ၍ ဆွေးနွေးလျက် နိုင်ငံတကာရေးရာများကို ညှိနှိုင်းကြည့်ခဲ့သေးသည်။ ဖေဖော်ဝါရီလ ၂၃-ရက်နေ့က အာရပ်ပြည်ထောင်စု ဘေရွတ်လေဆိပ်တွင် ကုလသမဂ္ဂ ပါလက်စတိုင်းငြိမ်းချမ်းရေးကော်မီရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အော့ဒ်ကူးလ်နှင့် တွေ့ဆုံလျက် အာရပ်အစ္စရေး ပဋိပက္ခပြဿနာများအကြောင်း ဆွေးနွေးခဲ့ရ၏။

ဖေဖော်ဝါရီလ ၂၄-ရက်နေ့ နံနက်တွင်လည်း အိန္ဒိယနိုင်ငံ၌ မိနစ် ၇၀ ကြာ လေယာဉ် ရပ်နားနေစဉ်ဝယ် အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားရေးဌာနအတွင်းဝန် မစ္စတာ ချန်ဒယာဆီရာဂျာနှင့် တစ်နာရီခန့်တွေ့ဆုံလျက် ဗီယက်နမ်ပြဿနာများကို နှစ်ကိုယ်ကြားဆွေးနွေးခဲ့သည်ဟု သိရသည်။ ထိုအချိန်တွင် အိန္ဒိယပြည်ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်ခင်ကြည်ကလည်း ဦးသန့်ကို လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ် ဖေဖော်ဝါရီလ ၂၅-ရက်နေ့ နံနက် ၈-နာရီခွဲတွင် ဦးသန့်သည် ဇနီးဒေါ်သိန်းတင်၊ မိခင်ကြီး ဒေါ်နန်းသောင်၊ ညီများ၊ ဆွေမျိုးများနှင့်အတူ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့၏။ ဦးသန့်ကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးများဖြစ်ကြသော ဦးသိန်းမောင်၊ ဦးဘသော်၊ ဦးကြည်ဝင်း၊ ဦးမြင့်၊ ဦးဘဂျမ်း၊ ဦးကိုကိုစသည့်ပုဂ္ဂိုလ်များနှင့် ရွှေတိဂုံစေတီတော် စေတီယင်္ဂဏ



ပရိယတ္တိအသင်း၊ ရေကြည်တော်ဝတ်အသင်းအပါအဝင် ဘာသာရေးအသင်းအဖွဲ့များကလည်း ကောင်းစွာကြိုဆိုကြလေသည်။ ဦးသန့်သည် ဇနီးဒေါ်သိန်းတင်၊ မိခင်ကြီး ဒေါ်နန်းသောင်နှင့်အတူ ရွှေတိဂုံစေတီမြတ်ကြီးကို မှခ်လေးဘက်မှလှည့်ပတ်၍ ဆီမီး၊ အမွှေးတိုင်၊ ပန်းတို့ဖြင့် ကပ်လှူပူဇော်လေသည်။ ဦးသန့်သည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့အလှည့်ကျဘဏ္ဍာတော်ထိန်းလူကြီး ဦးမြင့်သို့ ဘုရားကြီးအတွက် ငွေကျပ်တစ်ထောင် (၁၀၀၀ိ)လှူဒါန်းပြီးလျှင် ဘုရားကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း မှတ်တမ်းရေးသားခဲ့၏။

> "ရွှေတိဂုံစေတီတော်မြတ်ကြီးအား တဖန်ဖူးမြော်
> ကြည်ညိုရသဖြင့် မြန်မာနိုင်ငံသို့ လာရကျိုးနပ်ပါသည်။
> ဤသို့ ပြုရသောကောင်းမှုကြောင့် မြန်မာပြည်သူအများနှင့်
> ကမ္ဘာသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ"

ဦးသန့်သည် ရွှေတိဂုံဘုရားမှတဆင့် အာဇာနည်ဗိမာန်သို့ ဆက်သွားပြီ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ အုတ်ဂူတွင် လွမ်းသူ့ပန်းခွေချခဲ့၏။ ထို့နောက် တဆက်တည်းပင် ပြည်လမ်းပေါ်တွင်ရှိသော စွန်းလွန်းဂူကျောင်းမှ ကျေးဇူးရှင် ဆားတောင်ဆရာတော်အား သွားရောက်တွေ့ဆုံ ဖူးမြော်ခဲ့၏။ ဆရာတော်က ငါးရာ့ငါးဆယ်နိပါတ်တော်များကို ဟောကြား၍ သမာဓိကိုအလေးပေးပြီး အစစအရာရာကို လုပ်ကိုင်ဆောင်ရွက်ရာတွင် သမာသမတ်ရှိရန် ဩဝါဒစကားမိန့်ကြား၏။ ဦးသန့် က ဆရာတော်၏ ဩဝါဒကိုနာယူလျက် ပြန်လည်လျှောက်ကြားရာတွင် တပည့်တော်အနေဖြင့် ထိုတရားတော်ကို လက်ခံကျင့်သုံးသောကြောင့် တပည့်တော်၏ သမာဓိကို အများကလေးစားကြပါသည် စသဖြင့် ပါရှိခဲ့၏။ ထိုနေ့ညဉ့်တွင် မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်က ဦးသန့်အား အင်းယားလိပ်ဟော်တယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့၏။ ဂုဏ်ပြုပွဲသို့ တော်လှန်ရေးအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြားဌာနမှပုဂ္ဂိုလ်များ၊ နိုင်ငံခြား သံတမန်များ၊ သတင်းစာဆရာ၊ စာရေးဆရာများ၊ ဦးသန့်၏ ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ ၂၆–ရက်နေ့တွင် ဦးသန့်နှင့် ဒေါ်သိန်းတင်တို့က ကုက္ကိုင်းသာသနာ့ရိပ်သာ ဖန်ယာဉ်ဓမ္မာရုံကြီး၌ ပင့်သံဃာ ၇၁ပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်း၍ ကြွလာသော မိတ်သင်္ဂဟများအား အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့၏။ ဦးသန့်နှင့် ဇနီးဒေါ်သိန်းတင်တို့သည် နံနက် ၉–နာရီခွဲအချိန်တွင် အစိုးရဂေဟာမှ ကုက္ကိုင်း သာသနာ့ရိပ်သာသို့ ရောက်ရှိလာကြရာ ဦးသန့်၏မိတ်သင်္ဂဟများက ဓမ္မာရုံကြီးမှနေ၍ ကြိုဆိုကာ ဖန်ယာဉ်ဓမ္မာရုံထဲသို့ ခေါ်ဆောင်လာကြ၏။ အဆိုပါ ဆွမ်းကျွေးဧည့်ခံပွဲသို့ ဦးသန့်၏ဆွေမျိုးများ၊ မိတ်သင်္ဂဟများ။ နိုင်ငံခြားသံတမန်များ၊ သတင်းစာဆရာများနှင့် စာရေးဆရာများ တက်ရောက်ကြ၏။

ဦးသန့်အား မိတ်ဆွေစာရေးဆရာ၊ သတင်းစာဆရာများက တွေ့ဆုံနှုတ်ဆက်၍ စာအုပ်လက်ဆောင်များ ပေးအပ်ခဲ့ကြ၏။ စာရေးဆရာ တက္ကသိုလ်စိန်တင် (ဤစာရေးသူ)က မိမိရေးသားပြုစုသော ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် အတ္ထုပ္ပတ္တိစာအုပ်ကိုလည်းကောင်း၊* စလင်းကျော်စွာက ဝိပဿနာကျမ်းစာအုပ်နှင့် မှုခင်းရေးရာစာအုပ်ကိုလည်းကောင်း၊ စာရေးဆရာ သခင်ဖေသိန်းက ပြည်သူ့စာဆို သခင်ကိုယ်တော်မှိုင်းစာအုပ်ကိုလည်းကောင်း လက်ဆောင်ပေးအပ်၍ မဟာစည်ဆရာတော်ကလည်း ဝိပဿနာကျမ်းဖြင့် ချီးမြှင့်သွား၏။

နံနက် ၁၀–နာရီခွဲအချိန်တွင် သံဃာတော် ၇၁–ပါးတို့အား ဦးသန့်နှင့် ဒေါ်သိန်းတင်တို့က ဆွမ်းဆက်ကပ်လှူဒါန်း၏။ ဆွမ်းအလှူပွဲသို့ ဦးသန့်၏ မူလကိုးကွယ်ရင်း ဆရာတော်များဖြစ်ကြသော မဟာစည်ဆရာတော်၊

* (မှတ်ချက်) ထိုနေ့က ဦးသန့်၏ဆွမ်းကျွေးအလှူပွဲသို့တက်ရောက်ရန် ဖိတ်ကြားစာရသဖြင့် ဤစာရေးသူ သွားရောက်ခဲ့ပြီး ဦးသန့်နှင့်တွေ့ဆုံ၍ စာအုပ်လက်ဆောင်ပေးအပ်ခဲ့၏။ ဦးသန့်သည် စာအုပ်လက်ခံယူပြီးနောက် စာရေးသူ၏အလုပ်အကိုင်၊ ပညာအရည်အချင်း၊ ဇာတိတို့ကို အေးဆေးစွာ မေးမြန်းခဲ့သည်။ ထို့နောက် ဤစာအုပ်ကို ရောင်းရရဲ့လား၊ တွင်ကျယ်ရဲ့လား စသဖြင့် မေးမြန်းသောကြောင့် စာရေးသူက စာအုပ်ကို စာဖတ်သူများ နှစ်သက်ကြောင်း ပြန်လည်တင်ပြ ပြောဆိုခဲ့ရ၏။



ပန်းတနော်ရွာဆရာတော်၊ ပန်းတနော် မြတောင်ဆရာတော်အပါအဝင် သံဃာ ၇၁–ပါး ကြွရောက်ခဲ့၏။ ထိုအထဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု (ဆရာတော် ဦးဓမ္မဓဇ)လည်း ပါရှိ၏။

ဦးသန့် ဝတ်ပြုကန်တော့နေစဉ်ပင် ဦးဓမ္မဓဇ (ဦးနု)က နေကောင်းတယ် မဟုတ်လား စသဖြင့် နှုတ်ဆက်သည်။ ဦးသန့်က နေကောင်းကြောင်း တစ်နေ့မှ အေးအေးဆေးဆေး လာရောက်တွေ့ဆုံပါဦးမည်ဟု လျှောက်ထားလေသည်။ မကြာမီ သံဃာတော်များအား ဆွမ်းစတင်ကပ်လှူရာ ဦးသန့် ကိုယ်တိုင် လိုက်လံ၍ဆက်ကပ်၏။ ဦးသန့်သည် ဦးဓမ္မဓဇ (ဦးနု)အား ဆွမ်းစားပွဲကို ဆက်ကပ်ပြီးနောက် ဦးဓမ္မဓဇ၏ကျန်းမာရေးကို ဦးသန့်က မေးမြန်းလေသည်။ ဦးဓမ္မဓဇက နေထိုင်ကောင်းကြောင်း မိန့်ကြား၏။

ဦးဓမ္မဓဇကမေး၍ ဦးသန့်က ပြန်လျှောက်ထားရာတွင် “မိမိမှာ ယခုအခါ ကောင်းမွန်စွာ ကျန်းမာပါသည်။ ကျန်းမာရေးအတွက် အမြဲ ဂရုစိုက်ပါသည်။ မိမိအိမ်ဝင်းအတွင်း၌ စက်ဘီးတစ်စင်းထား၍ နေ့စဉ် မိနစ် ၂၀–ခန့် စက်ဘီးစီးပါသည်။ မိမိ၏ကိုယ်အလေးချိန်မှာ ယခုအခါ လျော့လည်းမလျော့ တိုးလည်းမတိုးဘဲ ပုံမှန်ပင်ရှိနေပါသည်”ဟု ပါရှိ၏။

ထို့နောက် မဟာစည်ဆရာတော်ဘုရားက ဦးသန့်၊ ဒေါ်သိန်းတင်နှင့် ဆွေမျိုးမိတ်သင်္ဂဟများကို ငါးပါးသီလပေးပြီးလျှင် ဦးသန့်က မဟာစည်ဆရာတော်အားလျှောက်ထားရာ၌ “တပည့်တော် ယခုမြန်မာပြည်သို့ လာရောက်စဉ် ဆရာတော်ဘုရားများအား ဖူးမြင်ရသဖြင့် ဝမ်းသာကြည်နူးမိပါသည်။ ဘုရားတပည့်တော်၏ ရာထူးသက်တမ်းတလျှောက်တွင် ကမ္ဘာသူကမ္ဘာသားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း ပြည့်စုံစေ၍ ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ဆထက်တန်ဘိုး တိုးတက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆရာတော်ဘုရားများအား ကတိပေးလျှောက်ထားအပ်ပါသည်” စသဖြင့် ပါရှိခဲ့၏။

ထို့နောက် ဦးသန့် နယူးရောက်မြို့မှ ယူဆောင်လာသော **ပတ်ကား** ၆၁ ဖောင်တိန်တစ်ချောင်းနှင့် ပတ်ကား ၅၁ ဖောင်တိန် ၇၀ **ချောင်းတို့ကို** ဦးသန့်က သံဃာတော် ၇၁–ပါးတို့အား ဆက်ကပ်လှူဒါန်း၍ **မရစက်ချ**

www.burmeseclassic.com

www.burmeseclassic.com



အမှျပေးဝေခဲ့သည်။ ပန်းတနော်မြို့ အသင်းသူအသင်းသားများက ဆွမ်းကျွေး အလှူပွဲတွင် ဦးသန့်အား လာရောက်တွေ့ဆုံနှုတ်ဆက်ကြ၍ လက်အုပ်ချီ ကန်တော့ကြပြီးလျှင် ငွေဖလားကြီးတစ်လုံးကိုလည်း ဦးသန့်အား အမှတ် တရလက်ဆောင် ပေးအပ်ကြလေသည်။ ဖေဖော်ဝါရီလ ၂၇-ရက်နေ့ နံနက် ၉-နာရီခွဲတွင် ဦးသန့်သည် ရန်ကုန်မြို့ ဝဏ်ဘာလမ်း အမှတ် ၁၁-ရှိ ညီဖြစ်သူ ဦးသောင်း (ပြည်သူ့အုပ်ချုပ်ရေးဌာန)၏ အိမ်သို့ ရောက်ရှိလာ၏။ ဦးသန့်အား အီတလီနိုင်ငံ ရုပ်မြင်သံကြားအဖွဲ့မှ ရုပ်ရှင်ရိုက်ကူးကြ၏။ လှုပ်ရှားမှုဓါတ်ပုံ လိုချင်ကြသည်ဆို၍ ဦးသန့်သည် အေးအေးဆေးဆေးပင် လမ်းလျှောက်ပြလေသည်။ ဦးသန့်ထံသို့ ကမ္ဘာ့ကုလသမဂ္ဂမှ ရိုက်ကြား လိုက်သော ကြေးနန်းစာ တစ်ထပ်သည် ထိုအချိန်တွင် ဦးသန့်ထံသို့ ဆိုင်ရာ မှ လာရောက်ပေးပို့သွား၏။ ကြေးနန်းစာများကို တွေ့သည်နှင့် အရေး ကြီးသည်ဟုနားလည်သော ဦးသန့်သည် ဓါတ်ပုံရိုက်ခံနေရာမှ ချက်ချင်း ရပ်ဆိုင်း၍ ကြေးနန်းစာများကိုယူပြီးလျှင် မိမိတည်းခိုရာ အစိုးရဂေဟာသို့ ချက်ချင်းပြန်သွားလေသည်။

ထိုအချိန်တွင် ဦးသန့်အတွက် ဦးသောင်းအိမ်၌ မုန့်ဟင်းခါး အဆင်သင့် ချက်ထားသည်ဖြစ်၍ ဦးသောင်းက မုန့်ဟင်းခါးစားသွားပါဦးဟု ပန်ကြား သည်ကိုပင် မစားနိုင်တော့ဘဲ ဦးသန့် ထွက်ခွာသွားခဲ့၏။ နံနက် ၁၁-နာရီအချိန်တွင် အင်းယားလမ်းရှိ အစိုးရတည်းခိုရိပ်သာ၌ ဦးသန့်သည် ကြေးနန်းစာများကိုဖတ်ရှု၍ ပြန်ကြားဆောင်ရွက်ဖွယ်ကိစ္စများကို မိမိ၏ လက်အောက်အရာရှိနှင့် ညွှန်ကြားဆောင်ရွက်လျက်ရှိခဲ့သည်။ နေ့လည်တွင်မှ ဦးသန့်သည် ရန်ကုန်မြို့၊ လမ်း၅၀၊ အမှတ် ၁၃၉-၁၄၁တွင် နေထိုင်သော ဂန္ဓမာပုံနှိပ်တိုက်ပိုင်ရှင် ဆရာကြီးဦးအုန်းမောင်ကို သွားရောက်တွေ့ဆုံ ဂါရဝပြုရင်း လူမမာမေးလေသည်။

ဦးအုန်းမောင်မှာ ဦးသန့်၏ ငယ်ဆရာဖြစ်၏။ ဦးသန့်က ဦးအုန်းမောင် အား "ဆရာကြီး ကျန်းမာရေးကောင်းရဲ့လား၊ သွေးတိုးရောဂါရှိတယ်လို့ ကြားပါတယ်။ မျက်စိလဲမှုန်တယ်ဆို၊ ဆေးကုသလား၊ လိုတဲ့ဆေးကို ကျွန် တော်ပို့ပေးပါ့မယ်။ ခွဲစိပ်ကုသရမယ်ဆိုရင်လဲ ခွဲစိပ်ကုသပါ။ ဒီခေတ်မှာ



ဆေးပညာတွေ တိုးတက်နေပြီပဲ" စသဖြင့် အားပေးစကားပြောကြားခဲ့၏။ ဆရာကြီး ဦးအုန်းမောင်က ဦးသန့်အား ပြန်လည်ပြောကြားရာတွင် "တွေ့ ရတာ ဝမ်းသာတယ်၊ မင်းလဲကျန်းမာရေး ဂရုစိုက်ပါ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်တာသိရလို့ ဝမ်းသာတယ်၊ ကမ္ဘာသူကမ္ဘာသားတွေရဲ့ ငြိမ်းချမ်း ရေးကို မင်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်" စသဖြင့် ပါရှိလေ သည်။ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ကိုယ်စား လှယ် မစ္စတာ အယ်မာရာဂီနှင့် ကမ္ဘာ့ကုလသမဂ္ဂပြန်ကြားရေးဌာန ညွှန် ကြားရေးဝန် မစ္စတာ ဆူဇာကီဝပ်တို့က အမှတ် ၅၅-ရွှေတောင်ကြားလမ်း ရှိ နေအိမ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်အား ဂုဏ်ပြုပွဲ တစ်ရပ် ထိုနေ့ည (၂၇-၂-၆၇)မှာပင် ကျင်းပပြုလုပ်ခဲ့၏။*

ဦးသန့်သည် အဆိုပါဂုဏ်ပြုပွဲသို့ ည ၈-နာရီအချိန်တွင် ရောက်လာ ပြီး နိုင်ငံခြားသံအမတ်ကြီးများနှင့် တွေ့ဆုံနှုတ်ဆက်ရင်း မိတ်ဆွေများ သဖွယ် ရင်းနှီးစွာ စကားပြောနေခဲ့သည်။ ထိုစဉ်တွင် ဦးသန့်သည် တေးဂီတ နှင့် ဧည့်ခံနေသော ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဘသန်း နှင့် အဆိုတော်ကိုအံ့ကြီးတို့၏ တီးဝိုင်းနားသို့ရောက်သွားပြီးလျှင် "လေဘာ တီမမြရင်ရဲ့ သီချင်းတွေမရဘူးလား၊ နားထောင်ရအောင်ဗျာ၊ လုပ်ကြစမ်း ပါ"ဟု ရင်းနှီးစွာ ပြောဆိုလေသည်။ ဒေါက်တာဘသန်းက တီးဝိုင်းခေါင်း ဆောင်အား "အငြိမ့်မင်းသမီးများ ရည်းစားထားတဲ့ လူဆိုတာမျိုးဟာ... သဘောထားလဲကြီးဦးမှပေါ့ သခင်ရယ်....."ဆိုတဲ့ သီချင်းတီးဗျာဟု ပြော၍ တီးဝိုင်း မှ သီဆိုတီးမှုတ်ဧည့်ခံရာ ဦးသန့်သည် ဂရုတစိုက်နားထောင်ပြီးလျှင် လက်ခုပ်တီး၍ ဩဘာပေးသည်ကို တွေ့ရ၏။ ဖေဖော်ဝါရီလ ၂၈-ရက်နေ့ နံနက်တွင် ဦးသန့်သည် တပ်မတော်လေတပ် အထူးလေယာဉ်ဖြင့် ပေလီ ဆိပ်ကမ်းသာသို့ အနားယူရန် ထွက်ခွာသွားခဲ့၏။ ဦးသန့်နှင့်အတူ ညီ

* (မှတ်ချက်)ထိုအခမ်းအနားသို့ စာရေးသူ တက္ကသိုလ်စိန်တင်ကိုလည်း ဖိတ်ကြား ခဲ့၍ တက်ရောက်ခဲ့ရာ ဦးသန့်က စာရေးသူနှင့် ဇနီးကို ဖော်ရွေစွာနှုတ်ဆက် စကားပြောဆို ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ဦးသောင်း၊ နိုင်ငံခြားရေးဌာန အတွင်းဝန် ဦးအုန်းခင်နှင့် ဦးသန့်၏ ကိုယ်ရံတော်နှစ်ဦး၊ ကုလသမဂ္ဂ ပြန်ကြားရေးဌာနအရာရှိ ဦးလှဘူးတို့လည်း ပါရှိသွားခဲ့၏။

နံနက် ၁၁–နာရီအချိန်တွင် ပေလီဆိပ်ကမ်း မဇင်လေဆိပ်သို့ ရောက်ရှိခဲ့သည်။ ပေလီသို့ရောက်ရှိနေသော တပ်မတော်အလယ်ပိုင်းတိုင်း၊ တိုင်းမှူး၊ ဗိုလ်မှူးကြီးတင်ဦးနှင့်အဖွဲ့က မဇင်လေဆိပ်မှ ကြိုဆို၍ ပေလီ ဆိပ်ကမ်းသာသို့ ခေါ်ဆောင်သွားကြ၏။ ဦးသန့်သည် ပေလီကမ်းခြေရှိ စထရင်းဟော်တယ်တည်းခိုခန်းတွင် တည်းခိုနေထိုင်သည်။ ရောက်သည့်နေ့တွင် ကြိုတင်ရောက်နေကြသော သတင်းထောက်များနှင့် လက်ခံတွေ့ဆုံခြင်း မပြုဘဲ တစ်နေ့လုံး အနားယူရင်း ပေလီအုန်းရေသောက်၍ ရေကူးနေသည်။ မတ်လ ၁–ရက်နေ့တွင်မူ ဦးသန့်သည် အဖွဲ့ဝင်များလိုက်ပါရင်း အင်ဒရူး ပင်လယ်အော် ကျေးရွာများသို့ လှည့်လည်ကြည့်ရှုသည်။ ညနေ ၄–နာရီ တွင်မှ ပေလီရောက် သတင်းထောက်များ၏ ဂုဏ်ပြုညှော်ခံပွဲသို့ တက်ရောက်ခဲ့၏။

ထို့နောက် မတ်လ ၂–ရက်နေ့ နံနက်တွင် ဦးသန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်ခဲ့ကြလေသည်။ ဦးသန့်သည် မတ်လ ၂–ရက်နေ့ နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် ၃–ရက်နေ့တွင် မိတ်သင်္ဂဟများနှင့် တွေ့ဆုံနှုတ်ဆက်နေခဲ့၏။ နေ့လည် ၁၂–နာရီတွင် အလုပ်ကိစ္စ အရေးတကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတဆင့် ကုလသမဂ္ဂအရာရှိတစ်ဦးသည် အရေးတကြီးကိစ္စဖြင့် ဦးသန့်နှင့်တွေ့ဆုံရန် ရန်ကုန်မြို့သို့ ရောက်လာခဲ့သည်။ ထိုသူမှာ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ပဋိပက္ခဖြေရှင်းရေးအတွက် တာဝန်ယူထားသော ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာ သာရွန်ဟာဘတ်ဒီရစ်ဆင် ဖြစ်လေသည်။ ဦးသန့်သည် ရောက်ရှိလာသော ကုလသမဂ္ဂကိုယ်စားလှယ် တင်ပြသည့် အစီရင်ခံချက်များကို အေးအေးဆေးဆေး နားထောင်ပြီး ဆောင်ရွက်ဖွယ်များကို ဆွေးနွေးညှိနှိုင်းလျက် ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်ရင်း အချိန်အတော်ကြာသွားလေသည်။

ဦးသန့်သည် ရန်ကုန်တွင်ရှိစဉ် ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတ



နိုင်ငံ (မြောက်ဗီယက်နမ်)မှ ကိုယ်စားလှယ်များနှင့် ဗီယက်နမ်ငြိမ်းချမ်းရေး ဆွေးနွေးခဲ့သည်ဆိုသော သတင်းများမှာ သတင်းစာလောကတွင် ပြန့်နှံ့လှုပ်ရှားနေခဲ့သည်။ ယင်းသတင်းကြောင့် သတင်းထောက်များသည် ဦးသန့်နှင့် တွေ့ခွင့်ရရန်အတွက် အထူးကြိုးပမ်းကြ၏။ မတ်လ ၂–ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံရှိ သတင်းစာအသီးသီးမှ သတင်းထောက်များသည် ဦးသန့်နှင့် တွေ့ခွင့်ရရန်အတွက် အကြံအစည်တစ်မျိုးကို လုပ်ကြ၏။ ယင်းအကြံအစည်မှာ ပြည်သူ့အုပ်ချုပ်ရေးဌာနမှ ပန်းချီဆရာ၊ သုခုမ အုန်းခင် ရေးဆွဲသော ဦးသန့်ပုံတူ ပန်းချီကားကို သတင်းထောက်များမှတဆင့် ဦးသန့်ထံ လက်ဆောင်ပေးချင်သောကြောင့်ဟု အကြောင်းပြကြသည်။ ထို့ကြောင့် ဦးသန့်၏ကိုယ်ရံတော်နှင့် လက်ထောက်အရာရှိများက ဦးသန့်ထံ သတင်းထောက်များကို ဝင်ခွင့်ပြုလိုက်၏။ သတင်းထောက်များသည် အတွင်းသို့ ရောက်သည်နှင့် ဦးသန့်အား မိမိတို့သည် ဦးသန့်နှင့် တွေ့ဆုံခွင့်ရရန် ပန်းချီကားအကြောင်းပြ၍ ဝင်လာခဲ့ကြရကြောင်း ပြောပြကြသည်။ ဦးသန့်က "ကျွန်တော့်မှာ သတင်းထူးပြောစရာ ဒီအချိန်ထိ ဘာမှမရှိသေးပါဘူး၊ နက်ဖြန်ကျမှ လေဆိပ်မှာ ပြောကြတာပေါ့ဗျာ၊ ခင်ဗျားတို့ အကြံအဖန်လုပ်တာကလဲ တယ်ကောင်းပါလား…၊ စောင့်နေရတာ ကြာပြီထင်တယ်၊ ထမင်းမှ စားကြရရဲ့လား…၊ တယ်လဲခွဲကောင်းတဲ့ လူတွေပဲဗျာ…၊ ကဲခုတော့ ဆွေးနွေးစရာ ရှိပါသေးတယ်…။ နောက်မှ အေးအေးဆေးဆေး တွေ့တာပေါ့" ဟု ပြောဆို၏။

မတ်လ ၃–ရက်နေ့ည ၇–နာရီတွင် ဦးသန့်အား ဗိုလ်ချုပ်ကြီးနေဝင်းက အစိုးရဂေဟာ၌ ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်းဧည့်ခံခဲ့၏။ အဲဆိုပါ ညစာစားပွဲသို့ တော်လှန်ရေးအစိုးရ အဖွဲ့ဝင်များနှင့် နိုင်ငံခြားသံတမန်များ စုံညီစွာ တက်ရောက်ကြ၏။ ဦးသန့်သည် ထိုနေ့ညတွင်ပင် မြန်မာနိုင်ငံမှ အမေရိကန်ပြည် နယူးယောက်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ဦးသန့်၏ မိတ်ဆွေသင်္ဂဟများ၊ သတင်းစာဆရာများ၊ ဆွေမျိုးများ၊ နိုင်ငံခြားရေးဌာနအရာရှိများ စည်ကားစွာ လိုက်လံပို့ဆောင် နှုတ်ဆက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၂။ ဗီယက်နမ်တွင် ဦးသန့်၏အောင်မြင်မှု

၁၉၅၅–ခုနှစ်မှ စတင်၍ ဖြစ်ပွားခဲ့သော ဗီယက်နမ်တောင်ပိုင်း စစ်မီးမှာ ယခုအချိန်အထိ (၁၃)နှစ်ကြာ တိုက်ခိုက်ခဲ့ပြီးဖြစ်ရာ ဗီယက်နမ် ပြည်သူလူထုအနေဖြင့် များစွာ အတိဒုက္ခရောက်ခဲ့ကြရလေသည်။ အမေရိကန်ပြည်ထောင်စုတပ်များသည် ဗီယက်နမ်ပြည်တွင်းသို့ ၁၉၆၂–ခုနှစ်၊ နိုဝင်ဘာလမှစ၍ ကိုယ်ထိလက်ရောက် ဝင်၍တိုက်ခိုက်ခဲ့ကြ၏။ ၁၉၆၈–ခုနှစ် နိုဝင်ဘာလအထိဆိုလျှင် တောင်ဗီယက်နမ်တွင် အမေရိကန်တပ်သားပေါင်း ငါးသိန်းကျော်ရှိခဲ့လေသည်။ အမေရိကန်လေတပ် လေယာဉ်များကလည်း မြောက်ဗီယက်နမ်နိုင်ငံအပေါ်သို့ ၁၉၆၅–ခု၊ ဖေဖော်ဝါရီလ ၇–ရက်နေ့မှ စတင် ပြီး နေ့စဉ်ရက်ဆက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြရာ မြောက်ဗီယက်နမ် တစ်ပြည် လုံးမှာ ကြေမွပြိုကွဲပျက်စီးမှုများအတိဖြင့် ပြီးခဲ့ရလေသည်။

အမေရိကန်သည် ဗီယက်နမ်စစ်ရှိန်ကိုလည်း ယင်းသို့ တဖြည်းဖြည်း တိုးမြှင့်တိုက်ခိုက်ခဲ့သောကြောင့် အမေရိကန်ပြည်၏ ၁၉၆၇–၆၈ခုနှစ်၊ ကာကွယ်ရေးအသုံးစရိတ်ငွေမှာ ဒေါ်လာသန်းပေါင်း ၇၀၀၀ ကျော်ခဲ့ပြီ ဖြစ်လေသည်။ အမှန်စင်စစ်ဆိုလျှင် ဗီယက်နမ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မကြေညာဘဲ တိုက်ခိုက်နေကြသော စစ်ပွဲမှာ မည်သူမျှလည်း မရှုံး၊ မည်သူမျှလည်းမနိုင်ဟု ဆိုသော်လည်း တိုက်ကြသော နှစ်ဖက်နိုင်ငံများအနေဖြင့်ကား ပျက်စီးဆုံးရှုံးမှုများမှာ တန်ဘိုး ကုဋေချီ၍ ရှိခဲ့သည့်ပြင် လူ့အသက်ပေါင်းများစွာတို့လည်း ဆုံးရှုံးပျက်စီးခဲ့ရလေသည်။ ဗီယက်နမ်စစ်၏ အဆွယ်အပွားအဖြစ်ဖြင့် ဗီယက်နမ်နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့လည်း စစ်မီးပွားကလေးများ မကြာခဏပြန့်နှံ့ခဲ့၏။ အမေရိကန်နှင့် ကမ္ဘောဒီးယားနိုင်ငံကို့မှာ



ဗီယက်နမ်စစ်ပွဲနှင့် ဆက်၍ မကြာခဏပင် တိုက်ပွဲကလေးများ ဖြစ်ပွားခဲ့ရလေသည်။

၁၉၆၈–ခုနှစ်၊ မတ်လ ၃၁–ရက်နေ့ကမူကား အမေရိကန် သမ္မတကြီးဂျွန်ဆင်က မြောက်ဗီယက်နမ်နိုင်ငံအား ဗုံးကြဲရပ်စဲပေးမည်ဟု ကြေညာခဲ့၏။ သို့သော် သမ္မတကြီးဂျွန်ဆင်၏ ကြေညာချက်တွင် မြောက်ဗီယက်နမ်အား လုံးဝဗုံးကြဲရပ်မည်မဟုတ်ပေ။ လူနေထူထပ်သော ရပ်ကွက်များအားတစိတ်တဒေသ ဗုံးကြဲရပ်ပေးခြင်းသာဖြစ်၍ မြောက်ဗီယက်နမ်ရှိ အခြားသော အရေးကြီးသည့်လမ်းများ၊ တံတားများ၊ စက်ရုံများကိုကား အမေရိကန်လေယာဉ်များက ဆက်လက်ဗုံးကြဲမြဲ ကြဲနေကြမည်ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က အကြိမ်ကြိမ်အခါခါ တောင်းဆိုခဲ့သလို လုံးဝဗုံးကြဲမရပ်သော်လည်း တစိတ်တဒေသ ဗုံးကြဲရပ်ပေးခဲ့ခြင်းအတွက် အနည်းငယ်ဖြေသာနိုင်ပေသည်။ တစိတ်တဒေသ ဗုံးကြဲရပ်ခြင်းသည် လုံးဝဗုံးကြဲရပ်စေရေးအတွက် လမ်းစဟုပင် မြော်လင့်ရပေသည်။ အမေရိကန်က မြောက်ဗီယက်နမ်တွင် တစိတ်တဒေသ ဗုံးကြဲရပ်စဲခြင်းအတွက် မြောက်ဗီယက်နမ်က ကြိုဆိုသည့်အနေဖြင့် အမေရိကန်အစိုးရနှင့် မျက်နှာစုံညီ ဆွေးနွေးရန် သဘောတူခဲ့၏။ ဤသို့ဖြင့် ၁၉၆၈–ခုနှစ်၊ မေလမှစ၍ မြောက်ဗီယက်နမ် ကိုယ်စားလှယ် မစ္စတာဆွမ်ထွေ ခေါင်းဆောင်သော ငြိမ်းချမ်းရေးအဖွဲ့နှင့် အမေရိကန်သံအမတ်ကြီး မစ္စတာ ဟာရီမန် ခေါင်းဆောင်သော အမေရိကန်ကိုယ်စားလှယ်အဖွဲ့တို့သည် ဗီယက်နမ်စစ် အဆုံးသတ်ရေးအတွက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။

အဆိုပါဆွေးနွေးပွဲမှာ ရှေ့သို့ မည်သို့မျှကျေနပ်စရာမတွေ့ခဲ့ဘဲ လိပ်ခဲတင်းလင်းဖြစ်နေခဲ့ရ၏။ မြောက်ဗီယက်နမ် ကိုယ်စားလှယ်အဖွဲ့ကလည်း အမေရိကန်က မြောက်ဗီယက်နမ်တွင် လုံးဝဗုံးကြဲရပ်စဲစေရန် တောင်းဆိုနေခဲ့သည်။ အမေရိကန်ကလည်း တောင်ဗီယက်နမ်တွင် ဗီယက်ကောင်းမျိုးချစ်တပ်သားများ ပါဝင်တိုက်ခိုက်နေခြင်းကို မြောက်ဗီယက်နမ်မှ ပြန်လည်ခေါ်ယူသွားရန်နှင့် လုံးဝအကူအညီမပေးရန် တောင်းဆိုနေခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဗီယက်နမ်ကို ဗုံးကြဲရပ်စဲရန်အတွက်ကား ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်သည် အခွင့်ရရှေ့ပင် ကြေညာတောင်းဆိုနေခဲ့ ပေသည်။ ဦးသန့်က မည်သို့ပင်တောင်းဆိုနေခဲ့သော်လည်း အမေရိကန် သည် ဦးသန့်၏ ကြေညာတောင်းဆိုချက်ကို လိုက်လျောမည့်အခြေအနေ မပြခဲ့ပေ။ သို့သော် ၁၉၆၈–ခု၊ အောက်တိုဘာလ ၃၁–ရက်နေ့တွင်ကား ဦးသန့်၏တောင်းဆိုချက်သည် ရုတ်တရက် အကောင်အထည်ပေါ်လာပြီဖြစ် သည်ကို ဝမ်းသာဖွယ်ရာ တွေ့ရတော့သည်။ မြောက်ဗီယက်နမ်ကို ဗုံးကြဲ ရပ်ရန် အမေရိကန်က ကြေညာလိုက်ပြီဖြစ်၍တည်း။ အောက်ပါကြေးနန်း သတင်းမှာ မြောက်ဗီယက်နမ်အား ဗုံးကြဲရပ်ရန်အတွက် အမေရိကန်သမ္မတ ဂျွန်ဆင်၏ ကြေညာချက်ဖြစ်လေသည်။

## မြောက်ဗီယက်နမ် လုံးဝဗုံးကြဲရပ်ရန် ကန်သမ္မတ ကြေညာပြီ

"မြောက်ဗီယက်နမ်ကို ဗုံးကြဲလုံးဝရပ်ပေးမည် ဖြစ် ကြောင်းနှင့် ပဲရစ်မြို့တွင်ကျင်းပလျက်ရှိသော ဗီယက်နမ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၏ လာမည့်ဗုဒ္ဓဟူးနေ့ ဆွေးနွေးပွဲကို ကျယ်ပြန့်ပြီး လေးနက်သောဆွေးနွေးပွဲအဖြစ် တောင်ဗီယက်နမ် ဆိုင်ဂုံအစိုးရနှင့် တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေး တပ်ဦးတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း အမေရိကန် သမ္မတဂျွန်ဆင်က ကြာသပတေးနေ့က ကြေညာသည်။ အမေ ရိကန်သမ္မတ ဂျွန်ဆင်၏ ဗုံးကြဲရပ်ရေးကြေညာချက် အပြည့် အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဗီယက်နမ် ငြိမ်းချမ်းရေးအတွက် မိမိတို့ ရှာဖွေ ကြိုးပမ်းလျက်ရှိကြရာတွင် အလွန်အရေးပါပြီး တိုးတက်မှုများ ရရှိချက်ကို ယနေ့ညနေပိုင်းတွင် ကြေညာလိုက်သည်။ မိမိ တို့သည် မြောက်ဗီယက်နမ်တို့နှင့် လွန်ခဲ့သည့် မေလအတွင်း မှစ၍ ပဲရစ်မြို့တွင် စေ့စပ်ဆွေးနွေးခဲ့ကြသည်။ မတ်လ ၃၁– ရက်က မြောက်ဗီယက်နမ်၏ လူဦးရေ ၉၀–ရာနှုန်းကျော် နေထိုင်လျက်ရှိသည့် ဒေသများကို ဗုံးကြဲရပ်မည်ဖြစ်ကြောင်း ကြေညာပြီးနောက် စေ့စပ်ဆွေးနွေးပွဲပြုလုပ်နိုင်ရေးကို ကြိုးပမ်း ခဲ့သည်။ ပဲရစ်မြို့သို့ မိမိတို့၏ သံတမန်များဖြစ်သော ဟာ ရီမန်နှင့် ဗန့်တို့ကို စေလွှတ်ခဲ့စဉ်ကပင် တောင်ဗီယက်နမ် ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ အလေးထားဆွေးနွေးပွဲ များတွင် တောင်ဗီယက်နမ်၏ တရားဝင်အစိုးရ ပါဝင်ရမည် ဟု ညွှန်ကြားဆွေးနွေးစေခဲ့သည်။ ထိုအချက်ကို မိမိတို့၏ သံတမန်နှစ်ဦးကလည်း ပြတ်သားစွာ ဖော်ထုတ်ခဲ့သည်။

လျင်မြန်ပြီး တိုးတက်မှုရရှိမည့် ဆွေးနွေးပွဲ ဖြစ်မြောက် လျှင် မြောက်ဗီယက်နမ်ကို လုံးဝဗုံးကြဲရပ်ပေးမည်ဆိုသော အချက်ကိုလည်း မတ်လ ၃၁–ရက်က မိမိဖော်ထုတ် ပြောကြား ခဲ့ပြီး ဖြစ်သည်။ မိမိတို့တပ်သားများ၏ အသက်အန္တရာယ် ရှိနေသရွေ့ မိမိတို့က ဗုံးကြဲရပ်မပေးနိုင်ဟူသော အချက်ကို လည်း စေ့စပ်ရေးသံတမန်တို့က ထုတ်ဖော်ခဲ့ကြသည်။ ရက် သတ္တပတ်မြောက်များစွာကြာသည့်တိုင်အောင် စေ့စပ်ဆွေးနွေး ပွဲတွင် တိုးတက်မှု တစုံတရာမရှိခဲ့၊ ဆွေးနွေးပွဲမှာ လိပ်ခဲ တင်းလင်းဖြစ်နေသည့်အသွင်ကို ဆောင်ခဲ့သည်။ သို့သော် လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က မျှော်လင့်ချက် ရှိသော ရလာဒ်အသစ်အဆန်းများကို တွေ့လာခဲ့ရသည်။ ရှေ့သို့တက်လှမ်းလာသည်နှင့်အမျှ မိမိတို့၏ မဟာမိတ်များ အမေရိကန်အစိုးရအဖွဲ့၏ ထိပ်တန်းစစ်အရာရှိများနှင့် သံတမန်များကို ငြိမ်းချမ်းရေးအလားအလာနှင့်ပတ်သက်၍ လေးနက်စွာ ညှိနှိုင်းခဲ့သည်။ လွှတ်တော်ခေါင်းဆောင်များနှင့် သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်သူများကိုလည်း အခြေ အနေများကို တင်ပြခဲ့သည်။

မြောက်ဗီယက်နမ်တို့ထံမှ မိမိတို့ မျှော်လင့်နေသော

www.burmeseclassic.com



အရေးပါသည့်နားလည်မှုများကို လွန်ခဲ့သည့် တနင်္ဂနွေညနေပိုင်းနှင့် တနင်္လာတို့တွင် မိမိရရှိခဲ့သည်။ ထိုအချက်များအပေါ် အင်္ဂါနေ့တစ်ရက်လုံး ဗီယက်နမ်နိုင်ငံဆိုင်ရာ စစ်ဦးစီးချုပ် အဘရမ်နှင့် တစ်လုံးတပါဒမကျန် အသေးစိတ်လေ့လာသုံးသပ်ခဲ့သည်။ အဘရမ်ဆုံးဖြတ်ချက်နှင့် ရှည်လျားသော ထောက်ခံတင်ပြမှုများကို မိမိတို့ကြားနာခဲ့သည်။ ထိုတိုးတက်မှုများ၏ ရလာဒ်အဖြစ် မြောက်ဗီယက်နမ်ကို လေကြောင်း၊ ရေကြောင်းနှင့် အမြောက်များဖြင့် ပစ်ခတ်နေမှု အားလုံးကို ဝါရှင်တန် စံတော် ချိန် သောကြာနေ့နံနက် ၈–နာရီ (မြန်မာစံတော်ချိန် ည ၇–နာရီခွဲ)တွင် ရပ်စဲပေးမည်ဖြစ်ကြောင်း အမိန့်ချမှတ် ကြေညာလိုက်သည်။ ထိုဆုံးဖြတ်ချက်ကို ချမှတ်ခြင်းမှာ ပဲရစ်ဆွေးနွေးပွဲ တွင် တိုးတက်မှုရရှိခြင်း၏ အခြေခံကြောင့်ဖြစ်သည်။ ထို လုပ်ရပ်သည် ဗီယက်နမ်စစ်ကို ငြိမ်းချမ်းစွာ စေ့စပ်ဖြေရှင်းရေးအတွက် တိုးတက်မှုကို ဦးဆောင်လိမ့်မည်ဟု မိမိမျှော်လင့်သည်။

ယခု ကြေညာချက်မှာ ဗုံးကြဲရပ်ရေးနှင့် ပတ်သက်၍ မိမိက ယခင်ကပြောကြားခဲ့သော အချက်များနှင့် လွန်စွာနီးစပ်တူညီမှုရှိသည်။ အမေရိကန် စစ်ဦးစီးချုပ်များ၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်အားလုံးတို့နှင့်တကွ ဗိုလ်ချုပ်ကြီး အဘရမ်တို့က သူတို့စစ်ရေး အကဲဖြတ်ချက်များအရ ယခုအချိန်တွင် ဗုံးကြဲရပ်ပေးခြင်းသည် အမေရိကန်တို့ ထိခိုက်ကျဆုံးမှုတွင် တိုးပွားလာမည်မဟုတ်ဟု မှန်းဆပြောဆိုကြ၏။ ပဲရစ် ဆွေးနွေးစေ့စပ်ပွဲ ပုံမှန်ဆွေးနွေးပွဲ၏ လာမည့်ဗုဒ္ဓဟူးနေ့ နိုဝင်ဘာလ ၆–ရက် ဆွေးနွေးပွဲတွင် တောင်ဗီယက်နမ် ကိုယ်စားလှယ်များ လွတ်လပ်စွာ ပါဝင်ခွင့်ရရှိကြမည်။ တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးတပ်ဦးလည်း ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း ဟန်နွိုင်းအစိုးရ ကိုယ်စားလှယ်တို့က အကြောင်း



ကြားထားသည်။ တပ်ဦးပါဝင်တက်ရောက်ခြင်းမှာ တပ်ဦးအဖွဲ့ကို အသိအမှတ်ပြုခြင်းမဟုတ်၊ မည်သည့်ပုံစံမျိုးဖြင့်မျှ အသိအမှတ်ပြုမည်မဟုတ်၊ တပ်ဦးအနေဖြင့် မိမိတို့ သဘောထားကို တင်ပြရန် ခဲယဉ်းလိမ့်မည်မဟုတ်ဆိုသည့် အချက်နှင့်သာ ကိုက်ညီသည်။

ယခု မိမိတို့ မျှော်လင့်ရန်မှာ လျင်မြန်၊ အကျိုးရှိ၊ အရေးပါပြီး လေးနက်သော စေ့စပ်ဆွေးနွေးမှုများဖြင့် တိုးတက်ရေးကို ရှေ့ရှုနိုင်လိမ့်မည်ဆိုသော အချက်ဖြစ်သည်။ အကျိုးရှိသော ဆွေးနွေးပွဲကိုစတင်ရန် အဆင်သင့်သို့ ရောက်ရှိလာခဲ့ပြီ။

ယခုကြေညာချက်အပေါ် တစ်ဖက်က စစ်ရေးအားဖြင့် အခွင့်အရေးယူခဲ့လျှင် ဆွေးနွေးပွဲအလားအလာ ကောင်းနိုင်မည်မဟုတ်ဆိုသော အချက် ပြတ်သားစွာ သတိပေးလိုက်သည်။ မြို့ကြီးများ အတိုက်ခံနေရပြီး စစ်မဲ့ဒေသကို အလွဲသုံးစားပြုနေခဲ့လျှင် တိုးတက်အကျိုးရှိသော ဆွေးနွေးပွဲ ဖြစ်နိုင်မည်မဟုတ်၊ ယခုလုပ်ရပ်မှာ အပြည့်အဝမှန်ကန်ကြောင်း သက်သေပြနိုင်မည်မဟုတ် ဆိုသောအချက်ကို အမေရိကန်ပြည်သူတို့ကို အသိပေးထားလိုသည်။ တရားဝင် စာချုပ်စာတမ်းများပင်လျှင် မည်သည့်အခါမှ ပြီးပြည့်စုံသောအရာများမဟုတ်ခဲ့ဆိုသောအချက်ကို အတွေ့အကြုံများက သက်သေခံပြီးဖြစ်သည်။ ယခုအခါ တိုးတက်မှုရရန်ရှိလာပြီဖြစ်ရာ မိမိ၏ယနေ့ကြေညာချက်သည် အရှေ့တောင်အာရှတွင် သိက္ခာရှိသော ငြိမ်းချမ်းရေးရရှိရေးအတွက် အလွန်အရေးပါ အဓိကကျသည့် ခြေလှမ်းသစ်တစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်သည်။

ဤသို့ မြောက်ဗီယက်နမ်အပေါ်တွင် ဗုံးကြဲရပ်စဲရန် အမေရိကန်က ကြေညာခြင်းအတွက် ဦးသန့်က ကြေနပ်ဝမ်းမြောက်မိကြောင်း ချက်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်ပြောဆိုခဲ့သည်ကို ကုလသမဂ္ဂမှလာသော ကြေးနန်းသတင်းတစ်ရပ်အရ သိရသည်။ ဦးသန့်နည်းတူပင် ကမ္ဘာ့နိုင်ငံ အများစုဖြစ်သော ဗြိတိန်၊ ကနေဒါ၊ နယူးဇီလန်၊ ဂျပန်၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ ဒိန်းမတ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ အိန္ဒိယ၊ သြစတြေးလျားတို့ကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း သတင်းများထွက်လာလေသည်။ အောက်ပါကြေးနန်းသတင်းမှာ ဦးသန့်က အမေရိကန်၏ ဗုံးကြဲရပ်စဲကြောင်း ကြေညာချက်ကို ဝမ်းမြောက်ကြောင်း ဖော်ပြသည့် သတင်းတစ်ရပ်ဖြစ်လေသည်။

## ဗုံးကြဲရပ်ကိစ္စ ဦးသန့်အမြင်

### (ကုလသမဂ္ဂ အောက်တိုဘာ ၃၁)

သမ္မတဂျွန်ဆင်က ဗုံးကြဲရပ်ရန် ဆုံးဖြတ်လိုက်သည့်အတွက် မိမိဝမ်းမြောက်မိကြောင်းဖြင့် ကုလသမဂ္ဂ အတွင်းရေးဝန်ချုပ် ဦးသန့်က ကြာသပတေးနေ့ညက ပြောကြားလိုက်၏။ သို့သော်....ဦးသန့်က တရားဝင်ကြေညာချက်ထုတ်ရန် ငြင်းဆို၏။ ထင်မြင်ချက်မပေးမီ အဆိုပါကိစ္စကို မိမိလေ့လာရဦးမည်ဖြစ်ကြောင်းဖြင့် ပြောကြားလိုက်၏။ သတင်းထောက်များက မေးမြန်းကြသည်ကို ဦးသန့်က ဖြေကြားရာတွင် မိမိသည် ဗုံးကြဲပြီး ၆–လအကြာကလာဖြစ်သော ၁၉၆၅–ခုနှစ်၊ သြဂုတ်လတွင် မြောက်ဗီယက်နမ်အပေါ် ဗုံးကြဲရပ်စဲရေး ပထမဦးဆုံး မိမိပြောကြားခဲ့ကြောင်း၊ အချက် ၃–ချက်ပါသော ငြိမ်းချမ်းရေးအဆိုပြုချက်ကို ၁၉၆၆–ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ကြောင်းဖြင့် ပြောကြားခဲ့၏။

ဦးသန့်၏ တင်ပြချက်တွင် မြောက်ဗီယက်နမ်အပေါ် ဗုံးကြဲရပ်စဲရေး၊ တောင်ဗီယက်နမ်တွင် တိုက်ပွဲအရှိန် လျှော့ချရေး၊ စစ်ပွဲတွင်ပါဝင်သော ပုဂ္ဂိုလ်များ ဆွေးနွေးရေးတို့ကို ပါဝင်ခဲ့၏။ တပ်ဦးတို့ ပါဝင်ခွင့်ပြုရန် ဦးသန့်က ရည်ရွယ်ခြင်း ဖြစ်၏။ ဦးသန့်က မိမိသည် သမ္မတဂျွန်ဆင်ထံသို့ သဝဏ်လွှာ တစုံတရာပို့ခြင်း မရှိသေးကြောင်း ပြောလိုက်၏။



အမေရိကန် သမ္မတဂျွန်ဆင်၏ မြောက်ဗီယက်နမ် ဗုံးကြဲရပ်ရေး ကြေညာချက်နှင့် ပတ်သက်၍ ဦးသန့်က အထက်ပါအတိုင်း အကျဉ်းမျှ ပြောဆိုခဲ့၏။ ဤသို့ပြောဆိုရခြင်းမှာလည်း တာဝန်ရှိသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးအနေဖြင့် မည်သည့်ကိစ္စကိုမျှ သေချာစွာမလေ့လာဘဲ ကျယ်ပြန့်စွာ ဝေဖန်ခြင်းမပြုလို၍ဖြစ်၏။ သို့သော်..ဦးသန့်သည် အမေရိကန် သမ္မတကြီး ဂျွန်ဆင်၏မိန့်ခွန်းပါ အချက်အလက်များကို ကျယ်ပြန့်စွာ လေ့လာပြီးသည့်အခါတွင်ကား အောက်ပါအတိုင်း ကမ္ဘာသို့ ကြေညာထုတ်ဖော်ခဲ့လေသည်။ အောက်ပါ ကြေးနန်းသတင်းမှာ ကမ္ဘာ့ကုလသမဂ္ဂတွင် ဦးသန့်နှင့် သူ၏အဖွဲ့ဝင်များက ထုတ်ဖော်ပြောဆိုချက်များဖြစ်လေသည်။

## ငြိမ်းချမ်းရေးအလားအလာ ပိုမိုထွန်းပြောင်လာပြီ

### (ကုလသမဂ္ဂ နိုဝင်ဘာ ၁)

"အမေရိကန်က မြောက်ဗီယက်နမ်ကို ဗုံးကြဲရပ်ပေးလိုက်ခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်ကျော်ကထက် ငြိမ်းချမ်းရေးအလားအလာ ပိုမိုထွန်းပြောင်လာသည်ဟု ကုလသမဂ္ဂ အတွင်းဝန်ချုပ် ဦးသန့်က သောကြာနေ့က ပြောဆိုသည်။ လာမည့်ဆွေးနွေးပွဲများတွင် ဗီယက်နမ်စစ် ငြိမ်းချမ်းစွာ ပြီးပြေရေးနှင့် ပတ်သက်၍ အဆောတလျင် တိုးတက်မှုရရှိရေးကို နှောင့်နှေးကြံ့ကြာစေရန် မပြုလုပ်ရေးအတွက် သန္နိဋ္ဌာန်ချမှတ် ကြိုးပမ်းကြရန် လိုသည်။ အမေရိကန်သမ္မတ ဂျွန်ဆင်၏ ကြေညာချက်ကို ကြားသိရ၍ များစွာ ဝမ်းမြောက်ဂုဏ်ပြုသည်။ ယခု အပြုအမူမှာ ငြိမ်းချမ်းရေးအတွက် အဓိကကျသော ပထမဆုံးခြေလှမ်းဖြစ်သည်။ ထိုအချက်မှာ မိမိနှင့်တကွ အခြားပုဂ္ဂိုလ်ပေါင်းမြောက်များစွာက သုံးနှစ်ခန့်အတွင်း မရပ်မနားတိုက်တွန်းလာသောအချက်ဖြစ်သည်။ ထိုအပြုအမူကြောင့် ရှည်ကြာစွာနှင့် ဝမ်းနည်းကြောက်မက်ဖွယ် ကြုံတွေ့နေရသည့် စစ်ကို တရားမျှတစွာနှင့် ငြိမ်းချမ်းစွာ ဖြေစပ်ဆွေးနွေးမှု

www.burmeseclassic.com



အောင်မြင်ရေးအတွက် ခြေလှမ်းသစ်များ ရရှိသည်။

ပဲရစ်ဆွေးနွေးပွဲတွင် တောင်ဗီယက်နမ်အစိုးရနှင့် အမျိုးသားလွတ်မြောက်ရေးတပ်ဦးတို့ ပါဝင်ဆွေးနွေးခွင့် ပြုမည်ဆိုသောအချက်မှာလည်း ဝမ်းမြောက်ဖွယ်ကောင်းပြီး လက်တွေ့ကျသော တိုးတက်မှုဖြစ်သည်။ အဘယ်ကြောင့် ဆိုသော်...စစ်မြေပြင်တွင် တိုက်ခိုက်နေသူအချင်းချင်း ပါဝင် ဆွေးနွေးမှသာ အကျိုးရှိနိုင်မည် စသည်ဖြင့် ဆက်လက်ပြောဆို သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ အဓိကနိုင်ငံရေး ကော်မီတီကလည်း ဗုံးကြဲရပ်ပေးခြင်းသည် ဗီယက်နမ်ငြိမ်းချမ်း ရေးတံခါးကို ကျယ်ပြန့်စွာ ဖွင့်ပေးသောလုပ်ရပ်ဖြစ်၍ ကြိုဆို သည်ဟု ယနေ့ကြေညာသည်။ ကော်မီတီဥက္ကဋ္ဌ အီတလီ ကိုယ်စားလှယ် ပီရိုဗင်စီက ပြောကြားရာတွင် ငြိမ်းချမ်းရေး လမ်းကြောင်းမှာ တိုလည်းမတို၊ လွယ်လည်းမလွယ်၊ သို့သော် ယခုနောက်ဆုံး တိုးတက်မှုများမှာလည်း ဗီယက်နမ်စစ် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အခွင့်အရေးများ လျှင်မြန် လာစေလိမ့်မည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စေရန် ကုလသမဂ္ဂအဖွဲ့ဝင် ၁၂၅–နိုင်ငံစလုံးက ဆုတောင်းသည် စသဖြင့် ပြောဆိုသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌ ဂေါတီမာလာ ကိုယ်စားလှယ် အရီယာလိစ်က ပြောကြားရာတွင် ဗုံးကြဲရပ် ပေးခြင်းမှာ အရှေ့တောင်အာရှ ငြိမ်းချမ်းရေးအတွက် အလွန် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ငြိမ်းချမ်းရေးကို မြတ်နိုးလိုလားသူတိုင်းက ကြိုဆိုထောက်ခံကြလိမ့်မည် စသည်ဖြင့် ဖော်ပြသည်"

ဤသို့ အမေရိကန်က မြောက်ဗီယက်နမ်အပေါ်တွင် ဗုံးကြဲရပ်စဲမှု သည်ကား ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ အောင်မြင်မှု တစ်ရပ်ပင်ဖြစ်လေသည်။ ဦးသန့်တောင်းဆိုသည့်အတိုင်းပင် ယခုအခါတွင်



အမေရိကန်သည် မြောက်ဗီယက်နမ်အပေါ်၌ အကန့်အသတ်မရှိ ဗုံးကြဲရပ်စဲ လိုက်ရပြီဖြစ်သတည်း။

အောက်ပါ သတင်းဝေဖန်ချက်မှာ အမေရိကန် ဗုံးကြဲရပ်စဲမှုအပေါ်တွင် မြန်မာနိုင်ငံမှ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ ၃–၁၁–၆၈ နေ့ထုတ်၌ ဆောင်းပါးရှင် မိုးညို၏ ရေးသားဝေဖန်ချက်များမှ ကောက်နှုတ်ချက်ဖြစ်၍ မိုးညိုက မြန်မာတစ်ဦးဖြစ်သော ဦးသန့်၏အောင်မြင်မှုကိုလည်း ထုတ်ဖော် ပြသထားလေသည်။

## မြန်မာ့စကား အမေရိကန်သမ္မတကြီး နားထောင်ပြီမို့

### ကမ္ဘာ့သတင်းဝေဖန်ချက် (ဆောင်းပါးရှင်အာဘော်)

ယနေ့ဖြစ်ပေါ်လာသော ကမ္ဘာ့အခြေအနေနှင့် ပတ်သက်၍ မြန်မာ့စကားကို အမေရိကန်သမ္မတ နားထောင်၍ ကမ္ဘာ့ငြိမ်းချမ်းရေး တစ်ထစ်တိုးပြီး အောင်မြင်နိုင်စရာ ဖြစ် လာသည်ဆိုလျှင် ပိုလွန်အံ့မထင်ပေ။ ဤစကားကို ရဲတင်းစွာ ကျွန်ုပ်တို့ ကောင်းစွာ ဆိုနိုင်ပေသည်။ အကြောင်းမူကား ကမ္ဘာသူ ကမ္ဘာသားအားလုံး စိတ်နှလုံးညှိုးပန်း ပူပန်နေကြ ရသော ဗီယက်နမ်စစ်ပွဲ ပြီးဆုံးရေးနှင့် ပတ်သက်၍ မြန်မာ လူမျိုးဖြစ်သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ သြဝါဒစကားကို အမေရိကန် သမ္မတကြီး ဂျွန်ဆင်က မြောက် ဗီယက်နမ်အား ဗုံးကြဲမှု လုံးဝရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်ခြင်း ကြောင့် ဖြစ်ပေသည်။ ထို့ပြင် ကျွန်ုပ်တို့၏ သန့်စင်သော စေတနာအရ ဤကိစ္စ၌ မြောက်ဗီယက်နမ်အား ဗုံးကြဲနေမှုသည် အာရှငြိမ်းချမ်းရေးကိုသာမက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ စိုးရိမ်စရာဖြစ်၍ စိတ်မချမ်းမသာဖြစ်ရကြောင်းကို အခါ အခွင့်သင့်တိုင်း ကမ္ဘာသိ ထုတ်ဖော်ကာ ကြေညာ ပြောကြား ထားပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က ၁၉၆၅-ခုနှစ်၊ ဩဂုတ်လကတည်းက (လွန်ခဲ့သည့် သုံးနှစ်ကျော်ကာလကတည်းက) မြောက်ဗီယက်နမ်အား အမေရိကန်ပြည်က ဗုံးကြဲတိုက်ခိုက်နေမှုကို ရပ်ဆိုင်းပေးလိုက်လျှင် ဆွေးနွေးမှုများဖြစ်မြောက်ကာ အကျိုးထူးပေါ်ပေါက်လာမည်ဟု ပြောခဲ့သည်။ အမေရိကန်ပြည်က မြောက်ဗီယက်နမ်အား ဗုံးကြဲတိုက်ခိုက်၍ ၆-လမျှအကြာတွင် ဦးသန့်က ယင်းသို့ အကြံပေးခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ဦးသန့်က လွန်ခဲ့သည့် နှစ်နှစ်နှင့် ရှစ်လက (၁၉၆၆-ခု၊ ဇန်နဝါရီလက) ဗီယက်နမ်စစ် ပြီးဆုံးစေရန် ထပ်မံအကြံပေးခဲ့သည်။ ဦးသန့်၏ အကြံပေးချက်တွင် အချက်သုံးချက် ပါဝင်သည်။ ဗုံးကြဲမှုများ လုံးဝရပ်ရေးသည် ပထမအချက်ဖြစ်သည်။ ဒုတိယအချက်မှာ ဗီယက်နမ်စစ်ပွဲတွင် ပါဝင်နေသည့် ကာယကံရှင်တို့က စစ်ရှိန်ကို လျှော့ချရေးဖြစ်သည်။ တတိယအချက်မှာ ဤစစ်ပွဲနှင့် ပတ်သက်သူ ကာယကံရှင်အားလုံး တွေ့ဆုံဆွေးနွေး၍ စစ်ပြီးဆုံးရေးအတွက် ဖြေရှင်းကြရေး ဖြစ်သည်။ ဦးသန့်၏ အချက်သုံးချက်ကို ယခုအခါ မဟာ အမေရိကန်နိုင်ငံတော်ကြီးက အပြည့်အဝ လိုက်နာဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီဆိုသောအခါ ကျွန်ုပ်တို့ မြန်မာနိုင်ငံအဘို့မှာ သာမုအနုမောဒနာ ခေါ်ကာ အမျှ အတမ်းဝေပစ်လိုက်စရာသာ ရှိပေသည်။

ကထိန်ပွဲများ မြိုင်ဆိုင်၍ ဆီမီးရောင်လှိုင်သော လတန်ဆောင်တိုင်ပွဲတော်ကို ကျွန်ုပ်တို့ နွဲပျော်ကြသည့်အခိုက်ဝယ် ဆိုက်ဆိုက်မြိုက်မြိုက်ပင် မြန်မာ့စကားကို အမေရိကန် သမ္မတကြီး နားထောင်သည့်သတင်း ကမ္ဘာတွင် ပျံ့သင်းလာသည်မှာ ကျွန်ုပ်တို့၏ ရိုးရာအခါတော်ကို ဂုဏ်ပြုလာသည့်နှယ်ပင် ရှိတော့သည်။



ဤသို့ဖြင့် ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ်ရာထူးကို လာမည့် ၁၉၇၁-ခုနှစ်၊ ဒီဇင်ဘာလ ၃၁-ရက်နေ့ထိ နောက်ထပ် ၅-နှစ် သက်တန်း ထမ်းဆောင်ပေတော့မည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ နိုင်ငံတကာ တင်းမာမှုလျှော့ပါးရေး၊ ကမ္ဘာ့လူသားအချင်းချင်း ဂရုဏာတရား အပြည့်ဖြင့် ဆက်ဆံ၍ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြရေးအတွက် ဦးသန့် ကြိုးပမ်းဆောင်ရွက် အောင်မြင်မှုများကို ဆက်လက် စောင့်ကြည့်ရန်သာ ရှိပေတော့သည်။

**ဦးသန့်၏ ယနေ့ ကမ္ဘာ့ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများ ဆက်လက် အောင်မြင်ပါစေ။**

ပြီး၏။

တက္ကသိုလ်စိန်တင်

www.burmeseclassic.com

www.burmeseclassic.com

## ၁၉-၂-၆၇ နေ့ထုတ်လုပ်သားပြည်သူ့နေ့စဉ် စာရေးဆရာနှင့် စာ (နွယ်သစ်၏အမြင်)

### ဦးသန့် (တက္ကသိုလ်စိန်တင်)

စာအုပ်အမည် အပြည့်အစုံမှာ "ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် အတ္ထုပ္ပတ္တိ"ဖြစ်သည်။ ရေးသားပြုစုသူမှာ "တက္ကသိုလ်စိန်တင်"ဖြစ်သည်။ ယနေ့ ကမ္ဘာ့အရေးအခင်းများကို စိတ်ဝင်စားသူတိုင်း ဦးသန့်ကို စိတ်ဝင်စားကြသည်။ မြန်မာနိုင်ငံသားများအနေနှင့် ဦးသန့်အတွက် ဂုဏ်ယူကြသည်။ ထို့ကြောင့် ဦးသန့်သည် မြန်မာနိုင်ငံသားများအနေနှင့်သာမဟုတ်ဘဲ တစ်ကမ္ဘာလုံး၏ စိတ်ဝင်စားဖွယ်ရာ ဖြစ်လာသည်။

အမေရိကန် စာရေးဆရာမတစ်ယောက်ဖြစ်သော **June Bingham** ၏ **U Thant of Burma** အမည်ရှိ စာအုပ်တစ်အုပ်နှင့် ယခု တက္ကသိုလ်စိန်တင်၏ "ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် အတ္ထုပ္ပတ္တိ" စာအုပ်နှစ်အုပ် ထွက်လာသည်။

တက္ကသိုလ်စိန်တင်သည် ၁၉၆၁-ခုနှစ်၊ နိုဝင်ဘာလက ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ကို ရွေးကောက်တင်မြှောက်ခဲ့သည့် အချိန်ကတည်းကပင် တစ်နေ့တွင် ဦးသန့်



၏ ဘဝဖြစ်စဉ်စာအုပ် ပြုစုရေးသားမည်ဟု ကြံရွယ်ကာ "ဦးသန့်နှင့် ပတ်သက်သည့်" အချက်အလက်များကို စုဆောင်းခဲ့သည်ဟု သိရလေသည်။ စာအုပ်ပြုစုသူ၏ အမှာပါ ထိုစာအုပ်ဖြစ်မြောက်ရေးအတွက် အထောက်အထားများဖြင့် ကူညီသူများအမည်နှင့် "မှီငြမ်းပြုသော စာအုပ်စာတမ်းများ" စာရင်းအရ တက္ကသိုလ်စိန်တင်၏ အားထုတ်ကြိုးစားမှုကို လေးစားသင့်ပါသည်။

အထူးသဖြင့် အမေရိကန်လူမျိုးတစ်ယောက် ရေးသော (ဦးသန့်၏ အတ္ထုပ္ပတ္တိ) စာအုပ်နှင့် မြန်မာလူမျိုးတစ်ယောက်ရေးသည့် စာအုပ်တို့ကို ယှဉ်၍ လေ့လာကြည့်ရာတွင် မြန်မာလူမျိုး စာဖတ်ပရိသတ်တစ်ဦးအနေနှင့် တက္ကသိုလ်စိန်တင်၏ စာအုပ်ကို ပို၍ နှစ်ခြိုက်လိမ့်မည်ဟု ယူဆရပေသည်။ စာအုပ်ပြုစုသူသည် မြန်မာလူမျိုး ဖြစ်သောကြောင့်ဟု မဆိုလိုပါ။ စာအုပ်ပြုစုသူက အမှာတွင် ဂျွန်ဘင်ဂမ်း၏ စာအုပ်ကို "ဘာသာပြန်လျှင် သင့်မည်လား" ဟု ဦးခန့် (ဦးသန့်၏ညီ) အား မေးခဲ့ရာ "ယင်းစာအုပ်မှာ နိုင်ငံခြားအမြင်နှင့် ရေးထားခြင်းဖြစ်၍ မြန်မာမပြန်ဆိုပါနှင့်၊ မြန်မာ့အမြင်နှင့် မိမိကိုယ်တိုင်ရေးသားပါဟု အကြံပေးစကား ပြောခဲ့ပါသည်" ဟူ၍ ဖော်ပြထားသည့်အတိုင်းပင် စာအုပ်နှစ်အုပ်၏ ဖော်ပြပုံချင်း ကွဲလွဲသောကြောင့် တက္ကသိုလ်စိန်တင်၏ စာအုပ်ကို လေးစားသင့်သည်ဟု ဆိုရခြင်းဖြစ်ပါသည်။ ဤတွင် အကြောင်းဆိုက်သဖြင့် ဂျွန်ဘင်ဂမ်း၏စာအုပ်နှင့် ပတ်သက်၍ အနည်းငယ်ဖော်ပြလိုပါသည်။ ဂျွန်ဘင်ဂမ်းဆိုသူမှာ ဦးသန့် အတ္ထုပ္ပတ္တိရေးရန်အတွက် မြန်မာပြည်သို့လာရောက်ကာ ဦးသန့်၏ ဇာတိဖြစ်သော ပန်းတနော်မြို့ အနေအထားကိုဖော်ပြရန် တွံ့တေးမြို့သို့သာ သွားရောက်လေ့လာနိုင်ရှာပြီး ဦးသန့်အကြောင်းရေးခဲ့သော အမေရိကန် စာရေးဆရာမဖြစ်သည်။ **သူ့စာအုပ်**

www.burmeseclassic.com

www.burmeseclassic.com



တွင် ဦးသန့်အကြောင်း၊ ဗုဒ္ဓဘာသာအကြောင်း၊ မြန်မာနိုင်ငံသမိုင်းစဉ်အကြောင်းတို့ကို တွဲဖက်တင်ပြထားရာ အချို့အချက်များမှာ မြန်မာနိုင်ငံသားတစ်ဦးအနေနှင့် သဘော ကွဲလွဲဖွယ်ရာများကိုပင် ဖတ်ရှုရသည်။ ထို့ပြင် ဂျွန်ဘင်ဂမ်း၏ စာအုပ်မှာ အမေရိကန် စာဖတ်ပရိသတ်ကို အဓိကမက်လုံးပေးပြီး ပြုစုဟန်လည်းရှိ၏။ သူ့စာအုပ်တွင် အကိုးအကားပြုသော မြန်မာနိုင်ငံသမိုင်းဆိုင်ရာ စာအုပ်အများစုသည်ပင် အမေရိကန်စာအုပ်များဖြစ်ကြသည်။

တက္ကသိုလ်စိန်တင်ကမူ မြန်မာစာဖတ်ပရိသတ်အတွက် အဓိကရည်မှန်းပြုစုကြောင်း ထင်ရှားသည်။ ဦးသန့်နှင့် ပတ်သက်၍ သူတွေ့မှီသမျှ နိုင်ငံရင်း၊ နိုင်ငံခြား အထောက်အထားများကိုယူပြီး အခန်း ၁၈ ခန်းခွဲ၍ ပြုစုထားခြင်းဖြစ်သည်။ သူ့ အဖို့ နိုင်ငံရင်း အထောက်အထား ကောင်းကောင်းရနိုင်ခြင်းကြောင့် စာရေးဆရာ ဦးသန့်၊ သတင်းစာဆရာ ဦးသန့်တို့ကို ဖော်ပြရာတွင် ဂျွန်ဘင်ဂမ်းထက်ပင် ထိရောက်စွာ ဖော်ပြနိုင်သည်ကို တွေ့ရသည်။ ဦးသန့်၏ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ချက်များကိုလည်း အမေရိကန် စာရေးဆရာမတစ်ဦးထက် ပိုမိုအလေးထား ဖော်ပြသည်ကို တွေ့ရပေသည်။

တက္ကသိုလ်စိန်တင်သည် ဦးသန့်အတ္ထုပ္ပတ္တိကို အတော်ပင် ကြိုးကြိုးစားစား ပြုစုရေးသားကြောင်းကာ ထင်ရှားပါသည်။ သို့သော် အခန်း ၁၆ ကဲ့သို့ တင်ပြပုံမျိုးသည် အတ္ထုပ္ပတ္တိ ရေးသားမှုတွင် ပေါ့ပျက်ပျက်ဖြစ်စေနိုင်သည်၊ မဖြစ်စေ နိုင်သည်ကား စဉ်းစားဖွယ်ပင်။ အတ္ထုပ္ပတ္တိတစ်ခုအနေနှင့် ဇာတိ၊ ငယ်စဉ်ကျောင်းသား စသည့် ဘဝအခန်းကဏ္ဍလိုက် ဖြစ်ရပ်များကိုလည်းကောင်း၊ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အတော်ပြည့်ပြည့်စုံစုံဖော်ပြထားသော စာအုပ်



ဖြစ် စေကာမူ ဦးသန့်၏ အမူအကျင့်၊ စရိုက်စိတ်ထားတို့ကိုကား ထင်ထင်ရှားရှား မတွေ့ရဟု သဘောရပါသည်။ ခေတ်မီအတ္ထုပ္ပတ္တိ ရေးသားတင်ပြနည်း ပုံစံအသွင်သို့ အပြည့်အဝ မရောက်သေးဟု ထင်ပါသည်။

ပုံစံအားဖြင့် ဦးသန့်၏အမျိုးသားစိတ်ဓါတ်ကို လေ့လာရသော်လည်း ဦးသန့်၏ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှု အပိုင်းကို မတွေ့ရခြင်း၊ ဦးသန့်ခေတ် အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုအပေါ် ဦးသန့်၏သဘောထားများကို မသိရခြင်းတို့ဖြစ်သည်။ ဤသည်မှာလည်း တက္ကသိုလ်စိန်တင် ဝန်ခံထားသည့်အတိုင်း ဦးသန့်ကို အနီးကပ်လေ့လာခွင့်မရသောကြောင့်ပင် ဖြစ်မည်ဟု ထင်ပါသည်။ အကယ်၍ စာအုပ်ရေးသားပြုစုရေးသားသူသည် ဦးသန့်ကို အနီးကပ်လေ့လာခွင့်ရပါက ယခုထက်ပင် ဦးသန့်အကြောင်းကို ပိုမိုပြည့်စုံစွာ ဖော်ပြနိုင်လိမ့်မည်ဟု ယူဆရပေသည်။ အမေရိကန်လူမျိုးတစ်ဦးရေးသော မြန်မာလူမျိုး ဦးသန့်အကြောင်းနှင့် တဆက်တည်း မြန်မာနိုင်ငံသားတစ်ဦးရေးသော မြန်မာလူမျိုး ဦးသန့်အကြောင်းစာအုပ် ထွက်လာသည့်အတွက် ကျေနပ်အားရသင့်လှပေသတည်း။

* * *

www.burmeseclassic.com

## ၁၄–၇–၆၇ ရက် နေ့ထုတ် ကြေးမုံသတင်းစာ စာကြေးမုံ

### (ကြီးမောင်ရေးသည်)

ဦးသန့်

တက္ကသိုလ်စိန်တင်ရေးသည်။

**မြစာပေတိုက်၊ ၁၀၉–အနော်ရထာလမ်း၊ ရန်ကုန်၊ စာမျက်နှာ ၄၅၉၊ အဖိုး ၅–ကျပ်။**

ဦးသန့်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မဖြစ်မီကဆိုလျှင် ဦးသန့်ကဲ့သို့သော နိုင်ငံသားတစ်ယောက်အား ယင်းနေရာနှင့်တွဲ၍ စဉ်းစားမိဘို့ ခက်ခဲလှ၏။ မမျှော်လင့်ဘဲ ဖြစ်လာသောအခါ အံ့သြကြ၏။ ထို့ထက် တစ်ကမ္ဘာလုံး၏ အသည်းစွဲဖြစ်လာသောအခါ ပို၍အံ့သြကြ၏။ ထိုအခါ နိုင်ငံငယ်တစ်ခုမှ သာမန် စာရေးဆရာ၊ သတင်းစာဆရာ၊ ကျောင်းဆရာမျှဖြစ်သူအား အဘယ့်ကြောင့် ကမ္ဘာ့အသည်းကျော်ဖြစ်လာရသည်ကို ဝိုင်း၍ အကဲဖြတ်ကြရာတွင် ဦးသန့်၏ အပြောကောင်း၍ အပေါင်းအသင်းဆံ့ခြင်း၊ သန့်ရှင်းသပ်ယပ်ခြင်း စသော အရည်အသွေးများကို ထုတ်ပြကြသည်။

ဤတွင် ဦးသန့်အလေးအနက်ကိုးကွယ်သော ဗုဒ္ဓတရားနှင့် ယှဉ်တွဲ၍ပြသူနှစ်ဦး ပေါ်လာသည်။ တစ်ဦးမှာ လန်ဒန်မှ ဂါဒီယန် သတင်းစာဖြစ်၍ နောက်တစ်ဦးမှ စာရေးဆရာ ဒို့ရှမ်းပြည် ဦးအုံးမြင့်ဖြစ်သည်။ ဦးအုံးမြင့်က ဗုဒ္ဓ၏ ကြီးမွား



ကြောင်း သရဏဂံတရား ခြောက်ပါးနှင့် ဦးသန့်ကို စံထိုးပြသည်။ ဤအချက်နှစ်ရပ်ကို တက္ကသိုလ်စိန်တင်က ယခု "ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်အတ္ထုပ္ပတ္တိ"တွင် ထင်ရှားအောင် ပြသည်။ မှန်၏။ အပြောပညာ၊ အသိပညာကို ကမ်းကုန်စခန်းကုန်အောင် သင်ကြားတတ်မြောက်နိုင်ကြသည်။ ခက်သည်ကား အကျင့်ပညာဖြစ်၏။ ဦးသန့်ကား ထူးခြားသော အကျင့်ပညာနှင့် ပြည့်စုံသူဖြစ်သည်။ အကျင့်ပညာကား ထူးခြားသော သည်းခံမှု၊ ထူးခြားသော ချုပ်တီးမှု၊ ထူးခြားသော အားထုတ်မှု စသည်တို့ ဖြစ်သည်။ ဤ အကြောင်းအရာတို့ကို ပေါ်လွင်အောင် ရေးထားသည်။

ရေးသားရာ၌ ဦးသန့်အတွက် အရင်းအမြစ်ကျသော ညီရင်း ပန်းတနော်ဦးခန့်၏ အကူအညီကိုရသဖြင့် ဦးသန့်၏ မျိုးရိုးစဉ်ဆက် ငယ်စဉ်ဘဝမှစ၍ ပြည့်စုံအောင် ဖော်ပြနိုင်သည်။ ဦးသန့်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာသောကြောင့်သာ ထူးခြင်းမဟုတ်၊ ပင်ကိုယ်အားဖြင့်လည်း ထူးခြားသော အကြောင်းချင်းရာများဖြင့် ပြည့်စုံသူဖြစ်သည်။ သို့ဖြစ်၍ ကုလသမဂ္ဂမရောက်မီ အပိုင်းသည်ပင် ဦးသန့်၏ ထူးခြားသော ငယ်စဉ်ဘဝ၊ ကျောင်းဆရာဘဝ၊ စာနယ်ဇင်းလောကဘဝ၊ နိုင်ငံရေးဘဝ၊ အစိုးရဝန်ထမ်းဘဝ စသည်တို့မှာ စိတ်ဝင်စားဘွယ်တို့ချည့်ဖြစ်သည်။ ကုလသမဂ္ဂ ရောက်သည်မှ ယနေ့အထိကား သမိုင်းဝင် အချွန်အမွန် မှတ်တမ်းများဖြစ်၏။ ထူးခြားသော အကြောင်းရပ် မှတ်တမ်းအဖြစ်ဖြစ်စေ၊ လူငယ်လူရွယ်တို့အဖို့မူ စံပြလောက်ဖွယ် မှတ်တမ်းအဖြစ်ဖြစ်စေ၊ ဖတ်ရှုနိုင်သော အတ္ထုပ္ပတ္တိ ဖြစ်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ

## ဦးသန့် ဤသို့ ကွယ်လွန်ခဲ့သည် *

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ် အထိ ကမ္ဘာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ သူ အငြိမ်းစား ယူရမည့်အချိန် နီးသောအခါ ကမ္ဘာ့နိုင်ငံ များအကြားတွင် လှုပ်ရှားလာပြန်၏။ ဒီရာထူးမှာ ဦးသန့်ကိုပင် နောက် တစ်ကြိမ် ဆက်လက်ထမ်းဆောင်ရန် တောင်းပန်ကြရရင် ကောင်းမလား၊ သူ့နေရာမှာ ဘယ်သူ့ကို အစားထိုးမလဲ၊ လူစားရှာလို့ရပါ့မလား။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် နေရာအတွက် ပူပန် သောက ရောက်ကြသည်။ တွေးတော စဉ်းစားလာကြသည်။ ဆွေးနွေး တိုင်ပင်လာကြသည်။

သို့သော် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ကတော့ ဒီရာထူးမှာ နောက်ထပ် ဆက်လက်တာဝန်ယူတော့မည် မဟုတ်ကြောင်းဖြင့် အကြိမ်ကြိမ် ထုတ်ဖော်ပြောကြားခဲ့သည်။ ဦးသန့်အနေဖြင့် မပြောလို့လည်း မဖြစ်ပြီ။ မြန်မာပြည်သို့ ပြန်ချင်လှပြီ။ မြန်မာမိတ်ဆွေ၊ ဆွေမျိုးသားချင်းတို့နှင့် အတူ နေထိုင်ချင်လှပြီ။ မြန်မာပြည်ရှိ ရွှေတိဂုံစေတီတော်ကို မဖူးရသည်မှာ ကြာပြီ။ မြန်မာအစားအစာတွေနှင့် ဝေးခဲ့သည်မှာလည်း ကြာခဲ့ပြီ။ ဒီတော့ မြန်မာ နိုင်ငံသို့ အမြန်ဆုံးပြန်လိုပါပြီ။ ထိုသို့ပြန်နိုင်ရန်မှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးကို စွန့်မှပင် ဖြစ်တော့မည် မဟုတ်လား။

သို့ဖြင့် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဦးသန့်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးမှ အပြီးအပိုင် အငြိမ်းစားယူလိုက်လေသည်။ သူက

---

* ဦးသန့်၏ညီ ဦးသောင်း၏ ပြောပြချက်။



ရာထူးတွင် ဆက်လက်တာဝန်မယူနိုင်တော့ဘူး ဆိုတော့မှ သူ့နေရာတွင် လူစားရှာကြတော့သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံသည် လူတော် တစ်ဦးကိုပင် ဆက်လက်ရှာဖွေနိုင်ခဲ့ကြ၏။ ထို့ကြောင့်ပင် ဩစတြီးယား နိုင်ငံမှ မစ္စတာ ကွတ်ဗားလ်ဟိုင်းမ်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူး တွင် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ရာထူးလက်ခံစဉ် ကွတ်ဗားလ်ဟိုင်းမ် ၏ ပြောခဲ့သောစကားတစ်ခွန်းမှာ မေ့ရက်စရာမရှိပါ။

**"ဦးသန့်၏ ငြိမ်းချမ်းရေး ဆောင်ရွက်မှုများကို စံနမူနာပြု၍ မိမိက ဆက်လက် ကြိုးပမ်းသွားပါမည်"** တဲ့။

ဦးသန့်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်မှ အငြိမ်းစား ယူပြီးနောက် နယူးယောက်မြို့ ကရိဆင်စကဲ့ယားတွင် အိမ်တစ်လုံး ဝယ်ခဲ့ သည်။ ဦးသန့်ဝယ်သောအိမ်မှာ ဒေါ်လာ သုံးသိန်း (မြန်မာငွေ ကျပ် ၁၅သိန်း ခန့် တန်ဖိုးရှိသည်) ပေးရ၏။ ဤမျှ တန်ဖိုးကြီးသောအိမ်ကို ဦးသန့်ပိုင်ငွေ ဖြင့် ဝယ်ရသည် မဟုတ်ပါ။ ဦးသန့်၏ငွေက ဒေါ်လာ တစ်သိန်းနှစ်သောင်း၊ ဘဏ်မှ ချေးငွေက ဒေါ်လာ တစ်သိန်းရှစ်သောင်း၊ စုပေါင်းပြီးမှ ဝယ်ယူရခြင်း ဖြစ်သည်။

ဦးသန့်က နယူးယောက်တွင် အိမ်ဝယ်လိုက်ပြီဆိုတော့ မြန်မာပြည်ကို ပြန်မလာတော့ဘူးလား၊ ဦးသန့်ကိုချစ်သော မြန်မာအမျိုးသားတို့က သည့်နှယ် မေးကြသည်။ မဟုတ်ပါ။ ဦးသန့်သည် မြန်မာပြည်သို့ အလွန်ပြန်ချင်နေ ပါသည်။ သို့သော် လောလောဆယ်တွင်တော့ ကုလသမဂ္ဂတွင် ဆယ်နှစ်တာ ထမ်းဆောင်နေစဉ်ကာလသမိုင်းကို ဖော်ပြမည့် ကမ္ဘာ့သမိုင်းစာအုပ်ကြီးကို ရေးသားရန် ရှိနေပါသည်။ ထိုစာအုပ်ကြီးကို ရေးသားရန် အနည်းဆုံး သုံးနှစ်ခန့် အချိန်ကြာပါလိမ့်မည်။ ထိုသုံးနှစ်အတွင်း နေထိုင်ရန် အိမ်လိုပါ သည်။ ဒီတော့ အိမ်ဝယ်ရ၏။ အိမ်ငှားနေရင် မဖြစ်ဘူးလား။ ဖြစ်နိုင်၏။ သို့သော် အိမ်ဝယ်ရာတွင် ချေးငွေအတွက် ပေးရမည့် ဘဏ်တိုးငွေနှင့် အိမ်ငှားရာတွင် ပေးရမည့် အိမ်လခကို ယှဉ်ကြည့်သောအခါ အိမ်လခငွေက ပိုများနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပါဦးမည်။ ဦးသန့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘဝတုန်းက အသုံးအစွဲကြီးခဲ့သည်။ ဥပမာအားဖြင့် တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ် ရုံးတက်စဉ် နေ့လယ်စာ စားသောအခါ၊ ကုလသမဂ္ဂမှ၊ ခင်မင်သူသံတမန်အဖွဲ့များကို ဦးသန့်က နေ့စဉ် ဧည့်ခံကျွေးမွေးခဲ့သည်။ ယင်းစားရိတ်ကပင် ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများသောအခါတွင် ဒေါ်လာ သောင်းနှင့်ချီ၍ ကုန်ကျခဲ့သည်။ သည်သို့ အသုံးအစွဲကြီးမှုမျိုး များသောအခါတွင် ဦးသန့်၌ စုငွေ မရှိနိုင်။ အသက်အာမခံလည်း မထား၊ အိုနာစာ ရန်ပုံငွေလည်းမရှိသော ဦးသန့်သည် အငြိမ်းစားယူသောအခါ၌ မိမိနှင့်သင့်တော်သော အိမ်ကိုရရန် အခက်အခဲတွေ့ခဲ့ရ၏။

သို့နှင့် ဦးသန့်၏မိတ်ဆွေရင်း၊အလွန်မှခင်မင်လှသော ချေ့စ်မင်ဟတ်တန် ဘဏ်သူဌေးကြီး ဒေးဗစ်ရော့က်ဖဲလား (အမေရိကန် ဒုတိယသမ္မတ ဖြစ်ခဲ့ဖူးသော နဲလ်ဆင်ရော့က်ဖဲလား၏ အစ်ကို)က ဦသန့်ကို အကြံပေး၏။ ငွေလိုနေလျှင် ဘဏ်မှ ငွေချေးပါလား၊ မိမိကူညီမည်။

ဦးသန့်သည် ဒေးဗစ်ရော့က်ဖဲလား၏ အကူအညီဖြင့် ဘဏ်မှ ဒေါ်လာ တစ်သိန်းရှစ်သောင်းကို ချေးယူလိုက်၏။ မိမိတွင်ရှိနေသော ဒေါ်လာ တစ်သိန်း နှစ်သောင်းနှင့် ပေါင်းပြီး ဒေါ်လာ သုံးသိန်းတန်အိမ်ကို ဝယ်လိုက်လေသည်။

ထိုအိမ်ကို ချေးငွေဖြင့်ဝယ်ပြီးနောက် လစဉ်ပေးရမည်ဖြစ်သော ဘဏ် တိုးငွေမှာ ဒေါ်လာ(၁၈၀၀)သာ ဖြစ်၏။ ဤအိမ်လောက်မှ စိတ်ကြိုက်မတွေ့သော အိမ်တစ်လုံးကို ငှား၍နေမည်ဆိုလျှင် အိမ်လခမှာ အနည်းဆုံး ဒေါ်လာ (၂၀၀၀) ဖြစ်သည်။ သို့နှင့် အိမ်ဝယ်ပြီး နေလိုက်ခြင်းက ဦးသန့်အတွက် ပို၍ သင့်တော် မှန်ကန်ခဲ့လေသည်။

ဦးသန့်သည် အိမ်ကို စိတ်တိုင်းကျပြင်လိုက်သည်။ ရေကူးကန်ကို စိတ်တိုင်းကျ ဆောက်၍ နေ့စဉ် နှစ်နာရီခန့် ရေကူးသည်။ ဘုရားခန်းကို သီးသန့် တည်ဆောက်၍ ခံ့ညားထည်ဝါစွာ ပြင်ဆင်ကိုးကွယ်၏။ အိမ်ဝယ်စဉ် က အိမ်မှကြည့်လျှင် ရှုမျှော်ခင်းက အလွန်သာယာပါ၏။ သို့သော် မကြာမီ ရှုမျှော်ခင်းကိုဖျက်မည့်ကိစ္စ ပေါ်လာသည်။ အိမ်အနီးတွင် ခြံပိုင်ရှင်တစ်ဦးက အထပ်များစွာရှိသော အိမ်တစ်လုံး လာဆောက်၏။ ရှုခင်းပျက်သွားပြီ။



ရှုမျှော်ခင်းကို အကာအကွယ်ဖြစ်လာ၍ ဦးသန့် သဘောမကျ။ သည်တွင် အဆောက်အဦ အကြံပေးပါရဂူတစ်ဦးက အကြံပေးလာ၏။ သူ့အကြံ ပေးချက်အတိုင်း ဝက်သစ်ချပင် အပင် (၂၀၀) ကို တစ်ပင်လျှင် ဒေါ်လာ ၄၀ နှုန်းဖြင့် ဝယ်၍ ခြံထဲမှာ စိုက်လိုက်ရ၏။ မျက်စိရှုပ်စရာ တစ်ဖက်အိမ်ကို ကာပေးထား၍ အထိုက်အလျောက် စိတ်သက်သာရသည်။

သို့နှင့် ဦးသန့်သည် မိမိရေးရန် စီစဉ်ထားသော စာအုပ်ကို အတွင်းရေးမှူး တစ်ဦးအကူအညီဖြင့် စတင်ရေးသားခဲ့လေ၏။ သို့သော် ဦးသန့်အဖို့ စိတ်ညစ် စရာ ကိစ္စတစ်ရပ် တွေ့ရှိနေ၏။ အမြတ်ခွန်ကိစ္စ။

အမေရိကန်အစိုးရသည် ဦးသန့်၏ ပင်စင်ငွေအပေါ်မှ အမြတ်ခွန်ကို တင်းတင်းကျပ်ကျပ် တောင်းဆိုလေသည်။ ဦးသန့်၏ တစ်နှစ်အတွက် ပင်စင်အငြိမ်းစားငွေမှာ ဒေါ်လာ သုံးသောင်းနှစ်ထောင် ဖြစ်သည်။ ယင်း ပင်စင်ငွေအပေါ်မှ အမြတ်ခွန်ငွေများကို အဆမတန် စည်းကြပ်ခြင်းခံရသဖြင့် ဦးသန့်အဖို့ သောကမအေးစရာ ဖြစ်လာသည်။

ထိုသို့ အမြတ်ခွန်စည်းကြပ်ခြင်းအတွက် အမေရိကန်အစိုးရကို အပြစ် တင်ရန်မရှိ။ အကြောင်းမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကို လက်ခံ ထမ်းဆောင်ခွင့်အတွက် အမေရိကန်နိုင်ငံ၌ အထူးဥပဒေတစ်ရပ်ဖြင့် ခွင့်ပြု ထားခဲ့ရ၍ဖြစ်၏။ အတွင်းရေးမှူးချုပ်၏ လက်အောက်ရှိ အခြားရာထူးများကိုမူ သံတမန်အခွင့်အရေးအရ အမြတ်ခွန်မကောက်ပါ။ အတွင်းရေးမှူးချုပ်တစ်ဦး တည်းကိုသာ အမြတ်ခွန်ကောက်ခြင်း ဖြစ်၏။

အမြတ်ခွန်ပေးနေရတော့ ဦးသန့်အတွက် အသုံးအစွဲ ကျပ်တည်းလာ၏။ ဦးသန့်မှာ စတီဗင်ဆင်ဖောင်ဒေးရှင်းဆုကို ရရှိထားသူဖြစ်၏။ အမေရိကန် နိုင်ငံ၏ ကုလသမဂ္ဂ ကိုယ်စားလှယ်ဟောင်း မစ္စတာ စတီဗင်ဆင်၏ ငြိမ်းချမ်းရေးလုပ်ငန်းများကို ချစ်မြတ်နိုးသော ငွေကြေးကြွယ်ဝသူတို့က ‘စတီဗင်ဆင်ဖောင်ဒေးရှင်းဆု’ကို တီထွင်ထား၏။ ယင်းဖောင်ဒေးရှင်းသို့ ငွေများလှူဒါန်းကြ၍ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်သူတို့အတွက် နှစ်စဉ် ဒေါ်လာ သုံးသောင်း ချီးမြှင့်၏။ ဦးသန့်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုဆုရှင်ဖြစ်သဖြင့် နှစ်စဉ် ဒေါ်လာသုံးသောင်းရနေ၏။ ထိုငွေမှာ ဦးသန့်၏ မော်တော်ကားစရိတ်နှင့် ဒရိုင်ဘာအတွက် အိမ်နှင့်လခငွေများ၊ ကမ္ဘာ့သမိုင်း စာအုပ်ရေးရာတွင် အကူအညီပေးမည့် အတွင်းရေးမှူး အမျိုးသမီးအတွက် အိမ်ခနှင့် လခငွေများ ပေးရသည်နှင့် ကုန်သလောက်ရှိနေသည်။

ဤသို့ ငွေကြေးအခက်အခဲတွေ့ရပုံကို ကြားသိကြသော အနိုင်နိုင်ငံရှိ အစိုးရအဖွဲ့များက ဦးသန့်၏ အခက်အခဲကို ကူညီရန် စကားကမ်းလှမ်းကြ၏။ မက္ကဆီကိုနိုင်ငံ သမ္မတကြီးက ဦးသန့်ကို ဖိတ်ကြားသည်။

"ကျွန်တော့်နိုင်ငံမှာလာပြီး ငြိမ်းချမ်းစွာ စာရေးနိုင်ပါတယ်။ အမြတ်ခွန်လဲ မကောက်ယူပါ။ နေစရာ သန့်ပြန့်သာယာပြီး ကျယ်ဝန်းတဲ့အိမ်တစ်လုံးကို စီစဉ်ပေးပါ့မယ်"။ သို့သော် စပိန်စကားပြော မက္ကဆီကိုနိုင်ငံနှင့် စပိန်စကား မတတ်သော ဦးသန့်တို့ အဆင်မပြေကြပါ။

ဆွစ်ဇာလန်အစိုးရကလည်း စကားကမ်းသည်။ ဦးသန့်စာရေးဖို့အတွက် သင့်တော်သောအိမ်ကို စီစဉ်ပေးမည်။ အမြတ်ခွန်လည်း မကောက်ပါ။ လာပြီး အေးအေးဆေးဆေး အနားယူရင်း စာရေးလှည့်ပါ။ ဆွစ်ဇာလန်နိုင်ငံရှိ နာမည်ကျော် ဟာသမင်းသားကြီး ချာလီချက်ပလင်ဂေဟာကို ပေးပါမည်။ အလွန် သာယာသော တောင်ကုန်းပေါ်မှ အိမ်ဂေဟာဖြစ်ပါသည်ဟု ဆို၏။

ဗြိတိန်အစိုးရကလည်း ဖိတ်ကြားသည်။ ဦးသန့်ကို အမြတ်ခွန် လွတ်ငြိမ်းခွင့်ပြုပါမည်။ စာအုပ်ပြုစုရင်း အနားယူရင်း ဗြိတိန်တွင် လာနေပါ။ လှပသာယာသော အိမ်တစ်လုံးကို စီစဉ်ပေးပါမည်။

အင်္ဂလန်နိုင်ငံကိုတော့ ဦးသန့် မျက်စိကျသည်။ သည်နိုင်ငံသို့ သွား၍ အနားယူရင်း စာရေးရလျှင် ကောင်းမည်ဟု စိတ်ကူးမိသည်။ သို့သော် ခက်နေသည်က သမီး အေးအေးသန့်တို့ မိသားစုကို နယူးယောက်တွင် ထားခဲ့၍ မဖြစ်ပါ။ အေးအေးသန့်၏ခင်ပွန်းကလည်း မင်ဟတ်တန်တက္ကသိုလ်တွင် သင်္ချာဌာန ပါမောက္ခအဖြစ် အမှုထမ်းနေသည်မို့ နယူးယောက်ကခွာ၍ မဖြစ်။ သည်မိသားစုကိုထား၍ တစ်ပြည်တစ်ရွာသွားရန် ဦးသန့် မဆုံးဖြတ်နိုင်ခဲ့ပါ။



သည်တွင် ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်အစိုးရက စည်းကြပ်သည့် အမြတ်ခွန်ကို ဖြစ်သည့်နည်းဖြင့်ပေးမည်ဟု ဆုံးဖြတ်၍ နယူးယောက်မှာပင် နေရင်း ဦးသန့်သည် စာအုပ်ကို မပြီးမနေ ရေးခဲ့ရသည်။ စာအုပ်မှာ ရေးရင်းရေးရင်း ကျယ်လာ၏။ နိုင်ငံပေါင်း တစ်ရာကျော်တို့၏ အရေးအခင်းတွေကို ကိုင်တွယ်ဖြေရှင်းခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးအဖို့ တကယ်ရေးတော့မည်ဆိုလျှင် ကုန်နိုင်စရာပင် မရှိပါ။ သည်တော့ ဖြစ်ရပ်တွေက စုံစုံလင်လင်ပါလာ၏။ ကမ္ဘာ့ဖြစ်ရပ်ပေါင်းစုံအား မိမိ ကိုင်တွယ်ဖြေရှင်းခဲ့ပုံနှင့် ယင်းဖြစ်ရပ်များအပေါ် မိမိ၏အမြင်ကို ဦးသန့်က ပီပီပြင်ပြင်ရေးသည်။ ရေးရင်းရေးရင်းဖြင့် စာအုပ်က စာလုံးရေ နှစ်သိန်းကျော်ဖြစ်လာသည်။ မူလက စာအုပ်ကုမ္ပဏီနှင့် လုပ်ငန်းကိစ္စစကားပြောစဉ် စာလုံးရေ တစ်သိန်းသာရှိမည်ဟု ပါရှိရာ ယခုတော့ ဦးသန့်အဖို့ အခက်အခဲဖြစ်လာသည်။ သို့သော် စိတ်မညစ်လိုက်ရပါ။ စာလုံးရေ နှစ်သိန်းပါသောစာအုပ်ကို စာလုံးရေ တစ်သိန်းမျှဖြင့် အဓိပ္ပာယ်စုံလင်လာအောင်တည်းဖြတ်ပေးမည့် စာတည်းတစ်ဦးကို ငှားနိုင်ခဲ့၏။ အခကြေးငွေများစွာ ပေးရသော ထိုစာတည်းက မူလအဓိပ္ပာယ်လည်း မပျက်အောင် စာလုံးရေ တစ်သိန်းနှင့်လည်း ပြီးစီးအောင် ကောင်းစွာ တည်းဖြတ်ပေးရသည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့တွင် ဦးသန့်က အမေရိကန်မြန်မာပိုင်းအစီအစဉ်မှ ဤသို့ အသံလွှင့်ခဲ့၏။

**"၁၉၆၁ ခုနှစ်မှစပြီးတော့ ၁၉၇၁ ခုနှစ်အထိ ကမ္ဘာ့သမိုင်း ပြုစုတဲ့လုပ်ငန်းကြီးကို ၁၉၇၄ ခုနှစ်အတွင်း ပြီးမြောက်မယ်လို့ ယူဆပါတယ်။ ဒုတိယတွဲကို ၁၉၇၅ ခုနှစ်ကုန်လောက်မှာ ပြီးစီးရန် ရည်ရွယ်ပါတယ်။ အဲဒီ ကမ္ဘာ့သမိုင်း ကျမ်းကြီးနှစ်စောင် ပြုစုပြီးတဲ့နောက် မြန်မာပြည်သို့ပြန်လာပြီး လုံးဝ အနားယူရန် စီမံပြီးဖြစ်ပါတယ်။ ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးမှာ လေးနှစ်ကျော်ကျော် မြန်မာပြည်ရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ထမ်းဆောင်ပြီးနောက်၊ (၁၀)နှစ်ကျော်ကျော် အထွေထွေအတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့ရပေမယ့် တစ်နေ့မှ ကိုယ့်နိုင်ငံကို မမေ့ပါဘူး။ မြန်မာပြည်သူ ပြည်သားတွေ**

www.burmeseclassic.com

www.burmeseclassic.com



**စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းတွေ တွေ့ကြုံခံစားကြပါစေလို့ အမြဲဆုတောင်း မေတ္တာပို့သလျက်ရှိပါတယ်။ ဘုရား တရား သံဃာ ရတနာသုံးပါးဂုဏ်ကြောင့် ကမ္ဘာ့သမိုင်းကြီးနှစ်စောင်ကို ရေးသားပြီးဆုံးပြီးနောက်၊ မြန်မာပြည်သို့ ပြန်ပြီး ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပြန်လည်နေထိုင်ဖို့ကိုသာ စိတ်စောလျက်ရှိပါတယ်"**

ဦးသန့်က အမိနိုင်ငံကို လွမ်းဆွတ် သတိရကြောင်း၊ မြန်မာပြည်သို့ ဤနှယ် မှာကြားခဲ့သည်။ သူ့အသံကို ကြားရသော မြန်မာလူထုကြီး တစ်ရပ်လုံးက ဝမ်းသာကြ၏။ ဦးသန့်၏ ပြည်ပြန်ခရီးကို သူ့အပေါ် မေတ္တာရှိသူတို့က တမျှော်တည်း မျှော်နေကြလေသည်။

ထိုအချိန်အတွင်း ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင်ပင် ဦးသန့် ဆေးရုံတက်ရန် အကြောင်းဖြစ်လာ၏။ ဦးသန့်၏ ညာဘက်ပါးစောင်သွားဖုံးရင်း၌ အနာကလေးတစ်လုံး ပေါက်လာ၏။ ထို့ကြောင့် ဦးသန့်က သွားဆရာဝန်တစ်ဦးနှင့် ကုသ၏။ တစ်လခန့်ကြာသော်လည်း အနာက မပျောက်။ သို့နှင့် ဦးသန့်က ဆေးရုံသို့သွားပြသည်။ ဆေးရုံက ဦးသန့်၏ ပါးစောင်မှအနာကို မသင်္ကာဖြစ်၏။ ကင်ဆာရောဂါ ဖြစ်လေမလား။

ဦးသန့်၏ပါးစောင်မှ အနာကလေးကို ဓာတ်ခွဲစမ်းသပ်ကြည့်သောအခါတွင် ကင်ဆာကလပ်စည်းများ တွေ့ရ၏။ ထို့ကြောင့်ပင် ဆရာဝန်တွေက ဦးသန့်ကို ဆေးရုံတက်၍ ခွဲစိတ်ကုသရန် အကြံပေးကြသည်။ ဦးသန့်သည် အောက်တိုဘာလတွင် ဆေးရုံတက်၍ ခွဲစိတ်ကုသမှုကို ခံယူရ၏။

ထိုစဉ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အီးကဖီးအဖွဲ့ချုပ်တွင် အမှုထမ်းနေသော ညီဖြစ်သူ ဦးသောင်းထံသို့ ဦးသန့်က သူ့ရောဂါအကြောင်း စာရေးသည်။ စာရေးရာ၌ မိမိပါးစောင်မှ ဒဏ်ရာကို မည်သို့ခွဲစိတ်ကုသ၍ ကင်ဆာကလပ်စည်းများအား လှီးဖြတ်ထုတ်ပယ်ရပုံကို ပုံဆွဲ၍ပင် ပြလိုက်သေး၏။ နောက်တော့ ကမ္ဘာတွင် အကောင်းဆုံး အတော်ဆုံး ဆရာဝန်ကြီးများ၏ လက်ထဲတွင် ဆေးကုသမှုကို ခံယူရသော ဦးသန့်သည် ကောင်းစွာ ကျန်းမာလာခဲ့လေသည်။



ဦးသန့်သည် ကျန်းမာလာသည်နှင့်ပင် မိမိတာဝန်ရှိနေသော စာအုပ်ပြုစုမှုကို ဆက်လက်ကြိုးပမ်းပြုစုပြန်သည်။ သို့သော် သူ့ရောဂါသက်သာသည်ဆိုခြင်းမှာ တဒင်္ဂမျှသာ ဖြစ်၏။ ၁၉၇၄ ခုနှစ် မတ်လတွင် ဦးသန့်သည် ဆေးရုံသို့ ထပ်တက်ရပြန်သည်။ ယခုတစ်ကြိမ်တွင်တော့ ပါးမှ ကင်ဆာရောဂါသည် လည်ချောင်းဆီသို့ ကူးစက်သွားလေသည်။ လည်ချောင်းကို ခွဲစိတ်ကုသရ၏။ လည်ပင်း၊ ပခုံးနှင့် လက်မောင်းရင်းရှိ အရိုးအနီးမှ ကင်ဆာကလပ်စည်းပေါင်း ၃၀၀ ခန့်ကို ခွဲစိတ်ထုတ်ပယ်လိုက်ရသည်။

ယခုတစ်ကြိမ် ခွဲစိတ်ကုသရန် ဆေးရုံတက်ရစဉ် ဘန်ကောက်မြို့ရှိ ညီဖြစ်သူ ဦးသောင်းကို တွေ့ချင်သည်ဟု ဦးသန့်က အကြောင်းကြား၏။ ထို့ကြောင့် ဦးသောင်းသည် နယူးယောက်မြို့သို့ လိုက်သွားရန် စီစဉ်ရလေသည်။

ဦးသောင်းသည် ဘန်ကောက်မှမထွက်ခွာမီ ဦးသန့်ထံမှ ကြေးနန်းရောက်လာပြန်၍ ထွက်လာပြီဖြစ်ကြောင်း အကြောင်းပြန်ရသည်။ ဦးသောင်းသည် ကေအယ်လ်အမ် လေယာဉ်ကို ချက်ချင်းစီစဉ်ပြီး နယူးယောက်မြို့သို့ လိုက်သွားခဲ့၏။

နယူးယောက်မြို့နှင့် မိုင် (၈၀)ခန့်ဝေးသော ဦးသန့်၏ ဟာရီဆန်နေအိမ်သို့ ဦးသောင်း ရောက်သွားတော့ ညနေ ၆နာရီခန့်ရှိပြီ။ ထိုအချိန်တွင် ဆေးရုံမှ ဦးသန့်က တယ်လီဖုန်းဆက်လာ၏။ ဦးသန့် ဆေးရုံတက်သည်မှာ (၁၅)ရက်ခန့် ရှိနေပြီ။ အိမ်သို့ တစ်ကြိမ်တစ်ခါမျှ တယ်လီဖုန်း မဆက်ပါ။ သို့သော် ယခုတော့ သူအလွန်တွေ့ချင်နေသော ညီဖြစ်သူ ဦးသောင်းကို တွေ့ချင်လွန်း၍ထင်ပါရဲ့၊ တယ်လီဖုန်းဆက်မေးသည်။ လည်ပင်းတွင် ခွဲစိတ်ကုသခံထားရသော ဦးသန့်၏အသံကို တယ်လီဖုန်းအတွင်းမှ ကြားရသည်မှာ အသံခပ်သြသြထွက်နေ၏။

"မောင်သောင်းလား... ရောက်ပြီလား... မင်း ဒီည အစ်ကိုကြီးကို လာပြီးမတွေ့နဲ့တော့၊ မင်းခရီးလမ်းမှာ အိပ်ပျက်လာတယ်။ နက်ဖြန်မှပဲ အေးအေးဆေးဆေး တွေ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်း ရောက်ရှိလာခြင်းအတွက် ဦးသန့် အလွန်ဝမ်းသာဟန် ရှိ၏။ ဝမ်းနည်းစရာ ကောင်းသည်ကတော့ ဦးသန့်စားရန်အတွက် ဦးသောင်း ယူဆောင်သွားသော မြန်မာကြိုက် အစားအစာတွေကို ဦးသန့် မစားနိုင်ခြင်း ပင်တည်း။

အထက်တွင် ဦးသန့်က မြန်မာပြည်သို့ ပြန်ချင်ပုံကို တင်ပြခဲ့၏။ ဦးသန့်ကား အိမ်တွင် ထမင်းစားလျှင် ခက်ရင်းနှင့်ဇွန်းကို သုံး၍ အနောက်တိုင်းဆန်ဆန် မစား။ မြန်မာဆန်ဆန် လက်ငါးချောင်းဖြင့် နယ်ဖတ်၍ စားတတ်သည်။ အိမ်မှာနေလျှင် အမြဲလိုလို ပုဆိုးဝတ်နှင့်နေသည်။ သည်မျှ မြန်မာမှုကိုချစ်၍ မွေးလာသော မြေးဦးကို မြန်မာဆန်အောင် ပြုစုမွေးမြူစေ၏။ အသက် ၉နှစ်ရွယ် ရှိနေသောမြေး (အိမ်မှာ ခေါ်သောနာမည် ကိုကို)မှာ တံတျာ၊ သီတာ၊ သာယာ စသော ကြိုးသီချင်းကြီးများကို စန္ဒယားဖြင့် စတင်သင်ကြား တတ်မြောက်ခဲ့၏။

သည်မျှ မြန်မာဆန်သော ဦးသန့်အတွက် ဦးသောင်းယူသွားသော မြန်မာအစားအစာများမှာ အရာမထင် အကျိုးမရှိတော့ပြီ။ ဝမ်းနည်းဖွယ် ဖြစ်ပါ၏။ သို့သော် ဦးသန့်က ဝမ်းနည်းဟန်မပြပါ။ လည်ချောင်းတွင် အနာရှိ၍ နို့၊ ပူတင်း စသော ပျော့သော အစားအစာများသာ စားနေရခြင်းအတွက် စိတ်ပျက်ဟန်မပြဘဲ ညီဖြစ်သူနှင့် စကားပြောသည်။ ရယ်လိုက်မောလိုက်နှင့် အချိန်ကုန်ခဲ့၏။

သို့သော် စိတ်မကောင်းစရာတစ်ခုက ဖန်တီးလာ၏။

တစ်နေ့တွင် ဦးသန့်သည် ဆေးရုံတွင်နေရင်း မိမိအား ဆေးကုသပေးနေသော ဆရာဝန်ကိုမေး၏။

"ဒေါက်တာ ကျွန်တော်ဟာ ဗုဒ္ဓဘာသာတစ်ယောက်ပါ။ သေရမှာကို ရင်ဆိုင်ရဲပါတယ်။ ကျွန်တော်ဟာ ဒီကင်ဆာရောဂါနဲ့ ဘယ်လောက်ကြာကြာ ခံမလဲ၊ သိပါရစေ"

ဆရာဝန်ကလည်း တိကျသောအဖြေကို ပေး၏။

"ယေဘုယျအားဖြင့်ဆိုရင်တော့ ဦးသန့်လို ကင်ဆာရောဂါဝေဒနာရှင်မျိုးဟာ တစ်နှစ်လောက်ပဲ အသက်ရှင်နေနိုင်လိမ့်မယ်"



မြတ်စွာဘုရား...။ မေးသူက မေး၍ ဖြေသူက ဖြေလိုက်ပြီ။ သေခြင်းတရားကို မကြောက်ဘူးဆိုပေမယ့် တကယ်တော့ တုန်လှုပ်မြဲဖြစ်၏။ ပုထုဇဉ်လူသားတစ်ဦးမျှသာဖြစ်သော ဦးသန့်လည်း သေခြင်းတရားကို ရင်ဆိုင်ရတော့မည်ဟု သိသောအခါ၌ စိတ်ထဲတွင် ခံစားမှုဖြစ်မည်ကေန်။ သည်ဇနီး၊ သည်သမီး၊ သည်မြေး၊ သည်မိခင် ညီအစ်ကိုမောင်နှမတွေနှင့် ခွဲရတော့မည် သိရတော့ စိတ်မချမ်းသာလှပါ။ ထိုညဉ့်က ဦးသန့် ကောင်းစွာအိပ်မပျော်။

ဆရာဝန်၏စကားကို ကြားရသူမှာ ဦးသန့်တစ်ဦးတည်းမဟုတ်ပါ။

ါ။ ထိုညက ဦးသန့် အိပ်မပျော်သည်ကိုလည်း သတိပြုမိ၏။ ထို့ကြောင့် ခေတ္တရောက်နေသော ဦးသောင်းကို တိုင်ပင်ပြီး ဆရာဝန်ကို စကားပြင်ပြောပေးပါဟု ဦးသောင်း၊ ့်တို့က တောင်းပန်၏။ ဆရာဝန်က တောင်းပန်ချက်ကိုလက်ခံပြီး နောက်တစ်နေ့တွင် စကားကို ပြင်ပြောပါ၏။ သို့သော် ဦးသန့်သည် ပြင်ပြောသော ဆရာဝန်၏စကားကို ကြား၍ ဝမ်းသာအားရဖြစ်ဟန်မပြဘဲ တည်ငြိမ်စွာရှိနေ၏။ လူကဲခတ်ကောင်းသော ဦးသန့်သည် ဆရာဝန်၏စကား အသွားအလာကို ကောင်းစွာ နားလည်လိမ့်မည် ကေန်ပါတည်း။ အမှန်တော့ ဦးသန့်ကို ကုသနေသူ ဆရာဝန်မှာ ညံ့သူမဟုတ်ပါ။ အမေရိကန်ပြည် ကင်ဆာရောဂါကု ဆရာဝန်များအသင်း ဥက္ကဋ္ဌ၊ ဆေးပညာပါရဂူ ဒေါက်တာ ဝွန်ကွန်လီ (အသက် ၆၅ နှစ်) ဖြစ်သည်။ သူသည် မျက်နှာနှင့် လည်ပင်းပိုင်းဆိုင်ရာ ကင်ဆာပါရဂူ ဖြစ်သည်။ ဦးသန့်၏ ကင်ဆာရောဂါကို သူ စတင်ကုသပေးရစဉ်က စကားလုံးတစ်ခု သုံးဖူး၏။

"အရေးကြီးသည့် ရောဂါအခြေအနေ ဖြစ်သည်။ သို့သော် မျှော်လင့်ချက် မရှိဘူးတော့မဟုတ်"... တဲ့။

"Condition Serious, but not Hopeless"

ဤတွင် "မျှော်လင့်ချက်မရှိဘူးတော့ မဟုတ်" ဆိုသော **စကားလုံး** အတွက် ဦးသန့် သဘောမကျနိုင်ပါ။ သည်စကားလုံးကို **ဘာဖြစ်လို့** သုံးရတာလဲ။ စဉ်းစားနိုင်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်သည် ဆေးပြင်းလိပ် အလွန်ကြိုက်သူဖြစ်၏။ အမြဲတမ်း ဆေးပြင်းလိပ်ကို ပါးစောင်၌ခဲထား၏။ ဦးသန့် ဆေးပြင်းလိပ်သောက်ခြင်းသည် ပါးစောင်မှကင်ဆာရောဂါဖြစ်မှုတွင် တစ်စိတ်တစ်ဒေသ အရင်းခံမည်ဟု ဆရာဝန်များက ခန့်မှန်းကြ၏။

ဦးသန့်မှာ ကျန်းမာရေး အာမခံထားသူဖြစ်၏။ ထို့ကြောင့်ပင် ဦးသန့်၏ ကင်ဆာရောဂါကုသမှုတွင် ကုန်ကျစရိတ်၏ ၈၀-ရာခိုင်နှုန်းကို အာမခံကုမ္ပဏီကပေးရပြီး ဦးသန့်က ၂၀-ရာနှုန်းသာ ပေးရသည်။

ဦးသန့်ကို ကုသသည့်ဆေးမှာ ကင်ဆာရောဂါအတွက် နောက်ဆုံးပေါ် 'ကီမိုသာရာပီ' Chemo Therapy ဆိုသည့်ဆေးဖြစ်၏။ ယင်းဆေးမှာ အမေရိကန်ပြည်တွင် လွန်ခဲ့သော (၁၅)နှစ်က ပေါ်ခဲ့၏။ ဦးသန့်ကို ကုသရာတွင် အသုံးပြုသော 'ကီမိုသာရာပီ' ဆေးမှာ အမေရိကန်ဆေးထက် ပိုမိုအစွမ်းထက်၍ လွန်ခဲ့သော နှစ်နှစ်ခန့်က ဂျပန်နိုင်ငံမှ တီထွင်ဖော်စပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ဦးသန့်ကို ဂျပန်နိုင်ငံတွင် ဖွင့်လှစ်မည့် ကုလသမဂ္ဂ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရာထူးလက်ခံရန် ကုလသမဂ္ဂမှ ပန်ကြားခဲ့၍ ဦးသန့်ကလည်း လက်ခံခဲ့သည်။ ထိုရာထူးကိုလက်ခံလျှင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် လစာထက် မနည်းသောလခငွေကို ရမည်ဖြစ်၏။ မြန်မာပြည်သို့ပြန်လည် နေထိုင်လိုသော ဦးသန့်အတွက်လည်း အလွန်အဆင်ပြေသည်။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအနေဖြင့် တိုကျိုမြို့သို့ နှစ်လ တစ်ခါလောက် အစည်းအဝေးသွားတက်ပြီး ညွှန်ကြား ကြီးကြပ်ပေးရုံဖြစ်၍ မြန်မာပြည်မှနေ၍ တိုကျိုသို့သွားလျှင် အနီးကလေးမဟုတ်လား။ ဤသို့ ဦးသန့်တွေးခဲ့သည်။ ထို့ကြောင့်ပင် ဤရာထူးလက်ခံရန် ဆုံးဖြတ်ခဲ့၏။ သို့သော် ကင်ဆာရောဂါသည် မိမိ၏လည်ပင်းကို လွတ်လပ်စွာ လှုပ်ရှားခွင့် မပြုတော့ကြောင်း သိရသောအခါ ဦးသန့်သည် ထိုရာထူးကို စွန့်လွှတ်လိုက်၏။

နယူးယောက်တွင် ဦးသောင်းရှိနေစဉ်ပင် တစ်နေ့၌ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူနေသော မစ္စတာ နာရာဆင်



ဟမ်ကို ခေါ်၍ ထိုရာထူးကို မိမိလက်မခံနိုင်တော့ကြောင်း သက်ဆိုင်ရာသို့ အကြောင်းကြားရန် ဦးသန့်က ပြောလိုက်လေသည်။

နယူးယောက်တွင် ဦးသောင်းရှိနေစဉ် ဦးသန့်ပြောခဲ့သော စကားတွေကို ပြန်၍အနှစ်ချုပ်လိုက်သော် တစ်ခုတည်းသော အဖြေမှာ 'မြန်မာပြည်ကို ပြန်ချင်လှပြီ' ဟု ဖြစ်သည်။

ဦးသောင်း ဘန်ကောက်ကိုပြန်ရန် ဆေးရုံရှိ ဦးသန့်ကို သွားကန်တော့စဉ်က ဦးသန့်က ဤသို့ ပြောရှာ၏။

"မိခင်ကိုလည်း တွေ့ချင်လှပြီ၊ ရွှေတိဂုံစေတီကိုလည်း ဖူးလိုလှပြီ၊ မြန်မာပြည်ကိုလည်း ပြန်ချင်လှပြီ၊ ကျန်းမာလို့ရှိရင် ရေးလက်စ စာအုပ်ကို လက်စသတ်အောင် ရေးမယ်။ နောက်ဆက်တွဲရေးမယ့် စာအုပ်ကိုလည်း အမြန်ဆုံးရေးတော့မယ်။ ပြီးတော့ မြန်မာပြည်ကို အမြန်ဆုံးပြန်လာခဲ့မယ်"

"အမေ့ကို သိပ်တွေ့ချင်တယ်ကွာ" ဟု ဦးသန့်က ပြော၏။ ပြီးတော့ သူ့ဘာသာသူပင် နှုတ်မှ တစ်ကိုယ်တည်း မြည်တမ်းနေပါသေး၏။

"တွေ့ရမှာပေါ့လေ ..." တဲ့။

ဦးသန့်သည် ယခုတစ်ကြိမ် လည်ချောင်းမှ ကင်ဆာရောဂါကို ခွဲစိတ်ဖြတ်တောက် ကုသပြီးသည့်အခါ အခြေအနေက များစွာမကောင်းလှတော့ပေ။ အစားအစာ ကောင်းစွာမဝင်တော့ခြင်းသည် ဦးသန့်အတွက် အခြေအနေဆိုးကို ဖန်တီးပေးလေတော့သည်။

သို့နှင့် ၁၉၇၄ ခုနှစ် နိုဝင်ဘာလသို့ ရောက်ခဲ့၏။

နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဦးသန့် နေထိုင်မကောင်းဖြစ်လာ၏။ အဖျားရှိသည်။ ထို့ကြောင့် ဆေးရုံသို့ ချက်ချင်းတင်ပို့ကြသည်။ ယခုတစ်ကြိမ် ဆေးရုံတင်ရသော ဦးသန့်၏ 'ရောဂါ'မှာ ကင်ဆာကြောင့်မဟုတ်။ 'နျူမိုးနီးယား ခေါ် အဆုတ်အအေးမိခြင်း' ရောဂါဖြင့် ဆေးရုံတင်ရခြင်းဖြစ်၏။ အစားအစာများ မှန်မှန်မစားနိုင်တော့သော ဦးသန့်သည် ကိုယ်ခံကျန်းမာရေး အင်အားချို့တဲ့လာ၏။ ကျန်းမာစဉ်က (၁၆၀)ပေါင် ရှိသော သူ့ကိုယ်အလေးချိန်မှာ ယခုအခါတွင် ပေါင် (၁၁၀)မျှသာ ရှိတော့ခြင်းက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကျန်းမာရေးအခြေအနေ ဆိုးရွားပုံကိုပြ၏။ ကိုယ်ခံကျန်းမာရေး ချို့တဲ့လာသော ဦးသန့်မှာ အနည်းငယ် အအေးမိရုံနှင့် အဆုပ်အအေးမိရောဂါဝင်ပြီး အပြင်း ဖျားခဲ့လေသည်။

ဦးသန့်ကို နိုဝင်ဘာ ၂၂ ရက်နေ့က ဆေးရုံတင်ပြီးနောက် ၂၅ ရက်နေ့သို့ ရောက်လာ၏။ ရောဂါမှာ တက်လိုက် ကျလိုက်သာရှိနေ၏။ နိုဝင်ဘာ ၂၅ ရက်နေ့တွင်

။ အိပ်ပျော်နေသော ဦးသန့်အနားတွင် လူနာစောင့်နေကြခြင်းဖြစ်၏။ ထိုစဉ်တွင် ဦးသန့်သည် အိပ်ရာမှ နိုးလာလေ၏။

"သမီး ဘယ်နှစ်နာရီ ထိုးပြီလဲ"

နာရီကိုကြည့်ပြီး "တစ်နာရီထိုးပါပြီ ဖေဖေ"

"နေ့တစ်နာရီလား၊ ညတစ်နာရီလား"

'နေ့ မွန်းလွဲတစ်နာရီပါ ဖေဖေ"

'သြော်... နေ့တစ်နာရီတောင် ထိုးပြီကိုး"

ဦးသန့်သည် ထိုသို့ပြောရင်းမှ ပြန်၍မှိန်းသွားပြန်၏။ သို့သော် ယခုတစ်ချီ မျက်စိမှိတ်ထားခြင်းမှာ ဘယ်တော့မှ မဖွင့်သောမှတ်ခြင်းဖြင့် အမြဲတမ်းမှိတ်သွားခြင်းသာဖြစ်တော့၏။ ထိုအကြောင်းမှာ ထိုနေ့ နေ့လယ် တစ်နာရီခွဲတွင် ဦးသန့်သည် သူချစ်သော အမိမြန်မာပြည်၊ သူချစ်သော မိခင် ဒေါ်နန်းသောင်နှင့်မိသားစု၊ သူ့ဇနီး ဒေါ်သိန်းတင်နှင့်မိသားစုကို အပြီးအပိုင် ခွဲခွာ၍ ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်၍ပင်။

ဦးသန့်ကွယ်လွန်သောအခါတွင် သူ့အနိစ္စသတင်းသည် ကမ္ဘာသို့ ချက်ချင်း ပြန့်သွား၏။ ဦးသန့်... ဦးသန့်... ဦးသန့်... ဆိုသော သတင်းများမှာ ကမ္ဘာ့ရေဒီယို အသံလွှင့်ဌာနများမှ ဘာသာအမျိုးမျိုးဖြင့် ထွက်လာသည်။ တစ်ကမ္ဘာလုံးကချစ်သော ဦးသန့်ကား မရှိတော့ပြီ။

* * *

# ဦးသန့်ကို ကမ္ဘာက ဤသို့ တမ်းတကြသည်

၁၉၇၄-ခု အောက်တိုဘာ ၂၄ရက်နေ့က ကုလသမဂ္ဂ စာသင်ကျောင်းတွင် ထားရှိမည့် ဦးသန့်၏ အထိမ်းအမှတ်ပုံတူ ကြေးရုပ်ဖွင့်လှစ်ပွဲ ကျင်းပခဲ့၏။ ထိုအခမ်းအနားသို့ ဦးသန့်ကိုယ်စား သမီး အေးအေးသန့်နှင့် ခင်မွန်းဒေါက်တာ တင်မြင့်ဦးတို့ တက်ရောက်ခဲ့သည်။

ထိုအခမ်းအနား၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကွတ်ဗားဟိုင်းက ဤသို့ ပြောကြားခဲ့၏။

"ကုလသမဂ္ဂအဖွဲ့မှ ဖွင့်လှစ်တဲ့ စာသင်ကျောင်းမှာ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ ကိုယ်တစ်ပိုင်းကြေးရုပ်ကို စိုက်ထူထားရှိတာဟာ အလွန်သင့်မြတ်လှပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားအချင်းချင်း နားလည်မှုရှိရေးအတွက် ဦးသန့်ရဲ့ မဆုတ်မနစ်သော လုံ့လနှင့် ကြိုးပမ်းသွားခဲ့တာကို ကျောင်းသူ ကျောင်းသား မိဘများက စိတ်အားထက်သန် အမှတ်တရရှိနေကြမှာပါပဲ။ ဦးသန့်က ပညာရေးကို အလွန်အားပေးလိုပြီး စာသင်ကျောင်းရန်ပုံငွေရအောင် ဆောင်ရွက်ခဲ့လျက် ဒီကျောင်းအတွက် အဘက်ဘက်က မနားမနေ ကြိုးပမ်းခဲ့ပါတယ်။ ငြိမ်းချမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ နားလည်ပေါက်မြောက်ရေးအတွက် အိန္ဒိယပြည်မှ ဂျဝါဟာလာနေရူးဆုကို ဦးသန့်လက်ခံရယူစဉ်က ဆုငွေအားလုံးကို 'ဦးသန့်ပညာတော်သင်ဆု' အဖြစ် သတ်မှတ်ပြီး ဒီကျောင်းအားတွက် လှုံဒါန်းခဲ့ပါတယ်။ နှစ်စဉ် ကျောင်းဆင်းပွဲရောက်တိုင်း ဦးသန့်ကိုယ်တိုင် ကျောင်းကိုလာရောက်ပြီး ကျောင်းသားများအတွက် အမြဲတစေ နှလုံးပိုက်ထားရှောက်အောင် ထက်မြက် အကျိုးရှိနေပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်၏ ရုပ်ကလာပ်ကို နယူးယောက်မြို့ ကိုလံဘီးယားဆေးရုံကြီးမှ နေ၍ ကုလသမဂ္ဂဌာနချုပ်ကြီးသို့ ကုလသမဂ္ဂ ဂုဏ်ပြုတပ်ဖွဲ့က သယ်ဆောင်လာပြီး ကုလသမဂ္ဂအလံတော်အုပ်၍ ကမ္ဘာ့ခေါင်းဆောင်များ၏ အလေးပြုခံယူခဲ့၏။ ကုလသမဂ္ဂ ဌာနချုပ်တွင် ထားရှိသော ဦးသန့်၏ ရုပ်အလောင်းကို ကမ္ဘာ့ခေါင်းဆောင်ကြီးများက ကြွရောက် ဂါရဝပြုခဲ့သည်။ ရုပ်အလောင်းကို ကုလသမဂ္ဂ ဝတ်ပြုခန်းမအပြင်ဘက်တွင် ထားရှိခဲ့သည်။

အမေရိကန်သမ္မတ မစ္စတာဖို့ဒ်က "ဦးသန့်သည် ငြိမ်းချမ်းရေး မြတ်နိုးသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ကြောင်း၊ မိမိကိုယ်ကျိုးကို မငဲ့ဘဲ လူသားတို့အကျိုးအတွက် အမြင့်မြတ်ဆုံးသော တာဝန်ဝတ္တရားများကို ထမ်းဆောင်သွားသည့် အတွင်းရေးမှူးချုပ်ဟောင်း တစ်ဦးဖြစ်ကြောင်း၊ ယင်းပုဂ္ဂိုလ်ကြီးက သာဓကကောင်း ပြခဲ့သည့်အတွက်လည်း ကမ္ဘာကြီးမှာ တိုးတက်လာခဲ့သည်ကို ငြင်းကွယ်၍မရကြောင်း၊ ဦးသန့် ကွယ်လွန်ခြင်းအတွက် ကြေကွဲမဆုံး ဖြစ်မိပါကြောင်း" ဖြင့် ဂုဏ်ပြု ပြောဆိုခဲ့၏။

ဦးသန့် ကွယ်လွန်ချိန်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး ကျင်းပနေချိန်ဖြစ်၍ ညီလာခံတွင် ဦးသန့်အတွက် ဝမ်းနည်းကြောင်း ကြေညာပြီး ဦးသန့်၏ ဂုဏ်ပုဒ်များကို ဖော်ညွှန်းသော ချီးကျူးစကားများကို ကိုယ်စားလှယ်များက ဖတ်ကြားကြ၏။

ဒီဇင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ပေးပို့သော ကြေးနန်းတွင် ကုလသမဂ္ဂ (၂၉)ကြိမ်မြောက် အထွေထွေညီလာခံ သဘာပတိဖြစ်သူ အဗ္ဗဒူအဇစ်ဘူတီဖလီကာက "ဦးသန့်ကွယ်လွန်ကြောင်း ကြေကွဲဖွယ် သတင်းတစ်ရပ်ကို ဝမ်းနည်းစွာ ကြားသိခဲ့ရပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က အယ်ဂျီးရီးယားနိုင်ငံသို့ ဦးသန့် ကြွရောက်စဉ် ကျွန်တော်နဲ့ ဦးသန့်တို့ ပထမဆုံးအကြိမ် တွေ့ဆုံသိကျွမ်းခွင့်ရခဲ့ကြပါတယ်။ ဦးသန့်ရဲ့ ထူးခြားပြောင်မြောက်သော စွမ်းရည်များကို ကျွန်တော် ကြည်ညိုလေးစားမိပါတယ်။ ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးကလည်း ဦးသန့်ရဲ့မိသားစုနှင့်အတူ ဝမ်းနည်းလျက်ရှိကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံကိုယ်စား ပြောကြားပါရစေ" ဟု ပါရှိ၏။



ကုလသမဂ္ဂ အထူးနိုင်ငံရေးကော်မတီ အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဆွီဒင်နိုင်ငံသား မစ္စတာပါလင်းက "ကုလသမဂ္ဂအဖွဲ့ကြီး၏ တတိယအကြိမ်မြောက် အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့် ကွယ်လွန်ခြင်းအတွက် များစွာကြေကွဲရကြောင်း၊ ဦးသန့်သည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး ထမြောက်အောင်မြင်ရေးအတွက်လည်းကောင်း ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ သေရေးရှင်ရေးတစ်ရပ်နှင့်တွေ့ရတတ်သော ကုလသမဂ္ဂ ပြဿနာများကို ဖြေရှင်းရာမှာ အထက်ပါတာဝန်နှစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်သဖြင့် ဦးသန့်ကို ကမ္ဘာ့အစိုးရအဖွဲ့ခေါင်းဆောင်ကြီးများက ရှိသေလေးစား ယုံကြည်အားထားရကြောင်း" ဖြင့် ဂုဏ်ပြုပြောဆိုခဲ့၏။

အာရှတောင်ပိုင်းနှင့် အနောက်ပိုင်း နိုင်ငံများဖြစ်ကြသော စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံများကိုယ်စား ဖိလစ်ပိုင်နိုင်ငံမှ မစ္စတာ ဟိုဇေးအိန်းလစ်က "ဦးသန့် ကွယ်လွန်ခြင်းအတွက် ဤနိုင်ငံများက ကြေကွဲမဆုံး ဖြစ်နေပါတယ်။ သူ့ကို ချစ်စနိုးနဲ့ မစ္စတာ ယူနိုက်တက်နေးရှင်းလို့ ဂုဏ်ပြုပြောဆိုနေကြဖြစ်ပြီး သူ့ကို တမ်းတနေကြမည် ဖြစ်ကြောင်း" အထွေထွေညီလာခံ၌ ပြောဆိုခဲ့၏။

အာဖရိကနိုင်ငံများကိုယ်စား တန်ဇာနီးယားနိုင်ငံမှ ကိုယ်စားလှယ် မစ္စတာ အက်စ်အက်စ်အေစတက်ကျူးက "ဦးသန့်ဟာ မြန်မာအမျိုးသားမည်ကာမတ္တမဟုတ်။ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော အာဇာနည်ပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်း၊ ဦးသန့် ကွယ်လွန်ခြင်းမှာ မြန်မာနိုင်ငံအတွက် သားကောင်းတစ်ယောက် ဆုံးရှုံးရရုံမျှမက ကမ္ဘာသူ ကမ္ဘာသားများအတွက် နေတစ်လုံး ကွယ်သလို ခံစားကြရမည် ဖြစ်ကြောင်း။ လူ့လောကကြီးအတွက် မတရားမှုမှန်သမျှကို တိုက်ခိုက်ခဲ့သူ နိုင်ငံပြု သုခမိန်တစ်ဦးဖြစ်ကြောင်း" ပြောကြားခဲ့၏။

လက်တင်အမေရိကန်နိုင်ငံများကိုယ်စား ပြောကြားသူ မစ္စတာ ရာဟောက ဦးသန့် ကွယ်လွန်သွား၍ တုန်လှုပ်ချောက်ခြားမိပါကြောင်း။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အကောင်အထည်ဖော်ရာမှာ **အောင်မြင်မှုအရှိဆုံး** ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့ရပါတယ်ဟု ပြောကြားသွား၏။

အိုက်စလင်းနိုင်ငံ ကိုယ်စားလှယ် မစ္စတာ တူဘာဆန်က အနောက်ဥရောပနိုင်ငံများကိုယ်စား ပြောကြားရာတွင် နိုင်ငံပြု ကမ္ဘာ့ခေါင်းဆောင်ကြီး ဦးသန့် ကွယ်လွန်ခြင်းအတွက် ဦးသန့်၏ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း ပြောကြားသွား၏။ အရှေ့ဥရောပနိုင်ငံများကိုယ်စား ချက်ကိုစလိုဗက်ကီးယား ကိုယ်စားလှယ် မစ္စတာ လားဒစ်စတားမစ်က ဦးသန့်၏ အရေးပါလှတဲ့အပိုင်းကို မမေ့နိုင်ကြပါ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းခဲ့သော ဦးသန့်ကို ကမ္ဘာကြီးက ထာဝစဉ် အမှတ်ရနေပါ့မယ်ဟု ပြောကြား၏။

အာရပ်နိုင်ငံများကိုယ်စား အီဂျစ်နိုင်ငံ ကိုယ်စားလှယ် မစ္စတာ အာမက်အစ္စမက်က ဦးသန့်သည် ကမ္ဘာ့ပြဿနာရပ်များကို အောင်မြင်စွာ ဖြေရှင်းနိုင်မှုအတွက် ချီးကျူးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံမှ ကုလသမဂ္ဂ ကိုယ်စားလှယ် မစ္စတာ ဂျွန်စကားလီက ကျွန်တော်တို့ခေတ်မှ ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးတစ်ဦး ယနေ့ ဆုံးရှုံးသွားပါပြီ။ မဇ္ဈိမပဋိပဒါလမ်းစဉ်နဲ့ ကမ္ဘာကြီး ငြိမ်းချမ်းအောင် ဆောင်ရွက်ခဲ့တဲ့ ဦးသန့်ရဲ့ ကျေးဇူးကို မေ့နိုင်စရာမရှိပါ။ ကမ္ဘာကြီး တိုးတက်ပြောင်းလဲလာသည်ဆိုလျှင် ဦးသန့်လို ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကြောင့် ဖြစ်ကြောင်း ထင်ရှားလှပါတယ်ဟု ပြောကြားခဲ့၏။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မြန်မာသံအမတ်ကြီး ဦးလွင်က ဦးသန့်ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းမိကြောင်း၊ မြန်မာနိုင်ငံသား ဦးသန့်ကို ချီးကျူးထောပနာပြုသည့် မိန့်ခွန်းများကြားသိရ၍ မြန်မာအစိုးရအဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ဦးသန့်အတွက် ဝမ်းနည်းကြောင်း ပေးပို့သည့် သဝဏ်လွှာများကိုလည်း မြန်မာအစိုးရနှင့် ဦးသန့်၏ မိသားစုထံ ပေးပို့ပေးမည်ဖြစ်ကြောင်း ပြောကြားသွား၏။

ဦးသန့်၏ ရုပ်အလောင်းကို ပရိသတ်အများ ဂါရဝပြုရန်အတွက် ကုလသမဂ္ဂဌာနချုပ်တွင် ပြင်ဆင်ထားရာ၌ အလောင်းကို ကုလသမဂ္ဂ ဂုဏ်ပြုတပ်ဖွဲ့က အစောင့်ချထားပြီး အရှေ့အလယ်ပိုင်းသို့ ခရီးထွက်လျက်



ရှိသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗားလ်ဟိုင်း၏ပန်းခွေ၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌ မစ္စတာ ဘူတီဖလီကာ၏ ပန်းခွေ၊ ကုလသမဂ္ဂ အမှုထမ်းများ၏ ပန်းခွေများ ချထားလျက်ရှိ၏။ ရုပ်အလောင်းရှေ့တွင် ကွယ်လွန်သွားသူ ဦးသန့်၏ ဓာတ်ပုံတစ်ပုံထားရှိပြီး ဦးသန့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်စာအုပ် တစ်အုပ်ကိုလည်း ချထားလျက်ရှိ၏။ ယခင်က ထိုခန်းမ ဆောင်တွင် ဦးသန့်ကိုယ်တိုင် ဘုရားဝတ်ပြုလေ့ရှိခဲ့သည်။

ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးမည်သူများသည် တန်းစီ၍ စောင့်ဆိုင်းနေကြရသည်ကို တွေ့ရ၏။ ဦးသန့်၏ ရုပ်ကလာပ်ကို အလေးပြုခံထားသည့် ၂၄ နာရီအတွင်း ထောင်ပေါင်းများစွာသော လူထုကြီးနှင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများက အလေးပြုခဲ့ကြသည်။

ဦးသန့် ကွယ်လွန်ခြင်းအတွက် အမေရိကန်သတင်းစာကြီးများက ချီးကျူးရာတွင် နယူးယောက်ပို့စ် သတင်းစာကြီးက ဦးသန့်သည် မိမိ၏ ကိုယ်ကျိုးကိုမကြည့်ဘဲ ကမ္ဘာ့အရေးအခင်းများကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။ ကြွားလုံးနှင့် ကြေညာဆောင်ရွက်ခြင်းမရှိဘဲ တည်ငြိမ်စွာ ဆောင်ရွက်ခြင်းကသာ အောင်မြင်မှုရနိုင်ကြောင်း ယုံကြည်သူတစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် သူ့အပေါ် တစ်ခါတစ်ရံ သံသယရှိသူတွေကပင် သူ့သိက္ခာနှင့် သူ့ အရည်အချင်းတွေကြောင့် သူ့ကို လေးစားကြရကြောင်း၊ ကမ္ဘာ့ပြဿနာကြီးများကို တည်ငြိမ်စွာ ဖြေရှင်းနိုင်သူဖြစ်ကြောင်း၊ ထို့ကြောင့်ပင် ကုလသမဂ္ဂ ပထမသက်တမ်းအကုန်တွင် သူ့ကို ရာထူးမှမထွက်ပါရန် နိုင်ငံအားလုံးက တောင်းပန်ခဲ့ကြရခြင်းကပင် ဦးသန့်၏ အရည်အချင်းကို အသိအမှတ်ပြုနိုင်ကြကြောင်းဖြင့် ဖော်ပြခဲ့၏။

ချီကာဂိုတိုင်း သတင်းစာကြီးက ဦးသန့်သည် စိတ်သဘောထားနူးညံ့လင့်ကစား အရေးကြီးသောပြဿနာများတွင် အလွန်ပြတ်သား တိကျစွာ ဆုံးဖြတ်နိုင်ကြောင်း၊ ကျူးဘားဒုံးပျံပြဿနာ၊ ဗီယက်နမ်ပြဿ**နာနှင့်** ဆိုဗီယက် အမေရိကန် ဆက်ဆံရေးပြဿနာများတွင် သံတမန်နည်း **ပရိယာယ်** ကြွယ်ဝလှစွာ ဖြေရှင်းနိုင်ခဲ့ကြောင်း ရေးသား၏။

ဝါရှင်တန်ပို့စ် သတင်းစာကြီးကလည်း **ကုလသမဂ္ဂအဖွဲ့ကြီးအဖို့**

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ အကျဆုံးအခြေအနေတွင် အောင်မြင်မှုရှိပုံကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ မြင့်မြတ်သည့် ပင်ကိုစိတ်နှင့် ဗုဒ္ဓဘာသာ၏ အဆုံးအမကြောင့် ဦးသန့် အောင်မြင်ခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂကြီးကို သူ အတွင်းရေးမှူးချုပ်အဖြစ် လက်ခံစဉ် အချိန်ကစ၍ တစ်ဆက်တည်း တိုးတက်ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာအောင် အနားယူချိန်အထိ ကြိုးပမ်းခဲ့ကြောင်း၊ နာတာရှည်ရောဂါသည်နှင့်တူသော ကုလသမဂ္ဂအဖွဲ့ကြီးကို နာလံထလာအောင် ဦးသန့်က ကုသပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ကြရမည် ဖြစ်ကြောင်း ရေးသားခဲ့၏။

နယူးယောက်တိုင်း သတင်းစာကြီးက သည်ရာထူးတွင် ဦးသန့်သည် မရှိမဖြစ် ရှိသင့်သော ပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်ကြောင်း။၊ ၁၉၆၁ ခုနှစ်ကစ၍ သိမ်မွေ့လှသော ဗုဒ္ဓဘာသာ နိုင်ငံသား ဦးသန့်အား ကမ္ဘာက ရွေးခဲ့ခြင်းမှာ မှန်ကန်ကြောင်းကို သူ့ရာထူး သက်တမ်းမှာ နှစ်ကြိမ်ဆက်၍ အရွေးခံရခြင်းက သက်သေထူနေပြီဖြစ်ကြောင်း၊ အာရှနှင့် အာရပ်ပြဿနာများတွင် ဦးသန့်၏ သည်းခံ စိတ်ရှည်စွာ ဖြေရှင်းမှုကို သတိရစရာဖြစ်ကြောင်း၊ ကုလသမဂ္ဂ အခွန့်ရှည်အောင် ၁၀ နှစ်လုံးလုံး ဦးသန့်သည် ကြိုးကြိုးကုတ်ကုတ် ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း ရေးသား ဝေဖန်ခဲ့လေသည်။

ဒီဇင်ဘာ ၂ ရက်နေ့တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဦးသန့်အတွက် ဝမ်းနည်းဖွယ် အခမ်းအနားတွင် လက်ရှိအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကွတ်ဗားလ်ဟိုင်းက ဦးသန့်သည် ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ တည်ငြိမ်လွန်းစွာဖြင့် ဆောင်ရွက်မှုကြောင့် သူ့အရည်အချင်းကို တစ်ခါတစ်ရံတွင် နားမလည်ဘဲ ရှိခဲ့ကြကြောင်း၊ သို့သော် သူနှင့် နီးစပ်သူများကတော့ သူ့အရည်အချင်းကို အသိအမှတ်ပြုရမည် ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်ပီပီ သစ္စာရှိရှိ၊ ဖွဲ့ရှိရှိနှင့် ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသွား၏။

ဆက်လက်၍ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး သောမတ်ရိုမြူလို၊ အမေရိကန် သံအမတ်ကြီး ကက်ပလီဗင်းနစ် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပုဂ္ဂိုလ်များက ချီးကျူးခဲ့ကြလေသည်။

ဦးသန့် ကွယ်လွန် အနိစ္စရောက်သောသတင်းကို ကြားရပြီးနောက်



ရန်ကုန်မြို့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာကြီးတွင် "ငြိမ်းချမ်းရေးတမန်ကြီး ဦးသန့်" ခေါင်းစဉ်ဖြင့် စာရေးသူ တက္ကသိုလ်စိန်တင်က ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။ ဆောင်းပါးအပြည့်အစုံမှာ ဤသို့ဖြစ်၏။

## ငြိမ်းချမ်းရေး တမန်ကြီး ဦးသန့်

"ကုလသမဂ္ဂမှာ တာဝန်ထမ်းဆောင်နေစဉ် မြန်မာနိုင်ငံကို တစ်နေ့မှ မမေ့ပါဘူး၊ မြန်မာပြည်ကို ပြန်လာဖို့ အမြဲကြံစည်ကြိုးစားလျက် ရှိပါတယ်။ ယခု ရေးသားနေတဲ့ ၁၉၆၁ မှ ၁၉၇၁ ခုနှစ်အထိ ကမ္ဘာ့ သမိုင်းစာအုပ်ကြီးကို ရေးသားပြီးစီးတာနှင့် မြန်မာပြည်ကို အမြန်ဆုံး ပြန်လာတော့မှာ ဖြစ်ပါတယ်"

၁၉၇၄ ခု အောက်တိုဘာ ၂၄ ရက်နေ့ ညက အမေရိကန်အသံမှ အသံလွှင့်သွားသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ စကားရပ်များကို ပြန်လည်ကြားယောင်နေ၏။ မြန်မာပြည်ကိုချစ်သော ဦးသန့်၊ သူ့အမိနိုင်ငံကို ဘယ်တော့မှ မမေ့နိုင်သော ဦးသန့်၊ ကမ္ဘာ့ငြိမ်းချမ်းရေး တာဝန်များကို ၁၄ နှစ်ကာလပတ်လုံး ဦးလည်မသုန်ထမ်းရွက်ခဲ့သော ဦးသန့်၊ သူကား မရှိတော့ပြီ။ နိုဝင်ဘာ ၂၅ ရက်နေ့က ဘဝတစ်ပါးသို့ ပြောင်းခဲ့ပြီ။

ဦးသန့်က မြန်မာပြည်ကို တစ်နေ့မှ မမေ့ပါဟုပြောခဲ့ခြင်းမှာ အမှန်ဖြစ်ပေလိမ့်မည်။ နယူးယောက်မြို့မှ ပြန်ရောက်လာသော မိတ်ဆွေကျောင်းဆရာမတစ်ဦးက ပြောဖူးသည်။ "ဦးသန့်ကလေ မြန်မာပြည်က ချဉ်ပေါင်စေ့တွေမှာပြီး သူ့အိမ်ထဲမှာ စိုက်တယ်။ ချဉ်ပေါင်ပင်တွေ ပေါက်လာတော့ သူကိုယ်တိုင်နုတ်ပြီး အမေရိကန်ရောက်မြန်မာမိတ်ဆွေတွေကို လက်ဆောင်လိုက်ပေးတယ်။ **ဟိုမှာက** ချဉ်ပေါင်ဟင်းစားချင်ရင် ချဉ်ပေါင်ရွက်မှ မရှိဘဲကို"

ဦသန့်၏ညီ ဦးခန့်ကလည်း ပြောဖူး၏။ **"ဦးသန့်က မြန်မာ**

www.burmeseclassic.com

www.burmeseclassic.com



ပြည်မှာရှိတဲ့ မိခင်နဲ့ မိတ်ဆွေတွေဆီကို စနေနေ့တိုင်း စာရေးတယ်။ ဘယ်လောက်ပဲ အလုပ်များများ စနေနေ့မှာ စာရေးဖို့တာဝန်ကို ဦးသန့်က ဘယ်တော့မှ မပျက်ကွက်ဘူး…"

ဦးသန့်သည် မြန်မာပြည်ကို ချစ်ကြောင်း၊ သံယောဇဉ်ကြီးကြောင်း သာဓကတစ်ခု ပြရန်ရှိပါ၏။ တစ်ကြိမ်တွင် ဦးသန့်၏မွေးစားသား မောင်စောလွင် (ယခု ကုလသမဂ္ဂဓာတ်ပုံဌာန) သည် အမေရိကန်နိုင်ငံသားအဖြစ် လျှောက်ထားရန် ကြံရွယ်ကြောင်း၊ မွေးစားဖခင် ဦးသန့်ကို တိုင်ပင်သည်။ ထိုသို့ အမေရိကန်နိုင်ငံသားအဖြစ် လျှောက်ထားလျှင် ယခု ကုလသမဂ္ဂမှာထက် လခငွေ သုံးဆပိုရသော အလုပ်တစ်ခုကို ဓာတ်ပုံကုမ္ပဏီကြီးတစ်ခုမှာ ရနိုင်သည်ဆို၏။ ထိုအခါ၌ အမြဲတမ်းအေးအေးဆေးဆေး ပြောတတ်သော ဦးသန့်သည် အလွန်စိတ်ဆိုးသွားဟန်ရှိ၏။ သူက သားဖြစ်သူ မောင်စောလွင်ကို ဤသို့ဆူလေသည်။

"ဟေ့… မြန်မာဟာ မြန်မာပဲကွ၊ မြန်မာဟာ မြန်မာပြည်ကို ချစ်ရမယ်၊ မြန်မာပြည်မှာပဲ နေရမယ်။ မြန်မာပြည်မှာပဲ သေရမယ်။ အကြောင်း ကြောင်းကြောင့် တစ်နိုင်ငံကို ရောက်နေပေမယ့် တစ်နေ့မှာ မြန်မာပြည်ကိုပဲ ပြန်ရမှာပဲ။ အခွင့်အရေး တစ်စုံတစ်ခုကြောင့် နိုင်ငံခြားသား လုပ်ဖို့ ဘယ်တော့မှ စိတ်မကူးလေနဲ့…"တဲ့။

ဤသို့ဤနှယ် မြန်မာပြည်ကို မမေ့သော၊ မြန်မာပြည်ကို ချစ်မြတ်နိုးသော ဦးသန့်သည် မြန်မာပြည်တွင် အေးချမ်းသာယာစွာ ပြန်လည်နေထိုင်လိုသော သူ့ဆန္ဒကို အကောင်အထည် ဖော်နိုင်တော့မည် မဟုတ်ပါပြီ။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သက်တမ်းတစ်လျှောက်တွင် ဦးသန့် ပါဝင်ဖြေရှင်းခဲ့ရသော ကမ္ဘာ့ပြဿနာကြီးများသည် သာမန်နလုံးသားပိုင်ရှင်တစ်ဦးဆိုလျှင် သွက်သွက်ခါ ရူးသွားစေနိုင်သော ပြဿနာများ ဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာ၏ သားကောင်း တစ်ယောက်ဖြစ်သော ဦးသန့်သည် ညစဉ် ဝိပဿနာ တရားအားထုတ်



ခြင်းဖြင့် စိတ်တည်ငြိမ်မှုရခဲ့သဖြင့်သာ ကြောက်မက်ဖွယ် ကမ္ဘာ့အရေးအခင်းများကို ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ခြင်း ဖြစ်မည်ထင်ပါ၏။ ကြည့်ပါ။

ဦးသန့် ရာထူးလက်ခံပြီး မကြာမီပင် ကျူးဘားရောက် ဆိုဗီယက်ဒုံးပျံလက်နက်ပြဿနာ ပေါ်လာ၏။ အမေရိကန်သမ္မတ ကနေဒီကလည်း ဆိုဗီယက်ဒုံးပျံလက်နက်တင် သင်္ဘောကို မိမိရေတပ်ဖြင့် ပိတ်ဆို့သည်။ ဆိုဗီယက်ဒုံးပျံတင် သင်္ဘောကလည်း ခရီးစဉ်အတိုင်း နောက်မဆုတ်ဘဲ သွားမည်။ သူတို့နှစ်ဦးဆုံကြလျှင် အမေရိကန်နှင့် ဆိုဗီယက်တို့အကြား အဏုမြူစစ်ကြီး ဖြစ်မည်မလွဲ။ သို့သော် သမ္မတကနေဒီနှင့် ဆိုဗီယက် ဝန်ကြီးချုပ် ကရုရှက်တို့အကြားတွင် ဦးသန့်၏ သည်းခံစိတ်ဖြင့် ဆွေးနွေးဖြေရှင်းမှုက အောင်ပွဲခံသွား၏။ ကျူးဘားသို့ ဒုံးပျံလက်နက်လာပို့သော ဆိုဗီယက်သင်္ဘောများသည် နောက်ကြောင်းပြန်ကွေ့သွားသည်နှင့် ကမ္ဘာက စိုးရိမ်နေရသော စစ်ဘေးအန္တရာယ်ကြီး ပြီးငြိမ်းသွားခဲ့သည်။

ထို့နောက်တော့ အင်ဒိုနီးရှားနှင့် အနောက်အီရီယံ ပြဿနာ၊ ဆိုက်ပရပ်စ်ပြဿနာ၊ အရှေ့အလယ်ပိုင်း အရေးအခင်း၊ အိန္ဒိယ ပါကစ္စတန်စစ်ပွဲ၊ မြောက်ဗီယက်နမ်သို့ အမေရိကန် ဗုံးကြဲမှု ရပ်စဲရေးအပါအဝင် ကမ္ဘာ့လောင်စာပြဿနာ ကြီးငယ်တို့ကို ဦးသန့်နှင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဖြေရှင်းမှုဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ပြီးပြေနသည်။ တစ်ကမ္ဘာလုံးကပင် ဦးသန့်၏ ဆောင်ရွက်မှုကို ကျေနပ်ကြသည်။ ကြည့်ပါ ၁၉၆၆ ခုနှင်တွင် ဦးသန့်၏ ဒုတိယအကြိမ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သက်တမ်းအတွက် မဲဆန္ဒပေးကြရ၏။ ထိုစဉ်က အဖွဲ့ဝင်နိုင်ငံ ၁၂၁ နိုင်ငံအနက် မဲ တစ်မဲမှာ မဲပေးမှား၍ ပျက်မဲဆုံးဖြတ်ရပြီး ကျန်အဖွဲ့ဝင်နိုင်ငံ ၁၂၀ လုံးကပင် ဦးသန့်ကို ထောက်ခံမဲပေးလိုက်ကြသည် မဟုတ်ပါလား။

ဦးသန့် မသေခင် ကျေနပ်အားရဖွယ် မြင်တွေ့သွားသော အောင်မြင်မှုကြီးတစ်ရပ်မှာ မေ့ရက်နိုင်စရာမရှိပါ။ ယင်းကား ကမ္ဘာ့

www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂအဖွဲ့ကြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နေရာမှန် ပေးနိုင်ခြင်းဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဦးသန့်က မကြာခဏပြောဖူး၏။

"ကမ္ဘာ့လူဦးရေ၏ ငါးပုံ တစ်ပုံရှိသော တရုတ်ပြည်သူ့ သမ္မတ နိုင်ငံကို ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သော ကုလသမဂ္ဂတွင် နေရာမှန် မပေးနိုင်သမျှ ကာလပတ်လုံး၊ ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းများကို ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြဦးမည် မဟုတ်ပါ"

ယခုအခါတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတွင် နေရာမှန်ကိုရသွားပြီ ဖြစ်၏။ ဦးသန့်၏ဆန္ဒ ပြည့်ဝခဲ့ပြီ။

ဦးသန့်၏ ကုလသမဂ္ဂ ဘဝခရီးကိုကြည့်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် နေ့စဉ် ရုံးချိန်တွင် ၁၂ နာရီခန့်၊ အိမ်တွင် ၂ နာရီခန့် အခါမလပ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရ၏။ ယင်းအချက်ကပင် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် မိမိတွင် မည်မျှတာဝန်ရှိကြောင်း ဦးသန့် နားလည်စွာ ကြိုးပမ်းခဲ့ပုံကို သိနိုင်ကြ၏။ ယခုကား ဦးသန့် မရှိတော့ပြီ။ သူ ကွယ်လွန်သွားပြီဖြစ်သော်လည်း သူ ထမ်းဆောင်ခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေး အသီးအပွင့်တို့ကို ကမ္ဘာသူ ကမ္ဘာသားတို့ ဆက်လက် ခံစားရင်း သူ့ကို သတိရနေကြမည်ဖြစ်ပါ၏။

တက္ကသိုလ်စိန်တင်